အရေးပေါ်အခြေအနေတွင် ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ
စီမံကိန်းများရေးဆွဲခြင်းအတွက်

အဖွဲ့အစည်းများအကြား

# အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် စံချိန်စံနှုန်းများ









Gender-Based Violence AoR
Global Protection Cluster

## အရေးပေါ်အခြေအနေတွင် ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ
## စီမံကိန်းများရေးဆွဲခြင်းအတွက်

### အဖွဲ့အစည်းများအကြား

# **အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် စံချိန်စံနှုန်းများ**

Gender-Based Violence AoR
Global Protection Cluster

Copyright UNFPA, 2019.

# မာတိကာ


မိတ်ဆက် ........................................................................................................ စ

ကျေးဇူးတင်လွှာ ........................................................................................................ ဓ

## အပိုင်း ၁ အခြေခံစံနှုန်းများ

စံနှုန်း ၁။ ကျား-မအခြေပြု အကြမ်းဖက်မှု လမ်းညွှန်သဘောတရားများ .................................................. ၂
လမ်းညွှန်ချက် မှတ်စု ၁။ ခွဲခြားဆက်ဆံမှုနှင့် အခြားဝန်ဆောင်မှုများရယူရန် အတားအဆီးများကြောင့် GBV ဖြစ်နိုင်ခြေပိုများသော အမျိုးသမီးများနှင့် မိန်းကလေးများ ........................................................ ၆
လမ်းညွှန်ချက် မှတ်စု ၂။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူ ကလေး ............. ၇
လမ်းညွှန်ချက် မှတ်စု ၃။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူ ဆယ်ကျော်သက် ယောကျ်ားလေးများနှင့် အရွယ်ရောက်ပြီးသူ အမျိုးသားများ ..................................... ၈
စံနှုန်း ၂။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း ............... ၁၀
လမ်းညွှန်ချက် မှတ်စု ၁။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် သက်ဆိုင်သည့် ကန့်သတ်ချက်များကို ကျော်လွှားခြင်း ........................................................................................ ၁၃
လမ်းညွှန်ချက် မှတ်စု ၂။ အမျိုးသမီးနှင့် မိန်းကလေးအားလုံး ပူးပေါင်းပါဝင်မှုရရှိစေရန် သေချာစေခြင်း ........................................................................................................ ၁၄
လမ်းညွှန်ချက် မှတ်စု ၃။ အမျိုးသမီးနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း ကို ပံ့ပိုးကူညီရန် အမျိုးသား၊ ယောကျ်ားလေးများ နှင့် ထိတွေ့ဆောင်ရွက်ခြင်း ................ ၁၅
လမ်းညွှန်ချက် မှတ်စု ၄။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း နှင့် ပူးပေါင်းပါဝင်မှုကို စောင့်ကြည့်လေ့လာခြင်း .......................................................... ၁၆
စံနှုန်း ၃။ ဝန်ထမ်းစောင့်ရှောက်မှုနှင့်ပံ့ပိုးမှု........................................................................ ၁၈
လမ်းညွှန်ချက် မှတ်စု ၁။ GBV ဆိုင်ရာ အဓိကအရည်အချင်းများကို နေရာဒေသအလိုက် လိုက်လျောညီထွေဖြစ်စေခြင်း ........................................................................................ ၂၀
လမ်းညွှန်ချက် မှတ်စု ၂။ ဝန်ထမ်းများ ဘေးကင်းရေးနှင့် စောင့်ရှောက်မှုကို ပံ့ပိုးပေးခြင်းဖြင့် စီမံကိန်းအရည်အသွေးကို မြှင့်တင်ခြင်း ........................................................................ ၂၂
လမ်းညွှန်ချက် မှတ်စု ၃။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးခြင်း (PSEA) ........................................................................................ ၂၂

## အပိုင်း ၂ အစီအစဉ် စံနှုန်းများ

စံနှုန်း ၄။ ရှင်သန်လွတ်မြောက်လာသူအတွက် ကျန်းမာရေးစောင့်ရှောက်မှု .............................................. ၂၆
လမ်းညွှန်ချက် မှတ်စု ၁။ မုဒိမ်းမှုမှ ရှင်သန်လွတ်မြောက်လာသူများ အတွက် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှု ........................................................................................................ ၃၁
လမ်းညွှန်ချက် မှတ်စု ၂။ အရေးပေါ်အခြေအနေ၏ အစောပိုင်းကာလမှစ၍ မဖြစ်မနေ ဆောင်ရွက်ပေးရမည့် မျိုးဆက်ပွါးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ (MISP) ........................... ၃၂
လမ်းညွှန်ချက် မှတ်စု ၃။ ရှင်သန်လွတ်မြောက်လာသူများ၏ သီးခြားလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် အထူးပြုဝန်ဆောင်မှုများ .................................................................. ၃၂
စံနှုန်း ၅။ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ........................................................................................၃၆
လမ်းညွှန်ချက် မှတ်စု ၁။ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု- အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်း ကော်မတီ IASC ကြားဝင်ဆောင်ရွက်ခြင်း ပိရမစ် ........................................................................၄၁
လမ်းညွှန်ချက် မှတ်စု ၂။ တစ်ဦးချင်းစီ နှင့် အဖွဲ့လိုက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု ..................................၄၂
စံနှုန်း ၆။ ကျား-မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ် စီမံခန့်ခွဲခြင်း ........................................................................၄၄
လမ်းညွှန်ချက် မှတ်စု ၁။ ရှင်သန်လွတ်မြောက်လာသူများ ရပိုင်ခွင့် ရှိသည့် ဝန်ဆောင်မှုများ ..................၄၈
လမ်းညွှန်ချက် မှတ်စု ၂။ မဖြစ်မနေ သတင်းပို့ အစီရင်ခံခြင်း။ ............................................................ ၄၉
လမ်းညွှန်ချက် မှတ်စု ၃။ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုမှ ရှင်သန်လွတ်မြောက်လာသူကလေးသူငယ်များ ကိုပြုစုစောင့်ရှောက်ခြင်း။ ........................................................................................ ၄၉
စံနှုန်း ၇။ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်များ .................................................................................... ၅၂
လမ်းညွှန်ချက် မှတ်စု ၁။ ညွှန်းပို့ခြင်း စနစ်များနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှုလမ်းညွှန် သဘောတရားများ ........................................................................................................ ၅၅

လမ်းညွှန်ချက် မှတ်စု ၂။ ကောင်းမွန်သော ညွှန်းပို့ခြင်း စနစ်၏ အစိတ်အပိုင်းများ ........................................ ၅၆
လမ်းညွှန်ချက် မှတ်စု ၃။ ရပ်ရွာလူထု ထိတွေ့ဆက်ဆံမှုနှင့် အသိပညာပေးခြင်း ........................................ ၅၇
စံနှုန်း ၈။ အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသောနေရာများ ........................................ ၆၀
လမ်းညွှန်ချက် မှတ်စု ၁။ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသောနေရာ
နေရာချဉ်းကပ်မှုများ ........................................ ၆၂
လမ်းညွှန်ချက် မှတ်စု ၂။ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသောနေရာများ
ဖွင့်လှစ်ထူထောင်ရာတွင် ထည့်သွင်းစဥ်းစားရန် လမ်းညွှန်ချက်များ ........................................ ၆၄
လမ်းညွှန်ချက် မှတ်စု ၃။ အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသောနေရာများ၌
ဆောင်ရွက်ရမည့် လုပ်ငန်းများ ........................................ ၆၅
လမ်းညွှန်ချက် မှတ်စု ၄။အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသော နေရာများတွင်
တာဝန်ယူဆောင်ရွက် ရသည့် ဝန်ထမ်းများ၏ အခန်းကဏ္ဍ နှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ............. ၆၆
စံနှုန်း ၉။ ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျှော့ပါးသက်သာစေရေး........................................ ၆၈
လမ်းညွှန်ချက် မှတ်စု ၁။ အမျိုးသမီးများနှင့် မိန်းကလေးများ အပေါ်ကျရောက်နိုင်သည့် ဘေးအန္တရာယ်
အမျိုးအစားများနှင့် လျှော့ပါးသက်သာစေရေး ဗျူဟာများ ........................................ ၇၂
လမ်းညွှန်ချက် မှတ်စု ၂။ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် အန္တရာယ်များကို အကဲဖြတ်ခြင်းနှင့်
စောင့်ကြည့်လေ့လာခြင်း ........................................ ၇၄
လမ်းညွှန်ချက် မှတ်စု ၃။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခံရခြင်းမှ
အကာအကွယ်ပေးခြင်း ........................................ ၇၄
စံနှုန်း ၁၀။ တရားမျှတမှုနှင့် ဥပဒေရေးရာ အထောက်အကူ ........................................ ၇၆
လမ်းညွှန်ချက် မှတ်စု ၁။ တရားမျှတမှုရရှိရေး ........................................ ၇၉
လမ်းညွှန်ချက် မှတ်စု ၂။ ဥပဒေရေးရာအကူအညီ........................................ ၈၁
လမ်းညွှန်ချက် မှတ်စု ၃။ ထုံးတမ်းစဥ်လာမဟုတ်ဘဲအလွတ်သဘောအရ တရားမျှတမှု ရရှိစေခြင်းနှင့်အခြား
တနည်းနည်းဖြင့် အငြင်းပွါးမှုများကို ဖြေရှင်းခြင်း ယန္တရား........................................ ၈၁
လမ်းညွှန်ချက် မှတ်စု ၄။ ဘေးကင်းလုံခြုံရေး ........................................ ၈၂
စံနှုန်း ၁၁။ အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် Dignity Kits၊ ငွေသား နှင့်
ဘောင်ချာ အကူအညီ ........................................ ၈၄
လမ်းညွှန်ချက် မှတ်စု ၁။ အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် Dignity Kits အတွင်ပါဝင်
ပစ္စည်းများနှင့် ပေးဝေမှု ........................................ ၈၇
လမ်းညွှန်ချက် မှတ်စု ၂။ အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် Dignity Kits
ပေးဝေမှုနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံရေး ........................................ ၈၉
လမ်းညွှန်ချက် မှတ်စု ၃။ ငွေသားနှင့် ဘောက်ချာအကူအညီ ........................................ ၈၉

စံနှုန်း ၁၂။ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် အသက်မွေးမှုလုပ်ငန်းများ ........................................ ၉၂
လမ်းညွှန်ချက် မှတ်စု ၁။ အရေးပေါ်အခြေအနေများတွင် အသက်မွေးမှုလုပ်ငန်းအစီအစဉ် ........................................ ၉၅
စံနှုန်း ၁၃။ စနစ်များနှင့် လူမှုရေးဆိုင်ရာ စံနှုန်းများ ကို ပြောင်းလဲခြင်း ........................................ ၉၈
လမ်းညွှန်ချက် မှတ်စု ၁။ ကျား-မ အခြေပြုအကြမ်းဖက်မှုကိုကာကွယ်ခြင်းလုပ်ငန်း ........................................ ၁၀၁
လမ်းညွှန်ချက် မှတ်စု ၂။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ........................................ ၁၀၂
လမ်းညွှန်ချက် မှတ်စု ၃။ လူမှုဆက်ဆံရေးနှင့် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ ဆက်သွယ်ရေး
လုပ်ငန်းများ ........................................ ၁၀၃

## အပိုင်း ၃ လုပ်ငန်းစဥ်စံနှုန်းများ

စံနှုန်း ၁၄။ ရှင်သန်လွတ်မြောက်လာသူများ၏အချက်လက်စုဆောင်းခြင်းနှင့်အသုံးပြုခြင်း........................................၁၀၆
လမ်းညွှန်ချက် မှတ်စု ၁။ GBVIMS နှင့် အခြားစနစ်များ ........................................ ၁၁၀
လမ်းညွှန်ချက် မှတ်စု ၂။ သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ........................................၁၁၁
လမ်းညွှန်ချက် မှတ်စု ၃။ နိုင်ငံအဆင့် GBV ဒေတာစနစ်များ ........................................ ၁၁၂
လမ်းညွှန်ချက် မှတ်စု ၄။ GBV ဆိုင်ရာအစီရင်ခံခြင်းနှင့်ဆက်သွယ်ရေး ........................................ ၁၁၂
စံနှုန်း ၁၅။ ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း ........................................၁၁၄
လမ်းညွှန်ချက် မှတ်စု ၁။ GBV ကဏ္ဍ/အစုအဖွဲ့ခွဲ၏ အဓိကလုပ်ဆောင်ချက်များ ........................................ ၁၁၇
လမ်းညွှန်ချက် မှတ်စု ၂။ GBVရေးရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်........................................၁၁၉
လမ်းညွှန်ချက် မှတ်စု ၃။ GBVရေးရာ တာဝန်ယူမှုဇရိယာ........................................ ၁၁၉
စံနှုန်း ၁၆။ အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း........................................ ၁၂၂

လမ်းညွှန်ချက် မှတ်စု ၁။ အကဲဖြတ်ခြင်း ............................................................................................ ၁၂၆

လမ်းညွှန်ချက် မှတ်စု ၂။ လုပ်ဆောင်ချက်တိုင်းတွင် တာဝန်ယူမှု၊တာဝန်ခံမှုရှိစေခြင်း၊ ပူးပေါင်းပါဝင်မှုဆိုင်ရာ ချဉ်းကပ်မှုများ ............................................................................................ ၁၂၆

လမ်းညွှန်ချက် မှတ်စု ၃။ GBVနှင့်ပတ်သက်၍ သုတေသနပြုလုပ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် သင်ယူမှုလုပ်ငန်းစဉ်များ အတွက် ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ ............................................................ ၁၂၈

လမ်းညွှန်ချက် မှတ်စု ၄။ သုတေသနမှ တဆင့် လေ့လာသင်ယူခြင်း ...................................................... ၁၂၉

အဆုံးသတ်မှတ်စုများ ............................................................................................ ၁၃၁

ကျမ်းကိုးစာရင်း ............................................................................................ ၁၄၀

INTERNATIONAL RESCUE COMMITTEE

UNFPA

unicef for every child

THE ALLIANCE FOR CHILD PROTECTION IN HUMANITARIAN ACTION

care

International Federation of Red Cross and Red Crescent Societies

International Medical Corps

INTERSOS

IOM UN MIGRATION

IPPF International Planned Parenthood Federation

Irish Consortium on Gender Based Violence

MOVING BEYOND FEAR

NORWEGIAN CHURCH AID

actalliance

OXFAM

PLAN INTERNATIONAL

UNHCR The UN Refugee Agency

UN WOMEN

WOMEN'S REFUGEE COMMISSION

Research. Rethink. Resolve.

World Health Organization

Child Protection

Global Protection Cluster

Global Protection Cluster

# မိတ်ဆက်

ကျား-မအခြေပြု အကြမ်းဖက်မှု (GBV)သည် ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ကြောက်မက်ဖွယ် အဖြစ်မှန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။ အရေးပေါ်အခြေအနေများအတွင်း၊ အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်မှုနှင့် အလွဲသုံးစားပြုမှုအန္တရာယ် မြင့်မားလာလေ့ရှိသည်။[၁] တစ်ချိန်တည်းမှာပင်၊ ကျန်းမာရေးနှင့် ဥပဒေရေးရာ ဆိုင်ရာ စနစ်များ အပါအဝင် တနိုင်ငံလုံး ကာကွယ်စောင့်ရှောက်မှု စနစ်များ နှင့် ရပ်ရွာနှင့် လူမှုပံ့ပိုးကူညီမှုကွန်ရက်များ အားနည်းလာသည်။ ထိုကဲ့သို့ စနစ်များ ပျက်ပြားလာသည်နှင့်အမျှ ကျန်းမားရေးဆိုင်ရာ ဂန်ဆောင်မှုများ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ အပါအဂင်နှင့် ဥပဒေရေးရာဝန်ဆောင်မှုများကို  လက်လှမ်းမီမှု လျှော့ကျသွားပြီး ကျူးလွန်သူ များအား ၎င်းတို့ ကျူးလွန်သည့် အပြစ်အတွက် တာဂန်ယူမှု၊ ပြစ်ဒဏ်ပေးခြင်း မရှိစေဘဲ လွတ်ငြိမ်းချမ်းသာခွင့် ပတ်ဝန်းကျင်ဆီသို့ ဦးတည်သည်။ စနစ်များနှင့် ဝန်ဆောင်မှုများ ပြတ်တောက်ခြင်း သို့မဟုတ် ဖျက်ဆီးခံရသည့်အခါ အမျိုးသမီးများနှင့် မိန်းကလေးများ အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ရင်းနှီးကျွမ်းဂင်သော လက်တွဲဖော်မှ အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်ခြင်း နှင့်အလွဲသုံးစားလုပ်မှု၊ ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်း၊ အရင်းအမြစ်များကို ငြင်းပယ်ခံရခြင်းနှင့် အန္တရာယ်ရှိသော ရိုးရာဓလေ့ထုံးတမ်းများ ကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှု အန္တရာယ်များ ပို၍ကြုံတွေ့ရနိုင်သည်။ ကျား-မအခြေပြု အကြမ်းဖက်မှု (GBV) သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ၏ ကျန်းမာရေးဆိုင်ရာ၊ စိတ်လူမှုပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းနှင့် ၎င်းတို့၏ မိသားစုနှင့် လူမှုအသိုက်အဝန်းအပေါ် သိသာထင်ရှားပြီး ရေရှည်ဆိုးကျိုး သက်ရောက်မှုများ ရှိပါသည်။[၂]

ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ဆိုသည်မှာ ကျား-မရေးရာအမြင်ကွဲပြားမှုကိုအခြေခံ၍ လူတစ်ဦးတစ်ယောက်အပေါ် သူ၏သဘောဆန္ဒမပါဘဲ၊ ခွင့်မပြုဘဲ အာဏာအလွဲသုံးစားပြုခြင်း အတင်းအကျပ် (သို့မဟုတ်) ပြုလုပ်စေခြင်း ကဲ့သို့သော ထိခိုက်နစ်နာစေသည့် အန္တရာယ်များ ပြုမူကျူးလွန်ခြင်း ဖြစ်သည်။ ၎င်းတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် သို့မဟုတ် ဒုက္ခရောက်စေသည့် အပြုအမူများ၊ ယင်းကဲ့သို့သော အပြုအမူများပြုမည်ဟု  ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုနှင့် အခြားလွတ်လပ်မှုကို ဆုံးရှုံးစေသည့် လုပ်ရပ်များပါဝင်သည်။ ဤလုပ်ရပ်များသည် အများနှင့်ဆိုင်သောနေရာများ သို့မဟုတ် မမြင်ကွယ်ရာ သီးသန့်နေရာများတွင် ဖြစ်ပွားနိုင်သည်။[၃] "GBV" ကျား-မအခြေပြုအကြမ်းဖက်မှုဟူသော အသုံးအနှုန်းကို ကမ္ဘာပေါ်ရှိ လူ့အဖွဲ့အစည်းတိုင်းတွင် တည်ရှိနေသည့် အမျိုးသားနှင့် အမျိုးသမီးကြား မညီမျှသည့် စနစ်ကြောင့်ဖြစ်ရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုပုံစံအများစု၏  အခြေခံအားဖြင့်တူညီသော ဝိသေသလက္ခဏာများကို ပေါ်လွင်ထင်ရှားစေရန်အတွက် အသုံးများဆုံးဖြစ်သည်။[၄] ၎င်းတွင်ယောကျ်ားပီသမှုနှင့် မိန်းမပီသမှုဆိုင်ရာ ကျား-မတန်းတူညီမျှမှုမရှိသော လူမှုစံနှုန်းများကို  အားဖြည့်ပေးသည့် တိကျပြတ်သားသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ပါဝင်သည်။[၅]

ကျား-မ အခြေပြုအကြမ်းဖက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအောက်ရှိ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ အထူးသဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးသဘောတူစာချုပ်တွင် ဖော်ပြထားသည့်အချက်များကို ချိုးဖောက်ခြင်းဖြစ်သည်။[၆]

ထို့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကြေညာချက်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို "အမျိုးသမီးများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် ဝေဒနာများ ဖြစ်ပေါ်စေနိုင်ဖွယ် သို့မဟုတ် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် မည်သည့် ကျား-မအခြေပြုအကြမ်းဖက်မှုလုပ်ရပ်များ မဆိုပါဝင်သည်"ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။[၇]
အဆိုပါကြေညာစာတမ်းတွင် အကြမ်းဖက်မှုသည် "သမိုင်းကြောင်းအရ အမျိုးသားနှင့် အမျိုးသမီးအကြား အာဏာမညီမျှမှုကို ထင်ဟပ်ပြသခြင်း ဖြစ်ပြီး၊ ထိုသို့မညီမျှခြင်းကြောင့် အမျိုးသားများက အမျိုးသမီးများအပေါ် လွှမ်းမိုးချုပ်ကိုင်မှုနှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းတို့ကို ဖြစ်ပေါ်စေပြီး အမျိုးသမီးများ၏ အပြည့်အဝဖွံ့ဖြိုးတိုးတက်မှုကို တားဆီးခြင်း" ဖြစ်သည်ဟု အလေးပေးဖော်ပြထားသည်။[၈]

## ကျား-မအခြေပြုအကြမ်းဖက်မှု သည် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည်။

ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ၊ လူသားချင်းစာနာထောက်ထားမှုဥပဒေ နှင့် ကျား-မတန်းတူညီမျှမှုဆိုင်ရာ အခြေခံမူများကို ချိုးဖောက်ခြင်းဖြစ်သည်။[၉] အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာ ထောက်ထားမှု ဥပဒေသည် ပဋိပက္ခဖြစ်ပွားနေချိန်အတွင်း အမျိုးသမီးများနှင့် မိန်းကလေးများအပါအဝင် အရပ်သားများအတွက် အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားသည်။[၂၀] ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အဆက်ဆက်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စစ်လက်နက်အဖြစ် အသုံးပြုခြင်းကို အထူးတားမြစ်ထားသည်။[၂၁] မိန်းကလေးများနှင့် အမျိုးသမီးများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အပြည့်အဝကျင့်သုံးခြင်းသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။[၂၂] ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ကိုတားဆီးကာကွယ်ရန် နှင့် တုံ့ပြန်ရန် မှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးသူများ များ၏ အရေးကြီးသောကျင့်ဝတ်တစ်ခုဖြစ်သည်။ ဤအကြမ်းဖက်မှုကို ဟန့်တားရန်နှင့် တုံ့ပြန်ရန် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားတွင် ပျက်ကွက်ခြင်း သို့မဟုတ် အဆိုးဆုံးမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကြောင့် အန္တရာယ်ပိုများစေခြင်းမှာ လက်ခံနိုင်စရာမရှိပါ။[၂၃]

ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ကာကွယ်ခြင်းနှင့် လျော့ပါးစေခြင်း၊ တုံ့ပြန်ခြင်းလုပ်ငန်းများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်သည့် ဒေသများတွင် အသက်ကယ်ခြင်း လုပ်ငန်းများအဖြစ် သတ်မှတ်ထားသည်။[၂၄]

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုတွင် ပါဝင်သည့် အေဂျင်စီအားလုံးတွင် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ကြောင့်ထိခိုက်သူများကိုကာကွယ်ရန်တာဝန်ရှိသည်။ ၎င်းတွင် ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) ၏အန္တရာယ်ကို လျှော့ချရန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) နှင့်ပတ်သက်၍ ရပ်ရွာလူထုအတွင်း ခံနိုင်ရည်အားမြှင့်တင်ရန် အစပျိုးမှုများကို ဒီဇိုင်းဆွဲခြင်း၊ ရှင်သန်လွတ်မြောက်သူများနှင့် အန္တရာယ်ကျရောက်နေသော အခြားအမျိုးသမီးနှင့် မိန်းကလေးငယ်များအား စောင့်ရှောက်မှုနှင့် ထောက်ပံ့ရေးဝန်ဆောင်မှုများလက်လှမ်းမီစွာရရှိရန် ပံ့ပိုးပေးခြင်းနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV)ကို ရေရှည်တည်တံ့သော နည်းလမ်းဖြင့် ကာကွယ်ရန်နှင့် တုံ့ပြန်ရန် စနစ် ထူထောင်နိုင်ရေး အတွက် ဒေသတွင်းနှင့် နိုင်ငံအလိုက် စွမ်းဆောင်ရည်များ အားကောင်းစေခြင်း (အစိုးရ၊ အခြားအာဏာပိုင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ) ပါဝင်သည်။

## ဤအနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့် စံနှုန်းများ၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

ဤလမ်းညွှန်တွင် အရေးပေါ်အခြေအနေများ၌ ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ရေး စီမံကိန်းများ အတွက် အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်း ၁၆ ခုဖြင့် တင်ပြထားသည်။
တစ်ခုလုံးအနေဖြင့် အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်း ၁၆ခုသည် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) အထူးပြု လုပ်ငန်းများလုပ်ဆောင်နေသည့် အေဂျင်စီများ အတွက် ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ရေး နှင့် ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများ ကို အောင်မြင်စွာ ပေးအပ်ရန်အတွက် မည်သည့်လုပ်ငန်းများ ပါဝင်ရမည်ကို သတ်မှတ်ပေး ပါသည်။

*"လုံလောက်သော အရည်အသွေး" ဟူသည် (၁) အလေ့အကျင့်ကောင်းများ ပေါ်လွင်ထင်ဟပ်စေခြင်း။ (၂) ထိခိုက်နစ်နာမှုမရှိစေခြင်း။ တို့ဖြစ်သည်။*

ဤအနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့် စံနှုန်းများ၏ ရည်ရွယ်ချက်မှာ အရေးပေါ်အခြေအနေများတွင် အနည်းဆုံးပါဝင်ရမည့် ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) ကာကွယ်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်များ အတွက် ဘုံနားလည်မှုတစ်ခု ထူထောင်ရန်ဖြစ်သည်။ **အနိမ့်ဆုံး/အနည်းဆုံး**ဆိုသည်မှာ "လုံလောက်သော အရည်အသွေး" ကိုဆိုလိုပြီး ၊ ဤအရင်းအမြစ်၏ ရည်ရွယ်ချက်များအတွက် **လုံလောက်သောအရည်အသွေး** ဆိုသည်မှာ (၁) အလေ့အကျင့်ကောင်းများ ပေါ်လွင်ထင်ဟပ်စေခြင်း (၂) ထိခိုက်နစ်နာမှုမရှိစေခြင်း (Do no Harm )တို့ဖြစ်သည်။ ထို့ကြောင့်၊ ဤအရင်းအမြစ်ရှိ စံချိန်စံညွှန်းတစ်ခုစီသည် လုံလောက်သောအရည်အသွေးရှိရန် ထိုတိကျသောစီမံကိန်းအစိတ်အပိုင်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် လိုအပ်သည့် အချက်များ နှင့် ပတ်သက်၍ ဘုံသဘောတူညီချက် များကို ကိုယ်စားပြုပါသည်။ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) နှင့်ပတ်သက်၍ လုပ်ဆောင်မည့် သူများအနေဖြင့် ဤ စံနှုန်းတွင် ဖော်ပြထားသော စီမံကိန်းလုပ်ငန်း တစ်ခုကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်သောအခါ၊ ယင်းလုပ်ဆောင်မှုကို အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းအရ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကာလများတစ်လျှောက် ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) -အထူးပြု စီမံကိန်းရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း လုပ်ငန်းများ လုပ်ဆောင်နေသည့် သူများ အနေဖြင့် ဤအနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့် စံနှုန်းများတွင် ဖော်ပြထားသော လုပ်ဆောင်ချက်များကို အသုံးပြုဆောင်ရွက်ရမည်ဖြစ်သည်။ စံနှုန်းများသည် အရေးပေါ်အခြေအနေအားလုံး နှင့် ဆက်စပ်သက်ဆိုင်သည် ဖြစ်၍ မည်သည့်နေရာ အတွက်မဆို အကျုံးဝင်သည် ဖြစ်သော်လည်း နေရာဒေသကို လိုက်၍ လိုက်လျောညီထွေဖြစ်အောင် အသုံးချသင့်ပါသည်။ (အောက်တွင် ဖော်ပြထားသည့် "အနိမ့်ဆုံးစံနှုန်းများကို ကျင့်သုံးခြင်း" ကိုကြည့်ပါ)။ အချို့သောစံနှုန်းများကို အခြားစံနှုန်းတစ်ခုခုထက် ဦးစားပေး လုပ်ဆောင်သည့် အချိန်များလည်း ရှိနိုင်ပါသည်။ ထိုသို့ ဦးစားပေးသတ်မှတ်ခြင်းသည် အချို့သော အနိမ့်ဆုံးစံနှုန်းများသည် အခြားစံနှုန်းတစ်ခုခုထက် မူရင်းအားဖြင့် **ပိုအရေးကြီးသည်ဟု မဆိုလိုပါ**။ ယင်းအစား၊ ဦးစားပေး သတ်မှတ်ခြင်းဆိုသည်မှာ အချို့သော ဝန်ဆောင်မှုများ၏ အရည်အသွေးတွင် အန္တရာယ်ဖြစ်စေနိုင်ခြေ သို့မဟုတ် ချို့ယွင်းမှုများ၊မလုံလောက်မှုများ အပါအဝင် နေရာဒေသ အခြေအနေကို လိုက်၍ ခွဲခြမ်းစိတ်ဖြာမှုအပေါ် အခြေခံပြီး ဗျူဟာမြောက် အာရုံစိုက်ရန် လိုအပ်ခြင်းကို ဆိုလိုပါသည်။ ဦးစားပေးသတ်မှတ်ခြင်းဆိုသည်မှာ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) လမ်းညွှန်သဘောတရားများ (စံနှုန်း ၁ ကိုကြည့်ပါ) နှင့် " ထိခိုက်နစ်နာမှု မရှိစေရ" နိယာမနှင့်အညီ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) ဝန်ဆောင်မှုများကို ဘေးကင်းစွာ အကောင်အထည်ဖော်ခြင်းကို ဆိုလိုသည်။[၂၅] ကုလသမဂ္ဂ Central Emergency Response Fund (CERF) ၏ အသက်ကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု စံနှုန်းအရ ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများကို ပံ့ပိုးပေးခြင်းနှင့် သင့်လျော်သော စိတ်လူမှုပိုင်းဆိုင်ရာ ဆောင်ရွက်မှု အများအပြားကို တည်ထောင်နိုင်ပြီး လက်လှမ်းမီ အသုံးပြုခွင့်ရရှိစေရေးမှာ ပထမဦးစားပေးဖြစ်သည်။[၂၆]

ဤအနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့် စံနှုန်း ၁၆ ခုသည် ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) လုပ်ငန်းများကို အထူးပြုလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအကြား တာဝန်ခံ၊ တာဝန်ယူမှု တိုးတက်လာစေရန်၊ စီမံကိန်းလုပ်ငန်းများ၏ အရည်အသွေးကို မြှင့်တင်ရန်နှင့် အန္တရာယ် ဖြစ်စေနိုင်သော အလေ့အကျင့်များ (ဥပမာ၊ ရှင်သန်လွတ်မြောက်သူများ သို့မဟုတ် အခြားသူများကို အန္တရာယ်ဖြစ်စေခြင်း) မှကာကွယ်ရန် ရည်ရွယ်သည်။ စံနှုန်းများအပေါ် အခြေခံပြီး၊ ကမ္ဘာလုံးဆိုင်ရာ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) တာဝန်ဧရိယာ (GBV AoR) သည် ကျား-မ အခြေပြု အကြမ်းဖက်မှု (GBV) စီမံကိန်းဆောင်ရွက်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများ၌ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးတို့တွင် ထိရောက်သောအရေးယူဆောင်ရွက်မှုလုပ်ငန်းများ သေချာစေရန် လက်တွေ့ကျသောလမ်းညွှန်မှုပေးနိုင်ရန်လည်း ရည်ရွယ်ပါသည်။ ထိုစံနှုန်းများတွင် အမျိုးသမီးများ နှင့် မိန်းကလေးများကို ၎င်းတို့၏ ကိုယ်ပိုင် ကာကွယ်မှုတွင် အဓိကကျသောသူများ ဖြစ်ကြောင်းနှင့် စီမံကိန်း လုပ်ဆောင် လည်ပတ်မှုတစ်လျှောက်လုံးတွင် ဖြစ်ပေါ်နိုင်ချေရှိသည့် ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် ဖြေရှင်းချက်များကို ဖော်ထုတ်ရာတွင် တက်ကြွသောပူးပေါင်းပါဝင်သူများဖြစ်ရမည်ကို အလေးပေးထားသည်။ အရည်အသွေးပြည့်မီသော ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) တုံ့ပြန်ရေး ဝန်ဆောင်မှုများ ထူထောင်ရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ထိတွေ့ဆက်ဆံမှုသည် အရေးကြီးပါသည်။ ထို့ကြောင့် အရေးပေါ် အခြေအနေ စတင်ချိန်မှ အမျိုးသမီးများနှင့် မိန်းကလေးများကို ပါဝင်ပတ်သက်စေခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ၏ ရလဒ်များကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

ဤအရင်းအမြစ်သည် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အတွေ့အကြုံနည်းသူများ အပါအဝင် ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) လုပ်ငန်းဆောင်ရွက်နေသူအားလုံး အသုံးဝင်စေရန် ရေးဆွဲထားခြင်းဖြစ်သည်။ ဤအရင်းအမြစ်၏ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက "အနိမ့်ဆုံးစံနှုန်းများကို ကျင့်သုံးခြင်း" ဟူသောခေါင်းစဉ်အောက်တွင် လေ့လာနိုင်သည်။

## ကျား-မအခြေပြုအကြမ်းဖက်မှု (GBV)စီမံကိန်း ရေးဆွဲခြင်းအတွက် လူမှု ဝိသေသများစုဆုံပြီး အကြောင်းခြင်းရာလက္ခဏာများ အပြန်အလှန်ဆက်နွယ်သက်ရောက်မှုကို နားလည်သိရှိ ချဉ်းကပ်ဆောင်ရွက်သည့်နည်းလမ်း (Intersectionality Approach) ကျင့်သုံးခြင်း။

လူမှု ဝိသေသများစုဆုံပြီး ခွဲခြားဆက်ဆံခံရမှုများ/ အကြောင်းခြင်းရာလက္ခဏာများ အပြန်အလှန်ဆက်နွယ်သက်ရောက်မှုကို နားလည်သိရှိခြင်း (Intersectionality)[၁၇] သည် လူတို့၏ လက်ရှိပိုင်ဆိုင်ထားသော ဝိသေသ အထောက်အထားများ စုဆုံသည့် အခါ ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် ဖယ်ကျဉ်ခံရထားမှုပုံစံများ (ဥပမာ၊ ကျား၊မ ဖြစ်ခြင်း နှင့်/သို့မဟုတ် လူမျိုးစုအပေါ် အခြေခံ၍ မညီမျှမှုများ) ကို တွေ့ကြုံခံစားရကြောင်း နားလည်စေသည့် မူဘောင်တစ်ခုဖြစ်သည်။ ထိရောက်ပြီး တာဝန်ခံမှုရှိသော ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) စီမံကိန်းရေးဆွဲရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ တွေ့ကြုံခံစားရသည့် ဖွဲ့စည်းပုံဆိုင်ရာ စနစ်တကျ ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုပုံစံများ ၏ မတူကွဲပြားချက်များနှင့် ဆုံချက်များကို အာရုံစိုက်ရမည်ဖြစ်သည်။

ကမ္ဘာလုံးတစ်ပှမ်းလုံးရှိ ဖိုဝါဒ ကြီးစိုးမှုကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများအားလုံးသည် ခွဲခြားဆက်ဆံခံရမှုများ ကြုံတွေ့ရသော်လည်း အမျိုးသမီးများနှင့် မိန်းကလေးများအားလုံးသည် ဖိနှိပ်မှုနှင့် မညီမျှမှုများကို တူညီသောနည်းလမ်းများဖြင့် တွေ့ကြုံခံစားနေကြရသည် မဟုတ်ပါ။ အမျိုးမျိုးသော မညီမျှမှုများစွာကို လိုက်၍ မတူညီသော ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ၏အန္တရာယ်များနှင့် အတွေ့အကြုံများကိုဖြစ်ပေါ်စေသည်။ လူမှုရေး ဝိသေသများစုဆုံပြီး မညီမျှမှုများ ကြုံတွေ့နေရသော အမျိုးသမီးများနှင့် မိန်းကလေးများတွင် မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးများ၊ ဆယ်ကျော်သက် မိန်းကလေးများ၊ သက်ကြီးအမျိုးသမီးများ၊ မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှု နှင့်ကျား၊မဝိသေသခံယူချက်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးများ၊ HIV နှင့် AIDS ဝေဒနာရှင် အမျိုးသမီးများနှင့် မိန်းကလေးများ၊ တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုမှအမျိုးသမီးများနှင့် မိန်းကလေးများ ပါဝင်သည်။ ကျား-မ အခြေပြုအကြမ်းဖက်မှု(GBV) ဖြစ်နိုင်ခြေကို တိုးလာစေသည့် အခြားသော ခွဲခြားဆက်ဆံမှု ပုံစံများတွင် လူမှုစီးပွားရေး အခြေအနေ၊ မွေးဖွား ရာနိုင်ငံနှင့် ခိုလှုံခွင့်အခြေအနေအပါအဝင် တရားဝင် ဖြစ်မှု အခြေအနေများ ပါဝင်သည်။

လက်တွေ့ အသုံးအနှုန်းအရ၊ လူမှု ဝိသေသများစုဆုံပြီး ခွဲခြားဆက်ဆံခံရမှုများ/ အကြောင်းခြင်းရာလက္ခဏာများ အပြန်အလှန်ဆက်နွယ် သက်ရောက်မှုကို နားလည်သိရှိခြင်း အမြင်ကို အသုံးပြုခြင်းဆိုသည်မှာ လူထုနှင့် အထူးသဖြင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကျပ်အတည်း စတင်ချိန်မှစ၍ ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ၏အန္တရာယ်ကိုပိုမိုဆိုးရွားစေပြီး၊ ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) တုံ့ပြန်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရယူသုံးစွဲရေး နှင့် အဓိပ္ပါယ်ရှိပြီး ဘေးကင်းလုံခြုံသော ပါဝင်ဆောင်ရွက်မှု တို့ကို အတားအဆီးဖြစ်စေသည့် ဖွဲ့စည်းပုံဆိုင်ရာ စနစ်တကျဖိနှိပ်မှုပုံစံများကို ဖြေရှင်းရန် ဗျူဟာများကို ဖော်ထုတ်၊ ခွဲခြမ်းစိတ်ဖြာဆုံးဖြတ်ရမည်ကို ဆိုလိုပါသည်။[၁၈]

## ကျား-မအခြေပြုအကြမ်းဖက်မှု (GBV) ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ရေးတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ကိုဗဟိုပြုခြင်း

ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) သီးသန့်လုပ်ဆောင်နေသည် စီမံကိန်းများတွင် ကျား၊မတန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုရှိသော ဖွဲ့စည်းပုံနှင့် စနစ်များကြောင့် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ဖြစ်နိုင်ခြေပိုများလာရခြင်း၊ နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဘေးကင်းလုံခြုံပြီး မျှမျှတတရရှိနိုင်မှု မရှိခြင်း တို့ကို မှတ်တမ်းပြုစုထားပြီး အမျိုးသမီးများနှင့် မိန်းကလေးများတို့အတွက်အဓိကထားလုပ်ဆောင်သည်။[၁၉] အမျိုးသမီးများနှင့် မိန်းကလေးများသည် စနစ်အရ ကျား-မ မညီမျှမှုနှင့် လူမှု ဝိသေသများစုဆုံပြီး ခွဲခြားဆက်ဆံခံရမှုများ ကြောင့် ကျား-မ အခြေပြု အကြမ်းဖက်မှု(GBV) ပုံစံမျိုးစုံကို တွေ့ကြုံသည့်အပြင် ဝန်ဆောင်မှုများရယူခြင်းနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) မှ ပြန်လည်ကုစားခြင်းအတွက် ထပ်လောင်းအတားအဆီး များစွာကို ရင်ဆိုင်နေကြရသည်။ ထို့ကြောင့်၊ အနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းများတွင် အမျိုးသားများနှင့် ယောကျ်ားလေးများအတွက် အထူးသက်ဆိုင်သည့် ကဏ္ဍများမှလွဲ၍ အမျိုးသမီးနာမ်စားများကို အသုံးပြုထားသည်။

အနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းများသည် ကလေးသူငယ်နှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးနှင့် ယောကျ်ားလေးများ လိင်အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက် လာသူများအတွက် သင့်လျော်ပြီး အသက်အရွယ်အပေါ် အခြေခံ၍ တုံ့ပြန်မှုဝန်ဆောင်မှုများကို ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးအဖွဲ့များနှင့် အနီးကပ်ပူးပေါင်း၍ တည်ဆဲလမ်းညွှန်ချက်နှင့်အညီ ရရှိစေရေးကိုလည်း အထူးအလေးထားပါသည်။[၂၀]

မိတ်ဆက်

အချို့သော သူများသည် လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား၊မ ဂိသေသ ခံယူချက် လက္ခဏာ ကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများ၊ ယောက်ျားလေးများ နှင့် ယောက်ျား၊မိန်းမဟူသော ဂျဲန်ဒါသတ်မှတ်ချက် နှစ်မျိုးအောက်တွင် ရှိမနေသူများ အပေါ်ကျူးလွန်သည့် အကြမ်းဖက်မှုကို ဖော်ပြရန်အတွက် “ကျား-မအခြေပြု အကြမ်းဖက်မှု” ဟူသော ဝေါဟာရကို အသုံးပြုကြသည်။ အဘယ်ကြောင့်ဆိုသော် “၎င်းတို့သည် ကျား-မရေးရာ စံနှုန်းများကို ဖီဆန်သည်” ဟု အမြင်ခံရသူများဖြစ်ပြီး ၎င်းတို့အပေါ် အပြစ်ပေးလိုသောဆန္ဒဖြင့် တွန်းအားပေး ကျူးလွန်သောကြောင့် ဖြစ်သည်”။[၂၁] ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) လုပ်ငန်းဆောင်ရွက်နေသူများသည် လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား၊မ ဂိသေသ ခံယူချက် လက္ခဏာ ကွဲပြားသော အမျိုးသမီးများ၊ မိန်းကလေးများ ရင်ဆိုင်ရသည့် သီးခြားအတားအဆီးများနှင့် အန္တရာယ်များကိုလည်း ကိုင်တွယ်ဖြေရှင်းသင့်သည်။

အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ခံရသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရမှု တားဆီးကာကွယ်ရေး၊ လျော့ပါးရေးနှင့် တုံ့ပြန်ရေးတို့အတွက် အဓိကရည်ရွယ်သော်လည်း ဤအနိမ့်ဆုံး ပြည့်မီရမည့် စံသတ်မှတ်ချက်များသည် အမျိုးသား ရှင်သန်လွတ်မြောက်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှုများထံသို့ အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီစေရန်လည်း လမ်းညွှန်မှုပေးပါသည်။ အသက်အရွယ်၊ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ကျား၊မ ဂိသေသခံယူချက် လက္ခဏာ ကွဲပြားမှု နှင့် အခြားလူမှု ဂိသေသများ စုဆုံပြီး မညီမျှမှုများအပေါ် အခြေခံ၍ အာဏာနှင့် အဆင့်အတန်း လျော့ကျခြင်းကြောင့် အမျိုးသားနှင့် ယောက်ျားလေးများလည်း အလွဲသုံးစားပြုရန် ပစ်မှတ်ထားခံရနိုင်သည်။

လိင်တူချစ်သူများကို ကြောက်ရွံ့မုန်းတီးခြင်း၊ လိင်တူလိင်ကွဲ နှစ်မျိုးလုံးချစ်သူများကို ကြောက်ရွံ့မုန်းတီးခြင်း၊ နှင့်  ဆန့်ကျင်ဘက် လိင်ကွဲသို့ ပြောင်းလဲပြုမူနေထိုင်ခြင်းကို  ကြောက်ရွံ့မုန်းတီးခြင်း များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှု ဖြစ်နိုင်ခြေကို တိုးစေသည်။ မသန်စွမ်း အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံမှု အပါအဝင် အခြားသော အကြမ်းဖက်ခံရနိုင်ချေ ပိုများလာသည်ကို ကြုံတွေ့ခံစားနေရပါသည်။[၂၂] ကျား-မရေးရာစံနှုန်းများသည် ပဋိပက္ခအခြေအနေများတွင် အမျိုးသားများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအချို့ ပေါ်ပေါက်စေရန် အထောက်အကူဖြစ်စေနိုင်သည်။  ဤအခြေအနေမျိုးတွင် ကျား၊မရေးရာ မညီမျှသော စံနှုန်းများဖြစ်သည့် ယောက်ျားပီသမှုနှင့် မိန်းမပီသမှုဆိုင်ရာ စံနှုန်းများကြောင့် ယောက်ျားပီသမှု စံနှုန်းများ လျော့ကျစေရန်အမျိုးသားများကို ပစ်မှတ်ထားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအချို့ တိုးမြင့်ကြုံတွေ့နိုင်သည်။ အမျိုးသားများအပေါ် အကြမ်းဖက်မှုသည် သတ်မှတ်ထားသော ယောက်ျားဖြစ်ရခြင်း၏ အဓိပ္ပာယ်နှင့် အမျိုးသား အာဏာကို ကျင့်သုံးခြင်းဟူသော လူမှုရေးအရ တည်ဆောက်ထားသော အယူအဆများအပေါ် အခြေခံထားသည်။[၂၃]

ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) စီမံကိန်း များသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို အဓိကအာရုံစိုက်သော်လည်း၊ ကျား-မအခြေပြုအကြမ်းဖက်မှု(GBV)နှင့် ပတ်သက်၍ လုပ်ဆောင်နေသူများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုနှင့် အကာအကွယ်ပေးသူများ အပါအဝင် အခြားသူများနှင့် အတူလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် မတော်မတရားပြုမှုမှ လွတ်မြောက်လာသော အမျိုးသားများအတွက် အသက်ကယ်ထောက်ပံ့မှုရရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်သင့်သည်။

## ကျား-မတန်းတူညီမျှရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးများ၏ စွမ်းဆောင်ရည်မြင့်တင်ရေး

တစ်ဦးချင်း၊ လူမှုအသိုင်းအဝိုင်းနှင့် လူမှုအဖွဲ့အစည်းအဆင့်များတွင် ကျား-မတန်းတူညီမျှမှုမရှိခြင်းသည် ကျား-မအခြေပြု အကြမ်းဖက်မှု ဖြစ်ရခြင်းကို ထင်ရှားသည်။ နေရာတိုင်းတွင် လူမှုပတ်ဝန်းကျင် မှ သတ်မှတ်ထားသည့် ကျား-မရေးရာ အခန်းကဏ္ဍများနှင့် မညီမျှသော စနစ်များ ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် လူမှုရေးအာဏာ နှင့် ဩဇာလွှမ်းမိုးနိုင်စွမ်း၊ အရင်းအမြစ်များကို ထိန်းချုပ်နိုင်စွမ်း၊  ၎င်းတို့၏ ခန္ဓာကိုယ်ကို ထိန်းချုပ်ခွင့် နှင့် လူမှုဘဝတွင် ပါဝင်မှုတို့၌ အခွင့်အရေးများစွာ မရရှိကြပါ။[၂၄] ဤမညီမျှမှုအခြေအနေတွင် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ဖြစ်ပေါ်လေ့ရှိသည်။ ဘဝနယ်ပယ်တိုင်းနီးပါးတွင် ကျား-မတန်းတူညီမျှမှု မရှိသည်မှာ ထင်ရှားစွာပါသည်။ ဤဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှုများသည် လူတစ်ဦးချင်း၊ မိသားစုများ၊ အသိုင်းအဝိုင်းများနှင့် နိုင်ငံတော်မှ ကျူးလွန်သည့် အကြမ်းဖက်မှုပုံစံဖြင့် အမျိုးသမီးများ တွေ့ကြုံခံစားရသည့် အာဏာအလွဲသုံးစားမှုများကို ဖြစ်ပေါ်စေပါသည်။

ကျား-မတန်းတူညီမျှမှုမရှိခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) နှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ စီမံကိန်းအားလုံး၏ အခြေခံကျသော ကဏ္ဍတစ်ခုဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များတွင် ကျား-မ တန်းတူညီမျှမှုကို ပေါင်းစပ်ထည့်သွင်းခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာ မဟာဗျူဟာများနှင့် ကြားဝင်လုပ်ဆောင်ချက်များ၏ အကျိုး သက်ရောက်မှုကို တိုးမြင့်စေသည်။[၂၅] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ၌ လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ ကျွမ်းကျင်သူများ၊ အေဂျင်စီများနှင့် စီမံကိန်းများအားလုံးသည် ကျား-မ မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် စီမံကိန်းများ ရေးဆွဲ ရာတွင် လိင်နှင့် အသက်အရွယ်အလိုက် ခွဲခြား ကောက်ယူထားသော အချက်အလက်များကို အသုံးပြုရန် အရေးကြီး ပါသည်။ ကျား-မရေးရာ ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ လုပ်ဆောင်ချက်လက်စွဲစာအုပ် (The Gender in Humanitarian Action Handbook) တွင် အခြေခံဝန်ဆောင်မှုများ၊ အကာအကွယ်ပေးရေးနှင့် အခွင့်အလမ်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ရပိုင်ခွင့်များကို သေချာစေရန် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများ၏ တာဝန်နှင့် တာဝန်ခံမှုကို မီးမောင်းထိုးပြထားသည်။[၂၆]

ကျား-မတန်းတူညီမျှမှု စီမံကိန်းရေးဆွဲခြင်းသည် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV)ကို ကိုင်တွယ်ဖြေရှင်းရန် ရေရှည်ကြိုးပမ်းမှုများအတွက် မရှိမဖြစ်လိုအပ်ပြီး မည်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြားဝင်လုပ်ဆောင်မှုတွင်မဆို  လုပ်ဆောင်မှု စတင်သည့် အချိန်အစော ပိုင်းမှ စ၍လုပ်ဆောင်သင့်သည်။ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) စီမံကိန်းလုပ်ဆောင်သူများအပါအဝင်၊ အဖွဲ့အစည်းအားလုံးအနေဖြင့် ကျား-မ တန်းတူညီမျှမှု လုပ်ငန်းများ နှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV)စီမံကိန်းများ သည် တစ်ခုနှင့် တစ်ခု ပြီးပြည့်စုံစေသော ဖြည့်စွက်လုပ်ငန်းများ ဖြစ်ပြီး လဲလှယ်လုပ်ဆောင်၍ မရနိုင်ကြောင်း နားလည်ရန်လိုအပ်ပါသည်။ ကျား-မတန်းတူညီမျှရေး နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြင့်တင်ခြင်း သည် ကဏ္ဍ/အဆင့်အားလုံးတွင်ပါဝင်သင့်သော အရေးကိစ္စများဖြစ်ပြီး ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV)စီမံကိန်း၏ ကဏ္ဍတိုင်းတွင် ပေါင်းစပ်ထည့်သွင်းရမည့် လုပ်ငန်းများ ဖြစ်ပါသည်။ ကျား-မတန်းတူရေးဆိုင်ရာ နှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်မှု စီမံကိန်းများကို ကဏ္ဍအလိုက် လုပ်ငန်းများတွင် ထိရောက်သောပေါင်းစည်းမှုဖြင့် ထည့်သွင်းခြင်းသည် ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို မြှင့်တင်ပေးပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများနှင့်ဆက်စပ်သော အခြေအနေများသည် အရေးပေါ်အခြေအနေ မစတင်မီတွင် ရှိခဲ့သော ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV)ပုံစံများစွာ၏အန္တရာယ်ကို ပိုမိုဆိုးရွားစေနိုင်သည်။ သို့ရာတွင်၊ ကျား-မ-အပေါ် အခြေခံ သောခွဲခြားဆက်ဆံမှုနှင့် မညီမျှသောအာဏာကို ခွင့်ပြု၊ မြှင့်တင် ပေးသည့် သဘောထားများ၊ ယုံကြည်ချက်များ၊ စံနှုန်းများနှင့် ဖွဲ့စည်းပုံများ သည် အကြမ်းဖက်မှုများ၏ အရင်းခံအကြောင်းရင်းများနှင့် ဆက်နွှယ်နေပြီး အရေးပေါ်အခြေအနေများအတွင်းဖြစ်စေ သို့မဟုတ် ပိုမိုတည်ငြိမ်သောကာလများတွင်ဖြစ်စေ တည်ရှိနေပါသည်။[၂၇] ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV)နှင့် အဓိက အရင်းခံ အကြောင်းအရင်း ဖြစ်သော ခွဲခြားဆက်ဆံမှုနှင့် ကျား-မတန်းတူညီမျှမှုမရှိခြင်း ကို ချိတ်ဆက်ခြင်းသည် ထိခိုက်ခံစားရသူများ၏ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းရန် လုပ်ဆောင်ရုံသာမက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုတွင် ဖြစ်နိုင်သမျှစောလျင်စွာ မဟာဗျူဟာများကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ သို့မှသာ ကျား-မတန်းတူရေးကို ရှေ့ရှုသည့် ရေရှည်လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲကို တိုးမြှင့်နိုင်မည်ဖြစ်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို တုံ့ပြန်ခြင်းနှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းကို ထိန်းသိမ်းခြင်း၏ အဓိကသော့ချက်မှာ အကြမ်းဖက်မှု၏ ကျား-မသဘာဝအပြင် ယင်း၏ အကြောင်းတရားနှင့် အကျိုးဆက်များကို နားလည်သဘောပေါက်ပြီး အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုအား ပံ့ပိုးပေးသည့် ပတ်ဝန်းကျင်အတွင်း ဝန်ဆောင်မှုများ ပေးဆောင်ခြင်း ပင်ဖြစ်သည်။

## နိုင်ငံအလိုက်စနစ်များ အားကောင်းလာစေခြင်း

နိုင်ငံများအနေဖြင့် ၎င်းတို့၏ နိုင်ငံသားများကို ကာကွယ်ရန် အဓိကတာဝန်ရှိသော်လည်း အရေးပေါ်အခြေအနေများတွင် ထိခိုက်ခံစားရသူများအတွက် အကာအကွယ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် နိုင်ငံ့အာဏာပိုင်များ၏ တာဝန်များအားပြည့်မီအောင်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ကူညီပံ့ပိုးပေးရမည့် တာဝန်ရှိသည်။[၂၈] နိုင်ငံ၏စနစ်များ အားကောင်းလာစေရန် နိုင်ငံအဆင့်မိတ်ဖက်များနှင့် ပြည်တွင်းအဖွဲ့အစည်းများက ချိတ်ဆက်ဆောင်ရွက်ခြင်းသည် ထိရောက်သော ကျား-မအခြေပြုအကြမ်းဖက်မှု (GBV) တုံ့ပြန်မှု၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အရေးပေါ်အခြေအနေများအတွင်း အထူးအရေးကြီးပါသည်။

"နိုင်ငံစနစ်/အမျိုးသားအဆင့်စနစ်" ဆိုသည်မှာ အစိုးရစနစ်များ (ပြည်ထောင်စု၊ တိုင်း၊ပြည်နယ် ဒေသအလိုက်နှင့် ဒေသ ဆိုင်ရာ အဆင့်များ) နှင့် ကျန်းမာရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေ စနစ်များကို လည်ပတ်လုပ်ဆောင်ရာတွင်အထောက်အကူပြုသော အစိုးရမဟုတ်သော၊ ရပ်ရွာအခြေပြု နှင့် အရပ်ဘက်အဖွဲ့အစည်းများ အဖြစ် အခြားသော သက်ဆိုင်သူ အစု အဖွဲ့များ ပါဝင်နိုင်သည်။ နိုင်ငံ့အာဏာ ပိုင်များနှင့် ပူးပေါင်းလုပ်ကိုင်၍ တိုက်ရိုက် အရေးဆို ဆွေးနွေးကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ကာကွယ် စောင့်ရှောက်ရေး အစီအမံများကို အမျိုးသားအဆင့် အရေးပေါ် တုံ့ပြန်ရေး အစီအစဉ်တွင်ဦးစားပေး ဆောင်ရွက် ထားရန်၊ လုပ်ငန်း အစီအစဉ် များနှင့် ရန်ပုံငွေများချထားခြင်းနှင့် ကြားဝင် ဆောင်ရွက်မှုများသည် နိုင်ငံတကာမှ အကောင်းဆုံး အလေ့အကျင့်ကို ထင်ဟပ် စေရမည်။

ပြည်တွင်းအမျိုးသမီးလှုပ်ရှားမှုများ အပါအဝင် နိုင်ငံတွင်းရှိ မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရန်၊ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ တိုးချဲ့ရန် နှင့်/သို့မဟုတ် ချဲ့ထွင်ရန်၊ အရေးပေါ်ကာလပြီးသည့်နောက် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်သေချာစေရန် အတွက်အနိမ့်ဆုံး ပြည့်မီ ရမည့် စံနှုန်း ၁၆ ခုကို အသုံးပြုနိုင်ပါသည်။ အချို့သော အခြေအနေများတွင် အစိုးရအာဏာပိုင်များသည် လူသားချင်းစာနာထောက် ထားမှု ဆိုင်ရာမူများကို လိုက်နာခြင်းမရှိသည့် အပြင် အကာအကွယ်ပေးခြင်းကို တားဆီးခြင်း သို့မဟုတ် အလွဲသုံးစားမှုများကို ဆက်တိုက် ပြုလုပ်ခြင်းကို ကြုံတွေ့နိုင်သည်။

**ဒုက္ခသည် (Refugees)** ဆိုသည်မှာ ခိုင်လုံသော နှိပ်စက်ညှဉ်းပန်းမှုခံရနိုင်ချေကို ကြောက်ရွံ့မှုကြောင့် သို့မဟုတ် ပဋိပက္ခ၊ အလုံးစုံ အကြမ်းဖက်မှု သို့မဟုတ် လူမှုအဖွဲ့အစည်းကို ဆိုးရွားစွာ ထိခိုက်စေသည့် အခြားအခြေအနေများကြောင့် ၎င်းတို့၏ မူလနိုင်ငံပြင်ပတွင် ရှိနေသူများဖြစ်သည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်များသည် နိုင်ငံတကာ အကာအကွယ်များ လိုအပ်ပါသည်။

**နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူ (Asylum seekers)** - ခိုလှုံခွင့်တောင်းခံသူများသည် ဒုက္ခသည်အဖြစ် အာဏာပိုင်များက မသတ်မှတ်ရသေးသော်လည်း ထိုသူများသည် ဒုက္ခသည်များဖြစ်နိုင်သည်ဟု အခြေခံ၍ အကာအကွယ်ပေးခွင့်ရှိသည့် သူများဖြစ်သည်။

**နေရပ်ပြန်ရောက်လာသူ**(Returnees)- ၎င်းတို့၏ မူလနိုင်ငံသို့ ပြန်လာခဲ့ကြသော်လည်း အပြည့်အဝ (ပြန်လည်) ပေါင်းစည်းခြင်းမပြုရသေးသော ဒုက္ခသည်ဟောင်းများဖြစ်သည်။.

**ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူ (Internally displaced people)** - နိုင်ငံတကာအသိအမှတ်ပြုနိုင်ငံပိုင်နယ်နိမိတ်ကို ဖြတ်ကျော်ခြင်းမပြုသော်လည်း အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများကြောင့် သို့မဟုတ် အလုံးစုံ အကြမ်းဖက်မှု အခြေအနေများ၊ လူ့အခွင့်အရေးချိုးဖောက်ခံရသော အခြေနေများ၊ သို့မဟုတ် သဘာဝ သို့မဟုတ် လူသားဖန်တီးသော ဘေးအန္တရာယ်များ ကိုရှောင်ရှားရန်အတွက် ၎င်းတို့၏ နေအိမ်များ သို့မဟုတ် ပုံမှန်နေထိုင်ရာနေရာများကို စွန့်ခွာရန် မဖြစ်မနေ သို့မဟုတ် အတင်းအကြပ် ခိုင်းစေခြင်းခံရသည့် လူ သို့မဟုတ် အုပ်စုများ၊ ဖြစ်သည်။

ဤဒေသအခင်းအကျင်းကိုလိုက်၍ နိုင်ငံအလိုက်စနစ်များနှင့်လုပ်ဆောင်ရာတွင် သီးခြားချဉ်းကပ်မှုမှာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာမူများနှင့် "ထိခိုက်မှုမရှိစေရေး" ချဉ်းကပ်မှုနှစ်ခုလုံး အပေါ် အခြေခံ၍ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း သေချာစေရန် အရေးကြီးပါသည်။ GBV ကိုတားဆီးရန်၊ လျော့ပါးစေရန်နှင့်တုံ့ပြန်ဆောင်ရွက်မှုများအပါအဝင် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအခြေအနေများတွင် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် အရေးပါသောအခန်းကဏ္ဍမှပါဝင်ပါသည်။ အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းများတွင် ပြည်တွင်းနှင့် နိုင်ငံလုံးဆိုင်ရာ အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ရန်နှင့် လက်ရှိနိုင်ငံနှင့် ဒေသဆိုင်ရာ စွမ်းဆောင်ရည်များကို အားဖြည့်ပေးရန် တောင်းဆိုသည့် လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းသစ်နှင့်အညီ ဤအခန်းကဏ္ဍကို မီးမောင်းထိုးပြထားပါသည်။ ဂုဏ်သိက္ခာရှိ၍ ထိရောက်သော လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို ပေးအပ်ခြင်းအတွက် ပြည်တွင်း၌ဒေသခံများနှင့် အတူ လုပ်ကိုင်ခြင်းသည် အခြေခံ ကျကြောင်း ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထိပ်သီးအစည်းအဝေးက အသိအမှတ်ပြုခဲ့ပြီး အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုသည် "ပြည်တွင်းအခြေအနေကို အခြေခံ၍ ပြည်တွင်းမှဖြစ်နိုင်လျှင် ဖြစ်နိုင်သလောက် နိုင်ငံတကာစံနှုန်းနှင့်အညီ လိုအပ်လျှင် လိုအပ်သလို" ဖြစ်သင့်သည်ကို ဖော်ပြခဲ့သည်။[၂၉] ဆက်စပ်၍ နိုင်ငံတကာ အလှူရှင်များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများအကြား လိုအပ်နေသော အကူအညီများ ပိုမိုရရှိရန် ရည်ရွယ်သည့် သဘော တူညီချက်တစ်ခု ဖြစ်သည့် Grand Bargain သည် ဒေသခံအဖွဲ့များ၏ အလုပ်ကို ပိုမိုကောင်းမွန်စွာ ထိတွေ့ဆက်ဆံရန်၊ စွမ်းရည်မြှင့်တင်ရန်နှင့် တိုးတက်ရန် ပိုမိုရည်ရွယ်ချက်ရှိရှိ ပြတ်ပြတ်သားသား ကြိုးပမ်းအားထုတ်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြား ခဲ့သည်။GBV တားဆီးရေး နှင့် တုံ့ပြန်ရေးအဖွဲ့များအတွက်၊ ပြည်တွင်းအမျိုးသမီးလှုပ်ရှားမှုများ၊ အမျိုးသမီးများဦးဆောင်သော အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် အမျိုးသမီး အခွင့်အရေးဆိုင်ရာကွန်ရက်များနှင့် အတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် GBV ဆိုင်ရာ ကိုင်တွယ်ဖြေရှင်းရန် ဒေသအလိုက် လုပ်ဆောင်မှုကို ပံ့ပိုးပြီး ရေရှည်တည်တံ့ စေရန် အခွင့်အလမ်းကို ပေးပါသည်။

## ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း

အရေးပေါ်အခြေအနေများ ပေါ်ပေါက်လာသောအခါ ကောင်းမွန်သော ပေါင်းစပ်ညှိနှိုင်းမှုကို သေချာစေရန်၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းရေးဆိုင်ရာ အဓိကယန္တရားဖြစ်သည့် အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မတီ (IASC) သည် အစုလိုက်ချဉ်းကပ်မှု cluster approach ကို ချမှတ်ခဲ့သည်။ အစုအဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ နှင့် ကုလသမဂ္ဂ မဟုတ်သော အဖွဲ့များဖြစ်ပြီး၊ ရေ၊ ကျန်းမာရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကဲ့သို့သော လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များ၏ အဓိကကဏ္ဍတစ်ခုစီတွင် လုပ်ဆောင်နေကြသည့် ဆိုင်ရာ အဖွဲ့များကို ပေါင်းစုထားသည့် အဖွဲ့ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာအဆင့်တွင်၊ GBV ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုကို Global Protection Cluster အတွင်း UNFPA မှ ဦးဆောင်သော GBV Area of Responsibility မှ ဦးဆောင်ပါသည်။ GBV တာဝန်ဧရိယာ (GBV Area of Responsibility) သည် ဤအနိမ့်ဆုံးစံချိန်စံညွှန်းများ ထုတ်ပြန်ခြင်းအားဖြင့်၊ ရှင်သန် လွတ်မြောက်သူများအတွက် တုံ့ပြန်မှု၊ စောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေး၊ အကာအကွယ်ပေးရေးနှင့် ကျူးလွန်သူကို တာဝန်ခံမှု ရှိစေရေး အပါအဝင် နယ်ပယ်အဆင့်တွင် GBV အတွက် ပေါင်းစည်း ကျယ်ပြန့်သည့်  ပေါင်းစပ်ညှိနှိုင်းသည့်ချဉ်းကပ်မှုတစ်ရပ်ကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ဒုက္ခသည်များနှင့်သက်ဆိုင်သည့်  အခြေအနေများတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အနေဖြင့် ဒုက္ခသည်များ အတွက် တုံ့ပြန်မှုကို ဦးဆောင် ညှိနှိုင်းရန်နှင့် နိုင်ငံ၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဆင့်များတွင် နိုင်ငံတကာ အကာအကွယ်ပေးရေး၊ အကူအညီများနှင့် ဖြေရှင်းချက်များကို ညှိနှိုင်းဆောင်ရွက်ရန် တာဝန် ရှိသည်။ ဒုက္ခသည်ဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေး ပုံစံတွင် အကြောင်းအရာအလိုက် နယ်ပယ်များနှင့် တုံ့ပြန်မှုကဏ္ဍများကို လွှမ်းခြုံရှင်းလင်းသော ညှိနှိုင်းဖွဲ့စည်းပုံ ပါဝင်သည်။[၃၀] ဒေသအခြေ အနေနှင့် စွမ်းဆောင်ရည်အပေါ် မူတည်၍ အခြားအေဂျင်စီများ၊ မိတ်ဖက်အဖွဲ့များ သို့မဟုတ် အစိုးရသည် UNHCR နှင့် ညှိနှိုင်းဆောင်ရွက်ပြီး GBV လုပ်ငန်းခွဲအဖွဲ့ကို ပူးတွဲဦးဆောင်နိုင်သည်။

## "အရေးပေါ်အခြေအနေ" ဆိုတာ ဘာလဲ။

အရေးပေါ်အခြေအနေဆိုသည်မှာ သဘာဝဘေးအန္တရာယ်၊ ပဋိပက္ခ သို့မဟုတ် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုတို့ကြောင့် ချက်ချင်းနှင့် သင့်လျော်သော အရေးယူဆောင်ရွက်မှုမှ မလုပ်ဆောင်ပါက ထိခိုက်ခံစားရသော အရပ်သားများ၏ အသက် သို့မဟုတ် ကျန်းမာပျော်ရွှင်ခြင်းကို အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေမျိုးဖြစ်ပြီး အထူးတလည်တုံ့ပြန်ဆောင်ရွက်မှုများနှင့် ခြွင်းချက်အစီအမံများ လိုအပ်သည့် အခြေအနေ ဖြစ်သည်။[၃၁]

## GBV လမ်းညွှန်သဘောတရားများနှင့် ချဉ်းကပ်မှုများ

အောက်ဖော်ပြပါ လမ်းညွှန်သဘောတရားများနှင့် ချဉ်းကပ်မှုများသည် အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းများအားလုံးတို့တွင်အခြေခံထားပြီး “GBV လမ်းညွှန် သဘောတရားများ” အဖြစ် အနိမ့်ဆုံးစံနှုန်းများတစ်လျှောက် ကိုးကားဖော်ပြထားသည်။

- **ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှု** - ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုသည် ရှင်သန်လွတ်မြောက်သူများ၏ အခွင့်အရေးနှင့်ဆန္ဒများကို လေးစားလိုက်နာရန်၊ ၎င်းတို့၏ဘေးကင်းလုံခြုံမှုကို အာမခံပြီး ဂုဏ်သိက္ခာရှိရှိ လေးစားမှုဖြင့် ဆက်ဆံသည့်ပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။ ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုသည် အောက်ပါလမ်းညွှန် သဘောတရားများအပေါ် အခြေခံသည်။
    - **ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိစေခြင်း** - ရှင်သန်လွတ်မြောက်သူများ နှင့် ၎င်းတို့၏ကလေးများ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို အဓိကထား ထည့်သွင်းစဉ်းစားပါသည်။
    - **လျှို့ဝှက်ထိန်းသိမ်းပေးခြင်း** - ရှင်သန်လွတ်မြောက်သူများ အနေဖြင့် ၎င်းတို့၏အဖြစ်အပျက်ကို မည်သူ့ကို အသိပေးမည်၊ အသိမပေးမည် ကို ရွေးချယ်ပိုင်ခွင့်ရှိပြီး ၎င်းတို့နှင့်ပတ်သက်သည့် အချက်အလက်မှန်သမျှကို ၎င်းတို့၏ အသိပေးပြီးသဘောတူညီချက် (informed consent) ဖြင့်သာ မျှဝေသင့်သည်။
    - **ဂုဏ်သိက္ခာကို လေးစားခြင်း** - လုပ်ဆောင်သည့် လုပ်ဆောင်ချက်အားလုံးသည် ရှင်သန်လွတ်မြောက်သူများ၏ ရွေးချယ်မှု၊ ဆန္ဒများ၊ ရပိုင်ခွင့် အခွင့်အရေးများနှင့် ဂုဏ်သိက္ခာတို့ကို လေးစားမှု လမ်းညွှန်ပေးသင့်သည်။ အကူအညီပေးသူများ၏ အခန်းကဏ္ဍမှာ ပြန်လည်ထူထောင်ရေးတွင် လွယ်ကူချောမွေ့စေရန်နှင့် ရှင်သန်လွတ်မြောက်သူများကို ကူညီပေးရန်အတွက် အရင်းအမြစ်များ ပံ့ပိုးပေးရန်ဖြစ်သည်။
    - **ခွဲခြားဆက်ဆံမှုမရှိခြင်း** - ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ အသက်၊ မသန်စွမ်းမှု၊ ကျား၊ မ ဂိသေသလက္ခဏာ၊ ဘာသာရေး၊ လူမျိုး၊ လူမျိုး၊ နိုင်ငံသား၊ လိင်စိတ်ခံယူမှု သို့မဟုတ် အခြားလက္ခဏာများ အပေါ် အခြေခံ၍ မခွဲခြားဘဲ တန်းတူမျှတသော ဝန်ဆောင်မှုကို ရရှိသင့်သည်။
- **လူ့အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်နည်း-** လူ့အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်နည်းသည် လူ့အခွင့်အရေး ဥပဒေ၏ အခြေခံမူများနှင့်အညီ လူတိုင်းတွင် လွတ်လပ်၍ ဂုဏ်သိက္ခာရှိစွာ နေထိုင်ခွင့်ရှိစေရန်၊ အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်ခံရမှုနှင့် အလွဲသုံးစားမှုမှ ကင်းဝေးစေရန် သေချာစေပြီး ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုတို့၏ မူလဇစ်မြစ် အကြောင်းရင်းများကို ခွဲခြမ်းစိတ်ဖြာပြီး ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားသည့်ချဉ်းကပ်နည်းဖြစ်သည်။
- **ရပ်ရွာလူထုအခြေပြုချဉ်းကပ်နည်း** - ရပ်ရွာလူထုအခြေပြုချဉ်းကပ်မှုတစ်ခုသည် ထိခိုက်ခံစားရသူများအား ၎င်းတို့အတွက် အကာအကွယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ခြင်းနှင့်ပတ်သက်သည့် မဟာဗျူဟာများ ဖော်ဆောင်ရာတွင် မိတ်ဖက်များအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်ကြောင်း သေချာစေပါသည်။ ဤချဉ်းကပ်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင် အဆင့်အားလုံးတွင် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားအန္တရာယ်ကြုံနိုင်ချေရှိသည့် အုပ်စုများကို တိုက်ရိုက်ပါဝင်ပတ်သက်စေပြီး ကာကွယ်ရေးဆိုင်ရာ အန္တရာယ်များနှင့် ဖြေရှင်းချက်များကို ဖော်ထုတ်ရန်နှင့် ရှိပြီးသား ရပ်ရွာလူထုအခြေပြု ကာကွယ်မှုယန္တရားများ အပေါ် တည်ဆောက်ရန် ပါဝင်ပါသည်။
- **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများ-** လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများဖြစ်သည့် လူသားချင်းစာနာမှု၊ သမာသမတ်ကျမှု၊ လွတ်လပ်စွာ လုပ်ဆောင်နိုင်မှု၊ ဘက်မလိုက်မှု တို့သည် အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းများကို အကောင်အထည်ဖော်ရန် အထောက်အပံ့ဖြစ်သင့်ပြီး ထိခိုက်ခံစားရသူများထံ ရောက်ရှိနိုင်မှုကို ထိန်းသိမ်း ကာထိရောက်သော လူသားချင်းစာနာမှုဆိုင်ရာတုံ့ပြန်မှုရရှိစေရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။
- **ထိခိုက်နစ်နာမှု မရှိရေးမူဖြင့် ချဉ်းကပ်ခြင်း** - ဤ ချဉ်းကပ်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များ၏ လုပ်ဆောင်ချက်များကြောင့် လူများကို နောက်ထပ်အန္တရာယ်ပြုခြင်းမှ ရှောင်ရှားနိုင်ရန် လိုအပ်သောအစီအမံများ ချမှတ်ခြင်းဖြစ်သည်။
- **မိတ်ဖက်ပူးပေါင်းမှု အခြေခံမူများ** - မိတ်ဖက်ပူးပေါင်းမှုမူများတွင် တန်းတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ ရလဒ်ကိုဦးတည်သည့် ချဉ်းကပ်မှု၊ တာဝန်နှင့် ဖြည့်စွက်မှုဆိုင်ရာ အခြေခံမူများကို လိုက်နာရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များအားလုံးအတွက် မူဘောင်တစ်ခုပါဝင်သည်။ အခြေခံမူများသည် ဒေသန္တရ နှင့် နိုင်ငံလုံးဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုစွမ်းရည်များ၏ အခန်းကဏ္ဍနှင့် ထိခိုက်ခံစားရသူများအတွက် တာဝန်ခံမှုအပေါ် အခြေခံ၍ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များ၏ ထိရောက်မှုကို မြှင့်တင်ရန် မီးမောင်းထိုးပြထားသည်။[၃၂]
- **ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွါးကိုရှေ့ရှုခြင်း** - လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုခံရသော ကလေးသူငယ်နှင့် ဆယ်ကျော်သက် မိန်းကလေးနှင့် ယောက်ျားလေးများသည် ၎င်းတို့၏ အကောင်းဆုံးအကျိုးစီးပွားများကိုသာ ရှေ့ရှုသည့် အကဲဖြတ် ဆုံးဖြတ်ပိုင်ခွင့်ရရှိရမည်ဖြစ်ပြီး ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်အားလုံးတွင် အကောင်းဆုံး အကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစားရန် အခွင့်အရေးရှိသည်။[၃၃]

အထက်ဖော်ပြပါ လမ်းညွှန်သဘောတရားများနှင့် ချဉ်းကပ်မှုများသည် အကျပ်အတည်းဒဏ်ခံရသူများအား အကာအကွယ်နှင့် အကူအညီများပေးဆောင်ရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်အားလုံးနှင့် ဆက်စပ်အကျုံးဝင်နေသည်။ GBV နှင့်ပတ်သက်သော စီမံကိန်းများကို စီစဉ်အကောင်အထည်ဖော်သည့်အခါ ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းအားလုံးအတွက် အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်ပါသည်။ အောက်ပါတို့ကို မှတ်သားထားရန်လည်း အရေးကြီးသည်။

- GBV သည် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ပြန့်စွာ လွှမ်းခြုံထားသည်။ GBV ကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေခြင်းတွင် ကျား-မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်း၊ လေးစားမှုနှင့် အကြမ်းမဖက်သော ယုံကြည်ချက်များနှင့် စံနှုန်းများ ပါဝင်သည်။
- ရှင်သန်လွတ်မြောက်သူများနှင့် အန္တရာယ်ကျရောက်နေသောသူများ၏ ဘေးကင်းလုံခြုံရေး၊ ဂုဏ်သိက္ခာကိုလေးစားမှု၊ သတင်းအချက်အလက်များ လျှို့ဝှက်ထားမှုနှင့် ခွဲခြားဆက်ဆံမှုကင်းရှင်းရေးတို့သည် အချိန်တိုင်းအတွက် အရေးပါသော ထည့်သွင်းစဉ်းစားမှုများ ဖြစ်သည်။
- GBV နှင့်ပတ်သက်သော ကြားဝင်ဆောင်ရွက်မှုလုပ်ငန်းများသည် ရလဒ်များကို မြှင့်တင်ရန်နှင့် "ထိခိုက်နစ်နာမှုမရှိစေရန်" အလို့ငှာ ဒေသအခြေအနေအလိုက် ဖြစ်သင့်သည်။
- ပူးပေါင်းပါဝင်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် ထိရောက်သော GBV တုံ့ပြန်မှုနှင့် ကာကွယ်ခြင်း၏ အခြေခံ အုတ်မြစ်များ ဖြစ်သည်။[၃၄]

## ဤအနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းများကို မည်သူက အသုံးပြုသင့်သနည်း။

ဤအနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းများသည် GBV သီးသန့်အထူးပြုဆောင်ရွက် အကောင်အထည်ဖော်သည့် လူပုဂ္ဂိုလ်များနှင့် အေဂျင်စီများ အတွက် ရည်ရွယ်ပါသည်။ GBV လုပ်ငန်းဆောင်ရွက်သူများသည် GBV သီးသန့်သင်တန်းကို လက်ခံရရှိပြီး/သို့မဟုတ် GBV နှင့်ပတ်သက်သော လုပ်ငန်းများတွင် အလုပ်လုပ်သော အတွေ့အကြုံရှိပြီးသူများဖြစ်ပြီး၊ GBV အေဂျင်စီသည် GBVကိုကာကွယ်ရန်နှင့်တုံ့ပြန်ရန်အတွက် သီးသန့် ပစ်မှတ်ထားသောလုပ်ငန်းအစီအစဉ်များကို များကိုအကောင်အထည် ဖော်ဆောင်သောနေသော အဖွဲ့အစည်း ကို ဆိုလိုသည်။[၃၅]

အနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းများကိုအောက်ပါနည်းလမ်းများဖြင့် အသုံးပြုနိုင်ပါသည်။

- အရေးပေါ်အခြေအနေများတွင် GBV စီမံကိန်းများ ၏ အနိမ့်ဆုံးပြည့်မီရမည့် အရည်အသွေး နှင့်စပ်လျဉ်းသည့် ဘုံသဘောတူညီချက်နှင့် တိုင်းတာနိုင်သော ရည်မှန်းချက်များကို ချမှတ်ရန်။
- အရည်အသွေးပြည့်မီသည့်စီမံကိန်းရေးဆွဲခြင်းနှင့် ကြားဝင်ဆောင်ရွက်မှုများ၏ ထိရောက်မှုကို စောင့်ကြည့်လေ့လာခြင်း ကို မြှင့်တင်ရန်။
- လုပ်ငန်းဆောင်ရွက်သော သက်ဆိုင်သူအားလုံးအကြား တာဝန်ခံမှု တိုးလာစေရန်။
- ဝန်ထမ်းများ သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်းများကို လေ့ကျင့်ပေးရန်။
- စည်းရုံးရေးလုပ်ဆောင်ရန်။

GBV စီမံကိန်းများဆောင်ရွက်နေသည့် အဖွဲ့အစည်းများသည် အရေးပေါ်အခြေအနေများတွင် ကျား-မအခြေပြုအကြမ်းဖက်မှု (GBV)မှ အကာအကွယ်ပေးရေး လုပ်ဆောင်ရန် တောင်းဆိုချက်၊ ရလဒ် ၅ (Call to Action on Protection from Gender-Based Violence in Emergencies, Outcome 5) အောက်တွင် ဖော်ပြထားသည့် " GBV သီးသန့် အထူးပြု ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဝန်ဆောင်မှုများကို အရေးပေါ်အခြေအနေ၏ ကြိုတင်ပြင်ဆင်မှု၊ အကျပ်အတည်းစတင်ခြင်း ချိန်မှ စ၍ ဖွံ့ဖြိုးတိုးတက် မှုသို့ ကူးပြောင်းသည့် အချိန် အထိ အဆင့်တစ်ခုစီတိုင်းတွင် အကောင်ထည်ဖော်ဆောင်ရွက်ရမည့်" ကတိကဝတ်များကို ဖြည့်ဆည်းရန် အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းများကို ကိရိယာအဖြစ် အသုံးပြုနိုင်သည်။[၃၆]

> ***GBV လမ်းညွှန်အခြေခံသဘောတရားများနှင့် ချဉ်းကပ်မှုများသည် GBV နှင့်ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် စီစဉ်ဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအားလုံးအတွက် အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်ပါသည်။***

## အနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းတစ်ခုစီတွင် မည်သည့်အရာပါဝင်သနည်း။

အနိမ့်ဆုံးပြည့်မီရမည့်စံနှုန်း ၁၆ ခုသည် ရှင်သန်လွတ်မြောက်သူများနှင့်/သို့မဟုတ် *GBV* အန္တရာယ်ကျရောက်နိုင်ချေရှိသူများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက်ဖြေရှင်းရန် လိုအပ်သောအစိတ်အပိုင်းအမျိုးမျိုးကိုကိုယ်စားပြုသည်။ ထိုစံနှုန်းများသည် အပြန်အလှန်ဆက်နွယ်နေပြီး အပြန်အလှန်မှီခိုနေသောကြောင့် ကျယ်ပြန့်သည့် ကြားဝင်ဆောင်ရွက်ချက်တစ်ခု တစ်ခုအဖြစ် နားလည်နိုင်စေရန် ရေးဆွဲထားသည်။ ၎င်းတို့ကို အခြေခံစံနှုန်းများ၊ အစီအစဉ်စံနှုန်းများနှင့် လုပ်ငန်းစဉ်စံနှုန်းများ ဟူ၍ အပိုင်းသုံးပိုင်းဖြင့် အုပ်စုဖွဲ့ထားသည်။

| | |
|---|---|
| အခြေခံစံနှုန်းများ<br>အခြေခံစံနှုန်း (၃) ခုသည် တစ်ဦးချင်းစီအတွက် အရေးကြီးပြီး အနိမ့်ဆုံး အနေဖြင့် ပြည့်မီရမည့် စံနှုန်း အားလုံးကို အကောင်အထည်ဖော်ရန် အတွက်လည်း အခြေခံကျပါသည်။<br>၎င်းတို့ကို အခြေခံ အုတ်မြစ်အဖြစ် စီမံကိန်းများနှင့် လုပ်ဆောင်ချက်များ အားလုံးတွင် ထည့်သွင်းရမည်ဖြစ်သည်။ | ကျား-မ ရေးရာ အခြေပြုအကြမ်းဖက်မှု လမ်းညွှန် သဘောတရားများ |
| | အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း |
| | ဝန်ထမ်းစောင့်ရှောက်မှုနှင့်ပံ့ပိုးမှု |
| အစီအစဉ်စံနှုန်းများ<br>အစီအစဉ်စံနှုန်း (၁၀) ခုသည် အရေးပေါ်အခြေအနေများတွင် GBV ကို တုံ့ပြန်ရန်၊ လျော့ပါးစေရန် နှင့် ကာကွယ်တားဆီးရန် လမ်းညွှန်ချက်ပေးသည်။ ၎င်းတို့သည် အဓိက GBV ဆိုင်ရာ လုပ်ငန်းအစိတ်အပိုင်းများကို ထင်ဟပ်စေသည်။ | ရှင်သန်လွတ်မြောက်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု |
| | စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု |
| | ကျား-မအခြေပြုအကြမ်းဖက်မှု ဖြစ်ရပ် စီမံခန့်ခွဲခြင်း |
| | လွှဲပြောင်းညွှန်းပို့ခြင်း စနစ်များ |
| | အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသောနေရာများ |
| | ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး |
| | တရားမျှတမှုနှင့် ဥပဒေရေးရာ အထောက်အကူပေးခြင်း |
| | အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းအိတ် (Dignity Kits)၊ ငွေသား နှင့် ဘောင်ချာအကူအညီ |
| | စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများ |
| | စနစ်များနှင့် လူမှုရေး စံနှုန်းများ ကို ပြောင်းလဲခြင်း |
| လုပ်ငန်းစဉ်စံနှုန်းများ<br>လုပ်ငန်းစဉ်စံနှုန်း (၃)ခုသည်<br>GBV စီမံကိန်း၏<br>အစိတ်အပိုင်းများကို<br>အကောင်အထည် ဖော်ရန်အတွက်<br>အရေးကြီးသော လုပ်ငန်းစဉ်များကို လမ်းညွှန်ပေးပါသည်။ | ရှင်သန်လွတ်မြောက်လာသူများ၏အချက်လက်စုဆောင်းခြင်းနှင့်အသုံးပြုခြင်း |
| | ကျား-မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း |
| | အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း... |

စံနှုန်းတစ်ခုစီတွင် နိဒါန်း၊ အဓိကလုပ်ဆောင်ချက်များ၊ အညွှန်းကိန်းများ၊ လမ်းညွှန်မှတ်စုများနှင့် ကိရိယာများနှင့် အရင်းအမြစ်များပါဝင်သည်။ စံနှုန်းတစ်ခုစီအလိုက် စာသားများသည် အဓိကသော့ချက် သဘောတရားများကို အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုပေးပြီး ထိုစံနှုန်းသည် အဘယ်ကြောင့် အရေးကြီးသည်ကို ပါ ဖော်ပြထားသည်။

GBV ကာကွယ်ရေးနှင့် လျှော့ပါးရေးကြား တူညီမှုများရှိနေသော်လည်း၊ ကြိုတင်ကာကွယ်ခြင်းသည် GBV ကို ပထမဆုံးဖြစ်ပွားခြင်းမှ ရပ်တန့်ရန် လုပ်ဆောင်ခြင်းအား ရည်ညွှန်းသည် (ဥပမာ၊ ကျား-မတန်းတူညီမျှမှုကို မြှင့်တင်သည့် လူပ်ရှားမှုများကို ချဲ့ထွင်ခြင်း သို့မဟုတ် GBV ဖြစ်ပေါ်စေရန် ထောက်ပံ့သော အလေ့အကျင့်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ရပ်ရွာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း)။ လျှော့ချခြင်းသည် GBV နှင့် ထိတွေ့နိုင်ခြေကို လျှော့ချခြင်းအား ရည်ညွှန်းသည် (ဥပမာ၊ "အန္တရာယ်ရှိသောနေရာများ" ၏ အစီရင်ခံစာများကို အန္တရာယ်လျှော့ချရေး ဗျူဟာများမှတဆင့် ချက်ချင်းဖြေရှင်းကြောင်း သေချာစေသည်)။ IASC သည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းစဥ်များ တွင် GBV အား ထည့်သွင်းဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်၊ ဘေးအန္တရာယ်လျှော့ချရေး၊ ကြံ့ခိုင်မှု မြှင့်တင်ရေး၊ ပြန်လည်ထူထောင်ရေး အကူအညီပေးရေး *Guidelinesfor Integrating Gender-Based Violence Interventions in Humanitarian Action: Reducing risk, promoting resilience and aiding recovery* (IASC GBV Guidelines) တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုတို့၌ ကျား-မ အခြေခံပြုအကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန် အဖွဲ့အစည်းများအားလုံးအတွက် တာဝန်များ ချမှတ်ထားသည်။[၃၇]

***စံသတ်မှတ်ချက်-*** အနိမ့်ဆုံးစံနှုန်းတစ်ခုစီ၏အစတွင် အဆိုပြုထားသည့် စံသတ်မှတ်ချက်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရာဒေသများတွင် GBV ကို တားဆီးတုံ့ပြန်ရန်နှင့် ရှင်သန်လွတ်မြောက်သူများအား ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများ ပေးဆောင်ရန် GBV အထူးပြု သီးသန့် လုပ်ငန်းအစီအစဥ်များတွင် လုပ်ဆောင်နေသော အေဂျင်စီများသည် မည်သို့လုပ်ဆောင်ရန် လိုအပ်သည်ကို သတ်မှတ်ပေးထားသည်။ အနိမ့်ဆုံး စံနှုန်းများသည် မည်သည့်နေရာဒေသအတွက်မဆို ဖြစ်ပြီး အခြေအနေ**အားလုံး**တွင် အသုံးချရမည်ဖြစ်သည်။

***အဓိကကျသောလုပ်ငန်းများ-*** အဓိကကျသောလုပ်ငန်းများသည် စံချိန်စံညွှန်းပြည့်မီစေရန် လုပ်ဆောင်ချက်များဖြစ်ပြီး နေရာဒေသကို အခြေခံ၍ လိုက်လျောညီထွေဖြစ်အောင် အကောင်အထည်ဖော်ရမည် ဖြစ်သည်။ စံသတ်မှတ်ချက်သည် နေရာဒေသအခြေအနေများအားလုံးတွင် အကျုံးဝင်သော်လည်း အချို့သောလုပ်ဆောင်ချက်များသည် နေရာဒေသအခြေအနေများအားလုံးတွင် သို့မဟုတ် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်မှုအဆင့်အားလုံးတွင် အသုံးပြုနိုင်မည်မဟုတ်ပေ။ ထို့အပြင်၊ အဓိကကျသောလုပ်ငန်းတစ်ခုအား ထိထိရောက်ရောက် အကောင်အထည် ဖော်ရာတွင် အခြေအနေတစ်ခုမှ အခြားတစ်ခုသို့ အနည်းငယ်ကွဲပြားနိုင်ပါသည်။ အဓိကလုပ်ဆောင်မှုများတွင် ၎င်းတို့ကို လုပ်ဆောင်နိုင်ရန် ဖြစ်နိုင်ခြေအရှိဆုံး အရေးပေါ်အခြေအနေ အဆင့်များ ဖြစ်သော ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်မှုသို့မဟုတ် ပြန်လည်ထူထောင်ရေး အတွက် အကြံပြု ချက်များ ပါဝင်သည်။ အချို့သော လုပ်ဆောင်ချက်များသည် အဆင့်တစ်ခုတွင် တိကျသော်လည်း၊ လုပ်ဆောင်ချက်အများစုသည် အချိန်တိုင်း လုပ်ဆောင်၍ ရသည်။

- **အရေးပေါ်အခြေအနေမတိုင်မီကြိုတင်ပြင်ဆင်မှု** - ရှုပ်ထွေးသော အရေးပေါ်အခြေအနေများ၏ အကြိမ်ရေ တိုးလာခြင်းနှင့် လူ့အဖွဲ့ အစည်းများ မတည်မငြိမ်ဖြစ်နိုင်ချေများသော ဒေသများတွင် တုံ့ပြန်မှုမြန်ဆန်ပြီး လုပ်ဆောင်နိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုသည် အရေးကြီးပါသည်။ အရေးပေါ်မတိုင်မီကြိုတင်ပြင်ဆင်မှုသည် အရေးပေါ်အခြေနေ၏ အစောဆုံးအဆင့်မှစပြီး လိုအပ်သော လုပ်ဆောင် ချက်များ အများအပြားကို ညှိနှိုင်းဆောင်ရွက်ရမည်။ အရေးပေါ် ကြိုတင်ပြင်ဆင်မှုတွေကြိုတင်ပြင်ဆင်မှုတွင် အရေးပေါ် အခြေအနေ များ၏ အကျိုးသက်ရောက်မှုများမှ ကြိုတင်ခန့်မှန်းနိုင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်ကုစားနိုင်စွမ်းကို အားဖြည့်ပေးနေစဉ်တွင် လုံလောက်သော စွမ်းရည်နှင့် အသိပညာရရှိရေးအပေါ် အာရုံစိုက်သင့်သည်။
- **တုံ့ပြန်မှု**- အရေးပေါ်တုံ့ပြန်မှုတွင် လူသားချင်းစာနာထောက်ထားမှုအကျပ်အတည်းတစ်ခုအတွင်း သို့မဟုတ် ထိုကာလအပြီး ချက်ချင်း ဆိုသလို အသက်ကယ်ဆယ်ရန်၊ ကျန်းမာရေးထိခိုက်မှုများကို လျှော့ချရန်၊ အများပြည်သူဘေးကင်းလုံခြုံရေးနှင့် အကာအကွယ်ပေးရေး တို့ကို သေချာဆောင်ရွက်ပေးရန်နှင့် အခြေအနေကြောင့် ထိခိုက်ခံစားရသည့် အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရေးပေါ် ဝန်ဆောင်မှုများ၊ လူထုအတွင်း အကူအညီပေးရေး လုပ်ငန်းများ ပါဝင်သည်။[၃၈] ဤအဆင့်သည် ရက်အနည်းငယ် သို့မဟုတ် ရက်သတ္တပတ်များစွာမှ လပေါင်းများစွာအထိ ကြာရှည်နိုင်ပြီး အထူးသဖြင့် ကာလအတန်ကြာ မလုံခြုံမှုနှင့်၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသည့် အခြေအနေဒေသများတွင် နှစ်ချီကြာမြင့်နိုင်သည်။[၃၉]
- **ပြန်လည်ထူထောင်ရေး**- ပြန်လည်ထူထောင်ရေးသည် ဘေးဒုက္ခအခြေအနေမှ သက်သာရာရပြီးနောက် ရေရှည်ပြန်လည် တည်ဆောက် ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသို့ ကူးပြောင်းမှုကို ပံ့ပိုးပေးသည့် လုပ်ငန်းစဥ်ဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု အစကတည်းက ကြိုတင်မျှော်လင့်ထားပြီး ဆောင်ရွက်ပေးပါက ပြန်လည်ထူထောင်ရေးလုပ်ဆောင်မှုများသည် အထိရောက်ဆုံး ဖြစ်သည်။[၄၀] ပြန်လည်ထူထောင်ရေးတွင် အကျပ်အတည်းကြောင့်ဖြစ်ပေါ်လာသော အန္တရာယ်များကို လျှော့ချရန် ကြိုးပမ်းမှုများအပါအဝင် အကျပ်အတည်းဒဏ်ခံရသော ရပ်ရွာများ၏ အဆောက်အဦးများ၊ အသက်မွေးဝမ်းကျောင်းနှင့် နေထိုင်မှုအခြေအနေများကို ပြန်လည် ထူထောင်ရေးနှင့် တိုးတက်စေရေးတို့ ပါဝင်သည်။

***အညွှန်းကိန်းများ-*** ဤအရင်းအမြစ်တွင် ပံ့ပိုးပေးထားသည့် အညွှန်းကိန်းများသည် လက်တွေ့ဆောင်ရွက်သူများ၏ အခြေအနေပေါ်မူတည်၍ လိုက်လျောညီထွေဖြစ်စေမည့် နမူနာများဖြစ်သည်။ အညွှန်းကိန်းများသည် စံနှုန်းတစ်ခု အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းနှင့် လုံလောက်သော အရည်အသွေး ရှိ/မရှိကို ပြသသော အချက်ပြမှုများ ဖြစ်သည်။

**လမ်းညွှန်မှတ်စုများ-** လမ်းညွှန်မှတ်စုများသည် စံနှုန်းနှင့် သက်ဆိုင်သည့် ဦးစားပေးပြဿနာများအတွက် နောက်ထပ်အချက်အလက်များနှင့် အကြံပြုချက်များကို ဖော်ပြပေးသည်။ သို့မဟုတ် အများအားဖြင့် ပေါ်ပေါက်လာသော သီးခြားစိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်ခြင်း (သို့မဟုတ် အခြေအနေအရ ပေါ်ပေါက်လာသည့် အခွင့်အရေးများကို အသုံးချခြင်း) အတွက် လက်တွေ့ကျသော အကြံပြုချက်များ ပေးပါသည်။ အလေ့အကျင့်ကောင်းများ နှင့် အကြံပြုချက်များလည်းပါဝင်ပါသည်။

**ကိရိယာများနှင့် အရင်းအမြစ်များ**- ဤကဏ္ဍသည် စံနှုန်းကို ပိုမိုဖြည့်စွက်ဆောင်ရွက်နိုင် ရန် လက်တွေ့ကျသောကိရိယာများနှင့် ထပ်လောင်း အရင်းအမြစ်များကို ပံ့ပိုးပေးပါသည်။

## ဤစံနှုန်းများသည် အခြားလမ်းညွှန်ချက်များနှင့် စံနှုန်းများနှင့် မည်သို့ချိတ်ဆက်သနည်း။

အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းများသည် နိုင်ငံတကာမှ အကောင်းဆုံးအလေ့အကျင့်အပေါ်အခြေခံပြီး လက်ရှိတွင် ကမ္ဘာအရပ်ရပ်၌ သုံးစွဲ နေကြသော Sphere Project နှင့် ၎င်း၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပဋိညာဉ်စာတမ်းနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်မှုတွင် အနည်းဆုံးစံနှုန်းများ the Sphere Project and its *HumanitarianCharter and Minimum Standards in Humanitarian Response*[၆၁] အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီမှုပေးရာတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမိတ်ဖက်အဖွဲ့မှ ထုတ်ပြန်ထားသည့် the *Minimum Standards for Child Protection in Humanitarian Action* လမ်းညွှန်[၆၂] နှင့် UNFPA ၏ အရေးပေါ်အခြေအနေများတွင် ကျား-မအခြေပြု အကြမ်းဖက်မှုကို ကာကွယ်ခြင်းနှင့် တုံ့ပြန်မှုအတွက် အနိမ့်ဆုံးစံနှုန်းများ UNFPA's *Minimum Standards for Prevention and Response to Gender-Based Violence in Emergencies* နှင့် *the IASC GBV Guidelines*[၆၃] တို့မှ အခြေခံထားခြင်းဖြစ်သည်။ အနိမ့်ဆုံး ပြည့်မီရမည့် စံနှုန်းများအား လက်ရှိအရင်းအမြစ်များဖြင့် ဖြည့်စွက်အသိပေးထားပြီး အခြားသောစံနှုန်းများနှင့် လမ်းညွှန်ချက်များနှင့်အတူ အသုံးပြုရန် အတွက် ရည်ရွယ်သည် (ဥပမာ၊ လိင်ပိုင်းဆိုင်ရာအလွဲသုံးမှုမှ ရှင်သန်လွတ်မြောက်သူ ကလေးများအား ပြုစုစောင့်ရှောက်ခြင်း- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများတွင် ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုပေးသူများအတွက် လမ်းညွှန်ချက်များ၊ *Caring for Child Survivors of Sexual Abuse: Guidelines for health and psychosocial service providers in humanitarian settings*)။

## အနိမ့်ဆုံးပြည့်မီရမည့် စံနှုန်းများကို မည်သို့ ပြုစုရေးသားခဲ့သနည်း။

အနိမ့်ဆုံးစံနှုန်းများသည် အထောက်အထားများနှင့် ပေါ်ပေါက်လာသော အကောင်းဆုံးအလေ့အကျင့်များပေါ်တွင် အခြေခံပြီး ၊ဤအရင်း အမြစ်သည် သက်ဆိုင်ရာ နယ်ပယ်မှ အသိပေးသည့် ကိရိယာအရင်းအမြစ် တစ်ခုဖြစ်ကြောင်း သေချာစေရန် ကမ္ဘာလုံးဆိုင်ရာ အဆင့်နှင့် နယ်ပယ်အဆင့် GBV ပညာရှင်များ၏ ပူးပေါင်းပါဝင်မှုသည် ဤစံနှုန်းများ ပြုစုရေးသားပေါ်ပေါက်လာခြင်း အတွက် အရေးကြီးပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ လအထိ နိုင်ငံပေါင်း ၂၄ နိုင်ငံ(ဘင်္ဂလားဒေ့ရှ်၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဖီဂျီ၊ ဂျော်ဒန်၊ မာလီ၊ နိုင်ဂျီးရီးယား၊ ဖိလစ်ပိုင်၊ ဆားဘီးယား၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်၊ ဆီးရီးယား၊ ယီမင်) တွင် စံနှုန်းများနှင့် ပတ်သက်ပြီး အကြံပြုချက်များကို စုဆောင်းရန် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးများတွင် GBV အထူးပြု နှင့် ပတ်သက်၍အတွေ့အကြုံရှိသော ပညာရှင်များစွာ တက်ရောက်ခဲ့ပါသည်။ GBV စီမံကိန်းရေးဆွဲခြင်းတွင် အထူးပြု အတွေ့အကြုံရှိသော ပညာရှင်များစွာ ( သက်ဆိုင်ရာ အစိုးရ လုပ်ဖော်ကိုင်ဖက်များ အပါအဝင် ပြည်တွင်းလုပ်ဖော်ကိုင်ဖက်များ၊ နိုင်ငံတကာနှင့် ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ UN အဖွဲ့အစည်းများ နှင့် အလှူရှင်များ) မှ ပါဝင်ခဲ့ကြပြီး ခိုင်မာသော တုံ့ပြန်အကြံပြုချက်များ ပေးပါသည်။ ဤကြိုးပမ်းမှုများသည် စံနှုန်း တစ်ခုချင်း စီကို ပိုမို ကောင်းမွန် စေရန်နှင့် လက်ရှိ အထောက်အထားနှင့် တိကျသေချာသော လုပ်ငန်းများကို စံပြုနိုင်ရန် ရည်ရွယ်ပါသည်။

## အနိမ့်ဆုံးစံနှုန်းများကို လိုက်လျောညီထွေ အသုံးပြုခြင်း

အနိမ့်ဆုံးစံနှုန်းများကို လိုက်လျောညီထွေ အသုံးပြုခြင်း သည် (၁) အနိမ့်ဆုံးစံနှုန်းများကို လုပ်ငန်းဒေသအခြေအနေ တစ်ခု တွင် လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ခြင်းသည် ရှင်သန်လွတ်မြောက်သူကို ဗဟိုပြုထားသောလုံလောက်သောအရည်အသွေးနှင့် GBV ရှင်သန်လွတ်မြောက်သူ၏ ပြောင်းလဲနေသည့် လိုအပ်ချက်များကို တုံ့ပြန်မှုပေးနိုင်သည့်  သင့်လျော်သော GBV စီမံကိန်းကို ပေါ်ပေါက် လာစေခြင်း နှင့်  (၂) လုပ်ငန်းစဉ်တစ်ခုအနေဖြင့်၊ လုပ်ငန်းဒေသအခြေအနေ တစ်ခု တွင် လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ခြင်းသည် အရည်အသွေးပြည့် မီသော၊ တာဝန်ခံမှု၊တာဝန်ယူမှု ရှိသော GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံ ထားသည့် ခိုင်မာသော လုပ်ငန်းဆောင်ရွက်သူအသိုက်အဝန်းကိုတည်ဆောက်ရန်ကူညီပေးသည်။

GBV လုပ်ငန်းဆောင်ရွက်သူတစ်ဦး/ အဖွဲ့သည် အနိမ့်ဆုံးစံနှုန်းများမှ  စံသတ်မှတ်ချက် တစ်ခုကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုပါက၊ ထိုစံနှုန်းနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ စံနှုန်းများအားလုံးသည် သင့်တင့်မျှတသော အဓိက လုပ်ဆောင်ချက်များ ပါဝင်၍  (၁) စံနှုန်းကိုအောင်မြင်စေရန်နှင့် (၂) အကောင်အထည်ဖော်ရာတွင် လိုက်လျောညီထွေလုပ်ဆောင်ရန် အချက်များ ပါဝင်သည်။ စံသတ်မှတ်ချက်များသည် မည်သည့်နေရာတွင် မဆို အသုံးပြုနိုင်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု အဆင့်အားလုံးတွင်မူ အဓိက လုပ်ဆောင်ချက် အားလုံးတွင် အသုံးပြုနိုင်ချင်မှ ပြုနိုင်ပေလိမ့်မည်။

စံနှုန်းတစ်ခုစီကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် ၎င်း၏အဓိကလုပ်ဆောင်ချက်များကို အခြေအနေကို လိုက်၍ ပြောင်းလဲဖော်ဆောင်ရန်နှင့်/သို့မဟုတ် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်ပါသည်။ သို့ရာတွင်၊ စံသတ်မှတ်ချက် တစ်ခုစီ၏ အဓိကဖော်ပြချက် - ပိုမိုထင်ရှားသော စာလုံးအထူဖြင့် ဖော်ပြထားခြင်းကိုမူ- မပြောင်းလဲသင့်ပါ။ စံနှုန်း တစ်ခုစီကို အောင်မြင်စေရန် အတွက်၊ အဓိက လုပ်ဆောင်ချက်များကို ဦးစားပေးလုပ်ဆောင်ရန် သို့မဟုတ် အခြေအနေနှင့် လိုက်လျောညီထွေ ကိုက်ညီစေရန် ဖြည့်စွက်မှုများ ပြုလုပ်ခြင်းက အထောက်အကူဖြစ်နိုင်ပါသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း၊ အနိမ့်ဆုံးစံနှုန်း ၁၆ ခုသည် GBV ရှင်သန်လွတ်မြောက်သူများနှင့် GBV အန္တရာယ်ရှိသည့် အမျိုးသမီးများနှင့် မိန်းကလေးများကို ထိထိရောက်ရောက် ပံ့ပိုးပေးရန်အတွက် လိုအပ်သော အစီအစဉ်ဆိုင်ရာ အစိတ်အပိုင်း များကို ကိုယ်စားပြုပါသည်။ GBV လုပ်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခု သည် စံနှုန်း ၁၆ ခုလုံးကို အကောင်အထည်ဖော်ရန် တာဝန်မရှိပါ။ အစီအစဉ်အစိတ်အပိုင်းအများစုသည် အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ မည်သို့ပင် ဆိုစေကာမူ GBV တွင် လုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့များအတွက် အခြားအရာများ မတိုင်မီ ကြားဝင်ဆောင်ရွက် ပေးမှုများကို စီစစ်စဉ်းစားရန် လိုအပ်ပါသည့် အခြေအနေများ ရှိနိုင်ပါသည်။ ဥပမာအားဖြင့်၊ အရေးပေါ်အခြေအနေ၏ ပြင်းထန်သောအဆင့်တွင် GBV တုံ့ပြန်မှုဝန်ဆောင်မှုများနှင့် အန္တရာယ်လျော့ပါးရေးလုပ်ဆောင်မှုများကဲ့သို့သော အသက်ကယ် ဆယ်ခြင်းဟုယူဆရသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန် အကြံပြုထားသည်။ ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများ တည်ရှိနေသည့် ကာလကြာရှည် အကျပ်အတည်း ပဋိပက္ခ အခြေအနေတွင်၊ လုံလောက်သော အရည်အသွေးကို ရရှိရန် သို့မဟုတ် ထိန်းသိမ်းရန် အနိမ့်ဆုံးစံနှုန်း များကို အသုံးပြုနိုင်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေတစ်ခုတွင် မည်သည့်အချိန်တွင်မဆို ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်မဖော်မီ တုံ့ပြန်ရေးဝန်ဆောင်မှုများကို အရင် အကောင်အထည်ဖော် ရမည် ဖြစ်သည်။

မည်သည့်လုပ်ငန်းကို အစပြုလုပ်ဆောင်ရမည်၊ ရေရှည်တည်တံ့ခိုင်မြဲရန်၊ ပိုမိုတိုးတက်ရန် သို့မဟုတ် ပိုမိုကောင်းမွန်အောင် ညှိနှိုင်းလုပ်ဆောင်ရမည့်အရာများကို စုပေါင်းဖော်ထုတ် သတ်မှတ်ခြင်းလုပ်ငန်းစဉ်သည် လိုက်လျောညီထွေဖြစ်စေခြင်း၏ အဓိကဖြစ်သည်။ ဤလုပ်ငန်းစဉ်အတွင်း GBV လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များသည် ဦးစားပေးလုပ်ဆောင်သင့်သည့် ကြားဝင်ဆောင်ရွက်ပေးမှုလုပ်ငန်းများကို ဖော်ထုတ်နိုင်သည်၊ ၎င်းတို့သည် အတူတကွအားထုတ်မှုနှင့် ပံ့ပိုးမှုများ လိုအပ်နိုင်ပြီး ရန်ပုံငွေလည်း လိုအပ်နိုင်သည်။ ဦးစားပေးသတ်မှတ်ခြင်းသည် အချို့သောစံနှုန်းများသည် မူရင်းအားဖြင့် အခြားစံနှုန်းများထက် ပိုအရေးကြီးသည်ဟု မဆိုလိုပါ၊ သို့သော် ၎င်းသည် အန္တရာယ်ဖြစ်စေနိုင်ခြေကို လျှော့ချရန်နှင့် နေရာ၌ရှိမနေသော သို့မဟုတ် အရည်အသွေးမပြည့်မီသော စီမံကိန်းများကို ကိုင်တွယ်ဖြေရှင်းရန် အာရုံစိုက်သင့်သည်ဟု ဆိုလိုသည်။ ဦးစားပေးသတ်မှတ်ခြင်း ဆိုသည်မှာ လုပ်ငန်းများကို အကောင်အထည်မဖော်မီ  ကြုံနိုင်သည့် အခက်အခဲအတားအဆီး အန္တရာယ်နှင့် ပတ်သက်ပြီး အကဲဖြတ်မှုတစ်ခုပြီးမြောက်အောင် ဆောင်ရွက်ရမည်ကို သေချာစေခြင်းကိုလည်း ဆိုလိုသည်။ GBV လမ်းညွှန်သဘောတရား မူများနှင့်အညီ GBV ဝန်ဆောင်မှုများကို ဘေးကင်းစွာ အကောင်အထည်ဖော်ရန် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်း များတွင် GBV ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းအတွက် စီစဉ်ခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်ကို အကဲဖြတ်ရန်နှင့် တည်ဆောက်ရန် တွန်းအားပေးထားသည်။

# အနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့်စံနှုန်း ၁၆ ခု

## ၁။ GBV လမ်းညွှန်သဘောတရားများ

GBV စီမံကိန်း၏ရှုထောင့်အားလုံးသည် ရှင်သန်လွတ်မြောက်သူကို ဗဟိုပြုခြင်းဖြင့် ရှင်သန်လွတ်မြောက်သူများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရွေးချယ်မှု၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့ကို လေးစားမှု၊ လျှို့ဝှက်ထိန်းသိမ်းမှု၊ ဘေးကင်းလုံခြုံမှု နှင့် ခွဲခြားဆက်ဆံခြင်းကင်းရှင်းမှု တို့ကို ထိန်းသိမ်းမြှင့်တင်ပေးသည်။

## ၂။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

အမျိုးသမီးများနှင့်မိန်းကလေးများသည် GBV ကို တားဆီးရန်နှင့် ရှင်သန်လွတ်မြောက်သူများ အရည်အသွေးရှိသော ဝန်ဆောင်မှုများရရှိရန် ပံ့ပိုးပေးရာတွင် လူသားချင်းစာနာထောက်ထားမှု ကဏ္ဍ၌ ဩဇာလွှမ်းမိုးနိုင်သည့် တက်ကြွသောမိတ်ဖက်များနှင့် ခေါင်းဆောင်များအဖြစ် ပါဝင်ကြသည်။

## ၃။ ဝန်ထမ်းစောင့်ရှောက်မှုနှင့်ပံ့ပိုးမှု

GBV ဝန်ထမ်းများအား ပင်မအရည်အချင်းများပြည့်မီရန် စုဆောင်းလေ့ကျင့်ပေးထားပြီး ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းရရှိရေးကို မြှင့်တင်ပေးပါသည်။

## ၄။ ရှင်သန်လွတ်မြောက်လာသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု

ရှင်သန် လွတ်မြောက်သူများသည် အကြမ်းဖက်မှု၏သက်ရောက်မှုများကို တားဆီးရန်နှင့်/ သို့မဟုတ် လျှော့ချရန်အတွက် လိင်ပိုင်းဆိုင်ရာ နှင့်ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်မှ အကြမ်းဖက်မှု နှင့် အခြားGBVအမျိုးအစားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ အပါအဝင်၊ အရည်အသွေး ပြည့်မီသည့် ရှင်သန်လွတ်မြောက်သူဗဟိုပြုကျန်းမာရေး စောင့်ရှောက်မှု၊ နှင့် လွှဲပြောင်းညွှန်းပို့မှု များကို လက်လှမ်းမီရယူသုံးစွဲနိုင်သည်။

## ၅။ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

အမျိုးသမီးများနှင့်မိန်းကလေးများသည် ကုစားပေးရုံသာမက စွမ်းပကား မြှင့်တင်ပေးမှုနှင့် ပြန်လည် ထူထောင်ရေးတို့ကို အာရုံစိုက်သည့် အရည်အသွေးပြည့်မီသော ကျန်ရစ်သူဗဟိုပြု စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို ဘေးကင်းလုံခြုံစွာ လက်လှမ်းမီရယူသုံးစွဲနိုင်သည်။

## ၆။ ကျား-မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ် စီမံခန့်ခွဲခြင်း

ရှင်သန် လွတ်မြောက်သူများသည် ရရှိနိုင်သောဝန်ဆောင်မှုများ ကို ညွှန်းပို့ပေးနိုင်သည့် ဘက်ပေါင်းစုံမှ ညှိနှိုင်းစောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုအပါအဝင် သင့်လျော်သော အရည်အသွေးမီ ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများကို လက်လှမ်းမီရယူသုံးစွဲနိုင်သည်။

## ၇။ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်များ

ညွှန်းပို့သည့် စနစ်များသည် ရှင်သန် လွတ်မြောက်သူများအား သင့်လျော်၍ အရည်အသွေးမီ ကဏ္ဍစုံဝန်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံ လျှို့ဝှက်စွာ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ပေးနိုင်ရန် ဖြစ်သည်။

## ၈။ အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသော နေရာများ

အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် လုံခြုံ ဘေးကင်း သောနေရာများသည် လက်လှမ်းမီ ရရှိ ဝင်ရောက်နိုင်ရုံသာမက ကုစားရေး၊ ကျန်းမာကျန်းမာပျော်ရွှင်ခြင်း ရရှိရေးနှင့် စွမ်းဆောင်နိုင်မှု တို့ကို မြှင့်တင်ပေးသည့် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှု၊ သတင်းအချက်အလက် များနှင့် လုပ်ငန်းများလှုပ်ရှားမှုများ ပံ့ပိုးပေးရန်ဖြစ်သည်။

## ၉။ ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျော့ပါး သက်သာစေရေး

GBV အဖွဲ့အစည်း များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကဏ္ဍများ တစ်လျှောက် GBV အန္တရာယ်လျော့ပါးစေရေးနှင့် ရှင်သန်လွတ်မြောက်သူများ အတွက် ပံ့ပိုးကူညီမှုတို့ ပေါင်းစည်းလုပ်ဆောင်မှုကို ထောက်ခံ ပံ့ပိုးကြသည်။

## ၁၀။ တရားမျှတမှုနှင့် ဥပဒေရေးရာ အထောက်အကူ ပေးခြင်း

ဥပဒေရေးရာနှင့် တရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများသည် GBV မှ ရှင်သန်လွတ်မြောက် သူများအား ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်ပေးပြီး ၎င်းတို့အတွက်တရားမျှတမှု ရရှိရေးကို မြှင့်တင်ပေးသည့် ဘေးကင်းလုံခြုံပြီး ရှင်သန်လွတ်မြောက်သူဗဟိုပြု ဥပဒေ ရေးရာဝန်ဆောင်မှုများကို ရယူနိုင်ရန် ပံ့ပိုးပေးပါသည်။

## ၁၁။ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းအိတ် (Dignity Kits)၊ ငွေသား နှင့် ဘောင်ချာအကူအညီ

အမျိုးသမီးများနှင့် မိန်းကလေးများသည် GBV အန္တရာယ်ကို လျှော့ချရန်နှင့် ဘေးကင်း လုံခြုံရေးနှင့် ဂုဏ်သိက္ခာမြှင့်တင်ရန်အတွက် အမျိုးသမီးသုံးတစ်ကိုယ်ရေ သန့်ရှင်းရေး အိတ် Dignity Kits၊ ငွေသား နှင့် ဘောင်ချာအကူအညီ များကို ရရှိကြသည်။

## ၁၂။ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် အသက်မွေး ဝမ်းကြောင်းမှု လုပ်ငန်းများ

ကဏ္ဍပေါင်းစုံ **GBV** တုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် စီးပွားရေးဆိုင်ရာ အထောက်အပံ့ကို ရယူနိုင်သည်။

## ၁၃။ စနစ်များနှင့် လူမှုရေးစံနှုန်းများ ကို ပြောင်းလဲခြင်း

GBV စီမံကိန်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ခံမှုရှိသော အန္တရာယ်ရှိသည့် လူမှုစံနှုန်းများနှင့် စနစ်အရ ဖြစ်တည်နေသည့် ကျား-မ တန်းတူညီမျှမှု မရှိခြင်းကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။

## ၁၄။ ရှင်သန်လွတ်မြောက်လာသူများ၏ အချက်အလက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း

ဝန်ဆောင်မှုပေးအပ်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်ရန် ရည်ရွယ်၍ ရှင်သန်လွတ်မြောက်သူ၏ အချက်အလက်များကို ရှင်သန်လွတ်မြောက်သူ၏ သိရှိသဘောတူညီမှု (informed consent) ဖြင့် စီမံခန့်ခွဲရမည်ဖြစ်ပြီး အချက် အလက်စုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာ၊ မျှဝေရာတွင် ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့် အညီဖြစ်ပါသည်။

## ၁၅။ ကျား-မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း

ညှိနှိုင်းဆောင်ရွက်မှုသည် အန္တရာယ်များကို လျော့ပါးသက်သာစေရန် တားဆီး ကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် အချိန်နှင့်တစ်ပြေးညီ ခိုင်မာသော လုပ်ဆောင်ချက်ကို ဖြစ်ပေါ်စေသည်။

## ၁၆။ အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း

ကျင့်ဝတ်နှင့် အညီ လုံခြုံစွာ စုဆောင်းထားသော သတင်း အချက်အလက်များကို **GBV** စီမံကိန်းများ၏ အရည်အသွေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် တာဝန်ခံမှု၊တာဝန်ယူမှု မြှင့်တင်ရန်အသုံးပြုပါသည်။

# ကျေးဇူးတင်လွှာ

ဤအရင်းအမြစ်သည် အေဂျင်စီအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကွင်းဆင်းဆောင်ရွက်နေသည့် GBV ကျွမ်းကျင်သူများနှင့် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးခြင်း၏ ရလဒ်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ GBV အဖွဲ့များ၏ ပံ့ပိုးပေးသော အချိန်နှင့် ခိုင်မာသော ထည့်သွင်းချက်များမပါဘဲ အကောင်အထည်ပေါ်လာမည်မဟုတ်ပါ။. ပံ့ပိုးကူညီမှုများအားလုံး၏ အမည်ကိုထည့်သွင်းရန် နေရာမလုံလောက်သော်လည်း ဤနေရာတွင် အမည်ထည့်သွင်းထားသည့်လူအများအပြားသည် အမည်မပါဝင်သည့် လုပ်ဖော်ကိုင်ဖက်များနှင့် အတူတကွ တိုင်ပင်ဆွေးနွေးခဲ့ကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ အနိမ့်ဆုံးပြည့်မီရမည့်စံနှုန်းများ ပေါ်ပေါက်ရေးအတွက် ပံ့ပိုးပေးသူအားလုံးကို ကျွန်ုပ်တို့ အမှန်တကယ် ကျေးဇူးတင်ရှိပါသည်။

အနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့်စံနှုန်းများ ပေါ်ပေါက်ရေးအတွက်  GBV AoR အလုပ်အဖွဲ့ မှ ပူးတွဲဥက္ကဋ္ဌ သုံးဖွဲ့ဖြစ်သည့် Emily Krasnor၊ United Nations Population Fund (UNFPA); Sarah Cornish-Spencer၊ (International Rescue Committee) နှင့် Christine Heckman နှင့် Catherine Poulton, UNICEF. အလုပ်အဖွဲ့တွင် Jennifer Chase, GBV AoR ၊ Natsnet Ghebrebrhan, Raising Voices၊ Kevin McNulty, Mercy Corps၊ Monica Noriega, IOM၊ Erin Patrick, GBV Guidelines ၊ Alina Potts, The Global Women's Institute, George Washington University။ Janis Ridsdel, UNHCR၊ Elisabeth Roesch, World Health Organization (WHO)၊ Fiona Shanahan, Irish Consortium on Gender Based Violence၊ Alexandra Shaphren, Plan International၊ နှင့် Micah Williams,International Medical Corps (IMC) တို့ပါဝင်ပါသည်။

အနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့်စံနှုန်းများကို Inbal Sansani မှ အကြမ်းရေးဆွဲခဲ့သည်။ Emily Krasnor (UNFPA) သည် ထိုစံနှုန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ပြီး ပဏာမခြေလှမ်းကို ကြီးကြပ်ပေးပါသည်။

အလုပ်အဖွဲ့ အပြင် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အများအပြားသည် အနိမ့်ဆုံးအနေဖြင့်ပြည့်မီရမည့်စံနှုန်းများ ဖွံ့ဖြိုးတိုးတက် ရေးတွင် ပါဝင်ခဲ့ကြသည်။ အလုပ်အဖွဲ့ သည် စံနှုန်းတစ်ခုချင်းစီကို ပြန်လည်ပြင်ဆင်ပြီး အထင်ရှားဆုံးနှင့် လက်ရှိ အထောက်အထားများကို ထင်ဟပ်စေရန် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများစွာနှင့် တိုင်ပင်ဆွေးနွေး ခဲ့သည်။ ဤဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည့် အဓိကပုဂ္ဂိုလ်များတွင် Suhaila Aboud, Raya Alchukr, Emmanuelle Compingt, Mira Cuturillo, Dabney Evans, Siobhan Foran, Astrid Haaland, Maria Holtsberg, Mehreen Jaswal, Joanina Karubaga, Leigh-Ashley Lipscomb, Laura Marchesini, Melanie Megevand, Sinéad Murray, Meghan O'Connor,Holly Radice, Sonja Rostogi, Kate Rougvie, Stefanie Ruehl, Alejandro Sanchez, Danielle Cornish- Spencer, Graciela Van der Pol နှင့် Masumi Yamashina တို့ ပါဝင်သည်။
ကွင်းဆင်း GBV ပညာရှင်များထံမှ အကြံပြုချက်များကို စုဆောင်းခြင်းသည် အထောက်အထားများနှင့် တည်ထောင်ထားသော သို့မဟုတ် ပေါ်ထွက်လာသည့် အကောင်းဆုံးသော အထောက်အထားများအပေါ် အခြေခံ၍ ပါဝင်နိုင်သော၊ နယ်ပယ်ဆိုင်ရာ အသိပညာပေးကိရိယာတစ်ခုဖြစ်သည်။ 2018 ခုနှစ် နိုဝင်ဘာလမှ 2019 ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံပေါင်း 14 နိုင်ငံ(ဘင်္ဂလားဒေ့ရှ်၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂျော်ဒန်၊ မာလီ၊ ဖီဂျီ၊ ဖိလစ်ပိုင်၊ နိုင်ဂျီးရီးယား၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်၊ ဆီးရီးယား၊ ဆားဘီးယား၊ ယီမင်) မှ စံနှုန်းများနှင့် ပတ်သက်ပြီး အကြံပြုချက်များကို စုဆောင်းရန် ဆောင်ရွက်ခဲ့သည်။  အစည်းအဝေးများတွင် အထူးပြု GBV နှင့် ပတ်သက်၍အတွေ့အကြုံရှိသော ပညာရှင်များစွာတက်ရောက်ခဲ့ပါသည်။

အရင်းအမြစ်သည် GBV AoR ပင်မအဖွဲ့ဝင်များ၊ the Call to Action Steering Committee  လှုပ်ရှားမှုဦးဆောင်ကော်မတီ၊ နယ်ပယ်အခြေစိုက် GBV အစုအဖွဲ့ခွဲညှိနှိုင်းရေးမှူးများနှင့် ဒေသဆိုင်ရာ GBV အကြံပေးပုဂ္ဂိုလ်များ (REGA) တို့မှ ပံ့ပိုးမှုများလည်းပါဝင်သည်၊ ထိုစံနှုန်းများ ပေါ်ပေါက်လာရေးအတွက် ECHO၊ European Civil Protection and Humanitarian Aid Operations the Government of Denmark; and the Office ofUS Foreign Disaster Assistance (OFDA). တို့ မှ ရက်ရောစွာ ပံ့ပိုးပေးခဲ့ပါသည်။

Funded by European Commission's Civil Protection and Humanitarian Aid Operations Department

This initiative was implemented with the financial assistance of the European Union. The views expressed herein should not be taken, in any way, to reflect the official opinion of the European Union, and the European Commission is not responsible forany use that may be made of the information it con

MINISTRY OF FOREIGN AFFAIRS OF DENMARK

USAID FROM THE AMERICAN PEOPLE

# အရေးပေါ်အခြေအနေတွင် ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းအတွက်

အဖွဲ့အစည်းများအကြား

## အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် စံချိန်စံနှုန်းများ

## အခြေခံစံနှုန်းများ


၁ ကျား-မ အခြေပြုအကြမ်းဖက်မှုလမ်းညွှန်သဘောတရားများ ၂

၂ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ၁၀

၃ ဝန်ထမ်းစောင့်ရှောက်မှုနှင့်ပံ့ပိုးမှု ၁၈

# စံနှုန်း ၁

# ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) လမ်းညွှန်သဘောတရားများ

GBV စီမံကိန်း၏ရှုထောင့်အားလုံးသည် ရှင်သန်လွတ်မြောက်သူကို ဗဟိုပြုခြင်းဖြင့် ရှင်သန်လွတ်မြောက်သူများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရွေးချယ်မှု၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့အတွက် လေးစားမှု၊ လျှို့ဝှက်ထိန်းသိမ်းမှု၊ ဘေးကင်းလုံခြုံမှု နှင့် ခွဲခြားဆက်ဆံခြင်းမရှိမှု တို့ကို ထိန်းသိမ်းမြှင့်တင်ပေးသည်။

GBV လုပ်ငန်းအစီအစဥ်၏ရှုထောင့်အားလုံးသည် GBV လမ်းညွှန်သဘောတရားများကို အခြေခံထားပြီး၊ ဤအရင်းအမြစ်တွင် ဖော်ပြထားသော စံနှုန်းများအားလုံးလည်း အပါအဝင်ဖြစ်သည်။ **GBV စီမံကိန်းများ၏ အစိတ်အပိုင်းတိုင်းတွင် GBV လမ်းညွှန် သဘောတရားများကို လိုက်နာရန်မှာ မဖြစ်မနေ လိုအပ်ပါသည်။** GBV လမ်းညွှန်သဘောတရားများနှင့်အညီ စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် GBV ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများကို ထိခိုက်မှု အနည်းဆုံးဖြစ်စေနိုင်ပြီး GBV ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများ၏ ထိရောက်မှုကို အမြင့်ဆုံးဖြစ်စေနိုင်သည်။

ရှင်သန်လွတ်မြောက်သူကို ဗဟိုပြုချဥ်းကပ်ခြင်းတွင် GBV လမ်းညွှန်သဘောတရား ၄ ခု ပါဝင်ပြီး မည်သည့် GBV လုပ်ငန်းအစီအစဥ် ရှုထောင့်တွင်မဆို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ရှင်သန်လွတ်မြောက်သူ ဗဟိုပြုချဥ်းကပ်ခြင်းသည် **ရှင်သန်လွတ်မြောက်သူအတွက် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည့် အထောက်အပံ့ပေးသောပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါသည်။**[၄၄] **၎င်းသည် သူမအား ကူညီရေးလုပ်ငန်းစဥ်၏ဗဟိုတွင် ထားရှိခြင်းဖြင့်** သူမ၏ပြန်လည်ကောင်းမွန်လာမှု လမ်းကြောင်းကို လမ်းညွှန်ပေးသည်။ GBV ၏အတွေ့အကြုံများကြောင့် ရှင်သန်လွတ်မြောက်သူ၏ထိန်းချုပ်မှုသဘောကို မကြာခဏထိခိုက်စေကြောင်း အသိအမှတ်ပြုခြင်းဖြင့်၊ ရှင်သန်လွတ်မြောက်သူ ဗဟိုပြုချဥ်းကပ်မှုသည် ကူညီမှုလုပ်ငန်းစဉ် တစ်လျှောက်တွင် ရှင်သန်လွတ်မြောက်သူသာ အဓိကဖြစ်ခြင်း နှင့် ဆုံးဖြတ်ချက်ချမှတ်သူဖြစ်ကြောင်း သေချာစေခြင်းဖြင့် ရှင်သန် လွတ်မြောက်သူ၏ကိုယ်ပိုင်ရပ်တည်ချက်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အသိအမှတ်ပြုလေးစားရန် ရည်ရွယ်သည်။

ရှင်သန်လွတ်မြောက်သူ ဗဟိုပြုချဥ်းကပ်မှုသည် ရှင်သန်လွတ်မြောက်သူနှင့်ဝန်ဆောင်မှုပေးသူများ၏ ဆက်ဆံရေးကြောင့် သူမ၏ဘဝတွင် ပံ့ပိုးကူညီမှုနှင့် စာနာမှု အရင်းအမြစ် တစ်ခုဖြစ်ရန် အလားအလာရှိ ကြောင်းကို အလေးပေး ဖော်ပြသည်။ ဆိုလိုသည်မှာ အကူအညီပေး သူများသည် ရှင်သန်လွတ်မြောက်သူ နှင့် ၎င်းတို့၏ တွေ့ဆုံမှုအားလုံးကို ချိတ်ဆက်မှုနှင့် ယုံကြည်မှု တည်ဆောက်ရန် အခွင့်အလမ်းများအဖြစ် ရှုမြင်ရမည်ဖြစ်သည်။[၄၅]

ရှင်သန်လွတ်မြောက်သူ ဗဟိုပြုချဥ်းကပ်မှုသည် ရှင်သန်လွတ်မြောက်သူ အပေါ် အပြုသဘောဖြင့် ဆောင်ရွက်ပေးခြင်းနှင့် သူတို့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဝန်ဆောင်မှု ပေးသူများသည် ယုံကြည်မှု ပေးပြီး ၎င်းတို့နှင့် သူတို့၏ အတွေ့အကြုံများ သို့မဟုတ် မည်သည်ကို ဆက်လုပ်မည်ဆိုသည့် ဆုံးဖြတ်ချက် နှင့် ပတ်သက်ပြီး အကဲဖြတ်ဝေဖန်မှု မရှိခြင်း၏ အရေးပါပုံကို မီးမောင်း ထိုးပြထားသည်။

ထိခိုက်နစ်နာမှုမရှိစေရေး

**“ထိခိုက်နစ်နာမှုမရှိစေရေး”**ဟူသော သဘောတရားမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများသည် "ရှိနေခြင်းနှင့်အကူအညီပေးခြင်းဖြင့်၎င်းတို့မရည်ရွယ်ဘဲဖြစ်ပေါ်

နိုင်သည့်အန္တရာယ်ကိုလျှော့ချရန်" ကြိုးပမ်းရမည်ဖြစ်သည်ကိုဆိုလိုသည်။ မလိုလားအပ်သော အနုတ်လက္ခဏာဆောင်သည့် အကျိုးဆက်များသည် ကျယ်ပြန့်ပြီး ရှုပ်ထွေးနိုင်သည်။ GBV လမ်းညွှန်သဘောတရားများကို လိုက်နာခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် "“ထိခိုက်နစ်နာမှုမရှိစေရေး”မှုကို အားဖြည့်ပေးနိုင်ပါသည်။

Source: *IASC GBV Guidelines*, p. 45.

| အစိကလုပ်ဆောင်ချက်များ ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) လမ်းညွှန်သဘောတရားများ | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| GBV အထူးပြုဆောင်ရွက်နေသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် GBV၊ ကျား-မ မညီမျှမှုနှင့် GBV လမ်းညွှန်အခြေခံသဘောတရားများအပေါ် လေ့ကျင့်သင်ကြားထားပြီး GBV လမ်းညွှန်သဘောတရားများကို အချိန်တိုင်းလိုက်နာရန် သဘောထားများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားရပါသည်။ | ✔ | ✔ | ✔ |
| အချက်အလက်များလျှို့ဝှက်ထားမှုကို ထိန်းသိမ်းရန်အတွက် စနစ်များနှင့် ပရိုတိုကောများကို တည်ဆောက်အကောင်အထည်ဖော်ပြီး GBV ဆောင်ရွက်သူဝန်ထမ်းများသည် အချက်အလက်များ လျှို့ဝှက်ထားမှုကို ထိန်းသိမ်းရေးကတိကဝတ်များကို လက်မှတ်ရေးထိုးသည်။ | ✔ | ✔ | ✔ |
| GBV ဆောင်ရွက်သူဝန်ထမ်းများသည် လွှဲပြောင်းညွှန်းပို့မှုများအပါအဝင် ဝန်ဆောင်မှုပေးအပ်ခြင်းဆိုင်ရာ ကဏ္ဍတစ်ခုခုမတိုင်မီ GBV ရှင်သန်လွတ်မြောက်သူများ၏ အသိပေးသဘောတူညီချက် informed consent သို့မဟုတ် အတည်ပြုချက် assent ကို မှတ်တမ်းတင်ထားသည်။ | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် ဆွေးနွေးပွဲများကို အမျိုးသမီးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ကသာ ပြုလုပ်ပေးပါသည်။ | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူများနှင့် ထိတွေ့ဆက်ဆံမှုအားလုံးအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများ နှင့် တွေ့ဆုံမှုများကို လျှို့ဝှက်ပြီး ဘေးကင်းလုံခြုံသော ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးမည်ဟု အမျိုးသမီးများနှင့် မိန်းကလေးများက ယုံကြည်သည့် သီးသန့်နေရာများတွင် ပြုလုပ်သည်။ | ✔ | ✔ | ✔ |
| လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုမှ လွတ်မြောက်လာသော ကလေးသူငယ်များ[၅၆] နှင့် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ [၅၇]နှင့် သက်ဆိုင်သည့် အသိပေးသဘောတူခွင့်ပြုမှုဆိုင်ရာ စည်းမျဉ်းများ အသိပေးသဘောတူညီချက် informed consent သို့မဟုတ် အတည်ပြုချက် assent တို့ကို လိုက်နာဆောင်ရွက်ပါသည်။ | ✔ | ✔ | ✔ |
| ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုမှ ရှင်သန်လွတ်မြောက်လာသူများကို ကူညီပံ့ပိုးပေးသည့် GBV ဆောင်ရွက်သူ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ကလေးသူငယ် အကာအကွယ်ပေးရေး အထူးပြုဆောင်ရွက်သော အဖွဲ့များနှင့်အတူ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်မိန်းကလေးများနှင့် ယောက်ျားလေးများနှင့် ပြောဆိုဆက်သွယ်ခြင်းအတွက် အကောင်းဆုံးအလေ့အကျင့်များနှင့် ကလေး ရှင်သန်လွတ်မြောက်လာသူများကို ပံ့ပိုးပေးရန်အတွက် အလေ့အကျင့်ကောင်းများ လမ်းညွှန်ချက်များကို လေ့ကျင့်ပေးထားသည်။ | ✔ | ✔ | ✔ |
| ဝန်ထမ်းများသည်ရှင်သန်လွတ်မြောက်လာသူများမှတောင်းဆို၍သဘောတူခွင့်ပြုထားသည့်အတိုင်းလိုအပ်သောအချက်အလက်များကိုသာအကူအညီပေးရာတွင်ပါဝင်သည့်အခြားအဖွဲ့များကို မျှဝေပါသည်။ | ✔ | ✔ | ✔ |
| မိသားစု၊ သူငယ်ချင်း၊ ရပ်ရွာဝန်ဆောင်မှု သို့မဟုတ် GBV နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်သားများကဲ့သို့သော ရှင်သန်လွတ်မြောက်လာသူများကို ကူညီနေသောသူများ၏ ဘေးကင်းရေးနှင့် လုံခြုံရေးကို ဝန်ထမ်းများက သတိပြုမိကြပြီး စခန်းလုံခြုံရေး၊ ရဲ သို့မဟုတ် အခြားဥပဒေရေးရာရှိများ၊ ကွင်းဆင်းအရာရှိများ သို့မဟုတ် အခြားသူများထံမှ ဘေးကင်းပြီး သင့်လျော်သလို အကူအညီတောင်းခံကြသည်။ | ✔ | ✔ | ✔ |
| GBV လမ်းညွှန်သဘောတရားများကို ဒေသဘာသာစကားဖြင့် အမျိုးသမီးနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသောနေရာများနှင့် ကဏ္ဍစုံဝန်ဆောင်မှုပေးသည့်နေရာများတွင် ပြသထားပြီး ရပ်ရွာပညာပေး ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများနှင့် သင်ထောက်ကူပစ္စည်းများတွင်ပါဝင်ထည့်သွင်းသည်။ | ✔ | ✔ | ✔ |
| ပိုမိုကျယ်ပြန့်သောအမျိုးသမီးများနှင့် မိန်းကလေးများပါဝင်သည့်နားထောင်ခြင်း ကဏ္ဍများနှင့် တစ်ဦးချင်း တုံ့ပြန်ချက် ကဏ္ဍများတွင် GBV အထူးပြုလုပ်ငန်းများသည် GBV လမ်းညွှန်မှုများကို လိုက်နာကြောင်း သေချာစေရန် ပံ့မှန် တုံ့ပြန်ချက် ရယူပါ။ လျှို့ဝှက်ထားမှု၊ ဘေးကင်းမှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် လေးစားမှုကို ချိုးဖောက်ခြင်းတို့ကဲ့သို့သော မလိုလားအပ်သော အန္တရာယ်ရှိသော အကျိုးဆက်များကို ရှာဖွေရန် စောင့်ကြည့် လေ့လာခြင်းအား ဖွဲ့စည်းထူထောင်ထားပါသည်။ | ✔ | ✔ | ✔ |

**ဝန်ဆောင်မှုပေးသူများသည် ရှင်သန်လွတ်မြောက်သူသာ ၎င်းတို့၏အခြေအနေအတွက် ကျွမ်းကျင်သူများဖြစ်သည်ဟု ယုံကြည်ကြသည်။**
ဆန့်ကျင်ဖက်အနေဖြင့်၊ **ရှင်သန်လွတ်မြောက်သူနှင့်** နိုင်းယှဉ်ပါက အာဏာရှိသော အနေအထားတွင်ရှိသော ဝန်ဆောင်မှုပေးသူများသည် လွတ်မြောက်သူအပေါ် ၎င်းတို့၏ ပံ့ပိုးမှု၊ ရှုထောင့်၊ ထင်မြင်ချက် သို့မဟုတ် သဘောကျနှစ်သက်မှုများကို ပြသပါက၊ ရှင်သန်လွတ်မြောက် သူသည် အခွင့်အာဏာမရှိခြင်း၊ အတင်းအကြပ် သို့မဟုတ် အလွဲသုံးစားလုပ်ခြင်းများကို မရည်ရွယ်ဘဲ ဖြစ်ပေါ်စေသည်။[၅၈]
ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်နည်းတွင် တစ်ဦးချင်းစီ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဝိညာဉ်ရေးဆိုင်ရာ ကဏ္ဍများကို နားလည်သဘောပေါက်ခြင်းနှင့် လက်ခံခြင်းဖြင့် ပြန်လည်ကုစားရာတွင် ၎င်းတို့အပေါ် မူတည်၍ ပံ့ပိုးကူညီရန် ဖြစ်သည်။ ခွန်အားကိုအခြေခံသော ဤချဉ်းကပ်နည်းသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများနှင့် မေးရာပါ ခံနိုင်ရည်ရှိမှုကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။

# ကျား-မ အခြေပြုအကြမ်းဖက်မှု (GBV) လမ်းညွှန်သဘောတရားများ

လမ်းညွှန်အခြေခံသဘောတရားများသည် **ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုကို** အခြေခံပြီး ရှင်သန်လွတ်မြောက်သူများ၏ အခွင့်အရေးများကို ကိုယ်စားပြုသည်။ ရှင်သန်လွတ်မြောက်သူများကို ၎င်းတို့၏ မွေးရာပါ လုပ်ပိုင်ခွင့်အာဏာကို ပံ့ပိုးပေးနိုင်ရန် ၎င်းတို့ကို လိုက်နာရမည်ဖြစ်သည်။

- **ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုရှိစေခြင်း -** ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် ဘေးကင်းရေး နှင့် စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ လုံခြုံမှုကို ရည်ညွှန်းပါသည်။[69] ရှင်သန်လွတ်မြောက်သူများ၏ သားသမီးများနှင့် အခြားမိသားစုဝင်များ နှင့် သူမအား ကူညီဆောင်ရွက်ပေးသူများ၏ ဘေးကင်းလုံခြုံရေးသည် နံပါတ်တစ် ဦးစားပေးဖြစ်ရမည်။[70] GBV ဖြစ်ရပ် သို့မဟုတ် အလွဲသုံးစားလုပ်မှု အဖြစ်အပျက်ကို ထုတ်ဖော်သော အမျိုးသမီးများ နှင့် မိန်းကလေးများသည် ဖိုဝါဒကြီးစိုးမှုကို အခြေခံသည့် ဂုဏ်သိက္ခာဆိုင်ရာနှင့် အခြားသော အယူအဆများကြောင့် ကျူးလွန်သူ(များ)၊ ပြစ်မှုကျူးလွန်သူများကို အကာအကွယ်ပေးသူများ၊ သို့မဟုတ် ၎င်းတို့၏ ကိုယ်ပိုင်မိသားစုဝင်များ သို့မဟုတ် ရပ်ရွာလူထုမှ နေ၍ မကြာခဏဆိုသလို နောက်ထပ်အကြမ်းဖက်မှုနှင့် လက်တုံ့ပြန်ခြင်း ကို ကြုံရနိုင်ချေ မြင့်မားသည်။[71] ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်ခြင်းနှင့် ပဋိပက္ခ/နိုင်ငံရေးပေါ်အခြေခံ၍ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ရှင်သန်လွတ်မြောက်သူများနှင့် သူ့ပတ်ဝန်းကျင်ရှိလူများအတွက် အထူးရှုပ်ထွေးသော ဘေးအန္တရာယ်များကို ဖြစ်ပေါ်နိုင်သည်။[72] ဤအနိမ့်ဆုံးစံနှုန်း များတစ်လျှောက်တွင်၊ အန္တရာယ်ကျရောက်မှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု၏ အရေးကြီးပုံနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှု၏အရေးကြီးပုံကို အာရုံစိုက်ပြီး၊ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းများသည် ကျယ်ပြန့်သော လူသားချင်း စာနာထောက်ထားမှုနိယာမတစ်ခုဖြစ်သည့် "ထိခိုက်နစ်နာမှု မရှိစေရေး"ကို လိုက်နာကြောင်း သေချာစေရန် ကြိုးပမ်းထားသည်။
- **လျှို့ဝှက်ထိန်းသိမ်းပေးခြင်း -** ရှင်သန်လွတ်မြောက်သူများ အနေဖြင့် ၎င်းတို့၏အဖြစ်အပျက်ကို မည်သူ့အား အသိပေးမည်၊ အသိမပေးမည် ဆိုသည့် တစ်ဦးချင်းစီ၏ ရွေးချယ်ပိုင်ခွင့်ကို ဆိုလိုသည်။ ရှင်သန်လွတ်မြောက်သူတိုင်းသည် သူမ၏ကိုယ်ပိုင်အဖြစ်အပျက်၏ ပိုင်ရှင်ဖြစ်သောကြောင့်၊ အဖြစ်အပျက်နှင့်ပတ်သက်သည့် အချက်အလက်မှန်သမျှနှင့်  ရှင်သန်လွတ်မြောက်သူမည်သူဆိုသည်ကို ထုတ်ပြန်ရန်မှာ သူမနှင့်သာ သက်ဆိုင်သည်။ လျှို့ဝှက်ထိန်းသိမ်းထားမှုသည် ဘေးကင်းလုံခြုံမှု၊ ယုံကြည်မှုနှင့် စွမ်းဆောင်နိုင်မှုကို အားပေးသည်။ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးခြင်း ဆိုသည်မှာ ရှင်သန်လွတ်မြောက်သူနှင့်ပတ်သက်သည့် အချက်အလက်များကို လက်လှမ်းမီသူ မည်သူမဆို ရှင်သန်လွတ်မြောက်သူ၏ တိကျသေချာသော ခွင့်ပြုချက်မရှိဘဲ အသိပေးသဘောတူညီချက်မပါဘဲ အဆိုပါ အချက်အလက်များကိုမျှဝေခြင်းမပြုရပါ။[73] လျှို့ဝှက်ချက်ကို ချိုးဖောက်ခြင်းသည် ရှင်သန်လွတ်မြောက်သူနှင့် အခြားသူများကို နောက်ထပ် ထိခိုက်မှုအန္တရာယ်ဖြစ်စေနိုင်သည်။ GBV အထူးပြုအဖွဲ့များသည် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများအတွင်း လျှို့ဝှက်ချက်ကို လေးစားခြင်းလိုက်နာခြင်းမရှိပါက၊ အခြားအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အကူအညီရယူရန် တွန့်ဆုတ်သွားပေမည်။ သို့သော် စံနှုန်း ၆၊ GBV ဖြစ်ရပ်စီမံခန့်ခွဲခြင်းတွင် ဖော်ပြမည့် သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းပေးခြင်းနှင့်ပတ်သက်ပြီး ကန့်သတ်ချက်အချို့ရှိပါသည်။
- **ဂုဏ်သိက္ခာကို လေးစားခြင်း -** အမျိုးသမီးများ၊ မိန်းကလေးများနှင့် GBV ရှင်သန်လွတ်မြောက်သူ များ၏ ရွေးချယ်မှု၊ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာအတွက် ဝန်ဆောင်မှုပေးအပ်ခြင်း၏ ကဏ္ဍပေါင်းစုံတွင် ရှင်သန်လွတ်မြောက်သူ အဓိကပါဝင်သူများဖြစ်ကြောင်း သေချာစေရန် လိုအပ်ပါသည်။[74] လုပ်ဆောင်ချက်အားလုံးသည် ရှင်သန်လွတ်မြောက်သူ၏ ရွေးချယ်မှု၊ ဆန္ဒများ၊ အခွင့်အရေးများနှင့် ဂုဏ်သိက္ခာတို့ကို လေးစားမှုဖြင့် လမ်းညွှန်သင့်သည်။ ရှင်သန်လွတ်မြောက်သူ၏ဂုဏ်သိက္ခာနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို လေးစားလိုက်နာရန် GBV လုပ်ငန်းဆောင်ရွက်နေသူများ အနေဖြင့် ရှင်သန်လွတ်မြောက်သူ ၏ရွေးချယ်မှုများကို ဝေဖန်ဆုံးဖြတ်ခြင်းမပြုဘဲ ပံ့ပိုးကူညီမှုဆိုင်ရာ ဝန်ဆောင်မှုများကို ငြင်းပယ်ရန် ဆုံးဖြတ်သည့်အခါ၌ပင် သူမ၏ ရွေးချယ်ပိုင်ခွင့်ကို ပံ့ပိုးရန် လိုအပ်သည်။  မဖြစ်မနေ အစီရင်ခံ သတင်းပို့ခြင်းကို လုပ်ဆောင်ရသည့်အခါ GBV အစီအစဉ်ဆောင်ရွက်သူအဖွဲ့၏ တုံ့ပြန်မှုသည် ရှင်သန်လွတ်မြောက်သူ၏ရွေးချယ်မှုနှင့် အညီဖြစ်ရမည်။(စံနှုန်း၆ ဖြစ်ရပ်စီမံခန့်ခွဲခြင်းမှ လမ်းညွှန်မှတ်စု ၂- မဖြစ်မနေအစီရင်ခံသတင်းပို့ရန်ကိုကြည့်ရန်)။ ရှင်သန်လွတ် မြောက်သူ၏ဆုံးဖြတ်ချက်ချခြင်းကို လေးစားမှု နိယာမသည် သူ၏လက်ထဲသို့ လုပ်ပိုင်ခွင့်အာဏာ ပြန်လည် ပေးလိုက်ခြင်း ဖြစ်သည်၊ သူမ၏ခံနိုင်ရည်အားနှင့် သူမ၏ ကိုယ်ပိုင် အခြေအနေကို နားလည်သဘောပေါက်ကာ ပြန်လည် ကုစားရေးကို ပံ့ပိုးပေးသည်။

**ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုသည် ရှင်သန်လွတ်မြောက်သူတစ်ဦးချင်းစီသည်**

- လေးစားမှု၊ ကြင်နာမှုနှင့် စာနာမှုတို့ဖြင့် ယုံကြည်ပြီး ဆက်ဆံခံသင့်သည်။
- ထူးခြားမှုရှိပြီး မတူညီသော အားသာချက်များ၊ အရင်းအမြစ်များနှင့် ရင်ဆိုင်ဖြေရှင်းခြင်း ယန္တရားများရှိသည်။
- GBV ကို ကွဲပြားစွာ တုံ့ပြန်သည့်အတွက် ရလဒ်အနေဖြင့် ကွဲပြားခြားနားသော လိုအပ်ချက်များ ရှိလိမ့်မည်။
- သူမတွင်ဖြစ်ပျက်ခဲ့သည်နှင့် နောက်ဘာဖြစ်မည်ကို မည်သူသိသင့်သည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

Source: UNFPA 2012, Module 2.

- **ခွဲခြားဆက်ဆံမှုမရှိခြင်း -** GBV အစီအစဥ်များကို လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဂိသေသများစုဆုံပြီး ခွဲခြားစိတ်ဖြာမှုအပေါ် အခြေခံရမည်။ (နိဒါန်းကိုကြည့်ပါ)။  ပါဝင်မှုသေချာစေသည့် လုပ်ငန်းအစီအစဥ်များ (inclusive programming )အတွက်ဝန်ထမ်း များသည် အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားများရှိရမည်။GBV-အထူးပြု စီမံကိန်းရေးဆွဲခြင်းကိုအမျိုးသမီးများနှင့် မိန်းကလေးငယ်များလိုအပ်ချက်နှင့်အညီ ၎င်းတို့၏ အသက်၊ မသန်စွမ်းမှု၊ လူမျိုး၊ အသားအရောင်၊ ဘာသာရေး၊ လူမျိုး၊ နိုင်ငံသား၊ လိင်စိတ်တိမ်းညွတ်မှု၊ ကျား၊မ ခံယူချက်၊ HIV ကူးစက်ခံရမှု၊ လူမှုအဆင့်အတန်း၊ နိုင်ငံရေး ဆက်နွယ်မှု သို့မဟုတ် အခြားသော လက္ခဏာရပ်များ အပေါ် အခြေခံ၍အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် တိုးလာနိုင်သည့် အန္တရာယ်များကို ထည့်သွင်း စဉ်းစားသည့် ကျား-မရေးရာ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဂိသေသ များစုဆုံပြီးခွဲခြား ဆက်ဆံခံရမှုများအတွက် ခွဲခြမ်း စိတ်ဖြာမှုအပေါ် အခြေခံရမည်။ GBV စီမံကိန်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကိုအဓိကထားလုပ်ဆောင်သော်လည်းအမျိုးသားများနှင့်ယောကျ်ားလေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကြုံတွေ့နိုင်သည်။GBVဆောင်ရွက်သောအဖွဲ့များအနေဖြင့် ကျန်းမာရေး၊ ကလေးသူငယ်ကာကွယ်ရေး၊ LGBTQI (lesbian, gay,

bisexual, transgender, queer, Intersex) များ နှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးသည့် အဖွဲ့စည်းများ နှင့် ပူးပေါင်းကာလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်အလွဲသုံးစားမှုမှလွတ်မြောက်လာသူအမျိုးသားများ အတွက် အသက်ကယ်ထောက်ပံ့မှုဝန်ဆောင်မှု ရရှိစေရန်အတွက် သေချာစေရမည်။ (စံသတ်မှတ်ချက် ၄ကျန်းမာရေးစောင့်ရှောက် မှုနှင့် စံသတ်မှတ်ချက် ၆ - ဖြစ်ရပ်စီမံခန့်ခွဲခြင်းကို ကြည့်ပါ)

GBVလမ်းညွှန်သဘောတရားများသည်အပြန်အလှန်ဆက်စပ်နေပြီးအပြန်အလှန်အားဖြည့်ပေးပါသည်။ဥပမာအားဖြင့်၊လုံခြုံရေးနှင့် လေးစားမှုကိုမြှင့်တင်ရန်အတွက် လျှို့ဝှက်ထားမှုသည် မရှိမဖြစ်လိုအပ်သည်။

**Intersectionality ဆိုတာဘာလဲ?**

"Intersectionality" သည် ကျား-မ မညီမျှမှု၊ လိင်တူချစ်သူများအပေါ် ခွဲခြားဆက်ဆံမှု၊ လူမျိုးရေးခွဲခြားမှု၊ မသန်စွမ်းမှု အပေါ် ခွဲခြားမှု နှင့် လူတန်းစားမညီမျှမှု၊ စသည့် အာဏာနှင့် ဖိနှိပ်မှုပုံစံမျိုးစုံသည် အကြမ်းဖက်ခံရမှု နှင့် အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီမှု ကဲ့သို့သော သဘောပေါက်မှု နည်းလမ်းများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ အတွေ့အကြုံများကို ဖြစ်ပေါ်စေပါသည်။ .

ဆက်လက်ဆွေးနွေးချက်အတွက် နိဒါန်းကို ကြည့်ပါ။

## ပုံ ၁။ GBV လမ်းညွှန်အခြေခံသဘောတရားများ အကျဉ်းချုပ်

| | မည့်အစား | |
|---|---|---|
| ရှင်သန်လွတ်မြောက်သူများကို ဂုဏ်သိက္ခာရှိရှိလေးစားစွာဆက်ဆံပါ | | ရှင်သန်လွတ်မြောက်သူများကို လေးစားမှုမရှိဘဲ ကျူးလွန်ခံရသူကို အပြစ်တင်သည့် သဘောထားကို မြင့်တင်သည်။ |
| ရှင်သန်လွတ်မြောက်သူများ၏ ရွေးချယ်ပိုင်ခွင့်ကို လေးစားပါ။ | | ဝန်ဆောင်မှုပေးသူ၏ အမြင်ကို ထည့်သွင်းခြင်း သို့မဟုတ် ရှင်သန်လွတ်မြောက်သူများကို မည်သို့/မည်သည်ကို ပြုလုပ်ရမည်ကို ပြောပြခြင်း၊ ရှင်သန်လွတ်မြောက်သူများကို အာဏာမဲ့သည်ဟု ခံစားရခြင်းကို တွန်းအားပေးခြင်း။ |
| ကိုယ်ရေးကိုယ်တာ နှင့် သတင်းအချက်အလက်လျှို့ဝှက်မှုကို ထိန်းသိမ်းပါ။ | | ရှင်သန်လွတ်မြောက်သူများ၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ဖော်ထုတ်ခြင်း၊ ရှင်သန်လွတ်မြောက်သူများ၏ အရှက်နှင့် အမည်ဆိုးတပ်ခံရမှု ကို ပိုဆိုးစေခြင်း။ |
| ခွဲခြားဆက်ဆံခြင်းကင်းသော အခြေခံမှုကို ဂုဏ်ပြုပါ။ | | ဖယ်ကျဥ်ခံရသော အုပ်စုမှ အမျိုးသမီးနှင့် မိန်းကလေးများကို ခွဲခြားဆက်ဆံခြင်းနှင့် ဘေးဖယ်ထားခြင်း။ |
| ရှင်သန်လွတ်မြောက်သူများကို သတင်းအချက်အလက်အပြည့်အစုံပေးပါ။ | | ရှင်သန်လွတ်မြောက်သူများကို သတင်းအချက်အလက်အပြည့်အစုံမပေးဘဲ ထိန်ချန်ထားခြင်း။ |

## အညွှန်းကိန်းများ

- GBV လမ်းညွှန်သဘောတရားများကို သင်တန်းရရှိထားသည့် စေတနာ့ဝန်ထမ်းများနှင့် ရပ်ရွာအခြေခံ ဝန်ထမ်းများ အပါအဝင် GBV စီမံကိန်းဝန်ထမ်းများ နှင့် သင်တန်းပြီးသည့်နောက် ရှင်သန်လွတ်မြောက်သူဗဟိုပြုမှုဆိုင်ရာ သဘောထားများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများကို ပိုမိုတိုးတက်လာကြောင်းပြသသည့် ရာခိုင်နှုန်း[၁၅]
- GBV စီမံကိန်းဝန်ထမ်းများနှင့် ရှင်သန်လွတ်မြောက်သူနှင့် တိုက်ရိုက် အလုပ်လုပ်သော အခြားဝန်ထမ်းများမှ သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းရေးကတိကဝတ်များကို လက်မှတ်ရေးထိုးထားသည့် ရာခိုင်နှုန်း (ရည်မှန်းချက် ၁၀၀ ရာခိုင်နှုန်း)
- ရှင်သန်လွတ်မြောက်သူများ၏ အသိပေးသဘောတူညီချက်အား စာရွက်စာတမ်းထားရှိသော လွှဲပြောင်းညွှန်းပို့မှုရာခိုင်နှုန်း (ရည်မှန်းချက် ၁၀၀ ရာခိုင်နှုန်း)

# လမ်းညွှန်ချက် မှတ်စု

## ၁။ ခွဲခြားဆက်ဆံမှုနှင့် အခြားဝန်ဆောင်မှုများရယူရန် အတားအဆီးများကြောင့် GBV ဖြစ်နိုင်ခြေပိုများသော အမျိုးသမီးများနှင့် မိန်းကလေးများ

GBV အန္တရာယ်ကြုံတွေ့နိုင်သည့် အမျိုးသမီးများနှင့် မိန်းကလေးများ တွင် ဆယ်ကျော်သက်မိန်းကလေးများ၊ မသန်စွမ်း အမျိုးသမီး များနှင့် မိန်းကလေးများ၊ တိုင်းရင်းသား/ ဘာသာရေးလူနည်းစုမှ အမျိုးသမီးများနှင့် မိန်းကလေးများ၊ ကွဲပြားသော လိင်စိတ် တိမ်းညွတ်မှုနှင့် ကျား၊မ ဝိသေသ ခံယူချက်ရှိသည့် အမျိုးသမီး များနှင့် မိန်းကလေးများ၊ အသက်အရွယ်ကြီးသည့် အမျိုးသမီးများ ပါဝင်သည်။ (ဆက်လက်ဆွေးနွေးချက်များ အတွက် နိဒါန်းကို ကြည့်ပါ။) အထက်ပါ အုပ်စုများ အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်က အကြမ်းဖက်မှု၊ အရွယ် မရောက်သေးသည့် ကလေးသူငယ်ကို လက်ထပ်ထိမ်းမြား ပေးခြင်း၊ အခွင့်အလမ်းများ၊ ဝန်ဆောင်မှု များနှင့်၊ အရင်းအမြစ် များကို ငြင်းပယ်ခံရခြင်း တို့ကို ပိုမို တွေ့ကြုံနိုင်သည်။ ၎င်းတို့သည် သိသာထင်ရှားစွာ ရှိမနေသည့်အတွက်/ ဖယ်ကျဥ်ခံထားရသည့်အတွက် ဝန်ဆောင်မှုများကို လက်လှမ်းမီစွာ ရယူနိုင်ရန်နှင့် ကူညီထောက်ပံ့မှုပေးသည့် ကွန်ရက်များ တွင် ပါဝင်နိုင်ရန် ထပ်လောင်းအတားအဆီး များနှင့် တွေ့ကြုံနိုင်သည်။ ထို့ကြောင့် GBV လုပ်ငန်း အစီအစဥ်များတွင် သာတူညီမျှအကျိုးခံစားနိုင်ရန် သီးခြားပစ်မှတ်ထားသည့် လုပ်ဆောင်ချက်များလည်း လိုအပ်ပါသည်။ GBV စီမံကိန်းများတွင် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဝိသေသများ စုဆုံပြီးဖိနှိမ်မှုများ (intersectional Systems)ကို သုံးသပ် အကဲဖြတ်ခြင်းကို ထည့်သွင်းရမည်ဖြစ်ပြီး  လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွင် အန္တရာယ်ဖြစ်နိုင် ချေပိုများလာသော အမျိုးသမီးများနှင့် မိန်းကလေးများထံ ဦးစားပေးရောက်ရှိရန် GBV အဖွဲ့များအား လမ်းညွှန်ပေးပါသည်။ ဤလမ်းညွှန်မှုတွင် GBV-အထူးပြု ဝန်ဆောင်မှုကို အမျိုးသမီးများ နှင့် မိန်းကလေးများအားလုံး လက်လှမ်းမီရရှိမှု သေချာစေရန် အဓိက လုပ်ဆောင်ချက်များသည် ပစ်မှတ်ထားသော လှုပ်ရှားမှု များကို မီးမောင်းထိုးပြပါသည်။

**ရပ်တန့်ပါ! ထိခိုက်နစ်နာမှု မရှိရေးကိုလေးစားပါ**

GBV အသိပညာပေးလှုပ်ရှားမှုများတွင် ရှင်သန်လွတ်မြောက်သူများ မှ ၎င်းတို့၏ အကြမ်းဖက်မှုအတွေ့အကြုံများကို ထုတ်ဖော်ရန် ဆုံးဖြတ်လေ့ရှိသည်။ ထို့ကြောင့်၊ GBV ဆိုင်ရာ အသိပညာပေးမှုအားလုံးတွင် ရှင်သန်လွတ်မြောက်သူများ သည် ပံ့ပိုးကူညီမှုကို မည်သို့ရရှိနိုင်မည်နည်း ဆိုသည့် အချက်အလက်များ ပါဝင်ရပါမည်။ “ထိခိုက်နစ်နာမှုမရှိစေရေး” မူကို လေးစားလိုက်နာရန်အတွက်၊ တုံ့ပြန်မှုဝန်ဆောင်မှုများ မရှိသည့်နေရာများတွင် GBV အတွက် ရပ်ရွာလူထုအသိပညာပေးလှုပ်ရှားမှုများ လုပ်ဆောင်ရန် ယေဘုယျအားဖြင့် အကြံပြု အားပေးခြင်း **မရှိ** ပါ။

*See Standard 7: Referral Systems.*

### ဆယ်ကျော်သက်မိန်းကလေးများ

အသက် ၁၀ နှစ်မှ ၁၉ နှစ်ကြား ဆယ်ကျော်သက်မိန်းကလေးများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် မည်သည့် လူထုအသိုင်းအဝိုင်းအတွက်မဆို ထိခိုက်လွယ်သောအုပ်စုများထဲတွင် ပါဝင်ပါသည်။ ၎င်းတို့သည် အမြင့်ဆုံးသော အကာအကွယ်ပေးရေးဆိုင်ရာ အန္တရာယ်များနှင့် ရင်ဆိုင်ရသော်လည်း မြင်သာမှုမရှိဆုံးသော အုပ်စုများထဲမှ တစ်ခုဖြစ်သည်။[၅၆] ဆယ်ကျော်သက်အရွယ်တွင် မိန်းကလေးများသည် ကလေးဘဝမှ အရွယ်ရောက်ပြီးသူဘဝသို့ တဖြည်းဖြည်း ကူးပြောင်းသည့် လုပ်ငန်းစဉ်တစ်ခုတွင် ရှိနေသည်။ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ချက်များ၊ စီးပွားရေးအခြေအနေ၊ ဘဝအတွေ့အကြုံများနှင့် ဘေးဥပဒ်၊ ပဋိပက္ခနှင့် နေရပ်စွန့်ခွာထွက်ပြေးရခြင်း စသည့် အတွေ့အကြုံများ အပါအဝင် အကြောင်းအရာများစွာက၊ အရွယ်ရောက်ပြီးသူတစ်ယောက်၏ အခန်းကဏ္ဍနှင့် တာဝန်များဆီသို့ အသွင်ကူးပြောင်းမှုအရှိန်အပေါ် သက်ရောက်မှုရှိသည်။

GBV-အထူးပြုအဖွဲ့အစည်း များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကလေးလက်ထပ်ထိမ်းမြားခြင်းနှင့်/သို့မဟုတ် အစောပိုင်းကိုယ်ဝန်ဆောင်စေခြင်း၊ အမျိုးသမီးလိင်အင်္ဂါဖြတ်တောက်ခြင်းနှင့်၊ လိင်မှတဆင့်ကူးစက်ရောဂါများ၊ မလုံခြုံသော ကိုယ်ဝန်ဖျက်ချခြင်းနှင့် လူမှုရေး/စိတ်ပိုင်းဆိုင်ရာ ပြဿနာများ ကြုံတွေ့နိုင်ချေများသည့် သီးခြားလိုအပ်ချက်များရှိသည့် ဆယ်ကျော်သက်မိန်းကလေးများကို ဦးတည်ထားရမည်ဖြစ်သည်။[၅၇] GBV-အထူးပြု အဖွဲ့အစည်းများအနေဖြင့် ဆယ်ကျော်သက် မိန်းကလေးများသည် ကွဲပြားသောအုပ်စုမဟုတ်ကြောင်းနှင့် မိန်းကလေးများ၏ “စကြဝဠာ” တစ်ခုလုံးကို မြင်တွေ့နိုင်ရန် ကတိပြုထားရမည်၊[၅၈] ၎င်းတွင် အသက်အရွယ်(အသက် ၁၀ မှ ၁၄ နှစ်သည် ငယ်ရွယ်သူ ဆယ်ကျော်သက်များ၊ ၁၅ မှ ၁၉ နှစ်များသည် ကြီးရင့်သော ဆယ်ကျော်သက်များ)  အပါအဝင် ကွဲပြားမှုများဖြစ်သည့် အိမ်ထောင်ရေးအခြေအနေ၊ ကွဲကွာနေခြင်း၊ အဖော်မရှိသော သို့မဟုတ် မိဘမဲ့အခြေအနေ၊ HIV အခြေအနေ၊ လူမျိုးစု၊ ကျောင်းနေခြင်း၊ မနေခြင်း၊ သို့မဟုတ် အိမ်တွင်း၊ အိမ်ပြင်တွင် အလုပ်လုပ်ခြင်း၊ ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်ခြင်း၊ မသန်စွမ်းမှု၊ မိခင် သို့မဟုတ် မူလပြုစုစောင့်ရှောက်သူအဖြစ် အခန်းကဏ္ဍများ၊ လိင်စိတ်တိမ်းညွတ်မှု၊ ကျား-မခံယူချက် နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှု အတွေ့အကြုံ စသည့် မတူကွဲပြားချက်များကို မြင်တွေ့နိုင်ရမည်ဖြစ်သည်။

ဆယ်ကျော်သက်အရွယ်ရောက်သည်နှင့်အမျှ ငယ်ရွယ်သောဆယ်ကျော်သက်မိန်းကလေးများသည် ကျွမ်းကျင်မှု သို့မဟုတ် ရုပ်ပိုင်း ဆိုင်ရာနှင့် သိမြင်နိုင်စွမ်းများ မရှိသေးသော်လည်း အရွယ်ရောက် ပြီးသူ၏အခန်းကဏ္ဍနှင့် တာဝန်များကို စတင်ရယူကြသည်။[၆၁] **GBV**-အထူးပြုအဖွဲ့များသည် ဆယ်ကျော်သက်မိန်းကလေးများအတွက် လက်လှမ်းမီနိုင်ပြီး သင့်လျော်သော စာနာသော စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို ပေးဆောင်ရန် ကတိပြုသင့်ပါသည်။[၆၂] ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများနှင့်ပူးပေါင်း၍ **GBV**-အထူးပြုအဖွဲ့များသည် ဆယ်ကျော်သက်မိန်းကလေး ရှင်သန်လွတ်မြောက်သူများကို သင့်လျော်စွာပံ့ပိုးပေးနိုင်ရန်နှင့် ဆုံးဖြတ်ချက်အားလုံး၏ ဗဟိုတွင် မိန်းကလေးများ၏အကောင်းဆုံးအကျိုးစီးပွား၊ဘေးကင်းရေးနှင့် ကျန်းမာချမ်းသာရေးကို အလေးပေးနိုင်ရန်အတွက် ၎င်းတို့အဖွဲ့များ၏စွမ်းရည်ကို တည်ဆောက်ရမည်ဖြစ်သည်။သူမ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အသက်အရွယ်နှင့် သူမ၏ ဘေးကင်းမှုနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မှုနှင့်ပတ်သက်၍ နားလည်ပြီး ဆုံးဖြတ်ချက်များ ချနိုင်သည့် စွမ်းရည် ဆိုင်ရာ တိကျသော အကဲဖြတ်ချက်တစ်ခုအပေါ် အခြေခံ၍ **GBV**-အထူးပြု အဖွဲ့များသည် ဆယ်ကျော်သက်မိန်းကလေးနှင့်တကူ ဘေးကင်းရေး အစီအစဉ်များ၊ လွှဲပြောင်းညွှန်းပို့ခြင်း၏ ဆိုးကျိုး၊ကောင်းကျိုးများ၊ အန္တရာယ်အနည်းဆုံးရွေးချယ်မှုကိုပြုလုပ်ခြင်း နှင့် သင့်လျော်သည့်ပါက သူမ၏ ပြုစုစောင့်ရှောက်သူနှင့် ပါလုပ်ဆောင်ခြင်းကို ပြုလုပ်ရပါမည်။

**ကလေးသူငယ်ရှင်သန်လွတ်မြောက်သူများနှင့် အလုပ်လုပ်ရာတွင် လမ်းညွှန် သဘောတရားများ**

၁။ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွါးကို မြှင့်တင်ပါ။

၂။ ကလေးသူငယ်၏လုံခြုံမှုကိုသေချာပါစေ။

၃။ ကလေးသူငယ်ကို နှစ်သိမ့်ပေးပါ။

၄။ သင့်လျော်သောလျှို့ဝှက်ချက်ကို သေချာပါစေ။

၅။ ဆုံးဖြတ်ချက်ချရာတွင် ကလေးသူငယ်အား ပါဝင်စေပါ။

၆။ ကလေးသူငယ်တိုင်းကို မျှမျှတတနှင့် တန်းတူဆက်ဆံပါ။

၇။ ကလေးသူငယ်များ၏ ခံနိုင်ရည်အား အားကောင်းစေပါ။

Source: IRC and UNICEF 2012, p. 89.

## မသန်စွမ်းအမျိုးသမီးနှင့် မိန်းကလေးများ

ခန့်မှန်းခြေအားဖြင့် မည်သည့်လူမှု အသိုင်းအဝိုင်းတွင် မဆို လူထု၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်နိုင်သည်။၆၃ ပဋိပက္ခနှင့်/သို့မဟုတ် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရမှုများမှ ချို့ယွင်းမှုအသစ်များ နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် ကန့်သတ်ချက်များရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများတွင်ထိုလူဦးရေသည်မြင့်တက်လာနိုင်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် မသန်စွမ်းသူများအပေါ် အကြမ်းဖက်မှုနှုန်းသည် မသန်စွမ်းမဟုတ်သူများထက်၄ ဆမှ ၁၀ ဆ ထိပိုများသည်။[၆၄] ၎င်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အကာအကွယ်အတွက် သိသာထင်ရှားသော သက်ရောက်မှုများရှိပါသည်။၆၅ ဉာဏ်ရည်မသန်စွမ်းသော အမျိုးသမီးများနှင့် မိန်းကလေးများသည် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ချေရှိကြသည်။၆၆ ၎င်းတို့၏ အိမ်များတွင် အထီးကျန်ဖော်မဲ့သော ဉာဏ်ရည်၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ ကြုံတွေ့ရသည့် မုဒိမ်းမှုနှင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်၏အကြမ်းဖက်မှုများကို အစီရင်ခံစာများတွင် တွေ့မြင်နိုင်သည်သည်။[၆၇] ထို့အပြင်၊ အိမ်ထောင်စုများတွင် ပြုစုစောင့်ရှောက်ပေးသည့်အခန်းကဏ္ဍများတွင် အချိုးအစားမညီမျှစွာ တာဝန်ယူထားရသည့် မသန်စွမ်းသူ အမျိုးသမီးများနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များသည် အကူအညီတောင်းခံခြင်း သို့မဟုတ် ဝင်ငွေရရှိသည့်အလုပ်များ လုပ်သည့် အခါတွင် နှောင့်ယှက်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့ကို ကြုံတွေ့ရနိုင်သည်။ မိသားစုများ၊ GBV ဝန်ဆောင်မှုပေးသူများနှင့် ရပ်ရွာအဖွဲ့ဝင်များ၏သဘောထားများသည် ဘေးကင်းပြီး ထိရောက်သော ဝန်ဆောင်မှုများနှင့် အကူအညီများရရှိရန် မသန်စွမ်းသူများအတွက် အကြီးမားဆုံးအတားအဆီးများ သို့မဟုတ် အကြီးမားဆုံးသော လွယ်ကူချောမွေ့မှုများ ဖြစ်နိုင်သည်။[၆၈]

## အမျိုးသမီးအချင်းချင်းစုံမက်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲပြုမူနေထိုင်သူ၊ အမျိုးသမီး၊အမျိုးသား နှစ်မျိုးစလုံးစုံမက်သူ၊ နှင့် queer အမျိုးသမီးနှင့် မိန်းကလေးများ

မတူကွဲပြားသောလိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မဂိုသေသခံယူချက်ရှိသည့် အမျိုးသမီးများနှင့် မိန်းကလေးများသည် မိသားစုနှင့် လူမှု အသိုင်းဝိုင်းမှ ခွဲခြားဆက်ဆံခြင်း၊ ခြိမ်းခြောက်ခြင်း၊ ငြင်းပယ်ခြင်း နှင့် အန္တရာယ်ပြုခြင်းများကြောင့် ရပ်ရွာအတွင်း သီးသန့်ဖယ်ကျဉ်ခံရပြီး အန္တရာယ် ကြုံနိုင်ချေ အရှိဆုံး ပုဂ္ဂိုလ်များထဲတွင် ပါဝင်နိုင်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေအားလုံးတွင်၊ သတ်မှတ်ထားသော ဆန့်ကျင်ဖက်လိင်ကို ချစ်ခင်စုံမက်မှု ကသာ ပုံမှန်ဟုယုံကြည်လက်ခံမှုကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ အမှန်တကယ် သို့မဟုတ် သိမြင်ထားသော လိင်စိတ်တမ်းညွတ်မှု၊ ကျား-မဂိုသေသ သို့မဟုတ် ကျား-မရေးရာ ဖော်ပြမှု ကွဲပြားနေခြင်းကို အခြေခံပြီး နှိပ်စက်ညှဉ်းပန်းမှု၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများ ဖြစ်နိုင်ခြေရှိသည်။ ပြုစုစောင့်ရှောက်သူများသည် လိင်စိတ်တိမ်းညွတ်မှု နှင့် ကျား-မဂိုသေသ မကိုက်ညီသော လက္ခဏာများကို ပြသသည့် မိန်းကလေးများကို အလွဲသုံးစားပြုကာ ၎င်းတို့အား အတင်းအကျပ် ဆန့်ကျင်ဖက် လိင်ကိုသာ လက်ထပ်စေနိုင်သည်။ ထိုအမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အမုန်းတရားကို အခြေခံသော ရာဇဝတ်မှုနှင့် မှားယွင်းစွာ တရားမျှတသည့်အပြုအမူ ဟုခံယူပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကို “ပြုပြင်ပေးသောလုပ်ဆောင်ချက်” တစ်ခု အနေဖြင့် ကျူးလွန်သည့် အကြမ်းဖက်ခံရမှု အန္တရာယ်ပိုဖြစ်စေနိုင်သည်။[၆၉]

# ၂။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူ ကလေးသူငယ်

ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုများသည် အစီရင်ခံစာများတွင်ဖော်ပြထားသော ကိန်းဂဏန်းများထက်ပင် ပိုများပါသည်။[၇၀] ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများနှင့် ယောကျ်ားလေးများသည် ၎င်းတို့၏ အသက်၊ အရွယ်၊ အရွယ်ရောက်ပြီးသူများအပေါ် မှီခိုမှုနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် အကန့်အသတ်ဖြင့် ပါဝင်ခြင်းကြောင့် ထိခိုက်လွယ်သည်။

ကလေးဘဝတွင် လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုသည် မိသားစု ပတ်ဝန်းကျင်တွင် ဖြစ်ပွားနိုင်သည်။ ပြစ်မှုကျူးလွန်သူသည် မကြာခဏဆိုသလို ကလေးနှင့်နီးစပ်သူဖြစ်ပြီး ကလေးနှင့်ယုံကြည်မှု ရှိသည့် ဆက်ဆံရေးရှိသူဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာနှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ/ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းသူများ၊ ပြည်တွင်းရွှေ့ ပြောင်းနေထိုင်သူများ သို့မဟုတ် ဒုက္ခသည်များ၊ အဖော်မရှိ သူများနှင့်/သို့မဟုတ် ၎င်းတို့၏ မိသားစုများနှင့် ပြုစုစောင့်ရှောက် သူများနှင့် ကွဲကွာနေသူများ/ လမ်းပေါ်တွင်နေထိုင်ရသူများ၊ သို့မဟုတ် စောင့်ရှောက်မှုစင်တာတွင် နေထိုင်သူများ/ အကြမ်း ဖက်ခံရသော အိမ်ထောင်စုတွင် နေထိုင်ရသော မိန်းကလေးများနှင့် ယောကျ်ားလေးများသည် အလွဲသုံးစား ပြုခံရနိုင်ချေပိုများသည်။[၇၁] မိန်းကလေးများအတွက် အသက်အရွယ်နှင့်သက်ဆိုင်သော GBV ပုံစံအချို့တွင် အမျိုးသမီးလိင်အင်္ဂါ ဖြတ်တောက်ခြင်း နှင့်/သို့မဟုတ် ရုပ်ပျက်ဆင်းပျက် ဖြစ်အောင်လုပ်ခြင်း နှင့် အရွယ်မရောက်မီ ထိမ်းမြားလက်ထပ်ခြင်း တို့ ပါဝင်သည်။GBV အထူးပြုအဖွဲ့များသည် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအဖွဲ့များကဲ့သို့သော အခြားအဖွဲ့အစည်း များနှင့် GBV လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုမှ ရှင်သန်လွတ်မြောက်သူ လူငယ်နှင့် ဆယ်ကျော်သက် မိန်းကလေး နှင့် ယောကျ်ားလေးများအား ၎င်းတို့ ၏ပံ့ပိုးကူညီမှုအား အသိပေးရန် လမ်းညွှန်အခြေခံသဘောတရား များကို မျှဝေရန် အရေးကြီးပါသည်။ Caring for Child Survivors of Sexual Abuse: Guidelines for health and psychosocial service providers in humanitarian settings တွင် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ဤအနိမ့်ဆုံးစံနှုန်းများတစ်လျှောက်၊ လိင်ပိုင်း ဆိုင်ရာအလွဲသုံးစားမှုမှလွတ်မြောက်လာသူများ၏ လိုအပ်ချက်များ ကိုစုပေါင်း ဖြည့်ဆည်းရန် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့များနှင့် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက် နိုင်ရန် GBV-အထူးပြု အဖွဲ့များအား ပံ့ပိုးပေးရန် အတွက် အဓိက လုပ်ဆောင်မှု များနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးထားပါသည်။

**အသိပေးအကြောင်းကြားပြီး သဘောတူခွင့်ပြုချက် (Informed consent) နှင့် အသိပေးအကြောင်းကြားပြီးသဘောတူညီချက် (informed assent)**

**အသိပေးအကြောင်းကြားပြီး သဘောတူခွင့်ပြုချက် informed consent ဆိုသည်မှာ** တူညီသောအာဏာဆက်ဆံရေးအတွင်း ပုဂ္ဂိုလ်များမှ အသိဥာဏ်ဖြင့် လွတ်လပ်စွာ ဆန္ဒအလျောက် ရွေးချယ်မှု ပြုလုပ်ခြင်းကို ဆိုလိုသည်။ ရှင်သန်လွတ်မြောက်သူတစ်ဦးသည် ရရှိနိုင်သောရွေးချယ်စရာများအားလုံးကို အသိပေးမှု ရရှိရမည်ဖြစ်ပြီး သူမသည် လျှို့ဝှက်ထိန်းသိမ်းရေးတွင် ကန့်သတ်ချက်များအပါအဝင် အန္တရာယ်များနှင့် ပတ်သက်၍ အပြည့်အဝနားလည်သဘောပေါက်ရမည်ဖြစ်ပြီး မည်သည့်အချက်ကို သဘောတူညီသည်ဆိုသည်ကို သဘောတူခြင်းမပြုလုပ်မီ သိရှိထားရမည်ဖြစ်ပါသည်။ ဝန်ဆောင်မှုပေးသူ၏ တစ်ဦးချင်းယုံကြည်ချက် မည်သို့ပင်ရှိစေကာမူသူမအား ရွေးချယ်မှု အပြည့်အစုံကို တင်ပြသင့်သည်။ ရှင်သန်လွတ်မြောက်သူအား အင်တာဗျူးရန်၊ စမ်းသပ်စစ်ဆေးရန်၊ အကဲဖြတ်ရန်အတွက် သဘောတူခွင့်ပြုရန် ဖိအားမပေးသင့်ပါ။ ရှင်သန်လွတ်မြောက်သူသည် အချိန်မရွေး သဘောတူညီချက်ကို ရုပ်သိမ်းခွင့်ရှိသည်

**အသိပေးအကြောင်းကြားပြီးသဘောတူညီချက် informed assent** သည် ဝန်ဆောင်မှုများတွင် ပါဝင်ရန် ဆန္ဒရှိကြောင်း ဖော်ပြသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အားဖြင့် ငယ်ရွယ်လွန်းသော ကလေးများအတွက် ဝန်ဆောင်မှုများတွင် ပါဝင်ရန် အသိပေးအကြောင်းကြားပြီး သဘောတူခွင့်ပြုချက် informed consent ပေးရန်အတွက် အသက်ငယ်သော်လည်း နားလည်သဘောပေါက်ပြီး သဘောတူရန် လုံလောက်သော အသက်အရွယ်ရှိသော ကလေးများ တွင် “အသိပေးအကြောင်းကြားပြီးသဘောတူညီချက် informed assent“ ကို တောင်းခံရပါသည်။

Source: IRC and UNICEF 2012, p. 16.

ပိုမိုသိရှိရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်မှုတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အနိမ့်ဆုံးစံနှုန်းများ (CPMS) စံသတ်မှတ်ချက် ၉- လိင်နှင့် ကျား-မ အခြေခံပြု အကြမ်းဖက်မှုကို ကြည့်ပါ။

## ၃။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူ ဆယ်ကျော်သက် ယောကျ်ားလေးများနှင့် အရွယ်ရောက်ပြီးသူ အမျိုးသားများ

ယောကျ်ားလေးများနှင့် အမျိုးသားများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို လက်နက်ကိုင်ပဋိပက္ခ သို့မဟုတ် လူမျိုးရေး အကြမ်းဖက်မှု အခြေအနေတွင် အခြားအမျိုးသားများက ကျူးလွန်လေ့ရှိပြီး အမျိုးသားများ၏ အခန်းကဏ္ဍ၊စံနှုန်း နှင့် ဂိုသေသလက္ခဏာကို လျှော့ပါးစေရန်နှင့် ၎င်းတို့၏မိသားစုနှင့် အသိုင်းအဝိုင်းများကို အခွင့်အာဏာလျော့ပါးစေခြင်းနည်းလမ်းအဖြစ် ကျူးလွန်လေ့ရှိသည်။ ယောကျ်ားလေးများသည် လည်း များသောအားဖြင့် မိသားစုဝင်များ သို့မဟုတ် ရင်းနှီးသော အခြားအမျိုးသားများက ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အလွဲသုံး ခံရနိုင်ခြေရှိသည်။ ယောကျ်ားဆန်ခြင်းနှင့် ပတ်သက်သည့် ရိုးရာစံနှုန်းများသည် ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးများနှင့် အမျိုးသား များကို ထုတ်ဖော်ရန်နှင့် အကူအညီရှာရန် ခက်ခဲစေပြီး မိသားစု၊ သူငယ်ချင်းများနှင့် ဝန်ဆောင်မှုပေးသူများထံမှ စာနာသော တုံ့ပြန်မှု ရနိုင်ချေ နည်းနိုင်သည်။[၇၂]

အမျိုးသားများနှင့် ယောကျ်ားလေးများ သည် လုပ်ပိုင်ခွင့်အာဏာ မြင့်မားသော အခြားအမျိုးသားများ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်နှင့်ကြုံတွေ့ရနိုင်သည်။ ၎င်းတွင် မသန်စွမ်းသော ယောကျ်ားလေးများ၊ ဆယ်ကျော်သက် ယောကျ်ားလေးများ၊ အသက်ကြီးသော အမျိုးသားများ၊ ကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မခွဲခံယူချက် ကွဲပြားသောအမျိုးသားများနှင့် ယောကျ်ားလေးများ၊ HIV/AIDS ရောဂါ နှင့် လူမျိုးရေး၊ ဘာသာရေး လူနည်းစုမှ အမျိုးသား၊ အမျိုးသားများနှင့် ယောကျ်ားလေးများပါဝင်သည်။ အမျိုးသားများနှင့် ယောကျ်ားလေး များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ တိုးပွားစေနိုင်သည့် အခြားသော ခွဲခြားဆက်ဆံမှုပုံစံများတွင် လူမှုစီးပွား ရေးအခြေအနေ၊ ခိုလှုံခွင့်လျှောက်ထားမှု အခြေအနေအပါအဝင် မွေးရာပါနိုင်ငံသားနှင့် နေထိုင်ခွင့် အခြေအနေ တို့ပါဝင်သည်။

အမျိုးသားနှင့် ယောက်ျားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သက်ရောက်မှုများစွာသည် အမျိုးသမီးများနှင့် မိန်းကလေးများ ခံစားရသည်နှင့် အလားတူ သော်လည်း၊ အမျိုးသားနှင့် ယောက်ျားလေးများအပေါ် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဝန်ဆောင်မှု ပေးသူများအနေဖြင့် နားလည်သင့်သည့် ကျွမ်းကျင်မှု အချို့ရှိပါသည်။[၇၃] အမျိုးသမီးများနှင့် မိန်းကလေးများအား ဝန်ဆောင်မှုပေးရန် ရည်ရွယ်ချက်ဖြင့် အဓိက ဖွဲ့စည်းထားသော အဖွဲ့အစည်းများနှင့်/သို့မဟုတ် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံသော နေရာများမှ တစ်ဆင့် ဝန်ဆောင်မှုပေးသော အဖွဲ့များအနေဖြင့် ယောက်ျားလေးများနှင့် အမျိုးသားများမှ အဖြစ်အပျက်များကို ထုတ်ဖော်မှု ပြုလာသည့်အခါ မည်သို့တုံ့ပြန်ရမည်ဆိုသည်ကိုလမ်းကြောင်းပေးသည့် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ ရှိရန် လိုအပ်မည်ဖြစ်သည်။ဖြစ်စဉ်အားဝန်ဆောင်မှု ပေးသူကို လွှဲပြောင်းရာတွင် အမျိုးသားများနှင့် သင့်လျော်သော ဝန်ဆောင်မှု စတင်ဝင်ရောက်နိုင်ရန် အချက်များ ပါရှိသော ပရိုတိုကောများ ပါရှိရန် လိုအပ်ပါသည်(ဥပမာ အမျိုးသားရှင်သန်လွတ်မြောက်သူများအား ဆေးကုသစောင့်ရှောက်နိုင်ရန် သင်တန်းရရှိ ထားသော ကျန်းမာရေး စောင့်ရှောက်သူ၊ သို့မဟုတ် အခြား အကာအကွယ်ပေးရေး (သို့မဟုတ်) စိတ်ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်သူ)။ ထိုသို့သောရွေးချယ်မှုများ မရရှိနိုင်ပါက၊ အဖွဲ့အစည်းတစ်ခုခုသည် အနီးနားရှိ ကျန်းမာရေးဆေးပေးခန်းကဲ့သို့သော အခြားနေရာတစ်ခုတွင် ရှင်သန်လွတ်မြောက်သူနှင့် လုပ်ဆောင်နိုင်ပါသည်။[၇၄]

## Tools and Resources


Crehan, P. et al. (2015). *Violence Against Women and Girls: Brief on Violence Against Sexualand Gender Minority Women*. Violence Against Women and Girls (VAWG) Resource Guide. Washington, D.C.: World Bank. http://www.vawgresourceguide.org/sites/vawg/files/briefs/vawg_resource_guide_sexual_and_gender_minority_women_final.pdf.

HelpAge International (2017). *Violence against Older Women.* Discussion Paper. November2017. http://www.helpage.org/download/5a1848be4c5ee .

IRC and Women's Refugee Commission (2015). "I see that it is possible": Building Capacity for Disability Inclusion in Gender-based Violence Programming in Humanitarian Settings. http://gbvresponders.org/wp-content/uploads/2015/06/Building-Capacity-for-Disability-Inclusion-in-Gender-Based-Violence-Programming-in-Humanitarian-Settings-v2.pdf.

IRC and the Women's Refugee Commission (2015). *GBV and Disability Inclusion Toolkit.* Available from: https://gbvresponders.org/response/disability-inclusion-2/.

Age and Disability Consortium (2017). *Age and Disability Training Course – Trainer's Handbook.*London: RedR UK on behalf of the Age and Disability Consortium. Available from: https://reliefweb.int/sites/reliefweb.int/files/resources/ADCAP_Training%20Handbook%202017.pdf.

United Nations Population Fund (UNFPA) (2018). *Young Persons with Disabilities: Global Studyon Ending Gender-based Violence and Realizing Sexual and Reproductive Health and Rights.* https://www.unfpa.org/sites/default/files/pub-pdf/Final_Global_Study_English_3_Oct.pdf.

United Nations High Commissioner for Refugees (UNHCR) (2015). *Protecting Persons with Diverse Sexual Orientations and Gender Identities: A Global Report on UNHCR's Efforts to Protect Lesbian, Gay, Bisexual, Transgender, and Intersex Asylum-Seekers and Refugees.* https://www.refworld.org/docid/566140454.html.

# စံနှုန်း ၂

# အမျိုးသမီးများနှင့်မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း

**အမျိုးသမီးများနှင့်မိန်းကလေးများသည် GBV ကို တားဆီးရန်နှင့် ရှင်သန်လွတ်မြောက်သူများအား အရည်အသွေးရှိသော ဝန်ဆောင်မှုများရရှိရန် ပံ့ပိုးပေးရာတွင် လူသားချင်းစာနာ ထောက်ထားမှုကဏ္ဍ၌ သြဇာလွှမ်းမိုးနိုင်သည့် တက်ကြွသော မိတ်ဖက်များနှင့် ခေါင်းဆောင်များအဖြစ် ပါဝင်ကြသည်။**

အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ကိုယ်ပိုင်ကာကွယ်မှုတွင် အဓိကကျသူ များဖြစ်ကြပြီး GBV စီမံကိန်းတစ်လျှောက်လုံးတွင် အကာအကွယ်ဆိုင်ရာ အန္တရာယ်များနှင့် ဖြေရှင်းချက်များကို ဖော်ထုတ်ရာတွင် ၎င်းတို့သည် တက်ကြွသောမိတ်ဖက်များဖြစ်စေရန် အရေးကြီး ပါသည်။ အရေးပေါ်အခြေအနေ စတင်ချိန်မှစ၍ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်မှုသည် ပိုမိုကောင်းမွန်သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ရလဒ်များနှင့် အရည်အသွေးမီ GBV တုံ့ပြန်ရေးဝန်ဆောင်မှုများကို ဖြစ်ပေါ်စေပါသည်။ အဓိပ္ပာယ်ပြည့်ဝသော ပူးပေါင်းပါ ဝင်မှုသည် ၎င်းတို့ ၏စွမ်းရည်မြင့်တက်စေပြီး ၎င်းတို့၏အမြင်များနှင့် စိုးရိမ်မှုများကို မျှဝေရန် နေရာတစ်ခုအား မြှင့်တင်ပေးပါသည်။[၇၅] ဥပမာအားဖြင့်၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ တက်ကြွစွာပါဝင်မှုသည် ဝန်ဆောင်မှုပေးသူများအား လက်လှမ်းမီနိုင်သောနေရာတွင် ဝန်ဆောင်မှုပေးရန်၊ ဝန်ဆောင်မှုများအကြောင်း အသိပညာပေးရန် (စံသတ်မှတ်ချက် ၇၊ လွှဲပြောင်းညွှန်းပို့ခြင်းစနစ် ကိုကြည့်ပါ) နှင့် GBV တုံ့ပြန်မှုများ၏ အရည်အသွေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတစ်ခုလုံးကို အကဲဖြတ်ရန် ပံ့ပိုးပေးနိုင်ပါသည်။

အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်မှုသည် ၎င်းတို့၏ လက်ရှိစွမ်းဆောင်ရည်နှင့် အရင်းအမြစ်များကို တည်ဆောက်ခြင်းဖြင့် ရပ်ရွာလူထု၏ခံနိုင်ရည်အား မြှင့်တင်ပေးပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များ၏ လုပ်ဆောင်ချက်များသည် လက်ရှိ ရှိနေသည့် အမျိုးသမီးများ ဦးဆောင်သော နှင့် ရပ်ရွာအခြေပြု အကာအကွယ်ပေးရေး ယန္တရားများကို စဉ်ဆက်မပြတ် မြှင့်တင်ပြီး ကူညီ ပေးသင့်ပါသည်။ အထူးသဖြင့် တရားဝင်တုံ့ပြန်မှုစနစ်များနှင့် ဝန်ဆောင်မှုများသည် အရေးပေါ်အခြေအနေများတွင် အားနည်းနေနိုင်သည် သို့မဟုတ် မရှိနိုင်သောကြောင့်ဖြစ်သည်။ ထို့အပြင်၊ အကျပ်အတည်းကြောင့် တိုက်ရိုက်ထိခိုက်ခံစားရသည့် လူ့အဖွဲ့အစည်းများ၌ အမျိုးသမီး များနှင့် မိန်းကလေးများ၏ ဂုဏ်သိက္ခာကို ပြန်လည်ထူထောင်ရန်နှင့် တစ်ဦးချင်းခံနိုင်ရည်အား အားကောင်းစေရန် အပါအဝင် တုံ့ပြန်မှုတွင် အလွန်အရေးကြီးပြီး တန်ဖိုးထားသင့်သည့် အရည်အချင်းများနှင့် အရည်အသွေးများရှိသည်။ ထိခိုက်ခံစားရသည့်အသိုက်အဝန်းမှ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ ပါဝင်မှုသည် တစ်ဦးချင်းနှင့် ဒေသခံအမျိုးသမီးများ၏ လှုပ်ရှားမှုများနှင့် အဖွဲ့များမှတစ်ဆင့်၊ ဒေသဆိုင်ရာစွမ်းရည်ကို မြှင့်တင်ပေးခြင်း၊ ပိုင်ဆိုင်မှုကို မြှင့်တင်ပေးခြင်း၊ ခံနိုင်ရည်အားတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုကို တိုးတက်စေပါသည်။[၇၆]

ပုံမှန်တုံ့ပြန်ချက် သို့မဟုတ် တာဝန်ခံမှု ယန္တရားများမှတဆင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်မှုသည် လူသားချင်း စာနာထောက်ထား မှုဆိုင်ရာ စီမံကိန်းများ၏ မျှော်မှန်းမထားသော မလိုလားအပ်သည့် အန္တရာယ်ဖြစ်စေသော အကျိုးဆက်များကို စောင့်ကြည့်ခြင်းအား အန္တရာယ် လျှော့ပါးရေး လှုပ်ရှားမှုများနှင့် ပိုမိုကျယ်ပြန့်သော ရပ်ရွာလူထု ထိတွေ့ဆက်ဆံမှုမှတဆင့် ကိုင်တွယ်ဖြေရှင်းရန် ပံ့ပိုးပေးပါသည်။ (စံသတ်မှတ်ချက် ၉၊ ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျှော့ပါးသက်သာစေရေး ကိုကြည့်ပါ။) ထိခိုက်ခံစားရသူများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် တိုင်ပင်ဆွေးနွေးခြင်းဖြင့် စုဆောင်းရရှိထားသော အချက်အလက်များကို အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုခြင်းနှင့် ဝန်ဆောင်မှုများနှင့် တားဆီးကာကွယ်ရေးနှင့် လျှော့ပါးသက်သာစေရေး လုပ်ငန်းများသို့ လက်လှမ်းမီရယူနိုင်ရေး ကို ပံ့ပိုးရာတွင် ပါဝင် သင့်သည်။ ဘေးဖယ်ခံထားရသူများ၏ စကားသံများပါရှိစေရန် နည်းလမ်းရှာဖွေခြင်းအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုသည် ပိုမိုထိရောက်ပြီး လိုက်လျောညီထွေဖြစ်သည့် တုံ့ပြန်မှုအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ အချက်အလက်များ၏ တိကျမှုကို တိုးတက်စေရန် ကူညီပေးပါသည်။[၇၇]

| အဓိကလုပ်ဆောင်ချက်များ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| အမျိုးသမီးများနှင့် မိန်းကလေးများနှင့် အတူ GBV အန္တရာယ်များ၊ ပူးပေါင်းပါဝင်ခြင်း၊ အကူအညီများပေးပို့ခြင်း၊ ဝန်ဆောင်မှုများ စသည်တို့တွင် ၎င်းတို့၏ လက်လှမ်းမီမှုနှင့် ကန့်သတ်ချက်များ ၊ (ဥပမာ၊ အချိန်၊ နေရာများ၊ လှုပ်ရှားမှုများ၏ ဘေးကင်းမှု စသည်) တိုကို အနည်းဆုံး သုံး လတစ်ကြိမ် တိုင်ပင်ဆွေးနွေးပါ။ ဤအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ဗျူဟာများ ရေးဆွဲပြီး တိုင်ပင်ဆွေးနွေးသူများနှင့် ပိုမိုကျယ်ပြန့်သော အသိုက်အဝန်းအား တုံ့ပြန်အကြံပြုချက်များပေးပါ။ | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်မှုကို လွယ်ကူချောမွေ့စေခြင်းဖြင့် စီမံကိန်း၏ အဆင့်တိုင်းတွင် GBV စီမံကိန်းရေးဆွဲခြင်းအစီအစဥ်ဆောင်ရွက်မှုကို အသိပေးရန်သေချာပါစေ။ (ဥပမာ၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖြစ် ၎င်းတို့အားခေါ်ယူခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဘာသာပြန်ခြင်း ကိုဖြည့်ဆည်းပေးခြင်း)။ | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးများနှင့် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် ပါဝင်ခြင်းအတွက် အတားအဆီးများနှင့် အန္တရာယ်များ၊ ၎င်းတို့အတွက်ဝန်ဆောင်မှုများကို ဖော်ထုတ်ဖြေရှင်းပြီး အချို့သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် GBV ၏ အန္တရာယ်များကို ဖြစ်ပေါ်စေသည့် သီးခြားအတားအဆီးများနှင့် ခွဲခြားဆက်ဆံမှုများကို ပိုမိုသေချာနားလည်သဘောပေါက်မှုကို မြှင့်တင်ပါ။[၇၈] | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးများနှင့်အတူ အကြီးမားဆုံးသော ဖယ်ကျဉ်ခံထားရမှုများ နှင့် အန္တရာယ်များကို ရင်ဆိုင်ရသူများကို ဖော်ထုတ်သတ်မှတ်ပြီး ၎င်းတို့၏ ပါဝင်မှုကို သေချာစေရန် အစီအစဥ်များလုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများနှင့် သီးသန့် အုပ်စုလိုက်ဆွေးနွေးမှုများ၊ အဓိကသတင်းပေး သူများနှင့် အင်တာဗျူးများ အားလုံးတွင် အမျိုးသမီးများဖြင့်သာဆောင်ရွက်ပြီး အမျိုးသမီးများနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများ အားလုံး အဆင်ပြေချောမွေ့စွာ လက်လှမ်းမီနိုင်ရေး၊ သီးသန့်ရုပ်ပိုင်းဆိုင်ရာနေရာများ နှင့် ဆယ်ကျော်သက်မိန်းကလေးများအတွက် အံဝင်ခွင်ကျရှိသော အုပ်စုလိုက်ဆွေးနွေးမှုမေးခွန်းများ သတ်သတ်မှတ်မှတ်ရှိရေးကို သေချာစေပါ။ | ✔ | ✔ | ✔ |
| အပြည့်ပြည့်ဆိုင်ရာ ပူးပေါင်းပါဝင်မှုစံနှုန်းများကို လေးစားလိုက်နာခြင်း[၇၉]<br>• အမျိုးသမီးများနှင့်မိန်းကလေးများအား စိတ်ဒဏ်ရာရစေရာ/အရှက်ရစေမည့် အချက်အလက်များကိုအများရှေ့မဖော်ပြစေခြင်း၊ ဆန္ဒမရှိလျှင် ပါဝင်ရန် မလိုအပ်ဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ခွင့်ပြုထားခြင်း၊<br>• အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ထိတွေ့ဆက်ဆံရသော ဝန်ထမ်းများသည် တိုင်ပင်ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြရမည်၊ အကြံပြုချက်များအတွက် အခွင့်အလမ်းများ ပေးကာ လျှို့ဝှက်ထားရန် သေချာစေရမည်။ ပါဝင်မှုသည် အကာအကွယ်ဆိုင်ရာအန္တရာယ်များဆီသို့ မည်သည့်အခါမျှ မဦးတည်စေရပါ။[၈၀] | ✔ | ✔ | ✔ |
| ရပ်ရွာခေါင်းဆောင်မှုပုံစံများတွင် သက်ကြီးရွယ်အိုအမျိုးသမီးနှင့် အသက်ကြီးသောဆယ်ကျော်သက်များ၏ ကိုယ်စားပြု ပါဝင်မှုအား ပံ့ပိုးပေးပြီး အမျိုးသမီးများ၏အခွင့်အရေး၊ ခေါင်းဆောင်မှုစွမ်းရည်၊ စေ့စပ်ညှိနှိုင်းရေး စွမ်းရည်နှင့် လူအများရှေ့စကားပြောဆိုခြင်းတို့တွင် အမျိုးသမီးခေါင်းဆောင်များ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီပါ။ | ✔ | ✔ | ✔ |
| ကျား-မ မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းရေးနှင့်/ အရေးပေါ်အခြေအနေတွင် GBV တုံ့ပြန်မှုနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေသော ဒေသခံ အမျိုးသမီးများ ဦးဆောင်သော အမျိုးသမီး အဖွဲ့အစည်းများအပြင် ဆယ်ကျော်သက်မိန်းကလေးများ ကွန်ရက်များနှင့် ဆယ်ကျော်သက်မိန်းကလေးများ ဦးဆောင်သော လူငယ်အုပ်စုများနှင့် မိတ်ဖက်ပူးပေါင်းခြင်းနှင့် ပံ့ပိုးကူညီခြင်း (ဥပမာ၊ ရန်ပုံငွေနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သင့်လျော်သောညှိနှိုင်းရေးဖိုရမ်များတွင် ၎င်းတို့၏အသံများကို တိုးမြှင့်ပါဝင်စေခြင်းဖြင့်) ကိုဖော်ထုတ်ပါ။ | ✔ | ✔ | ✔ |
| သက်မွေးဝမ်းကျောင်းသင်တန်းများ၊ အသေးစားလုပ်ငန်းများ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုကဲ့သို့သော စီးပွားရေးအရ စွမ်းဆောင်နိုင်မှုဆိုင်ရာ လုပ်ငန်းများတွင် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ ပါဝင်နိုင်ရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာအဖွဲ့များနှင့် နီးကပ်စွာ ချိတ်ဆက်ပါ (စံသတ်မှတ်ချက် ၁၂ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် အသက်မွေးမှုလုပ်ငန်းများ ကိုကြည့်ပါ။) | ✔ | ✔ | ✔ |
| ဆယ်ကျော်သက်မိန်းကလေးများ၏ စွမ်းဆောင်နိုင်မှုနှင့် ဘဝတွက်တာကျွမ်းကျင်စရာစွမ်းရည်များကို တည်ဆောက်ရန် အခွင့်အလမ်းများပေးသည့် ပညာရေးအစီအစဉ်များကို ဖော်ထုတ်တည်ဆောက်ပါ။ | ✔ | ✔ | ✔ |
| အာဏာမညီမျှမှုကို ပြတ်သားစွာကိုင်တွယ်ဖြေရှင်းခြင်းနှင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ၏ ခေါင်းဆောင်မှုနှင့် အဓိပ္ပာယ်ပြည့်ဝသော ဆုံးဖြတ်ချက်ချခြင်းကို မြှင့်တင်ပေးသည့် GBV စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ပါ။ | ✔ | ✔ | ✔ |
| အသိပညာပေးရာတွင်သုံးသည့် သင်ထောက်ကူပစ္စည်းများသည် ဒေသနှင့် သက်ဆိုင်ပြီး၊ ဘာသာပြန်ထားကာ လက်ခံနိုင်၍ သင့်လျော်ကြောင်း သေချာစေရန် လူထုနှင့် အတူအတူ လုပ်ဆောင်ပါ။ စာတတ်မြောက်မှုနည်းသော အသိုင်းအဝိုင်းများအတွက် ရုပ်ပုံကားချပ်များ ဖန်တီးခြင်းကဲ့သို့သော (စံနှုန်း ၇၊ လွှဲပြောင်းညွှန်းပို့ခြင်းကို ကြည့်ပါ။) | ✔ | ✔ | ✔ |
| လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ တွင် ဖော်ပြထားသည့်အတိုင်း ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချသည့်အဆင့်၌ အမျိုးသမီးများနှင့် မိန်းကလေးများ ပါဝင်နိုင်ရန် ပံ့ပိုးကူညီပါ။[၈၁] | | | ✔ |

GBV စီမံကိန်းကို ဆန့်ကျင်သည့် တုံ့ပြန်မှုကို ရှောင်ရှားရန်နှင့် GBV ဝန်ဆောင်မှုများ လက်ခံမှုကို မြှင့်တင်ရန် အထူးသဖြင့် ရပ်ရွာခေါင်းဆောင်များ၊ အမျိုးသားများနှင့် ယောကျ်ားလေးများနှင့် ထိတွေ့ဆက်ဆံခြင်းက အသုံးဝင်ပါသည်။ အမျိုးသားများနှင့် အမျိုးသမီး ဆုံးဖြတ်ချက်ချသူများနှင့် ရပ်ရွာအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခြင်းသည် GBV စီမံကိန်းအတွက် ပိုမိုကျယ်ပြန့်သောအသိုင်းအဝိုင်း၏ နားလည်မှုနှင့် ပံ့ပိုးကူညီမှုတို့ကို ပံ့ပိုးပေးခြင်းဖြင့် ဆန့်ကျင်သည့် တုံ့ပြန်မှုများကို လျော့ပါးစေနိုင်သည်။

ပူးပေါင်းပါဝင်မှုသည် စွမ်းဆောင်ရည်မြှင့်တင်မှု၏ အဓိကကျသော ကဏ္ဍတစ်ခုဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် အမျိုးသမီးများ ဆုံးဖြတ်ချက်များချခြင်း၊ ၎င်းတို့၏ကိုယ်ပိုင်အစီအစဉ်များသတ်မှတ်ခြင်း၊ ကျွမ်းကျင်မှုများ (နှင့်/သို့မဟုတ် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အသိပညာများကို အသိအမှတ်ပြုခြင်း)၊ ပြဿနာများဖြေရှင်းခြင်းနှင့် မိမိကိုယ်ကိုအားကိုးခြင်းတို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်းအပါအဝင် အမျိုးသမီးများသည် ၎င်းတို့၏ဘဝကို ကိုယ်တိုင်ချုပ်ကိုင်နိုင်စေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။[၈၂] စွမ်းဆောင်ရည် မြှင့်တင်မှုသည် အမျိုးသမီးများအား ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ရန်နှင့် ၎င်းတို့၏ဘဝများအပေါ် သက်ရောက်မှု ရှိသော မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် အင်စတီကျူးရှင်းများ (ကျား-မ ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုကို တည်တံ့ခိုင်မြဲစေသော ဖွဲ့စည်းပုံများနှင့် အဖွဲ့အစည်းများ အပါအဝင်) အပေါ်လွှမ်းမိုးနိုင်ရန် ခွင့်ပြုပေးသည်။ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အယူအဆသည် လူမှုရေးရာပြောင်းလဲမှုလုပ်ငန်းတွင် ရှည်လျားသောသမိုင်းကြောင်းရှိပြီး အဓိပ္ပာယ်ပြည့်ဝသော ရွေးချယ်မှုများ ပြုလုပ်နိုင်မှုရရှိခြင်း၏ အရေးပါမှုကို အလေးပေးသောအချက်ဖြစ်သည်။[၈၄]

စွမ်းဆောင်ရည်မြှင့်တင်မှုတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့ကိုယ်ကို အမျိုးသားများနှင့် ယောကျ်ားလေးများ နည်းတူတန်းတူညီမျှ ဆုံးဖြတ်ချက်ချနိုင်ခွင့်နှင့် ဆုံးဖြတ်ချက်များချနိုင်သည်ဟု ထင်မြင်စေသော လုပ်ငန်းစဉ်များ ပါဝင်သည်။ ဤလုပ်ငန်းစဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် စွမ်းဆောင်ရည်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိခြင်းနှင့် ဆုံးဖြတ်ချက်များ အပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်းရှိသူများအဖြစ် သူတို့ကိုယ်သူတို့ သိမြင်လာစေရန် အနုတ်လက္ခဏာ ဆောင်သောလူမှုရေးစံနှုန်းများကို ဖျက်သိမ်းခြင်း ပါဝင်ရမည်ဖြစ်သည်။[၈၅] စွမ်းဆောင်ရည်မြှင့်တင်ရန်၊ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ အခွင့်အရေးများကို တန်းတူခံစားခွင့်ရရှိရုံသာမကဘဲ (ဥပမာ၊ ပညာရေးနှင့် ကျန်းမာရေး ဆိုင်ရာအခွင့်အရေးများ) နှင့် အရင်းအမြစ်များနှင့် အခွင့်အလမ်းများ (ဥပမာ၊ မြေယာနှင့် အလုပ်အကိုင်) တို့ကို ညီတူညီမျှရရှိခွင့် ရှိရမည်ဖြစ်သော်လည်း အဆိုပါအခွင့်အရေးများကို ကျင့်သုံးရန်၊ ၎င်းတို့၏ စွမ်းရည်များကို အပြည့်အဝအသုံးချရန်နှင့် မဟာဗျူဟာမြောက် ရွေးချယ်မှုများနှင့် ဆုံးဖြတ်ချက်များချမှတ်ရန် အေဂျင်စီမှဆောင်ရွက်ပေးမှုနှင့် ဘေးကင်းလုံခြုံမှုရှိရမည်။[၈၆] စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကြားဝင်ဆောင်ရွက်ပေးမှုများတွင် ရှင်သန် လွတ်မြောက်သူ၏ ထုတ်ဖော်ပြောဆိုမှုများကို အားပေးသည့် အာဏာ၊ ထိန်းချုပ်မှုနှင့်အကြမ်းဖက်မှုဆိုင်ရာ ခက်ခဲသော ဆွေးနွေးမှုများပါဝင်လေ့ရှိသောကြောင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်တွင် တုံ့ပြန်ရေးဝန်ဆောင်မှုများ ထားရှိရန် သို့မဟုတ် ထူထောင်ရန် လိုအပ်ပါသည်။

ပါဝင်ခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များတွင် ကျား-မ မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အခြေခံကျသော ကဏ္ဍတစ်ခုဖြစ်သည်။ . လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် GBV စီမံကိန်းများ အားလုံးသည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အရေးပေါ်အခြေအနေများတွင် စီမံကိန်းရေး ဆွဲခြင်းကို အသိပေးရန်နှင့် အခြားကဏ္ဍများတွင် ကျား-မ တန်းတူ ညီမျှမှုကို မြှင့်တင်ရန် အတွက် ကျား-မ တန်းတူညီမျှမှု မရှိခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လိင်နှင့် အသက် အရွယ်ကို အခြေခံ၍ ကောက်ခံထားသည့် အချက်အလက် များကို အသုံးပြုရမည်။
(ဥပမာ *Guidelines for Integrating Gender-Based Violence Interventions in Humanitarian Action: Reducing risk, promoting resilience andaiding recovery* and the Introduction ကိုကြည့်ပါ။).

*ပါဝင်ခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များတွင် ကျား-မ မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အခြေခံကျသော ကဏ္ဍတစ်ခုဖြစ်သည်။*

GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေး စီမံကိန်းများတွင် အမျိုးသမီးများနှင့် အမျိုးသားများနှင့် မိန်းကလေးများနှင့် ယောကျ်ားလေးများ အကြား မညီမျှသော အာဏာဆက်ဆံရေးကို ဖော်ထုတ်ဖြေရှင်းရန်နှင့် ၎င်းတို့၏အခွင့်အရေးများကို တောင်းဆိုရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများ၏ စွမ်းရည်နှင့် မိမိကိုယ်ကို ယုံကြည်မှုကို တက်ကြွစွာမြှင့်တင်ရန် လိုအပ်သည် (စံနှုန်း ၁၃ - စနစ်များနှင့် လူမှုရေးဆိုင်ရာ စံနှုန်းများ ကို ပြောင်းလဲခြင်း ကိုကြည့်ပါ)။ .ဤမညီမျှသော အာဏာဆက်ဆံရေးများကို နားလည်သဘောပေါက်ခြင်းသည် ပူးပေါင်းပါဝင်မှု ချဉ်းကပ်နည်းများကို ကျင့်သုံးခြင်းအတွက် အရေးကြီးပြီး လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာတုံ့ပြန်မှုတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား တက်ကြွသောမိတ်ဖက်များအဖြစ် ပါဝင်ကြောင်း သေချာစေပါသည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးသောပတ်ဝန်းကျင်တစ်ခုသည် မိမိဘဝကိုပိုင်ဆိုင်မှုနှင့် ကျယ်ပြန့်သော အသိုက်အဝန်းအတွင်း ပါဝင်မှုကို ခံစားမိစေရန် အမြဲမြှင့်တင်သင့်သည်။[၈၇]

GBV ဆောင်ရွက်သည့်အဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍသည် အမျိုးသမီးများနှင့်မိန်းကလေးများပါဝင်မှုနှင့် ခေါင်းဆောင်မှုအား စည်းရုံးခြင်းနှင့် အားကောင်းလာစေရန်အတွက် ပတ်ဝန်းကျင်တစ်ခုဖြစ်ကြောင်းသေချာစေရန် အတူတကွ ပူးပေါင်း လုပ်ဆောင်သင့်ပြီး အကျပ်အတည်းဒဏ်ခံရသူများသည် စီမံကိန်းရေးဆွဲခြင်း၏ရှုထောင့်အားလုံးကို လွှမ်းမိုးနိုင်ရ မည်ဖြစ်သည်။ GBV ကာကွယ်တားဆီးရေးနည်းလမ်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများအေဂျင်စီကို တိုးမြှင့်ခြင်းနှင့် မညီမျှမှုကိုဆက်လက်ဖြစ်ပေါ် စေသည့်စနစ်များကို အသွင်ပြောင်းရန် ဆောင်ရွက်မှုတွင် ၎င်းတို့၏နေရာများကို ချဲ့ထွင်ခြင်း၏ အရေးကြီးမှုကိုလည်း အသိအမှတ် ပြုပါသည်။ ကျယ်ပြန့်သော စွမ်းဆောင်ရည်မြှင့်တင်သည့် ချဉ်းကပ်မှုတစ်ခုသည် ကျား-မတန်းတူညီမျှမှုဆီသို့ အပြုသဘောဆောင်သော အပြောင်းအလဲများကို တွန်းအားပေးရန်နှင့် ဆန့်ကျင်သောတုံ့ပြန်မှု များကို ရှောင်ရှားရန် အမျိုးသားများနှင့် ယောကျာ်းလေးများ နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်  ဘေးကင်းသည့်အမျိုးသမီးများ၏ ဦးဆောင်မှုကို အားပေးသင့်သည်။ ပူးပေါင်းပါဝင်မှုတွင် အတားအဆီး များကို ကိုင်တွယ်ဖြေရှင်းသင့်သော်လည်း ရပ်ရွာအဖွဲ့ဝင်များက ဆန္ဒမရှိပါက ၎င်းတိုအနေဖြင့် ပါဝင်ရန် မလိုအပ်ပါ။

## အညွှန်းကိန်းများ

- လက်လှမ်းမီရန် အတားအဆီးများ နှင့် ရင်ဆိုင်နေရသော အမျိုးသမီးများနှင့် မိန်းကလေးများအားလုံး၏ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်မှုကို သေချာစေရန်အတွက် လုံခြုံပြီး၊  အပြစ်တင်မှုမရှိသော နည်းလမ်းဖြင့် အထူးတည်ထောင်ထားသည့် ဖိုရမ်။
- လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များ ခြုံငုံသုံးသပ်ချက်(Humanitarian Needs Overview) သည် ကျား၊မ ခွဲခြမ်းစိတ်ဖြာမှု၊ လိင်နှင့် အသက်အရွယ်ကို အခြေခံ၍ ကောက်ခံထားသည့် အချက် အလက်များ အပေါ် အခြေခံထားသည်။[၈၈]
- ဒေသခံအမျိုးသမီးအဖွဲ့အစည်းများနှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ အကြံပြု ချက်များကို လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များ ခြုံငုံသုံးသပ်ချက်     (HNO) / လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် (HRP) တွင် ထည့်သွင်းထားသည်။[89]
- GBVညှိနှိုင်းရေးယန္တရား၏တက်ကြွသောအဖွဲ့ဝင်များဖြစ်ကြသောအမျိုးသမီးဦးဆောင်သောအဖွဲ့အစည်းများနှင့်အုပ်စု များ၏ရာခိုင်နှုန်း။
- နိုင်ငံအခြေပြုစုပေါင်းရန်ပုံငွေများမှ တိုက်ရိုက်ရန်ပုံငွေရရှိသည့် အမျိုးသမီးများ ဦးဆောင်သောအဖွဲ့အစည်းများနှင့် အုပ်စုများ၏ ရာခိုင်နှုန်း။

# လမ်းညွှန်ချက် မှတ်စု

## ၁။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် သက်ဆိုင်သည့် ကန့်သတ်ချက်များကို ကျော်လွှားခြင်း

အမျိုးသမီးများနှင့် မိန်းကလေးများပါဝင်သည့် လှုပ်ရှားမှုအားလုံးကို ၎င်းတို့ကသာ ဦးဆောင်အသိပေးသင့်သည်။ ဥပမာအားဖြင့်၊ အစည်းအဝေးများ သို့မဟုတ် လှုပ်ရှားမှုများကို အချိန်ဇယားဆွဲသည့်အခါ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ လုံခြုံလွယ်ကူစွာ ပါဝင်နိုင်စေရန်အတွက် အချိန်နှင့်တည်နေရာကို ထည့်သွင်းစဉ်းစားသင့်သည်။[၉၀] ပူးပေါင်း ပါဝင်ခြင်းဆိုင်ရာ တွေ့နေကျ အတားအဆီးများသည် အကျပ်အတည်းကာလတွင် ပြောင်းလဲသွားကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများ တိုးတက်လာသည်နှင့်အမျှ ပြောင်းလဲလာမည်ဖြစ်သည်။ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများ ထိတွေ့ဆက်ဆံမှုကို ပိုမိုလွယ်ကူစေရန် သို့မဟုတ် အတားအဆီးများ အဖြစ်သို့ကူးပြောင်းသွားနိုင်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများ ပါဝင်ခြင်းအတွက် ကန့်သတ်ချက်များကို ကျော်လွှားရန်အတွက် အချက်များစွာကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

- အစည်းအဝေးများနှင့် လှုပ်ရှားမှုများ၏ အချိန်နှင့် တည်နေရာနှင့်ပတ်သက်၍ မည်သို့ဆုံးဖြတ်ပြီး မည်သို့ဆက်သွယ်ပြောဆိုထားသနည်း။
- ခရီးသွားရန် လိုအပ်ပါက (အန္တရာယ်ကင်းခြင်း၊ သယ်ယူပို့ဆောင်ရေး ရှိခြင်း၊ လက်လှမ်းမီခြင်း၊  GBV အဖွဲ့များသည် လုံခြုံသောခရီးသွားလာမှုကို မည်သို့ပံ့ပိုးပေးနိုင်သနည်း။ ဆယ်ကျော်သက်မိန်းကလေးများ၊ အသက်ကြီးသော အမျိုးသမီးများ သို့မဟုတ် မသန်စွမ်းမိန်းကလေးများနှင့် အမျိုးသမီးများတစ်ယောက်တည်း ခရီးသွားခြင်းမဖြစ်နိုင်ပါက အစီအစဉ်များပြုလုပ်ရန် လိုအပ်ပါသလား။)
- ရွှေ့လျားနိုင်မှု (အမျိုးသမီးနှင့် မိန်းကလေးများသည် လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနိုင်ပြီး ၎င်းတို့၏ နေအိမ်/ အမိုးအကာများမှထွက်ခွါနိုင်ပါသလား။ အမျိုးသမီးများနှင့် မိန်းကလေးများကို ရွှေ့ပြောင်းရန် မျှော်လင့်ခြင်းထက်၊ ရွှေ့လျား ယူနစ်များကို ဖန်တီးသင့်ပါသလား။)

- ပေးလိုက်ရသောအချိန်အတွက် ပြန်လည် အစားထိုး ပေးခြင်း။ (ဆိုလိုသည်မှာ အစားအစာ/အချိုရည် သို့မဟုတ် အစားအစာမဟုတ်သော ပစ္စည်းကဲ့သို့သော အရာဝတ္ထု ပစ္စည်းများ အစားထိုးပေးခြင်း)
- "ထိန်းချုပ်နိုင်သူများ gatekeepers" (ဥပမာ၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်ခွင့်ကို လွယ်ကူချောမွေ့စေသည့် သို့မဟုတ် တားမြစ်နိုင်သည့် ရပ်ရွာနှင့် ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် အခြားသူများ) တို့မှ ပါဝင်ပတ်သက်ခြင်းဖြင့် အမျိုးသမီးနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုကို လွယ်ကူချောမွေ့ စေရန်။

> အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများသည် အမျိုးသမီးများ၏ အတွေ့အကြုံများ၊ စွန့်စားရမှုများနှင့် ရှုထောင့်များနှင့်ပတ်သက်၍ ကျွမ်းကျင်သော အသိပညာများ ရှိပြီး ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများနှင့် လူမှုရေးရာပြောင်းလဲမှုပုံစံများ နှစ်မျိုးလုံးအတွက် ချဉ်းကပ်ရာတွင် အဓိကအရေးပါသည်။

- ဘေးကင်းရေး၊ လုံခြုံရေးနှင့် ရပ်ရွာလူထုမှ လုပ်ငန်းစဉ်လုပ်ဆောင်သည့်နေရာများအပေါ် လက်ခံနိုင်မှု၊
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်မှုကို သေချာစေရန် ကွင်းဆင်းမှုဗျူဟာများ (ဥပမာ၊ ရည်ရွယ်ထားသည့်ရပ်ရွာများမှ စေတနာ့ဝန်ထမ်းများပါဝင်မှု နှင့် ကလေးထိန်းစောင့်ရှောက်မှု များကို ပံ့ပိုးပေးခြင်း)၊ နှင့်
- လွယ်ကူချောမွေ့စေမှု (မည်သည့်အုပ်စုမှအမျိုးသမီးနှင့် မိန်းကလေးများသည် မည်သည့်အဖွဲ့ အစည်းများမှ စည်းရုံးရေးမှူးများနှင့် အခြားအဖွဲ့ဝင်များထံ လုံခြုံစွာပြောဆိုနိုင်မည်နည်း။)[၉၁]

အချိန်နှင့်အခြားကန့်သတ်ချက်များသည် အရေးပေါ်အခြေအနေများတွင် ဆက်ဆံရေးကိုပိုမိုစိန်ခေါ်မှု ဖြစ်စေနိုင်သော်လည်း၊ ယုံကြည်မှုကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုဖြင့် အမျိုးသမီးများနှင့်မိန်းကလေးများ၏ တက်ကြွစွာပါဝင်မှု ကိုတိုးမြှင့်နိုင်သည်။[၉၂] ရှင်သန်လွတ်မြောက်သူများအပါအဝင် ဘေးဖယ်ခံထားရသော အမျိုးသမီးနှင့်မိန်းကလေးများအတွက်၊ ဘေးကင်းသောပူးပေါင်းပါဝင်မှုကို လွယ်ကူချောမွေ့စေရန်အတွက် အတည်တကျ သို့မဟုတ် ရွေ့လျားနေသည့် ဘေးကင်းလုံခြုံသောနေရာများ ကဲ့သို့သော အထူးဖိုရမ်ကို တည်ထောင်ရန် လိုအပ်သည် (စံနှုန်း ၈- အမျိုးသမီးနှင့်မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသောနေရာများ ကိုကြည့်ပါ)။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဒေသများတွင် GBV ကို ကိုင်တွယ်ဖြေရှင်းရန် ဒေသဆိုင်ရာဦးစားပေးကိစ္စများသတ်မှတ်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတစ်ခုအား ဒေသအလိုက် လိုက်လျောညီထွေဖြစ်စေခြင်းသည် ဒေသတွင်းနှင့် နိုင်ငံအဆင့် အမျိုးသမီးလှုပ်ရှားမှုများအတွက် စွမ်းရည်မြှင့်တင်ရန်နှင့် ဒေသတွင်းနှင့် အရင်းအမြစ်များနှင့် ကိရိယာများပံ့ပိုးပေးခြင်းတို့အပေါ် အာရုံစိုက်သင့်သည်။ ပြည်တွင်းဒေသခံအမျိုးသမီးအဖွဲ့အစည်းများတွင် ရင်းနှီးမြုပ်နှံခြင်းသည် GBV ဝန်ဆောင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်သာမက အရင်းအမြစ်များဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ၊ အသိပညာ နှင့်ဘဏ္ဍာရေး တို့ကို GBV ဆိုင်ရာအမျိုးသားအဆင့် ဆောင်ရွက်မှုကို အထောက်အကူဖြစ်စေရန်နှင့် အရေးပေါ်အခြေအနေပြီးနောက် ဝန်ဆောင်မှုများ၏ ရေရှည်တည်တံ့နိုင်မှုကို အာမခံနိုင်သည့် အကောင်းဆုံးနေရာဖြစ်သည့် ပြည်တွင်းအမျိုးသမီးအဖွဲ့အစည်းများထံ လွှဲပြောင်းပေးရမည်ဖြစ်သည်။ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများသည် အမျိုးသမီးများ၏ အတွေ့အကြုံများ၊ စွန့်စားရမှုများနှင့် ရှုထောင့်များနှင့်ပတ်သက်၍ ကျွမ်းကျင်သော အသိပညာများ ရှိပြီး ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများနှင့် လူမှုရေးရာပြောင်းလဲမှုပုံစံများ နှစ်မျိုးလုံးအတွက် ချဉ်းကပ်ရာတွင် အဓိက အရေးပါသည်။[၉၃]

> *လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များသည် လက်ရှိ အမျိုးသမီးများ ဦးဆောင်သော နှင့် ရပ်ရွာအခြေပြု အကာအကွယ်ပေးရေး ယန္တရားများကို စဉ်ဆက်မပြတ် မြှင့်တင် ကူညီပေးသင့်သည်၊ အထူးသဖြင့် တရားဝင်တုံ့ပြန်မှုစနစ်များနှင့် ဝန်ဆောင်မှုများသည် အရေးပေါ်အခြေအနေများတွင် အားနည်းနေနိုင်သောကြောင့် သို့မဟုတ် ၊မရှိနိုင်သောကြောင့်ဖြစ်သည်။*

## ၂။ အမျိုးသမီးနှင့် မိန်းကလေးအားလုံး ပူးပေါင်းပါဝင်မှုရရှိစေရန် သေချာစေခြင်း

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ရန် အလျင်စလိုဆောင်ရွက်ရမှုများတွင် အဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ရေးနှင့် ဝန်ဆောင်မှုများအတွက် ဖယ်ကျဉ်ခံထားရသည့် အမျိုးသမီးများနှင့်မိန်းကလေးများ၏ အတားအဆီးများကို အကဲဖြတ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်လေ့ရှိသည်။ GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်များကို ဒီဇိုင်းဆွဲသည့်အခါ ထိခိုက်ခံစားရသော လူထုအတွင်း အပယ်ခံနှင့် ဘေးဖယ်ခံ ထား ရ သူများအတွက် အထူးဂရုပြုသင့်သည်။ (နိဒါန်းကိုကြည့်ပါ)

GBV ခံရနိုင်ခြေပိုများသော အမျိုးသမီးများနှင့် မိန်းကလေးအုပ်စုများတွင် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများ၊ အသက်ကြီးသော အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်းကလေးများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ HIV နှင့် AIDS  ရောဂါခံစားရသော မိန်းကလေးများ၊ အမျိုးသမီးများ နှင့် စီးပွားရေးအရလိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသော ဆယ်ကျော်သက် မိန်းကလေးများနှင့် အမျိုးသမီးများ၊ နှင့် လိင်တူချစ်ခင်စုံမက်သူများ၊ လိင်တူ၊လိင်ကွဲ နှစ်မျိုးလုံးကို ချစ်ခင်စုံမက်သူများ၊ မွေးရာပါလိင်နှင့် မတူကွဲပြားသော ဂျန်ဒါဖော်ပြချက်ရှိသူ အမျိုးသမီးများ ပါဝင်သည်။ ဤဘေးဖယ်ခံထားရသော အုပ်စုများမှ အမျိုးသားနှင့် ယောကျာ်းလေးများသည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရနိုင်ချေပိုများပြီး ဝန်ဆောင်မှုများ  လက်လှမ်းမီ နိုင်ရေးအတွက် ပံ့ပိုးကူညီရန် သီးခြားလုပ်ဆောင်ချက် လိုအပ်ပါသည်။[၉၄]

အမျိုးသမီးနှင့် မိန်းကလေးများ၏ အခွင့်အရေးများ ဆုံးရှုံးခြင်းသည် တစ်ခါတစ်ရံတွင် လူမှုရေးအရ ဖယ်ကျဉ်ခံထားရသော အသိုင်းအဝိုင်းများတွင် အဆိုးရွားဆုံးဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးများအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊ အများဆုံး ဖယ်ကျဉ်ခံရသူများအား သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးရန် မတူညီသော နည်းဗျူဟာများကို မကြာခဏ အသုံးပြုရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင်၊ ပစ်မှတ်ထားသောအကူအညီများပေးရာတွင် သီးခြားအုပ်စုများကို ခွဲခြားခြင်း သို့မဟုတ် အပြစ်တင်ခြင်း မပြုသောနည်းလမ်းဖြင့် ဆောင်ရွက်သင့်သည်။[၉၅] ဥပမာအားဖြင့်၊ နေရာရွှေ့ပြောင်းမှုနှင့် ပဋိပက္ခများအတွင်း မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မကြာခဏ လျစ်လျူရှုခံရပြီး ချန်လှပ်ခံခဲ့ရသည်။ မကြာခဏဆိုသလို ၎င်းတို့၏အချက်အလက်များကို အချက်အလက်စုဆောင်းမှုတွင် မပါဝင်သောကြောင့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများသို့ လက်လှမ်းမီမရောက်ရှိနိုင်ပါ။ အကဲဖြတ်မှုတွင် မရေတွက်ဘဲ ကျန်နေသောအခါတွင် ၎င်းတို့သည် အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း သို့မဟုတ် အကဲဖြတ်ခြင်း တွင် ထည့်သွင်းစဉ်းစားခြင်း မခံရပါ။[၉၆]

 မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ အသံများကို GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်များ ဖန်တီးမှုများတွင် ပါဝင်ထည့်သွင်း အသိပေးသင့်သည်။ ပူးပေါင်းပါဝင်မှုသည် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ နှင့် ၎င်းတို့၏ အကျိုးစီးပွါးကိုဆောင်ရွက်ပေးသည့် အဖွဲ့များ ထံသို့တက်တက်ကြွကြွ   ဆက်သွယ်သွားရောက်ခြင်း၊ ၎င်းတို့၏ အကြံပြုချက်များကို တန်ဖိုးထားခြင်း ကို ဆိုလိုခြင်းဖြစ်ပြီး တက်ကြွတုံ့ပြန်မှုမရှိသည့်ပူးပေါင်းပါဝင်မှုကို မဆိုလိုပါ။

## ၃။ အမျိုးသမီးနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကို ပံ့ပိုးကူညီရန် အမျိုးသား၊ ယောကျာ်းလေးများ နှင့် ထိတွေ့ဆောင်ရွက်ခြင်း

GBV ကို ကာကွယ်ရန်နှင့် တုံ့ပြန်ရန် ကြိုးပမ်းရာတွင် အမျိုးသားများ၊ ယောကျာ်းလေးများနှင့် ထိတွေ့ဆက်ဆံခြင်းသည် ကျား-မ မညီမျှမှုကို ဖြစ်ပေါ်စေသည့် အန္တရာယ်ရှိသော လူမှုစံနှုန်းများကို ပြောင်းလဲခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကျန်းမာရေးနှင့် လုံခြုံမှုကို မြှင့်တင်ပေးခြင်းအတွက် အရေးကြီးပါသည်။[၉၇] အချို့သော အမျိုးသားနှင့် ယောကျာ်းလေးများသည် GBV ကျူးလွန်သူများဖြစ်ကြသော်လည်း၊ အခြားသူများသည် မိတ်ဖက်များ၊ ထောက်ခံသူများနှင့် မဟာမိတ်များဖြစ်ရန် စွမ်းရည်များ ရှိသည်။ အမျိုးသမီးများနှင့် မိန်းကလေးများ ဦးဆောင်သည့် တိကျသော ဗျူဟာများသည် GBV ကို ကာကွယ်ရန်နှင့် တုံ့ပြန်ရန် အတွက် မဟာဗျူဟာမြောက် မဟာမိတ်ဖက်များကို ဖော်ထုတ်သတ်မှတ်ရန်အတွက် အမျိုးသားခေါင်းဆောင်များနှင့် ထိန်းချုပ်နိုင်သူများ (gatekeepers) အထူးသဖြင့် ဘာသာရေးနှင့် ရပ်ရွာခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံရေးကိုရေးဆွဲ အကောင်အထည် ဖော်သင့်သည်။ (စံနှုန်း ၁၃ - စနစ်များနှင့် လူမှုရေး စံနှုန်းများကို ပြောင်းလဲခြင်း ကို ကြည့်ပါ)။ အမျိုးသားများ၏ အပြုသဘော ဆောင်သော ပြောင်းလဲခြင်း အေးဂျင့်များကို ဖော်ထုတ်ပြီးသည်နှင့် ၎င်းတို့သည် ခွဲခြားဆက်ဆံမှုဆိုင်ရာ လူမှုရေးစံနှုန်းများကို စိန်ခေါ်ရန်အတွက် အပြုသဘောဆောင်သော ကျား-မရေးရာ သဘောထားများနှင့် အပြုအမူများကို စံနမူနာပြုနိုင်သည်။ အစဉ်အလာအရကျင့်သုံးသည့်ကျား၊မ ရေးရာ စံနှုန်းများနှင့် ကျင့်ထုံးများ ပြောင်းလဲရာတွင် အမျိုးသားများနှင့် ယောကျာ်းလေးများက ပံ့ပိုးမှုရှိသည်ဟု ခံစားရသည့် ပတ်ဝန်းကျင်ကို ဖန်တီးရန် အရေးကြီးသည်။ GBV ဖြစ်ပေါ်ရန်ပံ့ပိုးပေးသည့် ကျား-မရေးရာ အခန်းကဏ္ဍများနှင့် လူမှုစံနှုန်းများသည် ဘဝစက်ဝန်းတစ်လျှောက်တွင် ပျံ့နှံ့နေသော်လည်း၊ တစ်ခါတစ်ရံတွင် လူငယ်များနှင့် ယောကျာ်းလေးများသည် ကျား-မတန်းတူညီမျှမှုဆိုင်ရာ သတင်းစကားများ သို့မဟုတ် ယောကျာ်းပီသမှု၏ အစားထိုးသဘောတရား များကို ပိုမိုလက်ခံနိုင်သောကြောင့် ၎င်းတို့သည် GBV ကိုကာကွယ်ရာတွင် မိတ်ဖက်များဖြစ်လာစေရန် ပိုမိုလွယ်ကူပါသည်။[၉၈]

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမျိုးသားများနှင့် ထိတွေ့ဆက်ဆံမှုသည် တာဝန်ခံမှုရှိရမည်။ အမျိုးသားများနှင့် ယောကျာ်းလေးများနှင့် ထိတွေ့ဆက်ဆံရန် လုပ်ဆောင်ချက်မှုများသည်၊ အမျိုးသားနှင့် အမျိုးသမီးတို့၏ အချင်းချင်းဆက်စပ်နေသည့် အခန်းကဏ္ဍများ၊ အမျိုးသားနှင့် အမျိုးသမီးတို့အပေါ် လွှမ်းမိုးထားသော သဘောထား၊ အပြုအမူများနှင့် ကျား-မရေးရာ အခန်းကဏ္ဍများကို အခြေခံ၍ အရင်းအမြစ်များအပေါ် ၎င်းတို့၏ ကွဲပြားသော လက်လှမ်းမီခွင့်နှင့် ထိန်းချုပ်မှုကို ကိုင်တွယ်ဖြေရှင်းခြင်းတို့ လုပ်ဆောင်ပေးခြင်းဖြင့် ဤကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သင့်သည်။

> *အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုသည် ၎င်းတို့၏ လက်ရှိစွမ်းဆောင်ရည်နှင့် အရင်းအမြစ်များအပေါ် တည်ဆောက်ခြင်းဖြင့် ရပ်ရွာခံနိုင်ရည်အား မြှင့်တင်ပေးပါသည်။*

အရေးပေါ်အခြေအနေတစ်ခုသည် အပြုသဘောဆောင်သော၊ အကြမ်းမဖက်သော အပြန်အလှန် ဆက်သွယ်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် တစ်ဦးချင်းအဆင့်၊ ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့်/ သို့မဟုတ် အဖွဲ့အစည်းအဆင့်များတွင် လမ်းကြောင်းအသစ်များကို ဖန်တီးပေးနိုင်သည်။[၉၉]

## ၄။ အမျိုးသမီးများနှင့် မိန်းကလေးများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း နှင့် ပူးပေါင်းပါဝင်မှုကို စောင့်ကြည့်လေ့လာခြင်း

အောက်ပါမေးခွန်းများသည် စီမံကိန်းစက်ဝန်းတစ်လျှောက်လုံးတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုကို စောင့်ကြည့် လေ့လာခြင်းကို ပံ့ပိုးပေးနိုင်သည်-

- ပူးပေါင်းပါဝင်မှု/လက်လှမ်းမီခွင့်/ခေါင်းဆောင်မှု-ဖယ်ကျဥ်ခံရသည့်အဖွဲ့အားလုံးမှ အမျိုးသမီးများနှင့် မိန်းကလေးများ သည်အစီအစဉ်တွင် မည်သို့ ပါဝင်နိုင်သနည်း။ ၎င်းတို့၏ပါဝင်မှုအတိုင်းအတာသည် အဘယ်နည်း (၎င်းတို့၏ ပါဝင်မှု အခြေအနေများသည် ဘေးကင်းပြီး အချိန်နှင့်တစ်ပြေးညီ အသိပေးထားခြင်းရှိပါသလား)။ ပူးပေါင်းပါဝင်ခြင်းတွင် မည်သည့် အတားအဆီးများကို ကြုံတွေ့ရပြီး မည်သို့ကျော်လွှားနိုင်မည်နည်း။ ဆုံးဖြတ်ချက်ချခြင်း သို့မဟုတ် ခေါင်းဆောင်မှုတွင် မိန်းကလေးများနှင့်/သို့မဟုတ် အမျိုးသမီးများ၏ပါဝင်မှုကို မည်ကဲ့သို့တွန်းအားပေး နိုင်သနည်း။ အထူးသဖြင့် ဆက်သွယ်သွားရောက်ရန်လိုအပ်သော အန္တရာယ်ကြုံနိုင်ချေရှိသည် အမျိုးသမီးနှင့် မိန်းကလေး အုပ်စုခွဲများ ရှိပါသလား။
- နောက်ဆက်တွဲဆိုးကျိုးများ/ မကောင်းသော အကျိုးဆက်များ - စီမံချက်သည် အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် အခြေအနေကို ပိုဆိုးစေပါသလား။ ဘယ်လိုနည်းတွေနဲ့ လုပ်ဆောင်နိုင်ပါသလဲ။ ဘယ်အတိုင်းအတာအထိ လုပ်ဆောင်နိုင်ပါသလဲ။ ဤအပျက်သဘောဆောင်သော ဆိုးကျိုးသက်ရောက်မှုကို ဘယ်အရာက ပြောင်းလဲနိုင် သနည်း။
- သာတူညီမျှမှု- အမျိုးသမီးများ၊ မိန်းကလေးများ သို့မဟုတ် အခြားသော အန္တရာယ်ရှိအုပ်စုများကို ဖယ်ထုတ်ထား ပါသလား။ မည်သူများထံရောက်ရှိရန် လိုအပ်သေးသနည်း။
- စွမ်းဆောင်ရည်မြှင့်တင်နိုင်မှု- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား စီမံကိန်းလုပ်ဆောင်မှုဖြင့် စွမ်းဆောင်ရည် မြှင့်တင်နိုင်ပါသလား။ မည်သို့လုပ်ဆောင်နိုင်ပါသလဲ။ ဘယ်အတိုင်းအတာအထိလုပ်ဆောင်နိုင်ပါသလဲ။ သူတို့ရဲ့ စွမ်းဆောင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည့် တခြားဘယ်အရာရှိသလဲ။

## Tools and Resources

Abdul Latif Jamal Poverty Action Lab (J-PAL) (2018). *A Practical Guide to Measuring Women'sand Girls' Empowerment in Impact Evaluations*. https://www.povertyactionlab.org/research-resource/practical-guide-measuring-women-and-girls-empowerment-impact-evaluations.

Action Aid (2016). *On the Frontline: Catalysing Women's Leadership in Humanitarian Action.* https://actionaid.org.au/resources/on-the-frontline-catalysing-womens-leadership-in-humanitarian-action/

Cornwall, A. (2014). “Women’s Empowerment: What Works and Why?” in *Special Issue: Aidfor Gender Equality and Development, Journal of International Development,* Vol. 28, Issue 3. https://onlinelibrary.wiley.com/doi/full/10.1002/jid.3210.

International Rescue Committee (IRC) (2018). *Girl Shine Program Model and Resource Package for the Protection and Empowerment of Adolescent Girls in Humanitarian Settings.Available* from: https://gbvresponders.org/adolescent-girls/girl-shine/.

Population Council, Inc. (2010). *Girl-Centered Program Design: A Toolkit to Develop, Strengthen, and Expand Adolescent Girls Programs.* https://www.popcouncil.org/research/girl-centered-program-design-a-toolkit-to-develop-strengthen-and-expand-ado.

Rahman, M.A. (2013). “Women’s Empowerment: Concept and Beyond,” in *Global Journalof Human Social Science Sociology and Culture*, Vol. 13, Issue 6. https://globaljournals.org/GJHSS_Volume13/2-Womens-Empowerment-Concept.pdf.

UNICEF & UNFPA (2016). *The Adolescent Girls’ Toolkit for Iraq*. https://gbvguidelines.org/en/documents/

# စံနှုန်း ၃

# ဝန်ထမ်းစောင့်ရှောက်မှုနှင့် ပံ့ပိုးမှု

## GBV ဝန်ထမ်းများအား အမိက ပင်မအရည်အချင်းများပြည့်မီရန် ခန့်အပ်၊ လေ့ကျင့်ပေးထားပြီး ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းရရှိရေးကို မြှင့်တင်ပေးပါသည်။

GBV စီမံကိန်းများသည် အထူးကျွမ်းကျင်သော အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားရှိသော ဝန်ထမ်းများအပေါ် မူတည်ပါသည်။ **ဤစံနှုန်းတွင်၊ "ဝန်ထမ်းများ" သည် ၎င်းတို့၏ အလုပ်အကိုင်အခြေအနေ မည်သို့ပင်ရှိစေကာမူ GBV စီမံကိန်းအဖွဲ့ဝင်အားလုံးကို ရည်ညွှန်းသည်။** အထူးသဖြင့် အရေးပေါ်အခြေအနေများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု၏ ကာလကြာရှည်ချိန်နှင့်/သို့မဟုတ် ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းသည့်အခါ ရပ်ရွာလူထုအဆင့်တွင် အဖိုးတန်ပြီး အထူးပြုအခန်းကဏ္ဍများ၌ပါဝင်သည့် စေတနာ့ဝန်ထမ်းဝန်ထမ်းများလည်း ပါဝင်ပါသည်။ ဤလုပ်ဖော်ကိုင်ဖက်များကြုံတွေ့ရသည့် ထူးခြားသောစိန်ခေါ်မှုများနှင့် အန္တရာယ်များကို စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် ထည့်သွင်း ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ပါသည်။[၁၀၁]

လူသားအရင်းအမြစ်များသည် အရေးပေါ်အခြေအနေများတွင် GBV ကိုတုံ့ပြန်ရန် ဝန်ထမ်းများ၏စွမ်းရည်ကို အဆက်မပြတ် တည်ဆောက် သင့်ပြီး **ဝန်ထမ်းများအားလုံးကို** ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်နည်း (စံနှုန်း ၁၊ : GBV လမ်းညွှန် သဘောတရားများကို ကြည့်ပါ)နှင့် GBV လုပ်ငန်းဆိုင်ရာ အခြေခံ သဘောတရားများကို လေ့ကျင့်သင်ကြား ပေးထားရမည်ဖြစ်သည်။ အရေးပေါ်အခြေအနေတွင်၊ GBV လုပ်ဆောင်နေသော ဝန်ထမ်းများသည် ၎င်းတို့၏ ဒေသကို လိုက်၍ လိုက်လျော ညီထွေ ဖြစ်စေသည့် တာဝန်များကို ပြည့်မီစေရန် လေ့ကျင့်မှုခံယူရပါမည် (ဥပမာ၊ GBV ဖြစ်ရပ်စီမံခန့်ခွဲမှု၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု၊ GBV ကာကွယ်ရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင့်မှုနှင့် အသက်မွေးဝမ်းကျောင်းမှု)။ မန်နေဂျာများသည် GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလေ့ကျင့်မှုတွင် ပါဝင်ခြင်းအတွက် အချိန်သတ်မှတ်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ အရည်အသွေးပြည့်မီသော စီမံကိန်းများနှင့် ဝန်ထမ်းများ၏ကျန်းမာချမ်းသာမှုကို သေချာစေရန်၊ မန်နေဂျာများသည် စဉ်ဆက်မပြတ်ကြီးကြပ်မှု၊ လမ်းညွှန်မှုနှင့် သင်ယူမှုအခွင့်အလမ်းများကို ပေးဆောင်ရမည်ဖြစ်သည်။

GBV စီမံကိန်းဝန်ထမ်းများနှင့် အထူးသဖြင့် ရပ်ရွာစေတနာ့ဝန်ထမ်းများသည် အရေးပေါ်အခြေအနေများတွင် GBV တွင် လုပ်ဆောင်ရသည့် ဖိအားများနှင့် ဖိစီးမှုများကြောင့် ၎င်းတို့၏ခံနိုင်ရည်ရှိမှုနှင့် ဘေးကင်းရေးဆိုင်ရာ ထူးခြားသော ခြိမ်းခြောက်မှုများကို ကြုံတွေ့ရသောကြောင့်[၁၀၂၊၁၀၃၊၁၀၄] အဖွဲ့အစည်းများသည် ဝန်ထမ်းများဘေးကင်းရေးနှင့်ကျန်းမာပျော်ရွှင်ခြင်းကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်၊ ဥပဒေနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်များရှိသည်။[၁၀၅] ၎င်းတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် အန္တရာယ်များကို လျှော့ချရန် အဓိပ္ပါယ်ရှိသော လုပ်ဆောင်ချက်များ ပါဝင်ပါသည်။"စောင့်ရှောက်မှု၏တာဝန်"သည် "အဖွဲ့အစည်း၏အစိတ်အပိုင်းတွင် စွန့်လွှတ်၍မရသောတာဝန်တစ်ရပ်ဖြစ်ပြီး ၎င်း၏ ဝန်ထမ်းများအား အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ထိခိုက်ဒဏ်ရာရစေမည့် အန္တရာယ်များကို လျော့ပါးသက်သာစေရန် သို့မဟုတ်အခြားနည်းဖြင့်ဖြေရှင်းရန်"ဖြစ်သည်။[၁၀၆၊၁၀၇] ကြီးမားသောစိတ်ဖိစီးမှုသည်စီမံခန့်ခွဲမှုနှင့်အဖွဲ့အစည်း၏ပံ့ပိုးမှုမလုံလောက်ခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့်အတွက်[၁၀၈] မန်နေဂျာများသည် ကျန်းမာသော အလုပ်ပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

| အဓိကလုပ်ဆောင်ချက် ဝန်ထမ်းစောင့်ရှောက်မှုနှင့် ပံ့ပိုးမှု | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| အရည်အသွေးကောင်းမွန်သော စီမံကိန်းအတွက်လွယ်ကူချောမွေ့စေရန် အမျိုးသမီးဝန်ထမ်းများနှင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် လုံလောက်သော ဝန်ထမ်း၊ အရင်းအမြစ်များနှင့် ပံ့ပိုးကူညီမှုဖြင့် GBV အလုပ်အဖွဲ့ကို တည်ထောင်ပါ။ | ✔ | ✔ | ✔ |
| အသိပညာ၊ စွမ်းရည်နှင့် သဘောထားများ ကွာဟချက်များကို ဖော်ထုတ်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန်နှင့် ဖော်ထုတ်ထားသော လိုအပ်ချက်များကို ဖြေရှင်းရန် မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်ရန် ဌာနတွင်း ဝန်ထမ်းများ၏ စွမ်းဆောင်ရည် အကဲဖြတ်ခြင်းကို လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| အရေးပေါ်အခြေအနေများတွင် GBV အတွက် GBV Core Competency Framework နှင့်အညီ သီးခြားသတ်မှတ်ထားသောလုပ်ငန်းတာဝန်များနှင့်အတူ လုပ်ငန်းတာဝန်ခေါင်းစဉ် များ သတ်မှတ်ဖန်တီးပါ။ | ✔ | ✔ | ✔ |
| GBV တုံ့ပြန်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးဆောင်နေသော ဝန်ထမ်းများအားလုံးအတွက် နည်းပညာနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးရန် ပုံမှန်ကြီးကြပ်မှုလုပ်ငန်းစဉ်ကို လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| GBV တွင် လုပ်ဆောင်နေသော ဝန်ထမ်းများအားလုံးအတွက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ရရှိခွင့်ကို ထူထောင်ပါ၊ ပံ့ပိုးမှု နှင့်ပတ်သက်၍ လိုအပ်ချက်များသည် စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာများ၏ တစ်ဦးချင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ကွဲပြားမည်ကို[၁၀၉] အသိအမှတ်ပြုပါ။ | ✔ | ✔ | ✔ |
| GBV သင်တန်းဆိုင်ရာအရင်းအမြစ်များကို ဝန်ထမ်းများအားလုံးနှင့် မျှဝေပါ။ | ✔ | ✔ | ✔ |
| အရေးပေါ်အခြေအနေများတွင် ဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်ခြင်းကို မြှင့်တင်ပြီး ကျန်းမာသော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ဖန်တီးပါ။<br>• ဝန်ထမ်းများအတွက် မိမိကိုယ်ကို စောင့်ရှောက်မှုနှင့် ဘေးကင်းရေးကို ဦးစားပေးပါ (ဥပမာ- ရှင်းလင်းသော အလုပ်ဖော်ပြချက်၊ စနစ်ကျသော လုပ်ငန်းခွင်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပံ့ပိုးကူညီမှု၊ တစ်ပတ်လျှင် အနည်းဆုံး တစ်ရက်အားလပ်ရက်၊ သတ်မှတ်ထားသည့် အလုပ်ချိန်၊ ကျန်းမာရေးကြောင့် ရွှေ့ပြောင်းပေးရာတွင် သင့်လျော်သော အာမခံနှင့် ထောက်ပံ့မှုများ၊ မိဘခွင့်ရက်၊ အနားယူခြင်းနှင့် အပန်းဖြေအနားယူခြင်း/ ရှုပ်ထွေးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများတွင် ဝန်ထမ်းများအတွက် အိမ်ပြန်ခွင့်၊ ဝန်ထမ်းများ ကျန်းမာချမ်းသာ သုခရရှိစေသည့် လှုပ်ရှားမှုများ)<br>• ဝန်ထမ်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုရရှိရေး မြှင့်တင်ပါ၊[၁၁၀]<br>• အရည်အသွေးရှိသောလူနေမှုဘဝနှင့် ဘေးကင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် ဝန်ထမ်းများအတွက် နေရာများ ဖန်တီးပါ။ | ✔ | ✔ | ✔ |
| တုံ့ပြန်မှုလုပ်ငန်းများ အတွင်း ဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်ခြင်းကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ရန်ပုံငွေထောက်ပံ့ပြီး၊ လုပ်ဆောင်နိုင်သော အစီအမံတစ်ခု ရရှိနိုင်မှုကို သေချာပါစေ။[၁၁၁] | ✔ | ✔ | ✔ |
| အရေးပေါ်တုံ့ပြန်ရေး အဆိုပြုချက်များ၌ GBV စီမံကိန်းဆိုင်ရာလုပ်ဆောင်ချက်များတွင်  ဝန်ထမ်းများအတွက် လုံလောက်မှုရှိပြီး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်သည့် ဝန်ထမ်းများအားလုံးကို ကြီးကြပ်မှု  အတွက် သင့်လျော်သော ရန်ပုံငွေများ ပါဝင်ကြောင်း သေချာပါစေ။ | ✔ | ✔ | ✔ |
| GBV တွင်အလုပ်လုပ်နှင့်ပတ်သက်၍၏စိန်ခေါ်မှုများ၊ မိမိကိုယ်ကိုဂရုစိုက်မှု၊ စိတ်ဖိစီးမှု စီမံခန့်ခွဲမှုနည်းပညာများနှင့် ကျန်းမာသောအလုပ်ခွင်နှင့်ကိုယ်ပိုင်ဘဝဟန်ချက်ညီမှုများအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများနှင့် ပြောဆိုဆက်ဆံရန် လမ်းဖွင့်ထားကြောင်းသေချာပါစေ။ | ✔ | ✔ | ✔ |
| တိုင်ကြားချက်များကို အလေးအနက်ထားပြီး သတ်မှတ်ထားသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သည့် အဖွဲ့အစည်း၏ယဉ်ကျေးမှုကို မြှင့်တင်ပါ။ | ✔ | ✔ | ✔ |
| ရပ်ရွာလူထုမှဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းကို ကာကွယ်ရန် သီးသန့်အစီအမံများ ထားရှိထားကြောင်း သေချာစေကာ၊ ရပ်ရွာအဖွဲ့ဝင်များနှင့် ဝန်ဆောင်မှုပေးသူများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍနှစ်ခုလုံးတွင် ပါဝင်သည့် ဖိအားများနှင့် အန္တရာယ်များကို အသိအမှတ်ပြုသည်။[၁၁၂] | ✔ | ✔ | ✔ |

### အညွှန်းကိန်းများ

- GBV စီမံကိန်းဆိုင်ရာအလုပ်တာဝန်များအားလုံးကို GBV Core Competency မူဘောင်နှင့် ချိန်ညှိထားသည်။
- GBVကိုရှေ့တန်းမှတာဝန်ယူနေသောဝန်ထမ်းများအားလုံးသည်ဝန်ထမ်းများ၏ဘေးကင်းမှုနှင့်ဝန်ဆောင်မှုအရည်အသွေးကိုသေချာစေရန် GBV အထူးကျွမ်းကျင်သူမှ လစဉ်ပံ့ပိုးကူညီမှုနှင့် ကြီးကြပ်ရေးအစည်းအဝေးများသို့ လက်လှမ်းမီနိုင်သည်။
- GBV စီမံကိန်းအားလုံးတွင် ဝန်ထမ်းများ၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ခြင်း ကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် လုပ်ဆောင်နိုင်သော အစီအစဉ်တစ်ခုနှင့် ဆက်စပ်ဘတ်ဂျက်ရှိသည်။
- ၎င်းတို့၏တာဝန်ကျစဉ်အတွင်း အလုပ်နှင့်ရင်းနှီးကျွမ်းဝင်စေရန် အစီအစဥ်များ လုပ်ဆောင်ခြင်းနှင့် ဆက်လက်ပံ့ပိုးမှုရရှိသည့် GBV စီမံကိန်းဝန်ထမ်း ရာခိုင်နှုန်း။
- ရှေ့တန်းမှဝန်ထမ်းအားလုံးအတွက် တစ်ပတ်လျှင် ဆက်သွယ်နိုင်သည့်အချိန် ကန့်သတ်ချက်များကို ချမှတ်ထားပြီး ထိန်းသိမ်းထားသည်။ (တစ်ပတ်လျှင် ၁၆ နာရီ)။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ GBV ဆိုင်ရာ အဓိကအရည်အချင်းများကို နေရာဒေသအလိုက် လိုက်လျောညီထွေဖြစ်စေခြင်း

၂၀၁၄ ခုနှစ်တွင် GBV တာဝန် ဧရိယာ (GBV AoR) သည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဒေသများအတွင်း GBV စီမံကိန်း မန်နေဂျာများနှင့် ညှိနှိုင်းရေးမှူးများအတွက် ပင်မ အရည်အချင်းများ (Core Competencies) ကို ထုတ်ပြန်ခဲ့သည်။[၁၁၃] အဆိုပါမူဘောင်သည် ထိရောက်သော GBV ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်မှုဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ပရော်ဖက်ရှင်နယ်နှင့် နည်းပညာဆိုင်ရာကျွမ်းကျင်မှုများ၊ စွမ်းရည်များနှင့် အသိပညာများကို လွှမ်းခြုံထားသည့် အဓိက အရည်အချင်းများ ကို လမ်းကြောင်းချထားခြင်းဖြစ်သည်။ (အောက်တွင်ဖော်ပြထားသော box ကိုကြည့်ပါ)။ အဆိုပါမူဘောင်သည် ပင်မအရည်အချင်းများပေါ်မူတည်၍ အလုပ်ခန့်ထားမှုအလေ့အကျင့်များကို ပံ့ပိုးရန်[၁၁၄] နှင့် GBV စီမံကိန်းမန်နေဂျာများနှင့် ညှိနှိုင်းရေးမှူးများအတွက် ဝန်ထမ်းခေါ်ယူမှုနှင့် အသုံးချမှု၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်အကဲဖြတ်ခြင်းတွင် အသုံးဝင်သောလမ်းညွှန်ချက် ပေးရန် ရေးသားထားခြင်းဖြစ်သည်။ ၎င်းသည် လျှောက်ထားသူများ၏ အရည်အချင်းနှင့် အတွေ့အကြုံများ မည်သို့ပင်ရှိစေကာမူ ၎င်းတို့၏ ဘက်လိုက်မှု၊ သဘောထားနှင့် ယုံကြည်ချက်များကိုလည်း ထည့်သွင်းစဥ်းစားရန်လည်း လိုအပ်ပါသည်။

GBV စီမံကိန်း အထူးကျွမ်းကျင်သူများ၏ ပင်မစွမ်းရည်များအတွက် စံသတ်မှတ်ချက်များ ပြဋ္ဌာန်းခြင်းသည် အရေးကြီးသော်လည်း အတွေ့အကြုံ၊ ဒေသနှင့်ဆိုင်သည့်အသိပညာ၊ ဆက်ဆံရေး၊ ရပ်ရွာများသို့ ရောက်ရှိနိုင်ခြင်း နှင့် ထိခိုက်ခံစားရသော လူထုနှင့် ပတ်သက်၍ နားလည်ခြင်း စသည့် တန်ဖိုးများကို လျှော့မသွားစေပါ။ ဥပမာအားဖြင့် အဆင့်မြင့် ဒီဂရီရရှိထားရန်အတွက် လိုအပ်ချက် တစ်ခုသည် သက်ဆိုင်ရာနယ်မြေဒေသများနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိ လုပ်ဖော်ကိုင်ဖက်များအတွက် အလုပ်ရရန် အတားအဆီး တစ်ခုကိုဖန်တီးပေးနိုင်ပါသည်။[၁၁၅]

ဒေသခံအမျိုးသမီးများနှင့် အဖွဲ့အစည်းများသည် အမျိုးသမီးများ၏ဘဝပုံစံ၊ ၎င်းတို့၏အသိုင်းအဝိုင်းအတွင်းရှိ အကြမ်းဖက်မှုပုံသဏ္ဍာန်၊ အကြမ်းဖက်မှုအကြောင်း လူထုအတွင်းပြောဆိုကြပုံနှင့် အမျိုးသမီးများနှင့် အမျိုးသားများကြား အာဏာမညီမျှမှု မည်သို့ဖြစ်ပေါ်သည်နှင့် မည်သို့ ဆက်လက်တည်တံ့နေသည် ကို ကောင်းစွာနားလည်သဘောပေါက်သော ကျွမ်းကျင်သော "သိသူများ" ဖြစ်ကြသည်။ ဒေသန္တရဗဟုသုတသည် သင့်လျော်ပြီး လုံခြုံစိတ်ချရသော စီမံကိန်းများချမှတ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်မှုများကို ပံ့ပိုးပေးပါသည်။[၁၁၆] GBV ပင်မ အရည်အချင်း Core Competency မူဘောင်၏ တစ်စိတ်တစ်ပိုင်း အနေဖြင့်၊ ဒေသခံအကူအညီပေးရေးဝန်ထမ်းများ၏ ပရော်ဖက်ရှင်နယ်အသိပညာ၊ အရည်အချင်းနှင့် ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်ပြီး အားကောင်းရန် ဆောင်ရွက်မှုသည်အရေးကြီးပါသည်။ ၎င်းတို့သည် လက်လှမ်းမီမှုနှင့် အထူးအခွင့်အရေးများနှင့် ပတ်သက်သည့် အဓိက အရည်အချင်းများနှင့် အကြောင်းအမျိုးမျိုးကြောင့် မပြည့်မီသော်လည်း အကြောင်းအရာအခြေအနနှင့် ဆက်စပ်၍ ၎င်းတို့၏ ထူးခြား၍ တန်ဖိုးရှိသော အသိပညာနှင့် ကျွမ်းကျင်မှုများကို အသုံးပြုနိုင်ရေးအတွက် ပံ့ပိုးကူညီရန် လိုအပ်ပါသည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဒေသများအတွင်းလုပ်ကိုင်နေသည့်  GBV စီမံကိန်းမန်နေဂျာများနှင့် ညှိနှိုင်းရေးမှူးများ၏ အရည်အချင်းများ**

- GBV လမ်းညွှန်အခြေခံသဘောတရားများအပါအဝင် ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုကို နားလည်ပြီး ကျင့်သုံးခြင်း။
- ကျား-မ တန်းတူညီမျှမှုကို ယုံကြည်ပြီး ကျင့်သုံးခြင်း၊ ကျား-မရေးရာ ခွဲခြမ်းစိတ်ဖြာမှုကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းများတွင် ထည့်သွင်းပြီး မြှင့်တင်ပေးခြင်း။
- GBV ၏ ကဏ္ဍပေါင်း စုံတုံ့ပြန်မှု (ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ လုံခြုံရေးနှင့် ဥပဒေရေးရာ တုံ့ပြန်မှု အပါအဝင်) နှင့် ပတ်သက်၍ တတ်ကျွမ်းမှုရှိပြီး အကောင်အထည်ဖော်နိုင်စွမ်းရှိခြင်း။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဖွဲ့စည်းပုံနှင့် ပတ်သက်ပြီး တတ်ကျွမ်းမှုကို ပြသနိုင်ရုံသာမက  ထိရောက်စွာ ပါဝင်ပတ်သက်ခြင်း။
- လက်ရှိ GBV ကာကွယ်ရေးဆိုင်ရာသီအိုရီကို တတ်ကျွမ်းမှုရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှု၏ အဆင့်အမျိုးမျိုးတွင် သင့်လျော်သော GBV ကာကွယ်ရေးနှင့် အမူအကျင့်ပြောင်းလဲမှုဆိုင်ရာ ဗျူဟာများကို ဖော်ထုတ်သတ်မှတ်ပြီး ကျင့်သုံးခြင်း။
- လက်ရှိအသုံးပြုနေသည့် လမ်းညွှန်ချက်များ၊ အရင်းအမြစ်များ ဖြစ်သော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာဒေသများတွင် GBV လုပ်ဆောင်မှုညှိနှိုင်းရေးလက်စွဲစာအုပ် the *Handbookfor Coordinating GBV Interventions in Humanitarian Settings* (Gender-based Violence Area of Responsibility, 2019)၊ ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်စီမံခန့်ခွဲမှုစနစ် (GBVIMS)၊ အရေးပေါ်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ကျင့်ဝတ်နှင့် ဘေးကင်းရေးဆိုင်ရာ အကြံပြုချက်များ (World Health Organization (WHO) Ethical and Safety *Recommendations for Researching, Documenting and Monitoring Sexual Violence in Emergencie*s နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများတွင် GBV လုပ်ငန်းများပေါင်းစပ်ဆောင်ရွက်မှုများအတွက် IASC လမ်းညွှန်ချက်များ the IASC Guidelines for Integrating Gender-Based Violence Interventions in Humanitarian Settings (IASC 2015a) တို့ကို သိရှိပြီး လိုက်လျောညီထွေဖြစ်အောင် အသုံးချခြင်း။
- GBV စီမံကိန်းဝန်ထမ်းများ၏စွမ်းရည်ကိုတည်ဆောက်ရန် အရွယ်ရောက်ပြီးသူများ၏ သင်ယူမှုဆိုင်ရာ သဘောတရားများကို နားလည်ပြီး အသုံးချခြင်း၊
- လူမှုအသိုက်အဝန်းများနှင့် ထိတွေ့ဆက်ဆံရန်နှင့် စည်းရုံးရန်အတွက် ပူးပေါင်း ပါဝင်သည့်ချဉ်းကပ်မှုများကို အသုံးချခြင်း။
- GBV ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်မှုအတွက် မဟာဗျူဟာအစီအမံကို ပံ့ပိုးပေးရာတွင် ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ပြဿနာဖြေရှင်းခြင်းတို့ကို အသုံးချပြီး ဆန်းသစ်သော GBV စီမံကိန်းဖန်တီးခြင်းနှင့် GBV နှင့်ဆက်စပ်သော အကြောင်းအရာ၊ ခေတ်ရေစီးကြောင်းနှင့် အားနည်းချက်များကို ပိုင်းခြားစိတ်ဖြာခြင်း။
- အဓိက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေထောက်ပံ့မှုလုပ်ငန်းစဉ်များအပါအဝင် GBV ကာကွယ်ရေးနှင့် တုံ့ပြန်မှုအတွက် ထိရောက်သောရန်ပုံငွေရှာဖွေခြင်းကို နားလည်ကြောင်းပြသခြင်း။
- GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေး နှင့် GBV ရှင်သန်လွတ်မြောက်သူများကို ပံ့ပိုးကူညီရေးကို အားပေး ရပ်တည်ထောက်ခံခြင်း။
- အခြားကဏ္ဍများမှ GBV ကာကွယ်ရေးနှင့် တုံ့ပြန်မှုတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း။
- အချက်အလက်စုဆောင်းခြင်း၊ စီမံခန့်ခွဲခြင်း၊ မျှဝေခြင်းနှင့် အသုံးချခြင်းဆိုင်ရာ ကျင့်ဝတ်များအပါအဝင် အရေးကြီးသော ပြဿနာများကို နားလည်ခြင်း။
- ထိရောက်သောအတူတကွ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်သောပတ်ဝန်းကျင်ကို လွယ်ကူချောမွေ့စေခြင်း။
- စာနာနားလည်မှုနှင့် တက်ကြွစွာနားထောင်ခြင်း၊ တင်ပြခြင်းနှင့် လေးလေးစားစားပြောဆိုဆက်ဆံခြင်းတို့အပါအဝင် စိတ်ခံစားမှုဆိုင်ရာအသိဉာဏ်ကိုအသုံးပြုခြင်း။

Source: GBV Area of Responsibility Learning Taskforce Team 2014, pp. 4-5.

## ၂။ ဝန်ထမ်းများ ဘေးကင်းရေးနှင့် စောင့်ရှောက်မှုကို ပံ့ပိုးပေးခြင်းဖြင့် စီမံကိန်းအရည်အသွေးကို မြှင့်တင်ခြင်း

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းရေးတို့ကို သေချာစေရမည်။ GBV ဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်နေသည့် ဝန်ထမ်းများသည် ၎င်းတို့၏ လုပ်ငန်း သဘော သဘာဝကြောင့် ထပ်လောင်းပြီး၊ ထူးခြားသော ဘေးကင်းလုံခြုံရေး အန္တရာယ်များကို ရင်ဆိုင်ရနိုင်သည်။ ဤအကြောင်းများကြောင့်၊ ၎င်းတို့၏ အဖွဲ့အစည်း၏ ဘေးကင်းရေးနှင့် လုံခြုံရေးအဖွဲ့သည် ဖြစ်နိုင်ချေရှိသော မည်သည့် ခြိမ်းခြောက်မှုများနှင့် အကာအကွယ်ပေးရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုမဆို ကိုင်တွယ်ဖြေရှင်း၍ တုံ့ပြန်ပေးရမည်ဖြစ်သည်။

GBV ရှင်သန်လွတ်မြောက်သူများနှင့် အလုပ်တွဲလုပ်ခြင်းသည် အထူးစိတ်ဖိစီးစေနိုင်သည်။ ဝန်ထမ်းများသည် နေ့စဉ်စိတ်ဖိစီးမှု၊တိုးပွားလာသော စိတ်ဖိစီးမှု၊ ပင်ပန်းနွမ်းနယ်မှု၊ သွယ်ဝိုက်ခံစားရသည့် စိတ်ဒဏ်ရာများနှင့် ပြင်းထန်သော အဖြစ်အပျက်မှ ပေါ်ပေါက်လာသည့် စိတ်ဖိစီးမှုတို့ကို တွေ့ကြုံခံစားရလေ့ရှိသည်။ ဝန်ထမ်းအဖွဲ့ဝင်၏  ရှင်သန်လွတ်မြောက်သူများနှင့် ထိတွေ့ဆက်ဆံနိုင်မှုနှင့် စိတ်ဖိစီးမှုကို ရင်ဆိုင်ကျော်လွှား နိုင်စွမ်း ကျဆင်းလာမှု စသဖြင့် ပြောင်းလဲမှုများ ကြုံတွေ့လာပါက သွယ်ဝိုက်ခံစားရသည့် စိတ်ဒဏ်ရာ (Vicarious/secondary trauma) များ အဖြစ်ဖော်ထုတ်နိုင်ပါသည်။ ၎င်းသည် အများအားဖြင့် အခြားသူများ၏ စိတ်ခံစားထိခိုက်မှုကို ကြာရှည်စွာ ထိတွေ့ပြီးနောက် အချိန်ကြာလာ သည်နှင့်အမျှ စိတ်ဒဏ်ရာများတိုးပွားလာသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ GBV ညှိနှိုင်းရေးမှူးများနှင့် မန်နေဂျာများသည် ၎င်းတို့၏ ဝန်ထမ်း များ၏ စိတ်ဖိစီးမှုအဆင့်ကို သိရှိထားသင့်ပြီး ဝန်ထမ်းများ၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းရရှိမှုကို အသိအမှတ် ပြုထောက်ပံ့ခြင်း အတွက် လုပ်ရိုးလုပ်စဉ် ယန္တရားများကို ထူထောင်သင့်သည်။ ဥပမာအားဖြင့်၊ GBV အဖွဲ့အစည်းအဝေးများ၊ တစ်ဦးချင်းအစည်းအဝေးများ၊ ဖြစ်ရပ်စီမံခန့်ခွဲမှုကြီးကြပ်မှုနှင့် ဆေးဘက်ဆိုင်ရာ ကြီးကြပ်မှုတို့သည် ကျန်းမာပျော်ရွှင်ခြင်းအတွက် စစ်ဆေးရန် ပုံမှန်အခွင့်အရေးများ ဖန်တီး ပေးသည့်နေရာများ ဖြစ်နိုင်သည်။[၁၁၇]

GBV စီမံကိန်းဝန်ထမ်းများအား ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ဂရုစိုက်ရန် ပံ့ပိုးပေးခြင်းတွင် စိတ်ဖိစီးမှုကို စီမံခန့် ခွဲရန် အပြုသဘောဆောင်သော လှုပ်ရှားမှုများနှင့် ထွက်ပေါက်များကို ရှာဖွေပေးခြင်းပါဝင်နိုင်ပြီး၊ ၎င်းတို့အားလုံးသည် အလုပ်စွမ်းဆောင် ရည်နှင့် အလုံးစုံသောကျန်းမာပျော်ရွှင်ခြင်း ကို ပံ့ပိုးပေးမည်ဖြစ်သည်။[၁၁၈] မန်နေဂျာများအနေဖြင့် ဝန်ထမ်းများကို ပံ့ပိုးကူညီရာတွင် စိတ်ဖိစီးမှု နှင့် စိတ်ဒဏ်ရာများနှင့် ထိတွေ့ရမှု အဆင့်အပေါ်အခြေခံ၍ လိုအပ်ချက်များမှာ မတူဘဲ ကွဲပြားနေမည်ကို အသိအမှတ်ပြုသင့်သည်။ ပိုမို ကြီးမားသောစိတ်ဖိစီးမှုအဆင့်ကို ရင်ဆိုင်နေရသော လူတစ်ဦးချင်းစီအား ထောက်ပံ့ရန် အရင်းအမြစ်များကို ခွဲဝေထားရှိပေးရမည်။ အထူးသဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူဂန်ထမ်း Caseworkers များသည် GBV ရှင်သန်လွတ်မြောက်သူများနှင့်  နီးကပ်စွာ လုပ်ဆောင်လေ့ရှိပြီး ၎င်းတို့၏ ဇာတ်လမ်းများကို ကြားကာ ဂရုတစိုက်၊ ကရုဏာနှင့် စိုးရိမ်မှုဖြင့် တုံ့ပြန်ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ၊ သင့်လျော်သော ပံ့ပိုးကူညီမှုနှင့် ကြီးကြပ်မှုမရှိပါက ထိုဂန်ထမ်းများသည် စိတ်သောကရောက်၊ ပင်ပန်းနွမ်းနယ်လာသည်နှင့်အမျှ မျှော်လင့်ချက်ကင်းမဲ့ပြီး အကူအညီမဲ့မှုများပင် ခံစားလာရနိုင်သည်။ ဖြစ်ရပ်စီမံခန့်ခွဲသူဂန်ထမ်း Caseworkers များ၏ ပင်ပန်းနွမ်းနယ်မှု burnout ကို တားဆီးရန်နှင့် ၎င်းတို့၏စွမ်းရည်ကို လွယ်ကူချောမွေ့စွာဖြင့် ရှင်သန်လွတ်မြောက်သူများအား အကောင်းဆုံးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများပေးဆောင်ရန် ကြီးကြပ်ရေးမှူးများနှင့် အဖွဲ့အစည်းများသည် ဝန်ထမ်းများ၏ ကျန်းမာပျော်ရွှင်ခြင်းရရှိရေးကို ကတိကဝတ်ပြုပြီး မြှင့်တင်ရန် ထိရောက်သော လုပ်ငန်းများကို လုပ်ဆောင်ရမည်ဖြစ်သည်။[၁၁၉]

GBV ဆိုင်ရာ အလုပ်လုပ်သော ဝန်ထမ်းများအားလုံး ဘေးကင်းပြီး ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဂရုစိုက်နိုင် သည့် အပြင် လိုအပ်သည့်အခါ ပံ့ပိုးကူညီမှု ရယူနိုင်ရန်  ဝန်ထမ်းများ၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းကို ဦးစားပေးသည့် အဖွဲ့အစည်းဆိုင်ရာ အလေ့အကျင့်ကို ဖန်တီးရာတွင် ခေါင်းဆောင်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ GBV ဝန်ထမ်းများ အတွက် မိမိကိုယ်ကို ဂရုစိုက်မှုနှင့် သင့်လျော်သော ပံ့ပိုးကူညီမှုတို့ကို သေချာစေခြင်းသည် မန်နေဂျာများအားလုံးအတွက် အဓိက အရည်အချင်း တစ်ခုဖြစ်သည်။[၁၂၀]

စီမံချက်များမစတင်မီ ကြီးကြပ်ရေးမှူးနှင့်/သို့မဟုတ် မန်နေဂျာ၏ အခန်းကဏ္ဍကို ရှင်းလင်းစွာ သတ်မှတ်သင့်သည်။ ဝန်ထမ်းများ၏ လိုအပ် ချက်များကို ပံ့ပိုးပေးရန်အတွက် မူဝါဒများ၊ ပရိုတိုကောများနှင့် အရင်းအမြစ်များ ထားရှိသင့်ပြီး၊ တိုးမြင့်လာသော စိတ်ဖိစီးမှုနှင့်/သို့မဟုတ် ပင်ပန်းနွမ်းနယ်မှုလက္ခဏာများကို ဝန်ထမ်းများ တွေ့ကြုံရင်ဆိုင်ရသည့်အခါ မန်နေဂျာများ အနေဖြင့် ဖော်ထုတ်သင့်ပါသည်။ အဖွဲ့၏ အပြန်အလှန် ဆက်သွယ်တုံ့ပြန်မှုကို မြှင့်တင်ပေးသည့် အဖွဲ့အစည်းဆိုင်ရာပတ်ဝန်းကျင်တစ်ခုအပြင် ဆွေးနွေးရန်နေရာများထားရှိပါက သွယ်ဝိုက်ခံစားရသည့် စိတ်ဒဏ်ရာ Vicarious/secondary trauma ဖြစ်နိုင်ခြေကို လျော့နည်းစေနိုင်ပါသည်။[၁၂၁]

## ၃။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ် ပေးခြင်း (PSEA)

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးခြင်း (PSEA) သည် ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) နှင့် အစိုးရအဖွဲ့မှ ဂန်ထမ်းများသည် အကူအညီများအတွက် အကျိုးခံစားခွင့်ရှိသူများ၊ ထိခိုက်ခံစားရသော လူထု အသိုင်းအဝိုင်းတွင်းမှ လူများ [၁၂၂]၊ အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပုဂ္ဂိုလ်များ၊ အပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများကို တားဆီးရန် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများ၏  တာဝန်များကို ရည်ညွှန်းသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များအားလုံးသည် လိုက်လျောညီထွေဖြစ်အောင် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရန်၊ ရန်ပုံငွေနှင့် ထိရောက်ပြီး ပြည့်စုံသော PSEA ယန္တရားများကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ဝန်ထမ်းများအားလုံးသည် ဂုဏ်သိက္ခာရှိရှိ လေးစားမှုဖြင့် ဆက်ဆံခံရရန်နှင့် နှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ အခွင့်အာဏာ အလွဲသုံးစားမှု သို့မဟုတ် ခွဲခြားဆက်ဆံခြင်းမှ ကင်းစင်သော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ပိုင်ခွင့်ရှိသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ ကင်းဝေးခြင်းသည် ဝန်ထမ်းများ၏ စောင့်ရှောက်မှုနှင့် ပံ့ပိုးမှု၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း နှင့်  အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးရန်အတွက် အနိမ့်ဆုံး စံသတ်မှတ်ထားသည့်လုပ်ငန်းစဥ်များ၏ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း- ထိရောက်သောမူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ PSEA တွင် သီးသန့်ထားရှိသော ဌာန/လူပုဂ္ဂိုလ်။

၂။ ဒေသခံရပ်ရွာလူထု၏ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်း- အကျိုးခံစားခွင့်များရှိသူများကို PSEA နှင့်ပတ်သက်သော အသိပညာနားလည်မှုများပေးခြင်းအား မည်သို့လုပ်ဆောင်နိုင်ကြောင်း နှင့် ထိရောက်သောလူထုအခြေပြု တိုင်ကြားမှုယန္တရားများ အား မည်သို့ မြှင့်တင်နိုင်ကြောင်း  ကို ရုံးချုပ်မှ ကွင်းဆင်းရပ်ရွာဒေသများအထိ ထိရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ဆက်သွယ်မှု။

၃။ ကြိုတင်ကာကွယ်ခြင်း- ဝန်ထမ်းများအတွက် ထိရောက် ပြည့်စုံသော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းဆိုင်ရာ အသိပညာပေးရေး ယန္တရားများ၊ ထိရောက်သော ဝန်ထမ်းခန့်အပ်မှုနှင့် စွမ်းဆောင်ရည်ဆိုင်ရာ စီမံခန့်ခွဲမှု။

၄။ တုံ့ပြန်မှု- ဌာနတွင်း တိုင်ကြားမှုများနှင့် စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းများ ထားရှိမှု။[၁၂၃]

မန်နေဂျာများနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဝန်ထမ်းများအားလုံးသည် PSEA နှင့်ပတ်သက်သောသင်တန်းရရှိထားပြီး၊ ကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးထားကြောင်း သေချာစေရန်အတွက် တာဝန်ရှိပါသည်။ ဝန်ထမ်းများသည် မည်သည့် မသင်္ကာဖွယ်ရာ အဖြစ်အပျက်များကိုမဆို သတင်းပို့ရန်၊ ၎င်းတို့၏ တစ်ဦးချင်းတာဝန်များကို သိရှိနားလည်ပြီး မဖြစ်မနေ အစီရင်ခံခြင်းအတွက် လုပ်ဆောင်ရမည့် ယန္တရားများကို သိရှိနားလည်ထားရပါမည်။

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုမှ ရှင်သန်လွတ်မြောက်သူများသည် GBV ၏ ရှင်သန်လွတ်မြောက်သူများဖြစ်ပြီး လက်ရှိ GBV ဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ ပေးသင့်သည်။ ညွှန်းပို့ခြင်းလမ်းကြောင်း အသစ်တစ်ခု သတ်မှတ်ရန် မလိုအပ်ပါ။ GBV တုံ့ပြန်မှုစနစ်သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းမှဝန်ထမ်းများ သို့မဟုတ် အခြားသော  တာဝန်ထမ်းဆောင်နေသူများမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုများကို တွေ့ကြုံခံစားရသည့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဝန်ဆောင်မှုများ လိုအပ်ပါက သင့်လျော်သော လွှဲပြောင်းညွှန်းပို့ ပေးသည့်စနစ်ဖြစ်သည်။

# Tools and Resources


Antares Foundation (2012). *Managing Stress in Humanitarian Workers – Guidelines for Good Practice*, 3rd ed. Amsterdam. https://www.antaresfoundation.org/filestore/si/1164337/1/1167964/managing_stress_in_humanitarian_aid_workers_guidelines_for_good_practice.pdf.

Gender-based Violence Area of Responsibility (GBV AoR) Learning Taskforce Team (2014). Core Competencies for GBV Specialists Program Managers and Coordinators in HumanitarianSettings. http://gbvaor.net/wp-content/uploads/sites/3/2015/04/Core-Competencies.pdf.

__________ (2016). *Minimum Operating Standards Protection from Sexual Exploitation and Abuse  by own  Personnel.* https://interagencystandingcommittee.org/system/files/3_minimum_operating_standards_mos-psea.pdf.

IASC Global Protection Cluster Working Group and IASC Reference Group for Mental Health and Psychosocial Support in Emergency Settings (2010). *Mental Health and Psychosocial Support in Emergency Settings: What Should Protection Programme Managers Know?* Geneva: IASC. https://interagencystandingcommittee.org/system/files/legacy_files/MHPSS%20Protection%20 Actors.pdf.

People in Aid (2003). *People in Aid Code of Good Practice in the Management and Supportof Aid Personnel.* London. https://reliefweb.int/report/world/people-aid-code-good-practice-management-and-support-aid-personnel.

The KonTerra Group (2016). Essential Principles of Staff Care: Practices to Strengthen Resilience in International Relief and Development Organizations. Washington, D.C. http://www.konterragroup.net/admin/wp-content/uploads/2017/03/Essential-Principles-of-Staff- Care-FINAL.pdf.

United Nations System Chief Executive Boards (CEB) for Coordination (2018). *Cross-functionalTask Force on Duty of Care for Personnel in High Risk Environment Report, CEB/2018/ HLCM/17.* https://www.unsceb.org/CEBPublicFiles/2018.HLCM_.17%20-%20Duty%20of%20 Care%20Task%20Force%20%E2%80%93%20Progress%20Report_0.pdf.

## အရေးပေါ်အခြေအနေတွင် ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းအတွက်

အဖွဲ့အစည်းများအကြား

# အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် စံချိန်စံနှုန်းများ

## အစီအစဉ်စံနှုန်းများ


| | | |
|---|---|---|
| ၄ | ရှင်သန်လွတ်မြောက်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု | ၂၆ |
| ၅ | စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု | ၃၆ |
| ၆ | ကျား-မအခြေပြုအကြမ်းဖက်မှု ဖြစ်ရပ် စီမံခန့်ခွဲခြင်း | ၄၄ |
| ၇ | လွှဲပြောင်းညွှန်းပို့ခြင်း စနစ်များ | ၅၂ |
| ၈ | အမျိုးသမီးနှင့်မိန်းကလေးများ အတွက်လုံခြုံဘေးကင်းသောနေရာများ | ၆၀ |
| ၉ | ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး | ၆၈ |
| ၁၀ | တရားမျှတမှုနှင့် ဥပဒေရေးရာ အထောက်အကူ | ၇၆ |
| ၁၁ | အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းအိတ် Dignity Kits၊ ငွေသား နှင့် ဘောင်ချာအကူအညီ | ၈၄ |
| ၁၂ | စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသက်မွေးမှုလုပ်ငန်းများ | ၉၂ |
| ၁၃ | စနစ်များနှင့် လူမှုရေးဆိုင်ရာ စံနှုန်းများ ကို ပြောင်းလဲခြင်း | ၉၈ |

# စံနှုန်း ၄

# ရှင်သန်လွတ်မြောက်လာသူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှု

ရှင်သန် လွတ်မြောက်သူများသည် အကြမ်းဖက်မှု၏သက်ရောက်မှုများကို တားဆီးရန်နှင့်/သို့မဟုတ် လျှော့ချရန်အတွက် လိင်ပိုင်းဆိုင်ရာ နှင့် ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်မှ အကြမ်းဖက်မှုနှင့် အခြားGBV အမျိုးအစားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင်၊ အရည်အသွေး ပြည့်မီသည့် ရှင်သန်လွတ်မြောက်သူဗဟိုပြု ကျန်းမာရေး စောင့်ရှောက်မှု၊ နှင့် လွှဲပြောင်းညွှန်းပို့မှုများကို လက်လှမ်းမီရယူသုံးစွဲနိုင်သည်။

ဤအနိမ့်ဆုံးစံနှုန်းသည် (၁) GBV ရှင်သန်လွတ်မြောက်သူများအား စောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေး အဖွဲ့အစည်းများအတွက် (၂) ပူးပေါင်းတုံ့ပြန်ရေးတွင် ကျန်းမာရေးအဖွဲ့များနှင့် အတူGBV ရှင်သန်လွတ်မြောက်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ပံ့ပိုးကူညီမှု၊ စွမ်းရည်မြှင့်တင်မှု၊ နှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နေသည့် *GBV* အဖွဲ့အစည်းများ အတွက် ဖြစ်သည်။

အရည်အသွေးရှိသော၊ အချက်အလက်များလျှို့ဝှက်ထိန်းသိမ်းမှုရှိခြင်းနှင့် အသက်အရွယ်အလိုက် သင့်လျော်ပြီး စာနာမှုရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ရယူသုံးစွဲခြင်းသည် အရေးပေါ်အခြေအနေများတွင် GBV ကို ကဏ္ဍပေါင်းစုံ တုံ့ပြန်ရာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သင့်တော်လုံလောက်သော ကျန်းမာရေး ဝန်ဆောင်မှုများသည် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားအန္တရာယ်ခံစားရနိုင်ချေရှိသည့် အုပ်စုများအတွက် အသက်ကယ်စောင့်ရှောက်မှုများ ရရှိစေရေး အတွက် အရေးကြီးသည်သာမက၊ ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ် အခြေအနေ တစ်ခုတွင် ကြုံရသည့် ပျက်စီးဆုံးရှုံးမှုများကို ကျော်လွှားနိုင်ရန်၊ လူ့အဖွဲ့အစည်းတစ်ခုအတွက် မရှိမဖြစ်လိုအပ်ပါသည်။[၁၂၄] ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် မကြာခဏဆိုသလို GBV ရှင်သန်လွတ်မြောက်သူများ အတွက် ပထမဆုံးနှင့် တခါတရံတွင် ဆက်သွယ်မှုပြုလုပ်ရာ အကူအညီယူရာ တစ်ခုတည်းသော နေရာ ဖြစ်သည်။ ၎င်းတို့သည် အရေးပေါ်အခြေအနေများတွင် GBV ကို ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်နေသူများဖြစ်ကြပြီး ၊အကာအကွယ် ပေးခြင်းနှင့် အခြားစိုးရိမ်မှုများကို ဆုံးဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ/စိတ်ခံစားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်း ပေးခြင်း၊ ကာကွယ်ရေးဗျူဟာများ ရေးဆွဲခြင်းနှင့် အခြားဝန်ဆောင်မှု များသို့ လွှဲပြောင်းညွှန်းပို့ပေးခြင်းတို့ကို ပံ့ပိုးပေးရာတွင် အဓိကအခန်း ကဏ္ဍမှ ပါဝင်နေသည်။[၁၂၅] ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု များသည် ရှင်သန်လွတ်မြောက်သူ၏လိင်၊ အသက်နှင့် သီးခြားလို အပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး လျှို့ဝှက်ထိန်းသိမ်းမှုရှိခြင်း၊ လေးစားမှု၊ ခွဲခြားမှုမရှိသည့်ပုံစံဖြင့် ပေးအပ်သင့်သည်။ ဝန်ဆောင်မှုများ ရယူရန် အတားအဆီးများကြုံတွေ့နေရသော အမျိုးသမီးများနှင့် မိန်းကလေးများ၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုမှ လွတ်မြောက်လာသူ အမျိုးသားများနှင့် ကလေးသူငယ်များနှင့်သင့်လျော်သော ဝန်ဆောင်မှု လိုအပ်သော လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုမှ လွတ်မြောက်လာသူ ကလေးသူငယ်များအတွက်လည်း အထူးထည့်သွင်း စဉ်းစားရမည် ဖြစ်သည်သည်။

(စံနှုန်း ၁: GBV လမ်းညွှန်သဘောတရားများ လမ်းညွှန်မှတ်စု ၁၊ ၂ နှင့် ၃ ကိုကြည့်ပါ)။

**GBV အတွက် ကျန်းမာရေး ဆိုင်ရာ တုံ့ပြန်မှု- ခြုံငုံသုံးသပ်ချက်**

၁။ အခြေခံစိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ရှင်သန်လွတ်မြောက်သူ ဗဟိုပြုစောင့်ရှာက်မှုနှင့် ကနဦးကူညီပံ့ပိုးမှု (ဆိုလိုသည်မှာ စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီပံ့ပိုးမှု)

၂။ ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်မှ အကြမ်းဖက်မှု ခံရသည့် ရှင်သန်လွတ်မြောက်သူများအား ခွဲခြားသိမြင်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း။

၃။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူ များအတွက် ဆေးကုသခြင်းဆိုင်ရာ စောင့်ရှောက်မှု။

၄။ ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေးခြင်း။

၅။ ဝန်ဆောင်မှုပေးအပ်ခြင်းအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘေးကင်းပြီး ကျင့်ဝတ်နှင့် အညီ အချက်အလက်စုဆောင်းခြင်း။

၆။ စိတ်ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် လိုအပ်သည့် အခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးခြင်း။

Source: WHO 2017a.

| အဓိကလုပ်ဆောင်ချက်များ ရှင်သန်လွတ်မြောက်လာသူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| အမျိုးသမီးများနှင့် မိန်းကလေးများသည် အကြမ်းဖက်ခံရပြီး ၇၂ နာရီအတွင်း PEP ရရှိကြောင်း သေချာစေရန် ဆေးပစ္စည်းများကြိုတင်ပံ့ပိုးပေးထားမှုများ။ | ✔ | | |
| MISP တွင်ဖော်ပြထားသည့်အတိုင်း (လိုအပ်ချက်များကိုအကဲဖြတ်ရန်မလိုဘဲ) အရေးပေါ် အခြေအနေစတင်ချိန်မှစ၍ အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် မျိုးဆက်ပွါးကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ချက်ခြင်းလက်လှမ်းမီနိုင်စေရန် ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဝန်ထမ်းများနှင့် လက်တွဲလုပ်ဆောင်ခြင်း။ [၁၆] | | ✔ | ✔ |
| GBV ရှင်သန်လွတ်မြောက်လာသူများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှစံသတ်မှတ်ထားသော လမ်းညွှန်များ ပေါ်တွင် အခြေခံ၍ အရည်အသွေးမြင့်၊ အသက်ကယ်ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဝန်ထမ်းများနှင့် လုပ်ဆောင်ခြင်း။[၁၇] | ✔ | ✔ | ✔ |
| ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် ပူးပေါင်းပြီး၊ ကျန်းမာရေး အဆောက်အဦးများ၊ ဆေးပစ္စည်းများ အဆင်သင့်ဖြစ်မှု နှင့် ကျန်းမာရေးဝန်ဆောင်မှုပေးမှုကို အကဲဖြတ်ကာ၊ လုံလောက်သော ကျန်းမာရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုရရှိရန်နှင့် ရှင်သန်လွတ်မြောက်သူများ လက်လှမ်းမီနိုင်စေရန်အတွက်၊ လစ်လပ်နေသော ကွက်လပ်များကိုကိုင်တွယ်ဖြေရှင်းရန် အရေးဆိုတင်ပြခြင်း။ | ✔ | | |
| သားဖွားဆရာမများနှင့် သူနာပြုများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် GBV ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ခြင်း၊ မုဒိမ်းမှုနှင့် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှအကြမ်းဖက်မှုအတွက် ကျန်းမာရေးစောင့်ရှောက်ခြင်း တို့အပါအဝင် အရည်အသွေးပြည့်မီသောစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် လေ့ကျင့်သင်ကြားမှု၊ ပံ့ပိုးမှုနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းတို့လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏ စွမ်းရည်အားမြှင့်တင်ပေးခြင်း။ | ✔ | ✔ | ✔ |
| ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုများကြားနှင့် အဆင့်အလိုက်ကွဲပြားသော ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများကြားတွင် လုံခြုံစိတ်ချရသော လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်များ ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ အထူးသဖြင့် အသက်အန္တရာယ်ရှိသော ဒဏ်ရာများ သို့မဟုတ် ခွဲစိတ်ရန် လိုအပ်သော ဒဏ်ရာများကို ကုသစောင့်ရှောက်မှုပေးသည့် ကျန်းမာရေးဌာနသို့ လိုအပ်သည့်အခါ လွှဲပြောင်းညွှန်းပို့နိုင်ခြင်း။ | ✔ | ✔ | ✔ |
| GBV ရှင်သန်လွတ်မြောက်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများရယူရာတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆိုင်သော ရွေးချယ်စရာများအပါအဝင်၊ ဘေးကင်းလုံခြုံသော လက်လှမ်းမီမှု ရရှိရန် ရပ်ရွာလူထုနှင့် အတူ ပူးပေါင်းလုပ်ဆောင်ခြင်း။ | ✔ | ✔ | ✔ |
| ကျန်းမာရေးကဏ္ဍ အစည်းအဝေးများနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် GBV focal point မှ ပုံမှန်ပါဝင် တက်ရောက်ခြင်းနှင့် GBV အစည်းအဝေးများတွင် လည်း ကျန်းမာရေး ကဏ္ဍမှ focal point တက်ရောက်စေခြင်း။ | | ✔ | ✔ |
| ဆေးဘက်ဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာမဟုတ်သော ဝန်ထမ်းများအား GBV ရှင်သန်လွတ်မြောက်သူများ၏ လိုအပ်ချက်များနှင့် ၎င်းတို့၏အသက်၊ ကျား၊မနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်တို့အလျောက် စာနာမှုရှိသည့်၊ ရှင်သန်လွတ်မြောက်သူဗဟိုပြုသော စောင့်ရှောက်မှုပေးနိုင်ရန်၊ ၎င်းတို့အားလေ့ကျင့်ကူညီပေးနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များအား ပံ့ပိုးကူညီပေးခြင်း။ | ✔ | ✔ | ✔ |
| ရပ်ရွာအခြေပြုကျန်းမာရေးဝန်ဆောင်မှုပေးသူများ၊ အရပ်လက်သည်များနှင့် အခြားသော ရပ်ရွာအခြေပြု ကျန်းမာရေးအဖွဲ့များသည် လွှဲပြောင်းညွှန်းပို့ခြင်းနှင့် အခြေခံပံ့ပိုးမှုများအတွက် အရေးကြီးသူများဖြစ်သည့်အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း။ | ✔ | ✔ | ✔ |
| နောက်ဆက်တွဲဆောင်ရွက်ရန် ဆက်လက်ချိန်းဆိုခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းအတွက် ကျန်းမာရေး အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ခြင်း။ | ✔ | ✔ | ✔ |
| အကယ်၍ ဘေးကင်းလုံခြုံစွာ လုပ်ဆောင်နိုင်ပါက၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက် သူများအတွက် လွှဲပြောင်းညွှန်းပို့ခြင်း၏ အရေးပေါ်လိုအပ်ချက်နှင့် လုပ်ထုံးလုပ်နည်းများအကြောင်း လူထုအား အသိပေးရန်၊ ကျန်းမာရေးဝန်ဆောင်မှုပေးသူများ၊ ရပ်ရွာခေါင်းဆောင်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း။ | ✔ | ✔ | ✔ |
| အကယ်၍ ဘေးကင်းလုံခြုံစွာ လုပ်ဆောင်နိုင်ပါက၊ အရေးပေါ်အခြေအနေများတွင် တိုးလာလေ့ရှိသည့် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှုနှင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားပေးခြင်း၏ ကျန်းမာရေးဆိုင်ရာနောက်ဆက်တွဲ အကျိုးဆက်များအကြောင်း၊ သတင်းအချက်အလက်ဖြန့်ဝေခြင်းနှင့် လူထုနှင့်အတူပူးပေါင်းလုပ်ဆောင်ခြင်း။ | ✔ | ✔ | ✔ |
| အရေးပေါ်အခြေအနေ စတင်ချိန် ကျော်လွန်သွားသည့်ကာလနှင့် အကူးအပြောင်းကာလများတွင်၊ ပြီးပြည့်စုံသော မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ပြန်လည်ထူထောင်ပြီး အမျိုးသားအဆင့် ကျန်းမာရေးစနစ်များ ပြန်လည်အားကောင်းလာစေရန်ဆောင်ရွက်ခြင်း။ | | ✔ | ✔ |

ပြုစုစောင့်ရှောက်မှုကို လွယ်ကူချောမွေ့စေရန် ရှင်သန်လွတ်မြောက်သူများအတွက် ဘေးကင်းလုံခြုံပြီး လွယ်ကူစွာ လက်လှမ်းမီသည့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများရှိရပါမည်။ ရှင်သန်လွတ်မြောက်သူအများအပြားသည် ရှက်ရွံ့ခြင်း၊ အပြစ်တင်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ လူမှုရေးပြစ်ဒဏ်ခံရမှုများ၊ လက်တွဲဖော်/မိသားစုများက ငြင်းပယ် စွန့်ပစ်ခြင်းနှင့် အခြားဖြစ်နိုင်သော အကျိုးဆက်များ ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု (သို့မဟုတ်) အခြားပံ့ပိုးပေးသူအား အကြမ်းဖက်မှုကို ထုတ်ဖော်ပြောပြခြင်း မရှိကြပါ။[၁၂၈]အကြမ်းဖက်မှုခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ထိရောက်သော စောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို လေ့ကျင့်မှု သင်တန်းများနှင့် ပံ့ပိုးကူညီမှုများပေးရန် လိုအပ်ပါသည်။ ဝန်ဆောင်မှုပေးသူများသည် ရှင်သန်လွတ်မြောက်သူဗဟိုပြုသဘောထားများကို မလိုက်နာခြင်း နှင့် GBV ကို မည်သို့ ဆွေးနွေး၍ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်ကို ကောင်းစွာလေ့ကျင့်သင်ကြားမှု၊ကျွမ်းကျင်မှု နှင့် အသိပညာဗဟုသုတများ မရှိပါက၊ ရှင်သန်လွတ်မြောက်သူများအနေဖြင့် GBV ဆိုင်ရာကျန်းမာရေးပြဿနာများအတွက် အကူအညီတောင်းခံရာတွင်/ ထုတ်ဖော်ပြောဆိုရာတွင် စိတ်ပျက်အားလျော့စေနိုင်ပါသည်။ ဝန်ဆောင်မှုများသို့ ရှင်သန်လွတ်မြောက်သူများ လက်လှမ်းမီနိုင်မှုကို မြှင့်တင်ရန် အောက်ပါတို့မှာ အရေးကြီးသည်။

- အမျိုးသမီးဝန်ထမ်းများ ခန့်ထားခြင်း၊
- ကျန်းမာရေးဝန်ဆောင်မှုပေးသူက မှန်ကန်သောမေးခွန်းများကို အပြစ်တင်ဝေဖန်မှုမပါဘဲ မေးခြင်း၊
- ကျန်းမာရေးဌာနတွင် ဆွေးနွေးမှုပြုလုပ်ရန် သီးသန့်နေရာများ ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လမ်းညွှန်စည်းမျဉ်းများ၊ မရှိမဖြစ်လိုအပ်သောဆေးဝါးများနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းအတွက် လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း ယန္တရားများ၊
- ကျန်းမာရေးဌာနတွင် ရရှိနိုင်သောဝန်ဆောင်မှုအမျိုးအစားများနှင့် ပတ်သက်၍ ရှင်းလင်းတိကျစွာဖော်ပြထားနိုင်သော ဆက်သွယ်ရေးသင်ထောက်ကူပစ္စည်းများရှိခြင်း။
- GBV အဖြစ်အပျက် ထုတ်ဖော်ပြောဆိုမှုတိုင်းကို လေးစားမှု၊ စာနာမှုနှင့် လျှို့ဝှက်ထားမှုတို့နှင့် အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ဆောင်မှုပေးသူက သေချာစေခြင်း၊

အချို့သောအခြေအနေများတွင် ရှင်သန်လွတ်မြောက်သူသည်ကျန်းမာရေးစောင့်ရှောက်မှုမရ ရှိမီ ရဲထံတိုင်ကြားရန် လိုအပ်ခြင်းသည် အကောင်းဆုံးအလေ့အကျင့်နှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ရှင်သန်လွတ်မြောက်သူအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစွာရယူနိုင်ကြောင်း သေချာစေရန် နှင့် ထို့နောက်တွင်မှ GBV ဖြစ်ရပ်များကို ရဲထံတိုင်ကြားရန်ဆန္ဒ ရှိမရှိကို ရွေးချယ်နိုင်သည်ကို သေချာစေရန် GBV နှင့် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများသည် ရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရန် အခိုင်အမာအကြံပြုထားပါသည်။ ရဲဌာနသို့ ပထမဆုံး တိုင်ကြားရန် လိုအပ်သည့် မဖြစ်မနေ သတင်းပို့ အစီရင်ခံခြင်းသည် အသက်ကယ်နိုင်သည့် ဆေးဝါးကုသမှု ခံယူရန် နှောင့်နှေးကြန့်ကြာစေနိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများသည် ပထမဦးစားပေးဖြစ်ပြီး အစီရင်ခံသည့် အခြေအနေများ မည်သို့ပင်ရှိစေကာမူ ဆေးဝါးကုသမှု ပေးရမည်ဖြစ်သည်။၁၂၉ GBV ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေး၊ ရဲတပ်ဖွဲ့နှင့် GBV အဖွဲ့များကြားရှိ လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာ လမ်းကြောင်းများတွင်၊ ရှင်သန်လွတ်မြောက်သူအနေဖြင့် မည်သည့်နေရာနှင့် မည်သည့်အချိန်တွင် အစီရင်ခံရန် ရွေးချယ်ပိုင်ခွင့်တို့ကို ပံ့ပိုးပေးရမည် ဆိုသည့်အချက်နှင့် အချိန်နှင့် တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရန် ထောက်ပံ့ပေးရမည်ဆိုသည့်အချက်တို့အား အလေးထား ရပါမည်။

ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုပေးသူများ အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုသာမက ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ ရှိလျှင် လွှဲပြောင်းညွှန်းပို့ရမည့် တာဝန်ရှိသည်။ (စံနှုန်း ၆ - ဖြစ်ရပ်စီမံခန့်ခွဲမှု ကို ကြည့်ပါ။

**မဖြစ်မနေသတင်းပို့အစီရင်ခံခြင်း။**

ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှုများ ကို ရဲ သို့မဟုတ် အာဏာပိုင်များထံ မဖြစ်မနေ သတင်းပို့အစီရင်ခံတင်ပြခြင်းဆိုင်ရာ ဥပဒေများနှင့် တာဝန်များကို သတိပြုမိရန် လိုအပ်ပါသည်။ မဖြစ်မနေသတင်းပို့အစီရင်ခံခြင်းသည် ရှင်သန်လွတ်မြောက်သူများ (အထူးသဖြင့်ကလေးများ) ကိုကာကွယ်ရန် ရည်ရွယ်ထားသော်လည်း အချို့ကိစ္စများတွင် GBV လမ်းညွှန် အခြေခံသဘောတရားများနှင့်ကွဲလွဲနိုင်သည် (စံနှုန်း၁ ကိုကြည့်ပါ)။ ထို့အပြင်၊ အရွယ်ရောက်ပြီးသူများတွင် မဖြစ်မနေ သတင်းပို့ အစီရင်ခံခြင်းသည် ၎င်းတို့၏ကိုယ်ပိုင်စီရင်ခွင့်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များချနိုင်မှုတို့ကို ထိခိုက်စေပါသည်။ အမျိုးသမီးများအတွက်လက်တုံ့ပြန်ခံရခြင်း၊ ၎င်းတို့၏ ကလေးများအားအုပ်ထိန်းခွင့်ကို ဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် ဥပဒေကြောင်းအရ အကျိုးဆက်များ ကြုံတွေ့ရနိုင်ခြင်း (ဥပမာ - လက်မထပ်ဘဲ လိင်ဆက်ဆံခြင်းကို တရားမဝင်/အပြစ်ရှိသည်ဟုသတ်မှတ်ထားသည့် နိုင်ငံများတွင်) လုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်အခြေအနေများ တိုးပွားစေပါသည်။ လိင်တူချစ်ခင်စုံမက်မှုကို ရာဇဝတ်မှုကျူးလွန်သည်ဟု သတ်မှတ်ထားသည့် နိုင်ငံများတွင်၊ ကွဲပြားသောလိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား-မ ခံယူချက်များရှိသူတို့သည် ဖြစ်မနေအစီရင်ခံရန် လိုအပ်ချက်ကြောင့်ကျန်းမာရေးဝန်ဆောင်မှုများရယူရန် ချီတုံချတုံဖြစ်နိုင်သည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် ၎င်းတို့၏ တရားဝင်တာဝန်ဝတ္တရားများ (ရှိပါက) နှင့် ပရော်ဖက်ရှင်နယ် လုပ်ထုံးလုပ်နည်းများကို သေချာနားလည်ရန်လိုအပ်ပြီး ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ရွေးချယ်မှုများနှင့် လျှို့ဝှက်ထိန်းသိမ်းရာတွင် ကန့်သတ်ချက်များရှိနေပါက ထိုကန့်သတ်ချက်များကို အပြည့်အဝသိရှိထားကြောင်း သေချာစေရန်လိုအပ်သည်။ ရှင်သန်လွတ်မြောက်သူများသည် မဖြစ်မနေသတင်းပို့ အစီရင်ခံခြင်းဆိုင်ရာလိုအပ်ချက်များကို သိရှိနားလည်ကြောင်းသေချာစေခြင်းဖြင့်၊ ရှင်သန်လွတ်မြောက်သူများသည် ကျန်းမာရေးဌာနသို့ သွားရောက်ရသည့် အခါ မည်သည့် အရာကို သာ ထုတ်ဖော်ပြောဆိုမည် ဆိုသည့်အသိပေးဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများက ကူညီပေးနိုင်ပါသည်။

Source: WHO, UNFPA and UNHCR 2019.

လုံခြုံသော၊ ထိလွယ်ရှလွယ်ကိစ္စများကို တုံ့ပြန်နိုင်ခြင်း၊ လျှို့ဝှက်ထားခြင်းနှင့် လက်လှမ်းမီခြင်းရှိသော (ဥပမာ၊ အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်နည်းသော၊ လက်လှမ်းမီရန် လွယ်ကူသော၊ အပြစ်တင်ဝေဖန်ခြင်းမရှိသော) ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များသည် ရှင်သန်လွတ်မြောက်သူများအတွက် ချက်ခြင်းလိုအပ်သော အသက်ကယ်စောင့်ရှောက်မှုကို ရရှိစေပြီး၊ ပြန်လည်သက်သာခြင်းလုပ်ငန်းစဉ်ကို စတင်စေနိုင်မည်ဖြစ်သည်။ ၎င်းသည် ရှင်သန်လွတ်မြောက်သူတစ်ဦးချင်းစီအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးကျေးဇူးများနှင့် မိသားစုများ၊ အသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းများအတွက် ကျယ်ပြန့်သော အကျိုးကျေးဇူးများကို ရရှိစေပါသည်။[၁၃၀] ကျန်းမာရေး စောင့်ရှောက်မှုပေးသူများသည် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ တရားဥပဒေ၊ နားခိုရာနေရာ သို့မဟုတ် အခြားသော ဝန်ဆောင်မှုများ ပေးနေသည့် အခြားသော အေဂျင်စီများသို့လည်း လွှဲပြောင်းမှုများ ပြုလုပ်သင့်သည်။[၁၃၁] လျှို့ဝှက်ထားခြင်း၊ လေးစားမှုနှင့် ဘေးကင်းမှု စည်းမျဉ်းများအား မလိုက်နာခြင်းသည် ရှင်သန်လွတ်မြောက်သူများအပေါ် လက်တွဲဖော်၊ မိသားစုနှင့်/သို့မဟုတ် လူမှု အသိုင်းအဝိုင်းအဖွဲ့ဝင်များမှ ထပ်လောင်းကျူးလွန်သည့် အန္တရာယ် သို့မဟုတ် အကြမ်းဖက်မှုများ ဖြစ်နိုင်ခြေ မြင့်မားနိုင်ပါသည်။

အရေးပေါ်အခြေအနေစတင်ချိန် ပြင်းထန်သောအဆင့်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်းသည် အနာရောဂါ၊ စိတ်ဒဏ်ရာ၊ မသန်စွမ်းမှုနှင့် သေဆုံးခြင်းတို့ကို ကာကွယ်ပေးသည့် အသက်ကယ်ဆယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်အဖြစ် သတ်မှတ်ပြီး MISP ၏ အဓိကအစိတ်အပိုင်းများ ထဲတွင်လည်း ပါဝင်ပါသည်။[၁၃၂] MISP သည် အရေးပေါ် အခြေအနေစတင်ချိန်တိုင်းတွင် စတင်အကောင် အထည်ဖော် သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ပြီး Sphere Sexual Reproductive Health and HIV Standards ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။[၁၃၃]

ဤလုပ်ငန်းစဉ်သည် အခြေခံကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများကြားတွင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုနှုန်းကို တားဆီးရန် ဦးစားပေး လုပ်ဆောင်မှုများ ပါဝင်သည့် ပေါင်းစပ်ထားသော လုပ်ငန်းစဉ်များအား လုပ်ဆောင်ခြင်းဖြင့် အကြမ်းဖက်မှု၏ ရေရှည်ဆိုးကျိုးများကို လျော့ပါးသက်သာစေရန် ကူညီပေးပါသည်။

**အရေးပေါ်အခြေအနေ၏ အစောပိုင်းကာလမှစ၍ မဖြစ်မနေဆောင်ရွက်ပေးရမည့် မျိုးဆက်ပွါးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ (MISP)**

- ကျန်းမာရေးကဏ္ဍ/အစုအဖွဲ့သည် MISP ၏ အကောင်အထည်ဖော်မှုကို ဦးဆောင်ရန် အဖွဲ့အစည်းတစ်ခုကို ဖော်ထုတ်သတ်မှတ်မှုကို သေချာစေရေး။
- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုတားဆီးပြီး - ရှင်သန်လွတ်မြောက်သူများ၏လိုအပ်ချက်များကိုတုံ့ပြန်ရေး။
- HIV နှင့် လိင်မှတဆင့်ကူးစက်သော အခြား ကူးစက်ရောဂါများ ကူးစက်ခံရခြင်းမှ ကာကွယ်တားဆီးရန်နှင့် ထိုကူးစက်ရောဂါ ဖြစ်ပွါးမှုနှုန်းနှင့် သေဆုံးမှုနှုန်းကို လျှော့ချရန်။
- မိခင်နှင့် မွေးကင်းစကလေးရောဂါဖြစ်ပွါးမှုနှင့် သေဆုံးမှုကို တားဆီးရန်။
- မလိုလားအပ်သော ကိုယ်ဝန်များကို တားဆီးရန်။ နှင့်
- ပဏာမအခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် တတ်နိုင်သမျှအမြန်ဆုံး ပေါင်းစပ်ဆောင်ရွက်ထားသော ပြီးပြည့်စုံသည့် လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် အစီအစဉ်ဆွဲရန်။ ကျန်းမာရေးကဏ္ဍ/အစုအဖွဲ့လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစနစ်မူဘောင် ခြောက်ခုကို ကိုင်တွယ်ဖြေရှင်းရန်။

Source: IAWG on Reproductive Health in Crises 2011.

MISP သည် CERF အသက်ကယ်ဆယ်ရေးဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသည့်အတွက် အဆိုပါ CREF ရန်ပုံငွေများကိုကျန်းမာရေး အစီအစဉ်များအတွက် ရရှိနိုင်သည် (လမ်းညွှန်ချက် မှတ်စု ၂ ကို ကြည့်ပါ)။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင် မုဒိမ်းမှုနှင့် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများရရှိခြင်းအား အဓိကကွာဟချက်အဖြစ် သတ်မှတ်ထားပါသည်။ မုဒိမ်းမှုနှင့် ရင်းနှီးကျွမ်းဝင် သောလက်တွဲဖော်မှ အကြမ်းဖက်မှုများကို ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းအတွက် ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများအကောင်အထည်ဖော်ရန် အရေးကြီးသော လိုအပ်ချက်များ ရှိပါသည်။[၁၃၄]

ကျန်းမာရေးဝန်ဆောင်မှုပေးသော စနစ်များသည် မုဒိမ်းမှုနှင့် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှုများနှင့် အခြားသော GBV ပုံစံများ၏ နောက်ဆက်တွဲဆိုးကျိုးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးထားရမည်ဖြစ်သည်။ (လမ်းညွှန်ချက်မှတ်စု ၁ ကို ကြည့်ပါ။) ဝန်ဆောင်မှုများတွင် ကနဦးကူညီပံ့ပိုးပေးမှု/စိတ်ပိုင်းဆိုင်ရာ ကနဦး ကူညီပံ့ပိုးမှု၊ အရေးပေါ်သန္ဓေတားဆေး၊ HIV ပိုးနှင့်ထိတွေ့ပြီးနောက်မကူးစက်စေရန်ကာကွယ်ခြင်း (PEP)၊ လိင်မှ တဆင့် ကူးစက်တတ်သော ရောဂါများအား ဆေးကုသမှုပေးခြင်း၊ အသည်းရောင်အသားဝါ B ပိုးကာကွယ်ဆေး၊ ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှုခံရသော ရှင်သန်လွတ်မြောက်သူများကို ဖော်ထုတ်ခြင်းနှင့် စောင့်ရှောက်မှု ပေးခြင်း (နောက်ထပ် ပိုမိုပြင်းထန်သော အကြမ်းဖက်မှုဖြစ်နိုင်ခြေကို အကဲဖြတ်ခြင်း၊ ကုသခြင်း အပါအဝင်ဒဏ်ရာနှင့် အခြားရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု လိုအပ်ချက်များ) နှင့် စိတ်ဓာတ်ကျခြင်း၊ သေကြောင်းကြံစည်ရန် စိတ်ကူးရှိခြင်း သို့မဟုတ် ကြိုးပမ်းခြင်း နှင့် ထိခိုက်ခံစားရပြီးနောက် စိတ်ဖိစီးမှု ဝေဒနာ PTSD ကဲ့သို့သော စိတ်ကျန်းမာရေး အခြေအနေများကို အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း တို့ပါဝင်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းမှ ရှင်သန်လွတ်မြောက်သူများ၏ ကျန်းမာရေး လိုအပ်ချက်များ (ဥပမာ၊ အန္တရာယ်ရှိသောကိုယ်ဝန်ရနိုင်ခြေမြင့်မားခြင်း၊ အတင်းအကြပ်လိင်ဆက်ဆံခြင်း၏ ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများ) နှင့် အမျိုးသမီးလိင်အင်္ဂါဖြတ်ခြင်း/ဖြတ်တောက်ခြင်းဆိုင်ရာ နောက်ဆက်တွဲပြဿနာများ (ဥပမာ၊ နာကျင်ခြင်း၊ သွေးထွက်ခြင်း၊ ဆီးလမ်းကြောင်းနှင့် မိန်းမကိုယ်ပိုးဝင်ခြင်း၊ မီးယပ်ပြဿနာများ၊ ကလေးမီးဖွားခြင်းဆိုင်ရာ ခက်ခဲမှုများ စသည်)တို့ကို ကိုင်တွယ်ကုသ ဖြေရှင်းပေးရန်လိုအပ်ပါသည်။

*လုံခြုံသော၊ ထိလွယ်ရှလွယ်ကိစ္စများကို တုံ့ပြန်နိုင်သော၊ သတင်းအချက်အလက်ကို လျှို့ဝှက်ထားနိုင်သော၊ လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ သည် ရှင်သန်လွတ်မြောက်သူများအတွက် ချက်ချင်းလိုအပ်သော အသက်ကယ်စောင့်ရှောက်မှုကို ရရှိစေပြီး ပြန်လည်သက်သာရေးလုပ်ငန်းစဉ်ကို စတင်စေနိုင်မည်ဖြစ်သည်။*

ဝန်ဆောင်မှုများစတင်ပြီးသည်နှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း၏ အကျိုးကျေးဇူးများနှင့် တည်နေရာများအား၊ မုဒိမ်းမှုခံရပြီးနောက် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု၏ အရေးကြီးသော ကဏ္ဍအချို့ကို လူထုအားအသိပေးရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရေးပေါ်သန္ဓေတားဆေးနှင့် HIV ကာကွယ်ရေးဆေးဝါးများ (PEP) များကို အချိန်တိုအတွင်း ရရှိမှသာ ထိရောက်မှုရှိနိုင်ခြင်းနှင့် အကြမ်းဖက်ခံရပြီးနောက် တတ်နိုင်သမျှ အစောဆုံး ဆေးကုသမှုရရှိရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်။ အကြမ်းဖက်မှု ခံရချိန်မှ ၇၂ နာရီအတွင်း (PEP) ရရှိနိုင်မှုမှာ မဖြစ်မနေလိုအပ်ပါသည်။ အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် မိန်းကလေးများ ၇၂ နာရီအတွင်း PEP ရရှိနိုင်စေရန်အတွက် ဆေးပစ္စည်းများကို ကြိုတင်ဖြည့်ဆင်း ပြင်ဆင်ထားသင့်သည်။

ဤစံနှုန်းရှိ အဓိက လုပ်ဆောင်ချက်များသည် ကျန်းမာရေးဝန်ဆောင်မှုများ နှင့် ဆက်စပ်သော အရေးဆိုခြင်းကို လုပ်ဆောင်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် အနီးကပ်လုပ်ဆောင်နေသည့် GBV လုပ်ငန်းအစီအစဉ်မှဝန်ထမ်းများအတွက် သက်ဆိုင်ပါသည်။ IASC GBV လမ်းညွှန်ချက်များ The IASC GBV Guidelines နှင့် မုဒိမ်းမှုနှင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှ အကြမ်းဖက်ခံရသော ရှင်သန်လွတ်မြောက်လာသူများ အတွက် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှု - လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာဒေသများတွင် အသုံးပြုရန်အတွက် ပရိုတိုကောများ ရေးဆွဲခြင်း “Clinical Management of Rape and IntimatePartner Violence Survivors: Developing Protocols for Use in Humanitarian Settings” လမ်းညွှန်တို့တွင် စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး၌ သက်ဆိုင်သည့် လုပ်ဆောင်ချက်များကို ဖော်ပြထားပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များပေးထားပါသည်။ ထိုအထဲတွင် ကျန်းမာရေးကဏ္ဍမှ ခန့်အပ်ထားသည့် GBV နှင့်ဆိုင်သောတာဝန်ရှိသူသည် GBV ညှိနှိုင်းမှုတွင် ပူးပေါင်းပါဝင်ရေး၏ အရေးကြီးပုံကို ပြတ်သားစွာ ဖော်ထုတ်ထားပါသည်။

## အညွှန်းကိန်းများ

- ကျန်းမာရေးဌာနအားလုံးသည် နိုင်ငံတွင်းရှိ သို့မဟုတ် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ အပေါ် အခြေခံ၍ မုဒိမ်းမှုမှ ရှင်သန် လွတ်မြောက်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လုံလောက်သော ထောက်ပံ့ရေးဆေးပစ္စည်းများနှင့် ဆေးဝါးများနှင့် လေ့ကျင့် သင်ကြားပေးထားသည့် ဝန်ထမ်းများရှိခြင်း။[၁၃၆]
- MISP ကို အကျပ်အတည်းစတင်ပြီး နှစ်ပတ်အတွင်း အကောင်အထည်ဖော်ခဲ့ခြင်း။
- ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များသည် (အရေးပေါ်)GBV စံလုပ်ငန်းစဉ်များ (SOP)တွင် ပေါင်းစပ် ပါဝင်ပြီး လွှဲပြောင်းညွှန်းပို့ပေးသည့်လမ်းကြောင်းတွင်လည်း ပါဝင်ခြင်း။
- GBV ရှင်သန် လွတ်မြောက်လာသူအားလုံး[၁၃၇] သည် ရှင်သန် လွတ်မြောက်လာသူများအတွက် ဗဟိုပြုသည့် အပြုအမူဖြင့် ဘေးကင်းလုံခြုံပြီး ၎င်းတို့၏ဂုဏ်သိက္ခာကို လေးစားမှုပေးသည့် ကျန်းမာရေး စောင့်ရှောက် မှုကို ရယူခဲ့ကြောင်း ဖော်ပြခြင်း။[၁၃၈]
- မုဒိမ်းမှုမှ ရှင်သန် လွတ်မြောက်လာသူအားလုံး ဖြစ်ရပ်တစ်ခုဖြစ်ပွားပြီး သို့မဟုတ် ထိတွေ့မှုမှ ဖြစ်ပွါးပြီး သည့် နောက် ၇၂ နာရီအတွင်း PEP နှင့် နာရီ ၁၂၀ အတွင်း အရေးပေါ်သန္ဓေတားဆေးကို ရရှိခြင်း။

**လူတစ်ဦးအား အဓမ္မပြုကျင့်ခံရခြင်းရှိမရှိကို ဆုံးဖြတ်ရန်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ တာဝန်မဟုတ်ပေ အဘယ်ကြောင့်ဆိုသော် ၎င်းကို ဥပဒေရေးရာဌာနမှ သာ ဆုံးဖြတ်ပေးရမည်ဖြစ်ပါသည်။** ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏တာဝန်မှာ သင့်လျော်သောစောင့်ရှောက်မှုပေးရန်၊ အဖြစ်အပျက်အသေးစိတ်အချက်အလက်များကို မှတ်တမ်းတင်ရန်၊ ရုပ်ပိုင်းဆိုင်ရာစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပြီး မှတ်တမ်းတင်ရန်နှင့် လူနာ ၏ခွင့်ပြုချက်ဖြင့် နောက်ဆက်တွဲ ဥပဒေကြောင်းအရ အရေးယူမှုတစ်ခုတွင် လိုအပ်နိုင်သည့် မည်သည့်မှုခင်းဆိုင်ရာ အထောက်အထားများကိုမဆို စုစည်းကောက်ခံရန်နှင့် ထိန်းသိမ်းထားရန်ဖြစ်သည်။

**အမျိုးသမီး သို့မဟုတ် မိန်းကလေးသည် အပျိုစစ်စစ်ဖြစ်မဖြစ် ဆုံးဖြတ်ရန် မှာကျန်းမာရေးစောင့်ရှောက်မှုပေးသူ၏ တာဝန်မဟုတ်ပါ။** WHO နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အလုပ်အဖွဲ့တို့က အပျိုစင်စမ်းသပ်ခြင်းသည် သိပ္ပံနည်းကျအခြေအမြစ်မရှိဘဲ အမျိုးသမီးများနှင့် မိန်းကလေးများ၏ လူ့အခွင့်အရေးကို ချိုးဖောက်ကာ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သုခချမ်းသာများကို ထိခိုက်စေနိုင်သည်ဟု ဖော်ပြထားသည်။ အပျိုစင်ဖြစ်ကြောင်းစမ်းသပ်ချက်သည် အမျိုးသမီးလိင်အင်္ဂါရှိ အသွင်အပြင်သည် လိင်ဆက်ဆံမှု ဖြစ်ပွားခြင်း ရှိ၊ မရှိကို သက်သေပြနိုင်သည်ဟု ယုံကြည်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား မလိုအပ်သော လိင်အင်္ဂါစစ်ဆေးမှု သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။ ဤစစ်ဆေးမှုများသည် ဆေးပညာအရ မလိုအပ်သောကြောင့် သမားတော်များ သို့မဟုတ် ကျန်းမာရေးပညာရှင်များက ၎င်းတို့ကို လုပ်ဆောင်ခြင်းသည် သိက္ခာကျင့်ဝတ်မဲ့ခြင်းဖြစ်ပါသည်။
အရင်းအမြစ်- WHO 2014; IRC 2018k

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ မုဒိမ်းမှုမှ ရှင်သန်လွတ်မြောက်လာသူများ အတွက် ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှု[၁၃၉]

မုဒိမ်းမှုမှ လွတ်မြောက်သူများ အပါအဝင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုမှ လွတ်မြောက်သူများသည် ဒဏ်ရာများကိုကုသရန်နှင့် လိင်မှတဆင့် ကူးစက်သော ကူးစက်ရောဂါများကို ကာကွယ်ရန် သို့မဟုတ် ကုသရန်နှင့် မလိုလားအပ်သော ကိုယ်ဝန်များကို ကာကွယ်ရန် ဆေးဝါးများရရှိရန်အတွက် ဆေးဘက်ဆိုင်ရာ တုံ့ပြန်မှုများ ကို ချက်ချင်း လိုအပ်ပါသည်။ အကြမ်းဖက်ခံရပြီးနောက် ၇၂ နာရီအတွင်း တွင်အထူးသဖြင့် HIV အတွက် PEP နှင့် အခြားလိင်မှတဆင့်ကူးစက်သော ကူးစက်ရောဂါများ အတွက် ကုသခြင်းနှင့် ကိုယ်ဝန်ကာကွယ်ရေးစောင့်ရှောက်မှု (နာရီ ၁၂၀ အထိ) ကိုစီမံနိုင်လျှင်  ပိုမိုကောင်းမွန်ပါသည်။ ရှင်သန်လွတ်မြောက်သူများသည် ၇၂ နာရီထက် များစွာနောက်ကျပြီးရောက်လာသည့် အခါတွင်လည်း အခြားဆေးကုသမှုများ လိုအပ်နိုင်သည်။

အမျိုးသမီး သို့မဟုတ် ဆယ်ကျော်သက်မိန်းကလေးတစ်ဦးသည် ကြိုတင်ကာကွယ်စောင့်ရှောက်မှုအတွက် ၇၂/၁၂၀ နာရီထက် နောက်ကျပြီးမှ ရောက်လာပါက၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် ကနဦး ပံ့ပိုးမှု၊ အသည်းရောင် အသားဝါB ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်အတွက် စမ်းသပ်မှုများနှင့် HIV အပါအဝင် လိင်မှ တဆင့်ကူးစက်ရောဂါများ စစ်ဆေးခြင်း (HIVဆိုင်ရာနှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ စမ်းသပ်ခြင်းနှင့် ကုသခြင်းအတွက် ညွှန်းပို့နိုင်မှသာ စစ်ဆေးရန်) နှင့် စိတ်ကျန်းမာရေး အကဲဖြတ်ခြင်းတို့ကိုလုပ်ဆောင်ပြီးနှင့် လိုအပ်ပါက လွှဲပြောင်းညွှန်းပို့ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။ ဝန်ဆောင်မှုပေးသူများသည် ဥပဒေအတိုင်းအတာနှင့် အညီ  ဘေးကင်းလုံခြုံသော ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာစောင့်ရှောက်မှု သို့မဟုတ် လွှဲပြောင်းညွှန်းပို့မှုများကို ပြုလုပ်ပေးသင့်သည်။ မုဒိမ်းမှုမှလွတ်မြောက်လာသူများအတွက် ဆေးပညာပိုင်းဆိုင်ရာ စောင့်ရှောက်မှုကို အရေးပေါ်အခြေအနေစတင်ချိန်မှ ရရှိရမည်ဖြစ်ပြီး၊ ကျန်းမာရေးဝန်ထမ်းများအား မုဒိမ်းမှုကျူးလွန်ခံရသူများအား ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုပြုလုပ်ခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊ ကုသမှုပေးခြင်း နှင့် ရှင်သန်လွတ်မြောက်သူ၏ ဆန္ဒနှင့် အညီအခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ခြင်း (ဥပမာ၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ နှင့် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီမှု) စသည်တို့အပါအဝင် မုဒိမ်းမှုကျူးလွန်ခံရသူများအား ဆေးကုသခြင်းနှင့်ဆိုင်သော သင်တန်းများအား သေချာစွာ ပေးထားပြီးဖြစ်ရမည်။ ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများသည် ရှင်သန်လွတ်မြောက်သူ ဗဟိုပြုစောင့်ရှောက်မှုနှင့် အသိပေးသဘောတူမှု (informed consent)၊  အချက်လက်များလျှို့ဝှက်ထိန်းသိမ်းထားမှု၊ လေးစားမှုနှင့် ခွဲခြားဆက်ဆံမှု မရှိခြင်း အပါအဝင်  GBV လမ်းညွှန်အခြေခံသဘောတရားများ (စံနှုန်း ၁ - GBV လမ်းညွှန်အခြေခံ သဘောတရားများ ကိုကြည့်ပါ) တို့ကို သင်တန်းရရှိထားပြီးဖြစ်ရမည်။ ဖြစ်နိုင်လျှင် အမျိုးသမီး ကျန်းမာရေးဝန်ထမ်းများ ရှိသင့်ပါသည်။ ရပ်ရွာကျန်းမာရေးမှူးများနှင့်/သို့မဟုတ် GBV နှင့်ပတ်သက်သော လေ့ကျင့်သင်ကြားထားသော အခြားပံ့ပိုးပေးသူများသည်ရှင်သန်လွတ်မြောက်သူ၏ ဆန္ဒ အပေါ်အခြေခံ၍ ဆေးခန်း သို့မဟုတ် ဆေးရုံသို့ ရှင်သန်လွတ်မြောက်သူအမျိုးသမီး နှင့်အတူလိုက်ပါသင့်သည်။[၁၄၀]

## ၂။ အရေးပေါ်အခြေအနေ၏ အစောပိုင်းကာလမှစ၍ မပြတ်မနေ ဆောင်ရွက်ပေးရမည့် မျိုးဆက်ပွါးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ (MISP)

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနေရာများတွင်နေထိုင်သူများ အပါအဝင် လူတစ်ဦးချင်းစီတွင် လိင်နှင့်မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အမြင့်ဆုံးစံနှုန်းကိုရရှိပိုင်ခွင့်ရှိသည်။[၁၄၁] ဤအခွင့်အရေးကိုကျင့်သုံးရန် အရေးပေါ်အခြေအန စတင်ချိန်မှ စ၍ အသက်ကယ်တင်ရန်နှင့်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန်ထိခိုက်ခံစားရသူများသည် (MISP) ကိုလက်လှမ်းမီပြီးအသုံးပြုခွင့်ရှိရပါမည်။[၁၄၂] ပြီးပြည့်စုံသောလိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားမှုဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သတင်း အချက်အလက်များ နှင့်ဝန်ဆောင်မှုများ ဆီသို့ ကူးပြောင်းမှုသည်တတ်နိုင်သမျှအမြန်ဆုံးပေါ်ပေါက်သင့်သည်။

MISP သည် အကျပ်အတည်းတစ်ခု၏အစတွင် သင့်လျော်သောလေ့ကျင့်သင်ကြားထားသောဝန်ထမ်းများဖြင့် ညှိနှိုင်းဆောင်ရွက်ရမည့် နိုင်ငံတကာမှလက်ခံထားသော ကုသရေးနှင့် စောင့်ရှောက်မှု ဆိုင်ရာ အနိမ့်ဆုံးလုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ဆေးဝါးကုသမှုသည် အလုံးစုံသော၊ ရှင်သန်လွတ်မြောက်သူဗဟိုပြု စောင့်ရှောက်မှုနှင့် လေ့ကျင့်သင်ကြားထားသော ကျန်းမာရေးပညာရှင်များမှ စီမံကွပ်ကဲမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ရန် အရေးကြီးပါသည်။[၁၄၃] MISP ကို အကောင်အထည်ဖော်ရန် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ HIV နှင့် အခြားသော လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားမှုဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့်ပတ်သက်သော အကြိုအကဲဖြတ်မှုများ မလိုအပ်ပါ။[၁၄၄] MISP ၏ ဦးစားပေး အသက်ကယ် လှုပ်ရှားမှုများကို Sphere Sexual Reproductive Health and HIV Standards တွင် ပေါင်းစည်းထားပြီး[၁၄၅] အရေးပေါ်အခြေအနေတွင် အခြေခံနှင့် ဦးစားပေး မျိုးဆက်ပွားမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ရက်သတ္တပတ် သို့မဟုတ် လများစွာတိုင် စီစဥ်ဆောင်ရွက်ခြင်း မရှိသည့် အခါ အမျိုးသမီးများနှင့် မိန်းကလေးများအား မလိုအပ်ဘဲ အလွန်အကျွံ သေဆုံးမှုဖြစ်စေပြီး၊ မသန်စွမ်းမှုဖြစ်ခြင်းကို ခံစားနေကြရသည်ဟု မှတ်တမ်းတင်ထားပါသည်။[၁၄၆]

## ၃။ ရှင်သန်လွတ်မြောက်လာသူများ၏ သီးခြားလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် အထူးပြုဝန်ဆောင်မှုများ

### ရှင်သန်လွတ်မြောက်သူ ကိုယ်ဝန်ဆောင် အမျိုးသမီးများ

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် မုဒိမ်းမှုကြောင့်ဖြစ်ပေါ်လာသော ကိုယ်ဝန်တို့ကို ခွဲခြားရန် အရေးကြီးပါသည်။ ကိုယ်ဝန်ဆောင်စဉ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်ဝန်ဆောင်စဥ်ကြောင့် သွေးတိုးခြင်း၊ လမစေ့မီ ကလေးမွေးခြင်း၊ အသည်းရောင်အသားဝါနှင့် HIV အပါအဝင် ရောဂါများ ကူးစက်ခြင်း  ကဲ့သို့သော နောက်ဆက်တွဲပြဿနာများ ကြုံတွေ့နိုင်ချေ မြင့်မားပါသည်။ ကျန်းမာရေးဝန်ဆောင်မှုပေးသူသည် မုဒိမ်းကျင့်ခံရပြီး နောက် ဆေးကုသမှုပေးသည့် အခါ သတ်မှတ်ထားသောဆေးဝါးများသည် ကိုယ်ဝန်အတွက် ဘေးထွက်ဆိုးကျိုးများ (သို့မဟုတ် တားမြစ်ချက်များ) မရှိခြင်းကို သေချာစေရမည်။[၁၄၇] မုဒိန်းမှု ကြောင့် ကိုယ်ဝန်ရနိုင်ချေ ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အရေးပေါ်သန္ဓေတားဆေး ပေးရန် နှင့် ဥပဒေနှင့်အညီ ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ကိုယ်ဝန်ပျက်ကျပြီးသည့်နောက် စောင့်ရှောက်မှုကို ပါ  လိုအပ်သလို အပြည့်အဝ ဆောင်ရွက်ပေးသင့်သည်။ ထို့အပြင်၊ ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ကိုယ်ဝန်ဆောင်စဉ်အတွင်း တိုးလာနိုင်ပြီး ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲများကို ပိုမိုဖြစ်ပေါ်စေပါသည်။

**ကျန်းမာရေးဝန်ဆောင်မှုပေးသူ ဝန်ထမ်းအားလုံးသည်**

- လိင်ပိုင်ဆိုင်ရာ နှင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှ အကြမ်းဖက်ခံရသည့် ရှင်သန်လွတ်မြောက်သူအားလုံးအား ကနဦးပံ့ပိုးမှု/ စိတ်ပိုင်းဆိုင်ရာ ကနဦးပံ့ပိုးကူညီမှု နှင့် အခြေခံစိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးပါ။ ဤပံ့ပိုးမှုသည် ခဏတာ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု လက္ခဏာများ နှင့် ကြုံတွေ့နေရသူများအတွက်  လုံလောက်မှုရှိနိုင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူတစ်ဦးသည် ရှင်သန်လွတ်မြောက်သူကို တစ်ကြိမ်သာတွေ့နိုင်သည့် အရေးပေါ်အခြေအနေတွင်၊ ဤပံ့ပိုးမှုအမျိုးအစားသည် ပေးနိုင်သည့် အရေးကြီးဆုံးအကူအညီဖြစ်နိုင်သည်။
- နေ့စဥ်လုပ်ဆောင်မှုကို ထိခိုက်နိုင်လောက်အောင် ရောဂါလက္ခဏာများပြင်းထန်ပြီး၊ ၎င်းတို့သည် အချိန်ကြာလာသည်နှင့်အမျှ လျော့ပါးမသွားပါက စိတ်ကျန်းမာရေးပြဿနာများကို အကဲဖြတ်ပါ။ ဖြစ်နိုင်လျှင် ရှင်သန်လွတ်မြောက်သူအား လူမှုရေးရာဆောင်ရွက်သူဝန်ထမ်းတစ်ဦးနှင့် ချိတ်ဆက်ပေးပါ (စံနှုန်း ၅- စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် စံနှုန်း ၈ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသောနေရာများကို ကြည့်ပါ) သို့မဟုတ် သင့်လျော်သောစောင့်ရှောက်မှုပေးရန်အတွက် စိတ်ကျန်းမာရေးဆိုင်ရာအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ချိတ်ဆက်ပေးပါ။
- စောင့်ကြပ်ကြည့်ရှုခြင်းနှင့် နောက်ထပ်ပံ့ပိုးမှုများအတွက် ပုံမှန်နောက်ဆက်တွဲရက်ချိန်းများကို အဖြစ်အပျက်ပြီးသည့်နောက် ဖြစ်နိုင်လျှင် နှစ်ပတ်၊ တစ်လ နှင့် သုံးလ အကြာတွင်ပြုလုပ်ပါ။

Source: WHO, UNFPA and UNHCR 2019.

## ရှင်သန်လွတ်မြောက်သူ ဆယ်ကျော်သက် မိန်းကလေးများ

အထူးသဖြင့်၊ အကျပ်အတည်းကာလအတွင်း ဆယ်ကျော်သက်မိန်းကလေးများသည် GBV နှင့် ပတ်သက်၍ ထိခိုက်နိုင်ချေမြင့်မားသူများ ဖြစ်ကြသည်။ ၎င်းတို့သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်ခံရခြင်းနှင့် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အန္တရာယ်များကို  မြင့်မားစွာ ကြုံတွေ့ နေရသော်လည်း လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ပေးဆောင်ရာတွင် ၎င်းတို့အတွက် အထူးအလေးထား မစဉ်းစား ထားကြပါ။ သူတို့၏အသက်အရွယ်အရ၊ စောစီးစွာ ကိုယ်ဝန်ဆောင်ခြင်း၏အန္တရာယ်များ၊ ဆုံးဖြတ်ချက် ချနိုင်သောအာဏာမရှိခြင်းနှင့် သတင်းအချက် အလက်နှင့်- ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင်- ဝန်ဆောင်မှုများကို ကို အကန့်အသတ်ဖြင့် လက်လှမ်းမီကြသည်။ အတားအဆီးများကို ဖယ်ရှားရန်နှင့် ဝန်ဆောင်မှုများ လွယ်ကူချော မွေ့စွာရရှိရန် အထူးဂရုပြုဆောင်ရွက်ရပါမည်။

*လုံလောက်သော ကျန်းမာရေး ဝန်ဆောင်မှုများသည် အမျိုးသမီးများ၊ မိန်းကလေးများ အတွက် အသက်ကယ်စောင့်ရှောက်မှုဆိုင်ရာ အာမခံချက်ရရှိစေရေး အတွက် အရေးကြီးသည်သာမက၊ ၎င်းတို့သည် လူ့အဖွဲ့အစည်းတစ်ခုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေတစ်ခုတွင် ကြုံရသည့် ပျက်စီးဆုံးရှုံးမှုများကို ကျော်လွှားနိုင်ရန် မရှိမဖြစ်လိုအပ်ပါသည်။*

ဥပမာအားဖြင့်၊ ကျား-မအခြေပြုအကြမ်းဖက်မှုမှ လွတ်မြောက်လာသော ဆယ်ကျော်သက်မိန်းကလေးများအား သန္ဓေတားဆေးနှင့် ဆေးဝါး ကုသမှုဆိုင်ရာ ငြင်းပယ်ခြင်း၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပေါ် ရေရှည်သက်ရောက်မှုများကို မိဘများအား အသိပေးသင့်ပြီး၊ အရွယ်မတိုင်မီလက်ထပ်ခြင်း နှင့် စောစီးစွာ ကိုယ်ဝန်ဆောင်ခြင်း၏ အသက်အန္တရာယ်ရှိသော ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များကို သတိပေးထားသင့်သည်။ အမျိုးသမီးကျန်းမာရေးဝန်ဆောင်မှုပေးသူများသည် အသက်အရွယ်နှင့် သင့်လျော်သော၊ လက်လှမ်းမီနိုင်သော၊ အပြစ်တင်ဝေဖန်ခြင်းမပြုသော ခွဲခြားဆက်ဆံမှုမရှိသော နည်းလမ်းဖြင့် ဆယ်ကျော်သက်မိန်းကလေးများအား နှစ်သိမ့်ဆွေးနွေးပေးမှုများနှင့် ကုသမှုများပေးဆောင်နိုင်ရန် အရေးကြီးပါသည်။ ဆယ်ကျော်သက်မိန်းကလေးများကို ဝန်ဆောင်မှုပေးရန် အတွက် စံနှုန်းများပေါ်ပေါက်လာရန် ကျန်းမာရေးစနစ်များကို ပံ့ပိုးပေးသင့်သည်။[၁၄၈]

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူအမျိုးသားများ

အမျိုးသားများနှင့် ယောကျ်ားလေးများသည် မုဒိမ်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံများကို တွေ့ကြုံခံစားရ သော်လည်း ၎င်းတို့အား အမြဲတစေအသိအမှတ်ပြုခံရခြင်း သို့မဟုတ် ကောင်းစွာသိနားလည်ခံရခြင်းမရှိပါ။ အမျိုးသားများအပေါ် ကျူးလွန်သည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ၎င်းတို့အား အာဏာလျှော့ပါးစေရန်၊ လွှမ်းမိုးချုပ်ကိုင်ခြင်းနှင့် ရိုးရာအယူအဆအရ ယောကျ်ားပီသခြင်းနှင့်ပတ်သက်ပြီး  ယောကျ်ားပီသမှု လျော့နည်းစေရန် စစ်ပွဲ၏နည်းဗျူဟာအဖြစ် အသုံးပြုကြသည်။ လိင်စိတ်တိမ်းညွတ်မှုနှင့် ယောကျ်ားပီသခြင်းဆိုင်ရာ တားမြစ်ချက်များ အပါအဝင် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး စံနှုန်းများကို အခိုင်အမာကျင့်သုံးပြီး၊ အမျိုးသား ရှင်သန်လွတ်မြောက်သူများကို ရှုတ်ချအပြစ်ပေးကာ၊ အရှက်ရစေသည့် ခံစားချက်များကို လှုံ့ဆော်ပေးခြင်းဖြင့်၊ ၎င်းတို့သည် အမျိုးသားများနှင့် ဆယ်ကျော်သက် ယောကျ်ားလေးများအား အဖြစ်အပျက်များကို သတင်းပို့ခြင်း သို့မဟုတ် ဝန်ဆောင်မှုများ ရှာဖွေခြင်းတို့အပေါ်  အတားအဆီး ဖြစ်စေနိုင်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် အမျိုးသားရှင်သန်လွတ်မြောက်လာသူများနှင့် ၎င်းတို့၏မိသားစုများအတွက် ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ကျန်းမာသုခရှိခြင်းအပေါ် သိသာထင်ရှားစွာ ရေရှည်ဆိုးကျိုးများ သက်ရောက် စေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်လူမှုပိုင်းဆိုင်ရာဝန်ဆောင်မှုများ၊ ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ယန္တရားများနှင့် ဥပဒေရေးရာ အကူအညီများ အပါအဝင် ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများသည် ရှင်သန်လွတ်မြောက်လာသူများ အားလုံးအတွက်ဖြစ်စေရန်အရေးကြီးပါသည်။

အမျိုးသား ရှင်သန်လွတ်မြောက်သူများသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများမှ ကိုင်တွယ်ဖြေရှင်းသင့်သော ကုသမှုနှင့် စောင့်ရှောက်မှု ဆိုင်ရာ သီးခြားလိုအပ်ချက်များ ရှိပြီး အမျိုးသားများနှင့် ယောကျ်ားလေးများတွင် လိင်အကြမ်းဖက်မှုဆိုင်ရာ လက္ခဏာရပ်များကို ခွဲခြား သတ်မှတ်နိုင်ရန် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားသင့်သည့် အပြင် ရှင်သန်လွတ်မြောက်သူအား ဗဟိုပြုကာ ခွဲခြားဆက်ဆံမှုမရှိဘဲ အပြစ်တင်ဝေဖန်မှုကင်းသော စောင့်ရှောက်မှုကို ပေးဆောင်ရပါမည်။[၁၄၉]

## ရှင်သန်လွတ်မြောက်သူကလေးသူငယ်များ

ကလေးငယ်များသည် ၎င်းတို့၏ အသက်အရွယ်၊ အရွယ်အစားနှင့် ဆုံးဖြတ်ချက်ချရာတွင် ကန့်သတ်မှုရှိခြင်းတို့ကြောင့် အလွဲသုံးစားပြု ခံရနိုင်ခြင်းတွင် အရွယ်ရောက်ပြီးသူများထက် ပိုမိုထိခိုက်လွယ်ပါသည်။ အရေးပေါ်အခြေအနေများတွင်၊ မိသားစုနှင့် ရပ်ရွာဖွဲ့စည်းပုံများ အပါအဝင် ကလေးငယ်များကို ကာကွယ်သည့်စနစ်များသည် ပျက်ဆီးသွားလေ့ရှိသည်။ ကလေးများသည် မိသားစုနှင့် ခွဲခွာရနိုင်ပြီး၊ ၎င်းတို့ကို ပို၍ အန္တရာယ်ဖြစ်စေပါသည်။ အိမ် ကျောင်းနှင့် ရပ်ရွာများတွင် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုအန္တရာယ်မှ မိန်းကလေးများ နှင့်ယောကျ်ားလေးများအတွက်အကာအကွယ်ပေးရန်၊    တိကျသော အစီအမံများကို အကောင်အထည်ဖော်သင့်သည်။

မိန်းကလေးများနှင့် ယောကျ်ားလေးများသည် နှုတ်ဆိတ်နေလေ့ရှိသောကြောင့်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ ဆရာ၊ဆရာမများ၊ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် အခြားသူများအနေဖြင့် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှု၏ လက္ခဏာများကို သတိထားသင့်သည်။ ကလေး သို့မဟုတ် ၎င်းတို့၏ ပြုစုစောင့်ရှောက်ပေးသူ၏ သဘောတူညီမှု (informed assent and/or consent) ဖြင့်ဝန်ဆောင်မှုများကို ခွဲခြားဆက်ဆံခြင်းမပြုဘဲ ဆောင်ရွက်ပေးသင့်သည်။ ဒေသဆိုင်ရာလုပ်ငန်းစံနှုန်းများနှင့်အညီ ကလေးအလွဲသုံးစားပြုမှုကိစ္စရပ်အားလုံးကို သတင်းပို့တင်ပြရန် မဖြစ်မနေလိုအပ်ခြင်းသည် သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းခြင်းတွင် အကန့်အသတ် ရှိနိုင်ပါသည်။ ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများနှင့် ၎င်းတို့အတွက် လက်ငင်းစောင့်ရှောက်မှုနှင့် ဘေးကင်းလုံခြုံရေးသည် ဆုံးဖြတ်ချက်အားလုံးတွင် အဓိကပထမဆုံးထည့်သွင်းစဉ်းစားသင့်သည့် အချက်ဖြစ်သည်။[၁၅၀]ကလေးသူငယ်ရှင်သန်လွတ်မြောက်သူများ နှင့် ပါဝင်ကျူးလွန်ခြင်းမရှိသော မိသားစုဝင်များသည် အထူးလိုအပ်ချက်များရှိသောကြောင့် ၎င်းတို့သည် သင့်တော်သောတုံ့ပြန်မှုနှင့် အထူးပြုဝန်ဆောင်မှုများလိုအပ်ပါသည်။

*အချက်အလက်များကိုလျှို့ဝှက်ထိန်းသိမ်းထားမှု၊ လေးစားမှုနှင့် ဘေးကင်းမှု မလိုက်နာခြင်းသည် ရှင်သန်လွတ်မြောက်သူများအပေါ် လက်တွဲဖော်၊ မိသားစုနှင့်/သို့မဟုတ် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များမှ ထပ်လောင်းကျူးလွန်သည့် အန္တရာယ် သို့မဟုတ် အကြမ်းဖက်မှုများ ဖြစ်နိုင်ခြေ ကို မြင့်မားစေနိုင်ပါသည်။*

ကလေးသူငယ်များ အကျွမ်းဝင်သော ဆက်သွယ်မှုနည်းပညာများကို အသုံးပြု၍၊ ကလေးသူငယ်များအနေဖြင့် ဘေးကင်းလုံခြုံသည်ဟု ခံစားရသည့် ပတ်ဝန်းကျင်တွင် တွေ့ဆုံမေးမြန်းပြီး ကုသမှုပေးသင့်သည်။ ၎င်းတို့၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအရ သင့်လျော်သည့် ၎င်းတို့၏ဘဝအပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပါဝင်သင့်သည်။ ကလေးများသည် ခံနိုင်ရည်ရှိကြသော်လည်း အလွဲသုံးစားလုပ်မှုဒဏ်မှ ခံစားရပုံမှာ ကွဲပြားနိုင်သည်။ ၎င်းတို့အတွက် စောင့်ရှောက်မှု ဆိုင်ရာ လိုအပ်ချက်နှင့် ပြန်လည်ထူထောင်ရေးနှင့် ကုစားရေးဆိုင်ရာအစီအစဥ်များသည်၊ ၎င်းတို့၏ ကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်များနှင့် ဘဝအခြေအနေများအပေါ်တွင်မူတည်ကာ ကျူးလွန်သူမဟုတ်သော မိသားစုနှင့် ရပ်ရွာပံ့ပိုးမှုကွန်ရက်များကို အခြေခံ၍ရေးဆွဲသင့်သည်။ [၁၅၁]

## Tools and Resources

International Rescue Committee (IRC) (2018). *Myths Surrounding Virginity: A Guide for ServiceProviders.* New York. http://ccsas.iawg.net/sdm_downloads/myths-surrounding-virginity-guide- service-providers/.

IRC and University of California Los Angeles (UCLA) (2014). Competent, Compassionate, and Confidential Clinical Care for Sexual Assault Survivors (CCSAS) Multimedia Learning Tool. Available from: *www.iawg.net/ccsas.*

Jhpiego and the U.S. Centers for Disease Control and Prevention (2018). Gender-based Violence (GBV) Quality Assurance Tool. Available from: http://resources.jhpiego.org/resources/GBV-QA-tool.

Inter-Agency Working Group on Reproductive Health in Crises (IAWG) (2018). *2018 Inter-Agency Field Manual on Reproductive Health in Humanitarian Settings.* Available from: http://iawg.net/iafm/

__________ (2019). *MISP Calculator.* Available from: http://iawg.net/resource/misp-rh-kit-calculators/.

World Health Organization (WHO) (2017a). *Strengthening Health Systems to Respond to Women Subjected to Intimate Partner Violence or Sexual Violence: A Manual for Health Managers.* https://www.who.int/reproductivehealth/publications/violence/vaw-health-systems- manual/en/.

__________(2017b). *Responding to children and adolescents who have been sexually abused: WHO clinical guidelines.* Geneva. http://ccsas.iawg.net/wp-content/uploads/2017/12/9789241550147-eng.pdf.

United Nations High Commissioner for Refugees (UNHCR) (2012). *Working with Men and Boy Survivors of Sexual and Gender-based Violence in Forced Displacement.* Geneva. http://www.refworld.org/pdfid/5006aa262.pdf.

WHO, UNFPA and UNHCR (2019). *Clinical Management of Rape and Intimate Partner ViolenceSurvivors.*

# စံနှုန်း ၅

# စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု

အမျိုးသမီးများနှင့်မိန်းကလေးများသည် ကုစားပေးရုံသာမက စွမ်းရည်မြှင့်တင်ပေးမှုနှင့် ပြန်လည်ထူထောင်ရေးတို့ကို အာရုံစိုက်သည့် အရည်အသွေးပြည့်မီသော ရှင်သန်လွတ်မြောက်သူဗဟိုပြု စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို ဘေးကင်းလုံခြုံစွာ လက်လှမ်းမီရယူသုံးစွဲနိုင်သည်။

စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အစီအစဉ်များသည် ကျန်းမာရေးနှင့် ကာကွယ်ရေးကဏ္ဍများအောက်တွင်ကျရောက် အကျုံးဝင်ပါသည်။ စိတ်လူမှုပိုင်းဆိုင်ရာကျန်းမာပျော်ရွှင်မှုနှင့် စိတ်ကျန်းမာရေးကို ကာကွယ်ရန် သို့မဟုတ် မြှင့်တင်ရန် ရည်ရွယ်သည့် ပံ့ပိုးမှုကို ဖော်ပြထားခြင်းဖြစ်သည်။

ဤစံနှုန်းသည် GBV နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အပေါ်သာ အာရုံစိုက်ထားပြီး အထူးပြုစိတ်ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများမပါဘဲ ပံ့ပိုးပေးနိုင်ပါသည်။ အထူးပြု သို့မဟုတ် ဆေးဘက်ဆိုင်ရာ စိတ်ကျန်းမာရေး စောင့်ရှောက်မှုကို စံနှုန်း ၄ - GBV ရှင်သန်လွတ်မြောက်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှု တွင် ဖော်ပြထားပါသည်။

စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် အခြားသော ဝန်ဆောင်မှုများနှင့် လှုပ်ရှားမှုများတွင် GBV ဖြစ်ရပ်စီမံခန့်ခွဲမှု (စံနှုန်း ၆- ဖြစ်ရပ်စီမံခန့်ခွဲမှုကို ကြည့်ပါ)၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံသော နေရာလှုပ်ရှားမှုများ (စံနှုန်း ၈ - အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံသော နေရာများ ကိုကြည့်ပါ)၊ နှင့် လူမှုအသိုင်းအဝိုင်း ပံ့ပိုးကူညီမှုနှင့် အန္တရာယ်လျော့ပါးစေရေး တည်ဆောက်ခြင်း (စံနှုန်း ၉ - ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာရေး ကိုကြည့်ပါ) တို့ ပါဝင်သည်။

အကြမ်းဖက်မှု၏ သက်ရောက်မှုသည် လူတစ်ဦးနှင့်တစ်ဦး မတူညီပါ။ GBV မှရှင်သန်လွတ်မြောက်သူအများအပြားသည် GBV ဖြစ်ပေါ်လာပါက ပတ်ဝန်းကျင်တွင် နှုတ်ဆိတ်နေရခြင်းနှင့် ပြစ်ဒဏ်ခံရခြင်းများ၊ မိသားစုနှင့် ရပ်ရွာပံ့ပိုးကူညီမှုနှင့် သင့်လျော်သောတုံ့ပြန်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ မိမိကိုယ်ကို ရှက်ရွံ့ခြင်း၊ ဆက်၍ ဖြစ်ပေါ်နေသော အကြမ်းဖက်မှုမှ လွတ်မြောက်ရန် လုပ်ပိုင်ခွင့်အာဏာနှင့် အရင်းအမြစ်များ မရှိခြင်းကြောင့် ကာလကြာရှည် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကို တွေ့ကြုံခံစားနေကြရသည်။ ထို့ကြောင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် အရေးကြီးသော အရေးပေါ် ဝင်ရောက်မှုတစ်ခုဖြစ်သည်။ ၎င်းသည် ကာလတိုနှင့် ကာလရှည် နှစ်ခုလုံး၏ GBV အထူးပြု လုပ်ငန်းများ၏ အဓိကအစိတ် အပိုင်းတစ်ခု ဖြစ်သင့်သည်။[၁၅၂]

အရည်အသွေးပြည့်ဝသော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဝန်ဆောင်မှုများသည် ရှင်သန်လွတ်မြောက်သူဗဟိုပြုကာ အသက်အရွယ်အလိုက် သင့်လျော်ပြီး၊ တစ်ဦးချင်းနှင့် ရပ်ရွာ၏ခံနိုင်ရည်ကို တည်ဆောက်ကာ အပြုသဘောဆောင်သော ရင်ဆိုင်ဖြေရှင်းရေး ယန္တရားများကို ပံ့ပိုးပေးသည်။[၁၅၃] ၎င်းတို့တွင် အမျိုးသမီးများနှင့် မိန်းကလေးများအကြား လူမှုကွန်ရက်နှင့် စည်းလုံးညီညွတ်မှုတည်ဆောက်ရေးဆိုင်ရာ အခွင့်အလမ်းများ ပါဝင်သင့်သည်။ ရှင်သန်လွတ်မြောက်သူများ၏ ဘေးကင်းရေး၊ ကုစားရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ပံ့ပိုးပေးသည့် အရေးပါသော ကြားဝင်ဆောင်ရွက်မှု တစ်ခုအနေဖြင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများသည် ပထမဆုံးတုံ့ပြန်ဆောင်ရွက်ပေးသူများ၏ အခြေခံပံ့ပိုးမှုများ (ရှင်သန်လွတ်မြောက်လာသူများနှင့် မိသားစုများအတွက် စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီထောက်ပံ့ခြင်း) မှ စပြီး စိတ်ကျန်းမာရေး ပညာရှင် မဟုတ်သူများမှ ပံ့ပိုးပေးသည့် စိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ အပါအဝင် အထူးအာရုံစိုက်သည့် ဖြစ်ရပ်စီမံခန့်ခွဲမှု ဆိုင်ရာ ပံ့ပိုးမှု များ အထိ ပါဝင်နိုင်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုသည် ၎င်းတို့၏ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာ အတွေ့အကြုံများကို နားလည်သဘောပေါက်မှု အပေါ်အသိပေး ဆောင်ရွက်ရန်အရေးကြီးပါသည်။

| အဓိကလုပ်ဆောင်ချက်များ 🔓 စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| ရှိပြီးသား စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများ၊ ယန္တရားများနှင့် စွမ်းဆောင်ရည်များကို ဖြစ်နိုင်လျှင် အကဲဖြတ်ပြီး အားကောင်းစေပါ။ | ✔ | ✔ | |
| အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများအတွက် ဘေးကင်းလုံခြုံပြီး လက်လှမ်းမီစွာ ရနိုင်သော တစ်ဦးချင်း နှင့် အုပ်စုလိုက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီရေးဝန်ဆောင်မှုများကို ပေးဆောင်ပါ၊ ခွဲခြားဆက်ဆံမှုခံရသော အမျိုးသမီးများနှင့် မိန်းကလေးများကို ကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်ကာ GBV ရှင်သန်လွတ်မြောက်သူများကို အတွက်သာမက အားလုံးကြုံတွေ့ရသည့် လက်လှမ်းမီဝင်ရောက်ရန် အခက်အခဲအတားအဆီးများကို ကိုင်တွယ်ဖြေရှင်းပါ။ | ✔ | ✔ | ✔ |
| GBV စီမံကိန်းသည် အမျိုးသမီးများနှင့် မိန်းကလေး ရှင်သန်လွတ်မြောက်သူများ အတွက် ၎င်းတို့၏ အသက်အရွယ်နှင့် လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေသော သင့်လျော်သော အကြောင်းအရာအပေါ် အခြေခံသည့် တစ်ဦးချင်းနှင့်/သို့မဟုတ် အဖွဲ့လိုက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများကို ရရှိနိုင်စေရန် သေချာစေပါ။ | ✔ | ✔ | ✔ |
| ကျား-မတန်းတူညီမျှမှု၊ ထပ်တူစာနာမှုနှင့် ဒေသဘာသာစကား(များ)နှင့် ယဉ်ကျေးမှု(များ)ကို တတ်ကျွမ်းပြီး ကျား- မ တန်းတူညီမျှမှုအပေါ် ယုံကြည်ချက်၊ စာနာနားလည်မှု အားကောင်းသော ဆက်သွယ်ရေး ပြေပြစ်သော GBV တုံ့ပြန်ရေးဝန်ထမ်းများကို ခန့်ထား လေ့ကျင့်ပါ။ | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အာရုံစိုက်ထားသော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဝန်ဆောင်မှုများအားလုံးသည် ဘေးကင်းမှု၊ ငြိမ်သက်မှု၊ မိမိကိုယ်ကို ထိရောက်မှု၊ ရပ်ရွာစည်းလုံးညီညွတ်မှုနှင့် ပံ့ပိုးမှု၊ ချိတ်ဆက်မှုနှင့် မျှော်လင့်ချက်တို့ကို မြှင့်တင်ကြောင်း သေချာပါစေ။ [၁၅၄] | ✔ | ✔ | ✔ |
| စိတ်လူမှုပိုင်းဆိုင်ရာ ကူညီပံ့ပိုးရေး၏ လှုပ်ရှားမှုများ ကို ပံ့ပိုးပေးရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရှိပြီးသား ဘေးကင်းလုံခြုံသော နေရာများ တည်ထောင်ခြင်း သို့မဟုတ် အားကောင်းစေခြင်း (စံနှုန်း ၈ - အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသော နေရာများ ကို ကြည့်ပါ) ပြုလုပ်ပါ။ | ✔ | ✔ | ✔ |
| လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုမှ ရှင်သန်လွတ်မြောက်လာသော ကလေးသူငယ်နှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးနှင့် ယောကျာ်းလေးများ အတွက် ရရှိနိုင်သော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီရေး လှုပ်ရှားမှုများကို နားလည်ရန်၊ ကလေးသူငယ် အကာအကွယ်ပေးရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပါ၊ ဝန်ဆောင်မှုများအကြောင်း ရှင်သန်လွတ်မြောက်လာသော ကလေးများနှင့် ပြုစုစောင့်ရှောက်ပေးသူ ကို သတင်းအချက်အလက်များ ကမ်းလှမ်းကာ သင့်လျော်သလို ညွှန်းပို့လွှဲပြောင်းခြင်းဆောင်ရွက်ပါ။ | ✔ | ✔ | ✔ |
| စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များကို မျှဝေပြီး ပစ်မှတ်ထားသော ကွင်းဆင်းမှု ဖြန့်ဝေမှုမှတစ်ဆင့် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများထံ ရောက်ရှိကြောင်း သေချာပါစေ။ | ✔ | ✔ | ✔ |
| GBV ၏အရင်းခံအကြောင်းတရားများ၊ အကျိုးဆက်များနှင့် သက်ရောက်မှုများ၊ ရှင်သန်လွတ်မြောက်သူ ဗဟိုပြုသဘောတရားများနှင့် ကျွမ်းကျင်မှုများ၊ နှင့် ရှင်သန်လွတ်မြောက်သူကို ပံ့ပိုးပေးနိုင်စွမ်း (ရှင်သန်လွတ်မြောက်လာသူက ထုတ်ဖော်ပြောဆိုသည်ဖြစ်စေ မထုတ်ဖော်သည်ဖြစ်စေ) တို့ကို GBV တုံ့ပြန်ရေးဆိုင်ရာဝန်ထမ်းများအား လေ့ကျင့်ပေးပါ။ | ✔ | ✔ | ✔ |
| စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုနှင့် ကြောက်ရွံ့မှု၊ မှတ်တမ်းတင်ထားရှိမှု၊ ခွဲခြားဆက်ဆံမှု၊ ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများ၊ ခရီးအကွာအဝေး၊ ကုန်ကျစရိတ်၊ ကိုယ်ရေးကိုယ်တာ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြဿနာများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လက်လှမ်းမီ ဝင်ရောက်နိုင်မှုဆိုင်ရာ အတားအဆီးများကို သုံးသပ်ဖြေရှင်းပါ။ [၁၅၅] | ✔ | ✔ | ✔ |
| ကုစားရေးနှင့် ပြန်လည်ထူထောင်ရေးကို မြှင့်တင်ပေးသည့် ပံ့ပိုးကူညီမှုအဖွဲ့များနှင့် ကွန်ရက်များ ထူထောင်ရန် အမျိုးသမီးများနှင့် မိန်းကလေးများနှင့်အတူ လုပ်ဆောင်ခြင်း အပါအဝင် ရပ်ရွာအခြေပြု ပံ့ပိုးကူညီမှု၊ ကိုယ်ထူကိုယ်ထနှင့် ခံနိုင်ရည်ရှိရေး မဟာဗျူဟာများကို ဖော်ထုတ်မြှင့်တင်ပါ။. | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ၎င်းတို့၏ စိတ်လူမှုပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ရန် ကျွမ်းကျင်မှုနှင့် အသိပညာတည်ဆောက်မှု ဆိုင်ရာ အခွင့်အလမ်းများ ပေးပါ။ ဥပမာ- လူမှုရေးနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ သင်ယူမှု၊ ငွေကြေးဆိုင်ရာ ကျွမ်းကျင်မှု၊ ကိန်းဂဏန်းနှင့် စာတတ်မြောက်မှု စသည်ဖြင့် (စံနှုန်း ၈ - အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ဘေးကင်းလုံခြုံသောနေရာများကို ကြည့်ပါ) ရှင်သန်လွတ်မြောက်သူများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ထပ်ဆောင်းဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးပါ။ [၁၅၆] (စံနှုန်း ၁၂- စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အသက်မွေးမှု လုပ်ငန်းများကို ကြည့်ပါ။) | ✔ | ✔ | ✔ |
| GBV ဖြစ်ရပ်စီမံခန့်ခွဲမှု သို့မဟုတ် အထူးပြုစိတ်ကျန်းမာရေးစောင့်ရှောက်မှုမှ အမျိုးသမီးများနှင့် မိန်းကလေးများ အကျိုးခံစားနိုင်စေရန် GBV တုံ့ပြန်ရေးဆိုင်ရာဝန်ထမ်းများအား အကြမ်းဖက်မှု လက္ခဏာများကို သိရှိရန် လေ့ကျင့်ပေးပါ။ (စံနှုန်း ၄ - GBV ရှင်သန်လွတ်မြောက်သူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်ပါ)။ | ✔ | ✔ | ✔ |
| အထူးပြုစိတ်ကျန်းမာရေး ပံ့ပိုးမှု လိုအပ်သော GBVရှင်သန်လွတ်မြောက်သူ လူနည်းစုကို ရရှိနိုင်သော စိတ်ကျန်းမာရေး ဝန်ဆောင်မှုများဆီသို့ လွှဲပြောင်းညွှန်းပို့ထားကြောင်း သေချာပါစေ။ | ✔ | ✔ | ✔ |
| လျှို့ဝှက်မှုကို ထိန်းသိမ်းသောလွှဲပြောင်းညွှန်းပို့မှုများနှင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ/ စိတ်ကျန်းမာရေးစောင့်ရှောက်မှု အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် ချိတ်ဆက်ပေးခြင်း နှင့် အခြားဝန်ဆောင်မှုများအတွက် လိုအပ်သလို ညွှန်းပို့ခြင်းတို့ အပါအဝင် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီ မှုဝန်ဆောင်မှုများကို လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာလမ်းကြောင်းတွင် ပေါင်းစပ်ထားပါ။ | ✔ | ✔ | ✔ |
| စိတ်ပိုင်းဆိုင်ရာ ကနဦးကူညီစောင့်ရှောက်မှု ကို လေ့ကျင့်သင်ကြားရန် ရှေ့တန်းမှ ဝန်ထမ်းအားလုံး (ဥပမာ၊ စာရင်းသွင်းခြင်း၊ ကျန်းမာရေးဌာနများ၊ ရပ်ရွာနယ်လှည့်ကွင်းဆင်းရေးအဖွဲ့များ စသည်ဖြင့်) အတွက် စည်းရုံးထောက်ခံအားပေးပါ။ | ✔ | ✔ | ✔ |

**ပုံ ၂ - IASC ၏ အရေးပေါ်အခြေအနေများတွင် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် ကြားဝင်ဆောင်ရွက်မှု ပိရမစ်**

ဆေးဘက်ဆိုင်ရာ စိတ်ကျန်းမာရေးစောင့်ရှောက်မှု (အခြေခံကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ သို့မဟုတ် စိတ်ကျန်းမာရေးပညာရှင်များမှ)။ စံနှုန်း- ၄ ကို ကြည့်ပါ။

လေ့ကျင့်သင်ကြားထားသော GBV ဝန်ထမ်းများဖြင့် လူတစ်ဦးချင်းစီ သို့မဟုတ် မိသားစုများအတွက် စနစ်တကျ စိတ်ပိုင်းဆိုင်ရာနှင့် လက်တွေ့ကျသော ပံ့ပိုးမှု။ စံနှုန်း - ၆ ကို ကြည့်ပါ။

ရပ်ရွာနှင့် မိသားစု အထောက်အပံ့များကို အားပေးခြင်းနှင့် အားကောင်းစေခြင်း၊ အမျိုးသမီးနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံသော နေရာများ (စံ နှုန်း ၈ ကို ကြည့်ပါ)။ ပြန်လည်ပေါင်းစည်းရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး လှုပ်ရှားမှုများ။ စံနှုန်း ၁၂ ကြည့်ပါ။

ကောင်းမွန်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလေ့အကျင့်အတွက် လှုံ့ဆော်မှု- ဘေးကင်းလုံခြုံပြီး လူမှုရေးနှင့် ယဉ်ကျေးမှုအရ သင့်လျော်သော ဂုဏ်သိက္ခာကို ကာကွယ်ပေးသော၊ အခြေခံဝန်ဆောင် မှုများ၊ ဥပမာ၊ အရည်အသွေးနှင့် သနားကြင်နာသော ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများနှင့် အရေးတယူ တုံ့ပြန်ဆောင်ရွက်ပေးသော လုံခြုံရေးဝန်ဆောင်မှုများနှင့် ကဏ္ဍအားလုံးတွင် GBV အန္တရာယ်လျော့ပါးရေးတို့ ပါဝင်သည်။ စံနှုန်း -၉ ကိုကြည့်ပါ။




Source: IASC 2007.

## အလွှာ ၁ - အခြေခံဝန်ဆောင်မှု လုပ်ငန်းများနှင့် လုံခြုံစိတ်ချမှု

**ဤအလွှာရှိ သီးခြား GBV ဆောင်ရွက်ချက်များသည် GBV ရှင်သန်လွတ်မြောက်သူများနှင့် အကြမ်းဖက်ခံရနိုင်ခြေ ပိုများသော အခြားအမျိုးသမီးနှင့် မိန်းကလေးများ ၏ သီးခြားလိုအပ်ချက်များပြည့်မီအောင် ဖြည့်ဆည်းပေးသည့် အကာအကွယ်နှင့် ဝန်ဆောင်မှုများကို ပေးဆောင်ခြင်းအပေါ် အာရုံစိုက်ထားပြီး၊ အောက်ပါတို့လည်း အပါအဝင်ဖြစ်သည်။**

- ဝန်ဆောင်မှုပေးအပ်ခြင်းအားလုံးသည် ရှင်သန်လွတ်မြောက်သူဗဟိုပြုပြီး အခြေခံလိုအပ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းပေးရန် ရည်ရွယ်ကြောင်း သေချာစေခြင်း။
- လိုအပ်ချက်များပြည့်မီအောင် ဖြည့်ဆည်းပေးသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် ထိခိုက်နစ်နာမှု တိုးမြှင့်လာခြင်း မရှိအောင် ဆောင်ရွက်ထားခြင်းကို သေချာစေရေး၊ ဥပမာ - လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုအန္တရာယ်များ တိုးမြှင့်လာခြင်း မရှိရေး။
- ပတ်ဝန်းကျင်နှင့် အခြေအနေဆိုင်ရာ GBV ကာကွယ်ရေး ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် ကြိုတင်ကာကွယ်ပေးသည့် လုံခြုံရေးနှင့် ကာကွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ (စံနှုန်း ၉ -ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေးကို ကြည့်ပါ)။

"စိတ်လူမှုရေးပိုင်းဆိုင်ရာ" ဟူသော ဝေါဟာရသည် လူသားများ၏ စိတ်ပိုင်းဆိုင်ရာ ရှုထောင့်များနှင့် ၎င်းတို့၏ ပတ်ဝန်းကျင် သို့မဟုတ် လူမှုပတ်ဝန်းကျင်များကြား အပြန်အလှန် ဆက်သွယ်မှုကို မီးမောင်းထိုးပြသည်။ စိတ်ပိုင်းဆိုင်ရာ ရှုထောင့်များသည် လူတို့၏ လုပ်ဆောင်မှု ၊ ဥပမာ၊ ယုံကြည်ချက်၊ အတွေးများ၊ စိတ်ခံစားမှုများနှင့် အပြုအမူများနှင့် သက်ဆိုင်ပါသည်။ လူမှုပတ်ဝန်းကျင်ဟုဆိုရာတွင် လူတစ်ဦးဦး၏ အခြားသူများနှင့် ဆက်ဆံရေးများ၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်း ကွန်ရက်များ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် စီးပွားရေး အဆင့်အတန်း၊ ပြည်သူ့အရေးကိစ္စများနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု အပြင် ကျောင်း သို့မဟုတ် အလုပ်စသည့် နေ့စဉ်လုပ်ဆောင်မှုများ ကို ဆိုလိုသည်။ လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာကျန်းမာပျော်ရွှင်မှုသည် သူမ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေနှင့် လူမှုရေးဆိုင်ရာအချက်များ နှစ်ဖက်စလုံးမှ တသမတ်တည်း လွှမ်းမိုးထားကြောင်း အသိအမှတ်ပြုရန် "စိတ်လူမှုပိုင်းဆိုင်ရာ" ဟူသော ဝေါဟာရကို "စိတ်ပိုင်းဆိုင်ရာ" ဟူသည့် ဝေါဟာရအစား အသုံးပြုပါသည်။
Source: GBVIMS Steering Committee 2017, pp. 9-10.

## အလွှာ ၂ - ရပ်ရွာလူထုနှင့် မိသားစု အထောက်အပံ့များ

**GBV ရှင်သန်လွတ်မြောက်သူများနှင့် အကြမ်းဖက်မှုအန္တရာယ် ပိုများသော အမျိုးသမီးများနှင့် မိန်းကလေးများသည် အဓိကအားဖြင့် ရပ်ရွာနှင့် မိသားစု အထောက်အပံ့များကို ရယူရာတွင် အကူအညီရရှိပါက ၎င်းတို့၏ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ၎င်းတွင်-**

- GBV နှင့်ဆက်စပ်နေသော အပြစ်ဒဏ်ပေးခြင်း၊ နာမည်ဆိုးတပ်ခြင်းများကို ရပ်ရွာလူထု မှ နားလည်သဘောပေါက် ပြီး လျှော့ချရန် ကူညီပေးရန်နှင့် ရှင်သန်လွတ်မြောက်လာသူများအား ရပ်ရွာလူထု၏ လက်ခံမှုနှင့် ပံ့ပိုးမှုမြှင့်တင်ရေးတို့ အတွက် ရပ်ရွာလူထုအား အသိပညာပေးခြင်းနှင့် ပညာပေးခြင်း။
- ရှင်သန်လွတ်မြောက်လာသူများနှင့် GBV ဖြစ်နိုင်ခြေ တိုးလာသူများကို ပံ့ပိုးရန် လူမှုအသိုင်းအဝိုင်းမှ ကိုယ်ထူကိုယ်ထ ကူညီရေးနှင့် ခံနိုင်ရည်ရှိစေရေး မဟာဗျူဟာများ။ ဥပမာ - အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘေးကင်းလုံခြုံသော နေရာများကို ပံ့ပိုးပေးခြင်းဖြင့်။
- ရှင်သန်လွတ်မြောက်လာသူ ဗဟိုပြု မိရိုးဖလာ ပံ့ပိုးကူညီမှုနှင့် ရင်ဆိုင်ဖြေရှင်းရေး ယန္တရားများကို အားကောင်းစေခြင်း။
- ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်ရန် ပံ့ပိုးကူညီခြင်း။

## အလွှာ ၃ - အာရုံစိုက်လုပ်ဆောင်ရသည့် အထူးပြုမဟုတ်သော ဝန်ဆောင်မှုများ

**ဤအဆင့်သည် အကူအညီရရှိရန် တောင်းခံလာပြီး တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် ပံ့ပိုးကူညီမှု လိုအပ်သည့် GBV ရှင်သန်လွတ်မြောက် သူများကို အာရုံစိုက်ခြင်းဖြစ်သည်။ ရှင်သန်လွတ်မြောက်သူ ဗဟိုပြု ကဏ္ဍပေါင်းစုံတုံ့ပြန်ရေးသည် ရှင်သန်လွတ်မြောက်သူ လူတစ်ဦးချင်းစီနှင့် အုပ်စုများအတွက် ရင်ဆိုင်ဖြေရှင်းခြင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် သင့်လျော်၍ လက်လှမ်းမီစွာ ရရှိနိုင်သော အရည်အသွေးမြင့် ဝန်ဆောင်မှုများနှင့် အကူအညီများ ပေးဆောင်ပါသည်။ ၎င်းတွင်-**

- တစ်သီးပုဂ္ဂလဝန်ဆောင်မှုပေးအပ်ခြင်းနှင့် ပံ့ပိုးကူညီမှုများအတွက် တစ်ဦးချင်းစီအတွက် ပြီးပြည့်စုံ၍ ညှိနှိုင်းဆောင်ရွက်ထားသည့် ဖြစ်ရပ်စီမံခန့်ခွဲမှု (စံနှုန်း ၆ - ဖြစ်ရပ်စီမံခန့်ခွဲမှု ကိုကြည့်ပါ)။
- ချိတ်ဆက်မှု၊ ရွယ်တူချင်းဆက်ဆံရေးကို မြှင့်တင်ပေးခြင်း၊ မိမိကိုယ်ကို နှင့် ရပ်ရွာ၏ ထိရောက်မှု၊ အေးချမ်းတည်ငြိမ်မှုနှင့် စိတ်ပြေလျော့စေခြင်းတို့ကို အာရုံစိုက်သည့် အုပ်စုဖွဲ့စိတ်လူမှုပိုင်းဆိုင်ရာ ဆွေးနွေးပွဲများအပါအဝင် ရှင်သန်လွတ်မြောက်လာသူများအပေါ် သီးသန့်အာရုံစိုက်ထားခြင်းမဟုတ်သော်လည်း GBV ရှင်သန်လွတ်မြောက်သူများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အုပ်စုအခြေပြု စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကဏ္ဍများ၊ (စံနှုန်း ၈ ကိုကြည့်ပါ- အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံ ဘေးကင်းသော နေရာများကို ကြည့်ပါ)။
- သတင်းအချက်အလက်နှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးသည့် ယဉ်ကျေးမှုအရ သင့်လျော်သော နှစ်သိမ့်ဆွေးနွေးပေးခြင်း။
- အသက်မွေးဝမ်းကြောင်းနှင့် အခြားလူမှုရေး သို့မဟုတ် စီးပွားရေး ပြန်လည်ပေါင်းစည်းရေး ဆိုင်ရာဆောင်ရွက်ချက်များ။
 **ပါဝင်ပါသည်။**

## အလွှာ ၄ - အထူးပြုဝန်ဆောင်မှုများ

**ဤအလွှာသည် အထက်တွင်ဖော်ပြထားသော ထောက်ပံ့မှုအလွှာသုံးဆင့်တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုများ လက်ခံရရှိထားသော်လည်း နေ့စဉ်ဘဝလှုပ်ရှားမှု ကို ထိခိုက်ရလောက်အောင် ပြင်းထန်သည့် စိတ်ဒဏ်ရာ ဝေဒနာခံစားရသည့် ရှင်သန်လွတ်မြောက်သူ ရာခိုင်နှုန်း အနည်းငယ်အတွက် လိုအပ်သော ထပ်လောင်းပံ့ပိုးမှုအပေါ် အလေးပေးဖော်ပြပါသည်။**

- စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ကျန်းမာရေးဆိုင်ရာ အကဲဖြတ်ခြင်း၊ ကုသခြင်းနှင့် စောင့်ရှောက်မှုပေးခြင်းတို့ကို လေ့ကျင့်သင်ကြားထားသော ပညာရှင်များက ပံ့ပိုးပေးခြင်း။
- အလွှာ ၃ လွှာဖြင့်ကိုင်တွယ်ဖြေရှင်းရန် မလုံလောက်ဘဲ အလွန်ပြင်းထန်သော စိတ်ဖိစီးမှု လက္ခဏာများ ပြသသည့် ရှင်သန်လွတ်မြောက်သူများအား အထူးပြုစိတ်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများ။
- ဝန်ဆောင်မှုများသို့ ဆက်လက်လက်လှမ်းမီဝင်ရောက်ခွင့် (ဥပမာ၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ အမျိုးသမီးနှင့် မိန်းကလေးများအတွက် လုံခြုံဘေးကင်းသောနေရာများ)။

**IASC ကြားဝင်ဆောင်ရွက်မှု ပိရမစ် အတွက် ထပ်လောင်း သတင်းအချက်အလက်များကို လမ်းညွှန်မှတ်စု ၁ တွင် ကြည့်ပါ။**

GBV မှ ရှင်သန်လွတ်မြောက်သူများသည် များစွာသောတုံ့ပြန်မှုများ၊ လက္ခဏာများနှင့် အခက်အခဲများစွာကို ရင်ဆိုင်ရနိုင်သည်။ ရှင်သန်လွတ်မြောက်သူများ၏ တုံ့ပြန်မှုသည် ပုံမှန်မဟုတ်သော ဖြစ်ရပ်တစ်ခုအတွက် ယာယီသဘာဝအလျောက် တုံ့ပြန်မှုဖြစ်ကြောင်း မှတ်သားထားရန် အရေးကြီးပါသည်။[၁၅၇] GBV ၏ဆိုးကျိုး သက်ရောက်မှုသည် ကန့်သတ်ထားခြင်းမရှိ သော်လည်း လူမှုရေးနှင့် နိုင်ငံရေးဝိသေသများ စုဆုံပြီး မညီမျှမှုများ အပါအဝင် တစ်ဦးချင်းစီ၊ မိသားစု၊ စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အချက်များပေါ်မူတည်၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် နောက်ထပ် အန္တရာယ်များ ပိုမိုတိုးပွားလာစေနိုင်သည်။ ထို့အပြင် ကျူးလွန်သူနှင့် ၎င်းတို့၏ ဆက်ဆံရေး၊ ပုဂ္ဂိုလ်ရေးနှင့် လူမှုရေးဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှုနှင့် ပံ့ပိုးကူညီမှု ယန္တရားများ၊ အကြမ်းဖက်မှု၏ သဘောသဘာဝနှင့် အကြောင်းအရာ၊ လူမှုရေးပြစ်ဒဏ်ခံရမှု အဆင့် သို့မဟုတ် မိသားစုနှင့် ရပ်ရွာလူထု၏ပံ့ပိုးမှုနှင့် လက်ခံမှုအဆင့် များပေါ်တွင်လည်းမူတည်နိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုကို လျော့နည်းစေမည့် အကာအကွယ်ပေးသည့်အချက်များတွင် အကြမ်းဖက်မှုကို တုံ့ပြန်ရာတွင် ကိုယ်ပိုင်ထိန်းချုပ်စီမံနိုင်ခွင့်နှင့် ရွေးချယ်မှုတို့ ပါဝင်သည်။ လိုအပ်ချက်များဖြည့်ဆည်းရန် ပစ္စည်းပံ့ပိုးမှုနှင့် အရင်းအမြစ်များကို လက်လှမ်းမီနိုင်ခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ရရှိခြင်းတို့လည်းပါဝင်ပါသည်။[၁၅၈] အမျိုးသမီးအများစုသည် အခြေခံ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် ပြန်လည်ကောင်းမွန်လာနိုင်သော်လည်း အချို့မှာ အထူးပြုဝန်ဆောင်မှုများ လိုအပ်သည့် ပြင်းထန်သည့်လက္ခဏာများ ခံစားရနိုင်သည်။ GBV ဝန်ထမ်းများအနေဖြင့် ရှင်သန်လွတ်မြောက်သူအား သူမမျှဝေလိုသည့်အရာကိုသာ မျှဝေရန်ဆုံးဖြတ်ခွင့် နှင့် သူမသည် နောက်ထပ် စိတ်လူမှုပိုင်းဆိုင်ရာနှင့်/ သို့မဟုတ် စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုကို ရယူလိုခြင်း ရှိမရှိ ဆုံးဖြတ်ချက်ချရန် ခွင့်ပြုသင့်သည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အရွယ်ရောက်ပြီးသူ အမျိုးသားရှင်သန်လွတ်မြောက်သူများ၏ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုအပေါ် သိသာထင်ရှားပြီး ရေရှည်အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်သည့်အတွက် လေ့ကျင့်သင်ကြားထားသော ကျန်းမာရေး၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု အစီအစဉ်များ နှင့် ရပ်ရွာ အခြေပြု အဖွဲ့များမှတစ်ဆင့် ရှင်သန်လွတ်မြောက်သူဗဟိုပြု စောင့်ရှောက်မှု ခံယူခွင့် ရသင့်ပါသည်။ (စံနှုန်း ၄ - ရှင်သန်လွတ်မြောက်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်ပါ။) အုပ်စုလိုက် စိတ်လူမှု ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု လှုပ်ရှားမှုများသည် ရှင်သန်လွတ်မြောက်သူအမျိုးသားကိုသာ အာရုံစိုက်ခြင်း မပြုသင့်ပါ။ GBV လွှဲပြောင်းညွှန်းပို့ပေးသည့်လမ်းကြောင်းများတွင် ကျန်းမာရေးအထောက်အကူပြုအဖွဲ့များမှတဆင့် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ အထောက်အပံ့များကို ဆယ်ကျော်သက်ယောကျ်ားလေးများနှင့်အမျိုးသားများ ရရှိစေရန် နှင့် သက်ဆိုင်ရာ ရပ်ရွာအထောက်ကူပြုအဖွဲ့များနှင့် ဘဝတွက်တာကျွမ်းကျင်မှု အစီအစဉ်များတွင် ၎င်းတို့ ပါဝင်နိုင်ရန် ပံ့ပိုးပေးသင့်သည်။

ပတ်ဝန်းကျင်ရှိ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ အမြင်လွဲမှု အရှက်ရစေမှုများသည် ဝန်ဆောင်မှုရှာဖွေရန် အတားအဆီးများအဖြစ် ရှိနေတတ်သောကြောင့် GBV အဖွဲ့အစည်း များသည် အရှက်ရစေမှုများကို ပိုမိုဆိုးရွားစေနိုင်သော သို့မဟုတ် ဒေသယဉ်ကျေးမှုတွင် အပျက်သဘောဆောင်သော ဝေါဟာရများကို ဖော်ထုတ်ရန်နှင့် ၊ လက်ခံနိုင်ဖွယ်ရှိသည့် သက်ဆိုင်ရာ ဝေါဟာရများကို အတည်ပြုနိုင်ရန်ဒေသဆိုင်ရာ ဝန်ထမ်းများနှင့် ခေါင်းဆောင်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်သင့်ပါသည်။

## အညွှန်းကိန်းများ

- အကျပ်အတည်းစတင်ပြီး နှစ်ပတ်အတွင်း အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များအပေါ် အာရုံစိုက်သည့် ဒေသအလိုက် လိုက်လျောညီထွေဖြစ်သည့် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ရေးဝန်ဆောင်မှုများ။
- အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အရည်အသွေး နှင့် အသက်အရွယ်အလိုက် သင့်လျော်ပြီး အာရုံစိုက်လုပ်ဆောင်သည့် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ရေး ဝန်ဆောင်မှုများ ပေးဆောင်နိုင်ရန် လေ့ကျင့်ထားသော GBV ဝန်ထမ်းများ၏ ရာခိုင်နှုန်း။
- အာရုံစိုက်လုပ်ဆောင်သည့် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ရေးဝန်ဆောင်မှုများကို အသုံးပြုခဲ့ပြီး ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ကျေနပ်မှုကို ပြသသော (အသက်အလိုက် ခွဲခြားကောက်ခံထားသည့်) အမျိုးသမီးနှင့် မိန်းကလေးများ၏ ရာခိုင်နှုန်း။
- ၎င်းတို့အသုံးပြုခဲ့သည့် အာရုံစိုက်လုပ်ဆောင်သည့် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ရေးဝန်ဆောင်မှုများသည် ၎င်းတို့၏လိုအပ်ချက်များနှင့် နှစ်သက်မှုများနှင့်အညီ ပေးအပ်ခဲ့ကြောင်း အစီရင်ခံတင်ပြသော (တစ်ဦးချင်းနှင့် အုပ်စုအခြေပြုပံ့ပိုးမှု၊ ကျား၊ မနှင့် အသက်အလိုက် ခွဲခြားကောက်ခံထားသည့်) အမျိုးသမီးနှင့် မိန်းကလေးများ၏ ရာခိုင်နှုန်း။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများအတွက် IASC ၏ ကြားဝင်ဆောင်ရွက်မှု ပိရမစ်

အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် မတူညီသောနည်းလမ်းများဖြင့် ထိခိုက်ခံရပြီး မတူညီသော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ လိုအပ်သည် (ပုံ 2၊ IASC Intervention Pyramid ကိုကြည့်ပါ)။ အမျိုးသမီးနှင့် မိန်းကလေးအများစုသည် အခြေခံဝန်ဆောင်မှုများ၊ ဘေးကင်းရေးနှင့် လုံခြုံရေးတို့မှ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ ရပ်ရွာလူထုနှင့် မိသားစုဖွဲ့စည်းပုံများသည် အကာအကွယ်နှင့် ကျန်းမာပျော်ရွှင်ခြင်းကို မြှင့်တင်နိုင်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် လေ့ကျင့်သင်ကြားထားသော ရပ်ရွာ သို့မဟုတ် လူမှုရေးလုပ်သားများမှ ပံ့ပိုးပေးသည့် နှစ်သိမ့်ဆွေးနွေးမှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် လက်တွေ့ကျသော ပံ့ပိုးကူညီမှုများကဲ့သို့သော လူတစ်ဦးချင်းကို အာရုံစိုက်သည့် ဝန်ဆောင်မှုများမှလည်း အကျိုးခံစားနိုင်မည်ဖြစ်သည်။ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကို တွေ့ကြုံခံစားရသော လူဦးရေ၏ အချိုးအစား အနည်းငယ်သည် ကုခန်းစိတ်ပညာရှင် သို့မဟုတ် စိတ်ကျန်းမာအထူးကုဆရာဝန်ကဲ့သို့သော စိတ်ကျန်းမာရေးဆိုင်ရာပညာရှင်များမှ ပေးအပ်သည့် ဒေသတွင်း လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် အထူးပြုစိတ်ကျန်းမာရေးဝန်ဆောင်မှုများ လိုအပ်နိုင်ပါသည်။[၁၅၉]

IASC ၏ ကြားဝင်ဆောင်ရွက်မှု ပိရမစ် သည် အရေးပေါ် အခြေအနေများတွင် အလွှာပေါင်းစုံ မှ စိတ်လူမှု ပိုင်းဆိုင် ရာနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှု လိုအပ်ကြောင်း၊ နှင့် မတူညီသော ဝန်ဆောင်မှုများမှ လိုအပ်သော သို့မဟုတ် အကျိုးရှိနိုင်မည့် လူများ၏ အချိုးအစားကို သရုပ်ဖော် ထားသည်။ ၎င်းသည် မတူညီသော ပံ့ပိုးမှုအမျိုးအစားများ၏ အဆင့်တစ်ခုသည် အခြားတစ်ခုထက် အရေးကြီးသည်ဟု ပုံဖော်ထားခြင်းမဟုတ်ပါ။ ပိရမစ်ရှိ ဝန်ဆောင်မှုအလွှာ အားလုံးသည်  အရေးကြီးပြီး အကောင်းဆုံးအနေဖြင့် အားလုံးကို တစ်ပြိုင်နက်တည်း အကောင်အထည် ဖော်ဆောင်ရွက်သင့်သည်။

> ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ ဝန်ဆောင်မှုများနှင့် အထောက်အပံ့များရယူရန် သို့မဟုတ် GBV အန္တရာယ် ကျရောက်ပါက ချက်ချင်းဘေးကင်းရန် ဆောင်ရွက်ပေး နိုင်သည့် လုံခြုံစိတ်ချရသော အမျိုးသမီးသီးသန့်နေရာများကို အမျိုးသမီး များနှင့် မိန်းကလေးများအတွက် ဖန်တီးပေးခြင်းသည် ဘေးကင်းရေး၊ ကုစားရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို မြှင့်တင်ပေးသည့် ထိရောက်သော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုး ကူညီမှုတစ်ခုဖြစ်သည်။
>
> စံနှုန်း ၈ - အမျိုးသမီများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့် နေရာများ ကို ကြည့်ပါ။

GBV စီမံကိန်းများသည် မိသားစုနှင့် ရပ်ရွာလူထု၏ အထောက်အပံ့များကို အားကောင်းစေကာ GBV ရှင်သန်လွတ်မြောက် သူများ အတွက် အာရုံစိုက်ပံ့ပိုးပေးခြင်းဖြင့် ပိရမစ်၏ဗဟို အလွှာ ၂ နှင့် ၃ ကို အဓိကအားဖြင့် လုပ်ဆောင်သည်။ မကြာခဏဆိုသလို အလွှာ ၃ - အာရုံစိုက်ဝန်ဆောင်မှုပေးခြင်း၏ ကနဦးဆောင်ရွက်ချက်များ သည် ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် လေ့ကျင့်သင်ကြား ထားသော GBV ပံ့ပိုးကူညီရေးဝန်ထမ်းများ မှတဆင့် ဖြစ်လိမ့်မည်။[၁၆၀] မိသားစုများ၊ သူငယ်ချင်းများနှင့် လေ့ကျင့်သင်ကြားထားသော GBV ပံ့ပိုးကူညီရေးဝန်ထမ်းများ၏—အလွှာ ၂ နှင့် ၃ မှ အချိန်နှင့် တပြေးညီ ခိုင်မာသော ပံ့ပိုးမှုများသည် ရှင်သန်လွတ်မြောက်သူများ အနေဖြင့် ကုသမှု ခံယူရန် လိုအပ်သော အခြေအနေတစ်ရပ်ဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိသည်။

သို့သော်လည်း အချို့သော ရှင်သန်လွတ်မြောက်သူများ သည် ပြင်းထန်သော လက္ခဏာများနှင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတို့ကို ခံစားရနိုင်သည်။ အကယ်၍ ရှင်သန် လွတ်မြောက်သူသည် စိတ်ခံစားချက်၊ အတွေးများ၊ သို့မဟုတ် အပြုအမူဆိုင်ရာ ပြဿနာများနှင့် ဆက်လက် ကြုံတွေ့ရပြီး သူမ၏နေ့စဉ်ဘဝတွင် လုပ်ဆောင်နိုင်စွမ်း မရှိပါက၊ သူမတွင် ပိုမိုပြင်းထန်သော ကျန်းမာရေး ပြဿနာများ ရှိနေနိုင်သည်။ ရှင်သန်လွတ် မြောက်သူ သည် အထူးပြုစိတ်ကျန်းမာရေးဝန်ဆောင်မှုများ လိုအပ်သည့်အခါ ဝန်ဆောင်မှုပေးသူများသည် သိရှိရမည်ဖြစ်ပြီး ထိုကဲ့သို့သော စောင့်ရှောက်မှုကို ရရှိအောင် ကူညီပေးနိုင်ရန် အရေးကြီးပါသည်။ GBV ဆိုင်ရာဝန်ထမ်းများသည် ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှု နယ်ပယ်ဒေသတွင် ရှင်သန်လွတ်မြောက် သူများအတွက် ရရှိနိုင်သောဝန်ဆောင်မှုများနှင့် အကျွမ်းတဝင်ရှိသင့်ပြီး အသိပေးချက်သဘောတူညီမှုကို အခြေခံ၍ ဘေးကင်းလုံခြုံပြီး အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းကာ လွှဲပြောင်း ညွှဲပြောင်းညွှန်းပို့မှု များ ပြုလုပ်နိုင်ရမည်ဖြစ်ပါသည်။

> **အထူးပြု စိတ်ကျန်းမာရေး ပံ့ပိုးမှု လိုအပ်နိုင်သည့် ရှင်သန်လွတ်မြောက်သူ၏ လက္ခဏာများ-**
>
> • ရှင်သန်လွတ်မြောက်သူသည် ပိုမိုကောင်းမွန်သော ရင်ဆိုင်ဖြေရှင်းခြင်း သို့မဟုတ် ပြန်လည်ကောင်းမွန်လာမှု လက္ခဏာများ မပြသပါက သို့မဟုတ် ယိုယွင်းလာမှု ပြသလာပါက။
> • ရှင်သန်လွတ်မြောက်သူသည် အလုပ်မလုပ်နိုင်ဘဲ မိမိကိုယ်တိုင် သို့မဟုတ် ကလေးများကို ဂရုမစိုက်နိုင်လျှင်။
> • ရှင်သန်လွတ်မြောက်သူတွင် စိတ်ကျန်းမာရေး အခြေအနေ ရှိနေသည်ဟု ယူဆပါက သို့မဟုတ် သိရှိပါက။
> • ရှင်သန်လွတ်မြောက်သူသည် မိမိကိုယ်မိမိသေကြောင်းကြံစည်ရန် ပြောပါက သို့မဟုတ် သူကိုယ်တိုင် သို့မဟုတ် အခြားသူများအတွက် အန္တရာယ်ဖြစ်နိုင်သည်ဟု ညွှန်ပြနေပါက။
> • ရှင်သန်လွတ်မြောက်သူသည် အထူးပြုစိတ်ကျန်းမာရေး ဝန်ဆောင်မှုများကို တောင်းဆိုပါက။ (စံနှုန်း ၄ -GBV ရှင်သန် လွတ်မြောက်သူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်ပါ)

စိတ်ကျန်းမာရေးရောဂါများအတွက် ကုသမှုဆိုင်ရာ စောင့်ရှောက်မှုသည် အရည်အချင်းပြည့်မီသော စိတ်ကျန်းမာရေးပညာရှင်များမှ ပေးအပ်သော အထူးပြုဝန်ဆောင်မှုများ လိုအပ်ပါသည်။ အထူးပြုဝန်ဆောင်မှုများအတွက် ပံ့ပိုးပေးသူများကို ဖော်ထုတ်သတ်မှတ်ရန် စိန်ခေါ်မှုရှိနိုင်သော်လည်း စီမံကိန်းများသည် သင့်လျော်သော အရည်အချင်းများမရှိဘဲ အထူးပြုစိတ်ကျန်းမာရေးစောင့်ရှောက်ပေးအပ်ရန် မကြိုးစားသင့်ပါ။

GBV စီမံကိန်းများသည် အခြေခံဝန်ဆောင်မှုများ (အလွှာ ၁) ကို မကြာခဏ ပေးလေ့မရှိသော်လည်း ၎င်းတို့သည် အရည်အသွေးမြင့်ပြီး သနားကြင်နာသော ဂရုစိုက်မှုကို သေချာစေရန်အတွက် အခြေခံ GBV ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ၊ GBV လမ်းညွှန်သဘောတရားများ စသည်တို့ကို အခြားဝန်ဆောင်မှု ပေးသူများနှင့် ကဏ္ဍများအား လေ့ကျင့်သင်ကြားပေးသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။

စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးပေးသူအားလုံးသည် GBV ၏အကျိုးဆက်များကိုနားလည်ရမည်ဖြစ်ပြီး ရှင်သန်လွတ်မြောက်သူမှ ထုတ်ဖော်ပြောဆိုသည်ဖြစ်စေ မထုတ်ဖော်သည်ဖြစ်စေ ၎င်းတို့အား သနားကြင်နာသောပံ့ပိုးမှုပေးစွမ်းနိုင်ရမည်။အရေးပေါ်အခြေအနေများတွင်ကျန်းမာရေးသည် အခြားဝန်ဆောင်မှုများအတွက် ဝင်ရောက်ရန်နေရာတစ်ခုဖြစ်သောကြောင့် GBV အဖွဲ့အစည်းများသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို စိတ်ခံစားမှုပိုင်းဆိုင်ရာထောက်ပံ့မှုပေးနိုင်ရန်၊ GBV ၏ အလားအလာရှိသော စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် ဆေးဘက်ဆိုင်ရာ သက်ရောက်မှုများကို နားလည်ရန်၊ နှင့် ရှင်သန်လွတ်မြောက်သူများအား သင့်လျော်သော ဝန်ဆောင်မှုများဆီသို့ လုံခြုံပြီး အချိန်နှင့်တပြေးညီ ညွှန်းပို့နိုင်ရန်အတွက် (စံနှုန်း ၄ - ရှင်သန်လွတ်မြောက်လာသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်ပါ။) ပံ့ပိုးပေးနိုင်ပါသည်။

## ၂။ တစ်ဦးချင်းစီ နှင့် အဖွဲ့လိုက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု

ရှင်သန်လွတ်မြောက်လာသူများအတွက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွင် ဒေသတွင်း စွမ်းဆောင်ရည်များ ခိုင်မာစေပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များစွာ (ဥပမာ လုံခြုံရေး၊ အသက်မွေးဝမ်းကျောင်းမှု) ကို အာရုံစိုက်သည့် ရပ်ရွာအခြေပြု ကြားဝင်ဆောင်ရွက်မှုများက အကောင်းဆုံး ပံ့ပိုးပေးပါသည်။

အဖွဲ့လိုက် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့မှုသည် IASC ပိရမစ်၏ အလွှာ ၂ (ရပ်ရွာလူထုနှင့် မိသားစုမှ ပံ့ပိုးမှု) နှင့် အလွှာ ၃ (အာရုံစိုက်လုပ်ဆောင်ရသည့် အထူးပြုမဟုတ်သော ထောက်ပံ့မှု) နှစ်ခုလုံးတွင် ပါဝင်နေပါသည် (ပုံ ၂ ကို ကြည့်ပါ။) GBV စီမံကိန်းများတွင် အုပ်စုလိုက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၏ အများစုသည် အလွှာ ၂ တွင် ပါဝင် ပါသည်။ ဥပမာအားဖြင့်၊ အပန်းဖြေခြင်း၊ ကျွမ်းကျင်မှုတည်ဆောက်ခြင်း သို့မဟုတ် သတင်းအချက်အလက်မျှဝေခြင်းအဖွဲ့လိုက်ဆောင်ရွက်ချက်များသည် အမျိုးသမီးများနှင့် မိန်းကလေးများအနေဖြင့် ဘေးကင်းသော ပတ်ဝန်းကျင်တွင် ပျော်မွေ့နိုင်ရန် ဘုံလှုပ်ရှားမှုများကို ဆောင်ရွက်ပေးပါသည်။

အလွှာ ၃ တွင်၊ အဖွဲ့လိုက်စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီမှုသည် GBV မှ ရှင်သန်လွတ်မြောက်သူများအား အသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်း နိုင်စေရန်နှင့် အဖွဲ့ဝင်များအကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ ချိတ်ဆက်မှုများကို အားကောင်းလာစေမည့် နည်းလမ်းများပေးစွမ်းနိုင်သည်။ စနစ်ကျသည့် အလွှာ ၃ အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် တူညီသောအမျိုးသမီးအုပ်စု သည် အစည်းအဝေးများစွာ ဆွေးနွေးမှုလုပ်ငန်းများစွာကို ဆက်တိုက်တက်ရောက်ခြင်းပါဝင်ပါသည်။ ၎င်းတို့အား တိကျသော သင်ရိုးညွှန်းတမ်း ဖြင့် လမ်းညွှန်ထားသင့်ပြီး [၆၆] စက်ချုပ်ခြင်း၊ ပုတီးစေ့နှင့် ငွေကြေးဆိုင်ရာ တတ်မြောက်ခြင်းကဲ့သို့သော လုပ်ငန်းဆောင်တာများ ပါဝင်နိုင်သည်။ ထိုအုပ်စုအား တစ်ပတ်ပြီး တစ်ပတ် ဆွေးနွေးရန် လမ်းညွှန်ပေးမည့် အကြောင်းအရာခေါင်းစဥ်အစုံ လည်းပါဝင်ပါသည်။ ၎င်းတို့တွင် ဖြစ်ရပ်များအတွက် တူညီသော စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှုများ၊ တုံ့ပြန်မှုများကို နားလည်သဘောပေါက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် စိန်ခေါ်မှုများကို ကျော်လွှားရန် ရင်ဆိုင်ဖြေရှင်းခြင်း ယန္တရားများကို အာရုံစိုက်ကြပါသည်။ အုပ်စုနည်းပြများသည် ဖွဲ့စည်းတည်ဆောက်ထားသော အဖွဲ့၏လှုပ်ရှားမှုများကို အကောင်အထည်ဖော်ရန် ထပ်ဆောင်း သင်တန်းများနှင့် ကြီးကြပ်မှုများ လိုအပ်ပါသည်။

GBV အဖွဲ့အစည်းများသည် GBV မှ ရှင်သန်လွတ်မြောက်သူများအား အုပ်စုလိုက်စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုဆိုင်ရာလှုပ်ရှားမှုများတွင် ဘေးကင်းလုံခြုံစွာ ပေါင်းစည်းကြောင်းသေချာစေရန်အတွက် သတိထားသင့်သည်။ လှုပ်ရှားဆောင်ရွက်မှုများသည် ရှင်သန်လွတ်မြောက်သူများ ကိုသာ ပစ်မှတ်ထားသင့်သည်မဟုတ်ဘဲ ရှင်သန် လွတ်မြောက်သူများသည် ၎င်းတို့၏အတွေ့အကြုံများကို လွတ်လပ်စွာ ပြောဆိုရန် မရွေးချယ်ပါက GBV ၏ အတွေ့အကြုံများအပေါ်လည်းအာရုံမစိုက်သင့်ပါ။ လျှို့ဝှက်ထိန်းသိမ်းမှုကို မထိခိုက်စေဘဲ၊ ဝန်ဆောင်မှုပေးသူများသည် တူညီသည့် ပန်းတိုင်ကို ပြီးမြောက်စေရန် သို့မဟုတ် ကျွမ်းကျင်မှုအသစ်တစ်ခုကို သင်ယူရန် အာရုံစိုက်သော ပံ့ပိုးကူညီသည့် အဖွဲ့များသို့ ပါဝင်ရန် GBV ရှင်သန်လွတ်မြောက်သူများကို ဖိတ်ကြားနိုင်သည်။ အကယ်၍ ဤအုပ်စုလိုက်လှုပ်ရှားမှုများကို အမျိုးသမီးစင်တာများ သို့မဟုတ် GBV အစီအစဉ်များဖြင့် စီမံဆောင်ရွက်သည့် လုံခြုံဘေးကင်းသောနေရာများတွင် စုစည်းဆောင်ရွက်နေသည်ဆိုပါက၊ ရှင်သန်လွတ်မြောက်လာသူများအား ဤလှုပ်ရှားမှုများတွင် အမြဲကြိုဆိုလျက် လက်ခံထားကြောင်း၊ ရှင်သန်လွတ်မြောက်လာသူများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများအကြောင်း လွတ်လပ်စွာ စကားပြောဆိုရန် ရွေးချယ်မည်ဆိုပါကလည်း ပါဝင်သူအားလုံးသည် လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် သဘောတူထားကြောင်း အသိပေးပြောပြရမည်ဖြစ်ပါသည်။ မည်သည့်စိတ်လူမှုပိုင်းဆိုင်ရာထောက်ပံ့မှု အမျိုးအစားမဆို ဆောင်ရွက်ပေးသည့် ဝန်ထမ်းများ/စေတနာ့ဝန်ထမ်းအားလုံးသည် ရှင်သန်လွတ်မြောက်လာသူများမှ ၎င်းတို့၏အတွေ့အကြုံများကို မျှဝေသည့်အခါနှင့် ရှင်သန်လွတ်မြောက်လာသူများနှင့် အခြားသူများ သည် အတွေ့အကြုံများ မျှဝေခြင်းနှင့် နားထောင်ခြင်း ပြုလုပ်ရသည့် အခါ ၎င်းတို့နှင့် ဆက်စပ်၍ အပျက်သဘောဆောင်သော စိတ်ခံစားမှုများ ပေါ်ပေါက်လာသည့်အခါ ကိုင်တွယ်ဖြေရှင်းကူညီပေးနိုင်စေရန် ပြင်ဆင်ထားသင့်သည်။

ဤအရင်းအမြစ်တွင်ဖော်ပြထားသည့် ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်နည်းကို အခြေခံထားသောအခါ GBV ဖြစ်ရပ်စီမံခန့်ခွဲမှုသည် ပိရမစ်၏တတိယအဆင့်အောက်တွင်ကျရောက်သော စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုဟု ယူဆနိုင်ပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲမှုသည် ပိရမစ်ရှိအခြားအလွှာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ၎င်းတို့အသိုင်းအဝိုင်းရှိ အခြားစိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ထောက်ပံ့ရေးဝန်ဆောင်မှုများ၊ စီမံကိန်းများနှင့် အရင်းအမြစ်များကို ရှင်သန်လွတ်မြောက်သူများ လက်လှမ်းမီ ရရှိရေး အတွက် ကူညီရာတွင် အရေးကြီးသောနည်းလမ်းတစ်ခုလည်းဖြစ်သည်။ ရှင်သန်လွတ်မြောက်သူများ နှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများအကြား တသမတ်တည်းသော ဆက်ဆံရေးသည် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ၏ ကြားဝင်ဆောင်ရွက်မှု တစ်ခုဖြစ်သည်။ ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် GBV

၏အကျိုးဆက်များနှင့် အခြေအနေများပေါ်တွင် တည်ဆောက်ခြင်း၊ အပန်းဖြေနည်းဗျူဟာများနှင့် လက်ရှိဘေးကင်းလုံခြုံရေးအစီအမံများ (စံနှုန်း ၆ - GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ကိုကြည့်ပါ) စသည့် ကျွမ်းကျင်မှုများပါဝင်သည်။ ရှင်သန်လွတ်မြောက်သူအားလုံးသည် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများကို လိုချင်သည် သို့မဟုတ် လိုအပ်မည်မဟုတ်ကြောင်း သတိရရန် အရေးကြီးပါသည်။ သင့်လျော်သောအခါတွင်၊ GBV တွင်လေ့ကျင့်သင်ကြားထားသော တုံ့ပြန်ရေးဝန်ထမ်းများသည် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ခုလုံးအနေဖြင့် ရှင်သန်လွတ်မြောက်သူအတွက် ဆောင်ရွက်ပေးခြင်းမဟုတ်ဘဲ ရှင်သန်လွတ်မြောက်သူအား စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု ပေးခြင်း၊ သို့မဟုတ် စိတ်လူမှုပိုင်းဆိုင်ရာဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးခြင်းကို ပြုလုပ်နိုင်သည်။

## Tools and Resources


GBV Area of Responsibility and International Medical Corps (IMC). 2018. Managing Gender-based Violence Programmes in Emergencies Training Course: Facilitation Manual.

Health and Human Rights Info (2014). *Mental Health and Gender-based Violence: Helping Survivors of Sexual Violence in Conflict – A Training Manual.* Rev. ed. Oslo. https://www.hhri.org/wp-content/uploads/2019/01/HHRI_EN_GBV.pdf.

Inter-Agency Standing Committee (IASC) (2015). Pocket Guide. *How to support survivors of gender-based violence when a GBV actor is not available in your area.* https://gbvguidelines.org/en/pocketguide/

__________ (2007). *IASC Guidelines on Mental Health and Psychosocial Support in EmergencySettings.* Geneva. https://www.who.int/mental_health/emergencies/guidelines_iasc_mental_health_psychosocial_june_2007.pdf.

IASC Global Protection Cluster Working Group and IASC Reference Group for Mental Healthand Psychosocial Support in Emergency Settings (2010). *Mental Health and Psychosocial Support in Emergency Settings: What Should Protection Programme Managers Know?*
Geneva: IASC. https://interagencystandingcommittee.org/system/files/legacy_files/MHPSS%20Protection%20Actors.pdf.

IASC Reference Group on Mental Health and Psychosocial Support in Emergency Settings (2012). *IASC Reference Group Mental Health and Psychosocial Support Assessment Guide.* http://www.who.int/mental_health/publications/IASC_reference_group_psychosocial_support_assessment_guide.pdf.

__________(2012). *Assessing Mental Health and Psychosocial Needs and Resources:Toolkit for Humanitarian Settings.* Geneva: WHO. https://apps.who.int/iris/bitstream/handle/10665/76796/9789241548533_eng.pdf?sequence=1.

# စံနှုန်း ၄ ကျား-မအခြေပြုအကြမ်းဖက်မှု ဖြစ်ရပ် စီမံခန့်ခွဲခြင်း

## ရှင်သန် ကျန်ရစ် သူများသည် ရရှိနိုင်သောဝန်ဆောင်မှုများကို ညွှန်းပို့ပေးနိုင်သည့်ဘက်ပေါင်းစုံမှညှိနှိုင်းစောင့်ရှောက်မှု နှင့် ပံ့ပိုးကူညီမှုအပါအဝင် သင့်လျော်သော အရည်အသွေးမီ ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများကို လက်လှမ်းမီရယူ သုံးစွဲနိုင်သည်။

ဖြစ်ရပ်စီမံခန့်ခွဲမှုသည် ရှင်သန်လွတ်မြောက်သူ၏ လက်ငင်းလိုအပ်ချက်များနှင့် ရေရှည်ပြန်လည်ထူထောင်မှုကို ပံ့ပိုးပေးရန်အတွက် ဝန်ဆောင်မှုပေးသူအများအပြားကို ချိတ်ဆက်ပေးသည့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ထိရောက်သော ကျား-မ အခြေပြု အကြမ်းဖက်မှု (GBV) ဖြစ်ရပ်စီမံခန့်ခွဲမှုသည် အသိပေးသောသဘောတူညီချက် informed consent နှင့် လျှို့ဝှက်ထားမှုကို သေချာစေပြီး၊ ရှင်သန်လွတ်မြောက်သူ၏ဆန္ဒကို လေးစားကာ ခွဲခြားဆက်ဆံခြင်းမရှိဘဲ ပါဝင်စေသောဝန်ဆောင်မှုများနှင့် ပံ့ပိုးမှုများကို ပံ့ပိုးပေးပါသည်။ (စံနှုန်း ၁- GBV အခြေခံလမ်းညွှန် သဘောတရားများကို ကြည့်ပါ။)[၆၂] ကျား-မ အခြေပြု အကြမ်းဖက်မှု (GBV) ဖြစ်ရပ်စီမံခန့်ခွဲမှုသည် ရှင်သန်လွတ်မြောက်သူတိုင်း၏ ထူးခြားသောလိုအပ်ချက်များကို တုံ့ပြန်ပေးပါသည်။ ကဏ္ဍပေါင်းစုံ ကျား-မ အခြေပြု အကြမ်းဖက်မှု (GBV)အတွက် တုံ့ပြန်မှုဝန်ဆောင်မှုများ (ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ၊ ဥပဒေ၊ လုံခြုံရေး) နှင့် အဆိုပါ ဝန်ဆောင်မှုများကို အသုံးပြုခြင်း၏ ဖြစ်နိုင်သောအကျိုးဆက်များ (ဥပမာ၊ မဖြစ်မနေသတင်းပို့အစီရင်ခံခြင်း) အပါအဝင် အသိပေး ရွေးချယ်မှုများပြုလုပ်ရန် ပြီးပြည့်စုံသည့် သတင်းအချက်အလက်များကို ရှင်သန်လွတ်မြောက်သူများအားပေးအပ်ရန် အရေးကြီး ပါသည်။[၆၃]

ကျား-မအခြေပြုအကြမ်းဖက်မှု (GBV) ဖြစ်ရပ်ခန့်ခွဲမှုတွင် လေ့ကျင့်သင်ကြားထားသော စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီသူ သို့မဟုတ် လူမှုရေးဝန်ထမ်းသည် (၁) ရှင်သန်လွတ်မြောက်သူ အနေဖြင့် ၎င်းတို့အတွက်ရရှိနိုင်သည့်ရွေးချယ်စရာများအားလုံးကို အသိပေးပြီး၊ ၎င်းတို့၏ ခွင့်ပြုချက်အပေါ်အခြေခံ၍ သက်ဆိုင်ရာဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ပေးခြင်းအတွက် တာဝန်ရှိခြင်း။ (၂) ရှင်သန်လွတ်မြောက်သူ၏ (၎င်း၏မိသားစု၊ သက်ဆိုင်ပါက) ကြုံတွေ့နေရသည့် ကိစ္စရပ်များကို ညှိနှိုင်းသည့်နည်းလမ်းဖြင့် ဖော်ထုတ်ခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်ပေးခြင်း၊ နှင့် (၃) အစီအစဉ်တစ်လျှောက်လုံး ရှင်သန်လွတ်မြောက်သူအား စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးဆောင်ခြင်း။ ဖြစ်သည်။ ကျား-မအခြေပြုအကြမ်းဖက်မှု (GBV) ဖြစ်ရပ်စီမံခန့်ခွဲမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နေရာများတွင် ပိုမိုစနစ်တကျဖွဲ့စည်းထားသည့်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုပေးသူများမရှိခြင်းကြောင့် ကျား-မအခြေပြုအကြမ်းဖက်မှု (GBV) ရှင်သန်လွတ်မြောက်သူများ၏ အဓိက ဝင်ရောက်သော နေရာများ ဖြစ်လာပါသည်။[၆၄]

**ဖြစ်ရပ်စီမံခန့်ခွဲမှု အဆင့်များ**

၁။ မိတ်ဆက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း
၂။ အကဲဖြတ်လေ့လာခြင်း
၃။ အစီအစဉ်ရေးဆွဲခြင်း
၄။ အစီအစဉ်ကိုအကောင်အထည်ဖော်ခြင်း
၅။ နောက်ဆက်တွဲ ဆောင်ရွက်ခြင်း
၆။ ဖြစ်ရပ်ပိတ်သိမ်းခြင်း

Source: GBVIMS Steering Committee 2017.

ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်သည် အမြဲတစ်ပြေးညီမဟုတ်သည့်အပြင် အရေးပေါ်အခြေအနေများတွင် ဖြစ်ရပ်စီမံခန့်ခွဲမှု အဆင့်အားလုံးကို ပြီးမြောက်ရန် ခက်ခဲလေ့ရှိသည်။ ရှင်သန်လွတ်မြောက်သူများ၏ ဘေးကင်းရေးနှင့် လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုရရှိရေးတို့အပါအဝင်၎င်းတို့၏ လက်ငင်းလိုအပ်ချက်များနှင့် ရွေးချယ်မှုများကိုအမြဲဦး စားပေး ဆောင်ရွက် သင့်ပါသည်။[၆၅]

| အဓိကလုပ်ဆောင်ချက်များ ကျား-မ အခြေပြုအကြမ်းဖက်မှု ဖြစ်ရပ်စီမံခန့်ခွဲခြင်း | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| ရှိပြီးသား ဝန်ဆောင်မှုများနှင့် ကွာဟချက်များအား ဖော်ထုတ်ရန် ဝန်ဆောင်မှုလမ်းကြောင်းမြေပုံဆွဲခြင်းကို လုပ်ဆောင်ပြီး အခြားသော အဖွဲ့အစည်း များ (ဥပမာ၊ ကျန်းမာရေးနှင့် ကလေးသူငယ် ကာကွယ်ရေး) နှင့် ရပ်ရွာအဖွဲ့ဝင်များနှင့် အတူ အရေးကြီးသော လုပ်ငန်းစွမ်းရည်ကွာဟချက်ကို ဖြေရှင်းရန်အတွက် အစီအစဉ်ကို ရေးဆွဲရန်။ | ✔ | ✔ | ✔ |
| ဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်းများမှ ရှင်သန်လွတ်မြောက်သူများအား လွှဲပြောင်းညွှန်းပို့ပေးခြင်းကို ပံ့ပိုးပေးရန် အတွက် ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ၊ ကလေးသူငယ် ကာကွယ်ရေး၊ အကာအကွယ်၊ တရားဥပဒေ၊ အသက်မွေးဝမ်းကြောင်းနှင့် အခြားသက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၊ အခြားရရှိနိုင်သည့် ဝန်ဆောင်မှုပေးသူများနှင့် အတူတကွလုပ်ဆောင်ရန်။ (စံနှုန်း ၇ - လွှဲပြောင်းညွှန်းပို့သည့် စနစ်များ ကိုကြည့်ပါ)။ | ✔ | ✔ | ✔ |
| ဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်း တစ်ဦးနှင့် ရှင်သန်လွတ်မြောက်သူများ အချိုး ၁ မှ ၁၅ (လက်ရှိဖြစ်ရပ်အရေအတွက်) နှင့် ၁ မှ ၂၀ ထက်မပိုရန် ၊ကြီးကြပ်သူ နှင့် ဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်း အချိုး ၁ မှ ၅ နှင့် ၁ မှ ၈ ထက် မပိုစေရန် လုံလောက်သော ဝန်ထမ်းခန့်အပ်မှုရှိစေခြင်း။[၁၆၆] | ✔ | ✔ | ✔ |
| ဖြစ်ရပ်စီမံခန့်ခွဲမှုအဆင့်များကို အကောင်အထည်ဖော်ရာတွင် ရှင်သန်ကျန်ရစ်ဗဟိုပြုသည့်နည်းလမ်းနှင့် GBV လမ်းညွှန်သဘောတရားများကို လေးစားလိုက်နာရန် GBV ဖြစ်ရပ်စီမံခန့်ခွဲသူ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးပါ။[၁၆၇] | ✔ | ✔ | ✔ |
| GBV ဖြစ်ရပ်စီမံခန့်ခွဲသူ ဝန်ထမ်းအဖွဲ့ကို ခန့်အပ်ပြီး မတူညီသော GBV ပုံစံများကို ကိုင်တွယ်ဖြေရှင်းရာတွင် အရည်အသွေးမီ GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများပေးဆောင်နိုင်ရေးအတွက် လိုအပ်သည့် အရည်အသွေးများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးပါ။ | ✔ | ✔ | ✔ |
| GBV လမ်းညွှန်အခြေခံသဘောတရားများပေါ်တွင် အခြေခံ၍ GBV ဝန်ထမ်းများ/စေတနာ့ဝန်ထမ်းများ၏ အရည်အသွေးကို တည်ဆောက်ပြီး GBV တွင်လုပ်ဆောင်နေသူအားလုံးကို ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများသို့ ဘေးကင်းလုံခြုံစွာလွှဲပြောင်းညွှန်းပို့ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို မျှဝေပါ။ | ✔ | ✔ | ✔ |
| GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများပေးဆောင်ရန် အမျိုးသမီးများနှင့် မိန်းကလေးများနှင့်အတူ လုံခြုံသောတည်နေရာ(များ)ကို ရှာဖွေဖော်ထုတ်ပါ။အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အသုံးပြုနေသော လုံခြုံသောနေရာများသည် ဖြစ်ရပ်စီမံခန့်ခွဲရာတွင် လုံခြုံစွာ လက်လှမ်းမီဝင်ရောက်နိုင်သည့်နေရာများဖြစ်ခြင်းကြောင့် ထိုနေရာများ အပြင် အခြားရွှေ့လျား နေရာများကို အသုံးပြုရန် စဉ်းစားပါ။ (စံနှုန်း ၈ ကိုကြည့်ပါ) | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုပေးသူအားလုံးကြားတွင် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ရန် GBV ဖြစ်ရပ်ညှိနှိုင်းမှုအတွက် စံလုပ်ငန်းလမ်းညွှန်ကိုများကို ရေးဆွဲပါ။[၁၆၈] | ✔ | ✔ | ✔ |
| ကလေးသူငယ်ကာကွယ်ရေးနှင့် အကာအကွယ်ပေးရေး ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ထမ်းများနှင့် အတူ ပူးပေါင်းလေ့ကျင့်မှုသင်တန်းများ၊ တုံ့ပြန်မှုဆိုင်ရာ ဝန်ဆောင်မှုများတွင် ပေါင်းစပ်ညှိနှိုင်းမှုနှင့် မြေပုံထုတ်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဆောင်ရွက်ပြီး ဆယ်ကျော်သက်မိန်းကလေးများနှင့် ယောကျာ်းလေးများအား အထူးပံ့ပိုးကူညီမှုပေးရန်အတွက် ရှင်းလင်းသည့် သတ်မှတ်ချက်များ ဖော်ဆောင်ရန် စံလုပ်ငန်းအစီအစဥ် (SOP )များနှင့် ပူးတွဲလွှဲပြောင်းညွှန်းပို့ပေးရေးလမ်းကြောင်းများ ချမှတ်ပါ။ | ✔ | ✔ | ✔ |
| လုပ်ဆောင်ရန် ဘေးကင်းပါက ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများရရှိနိုင်မှုနှင့် အသုံးပြုမှုဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပြီး၊ လူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ပါ။ | ✔ | ✔ | ✔ |
| ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများ သည် အမျိုးသမီးနှင့်မိန်းကလေးအားလုံးအတွက် သင့်လျော်သောလက်လှမ်းမီမှုနှင့် ပံ့ပိုးကူညီမှုရှိရန် သေချာပါစေ။ | ✔ | ✔ | ✔ |
| သင့်လျော်သော ဝင်ရောက်ရန် နေရာ များမှတစ်ဆင့် အမျိုးသားများနှင့် ယောကျာ်းလေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရပြီးသည့်နောက် ဖြစ်ရပ်စီမံခန့်ခွဲမှုကို လက်လှမ်းမီနိုင်ရန် အတွက် ကျန်းမာရေး၊ ကလေးသူငယ်ကာကွယ်မှု၊ မသန်စွမ်းမှုများနှင့် အခြားအကာအကွယ်ပေးရေး အဖွဲ့အစည်းများ၊ ရပ်ရွာလူထုအုပ်စုများနှင့် အတူပူးပေါင်းလုပ်ဆောင်ပါ။[၁၆၉] | ✔ | ✔ | ✔ |
| ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့်အညီ အချက်အလက်စုဆောင်းခြင်းအပါအဝင် နိုင်ငံတကာစံနှုန်းများ အတိုင်း GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများကို ပေးအပ်ပါ (စံနှုန်း ၁၄ ကို ကြည့်ပါ)။ | ✔ | ✔ | ✔ |
| အဖွဲ့အစည်းဆိုင်ရာ GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ပရိုတိုကောများကိုအခြေခံ၍ ရှင်သန်လွတ်မြောက်သူများနှင့် ဆက်သွယ်ရန်အချိန်ကန့်သတ်ချက်များ၊ ဖြစ်ရပ်မှတ်တမ်းများ၊ အန္တရာယ်များသောဖြစ်ရပ်များအတွက် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ ပရိုတိုကောများအပါအဝင်၊ ဝန်ထမ်းများအနေဖြင့် နေ့စဉ်လုပ်ငန်းခွင်အတွင်း ၎င်းတို့အပေါ်မျှော်မှန်းထားသောအရာများကို နားလည်စေရန် ကူညီပေးသည့်အနေဖြင့် စာဖြင့်ရေးသားထားသော မူဝါဒမူကြမ်းများချမှတ်ပါ။ | ✔ | ✔ | ✔ |
| လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုကိစ္စများအပါအဝင် ဝန်ဆောင်မှုယူသူများအား ပံ့ပိုးနိုင်ရန် ဒေသနှင့် သက်ဆိုင်သည့် သီးခြားမဖြစ်မနေသတင်းပို့အစီရင်ခံခြင်းလုပ်ငန်းစဉ်များ၊ ရပ်ရွာအခြေပြုအစီရင်ခံခြင်းယန္တရားများနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များကို နားလည်သိရှိထားပါ။ | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုအား လက်လှမ်းမီမှုနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းဆိုင်ရာ အတားအဆီးများကို လျှော့ချရန် အဖွဲ့အစည်းများ၊ ကဏ္ဍများနှင့် အတူပူးပေါင်းလုပ်ဆောင်ပါ (စံနှုန်း ၂ ကို ကြည့်ပါ။) | ✔ | ✔ | ✔ |
| ကြီးကြပ်မှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် လေ့ကျင့်သင်ကြားထားသော ကြီးကြပ်ရေးမှူးများက ဝန်ထမ်းများ၏လုပ်ငန်း အား ပံ့ပိုးရန်နှင့် ရှင်သန်လွတ်မြောက်သူများအပေါ် ၎င်းတို့၏သဘောထားနှင့် အပြုအမူတို့ကို အကဲဖြတ်ရန် GBV ဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်းများအား ပုံမှန်ကြီးကြပ်မှုပြုလုပ်ရန် သေချာစေပါ (စံနှုန်း ၃ကို ကြည့်ပါ)။ [၁၇၀] | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုရယူသူမှ ပေဖန်အကြံပြုတုံ့ပြန်ချက်စစ်တမ်းများ၊ ဖြစ်ရပ်ဖိုင်များစစ်ဆေးခြင်းနှင့် GBVဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်းများ၏ ဆက်လက်ကြီးကြပ်မှုမှတစ်ဆင့် စောင့်ရှောက်မှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများ၏ အရည်အသွေးကို စောင့်ကြည့်လေ့လာပါ။ | ✔ | ✔ | ✔ |

**လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူ အမျိုးသားများ**

GBV စီမံကိန်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရပိုင်ခွင့်များနှင့် အကာအကွယ်ပေးရေး လိုအပ်ချက်များကို ဦးတည်ပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူ အမျိုးသားများသည်လည်း GBV ဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်းများထံမှ အကူအညီကို ရယူနိုင်သည်။ The *Interagency GBV Case Management Guidelines* provides guidance on caring for male survivors, နှင့် *Caring for Child Survivors of Sexual Abuse: Guidelines for health and psychosocial service providers inhumanitarian settings လမ်းညွှန်* များတွင် ယောကျ်ားလေးများအတွက်ဖြစ်ရပ်စီမံခန့်ခွဲခြင်းအတွက် သီးသန့်လမ်းညွှန်များပါရှိပါသည်။

GBV စီးမံကိန်းများတွင် လုပ်ဆောင်နေသူများသည် မသန်စွမ်းအမျိုးသားများနှင့် ယောကျ်ားလေးများ၊ မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မဂိသေသရှိသူများ၊ အထူးသဖြင့် အဖော်မရှိသော၊ ကွဲကွာနေသော ငယ်ရွယ်သောကလေးများနှင့် ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးများ၊ ကလေးလုပ်သား သို့မဟုတ် ချုပ်နှောင်ခံထားရသော ကလေးများနှင့် ဆယ်ကျော်သက်များ အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူ အမျိုးသားများ ၏ သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ထပ်ဆောင်းဝန်ဆောင်မှုများ လိုအပ်နိုင်သည်ကို နားလည်ထားသင့်ပါသည်။

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရည်ရွယ်ထားသော ဝန်ဆောင်မှုအများစုသည် ရှင်သန်လွတ်မြောက်သူ အမျိုးသားများ အတွက် မသင့်လျော်ပါ။ ထို့အပြင် ယင်းဝန်ဆောင်မှုများမှတစ်ဆင့် ရှင်သန်လွတ်မြောက်သူ အမျိုးသားများ ပံ့ပိုးကူညီပေးခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံမှုနှင့် လက်လှမ်းမီမှု ကျဆင်းလျော့နည်းစေမည်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူ အမျိုးသားများသည် ဝန်ဆောင်မှုများနှင့် အထူးကျွမ်းကျင်မှုရှိသော ဝန်ထမ်းများထံ ရောက်ရှိရန်ကွဲပြားသော ဝင်ရောက်ရန်နေရာများ ရှိရန် လိုအပ်သည်။ ယောကျ်ားလေးများနှင့် အမျိုးသားများအတွက် အစားထိုးဝင်ရောက်သည့်နေရာများတွင် ယေဘုယျ အားဖြင့် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုဝန်ဆောင်မှုများ၊ ကာကွယ်ရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးအဆောက်အအုံများ၊ ရပ်ရွာစင်တာများ၊ မသန်စွမ်းမှုအထောက်အကူပြုစင်တာများ၊ LGBTI စင်တာများနှင့်၊ လူငယ်နှင့် ဆယ်ကျော်သက်ယောကျ်ားလေးများအတွက်၊ ကလေးနှင့် လူငယ်ကာကွယ်ရေးဌာနများနှင့် ဝန်ဆောင်မှုပေးရာနေရာများ ပါဝင်သည်။

For more information, see GBVIMS Steering Committee 2017, pp. 135-137.

ဖြစ်ရပ်စီမံခန့်ခွဲသည့်ဝန်ထမ်းသည် ရှင်သန်လွတ်မြောက်သူ၏ လက်ငင်းအန္တရာယ်များနှင့် လိုအပ်ချက်များကို အကဲဖြတ်ရန်၊ ဘေးကင်းရေး အစီအစဉ်ကို ပြင်ဆင်ရန် ၎င်းတို့နှင့် နီးကပ်စွာလုပ်ဆောင်ရမည်။ ထို့အပြင်၊ ထိုဝန်ထမ်းသည်ရှင်သန်လွတ်မြောက်သူ အားကျန်းမာရေးစောင့်ရှောက်မှု/သို့မဟုတ် အခြားဦးစားပေးဝန်ဆောင်မှုများနှင့်သူမဆန္ဒရှိပါကချိတ်ဆက်ပေးသင့်သည်။[၁၇၁] ပြင်းထန်သောလတ်တလောအရေးပေါ်အခြေအနေတွင်ပင် ဖြစ်ရပ်စီမံခန့်ခွဲသည့်ဝန်ထမ်းများသည် ဘေးကင်းလုံခြုံသော လွှဲပြောင်း ညွှန်းပို့ရေးလမ်းကြောင်းများကို ဦးစွာတည်ထောင်ပြီး သတင်းအချက်အလက်နှင့် လွှဲပြောင်းညွှန်းပို့ခြင်းမပြုမီ ဝန်ဆောင်မှုများ၏ အရည်အသွေးကို အကဲဖြတ်ရမည်ဖြစ်သည်။[၁၇၂]

GBV စီမံကိန်းများတွင် လုပ်ဆောင်နေသူများသည် GBV တုံ့ပြန်မှုဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ဆောင်မှုအဖြစ် အရည်အသွေး ပြည့်မီသည့် GBV ဖြစ်ရပ်စီမံခန့်ခွဲမှုတွင် ရင်းနှီးမြှုပ်နှံသင့်သည်။ GBV စီမံကိန်းတွင် လုပ်ဆောင်နေသူများအားလုံး နှင့် အထူးသဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသည့်ဝန်ထမ်း အားလုံးတွင် ရှင်သန်လွတ်မြောက်သူအား ပံ့ပိုးမှု၊ လမ်းညွှန်မှု၊ နားထောင်မှု၊ အကဲဖြတ်ရန်၊ အစီအစဉ် ဆွဲရန်နှင့် နောက်ဆက်တွဲလုပ်ဆောင်ရန် ရှင်သန်လွတ်မြောက်လာသူများကို ဗဟိုပြုသည့် ချဉ်းကပ်မှုအား ကျင့်သုံးရန် ခိုင်မာသော စွမ်းရည်နှင့် ကျွမ်းကျင်မှုရှိရမည်။[၁၇၃]

ရှင်သန်လွတ်မြောက်သူသည် ဘေးကင်းသည်ဟုခံစားရသည့် ဆိတ်ငြိမ်သောသီးသန့်နေရာတွင် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများကို ပြုလုပ်သင့်သည်။ ရှင်သန်လွတ်မြောက်သူ၏အိမ်တွင် တွေ့ဆုံခြင်းကို အားမပေးပါ။ အဘယ်ကြောင့်ဆိုသော် သတင်းအချက်အလက်များကိုလျှို့ဝှက်ထိန်းသိမ်းမှုမရှိခြင်းကြောင့် ရှင်သန်လွတ်မြောက်သူ၊ ဖြစ်ရပ်စီမံခန့်ခွဲသူ နှင့် ရပ်ရွာအတွက် အန္တရာယ်ပေါ်ပေါက်နိုင်သောကြောင့်ဖြစ်သည်။[၁၇၄] ရှင်သန်လွတ်မြောက်သူများအား ၎င်းတို့၏နေအိမ်များ သို့မဟုတ် အခြားဖိုရမ် တစ်ခုခုတွင် တက်ကြွစွာ "ဖော်ထုတ်ခြင်း" မပြုလုပ်သင့်ပါ (ဥပမာ၊ သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ လှုပ်ရှားမှုများ)။ အမျိုးသမီးများနှင့် မိန်းကလေးများအား GBV ဖြစ်ရပ်စီမံခန့်ခွဲရေး ဝန်ဆောင်မှုများ ပေးရာတွင် လျှို့ဝှက်စွာနှင့် အပြစ်တင်ခံရခြင်း အရှက်ရစေခြင်း မရှိဘဲ လက်လှမ်းမီစွာ ရရှိအောင် ပေးရမည်။ ဥပမာအားဖြင့် လှုပ်ရှားမှုအမျိုးမျိုးကို ပေးဆောင်သည့် ဘေးကင်း လုံခြုံသောနေရာများမှတဆင့် ပံ့ပိုးပေးနိုင်သည် (စံနှုန်း ၈ - အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသော နေရာများ ကိုကြည့်ပါ)။ အမျိုးသမီး GBV ဖြစ်ရပ်စီမံခန့်ခွဲရေးဝန်ထမ်းများသည် GBV ဝန်ဆောင်မှုပေးသူများ အားလုံးတွင် မရှိမဖြစ် လိုအပ်ပါသည်။ GBV ကျူးလွန်သူအများစုမှာ အမျိုးသားများဖြစ်ကြသဖြင့် ရှင်သန်လွတ်မြောက်သူ အများစုသည် အမျိုးသမီး ဝန်ထမ်းနှင့် တွေ့ဆုံရန် ပို၍လိုလားနှစ်သက်ကြသည်။ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ ပံ့ပိုးကူညီမှု နှစ်ခု စလုံးကို အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီနိုင်စေရန်အတွက် အမျိုးသမီး GBV ဖြစ်ရပ်စီမံခန့်ခွဲရေး ဝန်ထမ်းများသည် ကျန်းမာရေး/မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာဌာနနေရာ များတွင်လည်း ပေါင်းစပ်လုပ်ကိုင်နိုင်ပါသည်။

 ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ထမ်းသည် ပြီးပြည့်စုံသောအစီအစဥ်ကို ရေးဆွဲရာတွင် ရှင်သန်လွတ်မြောက်သူနှင့် အတူ သူမ၏ လိုအပ်ချက်များနှင့် ထိုလိုအပ်ချက်များကို မည်သို့ဖြည့်ဆည်းပေးမည်ကိုပါ ဖော်ထုတ်ရမည်ဖြစ်သည်။ ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ထမ်းသည် ရရှိနိုင်သော အရည်အသွေးရှိသည့် ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများနှင့် အကျွမ်းတဝင်ရှိရမည်ဖြစ်ပြီး ညှိနှိုင်းထားသော လွှဲပြောင်းညွှန်းပို့မှု၊ ဝန်ဆောင်မှုပေးမှုနှင့် နောက်ဆက်တွဲလုပ်ငန်းစဥ်များကို သေချာစေရန် အခြားအေဂျင်စီများနှင့် ပုံမှန်ပြောဆို လုပ်ကိုင်ရမည်ဖြစ်သည်။[၁၇၅] ယုံကြည်စိတ်ချရပြီး ကျင့်ဝတ်နှင့်ညီသောဆက်ဆံရေးတွင် ပါဝင်သည့် တသမတ်တည်းသော ဆက်သွယ်ရေး (တက်ကြွစွာ နားထောင်ခြင်းအပါအဝင်) နှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုသည် ကောင်းမွန်သော ဖြစ်ရပ်စီမံခန့်ခွဲမှု၏ အခြေခံဖြစ်ပြီး စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုပုံစံတစ်ခုလည်းဖြစ်သည်။ (စံနှုန်း ၅ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကိုကြည့်ပါ)။ ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ထမ်းများအား စနစ်တကျနှင့် ပုံမှန်ကြီးကြပ်မှုဖြင့် ပံ့ပိုးပေးရခြင်းမှာ အရေးကြီးပါသည်။ [၁၇၆] လိုအပ်ချက်အရ၊ ရှင်သန်လွတ်မြောက်သူ၏ အသိပေးသဘောတူချက်ဖြင့် ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ထမ်းများသည် ရှင်သန်လွတ်မြောက်သူ၏ ကိုယ်စား ရှေ့မှဆောင်ရွက် ပေးသူများအဖြစ် လုပ်ဆောင်နိုင်သည် (ဥပမာ၊ ရှင်သန်လွတ်မြောက်သူများအနေဖြင့် အခြားဝန်ဆောင်မှုများသို့ ဝင်ရောက်နိုင်မှု အပေါ်နောက်ဆက်တွဲလုပ်ဆောင်ရန်)။ [၁၇၇]

ကြားဝင်စေ့စပ်ဖြေရှင်းပေးခြင်းသည် ရေရှည်တွင် အကြမ်းဖက်မှုကို မရပ်တန့်စေနိုင်ခြင်း၊ အကြမ်းဖက်မှု ပို၍တိုးလာစေနိုင်ခြင်း နှင့် ရှင်သန်လွတ်မြောက်သူကို ပိုမိုထိခိုက်စေနိုင် သောကြောင့် ရှင်သန်လွတ်မြောက်သူက တောင်းဆိုလာသည့်တိုင်အောင် ရှင်သန်-ကျန်ရစ်သူနှင့် ပြစ်မှုကျူးလွန်သူကြား ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ထမ်းများ အနေဖြင့် ပြေလည်အောင် ကြားဝင် ဖြေရှင်းပေးခြင်းကို မည်သည့် အခါတွင်မှ မပြုလုပ်သင့်ပါ။ ၎င်းလုပ်ရပ်သည် ရှင်သန်လွတ်မြောက်သူ၊ ဖြစ်ရပ်စီမံခန့်ခွဲသူ နှင့် အဖွဲ့အစည်းများအတွက် အလွန်အန္တရာယ်ကြီးပါသည်။ [၁၇၈] အဖွဲ့အစည်းများတွင် ဖျန်ဖြေပေးရန် တောင်းဆိုချက် များကို ရှင်သန်လွတ်မြောက်သူဗဟိုပြုသည့်နည်းလမ်းဖြင့် မည်သို့တုံ့ပြန် ရမည်ကို ရှင်းလင်းသော လမ်းညွှန်ချက်များ ရှိသင့်သည်။

ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများကို ရယူသုံးစွဲရေးသည် **မိမိဆန္ဒအလျောက်** သာဖြစ်သင့်သည်။ ရှင်သန်လွတ်မြောက် သူ အားလုံးသည် ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများကို လိုချင်ကြသည် သို့မဟုတ် လိုအပ်မည်မဟုတ်ပါ။ ဝန်ထမ်းများအနေဖြင့် မည်သည့် အခြေအနေတွင်မဆို ရှင်သန်လွတ်မြောက်သူအား ရှာဖွေဖော်ထုတ်ခြင်း သို့မဟုတ် ၎င်းတို့ထံသိုစတင်သွားရောက်ခြင်း မပြုသင့်ပါ။

**လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုမှ ရှင်သန်လွတ်မြောက်သူ ကလေးသူငယ်များ**

ကလေးများနှင့်ပတ်သက်သော လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုကိစ္စများတွင်၊ ကလေး၏ အကောင်းဆုံး အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ "ကလေး၏အကောင်းဆုံးအကျိုးစီးပွားများ" အခြေခံမှုသည် ကလေးတိုင်းသည် ထူးခြားပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် မတူ ကွဲပြားစွာ သက်ရောက်မှုခံရမည်ကို အသိအမှတ်ပြုပါသည်။ ကလေးအပေါ် သက်ရောက်သည့်ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များ အားလုံး သည် ထိုကလေး၏ ဘေးကင်းလုံခြုံရေး၊ ကျန်းမာပျော်ရွှင်ခြင်းရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးဖြစ်သင့်သည်။

*ထပ်ဆောင်း ဆွေးနွေးမှုများအတွက် လမ်းညွှန်မှတ်စု ၂ ကို ကြည့်ပါ။*

ထို့အပြင်၊ အချို့သောနေရာဒေသများတွင် လေ့ကျင့်သင်ကြားထားသော ဖြစ်ရပ်စီမံခန့်ခွဲသူဝန်ထမ်းများ မရှိနိုင်ပါ၊ GBV ရှင်သန်လွတ်မြောက်သူထံမှ ထုတ်ဖော်ပြောဆိုချက်ကို လက်ခံရရှိသည့် ဝန်ထမ်းများသည် အခြားသော လူသားချင်းစာနာထောက်ထားမှုကဏ္ဍများ (ရေနှင့် သန့်ရှင်းရေး၊ အာဟာရ၊ အမိုးအကာ၊ စသည်တို့) တွင်လုပ်ကိုင်နေသူများဖြစ်နိုင်သည်။ ရှင်သန်လွတ်မြောက်သူ၏ လတ်တလောလို အပ်ချက်များကို တုံ့ပြန်ရာတွင် အဆိုပါဝန်ထမ်းများ၏ အခန်းကဏ္ဍများသည် အရေးပါသော်လည်း စိတ်ပိုင်းဆိုင်ရာ ကနဦးထောက်ပံ့ခြင်းနှင့် GBV ဝန်ဆောင်မှုများနှင့် ချိတ်ဆက်မှုများကို ပေးဆောင်ရန်တွင်မူ ကန့်သတ်မှုများ ရှိနိုင်မည်ဖြစ်သည်။ [၁၇၉]

GBV ရှင်သန်လွတ်မြောက်သူများသည် အကူအညီတောင်းခံသည့် အခါ အကူအညီပေးသည့်သူမှ ၎င်းတို့အားဆက်ဆံပုံ၊ဆက်ဆံနည်း အပါအဝင် ၎င်းတို့လက်ခံရရှိသည့် စောင့်ရှောက်မှုနှင့် ပံ့ပိုးမှုအရည်အသွေးသည် ၎င်းတို့၏ဘေးကင်းရေး၊ ကျန်းမာပျော်ရွှင်ခြင်းနှင့် ပြန်လည် ကောင်းမွန်လာရေး ပေါ်တွင် သက်ရောက်မှုရှိသည်။ ၎င်းသည် အခြားသော ရှင်သန်လွတ်မြောက်သူများ အကူအညီတောင်းခံ ရာတွင် သက်သောင့်သက်သာဖြစ်မှု၊ မဖြစ်မှုကိုလည်း လွှမ်းမိုးပါသည်။ GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းများတွင် အရည်အချင်းပြည့်မီသော ဝန်ထမ်းများနှင့်စနစ်များသည် အရည်အသွေးရှိသည့် ရှင်သန်လွတ်မြောက်သူ ဗဟိုပြုစောင့်ရှောက်မှုကို ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် မရှိမဖြစ်လိုအပ်ပါသည်။ [၁၈၀] GBV ဖြစ်ရပ်စီမံခန့်ခွဲမှုတွင်၊ ၊ ရှင်သန်လွတ်မြောက်သူ၏ သဘောတူခွင့်ပြုချက်ဖြင့် ရှင်သန်လွတ်မြောက်သူ ၏ စောင့်ရှောက်မှုတွင် ပါဝင်ပတ်သက်သူများကို လိုအပ်သည့်အချက်အလက်များကိုသာ မျှဝေခြင်းဆိုင်ရာမူများကိုမီငြမ်းကာ တင်းကျပ်သော သတင်းအချက် အလက်မျှဝေခြင်း အလေ့အကျင့်များမှတစ်ဆင့် လျှို့ဝှက်ထားမှုကို ထိန်းသိမ်းထားသည်။ လုံခြုံသောအချက်အလက် စုဆောင်း ခြင်းနှင့် သိမ်းဆည်းခြင်း ဆိုင်ရာ အလေ့အကျင့်များကို သုံးကာ ရှင်သန်လွတ်မြောက်သူ သို့မဟုတ် ဖြစ်ရပ်ကိစ္စတစ်ခု အကြောင်းရေးသားထားသည့် သတင်းအချက်အလက်များကို ကာကွယ်ရန်လည်း လိုအပ်ပါသည်။ (စံနှုန်း ၁၄ - ရှင်သန် လွတ်မြောက်သူ အချက်အလက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ကြည့်ပါ။) [၁၈၁]

## အညွှန်းကိန်းများ

- အရည်အသွေးမီ GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများပေးဆောင်ရန် လိုအပ်သော သဘောထားများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများအတွက် သင်တန်းအပြီးတွင် ကြီးကြပ်ရေးသတ်မှတ်ချက် ၈၀ ရာခိုင်နှုန်း ပြည့်မီသော GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ထမ်း ရာခိုင်နှုန်း။ [၁၈၂]
- GBV ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် လတ်တလောဖြစ်ရပ် အမြင့်ဆုံးအချိုး ၁ မှ ၂၀အထိ သို့မဟုတ် ထိုအချိုး အောက်ရှိ ရာခိုင်နှုန်း။
- GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ကြီးကြပ်သူနှင့် GBV ဖြစ်ရပ်စီမံခန့်ခွဲသူ အမြင့်ဆုံးအချိုး ၁ မှ ၈ အထိ သို့မဟုတ် ထိုအချိုးအောက်ရှိ ရာခိုင်နှုန်း။
- ဖြစ်ရပ်စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှု နှင့်ပတ်သက်၍ တုံ့ပြန်ချက်စစ်တမ်းကို ပြီးမြောက်ခဲ့ပြီး ဝန်ဆောင်မှုကို ကျေနပ်နှစ်သက်သော ရှင်သန်လွတ်မြောက်သူ ရာခိုင်နှုန်း (လိင်နှင့်အသက်အလိုက်ခွဲခြား ကောက်ခံ ထားခြင်း)။[၁၈၃]

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ ရှင်သန်လွတ်မြောက်သူများ ရပိုင်ခွင့် ရှိသည့် ဝန်ဆောင်မှုများ

GBV ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့အား ပြန်လည်ကောင်းမွန်လာစေရန် ကုစားရန်နှင့် နောက်ထပ်အကြမ်းဖက်မှုများမှ ကင်းဝေးစေရန်အတွက် အမျိုးမျိုးသော စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုများ လိုအပ်သည်။

- **ဆေးဝါးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု** - ကန့်သတ်မထားသော်လည်း ကနဦးစစ်ဆေးမှုနှင့် ကုသမှု၊ နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မှတ်တမ်းများ ပြင်ဆင်မှုကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ဥပဒေရေးရာဝန်ဆောင်မှုများအပါအဝင်၊ GBV နှင့်ဆိုင်သော ချက်ချင်းနှင့် ရေရှည်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်။ (စံနှုန်း ၄ - ရှင်သန်လွတ်မြောက်သူများအတွက် ကျန်းမာရေးစောင့်ရှာက်မှုကို ကြည့်ပါ။)
- **စိတ်လူမှုပိုင်းဆိုင်ရာ စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှု** - ကန့်သတ်မထားသော်လည်း အကျပ်အတည်း ဆိုင်ရာ စောင့်ရှောက်မှု၊ ရေရှည် စိတ်ခံစားမှုဆိုင်ရာ စောင့်ရှောက်မှု နှင့် လက်တွေ့ကျသော ပံ့ပိုးကူညီမှု၊ သတင်းအချက်အလက်နှင့် အားပေးစည်းရုံးလှုံ့ဆော်မှုတို့ အပါအဝင် စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများမှ ကုစားခြင်းနှင့် ပြန်လည်ကောင်းမွန်လာစေရန် ကူညီပေးရန်။ (စံနှုန်း ၅- စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုကို ကြည့်ပါ)။
- **ဘေးကင်းရေးနှင့် အကာအကွယ်အတွက် ရွေးချယ်စရာများ** - နောက်ထပ်အကြမ်းဖက်မှုအန္တရာယ်ကျရောက်နိုင်သော ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့၏မိသားစုများအတွက်၊ လုံခြုံသောအမိုးအကာများ၊ ရဲ သို့မဟုတ် ရပ်ရွာလုံခြုံရေးနှင့် နေရာရွှေ့ပြောင်းခြင်းဖြင့် အကာအကွယ်ရယူလိုသူများ။
- **တရားဥပဒေရေးရာ (အလွတ်သဘောနှင့် တရားဝင်)နှင့်ဥပဒေ ဝန်ဆောင်မှုများ -** ကန့်သတ်မထားသော်လည်း တရားဥပဒေဆိုင်ရာ အကူအညီပေးရေး ဝန်ဆောင်မှုများအပါအဝင် ရှင်သန်လွတ်မြောက်သူများအား ၎င်းတို့၏ တရားဝင်အခွင့်အရေးများနှင့် အကာအကွယ်များကို တောင်းဆိုရန် မြှင့်တင်ရန် သို့မဟုတ် ကူညီပေးရန် (စံနှုန်း ၁၀ - တရားမျှတမှုနှင့် ဥပဒေရေးရာအကူအညီကို ကြည့်ပါ)။
- **ပညာရေး၊ စီးပွားရေး/အကူအညီ နှင့် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ** - ကန့်သတ်မထားသော်လည်း လက်ရှိအသက်မွေးဝမ်းကြောင်းနှင့် ပညာရေးအစီအစဉ်များအတွက် လွှဲပြောင်းညွှန်းပို့ ပေးသည့် လမ်းကြောင်းများ အပါအဝင် ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့၏ မိသားစုများကို လွတ်လပ်စွာ လုံခြုံစွာ အမှီအခိုကင်းကင်းဖြင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်စေရန် ပံ့ပိုးပေးရန်၊ GBV ၏အန္တရာယ်များကို လျှော့ပါးသက်သာစေနိုင်သည့် ပစ်မှတ်ထားသောစီးပွားရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်များနှင့် ကုစားရေးနှင့် စွမ်းဆောင်နိုင်မှုတို့ကို မြှင့်တင်ပေးခြင်း (စံနှုန်း ၁၂ - စီးပွားရေး ဆိုင်ရာစွမ်းဆောင်ရည် မြှင့်တင်ခြင်း နှင့် အသက်မွေးဝမ်းကျောင်းမှု ကို ကြည့်ပါ)။
- **နေရပ်စွန့်ခွါရွှေ့ပြောင်းနေထိုင်သူများအတွက် ရေရှည်ဖြေရှင်းနည်းများ အပါအဝင် အခြားသော ကာကွယ်ရေးဝန်ဆောင်မှုများ** - မှတ်တမ်းတင်ခြင်းနှင့် ရပိုင်ခွင့်ဆိုင်ရာဝန်ဆောင်မှုများ (ဥပမာ၊ သီးခြားရိက္ခာကတ်များ) အပြင် ပြန်လည်နေရာချထားရေး၊ ဒေသအတွင်း ပေါင်းစည်းမှုနှင့် ဆန္ဒအလျောက် နေရပ်ပြန်ခြင်း အပါအဝင် ရေရှည်ဖြေရှင်းနည်းများအတွက် စီစဉ်ပေးခြင်းသည် ရှင်သန်လွတ်မြောက်သူများ၏ ဘေးကင်းရေးကို သိသိသာသာ အထောက်အကူပြုနိုင်သည်။ [၁၈၄]

## ၂။ မဖြစ်မနေသတင်းပို့ အစီရင်ခံခြင်း

နိုင်ငံအများအပြားတွင် ဝန်ဆောင်မှုပေးသူများသည် ရာဇဝတ်မှုဟု ယူဆရသည့် မည်သည့်လုပ်ရပ်ကိုမဆို ရဲ သို့မဟုတ် အခြားသော အစိုးရ အာဏာပိုင်များထံ တိုင်ကြားရန် လိုအပ်သည့် ဥပဒေများရှိသည်။ ထိုသို့သောအခြေအနေမျိုးတွင်၊ တရားရေးဆိုင်ရာလိုအပ်ချက်များသည် ရှင်သန်လွတ်မြောက်သူ၏ခွင့်ပြုချက်ကို ပယ်ဖျက်သွားစေနိုင်ပါသည်။ ရှင်သန်လွတ်မြောက်သူများ(နှင့် ပြုစုစောင့်ရှောက်ပေးသူများ) အသိပေးသဘောတူချက် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤဥပဒေဆိုင်ရာလိုအပ်ချက်များကို သိရှိနားလည်စေရပါမည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင်၊ လူသားချင်းစာနာထောက်ထားမှုအကူညီပေးရေး ဝန်ထမ်းများ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့်အလွဲသုံးစားမှုများကိုတုံ့ပြန်ရန်အတွက်အဖွဲ့အစည်းအားလုံးတွင်လုပ်ထုံးလုပ်နည်းများရှိရပါသည်။ အဖွဲ့အစည်းများအကြား အေဂျင်စီများဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ရှင်းလင်းပြတ်သားစွာ သိထားရန် မည်သူ့ဆီအဖြစ်အပျက်ကို အစီရင်ခံမည်၊ မည်သည့် သတင်းအချက် အလက်များကို မျှဝေမည်၊ နှင့် ရှင်သန်လွတ်မြောက်သူ အနေဖြင့် မည်သို့ပါဝင်ပတ်သက်ရမည် ဆိုသည်ကို ရှင်သန်လွတ်မြောက်သူအား အသိပေး အကြောင်းကြားထားရန် လိုအပ်သည်။[၁၈၅] ဖြစ်ရပ်စီမံခန့်ခွဲသူများသည် ယေဘုယျအားဖြင့် အကယ်၍ ရှင်သန်လွတ်မြောက်သူသည် မိမိကိုယ်ကိုသတ်သေရန် စိတ်ကူးရှိလျှင် ကြီးကြပ်သူတစ်ဦးထံသို့ အစီရင်ခံရန် အခွင့်အာဏာရှိသည်။[၁၈၆]

GBV ကိစ္စများနှင့် ကလေးများအတွက် သီးခြားလိုအပ်ချက်များ **ဆက်စပ်နေသော မဖြစ်မနေသတင်းပို့ အစီရင်ခံခြင်းဆိုင်ရာ ဥပဒေများနှင့် တာဝန်များကို တုံ့ပြန်မှုအဖွဲ့အစည်းများအားလုံး နားလည်ရန် လိုအပ်ပါသည်။** မဖြစ်မနေသတင်းပို့အစီရင်ခံခြင်းသည် ရှင်သန်လွတ်မြောက်သူများ (အထူးသဖြင့်ကလေးများ) ကိုကာကွယ်ရန် ရည်ရွယ်သော်လည်း အချို့သောအခြေအနေများတွင် မဖြစ်မနေသတင်းပို့ အစီရင်ခံခြင်း လုပ်ငန်းစဉ်များသည် ဘေးကင်းရေး၊ လျှို့ဝှက်ထားမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းချက်များကို လေးစားမှုတို့အပါအဝင် GBV လမ်းညွှန်သဘောထားများနှင့် ကွဲလွဲနေပါသည်။ ၎င်းသည် ရှင်သန်လွတ်မြောက်သူ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် မဟုတ်သော လုပ်ဆောင်ချက်များကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ရင်းနှီး ကျွမ်းဝင်သော လက်တွဲဖော်မှ အကြမ်းဖက်မှု များကို ရဲတပ်ဖွဲ့သို့ မဖြစ်မနေ သတင်းပို့အစီရင်ခံရာတွင် ၎င်းသည် အကြမ်းဖက်မှုကျူးလွန်သူ၊ မိသားစုဝင်များ သို့မဟုတ် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များထံမှ ရှင်သန်လွတ်မြောက်သူများအပေါ် အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်။ အဖွဲ့အစည်းတိုင်းသည် မဖြစ်မနေသတင်းပို့အစီရင်ခံခြင်းသည် ရှင်သန်လွတ်မြောက်သူ၏ အကောင်းဆုံးအကျိုးစီးပွါးအတွက် မဟုတ်နေလျှင် မည်သို့ကိုင်တွယ်ရမည်ကို ဆုံးဖြတ်ထားရမည်ဖြစ်ပါသည်။

**မဖြစ်မနေသတင်းပို့အစီရင်ခံခြင်းလုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ အဖြစ်အပျက်တစ်ခုအား အစီရင်ခံသည့်အခါတိုင်း ရှင်သန်လွတ်မြောက်သူများအားချက်ချင်းအကြောင်းကြားရပါမည်။**[၁၈၇] ရှင်သန်လွတ်မြောက်သူများအပေါ် ထိန်းသိမ်းထားနိုင်မည်မဟုတ်သည့် ကတိများပေးခြင်းကိုလက်မခံသောကြောင့် သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းမှု နှင့် ဆိုင်သည့် "ကတိ" ကို မပြုလုပ်ပါနှင့်။ **ယင်းအစား၊ အစကတည်းက၊ သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းမှုဆိုသည်မှာ မည်သည့် အရာကိုဆိုလိုခြင်းဖြစ်ကြောင်းနှင့် ဝန်ထမ်းအနေဖြင့် ထို နေရာဒေသတွင် မည်သည့် ကန့်သတ်ချက်များရှိနေသည်ကို ရှင်းရှင်းလင်းလင်းအသိပေးထားပါ။**

## ၃။ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုမှ ရှင်သန်လွတ်မြောက်သူ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ခြင်း။

ကလေးသူငယ် ကာကွယ်ရေးနှင့် GBV ဖြစ်ရပ်စီမံခန့်ခွဲသူများသည် လိင်ပိုင်းဆိုင်ရာ စော်ကားခံရသော ငယ်ရွယ်သောဆယ်ကျော်သက် မိန်းကလေးများနှင့် ယောက်ျားလေးများအား ကျား-မနှင့် အသက်အရွယ်အလိုက် သင့်လျော်စွာ တုံ့ပြန်နိုင်သည့် ဖြစ်ရပ် စီမံခန့်ခွဲမှု အထောက်အပံ့များ ရရှိကြောင်း သေချာစေရန် အနီးကပ် ပူးပေါင်းဆောင်ရွက်သင့်သည်။ ၎င်းတို့နှစ်ဖွဲ့စလုံးသည် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုမှ ရှင်သန်လွတ်မြောက်သူများကို ပြုစုစောင့်ရှောက်ခြင်း- လူသားချင်းစာနာမှုဆိုင်ရာအခြေအနေများတွင် ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာဝန်ဆောင်မှုပေးသူများအတွက် လမ်းညွှန်ချက်များ (Caring for Child Survivors of Sexual Abuse: Guidelines for health and psychosocial service providers in humanitarian settings) ကို အကောင်အထည်ဖော်ကာ ကလေးရှင်သန် လွတ်မြောက် သူများအား ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ ပံ့ပိုးမှုအရည်အသွေးကို တိုးမြှင့်ရန်အတွက် ပူးတွဲလေ့ကျင့်သင်တန်းများနှင့် ဆက်လက်လုပ်ဆောင်နေသော လမ်းညွှန်မှုနှင့် ကြီးကြပ်မှုတို့တွင် ရင်းနှီးမြှုပ်နှံသင့်သည်။[၁၈၈] ကလေးသူငယ်ကာကွယ်ရေးနှင့် GBV ဖြစ်ရပ်စီမံခန့်ခွဲမှု အဖွဲ့နှစ်ဖွဲ့လုံးမှ ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် အခြေအနေမျိုးတွင် အဖွဲ့အစည်းများအကြား ဝန်ဆောင်မှုအဆင့် ညှိနှိုင်း သဘောတူညီချက်များ ချမှတ်ရန် အကြံပြုထားသည်။[၁၈၉] ကလေးသူငယ် ကာကွယ်ရေးနှင့် GBV တုံ့ပြန်ရေး ဝန်ဆောင်မှု နှစ်ခုစလုံးသည် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုမှ ရှင်သန်လွတ်မြောက်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အခါတွင် ငယ်ရွယ်သော ဆယ်ကျော်သက် မိန်းကလေးများနှင့် ယောက်ျားလေးများသည် အသက်အရွယ် နှင့် ကျား၊မ အလိုက် သင့်လျော်စွာ တုံ့ပြန်နိုင်သည့် ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများကိုလက်လှမ်းမီမှု တိုးမြင့်လာနိုင်သည့် အကျိုးကျေးဇူးများ ရရှိကြသည်။ တုံ့ပြန်မှုဝန်ဆောင်မှုများအတွက် ပူးတွဲညှိနှိုင်းခြင်းနှင့် ဝန်ဆောင်မှုများ နှင့် ပတ်သက်၍ မြေပုံဆွဲခြင်း၊ ပူးတွဲလွှဲပြောင်းညွှန်းပို့ ခြင်းဆိုင်ရာ လမ်းကြောင်းများနှင့် ငယ်ရွယ်သော ဆယ်ကျော်သက်မိန်းကလေးများနှင့် ယောက်ျားလေးများအား အထူးပံ့ပိုးကူညီမှုပေးဆောင်ခြင်းအတွက် ရှင်းလင်းသော သတ်မှတ်စံနှုန်းများသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် GBV တုံ့ပြန်ရေးအဖွဲ့များအတွက် အဓိကကျသော လုပ်ဆောင်ချက်များဖြစ်သည်။

ကလေးများသည် ၎င်းတို့၏ ရင့်ကျက်မှုအဆင့် အလိုက် ၎င်းတို့ကို သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ရှိသည်။ ကလေးများ၏ ထင်မြင်ယူဆချက်များကို ပုံဖော်နိုင်ခြင်းနှင့် ဖော်ထုတ်ခြင်း စွမ်းရည်သည် အသက်အရွယ်အလိုက် ဖွံ့ဖြိုးလာသည့်အတွက် အရွယ်ရောက်ပြီးသူများသည် ဆယ်ကျော်သက်များ၏ အမြင်များကို ပို၍ငယ်ရွယ်သော ကလေးများထက် အလေးပေးသင့်ပါသည်။ [၁၉၀] ကလေး၏ အကောင်းဆုံး အကျိုးစီးပွားကို ရှေ့ရှုခြင်းသည် ကောင်းမွန်သော စောင့်ရှောက်မှုအတွက် အဓိကဖြစ်သည်။ ကလေးများအတွက်အကောင်းဆုံးအကျိုးစီးပွားကိုထည့်သွင်းစဉ်းစားခြင်းသည် ၎င်းတို့၏စောင့်ရှောက်မှုနှင့် ကုသမှုတစ်လျှောက်တွင် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာပျော်ရွှင်ခြင်းရရှိရေးအပေါ် အာရုံစိုက်ထားသည်။ ဝန်ဆောင်မှုပေးသူများသည် ကလေးနှင့်သူ၏ ပြုစုစောင့်ရှောက်ပေးသူများပါဝင်စေခြင်းဖြင့် လုပ်ဆောင်ချက်များ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို အကဲဖြတ်ရပါမည်။ အန္တရာယ်အနည်းဆုံး လုပ်ရပ်ကို အမြဲဦးစားပေးသည်။ လုပ်ဆောင်ချက်အားလုံးသည် ကလေးများ၏ ဘေးကင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အရေးများကို ဘယ်သောအခါမှ အလျှော့ပေး ထိခိုက် စေမည် မဟုတ်ကြောင်း သေချာစေသင့်သည်။[၁၉၁]

အသက် ၁၅ နှစ်နှင့်အထက် ဆယ်ကျော်သက်အရွယ်များသည် ယေဘုယျအားဖြင့် ဆုံးဖြတ်ချက်များချနိုင်လောက်အောင် ရင့်ကျက်သည်ဟု ယူဆကြသည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးစောင့်ရှောက် ဝန်ဆောင်မှုများအတွက် စောင့်ရှောက်မှုနှင့် ကုသမှု နှင့်ပတ်သက်၍ ၎င်းတို့၏ကိုယ်ပိုင် ဆုံးဖြတ်ချက်များချရန် မကြာခဏခွင့်ပြုထားပါသည်။ ၎င်းတို့သည် ဒေသန္တရ ဥပဒေများနှင့်အညီ ကလေး၏ အကောင်းဆုံး အကျိုးစီးပွားများကိုရှေ့ရှုခြင်းဖြင့် ၎င်းတို့၏ အသိပေးသဘောတူချက်များ (informed consent/assent) များပေးနိုင်သည်။[၁၉၂]

## Tools and Resources

Gender-based Violence Information Management System (GBVIMS) Steering Committee (2017). *Interagency Gender-based Violence Case Management Guidelines: Providing Careand Case Management Service to Gender-based Violence Survivors in Humanitarian Settings.* https://gbvresponders.org/response/gbv-case-management/.

International Rescue Committee (2018). *GBV Response Services Mapping Tool (English and French).* Available from: https://gbvresponders.org/emergency-response-preparedness/emergency-response-assessment/.

__________ (2018f). *GBV Case Management Outcome Monitoring Toolkit.* Available from GBV Responders' Network*:* https://gbvresponders.org/wp-content/uploads/2018/11/GBV-Case-Management-Outcome-Monitoring-Toolkit_FINAL.docx.

International Rescue Committee and UNICEF (2012). *Caring for Child Survivors of SexualAbuse Guidelines (2012) and training toolkit (English, French, Arabic).* Available from: https://gbvresponders.org/response/caring-child-survivors/.

United Nations High Commissioner for Refugees (2008). *Guidelines on Assessing and Determining the Best Interests of the Child.* https://www.refworld.org/docid/5c18d7254.html.Accessed on 26 May 2019.

United Nations Population Fund (2015). *Minimum Standards for Prevention and Responseto Gender-Based Violence in Emergencies.* New York.https://www.unfpa.org/featured- publication/gbvie-standards.

# စံနှုန်း ၇ လွှဲပြောင်းညွှန်းပို့ခြင်းစနစ်များ

ရှင်သန် လွတ်မြောက်သူများအား သင့်လျော်သော အရည်အသွေး ပြည့်မီသည့် ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံ လျှို့ဝှက်စွာဖြင့် အချိန်နှင့်တပြေးညီ ချိတ်ဆက်ပေးနိုင်ရန်အတွက် လွှဲပြောင်း ညွှန်းပို့သည့် စနစ်များရှိရမည်

အရေးပေါ်အခြေအနေများတွင် GBVမှ ရှင်သန်လွတ်မြောက်သူများသည် အသက်ကယ်ခြင်းဆိုင်ရာဝန်ဆောင်မှုများသို့ လျင်မြန်စွာနှင့် ဘေးကင်းစွာ လက်လှမ်းမီမှုရရှိ နိုင်ရပါမည်။ အနိမ့်ဆုံး အနေဖြင့် ၎င်းသည် (၁) အရည်အချင်းပြည့်မီသော ကဏ္ဍပေါင်းစုံဝန်ဆောင်မှုပေးသူများပါဝင်သည့် ကွန်ရက်တစ်ခု၊ နှင့် (၂) ရှင်သန်လွတ်မြောက်သူများအား အချိန်နှင့် တပြေးညီ ဘေးကင်းလုံခြုံ လျှို့ဝှက်စွာ ဖြင့် ဝန်ဆောင်မှုများ ရရှိအောင် ပံ့ပိုးပေးရန်[၁၉၃] အတွက် ဖွဲ့စည်းထားသော လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်း သို့မဟုတ် စနစ်[၁၉၄] ရှိရပါမည်။

**လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်း**သည် ရှင်သန်လွတ်မြောက်သူများကို ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ ဘေးကင်းရေး/လုံခြုံရေးနှင့် တရားမျှတမှုနှင့် ဥပဒေဆိုင်ရာအကူအညီများကဲ့သို့သော ဝန်ဆောင်မှုများနှင့် လုံခြုံစွာ ချိတ်ဆက်ပေးသည့် လိုက်လျောညီထွေရှိသော ယန္တရားတစ်ခုဖြစ်သည်။[၁၉၅] ရှင်သန်လွတ်မြောက်သူ ဗဟိုပြု၊ ကဏ္ဍပေါင်းစုံ ဝန်ဆောင်မှုပေးသူများ၏ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်သည် ရှင်သန်လွတ်မြောက်သူများ၏ ကျန်းမာရေး၊ ကုစားရေးနှင့် စွမ်းဆောင်နိုင်မှုတို့အတွက် ထောက်ပံ့ပေးနိုင်ပါသည်။ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်များ သည် ရှင်သန်လွတ်မြောက်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အချက်အလက်များလျှို့ဝှက်ထိန်းသိမ်းရေးကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပြီး ရှင်သန်လွတ်မြောက်သူများ၏ ရွေးချယ်မှုများကို လေးစားရမည်ဖြစ်သည် (စံနှုန်း ၁- GBV လမ်းညွှန်သဘောတရားများကိုကြည့်ပါ)၊ ဆိုလိုသည်မှာ ဝန်ဆောင်မှုများ ရှိနေသည့်တိုင် ရှင်သန်လွတ်မြောက်သူများသည် အချို့သောစောင့်ရှောက်မှုအမျိုးအစားများကို လက်မခံလိုကြောင်း ရွေးချယ်ပါက ထိုသို့ ရွေးချယ်နိုင်ကြောင်း အသိအမှတ်ပြုခြင်းကိုဆိုလိုသည်။

လွှဲပြောင်း ညွှန်းပို့ရေး စနစ်သည်

- ဝန်ဆောင်မှုပေးခြင်းကို ပူးပေါင်းညှိနှိုင်းပေးသည်။
- GBV မှ ရှင်သန်လွတ်မြောက်သူများ အတွက် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံပြီး အချိန်နှင့်တပြေးညီ ရရှိနိုင်စေရန် မြှင့်တင်ပေးသည်။
- ရှင်သန်လွတ်မြောက်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အချက်အလက်များလျှို့ဝှက်ထိန်းသိမ်းရေးကို ဦးစားပေးပြီး ၎င်းတို့၏ ရွေးချယ်မှုများကို လေးစားသည်။ နှင့်
- ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏လိုအပ်ချက်များကိုသတ်မှတ်ရာတွင် တက်ကြွစွာပါဝင်သူများဖြစ်ကြပြီး မည်သည့်တုံ့ပြန်မှုနှင့် ပံ့ပိုးမှုများသည် ထိုလိုအပ်ချက်များများနှင့် ကိုက်ညီမှုရှိကြောင်းကို ဆုံးဖြတ်ရာတွင် သေချာစေခြင်း။

ပြင်းထန်သောလတ်တလော အရေးပေါ်အခြေအနေတွင် ဒေသဆိုင်ရာ **အနိမ့်ဆုံး လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်း**[၁၉၆] ကို ထူထောင်ရန်မှာ ပထမအဆင့်ဆုံးအဆင့် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ပြီးပြည့်စုံသည့်လွှဲပြောင်းညွှန်းပို့ ပေးသည့်စနစ်နှင့် စံလုပ်ငန်း လမ်းညွှန် (SOP) များ ထူထောင်ရန်၊ လိုအပ်သော အချက်အလက်များကို စုဆောင်းရေးအတွက် အချိန်တစ်ခု ယူရပေမည်။ (လမ်းညွှန်ချက် မှတ်စု ၂ ကို ကြည့်ပါ)။[၁၉၇] ကနဦး လွှဲပြောင်းညွှန်းပို့ရေး လမ်းကြောင်းတွင် ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ဘေးကင်း၊လုံခြုံရေးတို့ ပါဝင်သင့်သည်။

အရေးပေါ်အခြေအနေအားလုံးတွင်
- အထူးသဖြင့် လတ်တလော ပြင်းထန်သည့် အဆင့်တွင် - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှ အကြမ်းဖက်မှုများသည် ပျံ့နှံ့စွာဖြစ်ပေါ်လာပါသည်
- **ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု** သည် ဦးစားပေးဝန်ဆောင်မှုဖြစ်သည်။

| အဓိကလုပ်ဆောင်ချက်များ လွှဲပြောင်းညွှန်းပို့ခြင်းစနစ်များ | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ခြင်း |
|---|---|---|---|
| ကျန်းမာရေး၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု၊ ဘေးကင်းရေး/လုံခြုံရေးနှင့် ဥပဒေအကူအညီ/တရားမျှတမှုစနစ်များအပါအဝင် ရှင်သန်လွတ်မြောက်သူများ အတွက် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် GBV တုံ့ပြန်မှုဝန်ဆောင်မှုများဆိုင်ရာ မြေပုံဆွဲခြင်း နှင့် အရည်အသွေးအကဲဖြတ်ခြင်းကို အလျင်အမြန် လုပ်ဆောင်ခြင်း သို့မဟုတ် လိုအပ်သလို အချိန်နှင့် တပြေးညီ ပြောင်းလဲပြင်ဆင်ခြင်း။ | ✔ | ✔ | |
| လက်ရှိ GBV ဝန်ဆောင်မှုများနှင့် ရပ်ရွာအခြေပြုတည်ဆောက်ပုံများပေါ်တွင် အခြေခံသည့် လုပ်ငန်းဆိုင်ရာနှင့် ဒေသအခြေအနေနှင့်-သင့်လျော်သော လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်းကို ထူထောင်ခြင်း။ | ✔ | ✔ | ✔ |
| GBV မှ ရှင်သန်လွတ်မြောက်လာသူများအတွက် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အခက်အခဲများ (ဥပမာ၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှုဆိုင်ရာ ဗဟုသုတအသိပညာ၊ ဘာသာစကား၊ စာတတ်မြောက်ရေး၊ မသန်စွမ်း၊ အသက်၊ စသည်) ကို မတူ ကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးအုပ်စုများနှင့် အဓိပ္ပါယ်ရှိသော တိုင်ပင်ဆွေးနွေးခြင်းများမှ တဆင့် ရှာဖွေဖော်ထုတ် ကိုင်တွယ်ဖြေရှင်းခြင်း။ | ✔ | ✔ | ✔ |
| လွှဲပြောင်းညွှန်းပို့ပေးသည့်လမ်းကြောင်းသည် ရှင်သန်လွတ်မြောက်လာသူများ၏ ဘေးကင်းမှုနှင့်ဂုဏ်သိက္ခာကို မြှင့်တင်ပြီး ပုံမှန်မွမ်းမံမှုများပြုလုပ်ရန် နှင့် ဝန်ဆောင်မှုပေးသူများအားလုံးကြားတွင် စံလုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးတိုးတက်စေရန် ဝန်ဆောင်မှုများ၏ ရှိပြီးသားကနဦးမြေပုံဆွဲခြင်း အပေါ်အခြေခံ၍ တည်ဆောက်ထားခြင်း။ ဦးစားပေးဝန်ဆောင်မှုများ (ဥပမာ၊ ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု) အပြင် ရေရှည်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ (ဥပမာ၊ အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး) တို့ကို ပါဝင်စေခြင်း။ | ✔ | ✔ | ✔ |
| ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်နေသူများနှင့် ပူးပေါင်းဆောင်ရွက်၍ ကလေးသူငယ်နှင့် ဆယ်ကျော်သက်မိန်းကလေးနှင့် ယောကျ်ားလေး ရှင်သန်လွတ်မြောက်လာသူများ အတွက် ပံ့ပိုးကူညီမှုဝန်ဆောင်မှုများကို မြေပုံရေးဆွဲကာ ကလေးအကာအကွယ်ပေးရေးနှင့် GBV အဖွဲ့များအကြား သဘောတူထားသည့် အသက်အရွယ်နှင့် ကျား-မ အလိုက် သင့်လျော်သော လွှဲပြောင်းညွှန်းပို့ပေးရေးလမ်းကြောင်းများကို ထူထောင်ခြင်း။ | ✔ | ✔ | ✔ |
| လွှဲပြောင်းညွှန်းပို့ ပေးသည့်လုပ်ငန်းစဉ်အတွင်း ရှင်သန်လွတ်မြောက်လာသူများ၏ အချက်အလက်များကို ဝန်ဆောင်မှုမပေးသူများမှ လက်လှမ်းမီနိုင်မည်မဟုတ်ကြောင်းသေချာစေရန်စနစ်များတည်ထောင်ထားခြင်း။ (စံနှုန်း ၁၄ ကို ကြည့်ပါ- ရှင်သန်လွတ်မြောက်သူ သတင်းအချက်အလက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း)။ | ✔ | ✔ | ✔ |
| အမျိုးသမီးနှင့် မိန်းကလေးအုပ်စုအားလုံးအတွက် ရနိုင်သော၊ နားလည်နိုင်သော လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်းဆိုင်ရာ သတင်းအချက်အလက်များကို လှုံ့ဆော်၊ ဖြန့်ဝေထားခြင်း။ (ဥပမာ၊ ရုပ်ပုံများ/ပုံများကို အသုံးပြု၍ ဒေသဘာသာစကားဖြင့် လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်းဆိုင်ရာ ကတ်များ/ လက်ကမ်းကြော်ငြာများ)။ | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုပေးသူများ၏ ဆက်သွယ်ရန် အချက်အလက် အပါအဝင် လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်း ကို အနည်းဆုံး ခြောက်လတစ်ကြိမ် ပြန်လည်အကဲဖြတ်ပြီး အချိန်နှင့် တပြေးညီပြင်ဆင်ခြင်း။ | ✔ | ✔ | ✔ |
| ရပ်ရွာခေါင်းဆောင်များနှင့် ထိန်းချုပ်နိုင်သူများ "gatekeepers"များနှင့် အတူပူးပေါင်း၍ လွှဲပြောင်းညွှန်းပို့သည့်လမ်းကြောင်းဆိုင်ရာ အသိပညာတိုးမြှင့်လာစေရန်၊ GBV ဝန်ဆောင်မှုများနှင့် လွှဲပြောင်းညွှန်းပို့သည့်လမ်းကြောင်းများကို အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ များထံ အမြန်ဆုံးအသိပေးထားပြီးဖြစ်ကြောင်း သေချာစေခြင်း။ | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုပေးသူများနှင့် အေဂျင်စီများရှိ GBV တာဝန်ရှိသူများအကြား လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်းဆိုင်ရာ အချက်အလက်များကို ဖြန့်ဝေထားခြင်း။ လွှဲပြောင်းညွှန်းပို့မှုလမ်းကြောင်းနှင့် GBV လမ်းညွှန်သဘောတရားများနှင့် ဆိုင်သည့် အချက်အလက်များကို အခြားကဏ္ဍများကို ပါ မျှဝေထားခြင်း။ | ✔ | ✔ | ✔ |
| GBV လွှဲပြောင်းညွှန်းပို့သည့်စနစ်တွင် အဖွဲ့ဝင်အေဂျင်စီတစ်ခုစီမှ ဖော်ထုတ်ထားသော တာဝန်ရှိသူ နှင့် အခြားအလှည့်ကျ ဝန်ထမ်းကို ပါထည့်သွင်း သတ်မှတ်ထားခြင်း။ | ✔ | ✔ | ✔ |
| အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းညွှန်းပို့မှုများ တိုးတက်ကောင်းမွန်လာစေရန် ဝန်ဆောင်မှုပေးသူများအကြား စိန်ခေါ်မှုများကို ဆွေးနွေးရန် ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်း။ | ✔ | ✔ | ✔ |
| လွှဲပြောင်းညွှန်းပို့သည့်လမ်းကြောင်းရှိ ရနိုင်သောနေရာများအကြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ နားလည်မှုကို လေ့လာစောင့်ကြည့်ရန်၊ အန္တရာယ်ရှိသော မလိုလားအပ်သောအကျိုးဆက်များကို ဖော်ထုတ်ရန် ၎င်းတို့ နှင့် ပုံမှန်ထိတွေ့ဆက်ဆံခြင်း။ (ဥပမာ၊ လျှို့ဝှက်မှု၊ ဘေးကင်းမှု၊ လေးစားမှုနှင့် ခွဲခြားဆက်ဆံမှုကင်းရှင်းမှု တို့ကို ဖောက်ဖျက်ခြင်း၊ စံနှုန်း ၁ - ကို ကြည့်ပါ)။ | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူလိုအပ်ချက်များဆုံးဖြတ်ရန် နှင့် ဝန်ဆောင်မှုများကို ဘေးကင်းပြီး အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီမှုကို မြှင့်တင်ရန် ၊ အချိန်အခါအလိုက် လျင်မြန်သော အကဲဖြတ်မှုများကို လုပ်ဆောင်ခြင်း။ | ✔ | ✔ | ✔ |
| လွှဲပြောင်းညွှန်းပို့သည့်စနစ် လုပ်ဆောင်ခြင်းကို တားဆီးသည့် စိန်ခေါ်မှုများကို စဉ်ဆက်မပြတ် ဖြေရှင်းခြင်း။ (ဥပမာ၊ ဝန်ဆောင်မှုများရယူရာတွင် ရှင်သန်လွတ်မြောက်သူများအတွက် အတားအဆီးများ၊ ပူးပေါင်း ညှိနှိုင်း ဝန်ဆောင်မှုပေးရာနှင့် ဖြစ်ရပ်စီမံခန့်ခွဲရာတွင် စိန်ခေါ်မှုများ)။ | | ✔ | ✔ |

လွှဲပြောင်းညွှန်းပို့သည့်စနစ်တစ်ခုတည်ထောင်ခြင်းသည် GBV လုပ်ငန်းအဖွဲ့ သို့မဟုတ် GBV အစုခွဲများကဲ့သို့သော ပူးပေါင်းညှိနှိုင်းရေး ယန္တရားများ၏ တာဝန်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့မရှိလျှင် GBV ဆောင်ရွက်နေသည် အဖွဲ့ များသည် ၎င်းတို့ကိုယ်တိုင် ဒေသတွင်းရှိ ဝန်ဆောင်မှုပေးသူအားလုံးနှင့် လုပ်ကိုင်ဆက်ဆံခြင်းအပါအဝင် လွှဲပြောင်းညွှန်းပို့သည့်စနစ်တစ်ခု ကို အသိပေး ထူထောင်နိုင်ရန် ဝန်ဆောင်မှုဆိုင်ရာ မြေပုံဆွဲခြင်း နှင့် အကဲဖြတ်ခြင်းကို လုပ်ဆောင်သင့်ပါသည်။လွှဲပြောင်းညွှန်းပို့သည့် စနစ်ကို ပုံမှန် အချိန်နှင့် တပြေးညီ ပြောင်းလဲပြင်ဆင်မှု ပြုလုပ်သင့်ပြီး ဝန်ဆောင်မှုပေးသူများ တွင် အပြောင်းအလဲတစ်ခုခုရှိပါကထိုပြောင်းလဲမှု မှန်သမျှကို ထည့်သွင်းရမည် ဖြစ်ပါသည်။

**ဝန်ဆောင်မှုဆိုင်ရာ လမ်းကြောင်းပြ မြေပုံဆွဲခြင်း (Service mapping) သည် အောက်ပါတို့ကို အကဲဖြတ်သင့်သည်-**

- အရေးပေါ်အခြေအနေမတိုင်မီ မည်သည့်ဝန်ဆောင်မှုများ ရှိခဲ့သနည်း။
- မည်သည့်ဝန်ဆောင်မှုများဆက်လက်လုပ်ဆောင်နေသေးသနည်း။
- ဤဝန်ဆောင်မှုများသည်ဘေးကင်းပြီး၊သုံးစွဲမှုရှိပြီး၊ လုံလောက်သော ဝန်ထမ်းများ ရှိပါသလား။
- ဝန်ဆောင်မှုပေးအပ်ခြင်း၏အနိမ့်ဆုံးစံချိန်စံညွှန်းများကို ပြည့်မီပါသလား၊ သို့မဟုတ် စွမ်းဆောင်ရည်မြှင့်တင်ရန် နောက်ထပ်လိုအပ်ပါသလား။

ရှင်သန်လွတ်မြောက်သူမှ ဝန်ဆောင်မှုများရယူသည့် အခါဝန်ဆောင်မှုပေးသူများသည် လွှဲပြောင်းညွှန်းပို့သည့်စနစ် မှ တဆင့် ရှင်သန်လွတ်မြောက်သူတစ်ဦးချင်းစီကို လမ်းညွှန်ပေးသင့်သည်။ ဤချဉ်းကပ်မှုသည် ၎င်းတို့၏ အဖြစ်အပျက်များကို အကြိမ်များစွာ ပြန်ပြောပြရန်မလိုဘဲ ရှင်သန်လွတ်မြောက်သူများအနေဖြင့် ဝန်ဆောင်မှုများစွာကို ရယူနိုင်ကြောင်း သေချာစေပါသည်။ နေရာတစ်ခုစီရှိ ရရှိနိုင်သောဝန်ဆောင်မှုများနှင့် ထိုဝန်ဆောင်မှု အရည်အသွေးများ၏ ပူးပေါင်းညှိနှိုင်းမြေပုံနှင့်/သို့မဟုတ် အကဲဖြတ်မှုအပေါ် အခြေခံ၍ လွှဲပြောင်းညွှန်းပို့သည့်စနစ်များကို တည်ထောင်သင့်ပါသည်။ ၎င်းလွှဲပြောင်းညွှန်းပို့သည့်စနစ် တွင် ပါဝင်နိုင်သည့် အဖွဲ့အစည်းတစ်ခုချင်းစီ၏ စွမ်းဆောင်ရည် အရည်အသွေးကို နားလည်မှု ပါဝင်သည်။ GBV လမ်းညွှန်သဘောများနှင့်အညီ လုပ်ဆောင်နိုင်စေရန်နှင့် အနိမ့်ဆုံး စံနှုန်းများနှင့် ကိုက်ညီကြောင်း သေချာစေရန်အတွက် ဝန်ဆောင်မှုများ၏ အရည်အသွေးကို အချိန်နှင့်အမျှ စောင့်ကြည့်လေ့လာ၍ မှတ်တမ်းထားသင့်သည် (စံနှုန်း ၁ - GBV လမ်းညွှန်သဘောတရားများကို ကြည့်ပါ)။ ဥပမာအားဖြင့်၊ ကျန်းမာရေးဝန်ဆောင်မှုများကို အကဲဖြတ်ရာတွင် ရှင်သန်လွတ်မြောက်သူအား ကုသရန် လျှို့ဝှက်လုံခြုံသောနေရာရှိမရှိ နှင့် GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နှင့် ပတ်သက်ပြီး ဝန်ထမ်းများအား လေ့ကျင့် သင်ကြားထားခြင်းရှိမရှိ (စံနှုန်း ၄ - GBV မှ ရှင်သန်လွတ်မြောက်သူများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်ပါ) ပေါ်မူတည်၍ ဆုံးဖြတ်ရပါမည်။ GBV အဖွဲ့များသည် ဆန်းစစ်ချက်ကို တိုက်ရိုက် သို့မဟုတ် အခြားသက်ဆိုင်ရာဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်း လုပ်ဆောင်သင့်သည်။

## အညွှန်းကိန်းများ

- လွှဲပြောင်းညွှန်းပို့ခြင်း လမ်းကြောင်း ရှိပြီး ၎င်းကို အချိန်နှင့် တပြေးညီ ပြောင်းလဲပြင်ဆင်ထားရှိခြင်း နှင့် ဝန်ဆောင်မှုဆိုင်ရာ လမ်းညွှန်မြေပုံဆွဲခြင်း (service mapping) နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ SOP များကို ချမှတ်ထားသည်။
- ဝန်ဆောင်မှုပေးအပ်ခြင်း၏ အရည်အသွေးကို မြှင့်တင်ရန်နှင့် လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်အားကောင်းစေရန် ဝန်ဆောင်မှုပေးသူများ၏ အရည်အချင်းကို အကဲဖြတ်ထားပါသည်။
- ၎င်းတို့ကို လွှဲပြောင်းညွှန်းပို့ပေးထားသည့် ဝန်ဆောင်မှုပေးများအပေါ် ကျေနပ်မှုရှိကြောင်း အစီရင်ခံသည့် ဝန်ဆောင်မှုရယူသူများ၏ ရာခိုင်နှုန်း။
- GBV သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (GBVIMS) ရှိပါက ဝန်ဆောင်မှုပေးသူများသည် GBV ဆိုင်ရာ သဘောတူညီချက် နှင့် အရေးယူဆောင်ရွက်ခြင်းနှင့် အကဲဖြတ်ခြင်း ပုံစံများကို စံနှုန်းများနှင့် လျော်ညီ စွာ အဆင်ပြေအောင် အသုံးချထားပါသည်။
- အဖြစ်အပျက်ကိုအစီရင်ခံတင်ပြသော ရှင်သန်လွတ်မြောက်လာသူများသည် ၎င်းတို့၏လိုအပ်ချက် နှင့် အသိပေးခွင့်ပြုချက် (informed consent)အပေါ်မူတည်၍ ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ ဥပဒေရေးရာ သို့မဟုတ် အခြားဝန်ဆောင်မှုတစ်ခုခုသို့ လွှဲပြောင်းညွှန်းပို့မှုကို အကြံပြုသတ်မှတ် ထားသည့်အချိန်အတိုင်းအတာအတွင်း ရရှိသည်။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်များနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှု၏ လမ်းညွှန်သဘောတရားများ

လွှဲပြောင်းညွှန်းပို့ခြင်း စနစ်အတွင်းရှိ ဝန်ဆောင်မှုပေးသူများသည် GBV လမ်းညွှန်သဘောတရားများ (စံနှုန်း ၁ - GBV လမ်းညွှန်သဘောတရားများ ကြည့်ပါ) နှင့် ရှင်သန်လွတ်မြောက်သူ ဗဟိုပြုချဉ်းကပ်မှုတို့ကို လိုက်နာရမည်ဖြစ်သည်။ ဆိုလိုသည်မှာဝန်ဆောင်မှုပေးသူများသည် ရှင်သန်လွတ်မြောက်သူမှ အသိပေး ဆုံးဖြတ်ချက်များချနိုင်စေရန် သတင်းအချက်အလက်နှင့် ရွေးချယ်မှုများအားလုံးကို မျှဝေရမည်ဖြစ်ပြီး ရှင်သန်လွတ်မြောက်သူ၏ ရှင်းလင်းပြတ်သားသော **အသိပေးသဘောတူညီချက်ဖြင့်** သာ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးသည်။ ဝန်ဆောင်မှု ပေးသူတစ်ဦးသည် မည်သည့် အခါမှ ရှင်သန်လွတ်မြောက်သူအား ၎င်း၏ဖြစ်ရပ်ကို သတင်းပို့ရန် သို့မဟုတ် သီးခြား ဝန်ဆောင်မှုများ ရယူရန် စည်းရုံးသိမ်းသွင်းရန် သို့မဟုတ် အတင်းအကြပ် ကြိုးစားခြင်း မပြုသင့်ပါ။

ရှင်သန်လွတ်မြောက်သူ၏ **ဘေးကင်းရေးနှင့် လုံခြုံရေး** ကို ဦးစားပေးခြင်းတွင် လက်လှမ်းမမီသော ခက်ခဲသည့် ဒေသရှိ လူများသည် ဝန်ဆောင်မှုများသို့ လုံခြုံစွာဝင်ရောက်ခွင့်ရှိစေရေး၊ GBV လုပ်ရှားဆောင်ရွက်မှုမှုများကို အခြားဝန်ဆောင်မှုများနှင့် တည်နေရာများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ (ဥပမာ၊ ကျန်းမာရေး စင်တာများ) နှင့် ရှိးရှင်းသောလှုပ်ရှားဆောင်ရွက်မှုများ ကို GBV သီးသန့်လှုပ်ရှားဆောင်ရွက်မှုများအတွက် ဝင်ရောက်နိုင်သည့် နေရာများအဖြစ် အသုံးပြုခြင်း (ဥပမာ၊ ရှင်သန်လွတ်မြောက်သူများအား ဖြစ်ရပ် စီမံခန့်ခွဲမှု ဝန်ဆောင်မှုများနှင့် စိတ်လူမှုပိုင်းဆိုင်ရာထောက်ပံ့မှုပေးနိုင်ရန်အတွက်အမျိုးသမီးများနှင့်မိန်းကလေးများအတွက်ယေဘူယျလှုပ်ရှားဆောင်ရွက်မှုများကိုစုစည်းဖွဲ့စည်းထားခြင်း) တို့ပါဝင်သည်။

> **လွှဲပြောင်းညွှန်းပို့ချက်တစ်ခုသည် မည်သည့်အချိန်တွင် ပြီးမြောက်သနည်း။**
>
> ရှင်သန်လွတ်မြောက်သူတစ်ဦးကို လွှဲပြောင်းညွှန်းပို့ထားသည့် ဝန်ဆောင်မှုအား သူမအနေဖြင့် လက်ခံရရှိသည်နှင့် လွှဲပြောင်းညွှန်းပို့မှု ပြီးမြောက်ပါသည်။ တစ်နည်းဆိုရသော်၊ ရှင်သန်လွတ်မြောက်သူအား အခြားဝန်ဆောင်မှုပေးသူသို့ ရည်ညွှန်းခြင်းမှာ "လွှဲပြောင်းညွှန်းပို့ချက်" မဟုတ်ပါ။ ဥပမာ GBV ဆိုရင်
>
> ဖြစ်ရပ်စီမံခန့်ခွဲသူ သည် ရှင်သန်လွတ်မြောက်သူအား ၎င်း၏ဒဏ်ရာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ကျန်းမာရေးဝန်ဆောင်မှုသို့ ညွှန်းပို့သည် ဆိုပါက
>
> ကျန်းမာရေးစောင့်ရှောက်မှု ပေးသူမှ ရှင်သန်လွတ်မြောက်သူကို ဆေးကုသမှု ပေးပြီးသည့် အခါမှ သာ လွှဲပြောင်းညွှန်းပို့ချက်တစ်ခု ပြီးမြောက်မည် ဖြစ်သည်။

**သတင်းအချက်အလက်များလျှို့ဝှက်ထားမှုကို** ထိန်းသိမ်းရန်၊ ဝန်ဆောင်မှုပေးသူများသည် တစ်ဦးချင်းစီ၏ အချက်အလက်များကို ဝန်ဆောင်မှုများကို ရရှိနိုင်စေရန် အတွက် ရှင်သန်လွတ်မြောက်သူ၏ သဘောတူညီချက်ဖြင့်သာ မျှဝေရမည် ဖြစ်ကြောင်း သေချာစေရမည်။ ဖြစ်ရပ်နှင့်ပတ်သက်၍ အကြောင်းကြားရမည့်လူအရေအတွက်သည် သက်ဆိုင်သည့် လူများထံသာ ရောက်ရှိရမည်ဖြစ်ပြီး၊ ဝန်ဆောင်မှုပေးသူများအားလုံးသည် ရှင်သန်လွတ်မြောက်သူများ ဝန်ဆောင်မှုကိုလက်ခံရရှိရန်အတွက် လုံခြုံပြီး လျှို့ဝှက်သောနေရာတစ်ခု ပေးရမည်ဖြစ်သည်။ ဝန်ဆောင်မှုပေးသူများသည် သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာ မူဝါဒကို ရေးဆွဲပြီး လက်မှတ်ရေးထိုးထားသင့်သည်။

> *ရှင်သန်လွတ်မြောက်သူ ဗဟိုပြု၊ ကဏ္ဍပေါင်းစုံဝန်ဆောင်မှုပေးသူများ၏ လွှဲပြောင်းညွှန်းပို့ခြင်း စနစ်သည် ရှင်သန်လွတ်မြောက်သူများ၏ ကျန်းမာရေး၊ ပြန်လည်ကျန်းမာခြင်းနှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် ထောက်ပံ့ပေးနိုင်ပါသည်။*

**GBV လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOPs)**

**လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ** (SOP)များသည် အခြေအနေတစ်ခုတွင် အဖွဲ့အစည်းများ ကြားလုပ်ဆောင်မှု အစီအစဉ်တစ်ခုအား အနှစ်ချုပ်ဖော်ပြပြီး GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ လုပ်ဆောင်နေသည့် အဖွဲ့တစ်ခုချင်းစီ၏ တာဝန်များနှင့် အခန်းကဏ္ဍများကို ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ သဘောတူညီချက်များဖြစ်သည်။ပေါင်းစပ်ညှိနှိုင်း၍ တုံ့ပြန်မှု အစီအစဉ်များ ရေးဆွဲခြင်းကို ဆောင်ရွက်ထားသည့် အပြင်၊ ၎င်း SOPs များသည် ကျင့်ဝတ်နှင့်အညီ၊ ဘေးကင်းပြီး ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများပေးအပ်ခြင်းအတွက် GBV လမ်းညွှန်သဘောတရားများနှင့် စံနှုန်းများဖြင့် အားဖြည့်ပါဝင်သင့်သည်။

SOP ရေးဆွဲရေးလုပ်ငန်းစဉ်သည် သက်ဆိုင်ရာဆောင်ရွက်နေသူများအားလုံးကို ထိတွေ့ဆက်ဆံရမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းတစ်ခု အတွင်း နှင့် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုကြား ကဏ္ဍအလိုက် ဖလှယ်မှု၊ ရပ်ရွာလူထုပါဝင်မှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့ပါဝင်သောကြောင့် ၎င်းသည် ကိုယ်တိုင်ကြားဝင်ဆောင်ရွက်မှုတစ်ခုဖြစ်ပြီး GBV ကို မည်သို့တားဆီးရန်နှင့် တုံ့ပြန်ရမည်ကို ပါဝင်သူအားလုံး၏နားလည်မှုကိုလည်း တိုးမြင့်စေသည်။ GBV ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများအတွက် သဘောတူပြီး မှတ်တမ်းတင်ထားသော SOPs များသည် ကောင်းမွန်သော အလေ့အကျင့်တစ်ခုဟု ယူဆထားရမည်။ GBV လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအတွက် လုပ်ဆောင်မှု အစီအစဉ်တိုင်းတွင် SOP များ ရေးဆွဲခြင်းကို အစီအစဉ်တစ်ခု အနေဖြင့် ပါဝင်သင့်သည်။

အေဂျင်စီများကြားရှိ SOPs များအပြင်၊ အဖွဲ့အစည်းများသည် ၎င်းတို့၏ အဖွဲ့အစည်းတစ်ခုစီအတွက် GBV လုပ်ဆောင်ချက်များ နှင့် အစီအစဉ်များနှင့်ပတ်သက်၍ ဌာနတွင်းမူဝါဒနှင့် လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များကို ချမှတ်သင့်သည်။

Source: IASC Sub-Working Group on Gender and Humanitarian Action 2008, pp. 2-3.

## ၂။ ကောင်းမွန်စွာလည်ပတ်နေသော လွှဲပြောင်း ညွှန်းပို့ခြင်း စနစ်၏ အစိတ်အပိုင်းများ

ကောင်းမွန်စွာလည်ပတ်နေသော လွှဲပြောင်းညွှန်းပို့ခြင်း စနစ်သည် ရှင်သန်လွတ်မြောက်သူများ အတွက် ဘေးကင်းလုံခြုံစွာ လက်လှမ်းမီနိုင်ရမည်း ဖြစ်ပြီး အောက်ပါ အစိတ်အပိုင်းများပါဝင်ပါသည်။[၃၉]

- လုပ်ငန်းဆောင်ရွက်နေသည့် ဧရိယာတစ်ခုအတွင်း ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှု၊ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် အနည်းဆုံး ဝန်ဆောင်မှုပေးသူ တစ်ဦးစီနှင့်၊ သင့်လျော်ပြီး ဖြစ်နိုင်ခြေရှိပါက ၊ ဥပဒေဆိုင်ရာ အကူအညီနှင့် အခြားပံ့ပိုးကူညီမှုပေးသူများ။
- လွှဲပြောင်းညွှန်းပို့ခြင်း လမ်းကြောင်းများသည် ရရှိနိုင်သောဝန်ဆောင်မှုအားလုံးကိုဖော်ထုတ်ပြီး အလွယ်တကူလူတိုင်းနားလည်နိုင်သောပုံစံဖြင့် မှတ်တမ်းတင်ခြင်း၊ ဖြန့်ဝေခြင်းနှင့် ပုံမှန်အကဲဖြတ်ခြင်းနှင့် အချိန်နှင့်တပြေးညီ ပြောင်းလဲပြင်ဆင်မှု ပြုလုပ်ခြင်း။ (ဥပမာ၊ ရုပ်ပုံ/ပုံကားချပ်များမှတဆင့်)။
- ဝန်ဆောင်မှုများကို GBV လမ်းညွှန်သဘောတရားများနှင့်အညီ ဆောင်ရွက်ပေးခြင်း။
- ဝန်ဆောင်မှုပေးသူများအားလုံးသည် နောက်ထပ်ဝန်ဆောင်မှုများအတွက် ရှင်သန်လွတ်မြောက်သူကို မည်သည့်နေရာ ညွှန်းပို့ရမည်ကို နားလည်ကြပြီး ဘေးကင်းစွာ၊ လျှို့ဝှက်စွာနှင့် ကျင့်ဝတ်နှင့် အညီ မည်သို့ပြုလုပ်ရမည်ကို နားလည်ခြင်း။
- ဝန်ဆောင်မှုပေးသူများအားလုံးတွင် လွှဲပြောင်းညွှန်းပို့မှုများ ပြီးမြောက်ကြောင်းသေချာစေရန် မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို လိုက်နာရန် ယန္တရားတစ်ခုရှိရမည်။ ဥပမာအားဖြင့်၊ ရှင်သန်လွတ်မြောက်သူ ရရှိသောဝန်ဆောင်မှုများ၏ အခြေအနေကိုညွှန်ပြရန် စတင်ညွှန်းပို့သည့် ဝန်ဆောင်မှုပေးသူများမှ အသုံးပြုသော ဝန်ဆောင်မှုပေးသူများကို ပြန်လည်ပေးလိုက်သည့်စလစ် (return slip) သို့မဟုတ် စစ်ဆေးရန်စာရင်း (checklist)။
- ဝန်ဆောင်မှုပေးသူများအားလုံးသည် လျှို့ဝှက်ထိန်းသိမ်းခြင်းဖြင့် သတင်းအချက်အလက်များမျှဝေခြင်းနှင့် ပုံမှန်ပြုလုပ်သည့် ဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းအပါအဝင် ဖြစ်ရပ်စီမံခန့်ခွဲမှုအတွက် ပေါင်းစပ်ညှိနှိုင်းထားသောချဉ်းကပ်မှု အတိုင်း ဆောင်ရွက်နိုင်ခြင်းဖြင့် ရှင်သန်လွတ်မြောက်သူအနေဖြင့် ကဏ္ဍပေါင်းစုံဝန်ဆောင်မှုကို ရရှိကြောင်းသေချာစေရမည်။ (စံနှုန်း ၆ - GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ကိုကြည့်ပါ)။
- စံသတ်မှတ်ထားသော အရေးယူဆောင်ရွက်မှု နှင့် အကဲဖြတ်ခြင်း ပုံစံ နှင့် လွှဲပြောင်းညွှန်းပို့မှုပုံစံများအပါအဝင် ဝန်ဆောင်မှုပေးသူများကြား GBV အချက်အလက်စုဆောင်းခြင်းသည် လုံခြုံဘေးကင်းပြီး ကျင့်ဝတ်နှင့် အညီဖြစ်ခြင်း။ (စံနှုန်း ၁၄ - ရှင်သန်လွတ်မြောက်သူ၏ သတင်းအချက်အလက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ကြည့်ပါ)။
- ဝန်ဆောင်မှုပေးသူအားလုံးသည် ရှင်သန်လွတ်မြောက်သူများအတွက် တုံ့ပြန်မှုကို ဦးစားပေးသည်။

# ၃။ ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှုနှင့် အသိပညာပေးခြင်း

အရေးပေါ်အခြေအနေများတွင် ရပ်ရွာလူထုထံ သွားရောက်၍ သတင်းစကားများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း၏ ရည်ရွယ်ချက်များမှာ ဝန်ဆောင်မှုများသို့ အချိန်နှင့်တစ်ပြေးညီ လုံခြုံစွာလက်လှမ်းမီခွင့်ကို တိုးမြှင့်ရန် နှင့် GBV ဆိုင်ရာ ဘေးအန္တရာယ်များကို လျော့ချနိုင်ရန်ဖြစ်သည်။[၁၉၉] အရေးပေါ်တုံ့ပြန်မှုအဆင့်အတွင်း အသိုင်းအဝိုင်းအတွင်း ထိတွေ့ဆက်ဆံမှုနှင့် သတင်းအချက်အလက်မျှဝေခြင်းသည် ရပ်ရွာစံနှုန်းများကို ပြောင်းလဲခြင်း သို့မဟုတ် အကြမ်းဖက်မှုများကို ပိုမိုကျယ်ပြန့်စွာ ကာကွယ်ခြင်းအတွက် မဟုတ်ပါ ( စံသတ်မှတ်ချက် ၁၃ -စနစ်များနှင့် လူမှုစံနှုန်းများကို ပြောင်းလဲခြင်းကိုကြည့်ပါ)။

**ရပ်တန့်ပါ! ထိခိုက်နစ်နာမှု မရှိရေးကိုလေးစားပါ**

GBV ဆိုင်ရာ အသိပညာပေးမှုလုပ်ငန်းအားလုံးတွင် ရှင်သန်လွတ်မြောက်သူများသည် ဝန်ဆောင်မှုအား မည်သို့ လက်လှမ်းမီနိုင်သည်ဆိုသည့် သတင်း အချက်အလက် ပါဝင်ရပါမည်။ “ထိခိုက်နစ်နာမှု မရှိစေရေး” မူကို လေးစား လိုက်နာရန် အတွက် တုံ့ပြန်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသေးသောနေရာများတွင် GBV အတွက် ရပ်ရွာလူထု အသိပညာပေးရေးလှုပ်ရှားမှုများကို လုပ်ဆောင်ရန် ယေဘုယျအားဖြင့် အကြံမပြုပါ။

အရေးပေါ်အခြေအနေအဆင့်တွင် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှု သတင်းစကားများနှင့် လှုပ်ရှားမှုများသည် အောက်ပါတို့ကို အာရုံစိုက်သင့်သည်-

- ရှင်သန်လွတ်မြောက်သူများအနေဖြင့် အကူအညီပေးသည့်နေရာကို သိရှိရန်လိုအပ်သဖြင့် ၊ အထူးသဖြင့် အသက်ကယ်ရန်နှင့် အချိန်နှင့်တပြေးညီ ဖြစ်ရန် အရေးကြီးသည့် ကျန်းမာရေးဝန်ဆောင်မှုများ အပါအဝင်၊ ဝန်ဆောင်မှုများကို မည်သို့ လက်လှမ်းမီနိုင်ကြောင်း။
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ GBV အန္တရာယ် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်နိုင်ခြေကို လျှော့ချရာတွင် ကူညီပံ့ပိုးပေးသည့် လှုပ်ရှားမှုများ၊ ။

ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံမှုကာ လူထုအတွင်း သတင်းအချက်အလက် ဖြန့်ဝေမှုနည်းလမ်းများသည် အကြောင်းအရာ နေရာဒေသ ပေါ်မူတည်၍ ကွဲပြားနိုင်သည်။ အချို့သော အကြံပြုချက်များတွင် အသံချဲ့စက်များ၊ သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ ပညာပေးရေး၊ ဆက်သွယ်ရေးသင်ထောက်ကူပစ္စည်းများ (ဥပမာ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များ)၊ အစည်းအဝေးများ သို့မဟုတ် လူအနည်းငယ်ဖြင့် အုပ်စုဖွဲ့ ဆွေးနွေးမှုများ၊ ပစ္စည်းများ သို့မဟုတ် အစားအသောက်များ ဖြန့်ဖြူးရာနေရာများတွင် သတင်းအချက်အလက်မျှဝေခြင်း၊ ဆိုရှယ်မီဒီယာနှင့် ဝဘ်ဆိုဒ်များ (ဥပမာ၊ www.refugee.info) အသုံးပြုခြင်းတို့ပါဝင်ပါသည်။

ရပ်ရွာလူထုအတွင်းသတင်းစကားများ ဖြန့်ဝေမှုနှင့် အသိပညာပေးရေးသတင်းစကားများနှင့် နည်းလမ်းများကို အစီအစဉ် ရေးဆွဲရာတွင် ဘေးကင်းလုံခြုံရေးသည် ထည့်သွင်းစဉ်းစားရမည့် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အချို့သော သတင်းစကားများကို မတူညီသည့် ရပ်ရွာလူထု သို့မဟုတ် လက်နက်ကိုင်အဖွဲ့များက မည်သို့ရှုမြင်နိုင် မည်ကို အကဲဖြတ်ရန် အရေးကြီးပြီး၊ ၎င်းသည် ဝန်ထမ်းများနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် မည်ကဲ့သို့ အဓိပ္ပာယ် သက်ရောက်နိုင်သည်ကို အကဲဖြတ်ရန်လည်း အရေးကြီးပါသည်။[၂၀၀] လူမှုအသိုင်းအဝိုင်းနှင့် သတင်းအချက်အလက် မျှဝေခြင်း နည်းလမ်းကိုလည်း ချိန်ဆရပေမည်။ ဥပမာ၊ အရေးပေါ်အခြေအနေများစွာတွင် အမျိုးသားများသည် အမျိုးသမီးများကို အတူတကွတွေ့ဆုံရန် သို့မဟုတ် သွားလာရန်အတွက် ခွင့်မပြုတတ်ကြပါ။[၂၀၁] အချို့ကိစ္စများတွင်၊ ရပ်ရွာအဆင့် အသိပညာပေး လှုံ့ဆော်မှုများကို ကြီးကြီးမားမားလုပ်ဆောင်ခြင်းထက် အမျိုးသမီးအုပ်စုငယ်များနှင့် စကားပြောဆိုရန် အတွက် သတင်းစကား များကို လိုက်လျောညီထွေဖြစ်စေခြင်းသည် ပိုမိုလုံခြုံပေမည်။ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ထိတွေ့ဆက်ဆံခြင်းသည် ထပ်မံအန္တရာယ်များကို မဖြစ်ပေါ်စေရေး အပါအဝင် ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံရန် ကြိုးပမ်းမှုများကို လမ်းညွှန်ရန်အတွက် အရေးကြီးသည် (စံနှုန်း ၂ - အမျိုးသမီးများနှင့် မိန်းကလေးများ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု ကို ကြည့်ပါ)။

လူထုအသိုင်းအဝိုင်းအတွင်းထိရောက်စွာသတင်းစကားဖြန့်ဝေပေးသည့် သတင်းစကားများ၏ အဓိက အရည်အချင်းများတွင်

- **ရှင်လင်းပြတ်သားမှု -** သတင်းစကား၊ ပေးလိုသော သတင်းစကား၏ စကားလုံး အသုံးအနှုန်း နှင့် အဓိပ္ပါယ်ကို ရိုးရိုးရှင်းရှင်းထားပါ
- **ဖတ်/ကြား/နားလည်ရန် လွယ်ကူမှု -** ရုပ်ပုံများသည် ရှင်းလင်းပြီး ယဉ်ကျေးမှု အရ သင့်လျော်သည့် သာမာန်စကားလုံးများကို အသုံးပြုပါ။

*ကနဦး လွှဲပြောင်းညွှန်းပို့သည့် လမ်းကြောင်းတွင် ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့်ဘေးကင်းရေး/လုံခြုံရေး တို့ပါဝင်သင့်သည်။*

- **လုပ်ဆောင်ချက်ကို ဦးတည်ခြင်း-** သတင်းစကားများ ပေးရာတွင်  ရပ်ရွာ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် GBV ရှင်သန်လွတ်မြောက်သူများသည် မိမိကိုယ်ကိုကူညီရန် မည်သို့လုပ်ဆောင်ရမည်ကို သိရှိစေရေးနှင့် ထို သတင်းစကားများက ၎င်းတို့အားမည်သို့ အထောက်အကူ ဖြစ်မည်ဆိုသည်ကို သုံးသပ်ပါ။
- **တိကျမှု** - မှတ်သားစရာ အသေးအစိတ်အချက်အလက်များကို ထည့်သွင်းပါ။
- **အပြုသဘောဆောင်မှု -** အပြုသဘောဆောင်သောလုပ်ဆောင်ချက်နှင့် သဘောထားများကို သရုပ်ဖော်ပါ။ လူများကို အနုတ်သဘောဆောင်၊အဆိုးမြင် သို့မဟုတ် အရှက်ရစေမည့် နည်းလမ်းများဖြင့် ပုံမဖော်သင့်ပါ။[၂၀၂]

ရပ်ရွာလူထုနှင့်  ထိတွေ့ဆက်ဆံမှု အတွက် နောက်ထပ် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ တွင် အောက်ပါတို့ ပါဝင်သည်။

- တတ်နိုင်သမျှ လူအများစုထံရောက်ရှိစေရန် သတင်းစကားများကို ဒီဇိုင်းဆွဲခြင်း၊ ဥပမာ-စာတတ်မြောက်မှုနှုန်းကို ပါထည့်သွင်းစဉ်းစားပါ။
- အသက်အရွယ်အုပ်စုအားလုံး၊ သက်ဆိုင်ရာလူမျိုးစုများ၊ မတူညီသော မသန်စွမ်းအမျိုးအစားရှိသူများစသည် အပါအဝင် မတူညီသော အမျိုးသမီးများနှင့် မိန်းကလေးအုပ်စုများ အာလုံးအတွက် ရည်ရွယ်ကြောင်း သေချာစေရန် သတင်းစကားများသည် တတ်နိုင်သမျှ ပါဝင်မှု ရှိစေခြင်း ဖြင့် - ရပ်ရွာလူထု အတွင်း ဖြန့်ဝေမှု သတင်းစကားများတွင် ထင်ဟပ်စေသည်။
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုပုံများကို လူမှုအသိုင်းအဝိုင်းအတွင်း ဖြန့်ဝေပေးသည့် သတင်းစကားများတွင် အသုံးမပြုသင့်ပေ။ ထိုသို့ပြုလုပ်ခြင်းဖြင့် အကြမ်းဖက်မှုသည် ပုံမှန်ဖြစ်ကြောင်း သတင်းစကားအမှားကို သက်ရောက်စေပြီး ရှင်သန်လွတ်မြောက်သူအပေါ် အန္တရာယ်ဖြစ်စေသည့် စေ့ဆော်မှု တစ်ခုဖြစ်စေနိုင်သည်။
- သတင်းအချက်အလက်ကို မည်သည့်အချိန်တွင် မည်ကဲ့သို့ မျှဝေရမည်ကို ဆုံးဖြတ်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးများ  အနေဖြင့် သတင်းအချက်အလက်ရယူရာတွင် ကြုံတွေ့ရနိုင်သည့် အတားအဆီးများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။  အမျိုးမျိုးသော လမ်းကြောင်းများကို အသုံးပြုရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများသည် သတင်းအချက်အလက်များကို မည်သို့ အကောင်းဆုံးရယူနိုင်မည်ဆိုသည်ကို ထည့်သွင်း စဉ်းစားရန်လည်း အရေးကြီးပါသည်။

# Tools and Resources

Gender-based Violence Information Management System (GBVIMS) Steering Committee (2017). *Interagency Gender-based Violence Case Management Guidelines: Providing Careand Case Management Service to Gender-based Violence Survivors in Humanitarian Settings.* https://gbvresponders.org/response/gbv-case-management/.

International Rescue Committee (2018). *Emergency Response & Preparedness Service Mapping Tool.* https://gbvresponders.org/wp-content/uploads/2014/03/Service-Mapping-Tool-2012-ENG.doc .

__________ (2018). *GBV Emergency Preparedness & Response Training: Facilitator's Guide* https://gbvresponders.org/wp-content/uploads/2018/04/GBV-Emergency-Preparedness-and-Response-Facilitator-Guide.pdf.

Inter-Agency Standing Committee (IASC) Sub-Working Group on Gender and Humanitarian Action (2008). *Establishing Gender-based Standard Operating Procedures (SOPs) for Multi-sectoral and Inter-organisational Prevention and Response to Gender-based Violencein Humanitarian Settings.* http://gbvaor.net/establishing-gender-based-standard-operating-procedures-sops-for-multi-sectoral-and-inter-organisational-prevention-and-response-to-gender-based-violence-in-humanitarian-settings-english/.

Inter-Agency Standing Committee (2015). *Guidelines for Integrating Gender-Based Violence Interventions in Humanitarian Action: Reducing risk, promoting resilience and aiding recovery.* https://gbvguidelines.org/wp/wp-content/uploads/2015/09/2015-IASC-Gender-based-Violence-Guidelines_lo-res.pdf.

__________ (2015). *GBV IASC Pocket Guide*. Available from: https://gbvguidelines.org/en/pocketguide/.

United Nations Population Fund (2015). *Minimum Standards for Prevention and Responseto Gender-Based Violence in Emergencies*. New York. https://www.unfpa.org/featured-publication/gbvie-standards.

# စံနှုန်း ၈ — အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသော နေရာများ

အမျိုးသမီးများနှင့် မိန်းကလေးများ သီးသန့် လုံခြုံ ဘေးကင်းသော နေရာများသည် လက်လှမ်းမီ ရရှိနိုင်ရုံသာမက ပြန်လည်ကျန်းမာရေး၊ ကျန်းမာပျော်ရွှင်ခြင်းရရှိရေးနှင့် စွမ်းဆောင်နိုင်မှုတို့ကို မြှင့်တင်ပေးသည့် အရည်အသွေး ကောင်းမွန်သော ဝန်ဆောင်မှု၊ သတင်းအချက် အလက်များနှင့်လုပ်ငန်းလှုပ်ရှားမှုများ ပံ့ပိုးပေးရန်ဖြစ်သည်။

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းသော နေရာများ ဖန်တီးပေးခြင်းသည် ကျား-မအခြေပြုအကြမ်းဖက်မှု (GBV) စီမံကိန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးများ ဘေးကင်းသော နေရာ (WGSS) များကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအစီအစဥ် တွင် ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်နေသော အဖွဲ့များအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက်အကာအကွယ်ပေးရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို သတင်းပို့ရန်၊ငင်းတို့၏ လိုအပ်ချက်များကို ဖော်ပြရန်၊ ဝန်ဆောင်မှုများ လက်ခံရရှိရန်၊ စွမ်းဆောင်နိုင်မှု လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရန်နှင့်၊ ရပ်ရွာနှင့် ချိတ်ဆက်ရန် စတင်ဝင်ရောက်သောနေရာ( entry point)အဖြစ် ဆယ်စုနှစ်များစွာကြာအောင် ဆောင်ရွက်နေသည့် ဆောင်ရွက်မှု တစ်ခုဖြစ်သည်။[၂၀၃]

WGSS သည် “အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို လေးစားလိုက်နာပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကူအညီရယူရန်၊ မျှဝေရန်နှင့် သတင်းအချက်အလက် ရယူရန်၊ ဝန်ဆောင်မှုများကို ရယူရန်၊ ထုတ်ဖော်ပြောဆိုရန်၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းကို မြှင့်တင်ရန်၊ နှင့် ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝနားလည်သဘောပေါက်ရန် စသည့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည့် လုပ်ငန်းစဉ်များမှတဆင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပံ့ပိုးပေးရန်ဖွဲ့စည်းထားသည့် နေရာ”ဖြစ်သည်။[၂၀၄]

**WGSS ၏ရည်မှန်းချက် ၅ ချက်**

- GBV မှ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများအတွက် သတင်းအချက် အလက်များကို လုံခြုံဘေးကင်းစွာ ရယူရန်၊ အထူးပြုဝန်ဆောင်မှုများနှင့် ကျန်းမာရေး၊ အကာအကွယ်နှင့် အခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးပို့မှုများ ပြုလုပ်ရာတွင် အရေးကြီးသော စတင်ဝင်ရောက်သောနေရာ (entry point) အဖြစ်ဆောင်ရွက်ရန်။
- အကြမ်းဖက်မှုအန္တရာယ်ကို လျှော့ချရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ သတင်းအချက်အလက်၊ အရင်းအမြစ်များနှင့် ပံ့ပိုးကူညီမှုများ လက်လှမ်းမီနိုင်သည့် နေရာတစ်ခုအဖြစ် ဆောင်ရွက်ရန်။
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုများ ရရှိရေး လွယ်ကူချောမွေ့စေရန်။
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းကို ပံ့ပိုးပေးပြီး အထီးကျန်ခြင်း သို့မဟုတ် သီးသန့်ဖြစ်ခြင်းကို လျှော့ချရန်နှင့် လူမှုအသိုင်းအဝိုင်းနှင့် ပေါင်းစည်းမှုကို မြှင့်တင်ရန်အတွက် လူမှုကွန်ရက်များ ဖန်တီးရန်။
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အခြေအနေများကို ဖန်တီးရန်။

IRC and International Medical Corps 2019.

“လုံခြုံဘေးကင်းသောနေရာ” သည် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် သီးသန့် ဖြစ်ရမည်။ လူမှုအသိုင်းအဝိုင်းအများစုတွင် အများနှင့် သက်ဆိုင်သောနေရာများကိုအမျိုးသားအများစုကနေရာယူထားခြင်းကြောင့်ဖြစ်သည်။[၂၀၅]လုံခြုံဘေးကင်းသောနေရာများသည်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုနှင့် နှောင့်ယှက်မှုများမှ ကင်းဝေးစေပြီး ၎င်းတို့၏အခွင့်အရေးများကို အသုံးချ လေ့ကျင့်ရန် အခွင့်အလမ်းများရယူကာ၊ ၎င်းတို့၏ကိုယ်ပိုင်ဘေးကင်းရေးနှင့် ဆုံးဖြတ်ချက်ချခြင်းကို မြှင့်တင်နိုင်သည့် အရေးကြီးသော နေရာတစ်ခု ဖြစ်သည်။ လုံခြုံဘေးကင်းသောနေရာများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက် အလက် များနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုများသို့ ဝင်ရောက်ရန် နေရာတစ်ခုလည်း ဖြစ်နိုင်ပါသည်။၂၀၆ (WGSS ၏ မတူညီသော အမည်များနှင့် အမျိုးအစားများ၏ ဖော်ပြချက်အတွက် လမ်းညွှန်မှတ်စု ၁ ကို ကြည့်ပါ။)

# အဓိကလုပ်ဆောင်ချက်များ အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသော နေရာများ

| | ကြိုတင်ပြင်ဆင်ခြင်း | တုံ့ပြန်မှု | ပြန်လည်ထူထောင်ခြင်း |
|---|---|---|---|
| WGSS ကို မတည်ထောင်မီ အမျိုးသမီးနှင့် ဆယ်ကျော်သက်များ နှင့် အတူ တည်ထောင်ခြင်း နှင့် ပံ့ပိုးကူညီနိုင်ခြေဆိုင်ရာ အခြေခံအချက်အလက်များကို စုဆောင်းရန် နှင့် လုံခြုံသောနေရာအစီအစဉ်တွင် ၎င်းတို့၏ လိုအပ်ချက်များ၊ နှစ်သက်မှုများနှင့် လက်လှမ်းမီမှု၊ ပါဝင်နိုင်မှု၊ ကန့်သတ်ချက်များအကြောင်း အကဲဖြတ်လေ့လာမှုတစ်ခု ပြုလုပ်ပါ။[၂၀၇]<br><br>• လုံခြုံသောနေရာတစ်ခုကို တည်ထောင်ရန် ရှိပြီးသား သို့မဟုတ် လုံခြုံဘေးကင်းသောနေရာ အသစ်တစ်ခု ကို ရှာဖွေ ဖော်ထုတ်ရန် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် အလွတ်သဘော တွေ့ဆုံသည့်နေရာများနှင့် ကွန်ရက်များကို မြေပုံဆွဲပါ။ တတ်နိုင်သမျှလူအများ၏ ပူးပေါင်းပါဝင် အကဲဖြတ်မှု နှင့် အတည်ပြုချက်ရယူပါ။<br>• လက်ရှိ WGSS ကိုရှာဖွေဖော်ထုတ်ရန် အမျိုးသမီးအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပါ။<br>• စစ်ဘေးရှောင်အမျိုးသမီးများနှင့် မိန်းကလေးများ ရှိနေသည့် နေရာအသစ်များတွင် WGSS တည်ထောင်နိုင်ရန် ဒေသခံအမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းပါ။ | ✔ | ✔ | ✔ |
| ရပ်ရွာရှိ အဓိကလုံခြုံရေးအန္တရာယ်များနှင့် အကျပ်အတည်းမတိုင်မီ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တည်ရှိခဲ့သော ရပ်ရွာပံ့ပိုးမှုစနစ်အမျိုးအစားများကို နားလည်ရန် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားလူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် ပုံမှန်တိုင်ပင်ပါ။ | ✔ | ✔ | ✔ |
| WGSS လုပ်ငန်းများကို ရှင်းပြရန်၊ ရပ်ရွာလူထု၏လက်ခံမှုကို ပိုမိုရရှိစေရန် နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ တက်ရောက်ခြင်းအတွက် အတားအဆီးများကို ဖြေရှင်းရန်အတွက် ထိခိုက်ခံစားရသည့်အသိုင်းအဝိုင်းမှ အမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများနှင့် ယောကျ်ားလေးများနှင့် ပုံမှန်ထိတွေ့မှုရှိပါ။ | ✔ | ✔ | ✔ |
| ဆယ်ကျော်သက်မိန်းကလေးများ ဘေးကင်းလုံခြုံသောနေရာများသို့ လက်လှမ်းမီနိုင်ရေးအတွက် အသင့်လျော်ဆုံးစံနမူနာကို ဆုံးဖြတ်ရန် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပါ။ | | ✔ | |
| WGSS သည် ဘေးကင်းပြီး၊ ဝင်ရောက်နိုင်သောနေရာဖြစ်ရမည့် အပြင် ပတ်ဝန်းကျင် အလင်းရောင်နှင့် ဖြစ်နိုင်ချေရှိသော အန္တရာယ်များကို ထည့်သွင်းစဉ်းစားခြင်း အပါအဝင်၊ လုံလောက်သော ရေနှင့် သန့်ရှင်းရေးဆိုင်ရာ အထောက်အကူပစ္စည်းများ ၊ အဆောက်အဦးပါ ရှိကြောင်း သေချာပါစေ။ မိခင်များ ပူးပေါင်းပါဝင်မှု အဆင်ပြေစေရန် ကလေးစောင့်ရှောက်မှုများပါ ပံ့ပိုးပေးပါ။ | ✔ | ✔ | ✔ |
| ကဏ္ဍစုံဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုကို ပံ့ပိုးပေးရန်အတွက် ရရှိနိုင်သော GBV တုံ့ပြန်ရေးဝန်ဆောင်မှုများနှင့် လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်ကို တည်ထောင်ပြီး ဝန်ထမ်းများကို ခန့်ထားလေ့ကျင့်ပေးပါ။ | | | |
| WGSS သို့ မလာရောက်နိုင်သူများအတွက် မိုဘိုင်းအဖွဲ့များနှင့်/သို့မဟုတ် ကွင်းဆင်းလှုပ်ရှားမှု လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| WGSS စည်းမျဉ်းများနှင့် သဘောတရားများကို ဝန်ထမ်းများအားလုံးကို လေ့ကျင့်ပေးပါ။ | ✔ | ✔ | ✔ |
| ဘေးကင်းလုံခြုံသောနေရာကို အဆင်ပြေပြေလုပ်ဆောင်ရန်အတွက် အနည်းဆုံး အမျိုးသမီးဝန်ထမ်း ၃ ဦး[၂၀၈] နှင့် အမျိုးသမီးအသိုင်းအဝိုင်းမှ စေတနာ့ဝန်ထမ်း များကို ငှားရမ်းပါ။ ကျင့်ဝတ်စည်းကမ်းများ အပါအဝင် GBV လမ်းညွှန်သဘောတရားများနှင့် အခြားသက်ဆိုင်ရာ အခြေခံမှုများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအကြောင်း WGSS အမျိုးသမီးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်ပေးပါ။ | ✔ | ✔ | ✔ |
| အမျိုးသမီးနှင့် မိန်းကလေးများ၏ ခေါင်းဆောင်မှုနှင့် တာဝန်ခံမှု၊ နှင့် WGSS ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပံ့ပိုးကူညီရန် အကြံပေးအဖွဲ့များ ဖွဲ့စည်းပါ။ | | ✔ | ✔ |
| လုပ်ဆောင်မှုများကို လွယ်ကူချောမွေ့စေရန် WGSS အကြံပေးအဖွဲ့များကို လေ့ကျင့်ပေးပြီး WGSS အတွက် အဆင့်ဆင့် တာဝန်များ ထမ်းဆောင်စေပါ။ | | ✔ | ✔ |
| မိတ်ဖက်အဖွဲ့အစည်းများနှင့် WGSS တွင်လာရောက်နေသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် စဉ်ဆက်မပြတ် ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးပါ။ | | ✔ | ✔ |
| (WGSS မှတဆင့် ဖြစ်ရပ်စီမံခန့်ခွဲမှုကို ပံ့ပိုးပေးမည်ဆိုပါက) ဖြစ်ရပ်ဖိုင်တွဲများ၊ ဝန်ဆောင်မှုများဆိုင်ရာ စာရွက်စာတမ်းများနှင့် WGSS တွင် သိမ်းဆည်းထားရှိသည့် ဝန်ဆောင်မှု ရယူသူများ၏ အချက်အလက်များ ကို သေချာစွာ လုံခြုံအောင်ထိန်းသိမ်းပါ၊ (စံနှုန်း ၁၄၊ ရှင်သန်လွတ်မြောက်သူ အချက်အလက်စုဆောင်းခြင်းနှင့် အသုံးပြုခြင်းကို ကြည့်ပါ)။ | ✔ | ✔ | ✔ |
| ဝန်ထမ်းများကို ကြီးကြပ်မှု၊ မိမိကိုယ်မိမိ ဂရုစိုက်လုပ်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံရေး စောင့်ကြည့်မှုတို့ကို ပုံမှန်ပံ့ပိုးပေးပြီး စီမံကိန်းရေးဆွဲခြင်းကို လိုအပ်သလို ပြုပြင်ပြောင်းလဲပါ။ | ✔ | ✔ | ✔ |
| WGSS မှတဆင့် အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် (dignity kits )များကို စုစည်းပြင်ဆင်ပြီး ဖြန့်ဝေပါ (စံနှုန်း ၁၁၊ Dignity Kits၊ ငွေသားနှင့် ဘောင်ချာ အကူအညီ ကိုကြည့်ပါ)။ | | ✔ | |
| အသက်မွေးဝမ်းကျောင်း သို့မဟုတ် ပညာရေးအစီအစဉ်များကဲ့သို့သော အခြားဝန်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံသောနေရာတွင် တွဲဖက်ဆောင်ရွက်နိုင်ရန် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုများနှင့် မိတ်ဖက်ဆောင်ရွက်မှုများကို ဆန်းစစ်ဖော်ထုတ်ပါ။ | ✔ | ✔ | ✔ |
| ဘေးကင်းလုံခြုံသောနေရာကို ပိတ်ရန်လိုအပ်ပါက အန္တရာယ်အနည်းဆုံးဖြစ်စေရန်အတွက် အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်းကလေးများ၊ အမျိုးသမီးနှင့် အမျိုးသားအသိုင်းအဝိုင်းခေါင်းဆောင်များနှင့် တိုင်ပင်ပြီး ထွက်ခွာခြင်းအစီအစဉ်ကို ရေးဆွဲပါ။[၂၀၉] | | ✔ | ✔ |

WGSS အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများတွင် မတူညီသောဝန်ဆောင်မှုများနှင့် လုပ်ဆောင်ချက်များ ပါဝင်နိုင်သော်လည်း အားလုံးသည် စံရည်မှန်းချက်ငါးခုဆီသို့ ဦးတည်လုပ်ဆောင်သင့်ပါသည်။ တစ်ဦးချင်း စွမ်းဆောင်နိုင်ရည်မြင့်တင်မှု နှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု ဝန်ဆောင်မှုများသည် WGSS အားလုံးတွင် ယေဘုယျအားဖြင့် ရှိနေသော်လည်း၊ အချို့သော အစိတ်အပိုင်းများ မပါရှိနိုင်ပါ။ (ဥပမာ၊ အချို့သော WGSS များတွင် ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများကို မပေးအပ်ပါ)။ အချို့သောအခြေအနေများတွင်၊ အများနှင့်သက်ဆိုင်သော နေရာများ သို့မဟုတ် ဒေသခံအဖွဲ့အစည်းများမှ လုပ်ဆောင်နေသော တရားဝင်အမျိုးသမီးစင်တာများသည် ဝန်ဆောင်မှုများပေးရန် အလွယ်ကူဆုံးနှင့် အသင့်လျော်ဆုံးနည်းလမ်းဖြစ်နိုင်ပါသည်။ ဘေးကင်းလုံခြုံသောနေရာများကို လူမှုအသိုင်းအဝိုင်း သို့မဟုတ် ပညာရေးဆိုင်ရာ နေရာများအတွင်း အလွတ်သဘောနှင့် တည်ထောင်နိုင်ပြီး အမျိုးသမီးများ၏ကွန်ရက်များနှင့် ချိတ်ဆက်ထားသည်။[၂၁၀]

WGSS နေရာဖွံ့ဖြိုးတိုးတက်မှုအတွက် ချဉ်းကပ်မှုများသည် အမျိုးသမီးများ၊ မိန်းကလေးများနှင့် ၎င်းတို့၏အသိုင်းအဝိုင်းများနှင့် ဆွေးနွေးတိုင်ပင်မှုများ၊ နေရာဒေသနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ခွဲခြမ်းစိတ်ဖြာမှု အပေါ်အခြေခံသင့်သည်။ ဘေးကင်းလုံခြုံသော နေရာပုံစံကို ကွဲပြားသော ဝန်ဆောင်မှုပုံစံများနှင့် အကောင်အထည်ဖော်ခြင်းနည်းလမ်းများ မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေ အမျိုးမျိုးတွင် လိုက်လျောညီထွေဖြစ်ရန်ဆောင်ရွက်နိုင်သည်။ (လမ်းညွှန်မှတ်စု ၁ ကိုကြည့်ပါ)။ လုပ်ငန်းစတင်ချိန်မှစ၍ ဘေးကင်းလုံခြုံသော နေရာများ၏ ရေရှည်တည်တံ့ရေးကို ထည့်သွင်းစဉ်းစားသင့်သည်။

WGSS ဝန်ထမ်းဖွဲ့စည်းပုံသည် အကောင်အထည်ဖော်ဆောင်ခြင်း ချဉ်းကပ်မှုနည်းလမ်း၊ ရရှိနိုင်သောအရင်းအမြစ်များ၊ ပုံမှန်အဖွဲ့ဝင်အရေအတွက်နှင့် ပေးဆောင်ရန်ရည်ရွယ်ထားသည့် ဝန်ဆောင်မှုအမျိုးအစားနှင့် အရေအတွက်အပါအဝင် အချက်များစွာအပေါ် မူတည်ပါသည်။[၂၁၁] အကောင်အထည်ဖော်မှုတစ်လျှောက်လုံးတွင် ပူးတွဲလုပ်ဆောင်မှုများ အဆင်ပြေချောမွေ့စေရန် ပူးပေါင်းစီစဉ်နိုင်သည့်လုပ်ငန်းများ တွင် WGSS အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များအားကောင်းလာစေရန် နှင့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ တာဝန်များတိုးမြင့်ချထားနိုင်ရန် မဟာဗျူဟာများနှင့် ယန္တရားများကို ဖော်ဆောင်သင့်သည်။[၂၁၂]

### အညွှန်းကိန်းများ

- WGSS ဖွံ့ဖြိုးတိုးတက်မှုကိုအသိပေးရန် တိုင်ပင်ဆွေးနွေးထားသည့် အမျိုးသမီးနှင့် မိန်းကလေးများ အရေအတွက်နှင့် ရာခိုင်နှုန်းများ (အသက်အရွယ်၊ မသန်စွမ်းမှုစသည်ကို အခြေခံပြီး ခွဲထားသည်)။
- အမျိုးသမီးနှင့် မိန်းကလေးငယ်တို့၏လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် WGSS ကိုအသုံးပြုသည့်အမျိုးသမီးနှင့်မိန်းကလေးအရေအတွက် (ဥပမာ၊ အပန်းဖြေခြင်း/စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးသည့် လုပ်ငန်းအပိုင်းတစ်ခု ကို တက်ရောက်ခြင်း)။
- ကျား-မအခြေပြုအကြမ်းဖက်မှု လမ်းညွှန်သဘောတရားများနှင့် WGSS လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရာတွင် လုံလောက်သော အသိပညာနှင့် ကျွမ်းကျင်မှုများကို ပြသသည့် လေ့ကျင့်သင်ကြားထားသော WGSS ဝန်ထမ်းများ၏ ရာခိုင်နှုန်း။

# လမ်းညွှန်ချက်မှတ်စု

## ၁။ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသောနေရာနှင့်ဆိုင်သော ချဉ်းကပ်မှုနည်းလမ်းများ

WGSS သည် မတူကွဲပြားသော လူမှုအသိုက်အဝန်းများနှင့် နေရာဒေသအခြေအနေများအပေါ်မူတည်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များနှင့် လုံခြုံမှုကို အကောင်းဆုံးတုံ့ပြန်ရန် လိုက်လျောညီထွေရှိရပါမည်။ ချဉ်းကပ်မှုအား ရွေးချယ်ရာတွင် ဘေးကင်းလုံခြုံသော နေရာ၏ သင့်လျော်မှုနှင့် ထိရောက်မှုကို သေချာစေသင့်သည်။ WGSS ဆိုင်ရာ ပုံစံများ တွင် အောက်ပါတို့ ပါဝင်သည်။

**ရွှေ့ပြောင်းမှုမရှိသော အထိုင်WGSSများ** သည် ဗဟိုတည်နေရာတစ်ခုတွင် နေ့စဉ်ဖွင့်လှစ်ထားသော ပုံသေနေရာတစ်ခုသို့ အမျိုးသမီးများနှင့် မိန်းကလေးများသည် သတ်မှတ်ထားသောအချိန်များအတွင်း အလွယ်တကူလာရောက်နိုင်ခြင်းပါဝင်သည်။ ၎င်းပုံစံသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနေရာများတွင်အသုံးပြုသည့် အဓိကပုံစံဖြစ်သည်။ ၎င်းသည် အောက်ဖော်ပြပါအခြေအနေများ အပါအဝင် နေရာဒေသအခြေအနေ အများစုတွင် သင့်လျော်ပြီး ထိရောက်မှုရှိသည်။

- ဝန်ဆောင်မှုပေးခြင်းအတွက် လွှမ်းခြုံဧရိယာကို ရှင်းရှင်းလင်းလင်း ခွဲခြားသတ်မှတ်ထားသည့် တရားဝင် စခန်းများ သို့မဟုတ် အလွတ်သဘော အခြေချနေထိုင်မှုများ၊ တည်နေရာတွင် နေထိုင်သည့် ရွှေ့ပြောင်း အမျိုးသမီးနှင့် မိန်းကလေး အရေအတွက်ကို ယေဘုယျအားဖြင့် ရရှိနိုင်ပြီး အကူအညီပေးရန် လိုအပ်နေသည်ဟု ယူဆထားသည်။
- လွှမ်းခြုံရာ ဒေသကို သေချာ သတ်မှတ်ထားသောဧရိယာနှင့်အတူ မြို့ပြ သို့မဟုတ် ကျေးလက်နေရာဒေသများ။

**ရွှေ့လျား/မိုဘိုင်း WGSS**များ တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ သည် အိုးအိမ်မဲ့၊ နေထိုင်နေရခြင်း သို့မဟုတ် ကူးပြောင်း သွားလာနေကြရသည့် အတွက် ရွှေ့ပြောင်းမှုမရှိသော အထိုင် WGSS များသို့ မသွားရောက် နိုင်သောကြောင့် ဘေးကင်းလုံခြုံရာနေရာမှ ဝန်ထမ်း အဖွဲ့များ သည် ထို အမျိုးသမီးများနှင့် မိန်းကလေးများ ရှိရာနေရာများသို့ သွားရောက်ခြင်းဖြစ်သည်။ ၎င်းသည် အောက်ဖော်ပြပါအခြေအနေများအပါအဝင် နေရာဒေသအခြေအနေ အများစုတွင် သင့်လျော်ပြီး ထိရောက်မှုရှိသည်။

- လက်တလော နေရပ်စွန့်ခွါထွက်ပြေးရသည့် အခြေအနေ - မိုဘိုင်းအဖွဲ့ကို ကျား-မအခြေပြုအကြမ်းဖက်မှု လျင်မြန်စွာ တုံ့ပြန်ရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးချနိုင်သည်။ဤအခြေအနေတွင် နေရာတစ်ခုကို ယာယီအဖြစ် သတ်မှတ်ထားသော်လည်း  WGSS ၏ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် အတူ တိုင်ပင်ဆွေးနွေးသင့်ပါသည်။
- ကာလကြာမြင့်စွာ နေရပ်စွန့်ခွါထွက်ပြေးရသည့် အခြေအနေ - သွားလာရခက်ခဲသော ဒေသများတွင်/ ပထဝီ အနေအထား အရ ပြန့်ကျဲနေသော သို့မဟုတ် တသမတ်တည်း မဟုတ်သည့် နေရာရွှေ့ပြောင်းခြင်းအခြေအနေများတွင် တုံ့ပြန်မှုများ ဆောင်ရွက်ခြင်း။

အနိမ့်ဆုံးစံနှုန်းများဆိုင်ရာ ဤအရင်းအမြစ်သည် WGSS ရည်မှန်းချက်များနှင့် စည်းမျဉ်းများကို လိုက်နာသော အမျိုးသမီးများနှင့် မိန်းကလေးများသီးသန့်နေရာများကို ရည်ညွှန်းရန်အတွက် "အမျိုးသမီးနှင့် မိန်းကလေးများ ဘေးကင်းလုံခြုံသောနေရာ" ဟူသော ဝေါဟာရကို အသုံးပြုပါသည်။ အမျိုးသမီးများနှင့် အကျွမ်းတဝင်ရှိသောနေရာ နှင့် ဆယ်ကျော်သက်မိန်းကလေးများအတွက် လုံခြုံဘေးကင်းသောနေရာများ ဟူသော ဝေါဟာရများသည်လည်း WGSS ကိုရည်ညွှန်းပါသည်။[၂၁၃]

ဆယ်ကျော်သက်များအတွက် လုံခြုံဘေးကင်းသောနေရာတွင် - လုံခြုံဘေးကင်းသောနေရာ၊ မိတ်တွေသူငယ်ချင်းများနှင့် ချိတ်ဆက်နိုင်မှု နှင့် လမ်းညွှန်ပေးမှု ဆိုသည့် အစိတ်အပိုင်း ၃ ပိုင်း ပါဝင်ပါသည်။[၂၁၄] အကျပ်အတည်းကာလ များအတွင်း ဆယ်ကျော်သက်မိန်းကလေးများ ကြုံတွေ့ရသည့် သီးခြား အန္တရာယ်များကြောင့်၊ ၎င်းတို့အတွက် အထူးလုံခြုံသော နေရာတစ်ခု ဖန်တီးခြင်းသည် အရေးကြီးသော အကာအကွယ် ဆိုင်ရာ လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး စိတ် လူမှုပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှု ကို လက်လှမ်းမီ ရန် ဆောင်ရွက်ပေးပါသည်။ ကျား-မအခြေပြုအကြမ်းဖက်မှု စီမံကိန်းအတွင်းကျယ်ပြန့်သော WGSS တွင် ဆယ်ကျော်သက် မိန်းကလေးများ၏ ဘေးကင်း လုံခြုံသော နေရာများကို တည်ထောင်ရန် သီးသန့်လုပ်ဆောင်မှု အနေဖြင့် မဟုတ်ဘဲ၊ - ပိုမိုကျယ်ပြန့်သော ကျား-မအခြေပြု အကြမ်းဖက်မှု (GBV) ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများနှင့် တိုက်ရိုက် ချိတ်ဆက်ရန် နည်းလမ်းတစ်ခုဖြစ်စေရန် ယေဘုယျအားဖြင့် အကြံပြုထားသည်။ဘေးကင်းလုံခြုံသော နေရာများတွင် ဆယ်ကျော်သက်မိန်းကလေးများအတွက် လုပ်ဆောင်ချက်များကို အသက်အရွယ်အလိုက် ပိုင်းခြားပြီး ၎င်းတို့၏ သီးခြားလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။[၂၁၅] ဘေးကင်းလုံခြုံသော နေရာ ကာကွယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ လှုပ်ရှားမှုများ တွင် ဆယ်ကျော်သက်မိန်းကလေးများအတွက်ပါဝင်မှုအတွက် အမျိုးသမီးနှင့် အမျိုးသား၊ မိဘ/အုပ်ထိန်းသူများနှင့် ပိုမိုကျယ်ပြန့်သော အသိုင်းအဝိုင်းကို ထိတွေ့ဆက်ဆံရန် အရေးကြီးပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် အခြားနေရာအမျိုးအစားများတွင် ဘေးကင်းရေးနှင့် ပံ့ပိုးကူညီမှုများကို ရှာဖွေနိုင်သော်လည်း၊ အောက်ပါတို့ကို ယေဘုယျအားဖြင့် WGSS အဖြစ် **မယူဆ**ပါ။

**ဆယ်ကျော်သက်မိန်းကလေးများ**

အရွယ်မရောက်သူ ကလေးထိမ်းမြားလက်ထပ်ပေးမှုနှုန်း မြင့်တက်လာခြင်းအပါအဝင် GBV အတွက် အန္တရာယ် ကျရောက်နိုင်မှုမြင့်မားခြင်းအပြင်၊ ဆယ်ကျော်သက် မိန်းကလေးများသည် ကဏ္ဍအသီးသီးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို လက်လှမ်းမီရယူရန် အခက်အခဲများ ကြုံတွေ့ရလေ့ရှိသည်။ ထိုကဲ့သို့အန္တရာယ်ကျရောက်နိုင်မှုမှာ အထူးသဖြင့် GBV ဆောင်ရွက်မှုများသည် အရွယ်ရောက်ပြီးသူ အမျိုးသမီးများကို ဦးတည်ထားပြီး၊ ကလေးသူငယ် အကာအကွယ် ပေးရေး လုပ်ဆောင်ချက်များကို ကလေးသူငယ်များကို အာရုံစိုက်သည့်အတွက် ဘေးကင်းလုံခြုံသော နေရာများ တည်ထောင်သည့် အစီအစဉ်များတွင်လည်း ဆက်လက် တည်ရှိနေနိုင်သည်။  ဆယ်ကျော်သက်မိန်းကလေးများ ပါဝင်မှုကို မချန်လှပ်မိစေရန်၊ **GBV** အဖွဲ့အစည်းများသည် **ဘေးကင်း** လုံခြုံသော နေရာ အစီအစဉ်များတွင် ဆယ်ကျော်သက်မိန်းကလေးများ လက်လှမ်းမီနိုင်ရေးအတွက် အသင့်လျော်ဆုံးနည်းလမ်းကို ဆုံးဖြတ်ရန် ကလေးကာကွယ် စောင့်ရှောက်ရေး အဖွဲ့အစည်းများ  နှင့်အတူ ပူးပေါင်းညှိနှိုင်းရန် အရေးကြီးပါသည်။ ရွေးချယ်စရာများတွင် ကန့်သတ်မထားသော်လည်း **WGSS** အတွင်းတွင် ဆယ်ကျော်သက် မိန်းကလေးများအတွက် သီးသန့်လုပ်ဆောင်မှုများ/အချိန်ပိုင်းတစ်ခု စီစဉ်ပေးခြင်း သို့မဟုတ် ကလေးသူငယ်များနှင့် အကျွမ်းတဝင် ရှိသောနေရာများ၏ အစီအစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် ထိုမိန်းကလေးများနှင့်သက်ဆိုင်သည့် လှုပ်ရှားမှုများကို ထည့်သွင်းခြင်းတို့ ပါဝင်နိုင်သည်။

- **တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးသည့် စင်တာများ (one-stop centers) -** သည် ကျား-မအခြေပြု အကြမ်းဖက်မှု(GBV) မှ ရှင်သန်လွတ်မြောက်သူများအတွက် ပေါင်းစပ်ဝန်ဆောင်မှုများကို တစ်နေရာတည်း  ပေးဆောင်ထားသောကြောင့် ၎င်းတို့သည် နေရာများစွာသို့ သွားရောက် ဝန်ဆောင်မှုရယူရန် ရန် မလိုအပ်ပါ။ ဤနေရာများသည် ဆေးရုံ သို့မဟုတ် ဝန်ဆောင်မှုနေရာတစ်ခုနှင့် ချိတ်ဆက်နိုင်ပြီး ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာအပါအဝင် ဝန်ဆောင်မှုများစွာကို ပေးဆောင်နိုင်ပါသည်။ ထိုနေရာများတွင် ရှင်သန်လွတ်မြောက်သူ အမျိုးသားနှင့် အမျိုးသမီး အားလုံး ဝန်ဆောင်မှုကို ရရှိနိုင်သည့် အတွက် အမျိုးသမီးများ နှင့်မိန်းကလေးများကသာ ဦးဆောင်လုပ်ကိုင်ခြင်းမဖြစ်နိုင်ပါ။ WGSS ၏ အခြေခံမူများနှင့် စံရည်မှန်းချက်များ အားလုံးနှင့် ကိုက်ညီပါက WGSS ဟု ယူဆနိုင်သည်။ ထိုစင်တာများကို အကောင်အထည်ဖော်သည့်အခါ၊ ထိခိုက်ခံစားရသောလူမှုဝန်းကျင်ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ပိုမိုကျယ်ပြန့်သောကာကွယ်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ပံ့ပိုးပေးရန်အတွက် နောက်ထပ် WGSSများ လိုအပ်ပါသည်။

- **လုံခြုံအိမ်များနှင့် အမိုးအကာများ (Safe Houses and Shelters)** - လုံခြုံအိမ်များ/ အမိုးအကာများသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်ခံရသောအခြေအနေများမှ ရှင်သန်လွတ်မြောက်လာသူများအား ချက်ခြင်းလုံခြုံရေး၊ ယာယီခိုလှုံရေးနှင့် အထောက်အပံ့ပေးသည့်နေရာများဖြစ်သည်။ ဤဝန်ဆောင်မှုကို ကျား-မအခြေပြုအကြမ်းဖက်မှု အန္တရာယ်ကျရောက်နေသော ရှင်သန်လွတ်မြောက်လာသူအမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရည်ရွယ်သည်။ အကောင်းဆုံးမှာ၊ လုံခြုံအိမ် (သို့မဟုတ်) အမိုးအကာသည် အသိအမှတ်ပြုခံထားရသောနေရာဖြစ်ပြီး ကျွမ်းကျင်ပညာရှင် ဝန်ထမ်းများလည်းခန့်အပ်ထားသည်။ ဝင်ခွင့်သည် သတ်မှတ်ထားသော စံနှုန်းများနှင့် တင်းကျပ်သော စံပြုဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ်တွင် မူတည်ပါသည်။ လုံခြုံသောအိမ်များနှင့် အမိုးအကာများသည် ၎င်းတို့၏တည်နေရာကို လျှို့ဝှက်ထားရန် လိုအပ်သောကြောင့် စစ်ရှောင်စခန်းတစ်ခုအတွင်း ဘေးကင်းလုံခြုံစွာ လည်ပတ်ရန် မဖြစ်နိုင်သလောက်နည်းပါးပါသည်။
- **ကြိုဆိုလက်ခံရာနေရာများ နှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများရှိ အမျိုးသမီးများ၏နေရာများ -** ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များကို ကြိုဆိုလက်ခံရာနေရာများ သို့မဟုတ် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများရှိ အမျိုးသမီးများနှင့် မိန်းကလေးများ သီးသန့်လုံခြုံ ဘေးကင်းသောနေရာများသည် WGSS နှင့် ကွဲပြားသည်။ ဒုက္ခသည်များကို ကြိုဆိုလက်ခံရာနေရာများသည် ကျား-မ သီးသန့်ခွဲထားသော လက်ခံကြိုဆိုရေးနေရာ သို့မဟုတ် ဝန်ဆောင်မှုပေးသူများ ရှိရာနေရာများဖြစ်သည်။ ထိုနေရာများ၏ အဓိက ရည်ရွယ်ချက်မှာ စခန်းတွင်သို့ စတင် ဝင်ရောက်ရန် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ တွင် တစ်ကိုယ်ရေ၊ ကွဲကွာနေသော သို့မဟုတ် အဖော်မရှိသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုအန္တရာယ်များကို လျှော့ချရန် ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ပတ်သက်သော အချက်အလက်များကို ပေးဆောင်ရန် ဤနေရာများကို အသုံးပြုနိုင်သည်။
- **ကလေးသူငယ်များနှင့် အကျွမ်းတဝင်ရှိသောနေရာများ -** ကလေးသူငယ်များနှင့် အကျွမ်းတဝင်ရှိသောနေရာများအား အရေးပေါ် အခြေအနေများတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ လိုအပ်ချက်များအတွက် ပထမဆုံးတုံ့ပြန်မှုအဖြစ်၊ ဘေးဒဏ်သင့်ရပ်ရွာရှိ ပြည်သူများနှင့် လက်တွဲလုပ်ဆောင်ရန်အတွက် ဖိုရမ်တစ်ခုအနေဖြင့် ကျယ်ပြန့်စွာ အသုံးပြုသည်။[၂၁၆] ၎င်းတို့ကို ကလေးသူငယ်များ၏ ချက်ချင်းလိုအပ်သည့် ကာကွယ်မှုဆိုင်ရာ အခွင့်အရေးများ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းနှင့် ကျောင်းပြင်ပ ပညာရေး တို့အတွက် တုံ့ပြန်ရန် တည်ထောင်ထားပါသည်။ WGSS နှင့် ၎င်း နေရာများတွင် တူညီမှုများ ရှိကြပြီး နှစ်ခုလုံးသည် ကျား-မအခြေပြုအကြမ်းဖက်မှု အဖွဲ့များနှင့် ကလေးသူငယ် အကာအကွယ်ပေးရေး အဖွဲ့များမှ အသက်အရွယ်နှင့် ကျား-မအလိုက် သင့်လျော်သော စွမ်းဆောင်ရည်များ ရှိသည့် ဝန်ထမ်းများကို ဖြည့်ဆည်းရန်၊ လုံလောက်သောရင်းနှီးမြုပ်နှံမှု ပြုလုပ်ပါက ဆယ်ကျော်သက်မိန်းကလေးများအတွက် လိုအပ်သောဝန်ဆောင်မှုကို ဖြည့်ဆည်းပေးနိုင်ပါသည်။ အခြားအသက်အရွယ်များနှင့်ရောနှောမှုရှိသော နေရာများတွင် ဆယ်ကျော်သက် မိန်းကလေးများ လုံခြုံစွာပါဝင်နိုင်ခြင်းအတွက် အတားအဆီးများကို သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပြီး အနည်းဆုံးအားဖြင့် ကလေးသူငယ်များနှင့် အကျွမ်းတဝင်ရှိသောနေရာတစ်ခုအတွင်း ၎င်းဆယ်ကျော်သက် မိန်းကလေးများအတွက် သီးခြားနေရာတစ်ခု ဖန်တီးရန်အကြံပြုထားသည်။
- **အကာအကွယ်ပေးရေးဆိုင်ရာ နေရာများ** - (အကာအကွယ်ပေးရေးဆိုင်ရာ တစ်စုတစ်စည်းတည်း ပေါင်းစည်းထားသောစင်တာများ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးစင်တာများ၊ ရပ်ရွာလူထုအသိုင်းအဝိုင်းစင်တာများဟုလည်း ခေါ်ဆိုလေ့ရှိသည်)။ ရပ်ရွာလူထုအသိုင်းအဝိုင်း စင်တာများသည် ဘေးကင်းပြီး အများနှင့်သက်ဆိုင်ရာ နေရာများဖြစ်၍ လူမှုရေးပွဲများ၊ အပန်းဖြေမှု၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း အစီအစဉ်များအတွက် ရပ်ရွာလူထုအားလုံး တွေ့ဆုံနိုင်သည့် နေရာများဖြစ်သည်။ WGSS သည် ရပ်ရွာလူထုစင်တာများနှင့် အပြန်အလှန် ညွှန်းပို့ခြင်း နှင့် သတင်းအချက်အလက်မျှဝေခြင်းအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

## ၂။ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသော နေရာများ ဖွင့်လှစ်ထူထောင်ရာတွင် ထည့်သွင်းစဉ်းစားရန် လမ်းညွှန်ချက်များ

အောက်ပါအခြေခံမှုများသည် WGSS တစ်ခုတည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းအဆင့်တစ်ခုစီကို လမ်းညွှန်သင့်သည်-

**၁။ စွမ်းဆောင်ရည်မြင့်တင်မှု**- အမျိုးသမီးတစ်ဦးစီနှင့် မိန်းကလေးတစ်ဦးစီသည် သူမ၏ကိုယ်ပိုင်ဘဝကို ပုံဖော်နိုင်စွမ်းရှိပြီး ပိုမိုကျယ်ပြန့်သောလူမှုရေးပြောင်းလဲမှုကို ဖန်တီးနိုင်စေရန် ပံ့ပိုးပေးနိုင်စွမ်းရှိသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို WGSS အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတွင် ပါဝင်စေရပါမည် (စံနှုန်း ၂- အမျိုးသမီးများနှင့် မိန်းကလေးများ ပါဝင်မှုနှင့် စွမ်းဆောင်ရည်မြင့်တင်မှုကို ကြည့်ပါ)။[၂၁၇]

**၂။ စည်းလုံးညီညွတ်မှု-** လုံခြုံဘေးကင်းသောနေရာသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ၎င်းတို့နေထိုင်သည့် ဘဝတွင် ပိုမိုကျယ်ပြန့်သောအာဏာမညီမျှမှုဘောင်များအတွင်း ၎င်းတို့၏တစ်ဦးချင်းစီအတွေ့အကြုံများကို နားလည်နိုင်စေရန်ပတ်ဝန်းကျင်ကို ဖန်တီးပေးပါသည်။ WGSS သည် တစ်ဦးချင်းနှင့် အဖွဲ့များနှင့် ချိတ်ဆက်ရန် အခွင့်အလမ်းများကို မျှဝေခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပံ့ပိုးပေးသည်။ ဤသို့ပံ့ပိုးပေးထားသော ဆက်ဆံရေးများသည် အမျိုးသမီးများ၊ မိန်းကလေးများနှင့် ရှင်သန်လွတ်မြောက်သူများ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် ပြန်လည်ကျန်းမာရေးတို့ အတွက် အရေးပါသော အချက်များဖြစ်သည့် ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ အပြုသဘောဆောင်သော ကိုင်တွယ်ဖြေရှင်းမှု ယန္တရားများနှင့် လူမှုရေးဆိုင်ရာ ပိုင်ဆိုင်မှုများကို မြှင့်တင်ပေးပါသည်။

**၃။ တာဝန်ခံမှု/တာဝန်ယူမှု** - အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို ပွင့်လင်းမြင်သာစွာ မျှဝေနိုင်ပြီး လျှို့ဝှက်မှုနှင့် ပံ့ပိုးကူညီမှုများအတွက် စိတ်ချယုံကြည်နိုင်ပါသည်။ WGSS တည်နေရာ၊ ဒီဇိုင်းနှင့် စီမံကိန်းရေးဆွဲခြင်း၏ ရှုထောင့်အားလုံးသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုံခြုံရေးနှင့် လျှို့ဝှက်ထိန်းသိမ်းမှုကို ဦးစားပေးသည်။ ဤအစိတ်အပိုင်းတစ်ခုစီသည် အမျိုးသမီးများနှင့်မိန်းကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအရ ဘေးကင်းလုံခြုံသောနေရာအဖြစ် WGSS ၏ခိုင်မာစွာဖြစ်တည်မှုကို သေချာစေသည်။[၂၁၈]

**၄။ အားလုံးပါဝင်နိုင်စေမှု** - အမျိုးသမီးများနှင့် မိန်းကလေးများအားလုံးကို ဘေးကင်းလုံခြုံသော နေရာတစ်ခုတွင် လေးစားစွာ ကြိုဆိုပါသည်။ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အားလုံးပါဝင်နိုင်စေမှု နှင့် ခွဲခြားဆက်ဆံခြင်းမပြုခြင်းဆိုင်ရာ အခြေခံမူများပေါ်တွင် အကျယ်တဝင့် လေ့ကျင့်သင်ကြားပေးထားပါသည်။[၂၁၉]

အမျိုးသမီးနှင့် မိန်းကလေးများအားလုံးသည်-

- WGSS ဒီဇိုင်းရေးဆွဲခြင်းတွင် ပါဝင်ပြီး ဝန်ထမ်းများ သို့မဟုတ် စေတနာ့ဝန်ထမ်းများကဲ့သို့ အခွင့်အလမ်းများ ပေးထားသည်။
- WGSS တွင် ပေးဆောင်သည့် ဝန်ဆောင်မှုများနှင့် လှုပ်ရှားမှုများ အားလုံးတွင် ပါဝင်ရန် ပံ့ပိုးထားသည်။
- ၎င်းတို့၏တန်းတူပါဝင်မှုကို ဟန့်တားနိုင်သည့် အတားအဆီးများကို ရှာဖွေဖော်ထုတ်ပြီး၊ ၎င်းတို့ကိုလျော့ပါးသက်သာစေရန် အံဝင်ခွင်ကျရှိသော ကွင်းဆင်းနည်းဗျူဟာများဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်သည်။

**၅။ ပူးပေါင်းဆောင်ရွက်ခြင်း- WGSS** သည်  ခိုင်မာသော လွှဲပြောင်းညွှန်း**ပို့** ပေးသည့်ကွန်ရက်များမှတစ်ဆင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဝန်ဆောင်မှုများနှင့် ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးသင့်သည်။ ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသမီးအရပ်ဘက်လူမှုအဖွဲ့အစည်းများ/သို့မဟုတ် ကွန်ရက်များ နှင့် ပူးပေါင်းဆောင်ရွက်မှုများသည် **WGSS** ချဉ်းကပ်မှု၏ အဓိကအချက်အချာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ဗျူဟာမြောက်သည်"[၂၂၀] ။ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အကဲဖြတ်သည့်အဆင့်မှပင် ထည့်သွင်းစဉ်းစားသင့်ပြီး **WGSS** ကို တည်ထောင်စဉ်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။[၂၂၁]

## ၃။ အမျိုးသမီးနှင့် မိန်းကလေးများအတွက် လုံခြုံဘေးကင်းသော နေရာများ၌ ဆောင်ရွက်ရမည့် လုပ်ငန်းများ

လုပ်ဆောင်မှုများနှင့် ဝန်ဆောင်မှုများအားလုံးသည် ၎င်းတို့၏လိုအပ်ချက်များနှင့် အတွေ့အကြုံများကို ဖြည့်ဆည်းတုံ့ ပြန်ပေးနိုင်ရန်၊ အခြေအနေနှင့် အသက်အရွယ်အလိုက် သင့်လျော်မှုရှိစေရန်၊ အမျိုးသမီးများနှင့် မိန်းကလေးများ နှင့် ဆွေးနွေးတိုင်ပင်သင့်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ ယခင်နေရာမှ စွန့်ခွါရွှေ့ပြောင်းခြင်းမပြုမီတွင် ပါဝင်ခဲ့သည့် လှုပ်ရှားမှုအမျိုးအစားများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။[၂၂၂] ကလေးသူငယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ထည့်သွင်းခြင်းဖြင့် ငယ်ရွယ်သောကလေးများရှိသည့်  ဆယ်ကျော်သက် မိန်းကလေးများနှင့် အမျိုးသမီးများအတွက် WGSS ၏ လက်လှမ်းမီမှုကို တိုးမြှင့်စေနိုင်ပါသည်။ ဤဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံသောနေရာ၌ အလုပ်လုပ်နေသော စေတနာ့ဝန်ထမ်း သို့မဟုတ် လခဖြင့်မဟုတ်ဘဲ အထောက်အပံ့ (incentive) အခြေပြုဝန်ထမ်းများက ပံ့ပိုးပေးနိုင်ပါသည်။ အနိမ့်ဆုံးအနေဖြင့် ကလေးများအတွက် ကစားစရာအရုပ်များရှိစေရန် ဆောင်ရွက်ထားသင့်သည်။

WGSS ရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အထွေထွေ လုပ်ငန်းဆောင်ရွက်မှု အမျိုးအစားတွင် အုပ်စု လေးခုပါဝင်သည်။

**၁။ လွှဲပြောင်းညွှန်းပို့မှုများအပါအဝင် ဝန်ဆောင်မှုပေးခြင်း။**

ဘေးကင်းလုံခြုံသောနေရာများအားလုံးသည် ရှင်သန်လွတ်မြောက်သူများအား ၎င်းတို့၏ အခွင့်အရေးများဆိုင်ရာ အချက်အလက်များ၊ ကျား-မအခြေပြုအကြမ်းဖက်မှု သတင်းပို့တိုင်ကြားနိုင်ရန် ရွေးချယ်မှုများပြုလုပ်နိုင်ရန်နှင့် စောင့်ရှောက်မှုများနှင့် လုံခြုံပြီး လျှို့ဝှက်သောပုံစံဖြင့် ချိတ်ဆက်နိုင်ရန် သတင်းအချက်အလက်များပေးသည်။ WGSS တွင် လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများမှတစ်ဆင့် ဂန်ဆောင်မှုများ ရှိမည် ဆိုပါက ဖြစ်ရပ်စီမံခန့်ခွဲမှု၊ လိင်နှင့် မျိုးဆက်ပွား ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင်၊  အမျိုးသမီးများနှင့် မိန်းကလေးများအတွက်လိုအပ်သော အထူးသီးသန့် ဝန်ဆောင်မှုများကို ပေးနိုင်သည်။

**၂။ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် အပန်းဖြေလှုပ်ရှားမှုများ**

WGSS လှုပ်ရှားမှုအားလုံးသည် အမျိုးသမီးများနှင့် မိန်းကလေးများကို ဦးစားပေးမှုများအပေါ် အခြေခံပြီး ၎င်းတို့၏ သီးခြားလိုအပ်ချက်များနှင့် အညီ ဆီလျော်အောင်ပြင်ဆင်သင့်ပါသည်။[၂၃] အသက်အရွယ်အလိုက် သင့်လျော်သော အုပ်စုလိုက် ပံ့ပိုးကူညီမှု ဆိုင်ရာလုပ်ဆောင်ချက် များတွင် အလွတ်သဘော နှင့် နည်းလမ်းကျသည့် ဘဝတွက်တာကျွမ်းကျင်စရာ စွမ်းရည်များကဲ့သို့သော အပန်းဖြေလှုပ်ရှားမှုများပါဝင်သည် (စံနှုန်း ၅- စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီမှုကို ကြည့်ပါ)။ ဤလှုပ်ရှားမှုများသည် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများကြုံတွေ့ရသည့် နေ့စဉ်ဘဝ၏လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကိုကိုင်တွယ်ဖြေရှင်းရာတွင် လိုက်လျောညီထွေရှိပြီး အပြုသဘောဆောင်သောအပြုအမူများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးပေးပါသည်။ အချို့သော အဓိကစိတ်လူမှုပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်မှု လှုပ်ရှားမှုများသည် လေ့ကျင့်သင်ကြား ထားသော စိတ်လူမှုပိုင်းဆိုင်ရာ ဝန်ထမ်းများမှ ခေါင်းဆောင်မှုကို လိုအပ်နိုင်သော်လည်း အပန်းဖြေလှုပ်ရှားမှုများကို ရပ်ရွာမှ အမျိုးသမီးများနှင့် မိန်းကလေးများက တိုက်ရိုက် ဦးဆောင်နိုင်သည်။

**၃။ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျွမ်းကျင်မှုအခြေခံသင်တန်းများ၊ သမရိုးကျသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် တစ်ဦးချင်း သို့မဟုတ် အများနှင့် ပူးပေါင်း၍ ဝင်ငွေရ လုပ်ငန်းများဆိုင်ရာ လုပ်ဆောင်မှုများသည်၊ အမျိုးသမီးများအား အလုပ်အကိုင်ဈေးကွက်ထဲသို့ ဝင်ရောက်နိုင်ရန် ပံ့ပိုးပေးမည့် အလုပ်အကိုင် သင်တန်းများအပါအဝင်၊  အဓိပ္ပာယ်ပြည့်ဝသော လူမှုဘဝတွင် အမျိုးသမီးများပါဝင်မှုကို အားပေးပါသည်။[၂၄] အမျိုးသမီးများ၏ ပိုင်ဆိုင်မှုများကို ဘေးကင်းစွာ ဖန်တီးလုပ်ဆောင်နိုင်စေရန် ပံ့ပိုးကူညီရေးအတွက် အလွတ်သဘော ကျွမ်းကျင်မှု အခြေခံသင်တန်းများကို တိုက်ရိုက်အကောင် အထည်ဖော် နိုင်ပါသည်။ သမရိုးကျဖြစ်သည့် သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဝင်ငွေရလုပ်ငန်းအစီအစဉ်များပါဝင်သော အသက်မွေး ဝမ်းကြောင်းဆိုင်ရာလုပ်ငန်းများသည် နည်းပညာပိုင်းဆိုင်ရာအထူးပြုကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ဆောင်နေသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု လိုအပ်သည်။ (စံနှုန်း ၁၂ - စီးပွါးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အသက်မွေးမှုလုပ်ငန်းများ ကိုကြည့်ပါ)။

**၄။ သတင်းအချက်အလက်နှင့် အသိပညာပေးခြင်း**

WGSS သည် အမျိုးသမီးများ၏ သတင်းအချက်အလက်နှင့် အရင်းအမြစ်များရရှိရေး မြှင့်တင်ရန် ဖိုရမ်တစ်ခု ဖြစ်နိုင်သည်။ ဥပမာအားဖြင့်၊ ရေနှင့် သန့်ရှင်းရေး ဆိုင်ရာ  သို့မဟုတ် အာဟာရဆိုင်ရာ အပါအဝင် အရေးကိစ္စ များစွာအတွက် သတင်းအချက်အလက်ပေးရန် အခြားကဏ္ဍများတွင် လုပ်ဆောင်နေသော အဖွဲ့များကို မကြာခဏ ဖိတ်ကြားနိုင်သည်။  (အမျိုးသမီးနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံသည့် နေရာတစ်ခုအဖြစ် စင်တာ၏ ခိုင်မာစွာဖြစ်တည်မှုကို လျော့ပါးစေခြင်းမရှိဘဲ)။

## ၄။ အမျိုးသမီးနှင့် မိန်းကလေးများ အတွက် လုံခြုံဘေးကင်းသော နေရာများတွင် တာဝန်ယူဆောင်ရွက် ရသည့် ဝန်ထမ်းများ၏ အခန်းကဏ္ဍ နှင့်  စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ

WGSS ဝန်ထမ်းဖွဲ့စည်းပုံသည် လိုအပ်ချက်များ၊ လူဦးရေအရွယ်အစားနှင့် စီမံကိန်းဝင်ရောက်မှုနယ်ပယ်အပါအဝင် အကြောင်းရင်းများစွာအပေါ် မူတည်ပါသည်။ ဝန်ထမ်းများတွင် စေတနာ့ဝန်ထမ်း၊ လခဖြင့်မဟုတ်ဘဲ ထောက်ပံ့မှု (incentive) အခြေပြုဝန်ထမ်းများနှင့် အခကြေးငွေ ပေးဆောင်သည့် ဝန်ထမ်းများ ပါဝင်သင့်ပြီး မတူကွဲပြားသော ဦးတည်အုပ်စုကို ထင်ဟပ်စေရမည်။ WGSS ဝန်ထမ်းများကို ၎င်းတို့၏ တာဝန်များကို ဘေးကင်းစွာ၊ ထိထိရောက်ရောက်နှင့် ကျင့်ဝတ်သိက္ခာရှိစွာ ထမ်းဆောင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးသင့်သည်။ ၎င်းတို့အား ဂရုတစိုက်ရွေးချယ်ပြီး၊ ကျား-မအခြေပြုအကြမ်းဖက်မှု အဓိက သဘောတရားများနှင့် လမ်းညွှန်မှုများ၊ လွှဲပြောင်းညွှန်းပို့ပေးသည့်လမ်းကြောင်း၊ ဆက်သွယ်ရေးဆိုင်ရာကျွမ်းကျင်မှုနှင့် အဖွဲ့လိုက်လှုပ်ရှားမှုလုပ်ငန်းများကို မည်သို့ဆောင်ရွက်ရမည် ဆိုသည်ကို လေ့ကျင့်ပေးသင့်သည်။ ဖြစ်ရပ်စီမံခန့်ခွဲရေး ဝန်ထမ်းများ သည်သေချာစွာ လေ့ကျင့်သင်ကြားမှုနှင့် ကြီးကြပ်မှု ခံယူရန်လိုအပ်သည်။  (စံနှုန်း ၆ - ဖြစ်ရပ်စီမံခန့်ခွဲခြင်း ကိုကြည့်ပါ)။[၂၅] ဝန်ထမ်းများအားလုံးအနေဖြင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်သော ကျင့်ဝတ်စည်းကမ်းကို လက်မှတ်ရေးထိုးသင့်သည်။

၎င်းနေရာများကို အမျိုးသမီးသီးသန့်အဖြစ် ရှိနေရန် ရှင်းလင်းသည့် လမ်းညွှန်ချက်များဖြင့် သေချာစေရသည်။ အချို့သောအခြေအနေများတွင်၊ WGSS တည်နေရာနှင့် ပိုင်ဆိုင်မှုများကို လုံခြုံစေရန် အစောင့်များ (လိုအပ်ပါက) နှင့် ကွင်းဆင်းဆောင်ရွက်သူဝန်ထမ်းတစ်ဦးသည် အမျိုးသား ဖြစ်သင့်သည်။ ၎င်းကွင်းဆင်းဆောင်ရွက်သူဝန်ထမ်းသည် စခန်းခေါင်းဆောင်များ၊ ရဲများ၊ အမျိုးသားများနှင့် ယောက်ျားလေးများနှင့် ပြောဆို ဆက်ဆံနိုင်သည်။[၂၆]

# Tools and Resources


Austrian, K. and Dennitah Ghati (2010). *Girl-Centered Program Design: A Toolkit to Develop, Strengthen and Expand Adolescent Girls Programs.* Nairobi: Population Council. https://www.popcouncil.org/research/girl-centered-program-design-a-toolkit-to-develop-strengthen-and-expand-ado.

Gender-based Violence (GBV) Sub-cluster Whole of Syria (Turkey Hub) and GBV Working Group Whole of Syria (Jordan Hub) (2018). *Guidance Note on Ethical Closure of GBV Programmes*. https://reliefweb.int/report/syrian-arab-republic/guidance-note-ethical-closure-gbv-programmes- gbv-sc-whole-syria.

HealthNet TPO & UNICEF South Sudan (2016). *Promoting Positive Environments for Womenand Girls: Guidelines for Women and Girls Friendly Spaces in South Sudan*. https://www.humanitarianresponse.info/en/operations/south-sudan/document/guidelines-women-and-girls-friendly-spaces-south-sudan-1.

IRC and International Medical Corps (2019). *Advancing Women's and Girls' Empowerment in Humanitarian Settings: A Global Toolkit for Women's and Girls' Safe Spaces.*

UNICEF and UNFPA (2016). *The Adolescent Girls' Toolkit for Iraq*. https://gbvguidelines.org/en/documents/adolescent-girls-toolkit-iraq/.

UNFPA Regional Syria Response Hub (2015). *Women & Girls Safe Spaces: A Guidance Note Based on Lessons Learned from the Syrian Crisis.* https://www.unfpa.org/resources/women-girls-safe-spaces-guidance-note-based-lessons-learned-syrian-crisis.

World YWCA (2014). *Safe Spaces: Training Guide.* https://www.worldywca.org/wp-content/uploads/2014/02/Safe-Spaces-long-web.pdf.

# စံနှုန်း ၉

# ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျှော့ပါးသက်သာစေရေး

## GBV အဖွဲ့အစည်း များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် GBV အန္တရာယ်လျှော့ပါးစေရေးနှင့် ရှင်သန် လွတ်မြောက်သူများအတွက် ပံ့ပိုးကူညီမှုတို့အား စီးမျော လုပ်ဆောင်မှုကို ထောက်ခံ ပံ့ပိုးကြသည်။

ဤအနိမ့်ဆုံး စံနှုန်းသည် *IASC GBV Guidelines for Integrating Gender-Based Violence Interventions in Humanitarian Action: Reducing risk, promoting resilience* ၏လမ်းညွှန်ချက်များနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍများတစ်လျှောက် *GBV* အန္တရာယ်လျှော့ချရန် ကြိုးပမ်းမှုများကို ပေါင်းစပ်ဆောင်ရွက် ရာတွင် *GBV* အထူးပြု အဖွဲ့များ၏ ရပ်တည်အားပေး လှုံ့ဆော်မှုနှင့်နည်းပညာဆိုင်ရာ ပံ့ပိုးမှု အခန်းကဏ္ဍများကို မီးမောင်းထိုးပြထားသည်။

လူသားချင်စာနာထောက်ထားမှုအဖွဲ့များသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် GBV အန္တရာယ်လျော့ပါးရေးအတွက် တာဝန်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကဏ္ဍများတွင် GBV ကာကွယ်တားဆီးရေးနှင့် အန္တရာယ်လျှော့ချရေးနည်းလမ်းများအားဖြင့်အန္တရာယ်လျော့ပါးအောင်လုပ်ဆောင်ခြင်းသည် အရေးပေါ်မကျရောက်မီနှင့် ပြန်လည်ထူထောင်ရေးကာလအထိလုပ်ဆောင်ရန်လိုအပ်ပြီး၊ ၎င်းသည် အသက်ကယ်ဆယ်ခြင်းခြင်းနှင့် အကာအကွယ်ပေးခြင်းအား တိုးမြင့်စေခြင်းအတွက်မရှိမဖြစ်လိုအပ်သည်။[၂၇] IASC GBV၏ လမ်းညွှန်ချက်များတွင် "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသည့် အဖွဲ့အစည်းအားလုံးသည် GBV ၏ အန္တရာယ်များကို သတိထားရမည်ဖြစ်ပြီး- ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်များအတွင်းတတ်နိုင်သမျှ အမြန်ဆုံး ကာကွယ်ရန်နှင့် လျော့ပါးစေရန်အတွက် (လုံလောက်သော တုန့်ပြန်ဆောင်ရွက်မှု ရရှိစေရန်)- စုပေါင်းလုပ်ဆောင်ရမည်” ကို ရှင်းလင်းပြတ်သားစွာ ထင်ရှားစွာဖော်ပြထားသည်။[၂၈]

> လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းအားလုံးသည် ခိုင်မာသော "အထောက်အထား" ရှိသည်ဖြစ်စေ မရှိသည် ဖြစ်စေ GBVသည် ဖြစ်ပွားနေပြီး ၊ ထိခိုက်ခံစားရသူများကို ခြိမ်းခြောက်နေသည်ဟု ယူဆရမည်ဖြစ်သည်။ ၎င်းကို ပြင်းထန်ပြီး အသက်အန္တရာယ်ရှိသော ပြဿနာတစ်ခုအဖြစ် သဘောထား၍ အရေးယူဆောင်ရွက်ရမည်။
> Source: IASC 2015a, p. 2.

(ပဋိပက္ခအတွင်း ထိခိုက်ခံစားရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားကို GBVမှ အကာအကွယ်ပေးခြင်းသည် ပြည်တွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်း များ အားလုံး၏ မဖြစ်အနေ အကာအကွယ်ပေးရမည့် တာဝန် “duty to protect” တစ်ခုဖြစ်သည်။) [၂၉]

အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် (နေရပ်စွန့်ခွာ ထွက်ပြေးနေရသော အခြေနေ)နှင့် ပဋိပက္ခအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များရှိ အမျိုးသားဝန်ထမ်းများမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှ င့် အလွဲသုံးစားပြုမှုများ အပါအဝင် များစွာသော GBV အန္တရာယ်များကို ရင်ဆိုင်ရသည်။လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏လိုအပ်ချက်များနှင့် ဝန်ဆောင်မှုများကို ဘေးကင်းလုံခြုံစွာ လက်လှမ်းမီရရှိစေရန် ကြုံတွေ့နိုင်သည့် အခက်အခဲအတားအဆီးများကို ကောင်းစွာဖော်ထုတ်ဖြေရှင်းပေးခြင်းမရှိပါက GBV အန္တရာယ်များကို မရည်ရွယ်ဘဲ တိုးလာစေသည်။[၃၀] လူသားချင်း စာနာထောက်ထားမှုအဖွဲ့များသည် ကြိုတင်၍ အန္တရာယ်များကို လျှော့ချနိုင်သည်။ (ဥပမာ၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာလေ့ကျင့်မှု သင်တန်းများမှတဆင့်)လည်းကောင်း ၊ အန္တရာယ်များ ပေါ်ပေါက်လာသည်နှင့်တပြိုင်နက် ၎င်းတို့ထဲမှ အများအပြားကို လျင်မြန်စွာ ဖော်ထုတ်ဖြေရှင်းခြင်းဖြင့် လည်းကောင်း အန္တရာယ်များကို လျော့ပါးသက်သာစေနိုင်သည်။ GBV ကို အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခြင်းသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအဖွဲ့များအနေဖြင့် ထိခိုက်ခံစားရသူများ၏အခွင့်အရေးများကို မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းတွင် ၎င်းတို့၏ အခြေခံအကျဆုံးတာဝန်များကို ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းကို ကိုယ်စားပြုပါသည်။ အရေးယူခြင်းမရှိသောနှင့်/သို့မဟုတ် ညံ့ဖျင်းသော အစီအစဥ်များဆွဲထားသည့် စီမံကိန်းများသည် နောက်ထပ် အန္တရာယ်ကိုဖြစ်စေနိုင်သည်။[၃၁]

| အဓိကလုပ်ဆောင်ချက်များ ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| ပုံမှန်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အသံများကို နားထောင်ခြင်း အသက်အရွယ်နှင့် မတူကွဲပြားမှုများကို ထည့်သွင်းစဉ်းစားခြင်းတို့ပြုလုပ်ခြင်း၊ ဆန်းစစ်လေ့လာရန်- (၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရန် အတားအဆီးများ၊ (၂) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း အပါအဝင် GBV အန္တရာယ်များ၊ နှင့် (၃) အန္တရာယ်လျော့ပါးရေး ဗျူဟာများ ကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ | | ✔ | ✔ |
| ကဏ္ဍပေါင်းစုံ ကနဦးဆန်းစစ် အကဲဖြတ်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ၊ ကိရိယာများနှင့် မေးခွန်းများပြုစုခြင်းစသည်တို့တွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် GBV ကို အလေးပေးမှုရှိစေရန်နှင့် ကျင့်ဝတ်နှင့်အညီ အချက်အလက်စုဆောင်းခြင်းအလေ့အကျင့်များကို အားဖြည့်ပေးရန် ပါဝင်လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| ဖြစ်နိုင်လျှင် အခြားအဖွဲ့များနှင့် ကဏ္ဍများအပါအဝင် ပတ်ဝန်းကျင်ရှိ GBV အန္တရာယ်များကို ဖော်ထုတ်သတ်မှတ်ရန် ပုံမှန်ဘေးကင်းလုံခြုံမှုဆိုင်ရာ အကဲဖြတ်မှုများ ပြုလုပ်ပါ။ သင့်လျော်ပါက ရပ်ရွာအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုကဏ္ဍများနှင့် အတူပူးပေါင်းကာ တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဖြန့်ဝေခြင်းပြုလုပ်ပါ။ | ✔ | ✔ | ✔ |
| လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များ၏ အကူအညီများနှင့် ဝန်ဆောင်မှုများ မှာ မျှတပြီး ဘေးကင်းစွာ လက်လှမ်းမီနိုင်မှု ရရှိကာ တာဝန်ယူမှု၊ တာဝန်ခံမှု အတွက် စည်းရုံးလှုံ့ဆော်ရေး မဟာဗျူဟာများကို ဖော်ဆောင်ရန်နှင့် အကောင်အထည်ဖော်ရန် အမျိုးသမီးများနှင့် မိန်းကလေးများ တွေ့ဆုံနိုင်စေရန် ပံ့ပိုးကူညီပါ။ | ✔ | ✔ | ✔ |
| အခြားကဏ္ဍများမှ ဆောင်ရွက်သောလုပ်ငန်းများအပါအဝင် GBV ဆိုင်ရာ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုများမှ တွေ့ရှိချက်များကို GBVအန္တရာယ် လျော့ပါးသက်သာစေရန် နှင့် အမျိုးသမီးများနှင့်မိန်းကလေးများ ဘေးကင်းလုံခြုံရေး မြှင့်တင်ရန်အတွက် ရပ်ရွာခေါင်းဆောင်များ၊ အစိုးရနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များကို စည်းရုံးလှုံ့ဆော်ရာတွင် အသုံးပြုပါ။ | ✔ | ✔ | ✔ |
| လိုက်လျောညီထွေရှိပြီး သက်ဆိုင်သည့် ကဏ္ဍအလိုက် GBV ဆိုင်ရာ ထည့်သွင်းစဥ်းစားခြင်း ကို I*ASC GBV Guidelines* Thematic Area Guidance and essential actions လမ်းညွှန်းနှင့် ၎င်း၏ မဖြစ်မနေ လုပ်ဆောင်ရမည့်အချက်များအတိုင်း ပါဝင်လုပ်ဆောင်ရန် အစုအဖွဲ့/ကဏ္ဍများကို အားပေးလှုံ့ဆော်ပါ။ | ✔ | ✔ | ✔ |
| IASC GBV လမ်းညွှန်ချက်များတွင်ပါရှိသော အကြံပြုချက်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များအားလုံးကြားတွင် အသုံးချရန် အားပေးပါ။ အဖွဲ့များအတွက် ၎င်းတို့၏တာဝန်ဝတ္တရားများ ပြည့်မီစေရန် နည်းပညာပံ့ပိုးကူညီမှုပေးပါ။ | ✔ | ✔ | ✔ |
| GBV လမ်းညွှန်သဘောတရားများ၊ GBV လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ လမ်းကြောင်းများ၊ survivors များကို မည်သို့ လေးစားစွာ နှင့် ကူညီပံ့ပိုးပေးရမည်ကို ကဏ္ဍများအားလုံးအတွက် သင်တန်းများ၊ ထိရောက်သော နောက်ဆက်တွဲ သင်ပြမှုများ နှင့် လုပ်ဆောင်ချက်အစီအစဉ်များ ရေးဆွဲခြင်းတွင် လွယ်ကူချောမွေ့စေရန် အခြား GBV စီမံကိန်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ | ✔ | ✔ | ✔ |
| ဒေသဆိုင်ရာ GBV ညှိနှိုင်းရေးယန္တရား၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ကဏ္ဍညှိနှိုင်းမှုခေါင်းဆောင်များကို ဆရာဖြစ်သင်တန်း လေ့ကျင့်ပေးခြင်းဖြင့် ၎င်းတို့၏ကိုယ်ပိုင်ကဏ္ဍအတွင်း IASC GBV လမ်းညွှန်ချက်များကိုမျှဝေနိုင်သည့်အပြင် လမ်းညွှန်ချက်များအတိုင်း အသုံးပြုရန်အတွက် အခြားကဏ္ဍများကို လည်း လမ်းညွှန်မှုပေးနိုင်ပါသည်။ | | ✔ | ✔ |
| GBV ကို ကာကွယ်ရန်၊ လျော့ပါးစေရန်နှင့်/သို့မဟုတ် တုံ့ပြန်ရန် အတွက် ပူးတွဲစီမံကိန်းများ/ကဏ္ဍအစပြုမှုများတွင် အခွင့်အလမ်းများကို အသုံးချပါ။ | ✔ | ✔ | ✔ |
| ထိခိုက်ခံရသောအသိုင်းအဝိုင်းများရှိ GBV ဆိုင်ရာအန္တရာယ်များကို ဘေးကင်းစွာ လေ့လာစောင့်ကြည့်နိုင်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် ရပ်ရွာအခြေပြုမဟာဗျူဟာများ တည်ထောင်ခြင်းကို ပံ့ပိုးပေးပါ၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့်အလွဲသုံးစားလုပ်ခြင်းကို လုံးဝ သည်းခံမည်မဟုတ်ကြောင်းနှင့် အဖြစ်အပျက်ကို အစီရင်ခံခြင်းဆိုင်ရာအချက်အလက်များကိုအခြားအဖွဲ့များနှင့်အတူ ရပ်ရွာအတွင်း GBV ကွင်းဆင်း အသိပညာဖြန့်ကျက်ရေး သတင်းစကားပေးမှု များတွင် ထည့်သွင်းပါ။ (စံနှုန်း ၇ - လွှဲပြောင်းညွှန်းပို့သည့် စနစ်များ ကိုကြည့်ပါ။) | ✔ | ✔ | ✔ |
| အေဂျင်စီများအကြား PSEA ကွန်ရက်များ၊ အဓိက တာဝန်ရှိသူများနှင့်၊ ရှင်းလင်းသော လွှဲပြောင်းညွှန်းပို့ခြင်းနှင့် တိုင်ကြားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ချမှတ်တည်ထောင်ရန် အေဂျင်စီအားလုံးရှိ အကြီးတန်းခေါင်းဆောင်များကို အခြားသော အကာအကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်သောအဖွဲ့များနှင့် PSEA focal points များနှင့်အတူ စည်းရုံးလှုံ့ဆော်ပါ။ | ✔ | ✔ | ✔ |
| လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုဆိုင်ရာ တိုင်ကြားချက်များ လုပ်ငန်းစဉ်ကို လက်ရှိလွှဲပြောင်းညွှန်းပို့ပေးသည့်လမ်းကြောင်းတွင် ပေါင်းစည်းရန် PSEA ညှိနှိုင်းရေးမှူး နှင့်/သို့မဟုတ် PSEA နိုင်ငံတွင်းကွန်ရက်တို့နှင့်အတူ လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုမှု ပုံစံအားလုံးကို တားမြစ်ထားသည့် ကျင့်ထုံးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ထောက်ခံအားပေးခြင်းနှင့် လိုက်နာခြင်းတို့ကို ပံ့ပိုးပေးပြီး အစီရင်ခံခြင်းနှင့် တိုင်ကြားမှု ယန္တရားများသည် ရှင်သန်လွတ်မြောက်သူဗဟိုပြုမှုဖြစ်ကြောင်း သေချာစေပါ။ | ✔ | ✔ | ✔ |
| GBV အရေးပေါ်ကြိုတင်ပြင်ဆင်မှုဗျူဟာများတွင် အန္တရာယ်လျော့ချရေး လုပ်ငန်းများကို ပေါင်းစပ်ထည့်သွင်းပါ။ | ✔ | | |

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအေဂျင်စီများသည် “၎င်းတို့ရှိနေခြင်းနှင့် အကူအညီများပံ့ပိုးပေးခြင်းတွင် အမှတ်မထင်ပြုလုပ်မိနိုင်သည့် အန္တရာယ်များကို အနိမ့်ဆုံး လျှော့ချနိုင်ရန်” လိုအပ်ပါသည်။ IASC GBV ၏ လမ်းညွှန်ချက် များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင် အန္တရာယ်များကို မည်ကဲ့သို့လျှော့ချရမည်ကို ကဏ္ဍအလိုက် လက်တွေ့ကျသော အကြံပြုချက်များကို ပေးသည်။

ဘေးအန္တရာယ် လျော့ပါးသက်သာရေး (risk mitigation) နည်းလမ်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း အပါအဝင်၊ အရေးပေါ်အခြေအနေနှင့် အရေးပေါ်အခြေအနေများ ကျော်လွန်ပြီးနောက်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသည့် GBV ၏ အန္တရာယ်များကို လျှော့ချရန်  နှင့် အကြမ်းဖက်မှု ခံရသည့် သူများအပေါ် နောက်ထပ် အန္တရာယ်များ မဖြစ်စေရန် ကာကွယ်ပေးရန်ကို အလေးပေးထားသည်။[၂၃၂] အရေးပေါ် အခြေအနေများတွင် အကြမ်းဖက်မှုများ မဖြစ်ပွား စေရန်၊ တားဆီးကာကွယ်ရာတွင် စိန်ခေါ်မှုများ ရှိသော် လည်း၊ အမျိုးသမီးများနှင့် မိန်းကလေးများ ကြုံတွေ့နေရသည့် အန္တရာယ်များကို လျှော့ချရန် အစီအမံများ ချမှတ်နိုင်သည်။ GBV လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အခြားသော လူသားချင်း စာနာထောက်ထားမှု အဖွဲ့များ၊ အာဏာပိုင်များနှင့် ရပ်ရွာအဖွဲ့ဝင်များမှ လုပ်ဆောင်ရန် စည်းရုံးလှုံ့ဆော်ပေးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။

**GBV တားဆီးကာကွယ်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာရေး**

**တားဆီးကာကွယ်ခြင်းသည် ယေဘူယျအားဖြင့် GBV မဖြစ်ပွါးမီ ရပ်တန့်ရန် လုပ်ဆောင်ခြင်း** (ဥပမာ၊ ကျား-မတန်းတူညီမျှမှုကို မြှင့်တင် ခြင်း၊ (သို့မဟုတ်) ရပ်ရွာလူထုများနှင့် ပူးပေါင်းဆောင်ရွက်၍ GBVကိုဖြစ်စေသော အလေ့ထများကို ကိုင်တွယ်ဖြေရှင်းခြင်း။ စံနှုန်း ၁၃ - စနစ်များနှင့်  စံသတ်မှတ်ချက်ပြုပြင်ပြောင်းလဲခြင်း ကိုကြည့်ပါ။

**ဘေးအန္တရာယ်လျော့ပါးသက်သာရေး ဆိုသည်မှာ GBV နှင့်ထိတွေ့နိုင်ခြေကို လျှော့ချခြင်းအား ရည်ညွှန်းသည်** (ဥပမာ၊ အစီရင်ခံလာသော “အန္တရာယ်ဇုံ hot spots” များကို အန္တရာယ် လျော့ပါးသက်သာရေး ဗျူဟာများမှတစ်ဆင့် ချက်ချင်းဖြေရှင်းကြောင်း သေချာစေရေး၊ သို့မဟုတ် လုံလောက်သောအလင်းရောင်နှင့် ရွှေ့ပြောင်းစခန်းများ တည်ထောင်ချိန်မှစပြီး လုံခြုံရေးကင်းလှည့်မှုများ ရှိလာစေရန်၊ ) လူသားချင်းစာနာထောက်ထားမှုတုံ့ပြန်ရေး ဆောင်ရွက်နေသည့် ကဏ္ဍအားလုံးသည် မရှိမဖြစ်လိုအပ်သော တားဆီးကာကွယ်ရေးနှင့် အန္တရာယ် လျော့ပါးသက်သာရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်သင့်သည်။

Source: IASC 2015a, p. 1.

GBV လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် အခြားသောအကာကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်သော အဖွဲ့အစည်းများ သည်ဖော်ထုတ်ရရှိသော အန္တရာယ်များနှင့် အတားအဆီးများကို စုပေါင်းဖြေရှင်းပါက၊ ဘေးကင်းပြီး တန်းတူညီမျှသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူညီများတုံ့ပြန်မှုစသော အကျိုးကျေးဇူးကို ရရှိစေပါသည်။ GBV အန္တရာယ်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်းများ ကို  Protectionနှင့်ဆိုင်သော စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထည့်သွင်းလုပ်ဆောင်မှုများအပြင် ၊အဖွဲ့အစည်းများမှ မသန်စွမ်းမှု၊ မတူကွဲပြားသော လိင်စိတ်တိမ်းညွတ်မှုနှင့် ကျား-မရေးရာ ဝိသေသခံယူချက်ကွဲပြားသူများ၏ အခွင့်အရေးများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ အသက်ကြီးသူများ ကိုထည့်သွင်းစဉ်စားခြင်း၊ စသောကိစ္စများကိုကိုင်တွယ်ဖြေရှင်းပေးသည့် အဖွဲ့အစည်းများမှ ခွဲခြမ်းစိတ်ဖြာသုံးသပ်ရပါမည်။

ထို့အပြင်၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း (PSEA)မှ အကာအကွယ်ပေးခြင်း  သည် စီမံခန့်ခွဲမှု၊ လုပ်ငန်း ဆောင်ရွက်မှု၊ လူသားအရင်းအမြစ်နှင့် စီမံကိန်းကဏ္ဍများအပါအဝင် အဖွဲ့အစည်းတစ်ခုလုံး၏ တာဝန်ဖြစ်သည်။ အစီအစဥ်ရေးဆွဲဆောင်ရွက်ခြင်းနှင့်ပတ်သက်၍၊ ကဏ္ဍအားလုံးတွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုအန္တရာယ်များကို လျော့နည်းစေသည့်နည်းလမ်းဖြင့် ကြားဝင်ဆောင်ရွက်ပေးမှုများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပြီး PSEA နှင့်အခြား GBV အမျိုးအစားများမှ ရှင်သန်လွတ်မြောက်သူများကို သင့်လျော်သောစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများထံ ချိတ်ဆက်ပေးမှုဖြင့် ကူညီနိုင်သည်။

သတ်မှတ်ထားသောကဏ္ဍတစ်ခုအတွင်း GBV ပေါင်းစည်းမှု ထိရောက်မှုစေရန်အတွက်၊ လုပ်ငန်းဆောင်တာများတွင် မိမိတို့ကဏ္ဍအလိုက် လုပ်ဆောင်ရမည်ဖြစ်သည်။ PSEA ကဲ့သို့ပင်၊ GBV ပေါင်းစည်းမှုသည် GBV ကျွမ်းကျင်သူများ၏ တစ်ဦးတည်း သီးသန့် တာဝန်မဟုတ်ဘဲ ကဏ္ဍတစ်ခုချင်းစီနှင့် ၎င်း၏ဝန်ထမ်းများ၏ တာဝန်များဖြစ်ကြသည်။ ၎င်းတို့၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများရှိသည် (သို့သော်) GBV ဆိုင်ရာကျွမ်းကျင်သူများသည် GBV အန္တရာယ်လျော့ပါးသက်သာစေရေးကို ၎င်းတို့၏လုပ်ငန်းတွင် ပေါင်းစပ်ဆောင်ရွက်ရန် **အခြားကဏ္ဍများကို နည်းပညာပိုင်းဆိုင်ရာပံ့ပိုးရာတွင်** အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။[၂၃၃] ကဏ္ဍအသီးသီးနှင့် အစုအဖွဲ့များသည် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများကို ထုတ်ပြန်ခြင်းဖြင့် GBV ဆိုင်ရာအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ခိုင်မာသော ဦးဆောင်မှုကို ပြသခဲ့ကြသည်။[၂၃၄]

အခြားကဏ္ဍများတွင် GBV ပေါင်းစည်းမှုကို ပံ့ပိုးရာ၌ GBV ဆိုင်ရာ ကျွမ်းကျင်သူများက အတိုင်ပင်အကြံပေးရေး အခန်းကဏ္ဍကပါဝင်ပါသည်။ [၂၃၅]

- IASC GBV ၏ လမ်းညွှန်ချက်များကို လိုက်လျောညီထွေမှုရှိရန် နှင့် ကျင့်သုံးရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်း။
- ရရှိနိုင်သော GBV ဝန်ဆောင်မှုများနှင့် လွှဲပြောင်းညွှန်းပို့ပေးသည့် လုပ်ငန်းစဉ်များတွင် တိကျပြီး လက်လှမ်းမီနိုင်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်း။

- GBVဝန်ဆောင်မှုပေးခြင်းမရှိသော အဖွဲ့ အစည်း များ/ အစုအဖွဲ့များကို ၎င်းတို့ပတ်ဝန်းကျင်ရှိ GBV ဆိုင်ရာ အန္တရာယ်များကို ဘေးကင်းလုံခြုံပြီး၊ ကျင့်ဝတ်နှင့် အညီ ခွဲခြမ်းစိတ်ဖြာမှုပြုလုပ် နိုင်စေရန်အတွက်၊ ရရှိနိုင်သော သတင်းအချက်အလက်နှင့် ဒေတာအချက်အလက်များကို အသက်အရွယ်၊ ကျား-မနှင့် မတူကွဲပြားမှု ရှုထောင့်ကို အသုံးပြု ပံ့ပိုးကူညီခြင်း။
- GBV အန္တရာယ်လျော့ပါးသက်သာစေရန် အခြားကဏ္ဍများ၏ ညှိနှိုင်းဆောင်ရွက်မှုများနှင့်စီမံကိန်းလုပ်ဆောင်ချက်များ တွင် နည်းပညာဆိုင်ရာ အကြံပေးခြင်း။ ၎င်းတွင် ထိခိုက်ခံစားရသည့် လူမှုအသိုင်းအဝိုင်းများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအားမည်သို့ လုံခြုံစွာ တိုင်ပင်ဆွေးနွေးနိုင်ကြောင်း၊ ဝန်ဆောင်မှုများလက်လှမ်းမီခြင်း အတွက် အတားအဆီးများအပြင်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များမှကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း နှင့်အလွဲသုံးစားမှုတို့အပါအဝင် ၎င်းတို့တွင်ရှိနိုင်သည့် ဘေးကင်း ရေးဆိုင်ရာ စိုးရိမ်မှုများ၊ တို့ပါဝင်သည်။ [၂၃၆] GBVလုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များအားလုံးသည် အသိပေးသဘောတူခွင့်ပြုချက် အပေါ်အခြေခံ၍ ရှင်သန်လွတ်မြောက်သူများအား လက်ရှိတိုင်ကြားမှု လုပ်ထုံးလုပ်နည်းများသို့မည်သို့ လွှဲပြောင်းညွှန်းပို့ရမည် ကိုသိထားသင့်သည်။[၂၃၇]

**GBVဝန်ထမ်းများအပေါ်လူသားချင်းစာနာထောက်ထားမှုကဏ္ဍတစ်ခုစီချင်းတွင် အထူးပြု အသိပညာရှိစေရန် မမျှော်လင့်ပါ။** GBV အထူးပြုအဖွဲ့အစည်းများမှ အကြံပြုချက်များသည် သက်ဆိုင်ရာကဏ္ဍအလိုက် တုံ့ပြန်မှုများအတွင်း ဖြစ်နိုင်ချေရှိပြီးကိုက်ညီကြောင်း သေချာစေရန်အတွက် GBV အန္တရာယ် လျှော့ချရေး ဗျူဟာများကို မတူညီသော ကဏ္ဍအလိုက် တုံ့ပြန်မှု များတွင် ပေါင်းစပ်ရန် ကြိုးပမ်းမှုများကို ကဏ္ဍအလိုက် အဖွဲ့အစည်းများက ဦးဆောင်သင့်သည်။
Source: IASC 2015a, p. 43.

အမျိုးသမီးများနှင့် မိန်းကလေးများနှင့်တိုင်ပင်ဆွေးနွေးပြီး စီစဉ်လုပ်ဆောင်ထားခြင်းမရှိသည့် စီမံကိန်းများ၊၎င်းတို့ ပါဝင်မှု မရှိသော လုပ်ငန်းအကောင်အထည်ဖော်ခြင်း သို့မဟုတ် စောင့်ကြည့်လေ့လာခြင်း မရှိသော စီမံကိန်းများတွင် ထိုအမျိုးသမီးများနှင့် မိန်းကလေးများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို မကြာခဏ တိုးပွားစေပါသည်။[၂၃၈] **အမျိုးသမီးများနှင့် မိန်းကလေးများသည် အဆိုပါ အန္တရာယ်များ အကြောင်းကို အကောင်းဆုံး အချက်အလက် ပေးနိုင်သည့် အရင်းအမြစ်များဖြစ်သည်။** မသန်စွမ်းသူများနှင့် အခြားသူများ အပါအဝင် (နိဒါန်းကို ကြည့်ပါ) အသက်အရွယ်အမျိုးမျိုးနှင့် မတူညီသောနောက်ခံအမျိုးမျိုးရှိသည့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် တက်ကြွစွာ အတူအကွလုပ်ဆောင်မှုရှိရန်နှင့်၊ ၎င်းတို့ကို အန္တရာယ်ဖြစ်စေသော အခြေအနေများကိုသိရှိရန်၊ ၎င်းတို့အား ဘေးအန္တရာယ် သို့မဟုတ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ဆွေးနွေးလုပ်ဆောင်ရန် လိုအပ်ပါသည်။အမျိုးသမီးများ နှင့် မိန်းကလေးငယ်များသည် ၎င်းတို့ လက်လှမ်းမီ ရရှိသော ဝန်ဆောင်မှုများနှင့်ပတ်သက်၍သော်၎င်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း စသော အကြောင်းအရာ များနှင့် ပတ်သက်၍ အကြံပြုချက်များကို လျှို့ဝှက်စွာ အစီရင်ခံတိုင်ကြားနိုင်ရန် တုံ့ပြန်အကြံပြုသည့်စနစ်များ ရှိသင့်သည်။[၂၃၉] အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ အခြားလူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များအား အန္တရာယ်လျှော့ချရေး ဗျူဟာများကို ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးကူညီသင့်သည်။

အရေးပေါ်အခြေအနေများတွင် ရပ်ရွာလူထုထံ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများသည် ဝန်ဆောင်မှုများထံသို့ အချိန်နှင့်တစ်ပြေးညီ လုံခြုံစွာလက်လှမ်းမီ ဝင်ရောက်နိုင်မှုကို တိုးမြင့်လာစေနိုင်ပြီး GBV၏အန္တရာယ်များကို လျော့ပါးစေနိုင်ပါသည်။[၂၄၀] အရေးပေါ်အဆင့်တွင် အာရုံစိုက်သင့်သည့် ရပ်ရွာဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ သတင်းစကားသတင်းစကားများနှင့် လုပ်ဆောင်ချက်များမှာ

- ရှင်သန်လွတ်မြောက်သူများသည် အကူအညီရရှိမည့်နေရာကို သိရန်လိုအပ်သောကြောင့်၊ အထူးသဖြင့် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို အချိန်နှင့်တပြေးညီလက်လှမ်းမီမှု ရှိရန်။
- အမျိုးသမီးများနှင့် မိန်းကလေးများ၏ GBV ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ရန်၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စသော လုပ်ငန်းစဉ်ဆောင်ရွက်မှုများ။:

## အညွှန်းကိန်းများ

- GBV focal pointနှင့်အတူ လက်ရှိလုပ်ဆောင်နေကြသော ကလပ်စတာ အစုအဖွဲ့များ၏ ရာခိုင်နှုန်း။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအစီအစဉ်များနှင့် ဒုက္ခသည်ဆိုင်ရာတုံ့ပြန်မှုအစီအစဉ်များအားလုံးတွင် GBV အန္တရာယ်လျော့ပါးသက်သာစေရေး ဆောင်ရွက်ချက်များ ပါဝင်သည်။
- ဘေးကင်းလုံခြုံရေးဆိုင်ရာ စစ်ဆေးအကဲဖြတ်မှု( safety audits)များ ပြုလုပ်သည့် အရေအတွက် နှင့် ၎င်းတို့အား ခြေရာခံ ထားရှိသည့်အရေအတွက်။
- GBV အန္တရာယ်များအကြောင်း နှင့် ဝန်ဆောင်မှု/ပံ့ပိုးမှု မည်သို့ရှာဖွေရမည်အပေါ် အသိပညာတိုးလာသည်ဟု အစီရင်ခံထားသော စစ်တမ်း ကောက်ယူခဲ့သည့် ရပ်ရွာအဖွဲ့ဝင်များ၏ ရာခိုင်နှုန်း။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသူများသည် တိုင်ကြားချက်ကို လွှဲပြောင်းညွှန်းပို့မှု ပုံစံများ အပါအဝင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများကို တုံ့ပြန်နိုင်သည့် ရပ်ရွာအခြေပြုတုံ့ပြန်ချက်နှင့် တိုင်ကြားမှု ယန္တရားများကို ထားရှိထားပါသည်။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ အမျိုးသမီးများနှင့် မိန်းကလေးများ အပေါ်ကျရောက်နိုင်သည့် ဘေးအန္တရာယ် အမျိုးအစားများနှင့် လျော့ပါးသက်သာစေရေး ဗျူဟာများ

အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ ဘဝကဏ္ဍအသီးသီးတွင် GBV အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အတွင်း အဆိုပါ အန္တရာယ်များကို လျော့ပါးသက်သာစေရေး လုပ်ဆောင်ရန် တာဝန်ရှိပါသည်။[၂၄၁] ဖြစ်ရပ်အများစုတွင်၊ လူသားချင်း စာနာထောက်ထားမှု အေဂျင်စီများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့်၊ ၎င်းတို့ကြုံတွေ့ရနိုင်သည့် အန္တရာယ်များ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများ အပါအဝင် အန္တရာယ်နှင့် ထိတွေ့မှုကို လျှော့ချနိုင်သည်။ အောက်ပါဇယားသည် ဖြစ်နိုင်ချေရှိသော အန္တရာယ်များနှင့် လျော့ပါးသက်သာရေး နည်းလမ်းများကို မီးမောင်းထိုးပြပါသည်။ မဟာဗျူဟာများကို လိုအပ်ပါက GBV ကျွမ်းကျင်သူများထံမှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနှင့်အတူ ရပ်ရွာလူထုပူပေါင်းပါဝင်မှု အပါအဝင် သက်ဆိုင်ရာကဏ္ဍမှ ဦးဆောင်ရမည်။ (စံနှုန်း ၂ အမျိုးသမီးများနှင့် မိန်းကလေးများ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ကိုကြည့်ပါ)။ GBV-အထူးပြုအဖွဲ့အစည်းများအနေဖြင့် အဆိုပါ အန္တရာယ်များကို လျော့ပါးသက်သာစေရန် တာဝန်ရှိသည့် ကဏ္ဍများနှင့် စည်းရုံးလှုံ့ဆော်မှုများကို အသိပေးရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်များကို သတိပြုရပါမည်။

**အန္တရာယ်၏ အဓိကအမျိုးအစားများ တွင်ကန့်သတ်ထားခြင်းမရှိသော်လည်း အောက်ပါတို့ပါဝင်သည်။[၂၄၂]**

| အန္တရာယ်အမျိုးအစားများ | ဖြစ်နိုင်ခြေရှိသောအန္တရာယ်များ | ဖြစ်နိုင်ချေရှိသော အန္တရာယ်လျော့ပါးသက်ရေး ဗျူဟာများ |
| --- | --- | --- |
| **နေထိုင်သည့်နေရာနှင့် ရုပ်ပိုင်းဆိုင်ရာ စခန်း/ နေရာဒေသ အပြင်အဆင်** | • အများနှင့်သက်ဆိုင်သည့် နေရာများတွင် အလင်းရောင်မရှိခြင်း။<br>• မိသားစုများ / တစ်ဦးတည်းဖြစ်နေသူများ အများအပြားသည် အမိုးအကာတစ်ခုတည်းတွင် ဝေမျှနေထိုင်ကြရပြီး၊ သီးသန့်နေထိုင်ရခြင်း မရှိခြင်း။<br>• နေထိုင်သည့် နေရာများသည် စမ်းချောင်းနှင့်/သို့မဟုတ် ချုံပုတ်များနှင့်နီးခြင်း။<br>• အိမ်သာများသည် နေထိုင်သည့် နေရာများနှင့် ဝေးကွာပြီး ချုံပုတ်/စမ်းချောင်းများအနီးတွင် ရှိခြင်း။<br>• အိမ်သာများကို ပလပ်စတစ်ဖြင့် ပြုလုပ်ထားပြီး သော့ခလောက်များ မရှိသည့်အပြင် ကျား၊မ ခွဲမထားခြင်း။<br>• ရေရရှိသည့်နေရာများသည် သီးခြား သို့မဟုတ် အဝေးတစ်နေရာတွင် ရှိခြင်း။<br>• မိန်းကလေးများသည် ကျောင်းတက်ရန် သွားသည့်အခါ ဈေးနှင့် ချုံပုတ်များကို ဖြတ်သန်းရခြင်း။ | • အရေးပေါ်အခြေအနေတွင်လုံခြုံရေးကို အလေးထားပြီး ကျား-မရေးရာ ထည့်သွင်းစဉ်းစားမှုရှိသော အမိုးအကာများကို စီစဉ်ပြီး၊ အဖွဲ့အစည်းအချင်းချင်း ခိုင်မာသော ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု နှင့် ရပ်ရွာလူထုများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။<br>• ဘေးကင်းလုံခြုံရေးဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု များကို မကြာခဏဆောင်ရွက်ခြင်း နှင့် တာဝန်ရှိသည့် အဖွဲ့များနှင့် ပူးတွဲပြီး အကဲဖြစ်စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ တွေ့ရှိချက်များအပေါ် ခိုင်မာသည့် နောက်ဆက်တွဲဆောင်ရွက်မှုများလုပ်ဆောင်ခြင်း။<br>• ရုပ်ပိုင်းဆိုင်ရာနေရာချထားမှုနှင့် ရေရရှိသည့် နေရာများ အတွက် ဒီဇိုင်းရေးဆွဲခြင်းကို ၊ မိန်းကလေး၊ အမျိုးသမီးများနှင့် ဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ခြင်း။<br>• သန့်ရှင်းရေးနှင့်ဆိုင်သော အဆောက်အဦးများ နှင့် ရေချပ်သွားရာ လမ်းများတွင် အလင်းရောင် ထားရှိမှု။<br>• ကျား၊မ ခွဲခြားထားသော အိမ်သာများနှင့် ရေချိုးခန်းများ။<br>• အဆောက်အအုံများ၊ အိမ်သာများနှင့် ရေချိုးခန်းများ တွင် သော့ခတ်နိုင်သည့် တံခါးများ တပ်ဆင်ထားရှိခြင်း။<br>• ဝန်ဆောင်မှုများ နေရာချထားခြင်း နှင့်ပေးအပ်ခြင်း၊ GBV နှင့်သက်ဆိုင်သည့်အရာများ အပါအဝင် အန္တရာယ်အကဲဖြတ်မှုများကို အမျိုးသမီးများနှင့်မိန်းကလေးများ နှင့်ဆွေးနွေး ဆောင်ရွက်ခြင်း။<br>• ထင်း/ရေ ရရှိသည့်နေရာများတွင် စောင့်ကြည့်ပေးခြင်း သို့မဟုတ်အဖွဲ့လိုက် သွားရောက် စုဆောင်းခြင်း။ |

| အန္တရာယ်အမျိုးအစား များ | ဖြစ်နိုင်ခြေရှိသောအန္တရာယ်များ | ဖြစ်နိုင်ချေရှိသော အန္တရာယ်လျော့ပါးသက်ရေး ဗျူဟာများ |
|---|---|---|
| **လုံလောက်သောအကူ အညီများ မပြည့်မီသေးသော လိုအပ်ချက်များ (unmet needs)** | • ထင်းမရှိပါက အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လုံခြုံမှုမရှိသော ဝေးလွန်းသောနေရာများသို့ သွားကြရခြင်း။<br>• ရေချိုးရန် အထောက်အကူပစ္စည်းများ မရှိပါက စမ်းချောင်းထဲတွင် ရေချိုးကြရပြီး တစ်ကိုယ်ရေ သန့်ရှင်းမှုစိုးရိမ်စရာများနှင့် လည်းသက်ဆိုင်ပါသည်။<br>• ရေအရင်းအမြစ် လုံလောက်မှုမရှိသည့် နေရာများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ရေခပ်ရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေကြရ ပြီး ရုပ်ပိုင်းဆိုင်ရာ စော်ကားမှု အန္တရာယ်များ ပိုများလာစေသည်။<br>• ဓမ္မတာနှင့်ဆိုင်သော တစ်ကိုယ်ရေသန့်ရှင်းမှု ပစ္စည်းများ မရရှိခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဓမ္မတာလာချိန်အတွင်း နေထိုင်သည့်နေရာများမှ အဝေးသို့ပုန်းရှောင် နေရစေခြင်းသည် ၎င်းတို့ကိုထိခိုက်လွယ်စေပြီး ထိပါးစော်ကားမှု ဖြစ်စေခြင်းနှင့် ပညာရေး၊ ဝန်ဆောင်မှုများကို လက်လှမ်းမမီနိုင်ခြင်း၊ လူမှုဘဝတွင် ပါဝင်ဆောင်ရွက်ခွင့် မရခြင်းတို့ ဖြစ်ပေါ်စေသည်။<br>• အစားအစာမဟုတ်သောပစ္စည်းများမရှိခြင်း (non-food items) ကြောင့် လိုအပ်သည့်အရာများ အတွက် လဲလှယ်မှုများပြုလုပ်ရသည့်အခါ ခေါင်းပုံဖြတ်ခြင်းဆီသို့ ဦးတည်ပါသည်။ | • လောင်စာစုဆောင်းခြင်းနှင့် အခြားလုပ်ဆောင်မှုများတွင် လုံခြုံမှုမရှိ သို့မဟုတ် မတည်ငြိမ်သောနေရာများတွင် ရွေ့လျားသွားလာရသည့် အခါ ဆက်စပ်အန္တရာယ်များကို သေချာစွာ ဖော်ထုတ်ပြီး စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန် အထူးထည့်သွင်းစဥ်းစားသင့်ပါသည်။<br>• အရေးပေါ်အခြေအနေစတင်ချိန်မှ စတင်၍ အခြားစွမ်းအင်ဆိုင်ရာ ရွေးချယ်စရာ အရင်းမြစ်များကို ရှာဖွေဖော်ထုတ်ခြင်း။<br>• အမျိုးသမီးများနှင့် မိန်းကလေးများတို့နှင့် ဆွေးနွေးမှုများအပေါ် အခြေခံ၍ Dignity kit များစုဆောင်းခြင်းနှင့် ဖြန့်ဝေ ခြင်း၊<br>• အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများအတွက် ရိက္ခာခွဲတမ်းကတ်များ ပေးထားခြင်း။<br>• လောင်စာဆီ သို့မဟုတ် ဆီစားသက်သာသော မီးဖိုများ ဖြန့်ဝေခြင်း။<br>• ငွေသားနှင့် ဘောက်ချာအကူအညီ (စံနှုန်း ၁၁-- Dignity Kits၊ ငွေသားနှင့်ဘောက်ချာအကူအညီ ကိုကြည့်ပါ)<br>• လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုဆိုင်ရာ နှင့် ပတ်သက်၍ ဝန်ထမ်းများအတွက် ကျင့်ဝတ်များ၊ လေ့ကျင့်မှုသင်တန်းများနှင့် တာဝန်ခံမှု ယန္တရားများ။ |
| **ဝန်ဆောင်မှုပေးအပ် ခြင်း** | • ဖြန့်ဝေခြင်းလုပ်ဆောင်သူနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးသည် အမျိုးသားများဖြစ်ကြပြီး ကောင်းစွာလေ့ကျင့်သင်ကြားထားခြင်း မရှိခြင်း။<br>• ဝန်ဆောင်မှုပေးသည့်နေရာနှင့် အကွာအဝေး နှင့် ၎င်း၏တည်နေရာ။<br>• နေရာချထားရေး အပိုင်းများတွင် အမျိုးသမီးရဲများအပါအဝင် ညဘက်တွင် ရဲတပ်ဖွဲ့ဝင်များ ရှိမှုကို ကန့်သတ်ထားခြင်း သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ မရှိခြင်း၊<br>• ဖော်ထုတ်ထားသော အန္တရာယ်များအနီးတွင်ရှိနေသည် ဝန်ဆောင်မှုပေးရာ ရုံးများ။ | • ဖြန့်ဝေမှုများနှင့် ဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများကြားတွင် လေ့ကျင့်သင်ကြားထားသော အမျိုးသမီးဝန်ထမ်းများ သေချာစွာ ရှိနေစေခြင်း။<br>• မသန်စွမ်းသူများ၊ မိန်းကလေး ဦးဆောင်သော အိမ်ထောင်စုများ၊ အသက်ကြီးသော အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်/နို့တိုက်မိခင်များ၊ မိခင်တစ်ဦးတည်းဖြစ်သော အိမ်ထောင်စုများ စသည်တို့အပါအဝင် GBV ဖြစ်နိုင်ခြေပိုများသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အထူးလုပ်ထုံးလုပ်နည်းများ။<br>• ဖြန့်ဝေရေးဆိုင်ရာဝန်ထမ်းများအတွက် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် ပတ်သက်၍ ပြတ်ပြတ်သားသား ဖော်ပြထားသော ကျင့်ထုံးများ၊ ပြဋ္ဌာန်းထားသည့်ယန္တရားများဖြင့် လျှို့ဝှက်အစီရင်ခံခြင်းစနစ်များ၊<br>• ထိခိုက်နစ်နာမှုမရှိစေရေး သေချာရန်အတွက်လုပ်ငန်းများကို ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာစစ်ဆေးခြင်း။<br>• ပြန်လည်စိတ်ဒဏ်ရာရခြင်းကိုရှောင်ရှားရန် အရည်အသွေးရှိသည့်ဝန်ဆောင်မှုများနှင့် လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်များကို သေချာစေခြင်း။ |
| **သတင်းအချက် အလက်နှင့် ပူးပေါင်းပါဝင်ခြင်း** | • တိုင်ပင်ဆွေးနွေးမှုမရှိခြင်းသည် နေထိုင်သည့်နေရာနှင့် ဝေးကွာသောနေရာများတွင် အိမ်သာများ တည်ဆောက်ခြင်း၊ ရေရရှိသည့်နေရာမလုံလောက်ခြင်း၊ ရေချိုးရန် အထောက်အကူပြုပစ္စည်းများနှင့် ဓမ္မတာဆိုင်ရာသန့်ရှင်းရေးပစ္စည်းများ မလုံလောက်ခြင်း ကိုဖြစ်စေခြင်း။<br>• ရိက္ခာအမျိုးအစားနှင့် ပမာဏအပေါ် တိုင်ပင်ဆွေးနွေးမှု မရှိခြင်းသည် အစားအစာများ ရရှိရန် အန္တရာယ်ရှိသော အပြုအမူများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ပိုမိုပါဝင်လာစေခြင်း။<br>• အခမဲ့ပေးထားသည့်ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်များ မရရှိခြင်းသည် ဝန်ဆောင်မှုပေးသူများမှကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်းများကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့စေနိုင်သည်။ | • အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတွင် ပါဝင်ဆွေးနွေးခြင်း။ (စံနှုန်း - ၂ ကိုကြည့်ပါ)<br>• ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပါဝင်မှုကို မြှင့်တင်ရန် ရပ်ရွာခေါင်းဆောင်များနှင့် လက်တွဲလုပ်ဆောင်ခြင်း။<br>• အမျိုးသမီးနှင့် အမျိုးသား၊ ရပ်ရွာခေါင်းဆောင်များနှင့် စခန်းကော်မတီဝင်များကို သင်တန်းပေးခြင်း နှင့် စွမ်းရည်မြှင့်တင်ပေးခြင်း။<br>• ရပ်ရွာလူထုဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် အမျိုးသမီးအုပ်စုအဖွဲ့များနှင့် ခေါင်းဆောင်များ ပါဝင်ခြင်း။<br>• လုံခြုံရေးကဏ္ဍမှ ပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုတွေ့ဆုံပွဲများ။<br>• လျှို့ဝှက်စွာအသုံးပြုနိုင်သော အစီရင်ခံတိုင်ကြားမှု ယန္တရားများ တည်ထောင်ခြင်း။ |

## ၂။ အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် အန္တရာယ်များကို အကဲဖြတ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အကာအကွယ်ဆိုင်ရာအန္တရာယ်များကို အကဲဖြတ်ရန် လမ်းညွှန်ကိရိယာများစွာ[၂၄၃] ရရှိနိုင်ပြီး ၎င်းတို့အားလုံးကို GBV-သီးသန့် အကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုနိုင်သည့်အပြင် ကဏ္ဍဆိုင်ရာ ကျွမ်းကျင် သူများနှင့် ပူးပေါင်းကာ (စံနှုန်း ၁၆ - အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် ဆန်းစစ်ခြင်းကိုလည်း ကြည့်ပါ) အသုံးပြုနိုင်သည်။ ၎င်းတို့ထဲမှ အချို့မှာ အောက်ပါ အတိုင်း ဖြစ်သည်။

> GBV လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် အခြားကဏ္ဍများအကြား ပူးတွဲအကဲဖြတ်ဆန်းစစ်မှုများ ပြုလုပ်ခြင်းသည် ထိရောက်မှုရှိသည့်အလေ့အကျင့်ကောင်းတစ်ခုဖြစ်သည်။

**က။ ဘေးကင်းလုံခြုံမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း (safety audit) -** ဘေးကင်းလုံခြုံမှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း သည် အခြေအနေဆိုင်ရာ အကဲဖြတ်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သည်။ ၎င်းသည် စောင့်ကြည့်လေ့လာခြင်းကိရိယာတစ်ခုဖြစ်ပြီး စခန်း သို့မဟုတ် နေရာ ပတ်ဝန်းကျင်ရှိ မြင်နိုင်သော အန္တရာယ်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ရန် ကူညီပေးသည်။ ၎င်းတွင် သင့်လျော်ပါက ပတ်ဝန်းကျင်တွင် လမ်းလျှောက်ကြည့်ရှုခြင်းနှင့် ကြိုတင်ရွေးချယ်ထားသော အညွှန်းကိန်းများနှင့် ရှိနေသည့် အခြေအနေများကို နှိုင်းယှဉ်ခြင်းတို့ပါဝင်သည်။ ၎င်းနည်းလမ်းကို ပုံမှန် (နေ့စဉ်၊ အပတ်စဉ် စသည်ဖြင့်) အသုံးပြုနိုင်သည့်အတွက် အပြောင်းအလဲများနှင့် အန္တရာယ်အသစ်များကို ဖော်ထုတ်နိုင်ပြီး အန္တရာယ်လျော့ပါးသက်သာရေး ကြိုးပမ်းမှုများကို ခြေရာခံနိုင်ပါသည်။

**ခ။ ဦးတည်အုပ်စုများနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်း FGD -** ၎င်းသည် ဘေးကင်းရေးနှင့် အခြေခံလိုအပ်ချက်များအပါအဝင် အဓိကအကြောင်းအရာများကို အလေးပေးလုပ်ဆောင်နိုင်သည်။ ဦးတည်အုပ်စုများနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်း (FGD) များတွင် တူညီသော နောက်ခံအကြောင်းအရာရှိသည့် (ဥပမာ- ကျား၊ မ၊ အသက်၊ လူမျိုး) များကိုထည့်သွင်းပြီး အုပ်စုငယ်တစ်ခုတွင် (လူ ၁၀ ယောက်မှ ၁၂ ယောက်ထိ) ပါဝင်ပြီး၊ အဓိကစိုးရိမ်မှုအပေါ် လူထုအသိုင်းအဝိုင်း၏ ခံယူချက်ဆိုင်ရာ ယေဘုယျသဘောအမြင်ကို သိရှိနိုင်ရန် ကူညီပေးသည်။ ဦးတည်အုပ်စုများနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်း(FGD) များတွင် ကိုယ်ရေးကိုယ်တာဆိုင်ရာ GBVကိစ္စများ အတွက် မသင့်လျော်သော်လည်း လုံခြုံရေးကာကွယ်ရေးနှင့် သက်ဆိုင်သည့် အုပ်စုတစ်စု၏ စိုးရိမ်ပူပန်မှုများကို ရှာဖွေ ဖော်ထုတ်ရာတွင် အသုံးပြုနိုင်သည်။

**ဂ။ ရပ်ရွာလူမှုအသိုက်အဝန်းမြေပုံ (community mapping) -** ရပ်ရွာလူမှုအသိုက်အဝန်းမြေပုံ သည် qualitative data ကို စုဆောင်းရန်အတွက် အထူးကောင်းမွန်သော ကိရိယာတစ်ခုဖြစ်ပြီး အထူးသဖြင့် ခိုင်မာသည့် ယဥ်ကျေးမှုများအတွင်း လုပ်ဆောင်နိုင်သည်။ GBV သီးသန့်ဖြစ်သော အကဲဖြတ်မှုတစ်ခုအတွင်း၊ ဤချဉ်းကပ်မှုကို အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ရရှိနိုင်သော၊ ဝန်ဆောင်မှုများအပေါ် လူမှုအသိုင်းအဝိုင်း၏အသိပညာ (ဥပမာ၊ အရေးအတွက်၊ တည်နေရာနှင့် ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ စောင့်ရှောက်မှု အရည်အသွေး)၊ အမျိုးသမီးများ၊မိန်းကလေးများသည် ထိုဝန်ဆောင်မှုများသို့ လက်လှမ်းမီရန် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ (ဥပမာ၊ သီးသန့်ဖြစ်ခြင်း ၊ အကွာအဝေး၊ ဘေးကင်းမှု) နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် အန္တရာယ်ဖြစ်စေနိုင်သော နေရာဒေသများနှင့် ပတ်သက်၍ ရပ်ရွာလူထု၏ ရှုထောင့်များ (ဥပမာ၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ နှောင့်ယှက်မှု သို့မဟုတ် ခေါင်းပုံဖြတ်ခံရဖွယ်ရှိသည့် အများနှင့်ဆိုင်သောနေရာများ သို့မဟုတ် ဝေးလံခေါင်သီသော နေရာများ) ကို သိရှိနိုင်ရန် ရပ်ရွာလူထု၏အသိပညာကို ပိုမိုကောင်းမွန်စွာအကဲဖြတ်ခြင်းနည်းလမ်းအဖြစ် ဦးတည်အုပ်စုများနှင့် အဖွဲ့လိုက် ဆွေးနွေးခြင်း (FGD) အား ထည့်သွင်းလုပ်ဆောင်နိုင်သည်။

ပြင်းထန်သောလတ်တလော အရေးပေါ်အဆင့်တွင်၊ အန္တရာယ်ဖြစ်စေသော အချက်များသည် စဉ်ဆက်မပြတ် ပြောင်းလဲနေပါသည်။ ထို့ကြောင့်၊ ကနဦးအကဲဖြတ်မှုထက် ကျော်လွန်၍ ကိရိယာများ ပေါင်းစပ်ခြင်းဖြင့် မကြာခဏ အန္တရာယ်များကို ပုံမှန်စောင့်ကြည့် လေ့လာရန် အရေးကြီးပါသည်။ အရေးပေါ်တုံ့ပြန်မှု၏အစတွင်၊ အခြေအနေများ အဆက်မပြတ် ပြောင်းလဲနေသောအခါတွင် အန္တရာယ်များကို တစ်ပတ်တွင်တစ်ကြိမ် သို့မဟုတ် နှစ်ပတ်တွင်တစ်ကြိမ် စောင့်ကြည့်ရန် လိုအပ်နိုင်သော်လည်း အခြေအနေ ပိုမိုတည်ငြိမ်လာသည်နှင့်အမျှ တစ်လလျှင်တစ်ကြိမ် စောင့်ကြည့်ခြင်းသည် လုံလောက်ပါသည်။

## ၃။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးခြင်း

အစီအစဉ်ကဏ္ဍများအားလုံးတွင် GBV အန္တရာယ်လျော့ပါးသက်သာရေးဆောင်ရွက်ချက်များသည် PSEA ကြိုးပမ်းမှုများကို ပိုမိုကျယ်ပြန့်စွာ အထောက်အကူပြုပါသည်။ PSEA သည် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ်၊ စီမံကိန်းကဏ္ဍများနှင့် အခြားအရာများစသောကဏ္ဍများမှလုပ်ဆောင်ရန် လိုအပ်သည့် အေဂျင်စီတစ်ခုလုံး၏ တာဝန်ဖြစ်သည်။ အဖွဲ့အစည်းတိုင်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုအန္တရာယ်များကို အနည်းဆုံးလျှော့ချနိုင်သည့် နည်းလမ်းများဖြင့် ကြားဝင်ဆောင်ရွက်မှုများကို ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ပြီး ၎င်းနှင့် GBV ၏ အခြားပုံစံများမှ ရှင်သန်လွတ်မြောက်သူများကို သင့်လျော်သော စောင့်ရှောက်မှုသို့ ချိတ်ဆက်ရာတွင် ကူညီပေးရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ IASC GBV ၏ လမ်းညွှန်ချက်များသည် ဤရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် ကဏ္ဍအလိုက် လက်တွေ့ကျသောအကြံပြုချက်များကို ပံ့ပိုးပေးပါသည်။ PSEA သည် အေဂျင်စီတစ်ခုစီမှ ကိုင်တွယ်ဖြေရှင်းရမည့် တာဝန်ခံမှုဆိုင်ရာ ကိစ္စ ဖြစ်သော်လည်း၊ ၎င်းတွင် PSEA အား မြှင့်တင်ခြင်းနှင့် စုပေါင်းဖြေရှင်းခြင်းအတွက် အေဂျင်စီများကြားရှိဖွဲ့စည်းပုံများမှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှု တစ်ခုလုံးတွင်လည်း ပါဝင်ပါသည်။[၂၄၄]

လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားမှုမှ ကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက် တွင် ဖော်ပြထားသည့်အတိုင်း[၂၄၅] လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းသည် ကမ္ဘာလုံးဆိုင်ရာ

အသိအမှတ်ပြုထားသော နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် မူဘောင်များကို ချိုးဖောက်ခြင်းဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများကို တားမြစ်ထားသည့် အပြုအမူများဖြစ်သည်။ ၎င်းထိခိုက်နစ်နာမှုများကို ကာကွယ်ရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ လိုက်နာကျင့်သုံးရပါမည်။ အဆိုပါ ထုတ်ပြန်ချက်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများအား အစီရင်ခံတိုင်ကြားခြင်းသည် ကုလသမဂ္ဂ ဝန်ထမ်းအားလုံးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည်ကို ပြဋ္ဌာန်းထားသည်။ အစီရင်ခံတိုင်ကြားချက် အားလုံးကို လျှို့ဝှက်ထားရမည်ဖြစ်ပြီး နိုင်ငံတွင်းရှိကုလသမဂ္ဂအဖွဲ့/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့တစ်ခုစီရှိ မစ်ရှင်အကြီးအကဲမှ တာဝန်ပေးအပ်သည့် ပြည်တွင်း PSEA focal point မှတဆင့် အစီရင်ခံမှုကိုပြုလုပ်ရမည်ဖြစ်သည်။ မန်နေဂျာများနှင့် လူ့စွမ်းအားအရင်းအမြစ် ဆိုင်ရာ ဝန်ထမ်းများသည် UN ဝန်ထမ်းများအားလုံးကို PSEAအကြောင်းလေ့ကျင့်သင်ကြားစေရေး အတွက် တာဝန်ရှိပြီး၊ အစီရင်ခံ တိုင်ကြား ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများထားရှိပြီး ဝန်ထမ်းများသည် သံသယဖြစ်ဖွယ်ဖြစ်ရပ်များကို သတင်းပို့ရန် ၎င်းတို့၏ တစ်ဦးချင်းတာဝန်များကို နားလည်ပြီး ကျင့်ဝတ်စည်းကမ်းကို လက်မှတ်ရေးထိုးထားရမည်။ GBV ဆိုင်ရာ ဝန်ထမ်းများအနေဖြင့် PSEA အစီအမံများအတွက် စည်းရုံးလှုံ့ဆော် မှုတွင်ပါဝင် လုပ်ဆောင်နိုင်သော်လည်း၊ ဌာနတွင်းအစီအမံများ အကောင်အထည်ဖော်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းများကို ကိုင်တွယ်ဖြေရှင်းရန် အေဂျင်စီအချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်များသည် GBV subcluster သို့မဟုတ် အလုပ်အဖွဲ့၏ ပြင်ပလုပ်ဆောင်ချက်များဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတွင်းရှိ ကုလသမဂ္ဂ အဖွဲ့မှ ခန့်အပ်ထားသော PSEA focal point ၏ အဓိကတာဝန်ဖြစ်သည် (စံနှုန်း ၁၅- GBV ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းကိုကြည့်ပါ)။ မဖြစ်မနေသတင်းပို့ အစီရင်ခံတိုင်ကြားမှု လုပ်ထုံးလုပ်နည်း များနှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းစဉ်များ၏ လွတ်လပ်မှု၊ ခိုင်မာမှုနှင့် သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းမှုများကို သေချာစေရန် အတွက် အရေးကြီးပါသည်။[၂၄၆]

GBV တုံ့ပြန်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများသည် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုမှုနှင့် ခေါင်းပုံဖြတ်ခံရခြင်းမှ ရှင်သန်လွတ်မြောက်သူများကို ပံ့ပိုးပေး သည့်အခါ အသိပေးသဘောတူညီချက်ဖြင့်လုပ်ဆောင်ရန်နှင့် ရပ်ရွာအခြေပြုအစီရင်ခံတိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်များကို သတိပြုသင့်သည် (စံနှုန်း ၆ - GBV ဖြစ်ရပ်စီမံခန့်ခွဲမှုကို ကြည့်ပါ)။

# Tools and Resources


GBV Area of Responsibility, 2019. Handbook for Coordinating GBV Interventions in HumanitarianSettings. https://gbvaor.net/.

International Rescue Committee (IRC) (2018a). "Community Mapping Guidance Note," in *Emergency Assessments Tools.* Available from GBV Responders' Network: https://gbvresponders.org/wp-content/uploads/2014/03/Community-Mapping-Guidance-Note-2012-ENG.doc.

___________ (2018e). "Safety Audit Tool," in *Emergency Assessments Tools.* Available from GBV Responders' Network: https://gbvresponders.org/wp-content/uploads/2014/03/Safety-Audit-Tool- Updated-2013-ENG.doc.

Inter-Agency Standing Committee (IASC) (2016). *Best Practice Guide on Establishing Inter-agency Community-based Complaint Mechanisms.* https://interagencystandingcommittee.org/system/files/best_practice_guide_inter_agency_community_based_complaint_mechanisms_1.pdf.

___________ (2015). *Guidelines for Integrating Gender-Based Violence Interventions in HumanitarianAction: Reducing risk, promoting resilience and aiding recovery.* https://gbvguidelines.org/wp/wp- content/uploads/2015/09/2015-IASC-Gender-based-Violence-Guidelines_lo-res.pdf.

IASC Task Team on Accountability to Affected Populations and Protection from Sexual Exploitation and Abuse (2018). *IASC Plan for Accelerating PSEA in Humanitarian Response.* https://interagencystandingcommittee.org/system/files/iasc_plan_for_accelerating_psea_in_humanitarian_response.pdf.

___________ (2016). *IASC Global Standard Operating Procedures on Inter-agency Cooperation in CBCMs.* https://interagencystandingcommittee.org/system/files/global_standard_operating_procedures_on_inter_agency_cooperation_in_cbcms.pdf.

# စံနှုန်း ၁၀ တရားမျှတရေးနှင့် ဥပဒေရေးရာ အထောက်အကူပေးခြင်း

ဥပဒေရေးရာနှင့် တရားမျှတမှုဆိုင်ရာ အခန်းကဏ္ဍ များသည် GBV မှ ရှင်သန်လွတ်မြောက်သူများအား ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်ပေးပြီး ၎င်းတို့အတွက်တရားမျှတမှုရရှိရေးကို မြှင့်တင်ပေးသည့် ဘေးကင်းလုံခြုံမှု ရှိစေသော ရှင်သန် လွတ်မြောက်သူ ဗဟိုပြုဥပဒေရေးရာဝန်ဆောင်မှုများကို ရယူနိုင်ရန် ပံ့ပိုးပေးပါသည်။

GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတမှုရရှိရေးသည် GBV ကို ကဏ္ဍပေါင်းစုံတုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး GBV မဖြစ်အောင် ကာကွယ်တားဆီးခြင်း၏ အရေးကြီးသော ကဏ္ဍတစ်ခုလည်းဖြစ်သည်။ တရားစီရင်မှုကဏ္ဍသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုကို အဆုံးသတ်ရန် အစွမ်းထက်သော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။[၂၄၇] လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွင်း တရားဥပဒေအကာအကွယ်၏ အခြေခံအုတ်မြစ်သော တရားမျှတမှုနှင့် လုံခြုံမှုရရှိရေးသည် ပဋိပက္ခကြိုတင်ကာကွယ်ရေး၊ လျော့ပါး သက်သာရေး၊ ပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက်ကိုကယ်တင်ရေး တို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။[၂၄၈] တရားမျှတမှုရရှိရေးသည် အမျိုးသမီးများ၏အခွင့်အရေးများကို အကာအကွယ်ပေးရေး အတွက် အခြေခံအကျဆုံးဖြစ်ပြီး အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှု မှ ကင်းဝေးပြီး နေထိုင်နိုင်သည့် အခွင့်အရေးများ[၂၅၀] အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အခြားသောအခွင့်အရေးများများနှင့် [၂၄၉] ရပိုင်ခွင့်များကို နားလည် သဘောပေါက်ပြီး အကောင်အထည်ဖော်လာ နိုင်စေပါသည်။ ပြစ်မှုကျူးလွန်သူများအား တရားမျှတမှု အဆုံးအဖြတ်လမ်းကြောင်းသို့ ရောက်ရှိအောင် သေချာစွာ ဆောင်ရွက်ခြင်းမှာ ရှင်သန်လွတ်မြောက်သူ နှင့် ကျူးလွန်သူ တစ်ဦးချင်းစီထက် ကျော်လွန်၍ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအပေါ် ရိုက်ခတ် သက်ရောက်မှုများ ရှိစေပါသည်။[၂၅၁]

> နေရပ်စွန့်ခွါထွက်ပြေးရသည့် အခြေအနေများစွာတွင် အထူးသဖြင့် စခန်းနေရာများတွင်၊ ဒုက္ခသည်များ၏ ဘဝသည် ဥပဒေအရင်းအမြစ်များစွာပါဝင်သော ရှုပ်ထွေးသော တရားစီရင်ရေးစနစ်များဖြင့် အုပ်ချုပ် သည်။ ၎င်းတို့တွင် ခိုလှုံခွင့်လျှောက်ထားသည့် နိုင်ငံနှင့် မူလနိုင်ငံ၌ ကျင့်သုံးသည့်ဥပဒေများ ပါဝင်သည်။ ဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းရန်အတွက် တရားဝင်နှင့် အလွတ်သဘော နှစ်မျိုးလုံးတွင် အမျိုးမျိုးသော ယန္တရားများလည်း ရှိနိုင်သည်။
>
> Source: UNHCR 2016, p. 9.

အကျပ်အတည်းနှင့် အကူးအပြောင်းကာလတွင်၊ GBV ဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသည် ရှင်သန်လွတ်မြောက်သူများအား တရားမျှတမှုရရှိရေးကို ပံ့ပိုးပေးရန်၊ ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ယူ တာဝန်ခံမှုကို မြှင့်တင်ရန်နှင့် လူထုအသိုင်းအဝိုင်း အတွင်း ရေရှည်ပြန်လည်တည်ဆောက်ရေးအတွက် ပံ့ပိုးပေးရန်အတွက် တရားရေးကဏ္ဍမှ အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲပြီး တက်ကြွစွာ အားပေးစည်းရုံးလှုံ့ဆော်သူ၊ ပေါင်းစပ်ညှိနှိုင်းသူ နှင့်/သို့မဟုတ် စွမ်းရည်မြှင့်တင်ပေးသူ စသည့် အခန်းကဏ္ဍ များတွင် ပါဝင်ကြပါသည်။ GBV ဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသည် GBV မှရှင်သန်လွတ်မြောက်သူများအား ဤနယ်ပယ်၌ ကျွမ်းကျင်သော မိတ်ဖက်အဖွဲ့ များ၏ပံ့ပိုးပေးမှုဖြင့် တရားမျှတမှုနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဝန်ဆောင်မှုများရရှိရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း ၊ အရေးဆို တင်ပြခြင်းနှင့် ပံ့ပိုးကူညီပေးခြင်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူလက်တွဲလုပ်ဆောင်နိုင်ပါသည်။[၂၅၂] စနစ်များသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် မညီမျှမှုတို့မှ ကာကွယ်ရန် မကြာခဏ ပျက်ကွက်နေသောကြောင့် ပိုမိုကျယ်ပြန့်သော အမျိုးသမီးအခွင့်အရေး ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက်တရားမျှတမှုရရှိရေး ကြိုးပမ်းမှုများ အားကောင်းလာစေရန် ကြိုတင်ပြင်ဆင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် အရေးကြီးပါသည်။

အမျိုးသမီးများသည် တရားမျှတမှုကို ရှာဖွေရာတွင် ယေဘူယျအားဖြင့် အတားအဆီးများနှင့် ရင်ဆိုင်ရသည်။ ၎င်းတို့တွင် ကန့်သတ်ထားသော အရင်းအမြစ်များ၊ သွားလာနိုင်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်သော အာဏာအပြင် အပြစ်ဒဏ်နှင့် လက်စားချေခြင်းများကို ကြောက်ရွံ့ခြင်း၊ အမျိုးသားများကိုသာ တဦးတည်းသော အခွင့်အရေပေးဆောင်သူများအဖြစ် ရှုမြင်သည့် ယဉ်ကျေးမှုဆိုင်ရာ ခံယူချက်များနှင့် အမျိုးသားအုပ်ထိန်းသူ - ဖခင်၊ မောင်၊အစ်ကို၊ ခင်ပွန်း သို့မဟုတ် သားတစ်ဦး— ကသာ သူမကိုယ်စား အရေးကြီးသော ဆုံးဖြတ်ချက်များစွာ ချနိုင်သည့်အမျိုးသားများသာအုပ်ထိန်းခွင့်ဆိုင်ရာ ဥပဒေများပါဝင်သည်။[၂၅၃]

| အဓိကလုပ်ဆောင်ချက်များ — တရားမျှတမှုနှင့် ဥပဒေရေးရာ အထောက်အကူ | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| ရပ်ပိုင်းဆိုင်ရာလက်လှမ်းမီခွင့်၊ ငွေကြေးလက်လှမ်းမီမှုနှင့် လူမှုရေးစံနှုန်းများနှင့် ကျား-မရေးရာပြောင်းလဲမှုများနှင့် ဆက်စပ်နေသည့် အခြားအချက်များအပါအဝင် တရားမျှတမှုနှင့် ပတ်သက်သည့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူပန်မှုများကို နားထောင်ပြီး ကိုင်တွယ်ဖြေရှင်းပါ။[၂၃] အကဲဖြတ်ဆန်းစစ်ရာတွင် တရားမျှတမှုကို လက်လှမ်းမီ ရရှိမှု အခြေအနေနှင့် စပ်လျဉ်းပြီး ရှင်သန်လွတ်မြောက်သူများ၏ ဆုံးဖြတ်ချက် ချမှုကို တားဆီးထားသည်များကို သတ်မှတ်ဖော်ထုတ်ရမည် (ဥပမာ၊ ကျန်းမာရေးဆေးခန်းများတွင် မဖြစ်မနေသတင်းပို့အစီရင်ခံခြင်း)။ ထို့အပြင် အကြမ်းဖက်မှု အမျိုးအစားအမျိုးမျိုးနှင့်သက်ဆိုင်သည့်မေးခွန်းများကိုလည်း ထည့်သွင်းသင့်သည်။ (ဥပမာ၊ ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ လူကုန်ကူးမှု၊ အမျိုးသမီးလိင်အင်္ဂါဖြတ်ခြင်း/ဖြတ်တောက်ခြင်း)။[၂၅] | ✔ | ✔ | ✔ |
| ဥပဒေရေးရာနှင့်/ တရားမျှတမှုဆိုင်ရာဝန်ဆောင်မှုများကို ရယူရန်ရှိ၊ မရှိ နှင့် စပ်လျဉ်းပြီး ရှင်သန်လွတ်မြောက်လာသူ၏ရွေးချယ်မှုအပါအဝင် ၎င်း၏ အခွင့်အရေးများ၊ လိုအပ်ချက်များ၊ ဂုဏ်သိက္ခာနှင့် ရွေးချယ်မှုများကို ဦးစားပေးသည့် ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှု ဖြင့် တရားမျှတမှု ဆောင်ရွက်ရေးအတွက် အရေးဆို စည်းရုံး လှုံ့ဆော်ပါ။ | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှု ဖြင့် GBV ဖြစ်ပွားမှုကို တုံ့ပြန်ရန် GBV စံလုပ်ငန်းလုပ်ထုံးလုပ်နည်းများနှင့် လွှဲပြောင်းညွှန်းပို့ပေးသည့်ယန္တရားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီခြင်း။ IASC လမ်းညွှန်ချက်နှင့်အညီ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရာတွင် ရဲ၊ ဥပဒေရေးရာအကူအညီနှင့် အခြားတရားမျှတမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ ပါဝင်စေခြင်း။ (စံနှုန်း ၁၅ ကို ကြည့်ပါ)။ | ✔ | ✔ | ✔ |
| GBV ဖြစ်ရပ်များကို ဘေးကင်းစွာ ကျင့်ဝတ်နှင့် အညီ တုံ့ပြန်ရန် တရားဝင် ရှင်သန်လွတ်မြောက်သူများ ကို တိကျသောသတင်းအချက်အလက်ပေးနိုင်ရန်တရားရေးကဏ္ဍ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန် ဒေသခံ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူများနှင့် အလုပ်တွဲလုပ်ခြင်း။ (ဥပမာ၊ အခမဲ့/ ကုန်ကျစရိတ်သက်သာသော ဥပဒေဆိုင်ရာ အကူအညီပေးရေး ဝန်ဆောင်မှုများ၊ ရှင်သန်လွတ်မြောက်သူများနှင့် သက်သေများကို တရားစီရင်ရေးလုပ်ငန်းစဉ်များက မည်ကဲ့သို့ အကာအကွယ်ပေးသည်) | ✔ | ✔ | ✔ |
| GBV ဖြစ်ရပ်များကို ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်အရ တုံ့ပြန်ရန် တရားဝင်နှင့် အလွတ်သဘော တရားစီရင်ရေးကဏ္ဍများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ရန် အမျိုးသမီးများနှင့် မိန်းကလေးများ၊ အမျိုးသမီးအခွင့်အရေး ကျွမ်းကျင်သူများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။[၂၆] | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူများ ကို ပံ့ပိုးပေးပြီး ၎င်းတို့၏အခွင့်အရေးများကို မြှင့်တင်ရန်အတွက် GBV လမ်းညွှန်သဘောတရာများကို လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းများခန့်ထားသည့် ဒေသခံ ဥပဒေရေးရာ အကူအညီပေးရေးအဖွဲ့အစည်းများ၏ ရရှိနိုင်မှုကို မြှင့်တင်ပါ။[၂၇] | ✔ | ✔ | ✔ |
| GBV ၏ တိုင်ကြားချက်ကို ဘေးကင်းစွာ စုံစမ်းစစ်ဆေးရန်နှင့် ရှင်သန်လွတ်မြောက်သူများ၏ ဂုဏ်သိက္ခာကို လေးစားလိုက်နာရမည့် ၎င်းတို့၏ တာဝန် ဝတ္တရားများကို တရားစီရင်ရေးစနစ်ရှိ အဖွဲ့အစည်းများ အာရုံစိုက်အောင်ပြုလုပ်ပါ။ | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူများသည် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် အခြားဝန်ဆောင်မှုများကို မရရှိမီ ရဲတပ်ဖွဲ့ထံ မဖြစ်မနေသတင်းပို့အစီရင်ခံရန် လိုအပ်သည့် မူဝါဒများကို ပြုပြင်ပြောင်းလဲရန် အရေးဆို စည်းရုံးလှုံ့ဆော်ပါ။ | ✔ | ✔ | ✔ |
| GBV လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်သို့ သင့်လျော်စွာ လေ့ကျင့်သင်ကြားပေးထားသော တရားမျှတမှု နှင့် တရားဥပဒေရေးရာ ကူညီထောက်ပံ့သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေပါ။ ထိခိုက်ခံစားရသူများအတွက် ရပိုင်ခွင့်များ၊ ကုစားမှုများနှင့် ပံ့ပိုးကူညီမှုများဆိုင်ရာ အချက်အလက်များကို ရရှိရန်ဆောင်ရွက်ပါ။ | ✔ | ✔ | ✔ |
| GBV မှ အကာအကွယ်ပေးရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ရပိုင်ခွင့်များနှင့် အကာအကွယ်များကို ပံ့ပိုးပေးသည့် တည်ဆဲဥပဒေများနှင့် မူဝါဒများအား ရပ်ရွာလူထုမှ အာရုံစိုက် သိရှိလာအောင် ပြုလုပ်ပြီး ရှင်သန်လွတ်မြောက်သူများ၏ ဝန်ဆောင်မှုများ လက်လှမ်းမီမှုကို သေချာစေရန် လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| GBV ကိုတုံ့ပြန်ရန် အထူးလေ့ကျင့်ထားသော အမျိုးသမီးရဲအရာရှိများနှင့် အခြားအမှုထမ်းများ သို့မဟုတ် ရဲတပ်ဖွဲ့များ၏ ပါဝင်မှုကို ပံ့ပိုးပါ။ | ✔ | ✔ | ✔ |
| GBV ကို ကာကွယ်ရန်နှင့် တုံ့ပြန်ရန် လုံခြုံရေးအဖွဲ့အစည်းများ/ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပါ (ဥပမာ၊ လုံခြုံရေးကဏ္ဍတွင် အမျိုးသမီးများ အလုပ်အကိုင်ရရှိမှုကို ပံ့ပိုးပေးခြင်း၊ GBV နှင့် ပတ်သက်၍ လုံခြုံရေးဝန်ထမ်းများကို လေ့ကျင့်ပေးရန် GBV ကျွမ်းကျင်သူများနှင့် လုပ်ဆောင်ခြင်း၊ ကျင့်ထုံးများ အကောင်အထည်ဖော်ရန် ထောက်ခံအားပေးစည်းရုံးခြင်း၊ GBV ကိစ္စများ ကို ရဲတပ်ဖွဲ့သို့တိုင်ကြားလာသည့် အခါ လုံခြုံသောပတ်ဝန်းကျင်များကို ပံ့ပိုးပေးခြင်း၊ [၂၈] | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ၏ လိုအပ်ချက်များနှင့် လုံခြုံစိတ်ချရမှုအပေါ် အကဲဆတ်ပြီး GBV လမ်းညွှန်မှုများနှင့်အညီ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများကို ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန်ပံ့ပိုးကူညီပါ။ | ✔ |  | ✔ |
| အခြားသက်ဆိုင်သူများ၏အကူအညီဖြင့် (ဥပမာ၊ ဥပဒေ/တရားမျှတရေးအဖွဲ့အစည်းများ၊ အစိုးရများ၊ NGO များနှင့် နိုင်ငံတကာ NGO များ) ၏ အကူအညီဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အခွင့်အရေးများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများအကြောင်း အသိပညာပေးခြင်းလုပ်ဆောင်ပါ။[၂၉] | ✔ | ✔ | ✔ |
| အမျိုးသမီးအခွင့်အရေးများကို လေးစားမှုမရှိသော ဓလေ့ထုံးတမ်း သို့မဟုတ် အလွတ်သဘော ဥပဒေစနစ်များကို ကျင့်သုံးသည့် ရပ်ရွာခေါင်းဆောင်များနှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဒေသခံအမျိုးသမီးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါ။ | ✔ | ✔ | ✔ |
| အလွတ်သဘောတရားစီရင်ရေးစနစ်များအတွင်း အမျိုးသမီးများ တန်းတူညီမျှပါဝင်မှုအား မြှင့်တင်ရန်အတွက် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအဖွဲ့များ၊ အမျိုးသမီးလှုပ်ရှားမှုများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသမီးများ၏အခွင့်အရေးနှင့် အကာအကွယ်များကို မြှင့်တင်ရန်အတွက် ဓလေ့ထုံးတမ်းဥပဒေများ ပြုပြင်ပြောင်းလဲရေး၊ လုပ်ငန်းများ ဆောင်ရွက်ခြင်း။ |  | ✔ | ✔ |

GBVမှလွတ်မြောက်လာသူ အမျိုးသမီးများနှင့် မိန်းကလေးများသည် တရားမျှတမှုရရှိရေး တွင် ပိုမိုကြီးမားသော အတားအဆီးများကို ကြုံတွေ့နေရသည်။ ၎င်းတို့တွင် ဒေသတွင်းရှိ ရဲများနှင့် တရားရုံးများ မရှိခြင်း၊ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှုကင်းမဲ့ခြင်း၊ ဥပဒေနှင့် အခွင့်အရေးများကို သိရှိနားလည်မှုနည်းပါးခြင်း၊ တရားဥပဒေ အတွက် ကိုယ်စားပြုမှု တွင် စရိတ်ကြီးမြင့်ခြင်း၊ အကျင့်ပျက်ခြစားမှု၊ ရဲ သို့မဟုတ် ကျန်းမာရေး ဝန်ဆောင်မှုပေးသူများမှ အထောက်အထားများ စုဆောင်းရာတွင် နှောင့်နှေးကြန့်ကြာခြင်း သို့မဟုတ် အထောက်အထား စာရွက်စာတမ်းများ ညံ့ဖျင်းစွာမှတ်တမ်းတင်ထားခြင်း၊ ဥပဒေဘောင်အတွင်း ကွာဟမှုရှိခြင်း၊ ကျူးလွန်သူအပေါ် အပြစ်ပေးအရေးယူမှု မရှိခြင်း၊ တရားမျှတမှုမရှိခြင်း၊ တရားဥပဒဝန်ထမ်းများ၏ အကဲဆတ်မှု မရှိခြင်း သို့မဟုတ် ထင်ရှားစွာ ဘက်လိုက်ခြင်း တို့ပါဝင်ပါသည်။[၂၆၀ ၂၆၁] GBV ၏ဖြစ်ရပ်များကို အစီရင်ခံရန် ပြစ်မှုကျူးလွန်သူနှင့်/သို့မဟုတ် ၎င်း၏မိသားစုမှ လက်စားချေမည်ကို ကြောက်ရွံ့ခြင်း၊ ကိုယ်ပိုင်မိသားစုမှ ဝိုင်းပယ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ သို့မဟုတ် ဖြစ်ရပ်အပေါ် အပြစ်တင်ခံရမည်ကို ကြောက်ရွံ့ခြင်းတို့ အပါအဝင် လူမှုရေးအရ ပြစ်ဒဏ်ပေး ခံရမှုတို့ ပါဝင်ပါသည်။[၂၆၂] လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများသည် သင့်လျော်သော မှုခင်းဆေးပညာဆိုင်ရာ သက်သေအထောက်အထားများ စုဆောင်းထိန်းသိမ်းခြင်းအပါအဝင် သင့်လျော်သော ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုကို ပံ့ပိုးပေးရန် လေ့ကျင့်သင်ကြားခြင်း သို့မဟုတ် အရင်းအမြစ်များ မရရှိကြပါ။ (စံနှုန်း ၄ - GBV ရှင်သန်လွတ်မြောက်သူများ အတွက်ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်ပါ။)
ကျန်းမာရေး စောင့်ရှောက်မှုပေးသူများသည် တရားရုံးတွင် သက်သေထွက်ဆိုခြင်းအတွက် စိတ်ပူကြပြီး ပြစ်မှုကျူးလွန်သူများနှင့် ၎င်းတို့၏ မိသားစုများထံမှ လက်စားချေမည်ကို စိုးရိမ်ကြသည်။
လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ လွတ်မြောက်လာသော အမျိုးသားများ အတွက် အကာအကွယ်ရရှိခွင့်တွင် လိင်တူချင်း လိင်ဆက်ဆံမှုကို ရာဇဝတ်မှုဟုသတ်မှတ်ခြင်း သို့မဟုတ် မုဒိမ်းမှု၏အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အမျိုးသား ရှင်သန်လွတ်မြောက် သူများမပါဝင်ခြင်းစသည့် ဥပဒေမူဘောင်များက အတားအဆီးဖြစ်စေပါသည်။

GBV နှင့် ပတ်သတ်ပြီးအထူးပြုဆောင်ရွက်သည့် စီမံကိန်းများသည် ပြင်းထန်သော လတ်တလော အရေးပေါ်အဆင့်တွင် ရှင်သန်လွတ်မြောက်သူများ၏ ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာနှင့် ဘေးကင်းရေး/လုံခြုံရေး လိုအပ်ချက်များကို ပြည့်မီစေရန် GBV တုံ့ပြန်ရေးဝန်ဆောင်မှုများ ထူထောင်ခြင်းနှင့် အားကောင်းအောင် လုပ်ဆောင်ခြင်းကို ဦးစားပေးသင့်သည်။ ဤဝန်ဆောင်မှုများသည် လုံလောက်ကာ အရည်အသွေးပြည့်မီသည်နှင့်တပြိုင်နက်၊ တုံ့ပြန်မှုတွင် ဥပဒေရေးရာအကူအညီနှင့် တရားမျှတမှုဆိုင်ရာ ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုရရှိသောအတွက် ဆောင်ရွက်သင့်သည်။
အချို့သောအခြေအနေများတွင်၊ ဥပဒေနှင့် လုံခြုံရေးစနစ်သည် ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ဤအခြေအနေမျိုးတွင် GBV နှင့် ပတ်သတ်သည့် စီမံကိန်းကို လုပ်ဆောင်သည့် အဖွဲ့များအနေဖြင့်၊ တုံ့ပြန်ဆောင်ရွက်မှုကို ရဲတပ်ဖွဲ့ သို့မဟုတ် တရားဝင် သို့မဟုတ် အလွတ်သဘောအရ တရားစီရင်ရေး စနစ်များမှတစ်ဆင့် လုပ်ဆောင်ခြင်းထက် ကျန်းမာရေး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘေးကင်းသော နေရာများနှင့် စိတ်လူမှုပိုင်းဆိုင်ရာနှင့် ရပ်ရွာပံ့ပိုးမှုဆိုင်ရာ အချက်အခြာများမှတစ်ဆင့် လွှဲပြောင်းညွှန်းပို့ ပေးခြင်း နှင့် GBV တုံ့ပြန်မှုဝန်ဆောင်မှုများသို့ လက်လှမ်းမီမှု ကို focal point မှတဆင့်ရရှိစေရန် ဆောင်ရွက်ထားသင့်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ထိရောက်သော တရားဥပဒေဆိုင်ရာ အကာအကွယ်ပေးရေး အတားအဆီးများသည် နေရပ်စွန့်ခွါထွက်ပြေးရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တရားဥပဒေနှင့် အညီ နေထိုင်ခွင့် မရခြင်း၊ လွှမ်းခြုံမှုမရှိခြင်းနှင့် အရင်းအမြစ်နည်းပါးသော လက်ခံထားသည့် ဒေသရှိ တရားဥပဒေစနစ်များ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် စကားပြန်များ၊ လက်လှမ်းမီနိုင်သော ဥပဒေအကြံဉာဏ်များ ကင်းမဲ့မှုနှင့် ဥပဒေဆိုင်ရာ အခြေခံစနစ်များ ညံ့ဖျင်းမှုတို့ကြောင့် တရားမျှတမှုနှင့် တရားဥပဒေရေးရာ ပံ့ပိုးကူညီမှုဆိုင်ရာ ကန့်သတ်ချက်များ အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက် ထိရောက်သော အကာအကွယ်ပေးရေး ဆိုင်ရာ အတားအဆီးများမှာ ပိုမိုများပြားလာပါသည်။ ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ သီးခြားအခွင့်အရေးများကို သိရှိနားလည်ထားမှု မရှိခြင်း။ နိုင်ငံခြားတိုင်းပြည်တွင် ၎င်းတို့၏တရားဝင်နေထိုင်မှု အခြေနေနှင့် ပတ်သက်၍ စိုးရိမ်မှုများ၊ ခင်ပွန်း သို့မဟုတ် အခြားအမျိုးသားမိသားစုဝင်များအပေါ်တွင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မှီခိုရမှု၊ လူမှုအသိုင်းအဝိုင်းနှင့် တရားဥပဒေရေးရာ ဝန်ဆောင်မှုပေးသူများမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်သော လူမှုရေးပြစ်ဒဏ်နှင့် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ချက်များကြောင့် အစီရင်ခံရန် တွန့်ဆုတ်နေနိုင်ပါသည်။[၂၆၃]

အခြေအနေများစွာတွင်၊ တရားစီရင်ရေးစနစ်များသည် ရှင်သန်လွတ်မြောက်သူများ၏ လိုအပ်ချက်များကိုမဖြည့်ဆည်းပေးနိုင်သည့်အပြင် နောက်ထပ်အန္တရာယ်များပါရှိစေနိုင်သည်။[၂၆၄] GBV ရှင်သန်လွတ်မြောက်သူများအတွက် တရားရေးအကူအညီများသည် ပုံမှန်အားဖြင့် ငွေကြေးမလုံလောက်မှုမရှိခြင်း၊ ဝန်ထမ်းနည်းပါးခြင်းနှင့် အရည်အသွေးပြည့်မီမှု မရှိခြင်းများ ဖြစ်ကြသည်။ မကြာခဏဆိုသလို ဤပြဿနာမှာ စနစ်အရ GBV ပရိုတိုကောများ မရှိခြင်း၊ အားနည်းသော၊ မတည်ရှိသော သို့မဟုတ် အကောင်အထည်မဖော်ဘဲ လျစ်လျူရှုထားသည် ဥပဒေများကြောင့်ဖြစ်ရခြင်းဖြစ်သည်။[၂၆၅] ထို့သို့ အကြောင်းအမျိုးမျိုးကြောင့် ရှင်သန်လွတ်မြောက်သူအချို့သည် တရားမျှတမှုကို ရှာဖွေနိုင်သော်လည်း အချို့မှာ တရားမျှတမှု ရရန် မဆောင်ရွက်နိုင်ပါ။

GBV မှ ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ဘဝအပေါ် ပိုမိုထိန်းချုပ်နိုင်စေမည့် ဆုံးဖြတ်ချက်များကိုယ်တိုင်ချနိုင်ရပါမည်။ ဤစွမ်းဆောင် ရည်မြှင့်တင်ခြင်း၏ လုပ်ငန်းစဉ်တွင်တရားဥပဒေဆိုင်ရာ သတင်းအချက်အလက်နှင့် ဥပဒေဆိုင်ရာအကူအညီများရရှိရေးတို့ ပါဝင်ပါသည်။[၂၆၆] ကလေးများအားအုပ်ထိန်းခွင့်ရရှိမှုနှင့် အိမ်ထောင်အတွင်းပိုင်ဆိုင်မှုများကို သာတူညီမျှခွဲဝေမှုအပါအဝင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေးများဖြစ်သော ကွာရှင်းခွင့်၊ အမွေဆက်ခံခွင့်၊ မြေယာ၊ ပိုင်ဆိုင်မှုနှင့် ပညာရေးတွင် ပါဝင်ခွင့်များသည် အမျိုးသမီးများ၏ တန်းတူညီမျှသည့် လုပ်ပိုင်ခွင့်အာဏာနှင့် အိမ်ထောင်ဖက်ဆက်ဆံရေးတွင် ရွေးချယ်မှုကို လွယ်ကူချောမွေ့စေပြီး အမျိုးသားများ၏ ထိန်းချုပ်မှုကိုလျှော့ချခြင်း၊ အကြမ်းဖက်သော ဆက်ဆံရေးမှ ရုန်းထွက်ရန် အမျိုးသမီးများ၏ လုပ်နိုင်စွမ်းရည်များကို တိုးမြင့်စေသည်။

တရားရေးရာဝန်ဆောင်မှုများသည် ဘေးကင်းသော၊ လူမှုရေးအပြစ်ဒဏ်ပေးခြင်းမရှိသော၊ GBV ဆိုင်ရာ ကဏ္ဍပေါင်းစုံ တုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သင့်သည်။ ၎င်းတို့တွင် လေ့ကျင့်သင်ကြားထားသော ပုဂ္ဂိုလ်များကို ဝန်ထမ်းအဖြစ် ခန့်အပ်ထားရှိခြင်း၊ GBVရှင်သန်လွတ်မြောက်သူများအား လက်လှမ်းမီချိတ်ဆက်နိုင်ခြင်း၊နှင့် အခြေခံ GBV လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်တွင် ထည့်သွင်းပေါင်းစည်းထားခြင်း တို့ ဖြစ်သည်။ အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်သက်သာသော ဥပဒေရေးရာအကူအညီများ ပံ့ပိုးပေးခြင်း၊ အကြံဉာဏ်များနှင့် တရားစီရင်ရေးနှင့် တစ်ပိုင်းတရားစီရင်ရေး လုပ်ငန်းစဉ်များတွင် ကိုယ်စားပြုမှုများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တရားစီရင်ရေး စနစ်များကို အမျိုးသမီးများငွေကြေးပိုင်းဆိုင်ရာ အရ လက်လှမ်းမီနိုင်ခြင်းအတွက် အာမခံချက်ရရှိစေရာတွင်အရေးပါသည်။[၂၆၇] ရှင်သန်လွတ်မြောက်သူ များ သည် တရားဥပဒေရေးရာ ဝန်ဆောင်မှုများရယူရာတွင် သယ်ယူပို့ဆောင်ရေး၊ နေရာထိုင်ခင်း၊ ကျူးလွန်သူအတွက် အစားအသောက်၊ မှ စ၍ တရားရေးရာ သို့မဟုတ် အခြားကုန်ကျစရိတ်များ ကျခံစေခြင်း မရှိသင့်ပါ။[၂၆၈] ထို ကုန်ကျစရိတ်များကို နိုင်ငံတော်မှ သို့မဟုတ် ဥပဒေအကူအညီပေးရေးဝန်ဆောင်မှုပေးသူ[၂၆၉] သို့မဟုတ် GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများမှတစ်ဆင့် ငွေသားပံ့ပိုးခြင်းဖြင့် ဆောင်ရွက်ပေးနိုင်သည်။ (စံနှုန်း ၆ -GBV ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် ၁၁ - Dignity Kits၊ ငွေသားနှင့် ဘောင်ချာအကူအညီ ကိုကြည့်ပါ)။

> တရားမျှတမှုဆိုင်ရာ တရားစီရင်ရေး ယန္တရားများသည်-
>
> - ရှင်သန်လွတ်မြောက်သူ တစ်ဦးချင်းစီအား ၎င်း၏ သီးခြားအခြေအနေတွင် တရားမျှတမှုကို ဆောင်ရွက်ရာတွင်မည်သည်တို့ ပါဝင်သည်ကို ဆုံးဖြတ်နိုင်ရန် ခွင့်ပြုပံ့ပိုးပေးခြင်း၊
> - ကင်မရာမှတဆင့် သက်သေခံထွက်ဆိုချက်ကို ခွင့်ပြုခြင်းဖြင့် သူမ၏ဘေးကင်းရေးနှင့် ပြန်လည်ထူထောင်ရေးကို ကာကွယ်ပေးခြင်း၊
> - ခွဲခြားမဆက်ဆံဘဲ၊ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိခြင်း၊
> - ရှင်သန်လွတ်မြောက်သူ ၏ဆုံးဖြတ်ချက်များနှင့် ဒေသခံအကြောင်းအရာအလိုက်တုံ့ပြန်ဆောင်ရွက်ပေးခြင်း၊တို့ရှိသင့်ပါသည်။
>
> Source: UNFPA 2015a, p. 41.

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေများတွင်၊ အလွတ်သဘောတရားစီရင်မှုယန္တရားကို "ပုဂ္ဂလိကသီးသန့်" ဟုယူဆသောအရာများကိုဖြေရှင်းရန် လူမှုအသိုင်းအဝိုင်းများက မကြာခဏအသုံးပြုကြသည်။ GBV ဖြစ်ရပ်များကို မိသားစုများအကြား ညှိနှိုင်းဖြေရှင်းမှုများမှတစ်ဆင့် သို့မဟုတ် ဘာသာရေးနှင့် ရပ်ရွာခေါင်းဆောင်များ၏ စီရင်ဆုံးဖြတ်မှုများမှတစ်ဆင့်လည်း ကိုင်တွယ်ဖြေရှင်းကြသည်။ လုပ်ငန်းလည်ပတ်နေသည့် တရားဝင်ရရှိနိုင်သော ဥပဒေစနစ်များ မရှိခြင်းကြောင့်၊ အချို့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်း များသည် ဓလေ့ထုံးတမ်းနှင့် အလွတ်သဘော တရားစီရင်ရေးလုပ်ငန်းစဉ်များနှင့် တရားရုံးများ၏ အရည်အသွေးကို မြှင့်တင်ရန် လုပ်ဆောင်နေကြသော်လည်း ရှင်သန်လွတ်မြောက်သူများ၏ ဘေးကင်းလုံခြုံရေးနှင့် အခွင့်အရေးများကို ၎င်းတို့ လိုက်နာမှုမှာ မရှိသလောက်နည်းပါးသည် (လမ်းညွှန်ချက် မှတ်စု ၃ ကိုကြည့်ပါ)။

## အညွှန်းကိန်းများ

- GBV နှင့် ပတ်သတ်သည့် စီမံကိန်းတွင် ပါဝင်သူများအနက် ၎င်းတို့ရယူထားသော တရားရေးဆိုင်ရာ ပံ့ပိုးကူညီမှုသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် နှစ်သက်မှုများနှင့်အညီ ပေးအပ်ကြောင်း အစီရင်ခံသည့် ပါဝင်သူများ၏ အချိုးအစား။
- GBV လမ်းညွှန်သဘောတရားများနှင့်အညီ သတ်မှတ်ထားသောလုပ်ငန်းစဥ်စံနှုန်းများအတိုင်း GBV၏ အဖြစ်အပျက်များကို ဘေးကင်းလုံခြုံစွာမည်သို့ တုံ့ပြန်ရမည်ကို လေ့ကျင့်သင်ကြားထားသည့် လုံခြုံရေးဝန်ထမ်းအရေအတွက် (ကျား-မ ခွဲခြားကောက်ခံထားသော စာရင်း) ။[၂၇၀]
- အမျိုးသမီးများ တရားမျှတမှုရရှိရေးဆိုင်ရာ အတားအဆီးများကို လျှော့ချရန် ပံ့ပိုးပေးသည့် တရားရေးအဖွဲ့အစည်းများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ အရေအတွက်။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ တရားမျှတမှုရရှိရေး

GBV ၏ လုပ်ရပ်များအတွက် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တရားမျှတမှုရရှိ ရေးအတွက် အစီအမံများစွာကို အကောင်အထည်ဖော်ရန် နိုင်ငံများစွာတွင်လိုအပ်လျက်ရှိနေပါသည်။

ဤအစီအမံများတွင် လိုအပ်သည့် အချိန်တွင်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများကျူးလွန်ခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ကြောင်း သေချာစေရန် နိုင်ငံတွင်းဥပဒေအား ပြင်ဆင်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းများနှင့် ထိရောက်သော တရားရေးရာကုထုံးများ နှင့် ပေးလျော်သည့် ကိစ္စများအား လက်လှမ်းမီမှုရှိစေခြင်းတို့ အတွက် သင့်လျော်သည့် စီရင်ထုံးများရှိရန်လည်းပါဝင်ပါသည်။[၂၇၁] အမျိုးသမီးတစ်ဦးချင်းစီအတွက် တရားမျှတမှုရရှိရေးသည် ပြစ်မှုကျူးလွန်သူကို ရာဇဝတ်ကြောင်းအရ တရားစီရင်ခြင်း တုံ့ပြန်မှုတစ်ခု အနေဖြင့် ယူဆလေ့ရှိသည်။ သို့သော် သတ်မှတ်မထားသော်လည်း အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း၊ ဂုဏ်သိက္ခာ၊ ထိရောက်သော အကာအကွယ်အမိန့်များမှတစ်ဆင့် လုံခြုံမှုကို ရှာဖွေနိုင်မှု၊ အရည်အသွေးကောင်းပြီး လက်လှမ်းမီသော ကျန်းမာရေးဝန်ဆောင်မှုများ ရယူခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် သို့မဟုတ် အိမ်ထောင်ဖက်၏အကြမ်းဖက်မှုမှ လွတ်မြောက်ရန် ကွာရှင်းပြတ်စဲခြင်းနှင့် အကြမ်းဖက်မှု မရှိသည့် ဘဝသစ်ကိုရှာဖွေရန် အခွင့်အရေး တို့ အပါအဝင် အကြမ်းဖက်မှုကြောင့် ၎င်းတို့ကြုံတွေ့ရသည့် ထိခိုက်နစ်နာမှုအတွက် တရားမျှတမှုရရှိရန် အမျိုးသမီးများသည် အခြားသော ထင်မြင်ယူဆချက်များကိုလည်း သတ်မှတ်ဖော်ထုတ်နိုင်ပါသည်။ မကြာခဏဆိုသလို ဤတရားမျှတမှု ရယူသည့်ပုံစံများသည် အမျိုးသမီး တစ်ဦးမှ ရာဇဝတ်ကျင့်ထုံးများမှတစ်ဆင့် တရားမျှတမှုရှာဖွေခြင်းလုပ်ငန်းစဉ်ကို  အသုံးမပြုမီ အချိန်တွင် ထားရှိရမည် ဖြစ်ပါသည်။[၂၇၂] အဘယ်ကြောင့်ဆိုသော် "တရားမျှတမှု" သည် မတူညီသောရှင်သန်လွတ်မြောက်သူများအတွက် ကွဲပြားသော အဓိပ္ပါယ်သက်ရောက်နိုင်သောကြောင့် GBV ဆောင်ရွက်သူအဖွဲ့အစည်း များသည် တရားမျှတမှုရှာဖွေနေသူများအား နားထောင်ပေးရန်၊ ၎င်းတို့၏ဆန္ဒကို လေးစားကာ ၎င်းတို့၏လိုအပ်ချက်များအတိုင်း တုံ့ပြန်ပေးရန် အရေးကြီးပါသည်။

ထို့ကြောင့် တရားမျှတမှုရရှိရေးကို တိုးတက်ကောင်းမွန် အောင်ဆောင်ရွက် ခြင်းဆိုသည်မှာ သည် ဥပဒေဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ရုပ်ပိုင်းဆိုင်ရာလက်လှမ်းမီခွင့်တို့ကို ပေးအပ်ခြင်းထက် များစွာပိုပါသည်။ ၎င်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ အဖွဲ့များအပြင် သက်ဆိုင်ရာဥပဒေများနှင့် မူဘောင်များသည် ရှင်သန်လွတ်မြောက်သူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် လေးစားမှုရှိစေရေး ကို သေချာအောင် ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ ၎င်းတွင် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထိခိုက်စေသော တရားစီရင်ရေးအဖွဲ့ဝင်များ၏ အန္တရာယ်ရှိသော သဘောထားများနှင့် အလေ့အကျင့်များကို ကိုင်တွယ်ဖြေရှင်းခြင်း ပါဝင်သည်။ ရှင်သန်လွတ်မြောက်သူများ၏ အခွင့်အရေးများနှင့် တရားဥပဒေဆိုင်ရာ လျော်ကြေးများကို ရယူရန် ရွေးချယ်စရာများအကြောင်းများကို လူထုအသိုင်းအဝိုင်းမှ သိရှိနားလည်မှုသည်လည်း အရေးကြီးပါသည်။[၂၇၃]

**GBV ဖြစ်ရပ်များကို ကြားဝင်ဖျန်ဖြေခြင်း၏ အန္တရာယ်များ**

ဖျန်ဖြေပေးခြင်းသည် လူအချင်းချင်းကြားရှိ ပဋိပက္ခအမျိုးမျိုးကို ဖြေရှင်းရန် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ပြဿနာတစ်ခုကို ဖြေရှင်းရန် နည်းလမ်းတစ်ခုအဖြစ် ရပ်ရွာခေါင်းဆောင်များ သို့မဟုတ် မိသားစုဝင်များက စတင်ပြုလုပ်ပေးလေ့ရှိသည်။ ရင်းနှီးကျွမ်းဝင်သူ လက်တွဲဖော်မှ အကြမ်းဖက်မှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် GBV  ကိစ္စရပ်များကို ကိုဖြေရှင်းရန် ကြားဝင်ဖြန်ဖြေခြင်း ပြုလုပ်ပေးခြင်းကို အကြံမပြုပါ။ ဖျန်ဖြေပေးခြင်းသည် မိသားစု သို့မဟုတ် အသိုင်းအဝိုင်းအတွင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းခြင်း အပေါ် အာရုံစိုက်သည် အတွက် ခွဲခြားဆက်ဆံမှုကို တည်တံ့စေကာ လူမှုအသိုင်းအဝိုင်း တစ်ခုအတွင်း သဟဇာတဖြစ်မှုကို ထိန်းသိမ်းရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ တစ်ဦးချင်းစီ၏ အခွင့်အရေးများ ဆုံးရှုံးနိုင်ခြေကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် ရင်းနှီးကျွမ်းဝင်သူ လက်တွဲဖော်မှ အကြမ်းဖက်မှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှု အခြေအနေများကဲ့သို့ သီးခြားခွဲထားရန် ခက်ခဲသည့် အနေအထားတွင် ဖျန်ဖြေမှုသည် ပြစ်မှုကျူးလွန်သူ၏အပြုအမူကို အမှတ်မထင် ခွင့်လွှတ်ရာ ရောက်သွားနိုင်သည် သို့မဟုတ် နက်နဲသော လူမှုရေးနှင့် ယဉ်ကျေးမှုတွင် အမြစ်တွယ်နေသည့် ရှုပ်ထွေးသောပြဿနာများအတွက် လွယ်ကူသော ဖြေရှင်းနည်းများဖြင့် ဖြေရှင်းလိုက်ခြင်းပင်ဖြစ်သည်။

ကြားဝင်ဖျန်ဖြေရာတွင် နှစ်ဖက်စလုံး၌ တန်းတူညီမျှသော စေ့စပ်ညှိနှိုင်းရေးအာဏာရှိသည်ဟု ယူဆသောကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများတွင် ထိုသို့ဖြေရှင်းခြင်းသည် အလွန်ပြဿနာရှိပြီး အန္တရာယ်ရှိနိုင်သည်။ သို့သော်လည်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများသည် စော်ကားမှု၊ အကြမ်းဖက် ခြိမ်းခြောက်မှု၊ နှင့်/သို့မဟုတ် ထိန်းချုပ်မှု၊ အလွဲသုံးမှု သို့မဟုတ် အရှက်ရစေသည့် အပြုအမူများအပေါ် အခြေခံ၍ သက်ဆိုင်သည့် လူများကြားတွင် မညီမျှသော လုပ်ပိုင်ခွင့် အာဏာ ဆက်ဆံရေးများ ပါဝင်သည်။

ဖျန်ဖြေပေးသူများသည် ထိုလုပ်ငန်းစဉ်၏ ရှင်သန်လွတ်မြောက်သူ၏ ထိန်းချုပ်မှုကို မကြာခဏ ပယ်ချငြင်းဆိုကြပြီး၊ သူမအား ခြိမ်းခြောက်ခြင်းနှင့် ပြန်လည်အကြမ်းဖက်ခံရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ခြင်း၊ ဝန်ဆောင်မှုများသို့ သွားရောက်ခွင့်ကို တားမြစ်ပြီး နောက်ထပ် အလွဲသုံးစားပြုမှု အန္တရာယ်ကို တိုက်ရိုက်ကျရောက်စေနိုင်သည်။

ထိုသို့သောအကြောင်းများကြောင့်၊ အချို့သော ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းများတွင် ကျင့်သုံးလေ့ရှိသည့် အလေ့အကျင့်ဟု သတ်မှတ် သော်လည်း ဖျန်ဖြေပေးမှုသည် ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုကို ချိုးဖောက်ကာ GBV လမ်းညွှန် သဘောတရားများကို ချိုးဖျက်ခြင်းပင်ဖြစ်သည်။ GBV ကိစ္စများအတွက် ဖျန်ဖြေပေးရေးကို ကမ္ဘာ့နေရာအတော်များများတွင် ဆက်လက်အသုံးပြုနေသော်လည်း၊ ကြားဝင်ဆောင်ရွက်မှု လုပ်ငန်းတစ်ခု အနေဖြင့် အသိအမှတ်ပြုထောက်ခံခြင်းမရှိပါ။ ရှင်သန်လွတ်မြောက်သူသည် ဤကဲ့သို့သော ကြားဝင်ဆောင်ရွက်မှုမျိုးကို တောင်းဆိုထားသည့်တိုင် ဖြစ်ရပ်စီမံခန့်ခွဲသူ ဝန်ထမ်းအနေဖြင့် ရှင်သန်လွတ်မြောက်သူ နှင့် ပြစ်မှုကျူးလွန်သူကြား မည်သည့်အခါမျှ မဖျန်ဖြေသင့်ပါ။ ၎င်းသည် ရှင်သန် လွတ်မြောက်သူ၊ ဖြစ်ရပ် စီမံခန့်ခွဲသူ နှင့် အဖွဲ့အစည်းအတွက် ကြီးမားသောအန္တရာယ် ဖြစ်စေနိုင်သည်။ အဖွဲ့အစည်းများသည် ဖျန်ဖြေရန် တောင်းဆိုမှု များကို ရှင်သန်လွတ်မြောက်သူဗဟိုပြုသည့်နည်းလမ်းဖြင့် မည်သို့တုံ့ပြန်ရမည်ကို ရှင်းလင်းသော လမ်းညွှန် ချက်များရှိသင့်သည်။ (စံနှုန်း ၆ - GBV ဖြစ်ရပ်စီမံခန့်ခွဲမှုကိုကြည့်ပါ)။

Source: UNFPA 2015a, p. 44; Thomas et al. 2011, pp. 23-24.

## ၂။ ဥပဒေရေးရာအကူအညီ

တရားမျှတသော၊ တန်းတူညီမျှပြီး အဓိပ္ပါယ်ရှိသော တရားမျှတမှုရရှိရေးကို အကာအကွယ်ပေးရန်အတွက် ဥပဒေရေးရာအကူအညီများကို လက်လှမ်းမီရရှိရေးသည် အခြေခံကျပါသည်။ တရားရေးဆိုင်ရာအကူအညီသည် လူများအား တရားစီရင်ရေးစနစ် လမ်းကြောင်းပေါ်သို့ ဝင်ရောက်နိုင်ရန်၊ သတင်းအချက်များကို သိရှိပြီး ဆုံးဖြတ်ချက်များချရန်နှင့် တရားမျှတမှုဆိုင်ရာ ကုစားမှုများရရှိစေရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။[၂၇၄] ဥပဒေဆိုင်ရာအကူအညီသည် လူများအား ၎င်းတို့၏အခွင့်အရေးများကို အခိုင်အမာအတည်ပြုရန်နှင့် ခွဲခြားဆက်ဆံခြင်းများကို စိန်ခေါ်မှုများပြုလုပ်ရန် ကူညီပေးပြီး တရားစီရင်ရေးစနစ်နှင့် နိုင်ငံတော်၏တရားဥပဒေ အပေါ် ပြည်သူများ၏ယုံကြည်မှုကို မြှင့်တင်ရန် ပံ့ပိုးပေးပါသည်။ ဥပဒေရေးရာ အကူအညီများသည် လူများအတွက် ၎င်းတို့၏ ရပိုင်ခွင့်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီ သိရှိမှု ရှိစေရန် သေချာမှု ရှိစေသည်။[၂၇၅]

GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ဥပဒေရေးရာအကူအညီများကိုး အထူးအလေးထားပြီး အာရုံစိုက်လုပ်ဆောင်ရန် လိုအပ်ပါသည်။ တရားရေးဆိုင်ရာအကူအညီပေးရေးဝန်ဆောင်မှုပေးသူများအား အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ကူညီရန်အတွက် GBV လမ်းညွှန်မှုများကို လိုက်နာပြီး နှင့် ရှင်သန်လွတ်မြောက်သူများဗဟိုပြု ပံ့ပိုးကူညီမှုပေးနိုင် ရန် လေ့ကျင့်သင်ကြားသင့်သည်။ အခြေအနေပေါ်မူတည်၍ ၎င်းတွင် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်သူများအတွက် သီးခြားကာကွယ်မှုအစီအမံများ၊ စိတ်လူမှုပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ပံ့ပိုးမှု၊ ရှင်သန်လွတ်မြောက်လာသူများအား သက်တောင့်သက်သာရှိစေရန် အမျိုးသမီးဥပဒေရေးရာ အကူအညီပေးသူများနှင့် ရှေ့နေများရရှိနိုင်မှု၊ GBV ကိစ္စများ၏ အကဲဆတ်ပြီးထိလွယ်ရှလွယ်ရှိမှု နှင့် လုံခြုံရေးအန္တရာယ်များကို ဥပဒေရေးရာ ဝန်ဆောင်မှုပေးသူများမှ ယေဘုယျနားလည်သဘောပေါက်သိရှိထားမှုတို့ ပါဝင်ပါသည်။[၂၇၆]

## ၃။ ထုံးတမ်းစဥ်လာမဟုတ်ဘဲအလွတ်သဘောအရ တရားမျှတမှု ရရှိစေခြင်း နှင့်အခြားတနည်းနည်းဖြင့် အငြင်းပွါးမှုများကို ဖြေရှင်းခြင်း ယန္တရား

ထုံးတမ်းစဥ်လာမဟုတ်ဘဲအလွတ်သဘောအရ တရားမျှတမှု ဆောင်ရွက်ပေးသည့် ယန္တရားများသည် GBVမှရှင်သန်လွတ်မြောက် သူ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်များစွာရှိနိုင်သော်လည်း များသောအားဖြင့် ၎င်းတို့အတွက် အသုံးပြု နိုင်သော တစ်ခုတည်းသော စနစ်လည်း ဖြစ်နေနိုင်သည်။ အလွတ်သဘောအရ တရားမျှတမှု ဆောင်ရွက်ပေးသည့် ယန္တရားများသည် အထူးသဖြင့်၊ အကြမ်းဖက်ခံရမှုမှ ရှင်သန်လွတ်မြောက်သူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ရိုးရာဓလေ့ ထုံးတမ်း သို့မဟုတ် လွှမ်းမိုးနေသော ရပ်ရွာသဘောထားများကို ထင်ဟပ်ပြလေ့ရှိပြီး ရှင်သန်လွတ်မြောက် သူများ၏ ဘေးကင်းရေးဆိုင်ရာ အန္တရာယ်များကို ပေါ်ပေါက်စေပြီး နှင့် အမျိုးသားကျူးလွန်သူများကြားတွင် တာဝန်ခံမှု မရှိခြင်းကို ခွင့်ပြုပေးပါသည်။[၂၇၇] အဆိုပါ လုပ်ငန်းစဥ်များသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ခွဲခြားဆက်ဆံမှုကို တည်တံ့စေပြီး လူထုအတွင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ရန် ၎င်းတို့၏ တစ်ဦးချင်းအခွင့်အရေးများကို စွန့်လွှတ်ရန် ဖိအားပေးခြင်း ခံရသည်။[၂၇၈] ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှု အခြေအနေများ သို့မဟုတ် "ပုဂ္ဂလိက၊သီးသန့်" အကြမ်းဖက်မှုဟု ခေါ်သည့် အခြားသော အကြမ်းဖက်မှုပုံစံများတွင်၊ ဥပမာ၊ ပြစ်မှုကျူးလွန်သူနှင့် ရှင်သန်လွတ်မြောက်သူ နှစ်ဦးစလုံးသည် တူညီသော အမှားကျူးလွန်ကြသည်ဟု ထင်မြင်နိုင်ပြီး ပြဿနာကို ဖြေရှင်းရန် ၎င်းတို့၏ အပြုအမူကိုသာ ထိန်းညှိကြရန် တောင်းဆိုခြင်းခံရသည်။[၂၇၉] စေ့စပ်ညှိနှိုင်းခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဖျန်ဖြေပေးခြင်း (အထက်တွင်ဖော်ပြထားသည့် 'GBV ကိစ္စရပ်များကို ဖြန်ဖြေခြင်း၏ အန္တရာယ်များ' ကိုကြည့်ပါ) နှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ တရားစီရင်ရေးယန္တရားများအားလုံးသည် အာဏာမညီမျှမှုနှင့် ကျူးလွန်သူနှင့်တိုက်ရိုက်တွေ့ဆုံရမည့် အမျိုးသမီးများအပေါ်ကျရောက်နိုင်မည့် ဘေးကင်းလုံခြုံရေးဆိုင်ရာအန္တရာယ် များကြောင့် GBV ကိစ္စများကို ဖြေရှင်းရာတွင် ထိခိုက် နစ်နာမှုများ ဖြစ်စေနိုင်သည်။
GBV-နှင့်ပတ်သတ်သည့်စီမံချက်များကို အထူးပြုလုပ်ဆောင်နေသည့်အဖွဲ့အစည်းများသည် ထုံးတမ်းစဥ်လာမဟုတ်ဘဲအလွတ်သဘောအရ တရားမျှတမှု ဆောင်ရွက်ပေးသည့် ယန္တရားများကြောင့် ရှင်သန်လွတ်မြောက်သူများအပေါ် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကိုသတိပြုသင့်သည်။ အဆိုပါအန္တရာယ်များ၏ ဖြစ်နိုင်ချေများကို ရှင်သန်လွတ်မြောက်သူများအား ရှင်းရှင်းလင်းလင်းပြောပြရာတွင် အပြစ်တင်ဝေဖန်ခြင်း မရှိဘဲ ရှင်သန်လွတ်မြောက်သူများ၏ တရားမျှတမှု ရယူလိုသည့်ဆန္ဒကို လေးစားရမည် ဖြစ်ပါသည်။

ထုံးတမ်းစဥ်လာမဟုတ်ဘဲအလွတ်သဘောအရ တရားမျှတမှု ဆောင်ရွက်ပေးသည့် ယန္တရားများနှင့် လုပ်ဆောင်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အန္တရာယ်များကို လျှော့ချရန် လုပ်ဆောင်ရမည့် ဗျူဟာများစွာတို့အနက် အောက်ပါတို့လည်း ပါဝင်ပါသည်။

- ရှင်သန်လွတ်မြောက်သူများ၏လိုအပ်ချက်များကိုတုံ့ပြန်သည့် ထုံးတမ်းစဥ်လာမဟုတ်ဘဲ အလွတ်သဘောအရ တရားမျှတမှု ဆောင်ရွက်ပေးသည့် ယန္တရားများ ကိုတည်ဆောက်ရန်နှင့် အားကောင်းစေရန်။ အမျိုးသမီးအခွင့်အရေးများ သို့မဟုတ်အမျိုးသမီး ဥပဒေရေးရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။။
- “ယဥ်ကျေးမှုစောင့်ထိန်းသူများ” ဟုသတ်မှတ်ခံထားရသူများနှင့် ၊ ဓလေ့ထုံးတမ်းများနှင့် ရိုးရာ ထုံးတမ်းများ အပေါ် အပြု သဘောဆောင်သော ပြောင်းလဲမှုများပြုလုပ်ရန် ဩဇာလွှမ်းမိုးပြီး နှ် အခွင့်အာဏာရှိသည်ဟု သတ်မှတ်ကြသော ရိုးရာခေါင်းဆောင်များနှင့် အပြုသဘောသော ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီး အမျိုးသမီးများ၏ အခွင့်အရေးကို အားဖြည့်မြှင့်တင်ပေးရန်အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်း။။
- ရပ်ရွာ သို့မဟုတ် အလွတ်သဘောအရ တရားစီရင်ရေး ယန္တရားများတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် ဦးဆောင်မှု မြှင့်တင်ရန် ဆောင်ရွက်ခြင်း၊
- တရားဝင်နှင့် အလွတ်သဘောအရ တရားမျှတမှု ဆောင်ရွက်သည့် ယန္တရားများကြားတွင် အပြုသဘော ဆောင်သော ချိတ်ဆက်မှုများကို တည်ဆောက်ခြင်း သို့မဟုတ် ဆက်နွယ်မှုကို အားကောင်းစေခြင်း၊ နှင့်

- ဓလေ့ထုံးစံအရ တရားစီရင်ရေးယန္တရားများသည် ၎င်းတို့အား ခွဲခြားဆက်ဆံသည်ဟု ယူဆသော အမျိုးသမီးများ သို့မဟုတ် အခြားသူများအတွက် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ရန် ထွက်ပေါက်တစ်ခု ထည့်သွင်းခြင်း တို့ဖြစ်ပါသည်။

အရေးပေါ်အခြေအနေများတွင်၊ တရားဥပဒေနှင့်အညီတရားစီရင်ရေးစနစ်မရှိဘဲ၊ အလွတ်သဘောအရ တရားစီရင်ရေး သို့မဟုတ် ရိုးရာဥပဒေစနစ်များနှင့် ညှိနှိုင်းဖျန်ဖြေရေးတို့ကို ပြန်လည်ဖြေရှင်းခြင်း၏ အဓိကအရင်းအမြစ်အဖြစ်သတ်မှတ်ကြမည်ဖြစ်သည်။[၂၈၀] အရပ်ဘက်နှင့် မိသားစုဥပဒေဆိုင်ရာ ဥပဒေ ပြဿနာများကို ဖြေရှင်းရန်အဆိုပါနည်းလမ်းများကိုအသုံးပြုသည့်အခြေအနေများနှင့် ကျူးလွန်သူအမျိုးသားမှ ဆက်လက်ခြိမ်းခြောက်မှု ပြုနိုင်သည့် အခြေအနေများတွင် အမျိုးသမီးများနှင့် ၎င်းတို့၏ကလေးများ၏ ဘေးကင်းရေးနှင့် ကျန်းမာပျော်ရွှင်ခြင်းရရှိရေးတို့ကို အထူးဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။[၂၈၁]

## ၄။ ဘေးကင်းလုံခြုံရေး

အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခွင့်အရေးများကို လေးစားလိုက်နာခြင်းသည် ဘေးကင်းလုံခြုံရေးဆိုင်ရာ ကြိုးပမ်းမှု အားလုံးအတွက် အဓိကဖြစ်သင့်သည်။ ရှင်သန်လွတ်မြောက်သူ ဗဟိုပြုချဉ်းကပ်မှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ လုံခြုံရေး ဆိုင်ရာ ဝန်ထမ်းများသည် GBV ဖြစ်ရပ်နှင့်ပတ်သက်၍ ရှင်သန်လွတ်မြောက်သူသည် ကျူးလွန်သူကိုချက်ချင်း(သို့မဟုတ်)အမှုမစစ်ဆေးရန် သို့မဟုတ် အမှုတွင်ပါဝင်ပတ်သက်ရန် ဆုံးဖြတ်ခြင်းအပါအဝင်၊ အမျိုးသမီးများ၏လျှို့ဝှက်ထားမှုနှင့် စပ်လျဉ်းသည့် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို လေးစားသင့်သည်။ ရှင်သန်လွတ်မြောက်သူများအပေါ် ဦးတည်ဆောင်ရွက်ရာတွင် လုံခြုံရေးဝန်ထမ်းများနှင့် မူဝါဒများသည် အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်နေရသော ချက်ခြင်း လက်ငင်း နှင့် ဆက်လက်ဖြစ်ပေါ်နေသော ခြိမ်းခြောက်ခံနေရမှုများကို သတိပြုမိစေရန် လိုအပ်ပါသည်။ [၂၈၂] အချို့သော အကြမ်းဖက်မှု ပုံစံ များသည် လုံခြုံရေးဆိုင်ရာ အစီအမံများ လိုအပ်ပါသည်။ (ဥပမာ၊ "ဂုဏ်သိက္ခာကို အခြေခံ၍ ကျူးလွန်သည့်ရာဇဝတ်မှု" ဟု ခေါ်သည့် အန္တရာယ်မှ ကျရောက်နိုင်ချေ ရှိသူများအတွက် ဘေးကင်းသော အိမ်များ သို့မဟုတ် အမိုးအကာများသို့ နေထိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။) [၂၈၃]

တရားဥပဒေစိုးမိုးရေးဝန်ထမ်းများသည် ရှင်သန်လွတ်မြောက်သူ များအား ထိထိရောက်ရောက် အကူအညီပေးနိုင်ရန် အသိပညာ နှင့် စွမ်းရည်များ အားနည်းနေခြင်းသည် မကြာခဏ ဖြစ်လေ့ ရှိနေပါသည်။ ၎င်းတို့တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အပေါ် အကြမ်းဖက်မှုကို သက်ညှာပေးသည့် လူမှုရေးတန်ဖိုးများကို ရှိနေနိုင်သည့် အတွက် ရှင်သန်လွတ်မြောက်သူအား အပြစ်တင်ခြင်းသို့မဟုတ်ခွဲခြားဆက်ဆံခြင်းကိုဖြစ်ပေါ်စေသည့်အယူအဆသဘောထားများနှင့်ဆုံးဖြတ်ချက်များလည်းပြုလုပ် နိုင်ချေ ရှိနေသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုအပေါ် ရှင်းလင်းပြတ်သားစွာ တုံ့ပြန်မှုများနှင့် ရှင်သန်လွတ်မြောက်သူများအတွက် အထူးပြုပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအပြင်၊ အဆင့်တိုင်းရှိ လုံခြုံရေး ဝန်ထမ်းများအတွက် လေ့ကျင့်မှုသင်တန်းများနှင့် အသိပညာပေးခြင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်ပေးမှုများကို ပံ့ပိုးပေးရန် အရေးကြီးပါသည်။ [၂၈၄] ရဲတပ်ဖွဲ့ အတွက် လေ့ကျင့်ရေးသင်တန်းများတွင် အကြမ်းဖက်မှုဖြစ်ရပ်များကိုတုံ့ပြန်ခြင်းအတွက်ရှင်းလင်းပြတ်သားသောလုပ်ငန်း စဉ်များ ၊ အမျိုးသမီးများ၏ တရားဥပဒေဆိုင်ရာ အကာအကွယ်ရယူပိုင်ခွင့်ကို အလေးပေး ဆွေးနွေးမှုများ ပါဝင်သင့်သည်။ [၂၈၅]

# Tools and Resources


International Commission of Jurists (2016). *Women's Access to Justice for Gender-Based Violence: A Practitioners' Guide.* Practitioners' Guide No. 12. Geneva. https://www.icj.org/ wp-content/uploads/2016/03/Universal-Womens-accesss-to-justice-Publications-Practitioners-Guide-Series-2016-ENG.pdf.

Thomas, C. et al. (2011). *Working with the Justice Sector to End Violence against Women andGirls.* Justice Sector Module. https://www.endvawnow.org/uploads/modules/pdf/1325624043.pdf.

United Nations Development Programme (UNDP) and United Nations Entity for Gender Equality and the Empowerment of Women (UN Women) (2014). *Improving Women's Accessto Justice During and After Conflict: Mapping UN Rule of Law Engagement.* https://www.undp.org/content/undp/en/home/librarypage/womens-empowerment/improving-women-s-access-to-justice.html.

UN Women, UNDP, the United Nations Office on Drugs and Crime (UNODC), and the Office of the United Nations High Commissioner for Human Rights (OHCHR) (2018). *A Practitioner'sToolkit on Women's Access to Justice*. http://www.unwomen.org/en/digital-library/ publications/2018/5/a-practitioners-toolkit-on-womens-access-to-justice-programming..

United Nations High Commissioner for Refugees (UNHCR) (2016). *SGBV Preventionand Response: Training Package.* October 2016. https://www.unhcr.org/publications/manuals/583577ed4/sgbv-prevention-response-training-package.html.

UN Women, UNFPA, WHO, UNDP and UNODC (2015). *Essential Services Package for Women and Girls Subject to Violence: Core Elements and Quality Guidelines*. https://www.unfpa.org/essential-services-package-women-and-girls-subject-violence.

War Child Canada (2016). *A Guide to Sexual and Gender-based Violence (SGBV) Legal Protection in Acute Emergencies.* https://warchild.ca/wp-ontent/uploads/2018/03/GuideToSGBVLegalProtectionInAcuteEmergencies.pdf.

# စံနှုန်း ၁၁ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းအိတ် (Dignity Kits)၊ ငွေသား နှင့် ဘောက်ချာ အကူအညီ

## အမျိုးသမီးများနှင့် မိန်းကလေးများသည် GBV အန္တရာယ်ကို လျှော့ချရန်နှင့် ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာမြှင့်တင်ရန်အတွက် အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် (Dignity Kits) ငွေသား နှင့် ဘောင်ချာအကူအညီ များကို ရရှိကြသည်။

အကျပ်အတည်းကာလတွင် အမျိုးသမီးများနှင့် မိန်းကလေးများသည် မရှိမဖြစ်လိုအပ်သော ရုပ်ဝတ္ထုလိုအပ်ချက်များကို ဖြည့်ဆည်းရန် မကြာခဏ ရုန်းကန်နေရသည်။ ၎င်းတို့၏ လုံခြုံရေးကို မြှင့်တင်ပေးပြီး၊ အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးကို ပံ့ပိုးပေးသည့်ပစ္စည်းများမရှိခြင်းနှင့်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင် စေရန် နှင့် အများနှင့်သက်ဆိုင်သောနေရာများအတွင်း ၎င်းတို့၏ ရွေ့လျားသွားလာနိုင်မှုကို မြှင့်တင်ပေးသည့် အရာများနည်းပါးခြင်းကို ကြုံရလေ့ရှိသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် အများနှင့် သက်ဆိုင်သော နေရာများတွင် အဆင်ပြေစွာ သွားလာလုပ်ကိုင်နိုင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ထိန်းသိမ်းရန် အထူးသဖြင့် ဓမ္မတာလာစဉ် သန့်ရှင်းရေးအတွက် အခြေခံ ပစ္စည်းများ လိုအပ်ပါသည်။ ယဉ်ကျေးမှုအရ သင့်လျော်သော အဝတ်အစားနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများကို သုံးစွဲခွင့်မရှိလျှင် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် GBV ဖြစ်နိုင်ခြေ ပိုများနိုင်ခြင်း၊ ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်း၊ သွားလာလှုပ်ရှားမှုကို ကန့်သတ်ထားနိုင်ခြင်းတို့ကြောင့် ၎င်းတို့သည် ပို၍ အထီးကျန် လာနိုင်သည်။[၂၈၆]

**ငွေသားနှင့် ဘောက်ချာအကူအညီ (CVA)** သည် **ငွေသားလွှဲပြောင်းခြင်း** သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် **ဘောက်ချာများ** ကို လက်ခံသူများအား တိုက်ရိုက်ပေးဆောင်သည့် အစီအစဉ်အားလုံးကို ရည်ညွှန်းသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆိုင်ရာ တွင် ငွေသားလွှဲပြောင်းခြင်း သို့မဟုတ် ဘောက်ချာများ ပေးအပ်ခြင်းအား တစ်ဦးချင်းနှင့် အိမ်ထောင်စု သို့မဟုတ် လူထုအသိုက်အဝန်း မှ လက်ခံသူများ (အစိုးရများ သို့မဟုတ် အခြားပြည်နယ်အဖွဲ့များထံ မဟုတ်ဘဲ) ဤဝေါဟာရကို အသုံးပြုသည်။

**"ငွေသား"** သို့မဟုတ် **"ငွေသားအကူအညီ"** ဟူသော ဝေါဟာရများသည် ငွေသားလွှဲပြောင်းမှုများအတွက်သာ (ဘောက်ချာများ မပါဝင်ပါ) အထူးရည်ညွှန်းသည်။

Source: The Cash Learning Partnership 2017, pp. 1-2.

ဤအကြောင်းများကြောင့်၊ လူသားချင်းစာနာမှုလုပ်ငန်းများလုပ်ဆောင်သူများသည် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ အထူးသဖြင့် ဓမ္မတာလာစဉ် သန့်ရှင်းရေးအတွက် အခြေခံအချက် ပစ္စည်းများ၊ ဆပ်ပြာ၊ အတွင်းခံများနှင့် GBV ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ အဆိုပါဝန်ဆောင်မှုများကို မည်သည့်နေရာနှင့်မည်သို့ရယူသုံးစွဲရမည်တို့ ပါဝင်သည့် DIgnity kitများ ကို ပုံမှန်အားဖြင့် ဖြန့်ဝေလေ့ရှိပါသည်။[၂၈၇] DIgnity kit တွင် ရေဒီယို၊ ဝီစီနှင့် ဓါတ်မီးများကဲ့သို့သော GBV အန္တရာယ်များလျှော့ချရာတွင် အထောက်အပံ့ဖြစ်စေသည့် ပစ္စည်းများလည်းပါဝင်နိုင်သည်။ DIgnity kit ဆိုင်ရာ သုတေသနပြုချက်များအရ ၎င်းတို့၏တန်ဖိုးသည် ပါဝင်သည့်ပစ္စည်းထက် သာလွန်ကြောင်း၊ လိုအပ်သည့်အချိန်များတွင် ပစ္စည်းအစုံအလင်ကို လက်ခံရရှိခြင်း အတွေ့အကြုံသည် ၎င်းတို့ကိုယ်တိုင်အတွက် အကျိုးရှိပြီး ၎င်းတို့သည် အမေ့ပျောက်ခံရသောသူများမဟုတ်သကဲ့သို့ ခံစားရစေသည်ဟု အမျိုးသမီးများက ပြောကြပါသည်။[၂၈၈]

| အဓိကလုပ်ဆောင်ချက်များ — Dignity kits၊ ငွေသားနှင့် ဘောက်ချာ အကူအညီ | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| **အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းအိတ် (DIGNITY KITS)** | | | |
| အရေးပေါ်အခြေအနေစတင်သည်နှင့် ချက်ခြင်းဖြန့်ဝေနိုင်မှုလုပ်နိုင်ရန် အခြေခံပစ္စည်းများထားရှိခြင်း။ | ✔ | | |
| အမျိုးသမီးများနှင့် မိန်းကလေးများ ပိုမိုနှစ်သက်သော ဓမ္မတာသန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်များကို ရှာဖွေဖော်ထုတ်ခြင်းအပါအဝင် Dignity Kits အတွင်းပါဝင်ရမည့်ပစ္စည်းများကို ရွေးချယ်ရန် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် တိုင်ပင်ခြင်း။ | ✔ | ✔ | ✔ |
| Dignity Kits များတွင် ရရှိနိုင်ပါက GBV အန္တရာယ်များကို လျှော့ပါးစေပြီး ဘေးကင်းမှုကို မြှင့်တင်ပေးသည့် ဒေသအလိုက် သင့်လျော်သောပစ္စည်းများကို ထည့်သွင်းခြင်း။ | ✔ | ✔ | ✔ |
| စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု နှင့်/သို့မဟုတ် ဝင်ငွေရှာဖွေရေး လှုပ်ရှားမှုတစ်ခု ဆောင်ရွက်ရန် ပြည်တွင်းရှိ အမျိုးသမီးများမှ ထုတ်လုပ်နိုင်သည့် ပစ္စည်းများကို ဖော်ထုတ်ပါ။ Dignity kits ကို စုစည်းပြီး ဖြန့်ဝေရေးတွင် ပံ့ပိုးမှုအတွက် ဒေသခံအမျိုးသမီးများနှင့်/သို့မဟုတ် အမျိုးသမီးအဖွဲ့အစည်းများ သို့မဟုတ် ကွန်ရက်များကို စုစည်းပါ။ | ✔ | ✔ | ✔ |
| GBV ဖြစ်နိုင်ခြေအရှိဆုံး အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ပတ်သက်သည့် အကဲဖြတ်မှု အချက်အလက်ကို အသုံးပြု၍ Dignity kits ကို ဖြန့်ဝေရေးတွင် လမ်းညွှန်ခြင်း။ (လမ်းညွှန်မှတ်စု ၁ ကိုကြည့်ပါ)။၂၆၂ | | ✔ | ✔ |
| Dignity kit ဖြန့်ဝေခြင်းအတွက် အကောင်းဆုံးလမ်းကြောင်းများကို ဆုံးဖြတ်ရန် နေရာဒေသအကြောင်းအရာနှင့် လုံခြုံရေးအန္တရာယ်များကို အကဲဖြတ်ပါ။ | | ✔ | ✔ |
| ပစ္စည်းများ ထိရောက်စွာ ဖြန့်ဝေမှုကို ညှိနှိုင်းဆောင်ရွက်ရန်။<br>· GBV ဖြစ်နိုင်ခြေကို လျှော့ချရန်အတွက် အသင့်လျော်ဆုံး အချိန်၊ တည်နေရာနှင့် ဖြန့်ဝေမှုလုပ်ငန်းစဉ် ကို ဆုံးဖြတ်ရန် ထိခိုက်ခံစားရသောအသိုင်းအဝိုင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ပူးပေါင်းဆောင်ရွက်ပါ။<br>· ဖြန့်ဝေခြင်းမပြုမီ သတင်းအချက်အလက်များ (ဆိုလိုသည်မှာ အဘယ်အရာ၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်လို) ကို ပေးထားခြင်းဖြင့် မျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် ထိုပစ္စည်းများကိုရရှိနိုင်ပြီး ဘေးကင်းလုံခြုံစွာ သက်တောင့်သက်သာ စုဆောင်း သို့မဟုတ် ရယူလက်ခံ အသုံးပြုနိုင်ကြောင်း သတိပြုမိစေရန်ဆောင်ရွက်ပါ။<br>· ဒေသခံအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ | | ✔ | ✔ |
| Dignity Kits ဖြန့်ဝေရန် ထိခိုက်ခံစားရသော လူမှုဝန်းကျင်မှ အမျိုးသမီးများအား ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ၎င်းတို့သည် Dignity Kits တွင်ပါဝင်သည့် ပစ္စည်းများကို ရှင်းပြခြင်း၊ ဒေသတွင်းရှိကျန်းမာရေးဝန်ဆောင်မှုများဆိုင်ရာ အချက်အလက်များ မျှဝေခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ဓမ္မတာသန့်ရှင်းရေးပစ္စည်းများကို မည်ကဲ့သို့စွန့်ပစ်ရမည်ကို ရှင်းပြခြင်းနှင့် အခြားအရေးကြီးသောအချက်အလက်များ (ဥပမာ၊ အခွင့်အရေးများကို အသိပညာပေးခြင်း၊ နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများ၊ အပိုဝန်ဆောင်မှုများ)ကို ဒေသသုံးဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်းများကို အသုံးပြု၍ လုပ်ဆောင်စေခြင်း။ | | ✔ | ✔ |
| Dignity kit ကို စီစဥ်သူနှင့် ဖြန့်ဝေသူ ဝန်ထမ်းအားလုံး ကျင့်ဝတ်စည်းကမ်းကို လက်မှတ်ရေးထိုးရန် လိုအပ်ခြင်း။ | | ✔ | ✔ |
| Dignity kit ဖြန့်ဝေမှုများကို အသုံးပြုကာ၊ GBV ဝန်ဆောင်မှုများဆိုင်ရာ အချက်အလက်များကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ပေးဆောင်ရန် (ဝန်ဆောင်မှုများရရှိနိုင်ပြီး အရည်အသွေးပြည့်မီပါက) ရှင်သန်လွတ်မြောက်သူများအား တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံသောနေရာလှုပ်ရှားမှုများနှင့် ချိတ်ဆက်ပေးခြင်း။ | | ✔ | ✔ |
| ဖြန့်ဝေထားသောပစ္စည်းများအပေါ် ကျေနပ်မှုကို အကဲဖြတ်ရန်နှင့် ဖြန့်ဝေမှုရလဒ်ကြောင့် နောက်ထပ်အန္တရာယ်များ ဖန်တီးထားခြင်းရှိ၊ မရှိကို ဆုံးဖြတ်ရန် ဖြန့်ဝေပြီးနောက် လေ့လာစောင့်ကြည့်မှုများ ဆောင်ရွက်ခြင်း။ | | ✔ | ✔ |
| **ငွေသားနှင့် ဘောက်ချာ အကူအညီ** | | | |
| GBVနှင့်သက်ဆိုင်သော အန္တရာယ်နှင့် အကျိုးသက်ရောက်မှုအား ခွဲခြမ်းစိတ်ဖြာမှုအပါအဝင်၊ အမျိုးသမီးများနှင့် မိန်းကလေးများအား လုံခြုံသော ငွေသားနှင့် ဘောက်ချာ အကူအညီ (CVA) ပေးအပ်နိုင်ခြင်းအတွက် ဖြစ်နိုင်ခြေကို အကဲဖြတ်ပြီး၊ GBV အန္တရာယ်များနှင့် ဖြစ်နိုင်ခြေရှိသောလျော့ပါးရေး ဗျူဟာများကို ဖော်ထုတ်ခြင်း။ | ✔ | ✔ | ✔ |
| ငွေသားဖြန့်ဝေမှုကြောင့် ကြုံလာသည့် အန္တရာယ်များနှင့်/သို့မဟုတ် မရည်ရွယ်ဘဲ အန္တရာယ်ဖြစ်စေသောအကျိုးဆက်များဖြစ်သည့် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှ အကြမ်းဖက်မှုများ တိုးလာခြင်း၊ သို့မဟုတ် ဖြန့်ဝေထားသည့် ငွေကြေးကို သုံးစွဲခြင်းနှင့် ထိန်းချုပ်နိုင်စွမ်းမရှိခြင်းကဲ့သို့သော အန္တရာယ်များကို စောင့်ကြပ်ကြည့်ရှုခြင်း (စံ နှုန်း ၉: ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး ကို ကြည့်ပါ။) | ✔ | ✔ | ✔ |
| GBV အန္တရာယ်ကို လျှော့ချပေးသည့် ငွေသားနှင့် ဘောက်ချာ အကူအညီဖြစ်စေရန် အရေးဆိုအကြံပြုရန် နှင့် ငွေသားထောက်ပံ့နေသည့် အဖွဲ့များ အတွင်း သင့်လျော်သည့်အချိန်တိုင်း GBV ဆိုင်ရာပေါင်းစပ်မှု ကို CVA လုပ်ငန်းများတွင်ပါရှိကြောင်း သေချာစေရန် ပူးပေါင်းဆောင်ရွက်ခြင်း။၂၆၃ | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုယူသူ၏ အကာအကွယ် လိုအပ်ချက်များကို၊ ဘေးကင်းစွာဖြင့် သင့်လျော်သလို ဖြည့်ဆည်းပေးနိုင်ရန် GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုများအတွင်း CVA ပေါင်းစပ်ရန်အတွက် ငွေသားထောက်ပံ့နေသည့် အဖွဲ့များနှင့် လုပ်ဆောင်ခြင်း။ ၂၆၄ | ✔ | ✔ | ✔ |
| GBV နှင့် ငွေသားထောက်ပံ့နေသည့် အဖွဲ့များအကြား သတင်းအချက်အလက်မျှဝေခြင်းပရိုတိုကောအပါအဝင် လွှဲပြောင်းညွှန်းပို့ပေးသည့်လမ်းကြောင်း သို့မဟုတ် စံလုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ပြုစုပျိုးထောင်ခြင်း။ (လမ်းညွှန်မှတ်စု ၃ ကိုကြည့်ပါ) ။ | ✔ | ✔ | ✔ |
| အကာအကွယ်ပေးရေးဆိုင်ရာ အကျိုးခံစားခွင့်များ အမြင့်ဆုံးရရှိရန် နှင့် အကာအကွယ်ပေးရေးဆိုင်ရာ အန္တရာယ်များကို အနိမ့်ဆုံး လျှော့ချရန် CVA ချဉ်းကပ်မှုများကို လိုအပ်သလို ချိန်ညှိရန်၊ ခန့်အပ်ထားသော focal points (များ)နှင့် ညှိနှိုင်းပါ (ဥပမာ၊ ပေးပို့မှု ယန္တရား သို့မဟုတ် ပမာဏ၊ ကြာချိန် သို့မဟုတ် လွှဲပြောင်းမှု အကြိမ်ရေ)၊ ၂၆၅ | ✔ | ✔ | ✔ |

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များသည် မရှိမဖြစ်လိုအပ်သောပစ္စည်းများကို Dignity Kitများဖြင့်ပံ့ပိုးပေးခြင်းဖြင့်၊ အမျိုးသမီးများနှင့်မိန်းကလေးများအား ၎င်းတို့၏အကန့်အသတ်ရှိသော အရင်းအမြစ်များကို အစားအသောက်ကဲ့သို့သော အခြားအရေးကြီးသောပစ္စည်းများကို ဝယ်ယူ အသုံးပြုရန်ကူညီပေးနိုင်ပါသည်။[၂၈၉] ထို့ကြောင့် Dignity Kit များသည် အမျိုးသမီးများနှင့်မိန်းကလေးငယ်များအား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင်လည်း၎င်းတို့၏လိုအပ်ချက်များသာမကဘဲ ၎င်းတို့၏ မိသားစုများ၏ လိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်သည်။[၂၉၀] ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးခြင်းသည် လူသားချင်းစာနာမှု အကျပ်အတည်းများအတွင်း ရင်ဆိုင်ရသည့် ဖိအားများမှ အကာအကွယ်နှင့် ရင်ဆိုင်ဖြေရှင်းရာတွင် အရေးကြီးသော မိမိကိုယ်ကို လေးစားမှုနှင့် ယုံကြည်မှုကို ထိန်းသိမ်းရန် အတွက်လည်း အရေးပါ လိုအပ်ပါသည်။[၂၉၁] Dignity Kit များအပြင်၊ ငွေသားနှင့်ဘောက်ချာအကူအညီ (CVA) သည် ပိုမိုကျယ်ပြန့်သောအကာအကွယ်ပေးရေးကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းအဖြစ်အသုံးပြုသည့်အခါတွင်၊ အထူးသဖြင့် ဈေးများနှင့်ဘဏ်စနစ်များရှိသည့် မြို့ပြအခြေအနေများတွင် ကုန်ပစ္စည်းအခြေခံလိုအပ်ချက်များကိုဖြေရှင်းရန် ကူညီပေးနိုင်သည် ဟူသောအထောက်အထားရှိသည်။ CVA သည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အခြားလုပ်ငန်းကဏ္ဍ (sectors) များတွင် အသုံးပြုသည့် ပုံစံတစ်ခုလည်း ဖြစ်သည်။ CVA သည် ငွေသားလွှဲပြောင်းခြင်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ်ဝန်ဆောင်မှုများအတွက် ဘောက်ချာများကို တစ်ဦးချင်း၊ အိမ်ထောင်စု သို့မဟုတ် လူမှုပတ်ဝန်းကျင်မှ လက်ခံရယူသူထံ တိုက်ရိုက်ပေးအပ်သည့် လုပ်ဆောင်မှုအားလုံးကို ရည်ညွှန်းပါသည်။

ပြည်တွင်းဈေးကွက်များတွင် သုံးစွဲနိုင်သည့် ငွေသားကို တိုက်ရိုက်ပေးဆောင်ခြင်းသည် လက်ခံသူများ၏ လိုအပ်ချက်များမှ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ဝယ်လိုအားကို ပြောင်းလဲသွားစေနိုင်သည်။[၂၉၆] ငွေသားနှင့် ဘောက်ချာများသည် နေရာအတွင်း အခြေချနေထိုင်သူများ ပိုမိုများပြားလာသည်နှင့်အမျှ ဈေးကွက်များ တိုးပွားလာသည့် ကျေးလက်ဒေသများနှင့် စခန်းများတွင်လည်း အသုံးဝင်နိုင်ပါသည်။ မိုဘိုင်းလ်ဖုန်း သို့မဟုတ် ATM ကတ်များမှတစ်ဆင့် ငွေလွှဲခြင်းကဲ့သို့သော နည်းပညာအသစ်များသည် လုံခြုံမှုမရှိသော အခြေအနေများတွင် အထောက်အပံ့ပေးခြင်းကို လွယ်ကူချောမွေ့စေနိုင်သည်။[၂၉၇]

ငွေသားထောက်ပံ့ခြင်းသည် အသက်ကယ်နိုင်ခြင်းလည်းဖြစ်သည်။ ဥပမာအားဖြင့်၊ ၎င်းသည် ရှင်သန်လွတ်မြောက်သူတစ်ဦးအား အကြမ်းဖက်သောဆက်ဆံရေးမှ ထွက်ပြေးရသည့် အခါ ကုန်ကျစရိတ်များ (ဥပမာ၊ ငှားရမ်းမှု၊ ယာယီနေထိုင်ရာ၊ သယ်ယူပို့ဆောင်ရေး၊ အစားအသောက်၊အဝတ်အစား စသည်ဖြင့်) ကိုဖြည့်ဆည်းပေးနိုင်သည်။ ငွေသားလွှဲပြောင်းခြင်းဖြင့် အရေးပေါ်လိုအပ်ချက်များ ပြည့်မီရန် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်မှုကိုပေးနိုင်သည်။ [၂၉၈] GBV မှ ရှင်သန်လွတ်မြောက်သူတစ်ဦး သည် အကြမ်းဖက်မှုအန္တရာယ်ကို ထုတ်ဖော်ပြသသောအခါ၊ ငွေသားအထောက်အပံ့သည် အန္တရာယ်လျော့ပါးရေးနှင့် အကြမ်းဖက်မှုကို တားဆီးခြင်းတို့ကို ပံ့ပိုးပေးနိုင်ပါသည်။[၂၉၉] ထို့ကြောင့်၊ ငွေသားသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများတွင် အန္တရာယ်လျော့ပါးရေး နှင့် ရှင်သန်လွတ်မြောက်သူဗဟိုပြု GBV ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများ၏ အစိတ်အပိုင်းတစ်ခု အဖြစ် နှစ်နေရာလုံးတွင် အသုံးပြုနိုင်ပါသည်။ ပင်မ GBV တုံ့ပြန်မှုဝန်ဆောင်မှုများ (ဥပမာ၊ ကျန်းမာရေး သို့မဟုတ် ဥပဒေရေးရာဝန်ဆောင်မှုများ) နှင့်/သို့မဟုတ် ဆက်စပ်ကုန်ကျစရိတ်များ သည် အခမဲ့မရနိုင်သည့်အခြေအနေများတွင်၊ ငွေသားလွှဲပြောင်းမှုများသည် ဝန်ဆောင်မှုများ လက်လှမ်းမီရန် လွယ်ကူချောမွေ့စေပြီး ပြန်လည်ကုစားခြင်းကို အထောက်အကူဖြစ်စေသည်။

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ငွေသားအထောက်အပံ့ပေးခြင်း၏ အကာအကွယ်ပေးခြင်းရလာဒ်များနှင့်ပတ်သက်၍ဆက်လက်သင်ယူလေ့လာမှုနှင့် လမ်းညွှန်မှုများ လိုအပ်ပါသည်။ အချို့သော သုတေသနပြုချက်များအရ ငွေသားရရှိသော အိမ်ထောင်စုအတွင်းရှိ အမျိုးသမီးများသည် အနုတ်သဘောဆောင်သည့် အကာအကွယ်ပေးရေး ရလဒ်များနှင့် အကြမ်းဖက်မှုများ တိုးလာကြောင်းတွေ့ရှိထားပါသည်။CVAလုပ်ငန်းဆောင်ရွက်မှုဒီဇိုင်းများသည် PSEA ၏အန္တရာယ်များကိုလည်း လျော့ပါးစေရပါမည်။ ပစ္စည်းပေးအပ်ခြင်းထက် ငွေသား သို့မဟုတ် ဘောက်ချာများကို ပေးအပ်ရန် မရွေးချယ်မီ သင့်လျော်သော အန္တရာယ်လျော့ပါးရေးအစီအမံများနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူညီပေးရေးအဖွဲ့များအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ကြောင်း[၃၀၀] ဤစိုးရိမ်မှုများက ထောက်ပြသည်။[၃၀၁]ငွေသားနှင့်ဘောက်ချာအကူအညီသည် လက်လှမ်းမီရန် လွယ်ကူချောမွေ့စေခြင်းနှင့် အန္တရာယ်များကို လျှော့ချရန် နည်းလမ်းများသည် နေရာဒေသအလိုက် ကွဲပြားခြားနားမှုရှိနိုင်ပြီး၊ အကောင်အထည်ဖော်ခြင်းမပြုမီတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် အကဲဖြတ်ဆန်းစစ်မှု (participatory assessment) ပြုခြင်းသည် အရေးကြီးပါသည်။

## အညွှန်းကိန်းများ

### အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းအိတ်

- အသက်အရွယ်အလိုက် ခွဲခြားကောက်ခံထားသော Dignity Kits များကို လက်ခံရရှိသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ၏ ရာခိုင်နှုန်း။
- အသက်အရွယ်အလိုက် ခွဲခြားကောက်ခံထားသော Dignity Kits များတွင် ပံ့ပိုးပေးထားသည့် ပစ္စည်းများကို ကျေနပ်နှစ်သက်ကြောင်းညွှန်ပြသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ၏ ရာခိုင်နှုန်း။

### ငွေသားနှင့် ဘောက်ချာအကူအညီ

- CVAဆောင်ရွက်မှုကို အသိပေးရန်၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ သီးခြားလိုအပ်ချက်များကို ဆန်းစစ်အကဲဖြတ်ခြင်း။
- အေဂျင်စီများကြား၊ ဌာနများအကြား ပရိုတိုကော နှင့်/သို့မဟုတ် CVA အတွက် သတင်းအချက်အလက် မျှဝေခြင်းဆိုင်ရာ ပရိုတိုကောကိုပြုစုပြီး၊ လုပ်ဆောင်ခဲ့သည်။
- ငွေသားနှင့်/သို့မဟုတ် ဘောက်ချာအကူအညီရရှိသည့် အမျိုးသမီးနှင့် မိန်းကလေးအရေးအတွက်။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် (Dignity Kits) အတွင်းရှိ ပါဝင်ပစ္စည်းများနှင့် ပေးဝေမှု

### ပါဝင်သည့် ပစ္စည်းများအတွက် ဆန်စစ်အကဲဖြတ်ခြင်းနှင့် ဆုံးဖြတ်ခြင်း။

Dignity kit တွင်ပါဝင်ပစ္စည်းများသည် ရပ်ရွာအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အကြံပြုချက်များနှင့် ၎င်းတို့နှစ်သက်မှုများအပေါ် အခြေခံ၍ ဒေသအခြေအနေအပေါ် လိုက်လျောညီထွေဖြစ်ရမည်၊ ဥပမာ အမျိုးသမီးများ အနေဖြင့် ခေါင်းဆောင်းခြုံလွှာကဲ့သို့သော ပစ္စည်းများ မပါဘဲ အများနှင့်သက်ဆိုင်သောနေရာများ သို့ မသွားရောက်နိုင်ဖြစ်လျှင် ထိုပစ္စည်းများပါဝင်ရမည်။[၁၀၂] ထို့အပြင် မည်သည့်အရာများသည် ဈေးကွက်အတွင်း ရရှိနိုင်သည်ကို အကဲဖြတ်ရန် အရေးကြီးပါသည်။ ဖြစ်နိုင်ပါက၊ အမျိုးသမီးများနှင့် မိန်းကလေးများကို ဂန်ပိုစေခြင်းမှ  ရှောင်ရှားရန် နှင့် ပုံစံတူဖြစ်ခြင်းကို လျှော့ချရန်နှင့် မေးခွန်းများကို အခြားအကဲဖြတ်မှုများ (ဥပမာ၊ လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး၊ GBV) များနှင့် ပေါင်းစပ်ရန် လိုအပ်ပါသည်။ Dignity kitများအတွက်သက်ဆိုင်ပြီးသင့်လျော်သော ပါဝင်ပစ္စည်းများကို ဖော်ထုတ် သတ်မှတ်ရန် အဖွဲ့အစည်းများ အနေဖြင့် ပစ္စည်းများ၏ အသုံးဝင်သင့်လျော်မှု၊  ယဉ်ကျေးမှုနှင့် အညီ၊ အခြေအနေဒေသ၊ပတ်ဝန်းကျင်၊အရေးအတွက်၊ဖြန့်ဝေမှုအကြိမ်ရေနှင့် ဈေးနှုန်းစသည့်အခြေခံဘောင်များကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။[၁၀၃]

> Dignity Kits များကို ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းဆိုင်ရာ၊ ကျန်းမာရေး ဆိုင်ရာ၊ သို့မဟုတ် အမိုးအကာ၊ အခြေချထိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာ အဖွဲ့အစည်းများက ဝယ်ယူ၍ ဖြန့်ဝေနိုင်ပါသည်။ GBV အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို  Dignity Kits များမှ ဖြည့်ဆည်းမှု သေချာစေရန် ပစ္စည်းအားလုံး၏ ဖြန့်ဝေမှုကို အလားအလာကို အမြင့်ဆုံးဖြစ်အောင် မြှင့်တင်ရန်နှင့် ကွာဟချက် သို့မဟုတ် မလိုအပ်သော ထပ်တူထပ်မျှ အားထုတ်မှု များကို ရှောင်ရှားရန်၊ GBV အဖွဲ့အစည်းများသည် အခြားကဏ္ဍများနှင့် အတူပေါင်းစပ်ညှိနှိုင်းသင့်သည်။
>
> Source: IASC 2015a, p. 292.

အကျပ်အတည်းများ ဖြစ်ပေါ်သည်နှင့်တပြိုင်နက် Dignity Kit ကို ဖြန့်ဝေရန် အဆင်သင့်ဖြစ်ရေး အတွက် ကြိုတင်နေရာချထားမှုများပြုလုပ်ထားသော်လည်း၊ နောက်ဆက်တွဲဖြန့်ဝေမှုများတွင် အသုံးဝင်ဆုံးနှင့် ယဉ်ကျေးမှုအရ အသင့်လျော်ဆုံးပစ္စည်းများကို ဆုံးဖြတ်နိုင်ရန်၊ လုံခြုံရေးဆိုင်ရာ နှင့်/သို့မဟုတ် အခြားမမျှော်လင့်ထားသည့် ဖြန့်ဝေမှုနှင့် ဆက်စပ်သော အကျိုးဆက် အန္တရာယ်များကို ဖော်ထုတ်ရန် ကနဦးဖြန့်ဝေမှုကို စောင့်ကြည့်လေ့လာခြင်းအပါအဝင် ထိခိုက်ခံစားရသူများနှင့် တွေ့ဆုံ ဆက်သွယ်မှုပြုခြင်းတို့ လိုအပ်ပါသည်။[၁၀၄] Dignity Kits နှင့် စပ်လျဉ်း၍ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ညှိနှိုင်းဆွေးနွေးရန် စီစဉ်ရာတွင် အောက်ပါမေးခွန်းများသည် အထောက်အကူဖြစ်စေနိုင်ပါသည်။

- သန့်ရှင်းပြီး ကျန်းမာနေဖို့ လိုအပ်တဲ့ အခြေခံ တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းတွေက ဘာတွေလဲ။
- သင့်ခန္ဓာကိုယ်ကို ဆေးကြောဖို့ လိုအပ်တာတွေ ရှိပါသလား။ (မဟုတ်ရင် ဘာတွေကအသုံးဝင်မလဲ။)
- သင့်တွင် အဝတ်လျှော်ရန် လိုအပ်သောအရာများ ရှိပါသလား။ (မဟုတ်ရင် ဘာတွေကအသုံးဝင်မလဲ။)
- နေထိုင်ရာအမိုးအကာအပြင်၌ ဘယ်လိုပစ္စည်းတွေက သင့်ကို ပိုပြီးလွတ်လပ်ပေါ့ပါးစွာ သွားလာ၊ နေထိုင်စေဖို့ ကူညီပေးမှာလဲ။
- သင်၏ နေ့စဉ်လုပ်ငန်းဆောင်တာများလုပ်ဆောင်ရန် သီးခြားအဝတ်အထည်ပစ္စည်းများ လိုအပ်ပါသလား။
- သင့်အား ဘေးကင်းစွာနေထိုင်ရန် သို့မဟုတ် သတင်းအချက်အလက်၊ အကူအညီနှင့် ဝန်ဆောင်မှုများကို ရယူရန် ကူညီပေးမည့်အရာများ ရှိပါသလား။
- ဤနေရာတွင် (စခန်း/အမိုးအကာ နေရာစသည်ဖြင့်) သင့်နေ့စဉ်ဘဝအတွက် လိုအပ်သော အခြားပစ္စည်းများရှိပါသလား။
- အိမ်တွင်ကျန်ခဲ့သော အသုံးအဆောင် ပစ္စည်းများ ထဲမှ ထို ပစ္စည်းသာရှိလျှင်  သင့်ကို သက်တောင့်သက်သာဖြစ်စေမည့် အရာသည် ဘယ်အရာ ဖြစ်မလဲ။

- ဓမ္မတာလာစဉ်တွင် သင်အသုံးပြုလေ့ရှိသော ရာသီသန့်ရှင်းရေးသုံးပစ္စည်းများသည် မည်သည့်အမျိုးအစားများဖြစ်သနည်း။ သန့်ရှင်းရေးသုံးပစ္စည်းများ အမျိုးအစားများအတွက် မေးခွန်း၏အဖြေသည် ပြန်လည်အသုံးပြုနိုင်သော ပိတ်စ ဖြစ်မည်ဆိုပါက၊ သင်သည် အဝတ်လျှော်ရန်ရေကို ရရှိရန် ဘေးကင်းလုံခြုံစွာရရှိပါသလား။
- မည်သည့်အိတ်အမျိုးအစား/ထုပ်ပိုးမှုဖြင့် Dignity Kit ကို ပေးသင့်သနည်း။[၂၀၅]

## Dignity kits များသည် "၎င်းတွင် ပါဝင်သည့်ပစ္စည်းများထက် ပိုတန်ဖိုးရှိသည်"

ပစ္စည်းများ ဖြန့်ဝေခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများနှင့် တွေ့ဆုံစကားပြောဆိုရန်၊ လိုအပ်သော သတင်းအချက်အလက်များ ပေးဆောင်ရန်နှင့် ၎င်းတို့၏ စိုးရိမ်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် အခွင့်အရေးတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် Dignity kitsများဖြန့်ဝေပေးခြင်းကိုသီးသန့်လုပ်ဆောင်မှုတစ်ခုအနေဖြင့် မဟုတ်ဘဲ ပစ္စည်းများနှင့် ၎င်းတို့၏စွန့်ပစ်ခြင်းဆိုင်ရာ ရှင်းလင်းချက်များနှင့် ဘေးကင်းမှု၊ ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် အခွင့်အရေးများနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးမှုများနှင့် အတူ လုပ်ဆောင်ရမည်ဖြစ်သည်။ ပြင်းထန်သောလတ်တလော အရေးပေါ် တုံ့ပြန်မှု လုပ်ဆောင်ချက် (ဥပမာ အရေးပေါ် စတင်ချိန် ပထမ သုံးရက် အတွင်း) အဖြစ် ဆောင်ရွက်သည့်အခါတွင်မူ ခြွင်းချက် ဖြစ်ပါသည်။ ယေဘုယျအားဖြင့်၊ Dignity Kits များ ဖြန့်ဝေခြင်းကို ပိုမိုကျယ်ပြန့်သော GBV စီမံကိန်းနှင့် တုံ့ပြန်မှုဝန်ဆောင်မှုများကို စတင်ဝင်ရောက်ရာနေရာတစ်ခု (entry point) အဖြစ် ဆောင်ရွက်သင့်သည်။[၂၀၆]

Dignity kitနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်မှုများသည် အောက်ပါစံနှုန်းများကို လိုက်နာသင့်သည်-
- ထိခိုက်ခံစားရသောအသိုက်အဝန်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများ၏ သီးခြားလိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ခြင်း။
- ပြည်တွင်း၌ ဝယ်ယူခြင်းနှင့် စုဆောင်းခြင်း (ဖြစ်နိုင်လျှင်)။
- အမျိုးသမီးများနှင့် မိန်းကလေးများနှင့် တိုင်ပင်ပြီး မှ ပါဝင်သင့်သည့် အသုံးအဆောင်ပစ္စည်းများကို ရွေးချယ်ထားခြင်း။
- ယဉ်ကျေးမှုအရ သင့်လျော်ပြီး နေရာဒေသအပေါ်လိုက်လျောညီထွေဖြစ်မှု အပါအဝင်၊ ထိခိုက်ခံစားရသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးလိုအပ်ချက်များကို ဖြည့်ဆည်းရန် ပြင်ဆင်ပြုလုပ်ထားခြင်း နှင့်
- အခြားလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းညှိနှိုင်းဖြန့်ဝေခြင်း။

Source: Gender-based Violence Sub-Cluster Turkey(Cross-border Operations in Syria) 2015, p. 8.

GBV ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်သည့် အခြေအနေတွင် Dignity kits များကို အောက်ပါတို့အပါအဝင် နည်းလမ်းများစွာဖြင့် အသုံးပြုနိုင်ပါသည်။

- ရပ်ရွာအတွင်း GBV အန္တရာယ်များကို ဖော်ထုတ်ရန် အမျိုးသမီးများနှင့် အတူစတင်လုပ်ဆောင်ရန် (entry point) တစ်ခုအဖြစ်၊
- GBV ကို ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းကဲ့သို့သော အရေးကြီးသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးမှုများတွင် ပါဝင်ရေးအတွက် လူမှုအသိုင်းအဝိုင်းများကို အသိပညာမြှင့်တင်ရန်နှင့် တိုက်တွန်းအားပေးရန်၊
- အမျိုးသမီးများ အနေဖြင့် မည်သည့် နေရာတွင် GBV ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း သတင်းအချက်အလက်မျှဝေရန်။
- GBV မှ ရှင်သန်လွတ်မြောက်သူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအပါအဝင် အန္တရာယ်ကျရောက်နိုင်ချေရှိသော အမျိုးသမီးများထံ  လက်လှမ်းမီရန်နှင့် ရရှိနိုင်သောဝန်ဆောင်မှုများကို မည်သည့်နေရာနှင့် မည်သို့ လက်လှမ်းမီနိုင်ကြောင်း အမျိုးသမီးများ သိရှိနိုင်စေရန်၊ နှင့်
- အကျပ်အတည်းကြောင့် ထိခိုက်ခံစားရသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဝင်ငွေရှာဖွေရေး လုပ်ရှားမှုတစ်ခုဖြစ်စေရန်။ အရေးကြီးသော စီးပွားရေးဆိုင်ရာပံ့ပိုးမှုအပြင်၊ ထိခိုက်ခံစားရသော အမျိုးသမီးများကို Dignity Kits ဖြန့်ဝေရန်အတွက် အတူတကွခေါ်ဆောင်လာခြင်းဖြင့် အသိပညာပေးပွဲများနှင့်/သို့မဟုတ် အခြားအုပ်စုလိုက်လှုပ်ရှားမှုများအတွက် အခွင့်အလမ်းများပေါ်ပေါက်စေရန်။[၂၀၇]

## ဦးတည်ချက်ထားခြင်း

Dignity Kits များလက်ခံရရှိမည့် ဦးတည်ထားသည့်အုပ်စုများကို ခွဲခြားသတ်မှတ်သည့်အခါ၊ GBV နှင့် အခြားသော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများသည် အောက်ပါစံနှုန်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

- လက်ငင်း/ပြင်းထန်သော လိုအပ်ချက်များ၊ ပါဝင်မှုနှင့် လက်လှမ်းမီနိုင်မှုဆိုင်ရာ အတားအဆီးများကြောင့် အကူအညီလက်ခံရရှိမှုနည်းပါးသော အသိုင်းအဝိုင်းများနှင့် GBV ဖြစ်နိုင်ခြေ ပိုများသောအမျိုးသမီးများနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများအား အထူးဂရုပြုခြင်း (နိဒါန်းကို ကြည့်ပါ)။ ဥပမာအားဖြင့်၊ အသက်ကြီးသောအမျိုးသမီးများသည် ဓမ္မတာနှင့်ဆိုင်သည့် သန့်ရှင်းရေးသုံးပစ္စည်းများကို မလိုအပ်သော်လည်း လုံခြုံဘေးကင်းမှုနှင့် ရွေ့လျားသွားလာမှုကို မြှင့်တင်ရန် အခြားပစ္စည်းများကို လက်ခံရခြင်းဖြင့် အကျိုးကျေးဇူးရရှိနိုင်ပါသည်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးများသည် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို မပြည့်မီနိုင်သောအခါတွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုမှု အန္တရာယ်များ မြင့်မားစွာ ကြုံတွေ့ရသည်။
- လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် GBV ဆိုင်ရာ သတင်းအချက်အလက်များ၊ လွှဲပြောင်းညွှန်းပို့မှုများနှင့် ဝန်ဆောင်မှုများကို ပေးဆောင်ရန် အစီအစဉ်လုပ်ငန်းဆိုင်ရာအခွင့်အရေးများ။
- ပထဝီအနေအထားတည်နေရာ- ထိခိုက်ခံစားရသူအရေအတွက်နှင့် ဖြန့်ဝေရာတွင် ကူညီရန် မိတ်ဖက်အဖွဲ့အစည်းများရှိနေခြင်းကို ထည့်သွင်းစဉ်းစားပြီး နေရာဒေသကို ဖော်ထုတ်သတ်မှတ်ခြင်း။
- Dignity Kits များတွင်ပါဝင်သည့် ပစ္စည်းများနှင့် ဖြန့်ဝေရာတွင်  မိတ်ဖက်အေဂျင်စီများနှင့် နိုင်ငံ အာဏာပိုင်များနှင့် (ဖြစ်နိုင်ပါက) အတူတကွ ညှိနှိုင်းဆောင်ရွက်ခြင်း။
- ဒေသဆိုင်ရာအခြေအနေတွင် လိုအပ်သလို အသက်အရွယ်၊ မျိုးဆက်ပွါး ကျန်းမာရေးဆိုင်ရာအခြေအနေ သို့မဟုတ် အခြားသတ်မှတ်ချက်များကဲ့သို့သော သီးခြားတစ်ဦးချင်းစံနှုန်းများ။[၂၀၈]

## ၂။ အမျိုးသမီးသုံးတစ်ကိုယ်ရေသန့်ရှင်းရေးအိတ် (Dignity Kits) ဖြန့်ဝေမှုနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံရေး

ဖြန့်ဝေမှုကို စီစဉ်သည့်အခါ၊ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဖြစ်နိုင်ချေရှိသော ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာ အန္တရာယ်များ၊ အထူးသဖြင့် GBV နှင့်ပတ်သက်သည့် အန္တရာယ်များကို ၎င်းတို့နှင့်ဆွေးနွေးရန်နှင့် ယင်းတို့ကို ဖြေရှင်းရန် ဗျူဟာများ ရေးဆွဲရန် အရေးကြီးသည် (ဥပမာ၊ Dignity Kits များ ဖြန့်ဝေခြင်းအတွက် အခြားဖြန့်ဝေမှုများနှင့် သီးခြားဖြစ်သောနေရာကို သတ်မှတ်ခြင်း)။ Dignity Kits များ ဖြန့်ဝေပေးသည့် အဖွဲ့အစည်းများအနေဖြင့် ဖြန့်ဝေမှုသည်  ဘေးကင်းပြီး သင့်လျော်ကြောင်း နှင့် ပစ္စည်းများသည် ပစ်မှတ်ထားသော အမျိုးသမီးများနှင့် မိန်းကလေးများ လက်ခံရရှိမှု သေချာရန် နည်းလမ်းများစွာရှိပါသည်။ ၎င်းတို့တွင်-

- ဖြန့်ဝေမည့်နေရာများနှင့် နေ့ရက်ရွေးချယ်ခြင်းလုပ်ငန်းစဉ်တွင် အမျိုးသမီးများနှင့် ဆယ်ကျော်သက် မိန်းကလေးများ ပါဝင်စေခြင်း။
- ဖြန့်ဝေခြင်းမပြုမီ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း (ဆိုလိုသည်မှာ မည်သည့်ပစ္စည်း၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်ကဲ့သို့လုပ်ဆောင်မည် စသည်)၊ သို့မှသာ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ Dignity Kits များကို လုံခြုံစွာနှင့် သတိရှိရှိ စုဆောင်းရန် စီစဉ်နိုင်မည်ဖြစ်သည်။
- အမျိုးသမီးများနှင့်မိန်းကလေးများ အနေဖြင့် အခြားဖြန့်ဝေမှုများကိုလည်း လက်လွတ်မခံရစေရန် သင့်လျော်သော နေရာနှင့် သင့်လျော်သောအချိန်၌ ဖြန့်ဝေပေးနိုင်ရန်စီစဉ်ခြင်း။
- သင့်လျော်ပါက အမျိုးသမီးဝန်ထမ်းများပါဝင်ပြီး လူမှုအသိုင်းအဝန်းမှအမျိုးသမီးများကို ငှားရမ်းလုပ်ဆောင်စေခြင်း။
- နေထိုင်ရာ နေရာများနှင့် ဝေးကွာသောနေရာများတွင်ဖြန့်ဝေပါက GBV အန္တရာယ်ကို တိုးမြင့်စေနိုင်သောကြောင့် ထိုနေရာများကို ရှောင်ကြဉ်ခြင်း။
- လေ့ကျင့်သင်ကြားထားသောဝန်ထမ်းများရရှိနိုင်ပါက ဘေးကင်းလုံခြုံရေး အကဲဖြတ်မှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့် Dignity Kits ဖြန့်ဝေမှုကို အကဲဖြတ်စစ်ဆေးခြင်း။
- ဖြန့်ဝေမှုအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ focal point ကို ရွေးချယ်ခြင်း၊ နှင့်
- ဖြန့်ဝေမှုပြုလုပ်ပေးသည့် ဝန်ထမ်းများသည် ရရှိနိုင်သော လွှဲပြောင်းညွှန်းပို့သည့်လမ်းကြောင်းများနှင့် ဝန်ဆောင်မှုများကို သိရှိကြောင်း သေချာစေခြင်းဖြင့်၊ ၎င်းတို့သည် လိုအပ်လာပါက GBV မှ ရှင်သန်လွတ်မြောက်သူများကို အချက်အလက်များကို ပံ့ပိုးပေးကာ ကူညီပေးနိုင်မည်ဖြစ်သည်။[၁၀၉]

Dignity Kits များကို ဖြန့်ဝေပေးသူအားလုံးသည် ကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးထားပြီး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း နှင့် အလွဲသုံးစားပြုခြင်းအန္တရာယ်ကို သိရှိကြကာ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်း အပါအဝင် GBV ဖြစ်ရပ်များကို ထုတ်ဖော်ပြောပြသည်နှင့် ကြုံလာသည့်အခါ တတ်ကျွမ်းနားလည်ပြီး ကိုင်တွယ်ဖြေရှင်းရာတွင် အရည်အချင်း ပြည့်မီနေစေရမည်ဖြစ်ပါသည်။[၁၁၀]

## ၃။ ငွေသားနှင့် ဘောက်ချာအကူအညီ (CVA)

အခန်းကဏ္ဍများ (secotrs) တွင် CVA ကိုအသုံးပြုခြင်းသည် တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်နှင့်သော်လည်းကောင်း ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက်သော်လည်းကောင်း တစ်ဦးချင်းစီ၏အန္တရာယ်လျော့ပါးသက်သာစေရေးကို ပံ့ပိုးပေးနိုင်ပါသည်။ ဥပမာအားဖြင့်၊ စခန်းမဟုတ်သောနေရာများတွင်၊ ငွေသားဖြင့် နေရာငှားရမ်းရန် သို့မဟုတ် ဘောက်ချာအကူအညီကို အသုံးပြုခြင်းသည် သင့်လျော်သော အမိုးအကာနေရာမရှိခြင်းနှင့်ဆက်စပ်သော GBV ၏အန္တရာယ်များကိုလျှော့ချနိုင်သည်။ ပိုမိုကျယ်ပြန့်သော ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆင်းရဲနွမ်းပါးသောကလေးများအား ဦးတည်ခြင်းသည် ၎င်းတို့အားလိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရနိုင်ချေရှိသည့် ကလေးများရှိသည့် မိသားစုများထံ သို့မဟုတ်  အရွယ်မတိုင်မီ ကလေးသူငယ် လက်ထပ်ထိမ်းမြားပေးမှုတွင် မိသားစုက မိန်းကလေးများအား နေရာချထားရန်လုပ်ဆောင်နေသည့် အခိုက်အတန့်များတွင်၊ ထိုမိသားစုများထံ ငွေကြေးလွှဲပြောင်းပေးမှုသည် ထိုမိန်းကလေးများကိုကျောင်းဆက်လက်တက်စေနိုင်သည်။ တုံ့ပြန်ဆောင်ရွက်မှုပြုလုပ်နေသော အခြေအနေတွင်၊ ရှင်သန်လွတ်မြောက်သူများအား စောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ငွေသားကို အသုံးချနိုင်ပြီး ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပံ့ပိုးမှုတွင်ပေါင်းစည်းနိုင်သည် (စံနှုန်း ၁၂  စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်မြင့်တင်ခြင်း နှင့် အသက်မွေးမှုလုပ်ငန်းများ ကို ကြည့်ပါ)။ ဥပမာအားဖြင့်၊ CVA သည် ပစ္စည်းများဝယ်ယူရန်၊ ငှားရမ်းခ သို့မဟုတ် ဆေးဝါးကုသမှုအတွက် ကုန်ကျငွေကို ပံ့ပိုးပေးခြင်း၊ သို့မဟုတ် ဝန်ဆောင်မှုများသို့ လက်လှမ်းမီခွင့်ပေးခြင်း (ဥပမာ၊ သယ်ယူပို့ဆောင်ရေးစရိတ်များ) ကို ပံ့ပိုးပေးနိုင်ပါသည်။

CVA ဆိုင်ရာ အထောက်အထားများနှင့် လမ်းညွှန်ချက်များ ထွက်ပေါ်လာဆဲဖြစ်သော်လည်း အန္တရာယ်ကျရောက်နိုင်မှုအားခွဲခြမ်းစိတ်ဖြာမှု (risk analysis) သည် ၎င်းကိုအသုံးပြုရန် လိုအပ်သောခြေလှမ်းတစ်ခုဖြစ်သည်။ CVA သည် ရှိပြီးသားအန္တရာယ်များကို ဖန်တီး၊ တိုးမြှင့်စေနိုင်သောကြောင့် ဖြစ်နိုင်ချေရှိသော အန္တရာယ်များ၊ အကျိုးကျေးဇူးများ၊ လျော့ပါးသက်သာစေရေးဗျူဟာများနှင့် နေရာဒေသအခြေအနေ အကြောင်းအရာ အပေါ်အခြေခံ၍ မတူညီသော အကူအညီပေးခြင်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများ၏ ဖြစ်နိုင်ခြေကို အကဲဖြတ်ရန် အရေးကြီးပါသည်။

ဖြန့်ဝေထားသောအရင်းအမြစ်များကို အကောင်းဆုံးအသုံးပြုခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များသည် CVA နှင့် အတူရှိသင့်သည်။

ပင်မ GBV ဆိုင်ရာ တုံ့ပြန်မှုဝန်ဆောင်မှုများ (ဥပမာ၊ ကျန်းမာရေး သို့မဟုတ် ဥပဒေရေးရာဝန်ဆောင်မှုများ) တွင် ဆက်စပ်ကုန်ကျစရိတ်များရှိပြီး အခမဲ့မရနိုင်သည့် အခြေအနေများတွင်၊ ငွေသားလွှဲပြောင်းမှုများသည် လက်လှမ်းမီမှုကို လွယ်ကူချောမွေ့ စေနိုင်သည်။ အတိအကျပြောရလျှင်၊ ဖြစ်ရပ်စီမံခန့်ခွဲမှုသည် ရှင်သန်လွတ်မြောက်သူတွင် ရှိနိုင်သည့် ငွေကြေးဆိုင်ရာလိုအပ်ချက်များ (ဥပမာ၊ ဝန်ဆောင်မှုရရှိနိုင်မှုကို အဟန့်အတားဖြစ်စေသောအချက်များ) ကို အကဲဖြတ်ပြီး ငွေသားအကူအညီအတွက် ၎င်းတို့အား လွှဲပြောင်းညွှန်းပို့ပေးသင့်သည်။ ငွေသားနှင့် GBV ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းသည် အကူအညီလက်ခံမည့်သူကို ဦးစားပေးဆောင်ရွက်ပေးခြင်း၊ GBV ဖြစ်နိုင်ခြေပိုများသော အမျိုးသမီးများနှင့် မိန်းကလေးများအပါအဝင် မတူကွဲပြားသောလူထု၏ သီးခြားလိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးသည့် စနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ပြီး သတင်းအချက်အလက်လျှို့ဝှက်ထားခြင်းနှင့် ဘေးကင်းလုံခြုံရေးကို ထိန်းသိမ်းခြင်း အတွက်မရှိမဖြစ်လိုအပ်ပါသည်။အခြားအကူအညီအမျိုးအစားများကို အစားထိုးခြင်းထက် ဖြည့်စွက်ကူညီခြင်းတွင် ငွေသားသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်စေသည်။ ၎င်းကို GBV တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှု၏ပုံစံတစ်ပုံစံအဖြစ် ရှုမြင်သင့်ပြီး ပိုမိုကျယ်ပြန့်သောကြိုတင်ကာကွယ်ရေးနှင့် စွမ်းဆောင်မှုမြင့်တင်ရေးဆိုင်ရာကြိုးပမ်းမှုများအဖြစ် ရှုမြင်သင့်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထောက်ပံ့ကူညီမှုများတွင် GBV လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ အနေဖြင့် ငွေသားနှင့် GBV ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်များကို အကြမ်းဖျင်းဖော်ပြပြီး၊ အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများနှင့် ရှင်သန်လွတ်မြောက်သူများအတွက် အချိန်နှင့် တပြေးညီ လျှို့ဝှက်ပြီး လက်လှမ်းမီနိုင်သော စောင့်ရှောက်မှု ရရှိရန်သေချာစေရေးအတွက် ရှင်းလင်းသည့် အဖွဲ့အစည်းတွင်း သို့မဟုတ် အေဂျင်စီအချင်းချင်း လုပ်ငန်းလမ်းညွှန် ပရိုတိုကောများကို ချမှတ်ရမည်ဖြစ်ပါသည်။[၁၁၁]
စီမံကိန်းဖွဲ့စည်းမှု၏တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ GBV ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ငွေသားဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းလမ်းညွှန်များသည်၊ ငွေသားလွှဲပြောင်းမှု၏ ကန့်သတ်ချက်များ သို့မဟုတ် လိုက်လျော ညီထွေဖြစ်မှုအပေါ် ဆုံးဖြတ်ပေးနိုင်သော ဒေသတွင်း အခြေခံဖွဲ့စည်းပုံများနှင့် စနစ်များ အပေါ်တွင်အခြေခံသင့်သည်။ ဤကြိုတင်ပြင်ဆင်မှု အဆင့်သည် သုံးစွဲသူများအား လက်လှမ်းမီနိုင်သော၊ အချိန်နှင့်တပြေးညီဖြစ်သော ဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ပေးပို့မှုများကို နောက်ထပ် ထိခိုက်နစ်နာမှု အန္တရာယ်မဖြစ်စေဘဲ လက်ခံရရှိကြောင်း သေချာစေပါသည်။[၁၁၂]

**Case Study: ဂျော်ဒန်**

ငွေသားလွှဲပြောင်းမှုတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆိုးကျိုးအားနည်းချက်များ၊ ခွဲခြားဆက်ဆံမှုနှင့် အလွဲသုံးစားပြုမှုများကို တုံ့ပြန်ရန် အလားအလာရှိသည်။ အစီရင်ခံစာများတွင် ဆီးရီးယားဒုက္ခသည်များကြားတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၏ ၅၅ ရာခိုင်နှုန်းသည် ဝင်ငွေမရှိဟု ဖော်ပြထားသည်။ ရင်ဆိုင်ဖြေရှင်းရန်အတွက် မိသားစုများသည် ၎င်းတို့၏သမီးမိန်းကလေးများကို အရွယ်မတိုင်မီ ကလေးသူငယ် လက်ထပ်ထိမ်းမြားခြင်း၊ သားသမီးများကို အလုပ်ခိုင်းစေခြင်း၊ အတင်းအကြပ် နှင့်/သို့မဟုတ် အနိုင်အထက်ပြု၍ လိင် ပိုင်းဆိုင်ရာ ရောင်းဝယ်ဖော်ကား ဆက်ဆံစေခြင်းများ ပြုလုပ်ခဲ့ကြသည်။ အိမ်ထောင်စုဝင်များကြားတွင်စီးပွားရေး ဆိုင်ရာ ဖိအားများကြောင့် စိတ်ပျက်မှုများနှင့် အကူအညီမဲ့ ခံစားချက်များ ဖြစ်ပေါ်စေသောကြောင့် ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှအကြမ်းဖက်မှုနှင့် အခြားအိမ်တွင်းအကြမ်းဖက်မှု ပုံစံများမှာလည်း တိုးမြင့်လာပါသည်။ ၂၀၁၂ တွင်IRC မှ ကောက်ယူသော စစ်တမ်းတစ်ခုတွင် ကြိုတင်ငွေပေးမှုကို ATM ကတ်များမှတစ်ဆင့် ငွေသားလွှဲပြောင်းမှုများသည် ဒုက္ခသည်များအား လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာ တိုးမြင့်လာစေရန် ပံ့ပိုးပေးသောကြောင့် အသင့်လျော်ဆုံးသော ပံ့ပိုးမှုနည်းလမ်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

Adapted from IRC 2012a. Source: IASC 2015a, p. 293.

# Tools and Resources

CARE USA (2019). *Cash & Voucher Assistance and Gender-Based Violence Compendium: Practical Guidance for Humanitarian Practitioners: A Companion Guideto the IASC GBV Guidelines.* http://www.cashlearning.org/downloads/user-submitted-resources/2019/05/1557937891.CVA_GBV%20guidelines_compendium.FINAL.pdf.

Gender-based Violence Sub-Cluster Bangladesh (Rohingya Crisis Response) (2017). *Dignity Kit Guidance Note.* Cox's Bazar: UNFPA. https://www.humanitarianresponse.info/sites/www.humanitarianresponse.info/files/documents/files/dignity_kit_guidance_note_23_dec_2017_3.pdf.

Global Protection Cluster (n.d.). *Protection and Cash and Voucher Assistance.* Available from: http://www.cashlearning.org/sector-specific-cash-transfer-programming/protection-1.

The Cash Learning Partnership (2018). *Cash-based Assistance (CBA) Programme QualityToolbox.* http://pqtoolbox.cashlearning.org/.

United Nations High Commissioner for Refugees (UNHCR) (2015). *Guide for Protection in Cash-based Interventions.* http://www.cashlearning.org/downloads/erc-guide-for-protection-in-cash-based-interventions-web.pdf.

__________(2015b). *Protection Risks and Benefits Analysis Tool.* http://www.cashlearning.org/downloads/erc-protection-risks-and-benefits-analysis-tool-web.pdf.

Women’s Refugee Commission, International Rescue Committee and Mercy Corps (2018a). “Assessing and Mitigating Risks of Gender-Based Violence in Cash-based Interventions Through Story: A Focus Group Discussion and Interview Guide,” Toolkit: Section 1 in *Toolkit for Optimizing Cash-based Interventions for Protection from Gender-based Violence.* https://www.womensrefugeecommission.org/issues/livelihoods/research-and-resources/document/download/1551.

__________ (2018b). “Post-distribution Monitoring (PDM) Module: Adapting CBIs to Mitigate GBV Risks,” Toolkit: Section I in *Toolkit for Optimizing Cash-based Interventions for Protectionfrom Gender-based Violence.* https://www.womensrefugeecommission.org/issues/livelihoods/research-and-resources/document/download/1550.

__________ (2018c). “Protocol for GBV Case Workers for Assessing Survivors’ Financial Needsand Referring Clients of GBV Case Management for Cash Assistance,” Toolkit: Section II in *Toolkit for Optimizing Cash-based Interventions for Protection from Gender-based Violence.* https://www.womensrefugeecommission.org/issues/livelihoods/research-and-resources/document/download/1553.

## စံနှုန်း ၁၂

# စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ

ကဏ္ဍပေါင်းစုံ တုံ့ပြန်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် စီးပွားရေးဆိုင်ရာ အထောက်အပံ့ကို လက်လှမ်းမီရယူနိုင်သည်။

အရေးပေါ်အခြေအနေများတွင် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများသည် စီးပွားရေးဆိုင်ရာအရင်းအမြစ်များကို လက်လှမ်းမီနိုင်မှုနှင့် ထိန်းချုပ်မှု ရရှိအောင်ပံ့ပိုးပေးခြင်းသည် ခံနိုင်ရည်အားမြှင့်တင်ရန်၊ ထိခိုက်လွယ်မှုများကို လျှော့ချရန်၊GBV အန္တရာယ်များ လျော့ပါးစေရန် နှင့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် ၎င်းတို့မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သေချာစေရန် ကူညီပေးသည့် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။[၃၁၃] ပညာရေး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးသို့ လက်လှမ်းမီ ဝင်ရောက်နိုင်ခြင်းသည် မိမိကိုယ်ကို ဖူလုံရေး၊ စွမ်းဆောင်နိုင်မှုနှင့် ခံနိုင်ရည်ရှိမှုကို မြှင့်တင်ပေးနိုင်ပါသည်။ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များသည် အမျိုးသမီးများကို အိမ်တွင်းမှုနယ်ပယ်တွင်သာနေထိုင်ရန် ချုပ်ချယ်ကန့်သတ်ထားသည့် အနုတ်လက္ခဏာဆောင်သော ကျား၊မရေးရာနှင့် လူမှုရေးစံနှုန်းများကို ပြောင်းလဲရာတွင်ကူညီပေးနိုင်ပြီး၊ အမျိုးသမီးများအဖွဲ့နှင့် ပြည်သူ့အခန်းကဏ္ဍတွင်ပါဝင်မှုတို့ကို တည်ဆောက်ကာ တစ်ဦးချင်း၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ စီးပွားရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းကို မြှင့်တင်ပေးနိုင်ပါသည်။[၃၁၄]

"အသက်မွေးဝမ်းကြောင်း" ဟူသော ဝေါဟာရသည် လူတို့ အသက်မွေးဝမ်းကျောင်းပြုရန် အသုံးပြုသည့် စွမ်းရည်များ၊ ပိုင်ဆိုင်မှုများနှင့် ဗျူဟာများကို ရည်ညွှန်းသည်။ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံကိန်းများတွင် သတ်မှတ်ကန့်သတ်ထားခြင်းမရှိသော်လည်း ပိုင်ဆိုင်မှုများပြန်လည်ထူထောင်ခြင်း (ဥပမာ၊ မွေးမြူရေးနှင့် ကိရိယာများ၊ မြေယာများ လက်လှမ်းမီမှုနှင့်/သို့မဟုတ် ပိုင်ဆိုင်မှု)၊ သင်တန်းများနှင့်နေရာချထား ပေးရေးအစီအစဉ်များ၊ စခန်းတွင်းစီးပွားရေး တည်ဆောက်ခြင်း၊ ဝင်ငွေရှာဖွေခြင်း လုပ်ငန်းများနှင့် ကျေးရွာအတွင်း ငွေစုငွေချေးအသင်းများ အပါအဝင် အမျိုးမျိုးသော လှုပ်ရှားမှုများ ပါဝင်ပါသည်။[၃၁၅]

ကောင်းစွာစီစဉ်ထားသော၊ ပစ်မှတ်ထားသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများတွင် ပါဝင်ခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများအား အရင်းအမြစ်များ၊ အခွင့်အလမ်းများနှင့် ဆုံးဖြတ်ချက်ချနိုင်မှုစွမ်းအားများ တိုးမြှင့်လာစေရန် ဦးတည်စေပြီး၊ အချိန်ကြာလာသည်နှင့်အမျှ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကျား-မရေးရာ စံနှုန်းများကို ပြောင်းလဲလာစေနိုင်သည်။ လက်ငင်းအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အပြင် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ၏ အနာဂတ်အလားအလာများကို တိုးတက်စေနိုင်ပြီး စီးပွားရေးဆိုင်ရာလုံခြုံရေးတွင် ၎င်းတို့၏ပံ့ပိုးကူညီမှုကို အသိအမှတ်ပြုခံရသည့်အခါ ရပ်ရွာအသိုင်းအဝိုင်းက ၎င်းတို့အား ဆက်ဆံပုံပြောင်းလဲလာစေနိုင်သည်။[၃၁၆] အချို့သောအခြေအနေများတွင်၊ အလုပ်လုပ်ရန် ဥပဒေနှင့်ဆိုင်သော အတားအဆီးများကို ကျော်လွှားရန် လိုအပ်နိုင်ပါသည်။ ဥပမာအားဖြင့်၊ အခြေအနေများစွာတွင် ဒုက္ခသည်များသည် သင့်လျော်သော စာရွက်စာတမ်း၊ အလုပ်လုပ်ကိုင်ခွင့် သို့မဟုတ် လွတ်လပ်စွာ သွားလာခွင့်မရှိကြပါ။

အရေးပေါ်အခြေအနေပြီးသည်နှင့် တပြိုင်နက် အမျိုးသမီးများအတွက် စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းအပါအဝင် GBVမှ ၎င်းတို့၏ ထိခိုက်လွယ်မှုကို လျှော့ချပေးသည်။ အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုအစီအစဉ်များသည် အရေးကြီးသော ပိုင်ဆိုင်မှုများနှင့် စုဆောင်းငွေများ လျော့နည်းလာမှုကို ဟန့်တားနိုင်သည့် အတွက် ထိုလုပ်ငန်းများကို စောစောလုပ်နိုင်လေ၊ အကျပ်အတည်းဒဏ်ခံရသော ထိခိုက်နစ်နာသည့် လူထုကို ပိုမို ခံနိုင်ရည်ရှိအောင် လုပ်နိုင်လေဖြစ်ပြီး ပြန်လည်ကုစားချိန်ကို တိုတောင်း စေနိုင်ပါသည်။[၃၁၇]

| အဓိကလုပ်ဆောင်ချက်များ စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အသက်မွေးဝမ်းကျောင်း | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ခြင်း |
|---|---|---|---|
| (၁) စီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် အမျိုးသမီးများနှင့် အသက်ပိုကြီးသည့် ဆယ်ကျော်သက်မိန်းကလေးများ (အသက် ၁၅ မှ ၁၉ နှစ်ကြား၊ သင့်လျော်သလို) ၏ပါဝင်မှုမှ ဖြစ်ပေါ်လာနိုင်သည့် အလားအလာရှိသော အန္တရာယ်များ/ ထိခိုက်နစ်နာမှုများ နှင့် ထိုအန္တရာယ်များမှ လျော့ပါးသက်သာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ (၂) စီးပွားရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်/သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် ဝင်ရောက်ပါဝင်ခြင်း၌ အမျိုးသမီးများနှင့် ဆယ်ကျော်သက်များ ကြုံတွေ့ရနိုင်သည့် အခက်အခဲအတားအဆီးများ၊ နှင့် (၃) ပိုင်ဆိုင်မှုကို စီမံခန့်ခွဲမှု၊ ငွေကြေး ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းနှင့် ဝင်ငွေထိန်းချုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အိမ်ထောင်စု အတွင်း လုပ်ပိုင်ခွင့် အာဏာများ ကို ရှာဖွေဖော်ထုတ်ရန် ကျား-မ ရေးရာခွဲခြမ်းစိတ်ဖြာမှုတစ်ခုပြုလုပ်ပါ။[၂၁၈] | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် အသက်ပိုကြီးသည့် ဆယ်ကျော်သက်များ မိန်းကလေးများကို ရည်ရွယ်ထားသည့် အသက်မွေးဝမ်းကြောင်းပြုခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်းဆိုင်ရာ ပံ့ပိုးကူညီမှုအစီအစဉ်များကို မြေပုံဆွဲပြီး GBV စံလုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများ(GBV standard operating procedures)နှင့် လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ်များ (referral systems)တွင် သက်ဆိုင်ရာ အသက်မွေးဝမ်းကြောင်းဝန်ဆောင်မှု/အစပြုမှုများလုပ်ငန်းများကို ပါဝင်ထည့်သွင်းထားပါ။ | ✔ | ✔ | ✔ |
| ကျား-မရေးရာ နှင့် အန္တရာယ်ဆိုင်ရာ အကဲဆတ်သည့် အသက်မွေးဝမ်းကျောင်းမှုနှင့်ပတ်သက်သည့် လိုအပ်ချက်များကို အကဲဖြတ်မှုနှင့် ဈေးကွက်အတွင်းခွဲခြမ်းစိတ်ဖြာမှုများပြုလုပ်ရန် ပံ့ပိုးပါ။ | ✔ | ✔ | ✔ |
| မူဝါဒများ၊ စံနှုန်းများနှင့် လမ်းညွှန်ချက်များ၌ သက်ဆိုင်ရာ GBV ကာကွယ်ရေးနှင့် အန္တရာယ်လျော့ပါးရေး မဟာဗျူဟာများကို ပေါင်းစည်းရန် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အဖွဲ့အစည်းများကို ပံ့ပိုးကူညီပါ။ | ✔ | ✔ | ✔ |
| အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များတွင် ဝန်ထမ်းများနှင့် ခေါင်းဆောင်များအဖြစ် ထိခိုက်ခံစားရသော လူထုအတွင်းရှိ အမျိုးသမီးများနှင့် အသက်ပိုကြီးသည့် ဆယ်ကျော်သက်မိန်းကလေးများ ပါဝင်မှုကို မြှင့်တင်ပါ။ | ✔ | ✔ | ✔ |
| ဖယ်ကျဉ်ခံထားရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် ရည်ရွယ်ထားသော အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်များနှင့် ပူးတွဲလုပ်ဆောင်မှုများကို ဖော်ထုတ်ခြင်း အပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် GBV အဖွဲ့ခွဲများ/အလုပ်အဖွဲ့များအကြား သတင်းအချက်အလက်မျှဝေခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပံ့ပိုးကူညီပါ။ | ✔ | ✔ | ✔ |
| အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဒေသတွင်း ဘေးကင်းလုံခြုံသော ဧရိယာများနှင့် အနတရယ်ရှိသောနေရာများကို ဖော်ထုတ် သတ်မှတ်ရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ ဘေးကင်းလုံခြုံမှုအပေါ် အခြေခံ၍ လောင်စာဆီ၊ ရေနှင့် အခြားအဓိကအရင်းအမြစ်များ၏ လက်လှမ်းမီမှုကိုပါ ထည့်သွင်း စဉ်းစားသည့် ဝင်ငွေရရှိရေး လုပ်ငန်းများ၏ တည်နေရာ/အချိန်ကို စီစဉ်ပါ။[၂၁၉] | ✔ | ✔ | ✔ |
| လူထုအပေါ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ မဟာဗျူဟာများ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီပါ။[၂၂၀] | ✔ | ✔ | ✔ |

စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်တင်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများလုပ်ကိုင်ရန် အခြေအနေတွင် အမျိုးသမီးများ၊ ဆယ်ကျော်သက် မိန်းကလေးများနှင့် အခြားသော အန္တရာယ်ခံရနိုင်ချေရှိသောအုပ်စုများသည် အမျိုးသမီးများကို အိမ်ပြင်ထွက်၍ အလုပ်လုပ်ခြင်းကို တားဆီးနိုင်သည့် သို့မဟုတ် အစဉ်အလာအရ အမျိုးသားများ လုပ်ကိုင်နေသော အလုပ်များတွင် အမျိုးသားထက် ဝင်ငွေနည်းစွာ ကမ်းလှမ်း အလုပ်ခန့်ခြင်း အပါအဝင် ကျား၊မ ရေးရာနှင့်/ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများနှင့် သက်ဆိုင်သည့် အထူးအတားအဆီးများကို ရင်ဆိုင်နေကြရသည်။[၂၂၁] လူမှုရေး အပြစ်ဒဏ်နှင့် ခွဲခြားဆက်ဆံခံရမှု များသည်လည်း အမျိုးသမီးများကို စီးပွားရေးအခွင့်အလမ်းများမှ ဖယ်ထုတ်နိုင်ကြသည်။ လုံလောက်သော ကလေးပြုစုစောင့်ရှောက်မှု အကူအညီမရခြင်း သို့မဟုတ် မိသားစုဝင်များ၏ ကန့်သတ်ထားခြင်းများ ခံရသည့် အခါ  အမျိုးသမီး အိမ်ထောင်ဦးစီးများ အနေဖြင့် အိမ်အပြင်ထွက်၍ အလုပ်လုပ်ရန် မဖြစ်နိုင်ပါ။ အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံသော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ မရှိခြင်းသည် အမျိုးသားများအပေါ် စီးပွားရေးအရ မှီခိုအားထားရရုံ သာမက အကြမ်းဖက်မှုအန္တရာယ်ကိုလည်း တိုးလာစေနိုင်ပါသည်။[၂၂၂] တစ်ချိန်တည်းတွင် ဝင်ငွေရရှိနေသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို လက်ရှိလုပ်ပိုင်ခွင့်အာဏာတည်ဆောက်မှုပုံစံများအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်ခံရနိုင်ပြီး မိသားစုနှင့်/သို့မဟုတ် အသိုင်းအဝိုင်းအဖွဲ့ဝင်များမှ အကြမ်းဖက်မှုခြင်းကို ဖြစ်စေနိုင်ပါသည်။[၂၂၃]

ကျား၊မရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာစံနှုန်းများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များကို မိတ်ဆက်ခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု အန္တရာယ်ကို တိုးမြင့်စေပြီး ထိုလုပ်ငန်းများအပေါ် ဆိုးရွားစွာ တုံ့ပြန်ခံရမှုကို ဖန်တီးနိုင်ပါသည်။  အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များတွင် အမျိုးသမီးများ၏ ပါဝင်မှုကို ပံ့ပိုးပေးရန်အတွက် အမျိုးသားအိမ်ထောင်စုဝင်များ အပါအဝင် လူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံခြင်းသည် အန္တရာယ်ကို လျော့ပါးစေရန်အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်သည်။ ထို့အပြင်၊ ကောင်းစွာစီစဉ်ထားခြင်းမဟုတ်သည့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာကြားဝင်ဆောင်ရွက်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ရှိနှင့်ပြီးသားအိမ်တွင်းမှုတာဝန်များနှင့် အလုပ်တာဝန်များအပြင် ထပ်တိုးလာစေပြီး စိတ်ဖိစီးမှုနှင့် ဖိအားများ မြင့်မားလာစေပါသည်။

စီးပွားရေးဆိုင်ရာလုံခြုံရေးအတွက် ကုန်သွယ်မှုကို အကာအကွယ်ပြုလုပ်ရန်၊ အခြားကြားဝင်ဆောင်ရွက်မှုများကဲ့သို့ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းအစီအစဉ်များကို ကျား၊မရေးရာနှင့်  နှင့် အန္တရာယ်ကို အကဲဆတ်စွာ ရေးဆွဲထားရပါမည်။[၂၂၄] ဖြစ်နိုင်ချေရှိသော အန္တရာယ်များကြောင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများကို စီးပွားရေးဆိုင်ရာလှုပ်ရှားမှုလုပ်ငန်းများမှ မဖယ်ထုတ်သင့်ပါ။ သို့သော် ထိုအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လျော့ပါးသက်သာစေမည့် အစီအစဉ်များကို ရေးဆွဲရာတွင် တိုက်ရိုက်ပါဝင်လုပ်ဆောင်စေရမည်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအစီအစဉ်များသည် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများအတွက် အကာအကွယ်ဆိုင်ရာ အန္တရာယ်များကို ပိုမိုဆိုးရွားစေသည့် ဖြစ်နိုင်ခြေကိုလျှော့ချရန် "ထိခိုက်နစ်နာမှုမရှိစေရေး" ချဉ်းကပ်မှုကို ကျင့်သုံးရန် အရေးကြီးပါသည်။[၂၂၅] အမျိုးသမီးများနှင့် အသက်ပိုကြီးသော ဆယ်ကျော်သက်မိန်းကလေးများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်များတွင် အောက်ပါတို့ကို **မပြုလုပ်သင့်ပါ။**

- အမျိုးသမီးများ၏ ရိုးရာအစဉ်အလာအခန်းကဏ္ဍများကို အားဖြည့်ပေးခြင်း၊
- လုပ်ငန်းတာဝန်များကို တိုးမြှင့်ခြင်းဖြင့် ဝန်ထုပ်ဝန်ပိုးများကို ပေါင်းထည့်ခြင်း၊
- ကျား၊မရေးရာ စံနှုန်းများကို ပြောင်းလဲခြင်းနှင့်/သို့မဟုတ် အမျိုးသားနှင့် အမျိုးသမီးများကြား ပိုင်ဆိုင်မှုအပေါ် ထိန်းချုပ်မှု ချိန်ခွင်လျှာကို ပြောင်းလဲခြင်းဖြင့်၊ အိမ်ထောင်စု သို့မဟုတ် အသိုင်းအဝိုင်းအတွင်း ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို တိုးမြှင့် လာစေရန် ဖန်တီးခြင်း၊
- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အကြမ်းဖက်ခံရနိုင်ခြေကို မြင့်မားလာစေခြင်း၊[၂၂၆]

GBV မှ ရှင်သန်လွတ်မြောက်သူများသည် သတ်မှတ်ထားသော အသက်မွေးဝမ်းကျောင်းမှုအစီအစဉ်တွင် သီးသန့် ပါဝင်သူများမဖြစ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းသည် လူမှုရေးပြစ်ဒဏ်ခံရမှုကို မြင့်မားစေပြီး သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းမှု၊ ဘေးကင်းလုံခြုံမှုကို ကျဆင်းစေပါသည်။ ချဉ်းကပ်မှုတစ်ခုမှာ အကြမ်းဖက်မှုအန္တရာယ်မှ အများဆုံးခံရနိုင်သည့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးများကို ဖော်ထုတ်ရန် လူမှုအသိုက်အဝန်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။ လုပ်ငန်း အစီအစဉ်များသည် ရှင်သန်လွတ်မြောက်သူများကို ခွဲခြားထားခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းမပြုသည့် နည်းလမ်းဖြင့်ထို အုပ်စုများနှင့်/သို့မဟုတ် တစ်ဦးချင်းစီကို ပစ်မှတ်ထားဆောင်ရွက်နိုင်ပါသည်။[၂၂၇]

GBV အထူးပြု အဖွဲ့အစည်းများသည် စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အထောက်အပံ့များကို တိုက်ရိုက်ပံ့ပိုးပေးရန် တာဝန်မရှိပါ။ သို့သော် ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံကိန်းများနှင့်/သို့မဟုတ် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုများကို ထူထောင်ရန်နှင့် GBV ကိုကိုင်တွယ်ဖြေရှင်းရန် ကျယ်ပြန့်ပြည့်စုံသော ကဏ္ဍပေါင်းစုံချဉ်းကပ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် GBV မှရှင်သန်လွတ်မြောက်သူများသည်  အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အထောက်အပံ့ကို ရယူနိုင်ကြောင်း သေချာစေရန် မည်သို့အကောင်းဆုံးပူးပေါင်းဆောင်ရွက်နိုင်သည်ကို စဉ်းစားသင့်သည်။ တုံ့ပြန်မှုဆိုင်ရာ အတိုင်းအတာတစ်ခုအနေဖြင့်၊ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အစီအစဉ်များသည် GBV မှရှင်သန်လွတ်မြောက်သူများအတွက် သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများရယူရန် ဝင်ရောက်နိုင်သည့် နေရာ (entry points) များဖြစ်နိုင်ပြီး စိတ်ခံစားမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ကုစားရေးလှုပ်ရှားမှုများအတွက် လုပ်ငန်းတစ်ခုအနေဖြင့်လည်း ပံ့ပိုးပေးနိုင်ပါသည်။[၂၂၈]

## အညွှန်းကိန်းများ

- စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အစီအစဉ်များကို GBV စံလုပ်ငန်းလည်ပတ်မှုလုပ်ငန်းစဉ်များတွင်(GBV standard operating procedures) ပေါင်းစပ်ထားပြီး လွှဲပြောင်းညွှန်းပို့ပေးသည့်စနစ် (referral system)နှင့် ဝန်ဆောင်မှုဆိုင်ရာမြေပုံ(service mapping)တွင် ပါဝင်သည်။
- အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက်ချရာတွင် တစ်ဦးတည်း သို့မဟုတ် ပူးတွဲပါဝင်ကြောင်း အစီရင်ခံသော အမျိုးသမီးများနှင့် အသက်ကြီးသည့် ဆယ်ကျော်သက် မိန်းကလေးများ၏ ရာခိုင်နှုန်း။
- စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အစီအစဉ်များတွင် ပါဝင်ပြီးနောက် ငွေကြေးဆိုင်ရာအရင်းအမြစ်များကို အမျိုးသမီးများနှင့် မိန်းကလေးများ၏ လက်လှမ်းမီမှုနှင့် ထိန်းချုပ်မှုတွင် အခြေခံကောက်ယူထားမှု (အစီအစဉ်တွင် မပါဝင်ခင်)မှ ရာခိုင်နှုန်းပြောင်းလဲမှု။
- အသက်မွေးဝမ်းကျောင်းမှုအစီအစဉ်များတွင်ပါဝင်သူ အမျိုးသမီးများ၏ အသားတင်ဝင်ငွေ ရာခိုင်နှုန်းပြောင်းလဲမှု။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်များတွင် ရန်ပုံငွေထောက်ပံ့ထားသော အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်ဆိုင်ရာ ကြားဝင်ဆောင်ရွက်ပေးမှုများမှတစ်ဆင့် အမျိုးသမီးများနှင့် အသက်ကြီးသည့် ဆယ်ကျော်သက် မိန်းကလေးများ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုအား ပံ့ပိုးပေးမည့် စီမံချက်အရေအတွက်။[၂၂၉]

# လမ်းညွှန်ချက်မှတ်စု

## ၁။ အရေးပေါ်အခြေအနေများတွင် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအစီအစဉ်

### အစီအစဉ်ရေးဆွဲခြင်းအတွက် ဒေသအခြေအနေကို နားလည်ခြင်း။

အမျိုးသမီးများနှင့် အသက်ကြီးသည့်ဆယ်ကျော်သက်မိန်းကလေးများအတွက် စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်များ ဒီဇိုင်းရေးဆွဲခြင်းသည် အရေးပေါ်အခြေအနေနှင့် ရပ်ရွာလူထုအတွင်းရှိ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကျား-မရေးရာ စံနှုန်းများကို စေ့စေ့စပ်စပ် နားလည်မှုပေါ်တွင် အခြေခံရပါမည်။[၃၃၀] ဖြစ်နိုင်ချေရှိသော အန္တရာယ်ကို စောင့်ကြည့်လေ့လာပြီး ကိုင်တွယ်ဖြေရှင်းရန် ထားသော အကာအကွယ် ဆိုင်ရာယန္တရားများ ပါဝင်သည့် အစီအစဉ်များသည် အမျိုးသမီးများနှင့် အသက်ကြီးသည့်ဆယ်ကျော်သက်မိန်းကလေးများအား ကျွမ်းကျင်မှုသင်တန်းများ၊ လူမှုရေးနှင့် ငွေကြေးအရင်းအနှီးများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆောင်ရွက်စဉ်တွင် အကြမ်းဖက်ခံရမှုနှင့် ခေါင်းပုံဖြတ်ခံရမှုမှ လျှော့ချရန် ကူညီပေးနိုင်သည်။

အစီအစဉ်များသည်-

- အမျိုးသမီးများ၊ အသက်ကြီးသော ဆယ်ကျော်သက်မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိသော အုပ်စုများကို ဝင်ငွေရှာရန် ဘေးကင်းသော နည်းလမ်းများဖြင့် ပံ့ပိုးပေးသည်။
- အသေးစားလုပ်ငန်းများ၊ ငွေကြေးစီမံခန့်ခွဲမှု၊ သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုများအတွက် ၎င်းတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုအခြေခံကို မြှင့်တင်ပေးသည်။
- ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသော အခြေအနေများမှ လွတ်မြောက်ရန် ၎င်းတို့၏ စွမ်းရည်ကို တိုးမြှင့်လာစေသည့် ၎င်းတို့၏ အမှီအခိုကင်းပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မြှင့်တင်ပေးသည်။
- တစ်ဦးချင်း၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများ၏ စီးပွားရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းကို မြှင့်တင်ပေးသည်။
- မိသားစုနှင့်လူထု အသိုက်အဝန်းအတွင်း GBV၊ ကျား၊မရေးရာ စံနှုန်းများနှင့် လုပ်ပိုင်ခွင့်အာဏာမညီမျှမှုများကို အကဲဆတ်သော နည်းလမ်းဖြင့် အသိပညာပေးများ ဖန်တီးပြုလုပ်ပေးသည်။
- ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် သဘာဝအရင်းအမြစ်များ၏ စီမံခန့်ခွဲမှုကို မြှင့်တင်ပေးသည်။[၃၃၁]

**EA$E ၏ကြားဝင်ဆောင်ရွက်မှု မှတဆင့် အမျိုးသမီးများအား လူမှုရေးနှင့် စီးပွားရေးအရ စွမ်းဆောင်ရည်မြှင့်မားလာစေခြင်း။**
IRC ၏ အမျိုးသမီးများ ကာကွယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်သည် EA$E (Economic and Social Empowerment) ကြားဝင်ဆောင်ရွက်မှုမှတစ်ဆင့် အမျိုးသမီးများအား လူမှုရေးနှင့် စီးပွားရေးအရ စွမ်းရည်မြှင့်တက်လာစေရန် လုပ်ဆောင်ပါသည်။ EA$E သည် အိမ်ထောင်စုတွင်းရှိ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချခြင်းကို တိုးမြှင့်ခြင်းအားဖြင့် အိမ်တွင်းရှိ ကျား-မရေးရာ စံနှုန်းကို လုံခြုံစွာမြှင့်တင်ရန် ကြိုးပမ်းသည်။ ၎င်းသည် စွမ်းဆောင်ရည်မြှင့်တင်မှု၏ အစိတ်အပိုင်းသုံးရပ်ဖြင့် လုပ်ဆောင်ပါသည်- (၁) ကျေးရွာတွင်းရှိ ငွေစုငွေချေးအသင်းများမှတစ်ဆင့် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီခြင်း၊ (၂) အုပ်စုဖွဲ့အပိုင်းဆက်ဆွေးနွေးခြင်းနှင့် (၃) စီးပွါးရေးဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ။

အကြိုသုတေသနပြုချက်များအရ အမျိုးသမီးများအတွက် စီးပွားရေးဆိုင်ရာအစီအစဉ်များအပြင် ကျား-မရေးရာ ဆွေးနွေးပွဲများအတွက် နေရာထပ်ထည့်ခြင်းသည် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှအကြမ်းဖက်မှုများကို လျှော့ချရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ EA$E အစီအစဉ်သည် အမျိုးသမီးများအတွက် ကျေးရွာတွင်းရှိ ငွေစုငွေချေးအဖွဲ့ဝင်များနှင့် ၎င်းတို့၏ အမျိုးသား အိမ်ထောင်ဖက်များ အတွက် အိမ်ထောင်စုတွင်းရှိ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ပူးတွဲဆုံးဖြတ်ချက်ချခြင်းတို့ကို အလေးပေးသည့် ဆွေးနွေးခန်းများကို စီစဉ်ပေးထားပြီး လုပ်ပိုင်ခွင့်အာဏာမညီမျှမှု၏ နက်နဲသော ပြဿနာများ၊ အိမ်တွင်းရှိ အမျိုးသမီးများ၏ တန်ဖိုးနှင့် အကြမ်းဖက်မှု မဖြစ်သည့် အခြားနည်းလမ်းများကိုပါ ဆွေးနွေးရန်ထည့်သွင်းထားသည်။ တစ်ချိန်တည်းမှာပင်၊ ပါဝင်သူများသည် ဆွေးနွေးပွဲများတွင် ရင်းနှီးကျွမ်းဝင်သောလက်တွဲဖော်မှအကြမ်းဖက်မှုများကို အဓိကအာရုံစိုက်ခြင်းထက် အိမ်ထောင်စု၏သုခချမ်းသာနှင့် ဆုံးဖြတ်ချက်များအတူမျှဝေ ချမှတ်ခြင်းဖြင့် ထိုအကြောင်းအရာများကို ခြိမ်းခြောက်မှုမရှိသောနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ကြသည်။ ဘူရွန်ဒီရှိ ရှေ့ပြေးအစီအစဉ်မှ ကနဦးဆောင်ရွက်ချက်များအရ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု နှင့်အတူ ဆွေးနွေးခန်းအခန်းဆက်များကို ပေါင်းစပ်ခြင်းဖြင့် ရင်းနှီး ကျွမ်းဝင်သောလက်တွဲဖော်မှအကြမ်းဖက်မှုများ လျော့နည်းသွားခြင်းနှင့် အကြမ်းဖက်မှုကို လက်ခံခြင်းမှ လျော့ကျလာခြင်း တို့အပြင်၊ ဆုံးဖြတ်ချက်ချခြင်းနှင့် အိမ်ထောင်ဖက်များကြား စေ့စပ်ညှိနှိုင်းရေးစွမ်းရည်ကို အသုံးပြုခြင်းတွင် အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှု တိုးမြှင့်လာသည်ကို တွေ့ရှိခဲ့ပါသည်။

Source: IASC 2015a, p. 233.

## အမျိုးသမီးများနှင့် အသက်ကြီးသည့် ဆယ်ကျော်သက် မိန်းကလေးများအတွက် လုံခြုံစိတ်ချရသော ဈေးကွက်အခြေပြု အခွင့်အလမ်းများကို နားလည်ခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်း

အမျိုးသမီးများနှင့် အသက်ကြီးသည့်ဆယ်ကျော်သက်မိန်းကလေးများအတွက် ဘေးကင်းပြီး အလားအလာရှိသော အလုပ် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ပေးသည့် ကျား၊မရေးရာ အကဲဆတ်သော ဈေးကွက်အကဲဖြတ်မှုဖြင့် စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည် မြင့်တင်မှု အစီအစဉ်များကို အသိပေးရပါမည်။ ရေရှည်တည်တံ့ပြီး အမြတ်အစွန်းရနိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပံ့ပိုးပေးရန် အတွက် အသိပညာနှင့် ကျွမ်းကျင်မှုတည်ဆောက်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အချိန်နှင့်တပြေးညီဖြစ်သည့် ဈေးကွက်ဆိုင်ရာ သတင်း အချက်အလက်ပေါ်အခြေခံ၍ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်သင့်သည်။

## အသက်မွေးဝမ်းကျောင်း အစီအစဉ်များတွင် အခကြေးငွေမရသော အလုပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း

အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်များတွင် အမျိုးသမီးများနှင့် အသက်ကြီးသည့် ဆယ်ကျော်သက်မိန်းကလေးများအနေဖြင့် ၎င်းတို့၏ အိမ်ထောင်စုများနှင့် ရပ်ရွာများတွင် အခကြေးငွေမရသော အလုပ်များကြောင့် မကြာခဏ ကြုံတွေ့နေရသည့် အတားအဆီးများကို ထည့်သွင်း စဉ်းစားရမည်ဖြစ်ပြီး အချိန်နှင့်အမျှ ဆင်းရဲမွဲတေမှုနှင့် မိမိကိုယ်ကို ပြုစုစောင့်ရှောက်ရန် အချိန် သို့မဟုတ် နေရာမရှိခြင်း ကိုလည်းထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အနိမ့်ဆုံးအားဖြင့်၊ ဝန်ဆောင်မှုများအတွက် အကောင်းဆုံးအချိန်၊ ကြာချိန်နှင့် တည်နေရာတို့ကို အမျိုးသမီးတို့နှင့်တိုင်ပင်ခြင်းဖြင့် ၎င်းတို့၏ အချိန်ဇယားနှင့် တာဝန်များကို လိုက်လျောညီထွေဖြစ်စေသည့် အစီအစဉ်များကို လုပ်ဆောင် သင့်သည်။ သင့်လျော်ပါက ခရီးသွားလာရေးစရိတ် သို့မဟုတ် ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ လုပ်ငန်းနေရာ သို့မဟုတ် အနီးနားတွင် လုံလောက်သော ကလေးပြုစုစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်နေရာများထားပေးခြင်း တို့ဆောင်ရွက်သင့်သည်။ ပိုမိုပြောင်းလဲ နိုင်သောချဉ်းကပ်မှုတစ်ခုအတွက်၊စီမံကိန်းများသည်အခကြေးငွေမရရှိသောအလုပ်နှင့်အန္တရာယ်ရှိသောကျား- မရေးရာစံနှုန်းများအကြောင်းဆွေးနွေးမှုများတွင် ရပ်ရွာခေါင်းဆောင်များနှင့် မူဝါဒချမှတ်သူများ၊ ပုဂ္ဂလိကကဏ္ဍအလုပ်ရှင်များနှင့် အမျိုးသားအိမ်ထောင်စုဝင်များ အပါအဝင် အဓိကသက်ဆိုင်သူများ ပါဝင်စေကာ  ပိုမိုမျှတသော မူဝါဒများနှင့် အပြုအမူများကို အားပေးရန် လုပ်ဆောင်သင့်ပါသည်။

## ဆိုးကျိုးများကို လျော့ပါးသက်သာစေခြင်း

အမျိုးသမီးများနှင့် အသက်ကြီးသည့်ဆယ်ကျော်သက် မိန်းကလေးများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု များတွင် အစီအစဉ်မစမီ၊ အစီအစဉ်ကာလအတွင်းနှင့် အစီအစဉ်အပြီးတွင် ပါဝင်သူများအတွက်  အန္တရာယ်ဖြစ်စေနိုင်ချေကို လျော့ပါး သက်သာစေရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။[၂၂၂] ထို့အပြင် အရေးပေါ်အခြေအနေများတွင် မလုံခြုံမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများနှင့် အလွဲသုံးစားပြုမှုများ တိုးလာနေခြင်းကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် ညံ့ဖျင်းမှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက် နေသူများသည် ဤအန္တရာယ်များကို မရည်ရွယ်ဘဲ တိုးပွား လာစေနိုင်သည်။[၂၂၃] အရေးပေါ်ကာလ၏အစောပိုင်းကာလမှစ၍၊ ကျား-မရေးရာပြောင်းလဲမှုများကို နားလည်ရန်၊ GBV အန္တရာယ်များကို အကဲဖြတ်ရန်နှင့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ၊ အတွက် အကြမ်းဖက်မှုမှ ထိခိုက်လွယ်မှုကို လျော့ချရန် အစီအမံများပြုလုပ်ရန် အရေးကြီးပါသည်။[၂၂၄] GBV စီမံကိန်းအဖွဲ့အစည်းများသည် စီမံကိန်းများ၏ အပြုသဘောနှင့် မရည်ရွယ် ထားသည့်  အနုတ်လက္ခဏာဆောင်သော အကျိုးဆက်များကို တက်ကြွစွာ လေ့လာစောင့်ကြည့်သင့်သည်။ ဥပမာအားဖြင့်၊ စီမံကိန်းတွင် ပါဝင်သူအနည်းစုဆီသို့ လအနည်းငယ်ကြာတိုင်း သွားရောက်ပြီး စီမံကိန်းတွင် ၎င်းတို့ပါဝင်မှု၏ မျှော်လင့်မထားသောရလဒ်များ သို့မဟုတ် ၎င်းတို့မျှဝေလိုသည့် အခြားတုံ့ပြန်အကြံပြုချက်တစ်ခုခုအကြောင်း မေးမြန်းနိုင်ပါသည်။

သတ်မှတ်ထားသော လူမှုရေးနှင့် ကျား-မရေးရာ စံနှုန်းများကို ပြောင်းလဲမှုများသည် GBV ပုံစံအချို့ ဖြစ်ပွားမှု တိုးလာနိုင်သည့် အန္တရာယ်ကို ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့်၊ လက်တွဲဖော်များ သို့မဟုတ် မိသားစုဝင်များသည် အမျိုးသမီးများ၏ စီးပွားရေးအရ လွတ်လပ်မှုအပေါ် ခြိမ်းခြောက်မှု သို့မဟုတ် နာကြည်းမှု တစ်ခုအနေနှင့် ခံစားရပါက၊ ရင်းနှီးကျွမ်းဝင်သော လက်တွဲဖော်မှ အကြမ်းဖက်မှုများနှင့် အိမ်တွင်း အကြမ်းဖက်မှုများ တိုးလာနိုင်သည် - အထူးသဖြင့် အမျိုးသားမိသားစုဝင်အနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာအရေးပေါ် အခြေအနေ များတွင် ၎င်းတို့၏ မိရိုးဖလာ တာဝန်ဝတ္တရားများဖြစ်သော “ဝင်ငွေရှာသူများ” အဖြစ် ဖြည့်ဆည်းနိုင်တော့မည်မဟုတ်ပေ။ ပိုင်ဆိုင်မှုများ တိုးများလာခြင်းနှင့် ရရှိနိုင်မှုသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုနှင့် ခေါင်းပုံဖြတ်ခံရမှု အပါအဝင် အခြားအကြမ်းဖက်မှုပုံစံများ (ဥပမာ ခိုးယူမှု) ဖြစ်နိုင်ခြေကို တိုးမြှင့်စေနိုင်သည်။  ပြည်တွင်းအိုးအိမ် စွန့်ခွါထွက်ပြေးနေရသူများ/ဒုက္ခသည်များ ရှိနေသောနေရာ ဒေသများတွင်၊ ၎င်းလူထုအသိုင်းအဝိုင်းကိုသာ သီးသန့်ဦးတည်ထားသည့် အသက်မွေးဝမ်းကျောင်းပြုမှုဆိုင်ရာ လုပ်ငန်းများသည် လက်ခံထားသူများ/အိမ်ရှင်အသိုင်းအဝိုင်းများနှင့် တင်းမာမှုကို တိုးလာစေ နိုင်သည်။[၂၂၅]

အရေးပေါ် ဝင်ငွေရရှိရေး စီမံချက်များကို ရေရှည်ကာလသို့ အကူးအပြောင်း အစီအစဉ်များနှင့် အလှူရှင်များ၏ ရန်ပုံငွေပံ့ပိုးမှု မဟာဗျူဟာ များတွင် ပေါင်းစပ်ထားသင့်ပြီး အရေးပေါ်အခြေအနေစတင်ချိန်မှစ၍ ပြန်လည်ကုစားချိန် အစောပိုင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် တာရှည်ခံဖြေ ရှင်းနည်းများမှတဆင့် အမျိုးသမီးများအတွက် စဉ်ဆက်မပြတ် စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုကို တည်ဆောက်ရန်၊ ရပ်ရွာ လူထု၏ခံနိုင်ရည်အား အားကောင်းလာစေရန်နှင့် အကာအကွယ်အန္တရာယ်များ (Protection risks)ကို လျော့ပါးသက်သာစေရန် ပေါင်းစည်း ကူညီသင့်ပါသည်။ [၂၂၆]

# Tools and Resources


Child Protection in Crisis Network, Women's Refugee Commission and UNICEF (2014). *Empowered and Safe: Economic Strengthening for Girls in Emergencies.* https://www.womensrefugeecommission.org/images/zdocs/Econ-Strength-for-Girls-Empowered-and-Safe.pdf .

International Rescue Committee (IRC) (2014). EA$E (*Economic and Social Empowerment) Implementation Guide.* Available from GBV Responders' Network: https://gbvresponders.org/wp-content/uploads/2014/07/001_EAE_Implementation-Guide_English.pdf.

Women's Refugee Commission (WRC) (2016). *CLARA: Cohort Livelihoods and Risk Analysis Guidance*. https://www.womensrefugeecommission.org/issues/livelihoods/research-and-resources/document/download/1363.

___________ (2016a). *Cohort Livelihoods and Risk Analysis (CLARA) Tools.* https://www.womensrefugeecommission.org/issues/livelihoods/research-and-resources/document/download/1231.

WRC (2014). *A Double-Edged Sword: Livelihoods in Emergencies Guidance and Tools for Improved Programming*. New York. https://womensrefugeecommission.org/resources/download/1046.

WRC, UNICEF, and CPC Network (2014). *Empowered and Safe: Economic Strengthening for Girlsin Emergencies.* New York: Women's Refugee Commission. https://womensrefugeecommission.org/images/zdocs/Econ-Strength-for-Girls-Empowered-and-Safe.pdf.

International Center for Research on Women (ICRW) (2011). *Understanding and Measuring Women's Economic Empowerment: Definition, Framework and Indicators.* https://www.icrw.org/wp-content/uploads/2016/10/Understanding-measuring-womens-economic-empowerment.pdf.

# စံနှုန်း ၁၃

## စနစ်များနှင့် လူမှုရေး စံနှုန်းများ ကို ပြောင်းလဲခြင်း

GBV စီမံကိန်းများသည် အမျိုးသမီးများနှင့်မိန်းကလေးများ အတွက် တာဝန်ခံမှုရှိသောနည်းလမ်းဖြင့် အန္တရာယ်ရှိသည့် လူမှုရေးစံနှုန်းများနှင့် စနစ်အရ ဖြစ်တည်နေသည့် ကျား၊မ တန်းတူညီမျှမှု မရှိခြင်းကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။

**လူမှုရေးစံနှုန်းဆိုသည်မှာ အဘယ်နည်း။**

**လူမှုရေးစံနှုန်း** ဆိုသည်မှာ အုပ်စုတစ်ခုအတွင်း တွေ့နေကျဖြစ်သော၊ ပုံမှန်ဖြစ်သော၊ သင့်လျော်ပြီး မျှော်လင့်ချက်များနှင့်ဆိုင်သော အပြုအမူဆိုင်ရာ အတူမျှရှိသောယုံကြည်မှုတစ်ခုဖြစ်သည်။ လူမှုရေးဆိုင်ရာ စံနှုန်းများကို ယေဘူယျအားဖြင့် လူမှုရေးဆိုင်ရာ ခွင့်ပြုချက်နှင့်/သို့မဟုတ် လက်ခံမှုမရှိခြင်းတို့ဖြင့် ထိန်းသိမ်းထားကြသည်။

Source: Heise and Manji 2016, pp. 1-2.

အကျပ်အတည်းများသည် ယခင်ရှိပြီးသား ကျား-မမညီမျှမှုများကို ပိုမိုဆိုးရွားစေပြီး အန္တရာယ်ကျရောက်မှု၊ ဖယ်ကျဉ်ခံရခြင်းနှင့် ခွဲခြားဆက်ဆံခံရမှုများပြားလာခြင်းတို့ကို ဦးတည်စေသော်လည်း၊ လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများအတွက် အခွင့်အလမ်းများ ပေးစွမ်းသည်။ သုတေသနပြုချက်များအရ အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများသည် အရေးပေါ်အခြေအနေများတွင် ရိုးရာဆိုင်ရာ လက်ခံကြသည့် ကျား-မရေးရာစံနှုန်းများကို မေးခွန်းထုတ်နိုင်စွမ်းရှိကြသည်။[၂၂၇] သမာရိုးကျ အခန်းကဏ္ဍများ၊ သဘောထားများ၊ ယုံကြည်ချက်များ နှင့် အလေ့အကျင့်များ တွင် ပြောင်းလဲမှုများ ယခင်က သတ်မှတ်ထားသော အကြောင်းအရာများကို ဆွေးနွေးရန် အခွင့်အလမ်းသစ်များဖြင့် အပြောင်းအလဲများ ပေါ်လာနိုင်သည်။[၂၂၈] GBV နှင့် ကျူးလွန်သူ များအား အပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးသည့် အလေ့အထကိုစိန်ခေါ်သည့် အပြုသဘောဆောင်သော လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများကို တည်ဆောက်ရန် လမ်းဖွင့်ပေးလာ နိုင်ပါ သည်။

ကျား-မမညီမျှမှုကို ဆက်လက်တည်မြဲစေမည့် စံနှုန်းများနှင့် စနစ်များကို ပြုပြင်ပြောင်းလဲခြင်းသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေးအပေါ် မြင်သာထင်သာသော အကျိုးသက်ရောက်မှုရှိနိုင်ပါသည်။ အရေးပေါ် အခြေအနေ စတင်ချိန်မှစ၍ ၎င်းတို့၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်နှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းတိုးတက်လာရန်အတွက် အခွင့်အလမ်းများ ဖန်တီးနိုင်သည် (စံနှုန်း ၂ - အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု ကို ကြည့်ပါ)။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကာအကွယ်ပေးပြီး GBV တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများ အပါအဝင်၊ ၎င်းတို့အတွက် ဝန်ဆောင်မှုများရရှိရေးကို လက်လှမ်းမီစေရန် ပံ့ပိုးပေးနေသည့်၊ တန်းတူညီမျှသောလူမှုရေးစံနှုန်းများနှင့် စနစ်များကို အားပေးရန်နှင့် ပံ့သွင်းလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများကို တက်ကြွစွာ ရှာဖွေသင့်သည်။[၂၂၉]

အရေးပေါ်အခြေအနေများသည် ကျား-မတန်းတူညီမျှမှုကို မြှင့်တင်နိုင်ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်မှု တလျှောက်၊ နိုင်ငံတစ်နိုင်ငံ၏ စနစ်များကို အားကောင်းစေမည့် အပြောင်းအလဲအတွက် အခွင့်အလမ်းများကို ပေးစွမ်းနိုင်သည်။ သဘောထားများ၊ ယုံကြည်ချက်များနှင့် အလေ့အကျင့်များ ပြောင်းလဲရန် အချိန်ကြာနိုင်ကြောင်း အသိအမှတ်ပြုထားသည့် အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ၏ ပိုမိုကြာရှည်လာသော သဘောသဘာဝအရ အရေးပေါ်တုံ့ပြန်မှု စတင်ချိန်မှ အပြုသဘောဆောင်သော ကျား၊မရေးရာနှင့် လူမှုရေးစံနှုန်းများကို မြှင့်တင်ခြင်းသည် အကျပ်အတည်းတစ်လျှောက် ဆက်လက်ကြိုးပမ်းအားထုတ်မှုအတွက် အခြေခံတစ်ခုဖြစ်ပြီး၊ ရေရှည်ဆောင်ရွက်ချက်များအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးခြင်းဖြစ်သည်။ ထိုစံနှုန်းနှင့် စနစ်များကို ပြောင်းလဲသည့် အစီအစဉ်ကို ဂရုတစိုက် လုပ်ဆောင် ရမည်ဖြစ်ပြီး ၊ နက်ရှိုင်းစွာ အမြစ်တွယ် နေသော ပြဿနာများအတွက် ဆွေးနွေးပြောဆိုမှုများတွင် ရပ်ရွာလူထုမှ ပါဝင်ခြင်းမပြုမီ ၎င်းတို့၏လက်ခံမှုကို တိုင်းတာရန် လိုအပ်ပါသည်။

## စနစ်များနှင့် လူမှုရေးစံနှုန်းများကို ပြောင်းလဲခြင်း

| အဓိကလုပ်ဆောင်ချက်များ | ကြိုတင်ပြင်ဆင်မှု | တုံ့ပြန်မှု | ပြန်လည်ထူထောင်ခြင်း |
|---|---|---|---|
| ပြောင်းလဲမှုပိုမိုရှိလာသော လူမှုရေးစံနှုန်းများနှင့် စနစ်များပြောင်းလဲခြင်းဆိုင်ရာ လှုပ်ရှားမှုများကို မစတင်မီ၊ အနိမ့်ဆုံး အနေဖြင့် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများအတွက် ဝန်ဆောင်မှုများရှိနေခြင်းကို သေချာစေပါ။ | ✔ | ✔ | ✔ |
| GBV ကာကွယ်ရေးအစီအစဥ်များကို နေရာဒေသအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ပြီး ဦးတည်ထားနိုင်ရန်၊ ကျား-မမညီမျှမှုနှင့် GBV ဆက်လည်တည်ရှိနေစေသည့်အကြောင်းအရာများကိုကို ဖော်ထုတ်ပေးနိုင်သည့် ဒေသ၏စနစ်များနှင့် စံနှုန်းများနှင့် ပတ်သက်သည့် ကျား၊မရေးရာ နှင့် လုပ်ပိုင်ခွင့်အာဏာဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုကို ပြုလုပ်ပါ (စံနှုန်း ၁၆ ကို ကြည့်ပါ) ။ | ✔ | | ✔ |
| ကာကွယ်တားဆီးရေးအစီအစဥ်တွင် လုပ်ဆောင်နေသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ရပ်ရွာတွင်း ကွင်းဆင်းအသိပညာဖြန့်ဝေရေးလုပ်ငန်းများဆောင်ရွက်နေစဥ် GBV မှရှင်သန်လွတ်မြောက်လာသူများမှ ဖွင့်ဟပြောဆိုလာပြီး ပံ့ပိုးကူညီမှုဝန်ဆောင်မှုများကို ရယူလိုပါက မည်သို့ ဘေးကင်းစွာ လွှဲပြောင်းညွှန်းပို့ရမည်ကို သိရှိထားကြောင်း သေချာပါစေ။ | ✔ | ✔ | ✔ |
| လူထုအသိုင်းအဝိုင်းအတွင်း GBV ကာကွယ်ရေးနှင့် ကျား-မတန်းတူညီမျှမှုဆိုင်ရာ အစီအစဥ်များမစတင်မီ အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ သဘောထားများ၊ အသိပညာနှင့် အမူအကျင့်များ ပြောင်းလဲခြင်း[၄၀] ရှိရန် ရင်းနှီးမြှုပ်နှံပါ။ | ✔ | ✔ | ✔ |
| စမ်းသပ်ပြီးထားသော ချဥ်းကပ်မှုများကို အသုံးပြု၍ လူမှုစံနှုန်းပြောင်းလဲခြင်းဗျူဟာများတွင်၊ ရပ်ရွာတွင်းရှိတက်ကြွလှုပ်ရှားသူများ (အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်းကလေးများ၊ ဆယ်ကျော်သက်ယောကျ်ားလေးများနှင့် အမျိုးသားများ) ကို လေ့ကျင့်သင်ကြားပေးပြီး လမ်းညွှန်မှုပေးပါ။[၄၁] | ✔ | | ✔ |
| GBV ကာကွယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော ဝန်ထမ်းများနှင့် ရပ်ရွာတွင်းရှိတက်ကြွလှုပ်ရှားသူများ၏ အရည်အချင်းများတိုးတက်အောင် တည်ဆောက်ပေးပါ။ | ✔ | ✔ | ✔ |
| အမျိုးသမီးများ၏ အသံနှင့် ခေါင်းဆောင်မှုကို ပံ့ပိုးရန်နှင့် GBV ကာကွယ်တားဆီးရေး အစီအစဥ်အတွက် ထောက်ခံအားပေးသောမဟာမိတ်များအဖြစ် ဆောင်ရွက်နိုင်ရန်၊ အမျိုးသားအသိုင်းအဝိုင်းမှ တက်ကြွလှုပ်ရှားသူများနှင့် ဝန်ထမ်းများကို အရည်အချင်းများ ပြည့်မီအောင် ဆောင်ရွက်ပါ။ | ✔ | | ✔ |
| ကာကွယ်ရေးအစီအစဥ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဦးဆောင်မှုကို လွယ်ကူချောမွေ့စေပြီး ကာကွယ်ရေးအစီအစဥ်သည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို လုံခြုံစိတ်ချ စွာ၊ တုံ့ပြန်ဆောင်ရွက်မှုပေးကြောင်း သေချာစေပါ။ | ✔ | ✔ | ✔ |
| အမျိုးသမီးများနှင့် ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များအား အသွင်ပြောင်းလဲမှုဆိုင်ရာ ဘဝကျွမ်းကျင်မှု/ပညာပေးသင်တန်းများတွင် ပါဝင်ဆောင်ရွက်ပါ။ ၎င်းသည် အန္တရာယ်ရှိသော ကျား၊မရေးရာစံနှုန်းများကို ပြောင်းလဲရန်၊ GBV အကြောင်းရင်းများနှင့် အကျိုးဆက်များကို နားလည်မှု တိုးမြင့်လာစေရန်နှင့် ရှင်သန်လွတ်မြောက်သူများကြားတွင် စည်းလုံးညီညွတ်မှုနှင့် ပံ့ပိုးကူညီမှုများကို အားကောင်းစေပါသည်။ | ✔ | | ✔ |
| တက်ကြွလှုပ်ရှားသူများအဖြစ် လုပ်ဆောင်ရန် ဘေးဖယ်ခံထားရသည့် အုပ်စုများအပါအဝင် ထိခိုက်ခံစားရသော လူထုအတွင်းရှိ အားတက်တရောရှိသည့် ကျား-မတန်းတူညီမျှရေးအတွက် ကတိကဝတ်ပြုထားသော ရပ်ရွာအဖွဲ့ဝင်များ (အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်းကလေးများ၊ ဆယ်ကျော်သက်ယောကျ်ားလေးများနှင့် အမျိုးသားများ) ကို စုစည်းစည်းရုံးပါ။ | ✔ | ✔ | ✔ |
| လူမှုရေးပြောင်းလဲမှုနှင့် GBV ကာကွယ်တားဆီးရေးလှုပ်ရှားမှုများကို ပံ့ပိုးပေးရန် နှင့် အမျိုးသမီးနှင့် မိန်းကလေးများအတွက် ၎င်းတို့၏ တာဝန်ယူမှု/တာဝန်ခံမှုကိုသေချာစေရန် အမျိုးသမီးနှင့် အမျိုးသားလူထုအသိုင်းအဝိုင်းမှခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် အခြားယူဆထားသည့်ခေါင်းဆောင်များနှင့် ထိတွေ့ပြောဆိုဆက်ဆံပါ။ | ✔ | ✔ | ✔ |
| GBV ဆန့်ကျင်ရေးဥပဒေပါ အကာအကွယ်များ၏ကွာဟချက်များကို နားလည်ရန် နှင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဥပဒေဘောင်အတွင်းတွင် တန်းတူညီမျှသောအခွင့်အရေးများရရှိရန် စနစ်ကျသောပြောင်းလဲမှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းလုပ်ဆောင်မှုတွင် ပါဝင်စေရန် ဒေသခံအမျိုးသမီးလှုပ်ရှားမှုများနှင့် အမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုပေးအပ်ခြင်း၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ရန်နှင့် အပြုသဘောဆောင်သော ကျား၊မရေးရာနှင့် လူမှုရေးစံနှုန်းများကို တစ်ဦးချင်းစီနှင့် ရပ်ရွာအဆင့်လက်ခံမှုကို တည်ဆောက်ရန် လူမှုဆက်ဆံရေးနှင့် အမူအကျင့်ပြောင်းလဲခြင်း ဆက်သွယ်ရေးဆိုင်ရာ ဗျူဟာများကို အသုံးပြုပါ။ (လမ်းညွှန်ချက် မှတ်စု ၃ ကိုကြည့်ပါ) | | ✔ | ✔ |
| GBV ကာကွယ်ရေးစီမံကိန်း လှုပ်ရှားမှုများ၏ အန္တရာယ်နှင့် အထောက်အကူဖြစ်စေသော သက်ရောက်မှုများဆိုင်ရာ တုံ့ပြန်ချက်ရယူရန် (စံနှုန်း ၂ ကို ကြည့်ပါ။) အသိုင်းအဝိုင်းမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပုံမှန်နားထောင်ပေးသည့် ဆွေးနွေးပွဲများအပါအဝင် ထိုကာကွယ်ရေး အစီအစဥ်လုပ်ငန်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များက ဦးဆောင်ကာ လမ်းညွှန်မှုပေးကြောင်း သေချာစေရန် တာဝန်ခံမှုယန္တရားများကို ထူထောင်ပါ။ (စံနှုန်း ၁၆ ကို ကြည့်ပါ။) | ✔ | ✔ | ✔ |
| မိတ်ဖက် အဖွဲ့အစည်းများကို ဖော်ထုတ်သတ်မှတ်ပြီး GBV ကို တားဆီးတုံ့ပြန်ရန် ကြိုးပမ်းမှုများတွင် အမျိုးသားများနှင့် ယောကျ်ားလေးများနှင့်အတူဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် မိန်းကလေးများမှ ဦးဆောင်ပြီး တာဝန်ယူမှုရှိသော နည်းလမ်းများဖြင့် ကျား၊မ မညီမျှမှုကို ဖြစ်ပေါ်စေသည့် အန္တရာယ်ရှိသော လူမှုစံနှုန်းများကို ပြောင်းလဲရန် မဟာဗျူဟာများ ချမှတ်ပါ။ | ✔ | ✔ | ✔ |
| လူမှုရေးစံနှုန်းများတွင် ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာပြီး ဦးတည်မှုရှိပြီး၊ တုံ့ပြန်မှုရှိသော GBV ကြိုတင်ကာကွယ်ရေးအစီအစဥ်များကို အသိပေးရန် အချက်အလက်များကို အသုံးပြုပါ။[၄၂] | | ✔ | ✔ |
| ကျား-မတန်းတူညီမျှမှုနှင့် GBV တို့ကို ကိုင်တွယ်ဖြေရှင်းပေးသည့် ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရန်နှင့် ထိုအတိုင်းဆောင်ရွက်ရန် နိုင်ငံအဆင့်အာဏာပိုင်များနှင့် ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပါ။ | ✔ | ✔ | ✔ |
| ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပဋိပက္ခလွန်နိုင်ငံတည်ဆောက်ရေးအဖွဲ့များအတွက် ပဋိပက္ခအားခွဲခြမ်းစိတ်ဖြာမှု (conflict analysis) တစ်လျှောက်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအစပျိုးမှုများကို စီစဥ်အကောင်အထည်ဖော်သည့်အဖွဲ့များအားတွင် ကျား၊မရေးရာ ရှုထောင့်ကို အသုံးပြုရန် အရေးဆိုတင်ပြမှုပြုပါ။ [၄၃] | | ✔ | ✔ |

GBV သည်၊ တစ်ဦးချင်းမျှော်လင့်ချက်များနှင့် သဘောထားများမှ စ၍ လူမှုစံနှုန်းများ၊ မူဝါဒများနှင့် ဥပဒေဘောင်များနှင့် စနစ်များအထိ လူ့အဖွဲ့အစည်း၏ မတူညီသောအဆင့်များတွင် ထပ်တူထပ်မျှရှိနေသော အမျိုးသမီးများနှင့် အမျိုးသားများကြား မညီမျှသော လုပ်ပိုင်ခွင့် အာဏာဆက်ဆံရေးတွင် အမြစ်တွယ်နေပါသည်။ (နိဒါန်းကိုကြည့်ပါ)။ GBV ၏ ဖြစ်စေသည့် အဓိက အကြောင်းရင်းများသည် “ကျား၊မ ရေးရာပေါ်မူတည်၍ ခွဲခြားဆက်ဆံမှုနှင့် မညီမျှသော လုပ်ပိုင်ခွင့်အာဏာများကို မြှင့်တင်ပေးသော သို့မဟုတ် လက်ခံသော သဘောထား၊ ယုံကြည်ချက်၊ စံနှုန်းများနှင့် ဖွဲ့စည်းပုံများနှင့်” ဆက်စပ်နေပါသည်။[၃၄၄] မကြာခဏဆိုသလို၊ ခွဲခြားဆက်ဆံသည့် လူမှုရေးနှင့် ကျား-မရေးရာ စံနှုန်းများသည် အခွင့်အရေးများကို ထည့်သွင်းစဉ်းစားမှုမရှိခြင်း၊ ချိုးဖောက်ခြင်းနှင့် ငြင်းဆိုခြင်း၏ နောက်ခံအကြောင်းတရားများအဖြစ် ပါဝင်နေသည်။ ထို့ကြောင့်၊ အပြုသဘောဆောင်သော လူမှုရေးစံနှုန်းများကို မြှင့်တင်ခြင်းသည် အကြမ်းဖက်မှုကို ပံ့ပိုးပေးသည့် စံနှုန်းများ နှင့် အပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးသည့် ယဉ်ကျေးမှုကို စိန်ခေါ်ခြင်းအားဖြင့် GBV ကို ကာကွယ် တားဆီးနိုင်သည်။ ၎င်းသည် အကြမ်းဖက်ခံရသူအား အပြစ်တင်ခြင်းနှင့် ရှင်သန်လွတ်မြောက်သူများ တွေ့ကြုံခံစားရသည့် လူမှုရေးဆိုင်ရာ အပြစ်ဒဏ်ခံရခြင်းများကို လျှော့ချခြင်းနှင့် အကူအညီတောင်းခံသည့် အပြုအမူများကို မြှင့်တင်ခြင်းအားဖြင့် GBV တုံ့ပြန်မှုကိုလည်း တိုးတက်စေနိုင်သည်။ ထို့အပြင်၊ အရေးပေါ်အခြေအနေတစ်ခုအတွင်း၌ပင် ကျား-မရေးရာ နှင့်လူမှုရေးစံနှုန်းများကိုပြောင်းလဲခြင်းသည် အရင်းအမြစ်များကို မျှဝေထိန်းချုပ်ခြင်းနှင့် ဆုံးဖြတ်ချက်အတူတူ ချခြင်းကို မြှင့်တင်နိုင်သည်။ ဤနည်းဖြင့် ဆောင်ရွက်ထားခြင်းမရှိသောလုပ်ငန်း အစီအစဉ်များသည် အန္တရာယ်ရှိသော ပုံစံများကို အားဖြည့်ပေးခြင်း သို့မဟုတ် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ထပ်တိုးအန္တရာယ်များကျရောက်ခြင်းအားဖြင့် ထိခိုက်နစ်နာစေနိုင်သည်။[၃၄၅]

**အသွင်ပြောင်းလဲမှုကို မြှင့်တင်ပေးသည့် GBV စီမံကိန်းများသည် GBVသည် ကျား၊မတန်းတူမညီမျှမှု၏ရလဒ်ဖြစ်ကြောင်းနားလည်မှုအပေါ် တွင်အခြေခံသည်။** ကျား-မမညီမျှမှုသည် ၎င်းအား အထောက်အပံ့ဖြစ်စေသောအချက်များစွာဖြင့် ပေါင်းစပ်ထားသည်။ ဖိနှိပ်မှုများစုဆုံရာ အချက်များဖြစ်သည့် အသက်၊ လူမျိုး၊ အတန်းအစား၊ ကျား၊ မ ခံယူချက်ဝိသေသလက္ခဏာနှင့် လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှုတို့သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပိုမိုထိခိုက်နစ်နာမှုဖြစ်စေပြီး အခွင့်အာဏာ နည်းပါးမှုကို ဖြစ်စေသည်။ ထို့ကြောင့်၊ GBV ကြိုတင်ကာကွယ်ရေးသည် ပြင်းထန်သောလတ်တလောအရေးပေါ်အခြေအနေတွင် ချက်ချင်းအန္တရာယ်လျော့ပါးရေးမှသည် (စံနှုန်း ၉ - ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာရေး ကိုကြည့်ပါ)ရေရှည်လူမှုရေးစံနှုန်းများနှင့် စနစ်ကျသောပြောင်းလဲမှုအထိ ကျယ်ပြန့်စွာ လုပ်ဆောင်ရန်လိုအပ်ပါသည်။

ဝန်ဆောင်မှုများ အချိန်နှင့်တစ်ပြေးညီ လုံခြုံစွာရောက်ရှိနိုင်မှုနှင့် GBV ၏အန္တရာယ်များကိုလျော့ပါးသက်သာစေရန်ရပ်ရွာလူထုအား အသိပညာပေးခြင်းနှင့် ရပ်ရွာထဲသို့ ကွင်းဆင်း၍ အသိပညာပေးခြင်းတို့သည် လိုအပ်သော်လည်း၊[၃၄၆] အသိပညာပေးခြင်းသည် လူမှုရေးစံနှုန်းများ ပြောင်းလဲခြင်းအပေါ် လွှမ်းမိုးရန် မလုံလောက်ပါ။ အန္တရာယ်ရှိသော လူမှုရေးစံနှုန်းများကို ပြောင်းလဲရန်၊ GBV စီမံကိန်းများတွင်- (၁) တစ်ဦးချင်းသဘောထားများသာမက လူမှုရေးဆိုင်ရာ မျှော်လင့်ချက်များကိုပါ ပြောင်းလဲစေရမည်၊ (၂) ပြောင်းလဲမှုများကို လူသိရှင်ကြား ထုတ်ဖော်ရမည်။ နှင့် (3) စံနှုန်းအသစ်များနှင့် အမူအကျင့်အသစ်များကို အားဖြည့်ပေးရမည် ဖြစ်သည်။[၃၄၇] GBV ကာကွယ်ရေး ချဉ်းကပ်မှုများသည် အမျိုးသမီး အေဂျင်စီများ တိုးမြှင့်လာခြင်း၏အရေးကြီးပုံ၊ အမျိုးသမီးများအတွက်လုပ်ဆောင်ရန် နေရာများကို ချဲ့ထွင်ခြင်းနှင့် မညီမျှမှုကို ဆက်လက်တည်ရှိနေစေသည့် စနစ်များကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အသွင်ပြောင်းလဲစေခြင်း (စံနှုန်း ၂ - အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုကိုလည်းကြည့်ပါ။) တို့၏ အရေးပါမှုကို အသိအမှတ်ပြုပါသည်။

အရေးပေါ်အခြေအနေတွင် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို နားလည်ရန် အရေးကြီးသော်လည်း၊ ယဉ်ကျေးမှု ကိုလည်း အချိန်နှင့်အမျှ လွှမ်းမိုးမှုများစွာအပေါ် မူတည်၍ ပြောင်းလဲနိုင်သည့် အရာဟု ရှုမြင်သင့်သည်။ ထို့အပြင် ယဉ်ကျေးမှု၏ ရှုထောင့်များစွာသည် ယဉ်ကျေးမှုတစ်ခုအတွင်း၌ပင် ပြိုင်ဆိုင်မှုပြင်းထန်နိုင်ပါသည်။ လူ့အဖွဲ့အစည်းသည် ယဉ်ကျေးမှု အလေ့အထကို ပြောင်းလဲရန် စိတ်အားထက်သန်ကြသော်လည်း အချို့သောသူများ အထူးသဖြင့် ထိုယဉ်ကျေးမှုမှ အကျိုးခံစားခွင့်ရသူများသည် ၎င်းကို ထိန်းသိမ်းရန် ခက်ခက်ခဲခဲ ကြိုးစားနိုင်သည်။ ထို့ကြောင့် GBVဆောင်ရွက်နေကြသော အဖွဲ့အစည်းများသည် ယဉ်ကျေးမှုနှင့် ပတ်သက်၍ အများးဆန္ဒသဘောတူညီမှုဟု မယူဆသင့်ဘဲ GBV ကို တားဆီးရန် အပြုသဘော ဆောင်သော အပြောင်းအလဲများကို မြှင့်တင်နိုင်သည့် မိတ်ဖက်များနှင့် ခေါင်းဆောင်များကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါသည်။ [၃၄၈]

## အညွှန်းကိန်းများ

- အမျိုးသားများ ပူးပေါင်းဆောင်ရွက်မှုကို အာရုံစိုက်သည့် အစီအစဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ခံမှု/တာဝန်ယူမှုဆိုင်ရာ ရှင်းလင်းပြတ်သားသော ယန္တရားများ ပါဝင်သည်။
- အမျိုးသားများ ပူးပေါင်းဆောင်ရွက်မှုကို အာရုံစိုက်သည့် အစီအစဉ်အားလုံးတွင် ပြစ်မှုကျူးလွန်သူ၏ တာဝန်ခံမှုဆိုင်ရာ လမ်းညွှန်သဘောတရားကို ကတိကဝတ်ပြုခြင်းနှင့် အစီအစဉ်တွင်ပါဝင်သူများမှ GBV ကျူးလွန်ကြောင်း ထုတ်ဖော်ချက်များကို တုံ့ပြန်ရန်အတွက် ရှင်းလင်းသော လုပ်ငန်းလမ်းညွှန်များနှင့် ယန္တရားများ ပါဝင်သည်။
- ဒေသဆိုင်ရာ အန္တရာယ်ရှိသော လူမှုစံနှုန်းများ (ဥပမာ - အကြမ်းဖက်သူခံရကို အပြစ်တင်သည့် သဘောထားများနှင့် ရှင်သန်လွတ်မြောက်သူအပေါ် ခွဲခြားဆက်ဆံသော သဘောထားများ) ကို သဘောမတူကြောင်း သို့မဟုတ် ပြင်းပြင်းထန်ထန် သဘောမတူကြောင်း အစီရင်ခံတင်ပြသော အမျိုးသမီးများ၊ အမျိုးသား၊ မိန်းကလေးနှင့် ယောက်ျားလေးများ၏ ရာခိုင်နှုန်းများ။
- GBV နှင့် အန္တရာယ်ရှိသော ရိုးရာအလေ့အထများနှင့် ပတ်သက်၍ အသိပညာ တိုးမြှင့်လာမှုကို ပြသသော လူမှုရေးနှင့် အမူအကျင့်များ ပြောင်းလဲခြင်း ဆက်သွယ်ရေးဗျူဟာများတွင် ဦးတည်ထားသည့် ရပ်ရွာလူထုအဖွဲ့ဝင်များ၏ ရာခိုင်နှုန်း (လိင်နှင့် အသက်အရွယ်ကို အခြေခံ၍ ကောက်ယူထားခြင်း)။
- GBV ဝန်ဆောင်မှုများနှင့် လူမှုရေး စံနှုန်းများဆိုင်ရာ သတင်းအချက်အလက်များနှင့်အတူ ယဉ်ကျေးမှုအရနှင့် ဒေသအလိုက် သင့်လျော်သော အဓိကသတင်းစကားများ၊ အချက်အလက်များ၊ ပညာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို ထုတ်ဝေထားသည်။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ ကျား-မ ရေးရာအခြေပြုအကြမ်းဖက်မှုကိုကြိုတင်ကာကွယ်ခြင်းလုပ်ငန်း

ကြိုတင်ကာကွယ်ရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်မှုဆိုင်ရာ အစီအစဉ်များသည် GBV ၏ မူလအရင်းအမြစ်ကို ကိုင်တွယ် ဖြေရှင်းရန် အဓိက ရည်ရွယ်ပါသည်။ တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများ၏ ကြိုတင်ကာကွယ်မှုတန်ဖိုး (ဥပမာ၊ ကျန်းမာရေး၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှု) သည် လက်တွေ့ကျသော ရည်မှန်းချက်များနှင့် လုံလောက်သော အရင်းအမြစ်များဖြင့် ထိရောက်သော GBV ကာကွယ်ရေး ဆိုင်ရာချဉ်းကပ်မှုကို စီစဉ်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ GBV ကာကွယ်ခြင်းနည်းလမ်းများကို အမျိုးအစားလေးမျိုးဖြင့် ဖော်ပြနိုင်ပါသည်။

**၁။ ဘေးအန္တရာယ်လျော့ပါးရေး**- ဘေးအန္တရာယ်လျော့ပါးရေးသည် ဝန်ဆောင်မှုပေးခြင်း၏ ကဏ္ဍပေါင်းစုံမှ GBV ကျရောက်နိုင်မှုအန္တရာယ်ကို လျှော့ချရန် ရည်ရွယ်သည်။ ဥပမာအားဖြင့်၊ ထိရောက်သော ဘေးကင်းလုံခြုံရေး အစီအစဉ်သည် စခန်းများတွင် မီးများ ပိုမိုပံ့ပိုးပေးခြင်း၊ နေထိုင်ရန်အတွက် သင့်လျော်သော နေရာ၊ လိင်ခွဲခြားထားပြီး သော့ခတ်နိုင်သော ရေချိုးခန်းများ၊ ဆီစားသက်သာသော မီးဖိုများ၊ ထင်းကောက်သွားချိန်တွင် ကင်းလှည့် စောင့်ရှောက်ပေးခြင်း စသည်တို့ဖြင့် ဘေးအန္တရာယ်ကျရောက်မှုကို ထိရောက်စွာ လျှော့ချရန် ရည်ရွယ်ပါသည်။ အန္တရာယ်လျော့ပါးရေးသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကြမ်းဖက်မှုအန္တရာယ်ကို တိုးမြှင့်လာစေနိုင်သည့် GBV ကို "ပံ့ပိုးပေးသည့် အကြောင်းရင်းများ" ကို ဖြေရှင်းရန် အဓိကအာရုံစိုက်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ လုံခြုံရေး အတွက် တာဝန်ရှိသည်ဟု စဉ်းစားစေခြင်းဖြင့် အဆိုပါလှုပ်ရှားမှုများသည် မမျှတသောအလေ့အကျင့်များကို အားဖြည့်ပေးခြင်း သို့မဟုတ် အကြမ်းဖက်ခံရသူအား အပြစ်တင်သည့်သဘောထားများကို မြှင့်တင်ခြင်းမပြုရန် အရေးကြီးပါသည်။ ဥပမာအားဖြင့်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်ကို လျော့ပါးစေရန် အမျိုးသမီးငယ်များအတွက် "ဝတ်စားဆင်ယင်မှုကုဒ်" ကို အကြံပြုခြင်း (စံနှုန်း ၉- ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ် လျော့ပါးသက်သာစေရေး ကိုကြည့်ပါ။)

**၂။ ပထမအဆင့်ကြိုတင်ကာကွယ်ခြင်း (primary prevention) သို့မဟုတ် "အရင်းခံအကြောင်းရင်းကို ဖြေရှင်းခြင်း"-** ပထမအဆင့် ကြိုတင်ကာကွယ်မှုတွင် အရင်းခံအကြောင်းရင်း ဖြစ်သော ကျား-မ မညီမျှမှုကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် GBV မဖြစ်ပွားမီ ကပင် ကာကွယ်ရန် အဓိကထားလုပ်ဆောင်သည့် မဟာဗျူဟာများ ပါဝင်သည်။ ဤချဉ်းကပ်မှုများသည် အမူအကျင့်ပြုပြင်ပြောင်းလဲခြင်းနှင့် သဘောထား ပြောင်းလဲမှုအပေါ် အာရုံစိုက်ပြီး ရေရှည်အတွက် အရင်းအမြစ်များလည်း လိုအပ်ပါသည်။ ကာလကြာရှည်လာသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ နှင့် အကျပ်အတည်းများမှ ပြန်လည်ထူထောင်ရေးအဆင့်များတွင် ရေရှည်လူမှုရေးစံနှုန်းများ ပြောင်းလဲမှုသည် ဖြစ်နိုင်ပြီး အကျပ်အတည်းတစ်ခုပြီးသည့်နောက် နိုင်ငံ၏စနစ်များ တည်ဆောက်ရန် ကြိုးပမ်းမှုများတွင် ထည့်သွင်းသင့်သည်။

GBV ကာကွယ်ရေးဗျူဟာတစ်ခုတွင် ရှင်သန်လွတ်မြောက်သူများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ထောက်ပံ့ရန် နှင့် စည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ရန်၊ သီးခြားအစီအမံများနှင့် အရင်းအမြစ်များ မပါဝင်ပါက၊ ပြီးပြည့်စုံမှုနှင့် ဘေးကင်းလုံခြုံမှုမရှိပါ။ ပထမအဆင့် ကြိုတင်ကာကွယ်ခြင်းတွင် ပြစ်မှုကျူးလွန်သူများအား တရားစီရင်ရေးနှင့် တရားမျှတမှုဆိုင်ရာစနစ်များမှတစ်ဆင့် ကျူးလွန်မှုကို တာဝန်ယူမှုရှိစေခြင်းနှင့် (စံနှုန်း ၁၀ - တရားမျှတမှုနှင့် ဥပဒေရေးရာအကူအညီကို ကြည့်ပါ) နှင့် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု မှတစ်ဆင့် အမျိုးသမီးနှင့် မိန်းကလေးများ၏ အေဂျင်စီများကို မြှင့်တင်ပေးခြင်း (စံနှုန်း ၂ - အမျိုးသမီးများ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည် မြှင်တင်မှု နှင့် စံနှုန်း ၁၂ - စီးပွါးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကို ကြည့်ပါ။) တို့ပါဝင်ပါသည်။

**၃။ ဒုတိယ အဆင့် ကြိုတင်ကာကွယ်ခြင်း (secondary prevention) -** ဒုတိယအဆင့်ကြိုတင်ကာကွယ်ခြင်းတွင် ရှင်သန်လွတ်မြောက်သူများအတွက် တုံ့ပြန်မှုနှင့် ပြစ်မှုကျူးလွန်သူများအတွက် အကျိုးဆက်များအပေါ် အာရုံစိုက်သည့် မဟာဗျူဟာများပါဝင်သည်။ ၎င်းတွင် အကြမ်းဖက်မှုပုံစံအမျိုးမျိုး၏ အကျိုးဆက်များကို ဖြေရှင်းခြင်း၊ ဤအကြမ်းဖက်မှု ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်များကို လျော့ပါးစေရေးနှင့် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရန် တားဆီးခြင်းများ ပါဝင်သည်။ GBV မှ ရှင်သန်လွတ်မြောက်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးကူညီမှုသည်ဒုတိယအဆင့်ကာကွယ်ခြင်း၏ ဥပမာများဖြစ်သည်။

**၄။ တတိယအဆင့် ကြိုတင်ကာကွယ်ခြင်း (tertiary prevention)-** တတိယအဆင့် ကာကွယ်ရေးတွင် အကြမ်းဖက်မှုအားတုံ့ပြန်မှုမပြုလုပ်ပါက ရေရှည်ဆိုးကျိုးသက်ရောက်မှုများအားအာရုံစိုက်သည့် လုပ်ဆောင်ချက်များ ပါဝင်သည်။ ဥပမာ- ရပ်ရွာ ပြန်လည်ပေါင်းစည်းမှုနှင့် လက်ခံမှု၊ စိတ်ဒဏ်ရာများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ရှင်သန်လွတ်မြောက်သူများတွင် ရှိနေနိုင်သည့် ရေရှည်ကျန်းမာရေးဆိုင်ရာနှင့် စိတ်လူမှုပိုင်းဆိုင်ရာ လိုအပ်ချက်များတို့ဖြစ်ပါသည်။

## ၂။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု

အန္တရာယ်ရှိသော လူမှုစံနှုန်းများနှင့် ကျား၊မမညီမျှမှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်မှုအစီအစဥ်များနှင့် အဆင့်အားလုံးသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အဓိပ္ပာယ်ပြည့်ဝသော ပူးပေါင်းပါဝင်မှုကို ပံ့ပိုးပေးသင့်သည် (စံနှုန်း ၂ - အမျိုးသမီးများ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်မှု ကိုကြည့်ပါ)။ ထို့အပြင်၊ အမျိုးသားများ ပါဝင်လုပ်ဆောင်မှုအဆင့်တိုင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်မှာ ကျင့်ဝတ်နှင့်ညီပြီး ထိရောက်သော GBV စီမံကိန်းများ နှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ တန်းတူ အခွင့်အရေး ကို အပြည့်အဝရရှိရေးတို့အတွက် အရေးကြီးပါသည်။

အမျိုးသားများပူးပေါင်းပါဝင်ရန် ကြိုးပမ်းမှု လုပ်ငန်း/အခြေအနေများ တွင် တာဝန်ခံမှု၊တာဝန်ယူမှု ဆိုသည်မှာ-

- GBV ဆိုင်ရာ လုပ်ငန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ခေါင်းဆောင်မှုကို မြှင့်တင်ပေးပြီး သေချာစေခြင်း၊
- အမျိုးသားများ ပူးပေါင်းပါဝင်ရန် ကြိုးပမ်းမှုတွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ တောင်းဆိုချက်များနှင့် အကြံဉာဏ်များကို နားထောင်ခြင်း၊
- ရှိရင်းစွဲ ကျား၊မအဆင့်သတ်မှတ်ချက်များအား အသိအမှတ်ပြုပြီး၊ ၎င်းမှအမျိုးသားများ အကျိုးခံစားနိုင်သည့် မညီမျှမှုစနစ်ကို အသွင်ပြောင်းလဲရန် ကြိုးပမ်းခြင်း။
- အမျိုးသားကြီးစိုးသော စနစ်များ ပြောင်းလဲရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အမူအကျင့်များကို ပြောင်းလဲရန် တစ်ဦးချင်းနှင့် ဖွဲ့စည်းပုံဆိုင်ရာ အဆင့်နှစ်ခုစလုံးတွင် အလုပ်လုပ်ခြင်း၊
- အမျိုးသားများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများကို စွမ်းရည်မြှင့်တင်ပေးပြီး အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို ဂုဏ်ပြုပေးကြောင်း သေချာစေခြင်း၊ နှင့်
- ကျား၊မ အပေါ် အခြေခံ၍ အဆင့်အတန်းသတ်မှတ်ထားမှုများ၊ ပိုမိုများပြားလာမှု မရှိစေရန် ရန်ပုံငွေဆိုင်ရာ ဆုံးဖြတ်ချက်များကို ဆန်းစစ်ခြင်း။[၁၄၉]

ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ သဘောထားနှင့် အပြုအမူများနှင့် ၎င်းတို့၏သင့်တော်မှုနှင့်ဆိုင်သော တင်းကျပ်သော ကျား-မရေးရာ စံနှုန်းများသည် ၅ိယောက်ျားလေးများနှင့် အမျိုးသားများ ၏ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် "အာဏာကျော်လွန်" အသုံးပြုမှုနှင့် ဆက်စပ်နေပြီး၊ ယေဘုယျအားဖြင့် ကျား-မတန်းတူညီမျှမှု မရှိခြင်းနှင့်လည်း ဆက်စပ်နေပါသည်။ အမျိုးသားများနှင့် ယောက်ျားလေးများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည်တစ်ဦးချင်းစီနှင့်ဖွဲ့စည်းပုံစနစ်များတွင်ပါအသွင်ပြောင်းလဲရန် လိုအပ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော အစီအစဥ်သည် ယောက်ျားလေးများနှင့် အမျိုးသားများတွင်ရှိနေသည့် လုပ်ပိုင်ခွင့်အာဏာ နှင့် အခွင့်ထူးများ အပေါ် နားလည်လက်ခံမှုကို ပံ့ပိုးပေးပြီး အမျိုးသားကြီးစိုး သော စနစ်များ ကို ဖျက်သိမ်းရန် ၎င်းတို့၏ ထို "အခွင့်ထူးများ" ကို စွန့်လွှတ်ရန် ကူညီပေးသည်။ GBV ကာကွယ်ရေးအစီအစဥ်သည် အမျိုးသားများနှင့် ယောက်ျားလေးများအတွက် အပြုသဘောဆောင်သော ယောက်ျားပီသမှုအတွက် အခွင့်အလမ်းသစ်များ ဖွင့်ပေး သည့် အသွင်ပြောင်းလဲလာသည့် ကျား-မ ရေးရာ အခန်းကဏ္ဍများနှင့် စံနှုန်းများမှ အကျိုးခံစားခွင့်များ ပေးစွမ်းနိုင်သည်။ ဥပမာအား ဖြင့် အမျိုးသမီးလက်တွဲဖော်များနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်းကောင်မွန်လာခြင်း နှင့် လုပ်ငန်းတာဝန်များမျှဝေဆောင်ရွက်ခြင်း၊ ဖခင်ဘဝတွင် ပူးပေါင်းပါဝင်ခြင်း၊ စိတ်ခံစားမှုကို ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် လိင်နှင့် ကျား-မရေးရာ ဝိသေသ ခံယူချက် နှင့် ပတ်သက်၍ ကန့်သတ်မှု နည်းလာခြင်းတို့ စသည်တို့ဖြစ်သည်။

GBV ကာကွယ်ရေးအစီအစဥ်၏ အဓိကရလဒ်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘေးကင်းလုံခြုံမှုနှင့် တန်းတူညီမျှမှုကို တိုးမြင့်လာစေရန် ဖြစ်သည်။ တာဝန်ခံမှုတာဝန်ယူမှု မရှိပါက၊ GBV အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများကို ပိုမိုအန္တရာယ်ကျရောက်စေခြင်း သို့မဟုတ် ၎င်းတို့ကို ပိုမိုလုံခြုံမှုပေးနိုင်ခြင်းအား သိရှိမည်မဟုတ်ပါ။ အမျိုးသမီးများနှင့် မိန်းကလေးများကို အာရုံစိုက်ရန် ပျက်ကွက်သော ချဉ်းကပ်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ကျန်းမာပျော်ရွှင်ရေးအား လုပ်ဆောင်ခြင်း မဟုတ်တော့ဘဲ အမျိုးသားများ၏ စိုးရိမ်ပူပန်မှုနှင့် ၎င်းတို့အတွက် ဦးစားပေးမှုများသာ လွှမ်းမိုးနေသည့် အမျိုးသားကြီးစိုးသော စနစ် ကို ပြန့်ပွါးစေနိုင်သည် ဖြစ်ပါသည်။ ထိုသို့သောချဉ်းကပ်မှုများသည် အမျိုးသမီးများ၏ အခြေအနေနှင့် အောင်မြင်မှုကိုမြှင့်တင်ရမည့်အစား နောက်ပြန်ဆုတ်သွားစေနိုင်ပါသည်။[၃၅၀]

## ၃။ လူမှုဆက်ဆံရေးနှင့် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ ဆက်သွယ်ရေး လုပ်ငန်းများ

လူမှုဆက်ဆံရေးနှင့် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ ဆက်သွယ်ရေးတွင် လူတစ်ဦးချင်း၊ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများ၏ အသိပညာ၊ သဘောထားများနှင့် အလေ့အကျင့်များကို လွှမ်းမိုးရန် မီဒီယာစာတိုပေးပို့ခြင်း၊ ရပ်ရွာစည်းရုံးခြင်းနှင့် လူအချင်းချင်း ဆက်သွယ်ခြင်းတို့ကို အသုံးပြုပါသည်။[၃၅၁] ၎င်းသည်အရေးပေါ်အခြေအနေများတွင် ဝန်ဆောင်မှုပေးခြင်း၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ရန်နှင့် တစ်ဦးချင်းနှင့် ရပ်ရွာအဆင့်တွင်၊ အပြုသဘောဆောင်သော ကျားမရေးရာ နှင့် လူမှုရေးဆိုင်ရာ စံနှုန်းများအား လက်ခံနိုင်မှုကို တည်ဆောက်ရန်အတွက် အထူးအရေးကြီးပါသည်။[၃၅၂]

လူမှုရေးဆိုင်ရာပြောင်းလဲမှု မဟာဗျူဟာအများစုသည် အဆင့်များစွာတွင် လုပ်ဆောင်နေသော အချက်များအား ဦးတည်ထားရမည်ဖြစ်သည့်[၃၅၃] အပြင် အောက်ပါတို့လည်းပါဝင်ပါသည်။

- **တစ်ဦးချင်း** အချက်များ - စိတ်သဘောထား၊ အောင်မြင်မှု၊ အချက်အလက်အပေါ်အခြေခံထားသော ယုံကြည်ချက်များ၊ ကိုယ်ပိုင်စွမ်းဆောင်ရည်။
- **လူမှုရေး** အချက်များ - လူမှုရေးရာစံနှုန်းများနှင့် ကွန်ရက်များ၊
- **ရုပ်ဝတ္ထုဆိုင်ရာ** အဖြစ်မှန်များ - အရင်းအမြစ်များကို လက်လှမ်းမီမှု၊ ဆင်းရဲမွဲတေမှု၊ ရှိပြီးသား အခြေခံအဆောက်အအုံများ၊ နှင့်
- **ဖွဲ့စည်းပုံဆိုင်ရာ** အင်အားစုများ - ဥပဒေများ၊ နိုင်ငံရေး အယူဝါဒများ၊ မူဝါဒဘောင်နှင့် ဂလိုဘယ်လိုက်ဇေးရှင်း။

GBV လုပ်ငန်းအစီအစဥ်များတွင်၊ လူမှုရေးနှင့် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာပြောဆိုဆက်သွယ်ရေး ကမ်ပိန်းများသည် တစ်ဦးချင်း၊ အုပ်စု၊ အဖွဲ့အစည်း နှင့် ရပ်ရွာအဆင့်ရှိ ကျားမရေးရာ၊ အခွင့်အရေးများနှင့် တန်းတူညီမျှမှု ဆိုင်ရာ အမူအကျင့် များနှင့် အလေ့အကျင့်များကို လွှမ်းမိုးရန်၊ သက်ဆိုင်မှုရှိပြီး၊ လုပ်ဆောင်ချက်-အသားပေးသည့် အချက်အလက်များကို မျှဝေရန် ရည်ရွယ်ပါသည်။ အရေးပေါ်အခြေအနေများအတွင်း GBV နှင့်ပတ်သက်သည့် ကမ်ပိန်း များသည် အပြုသဘောဆောင်သော ကျားမရေးရာ နှင့် လူမှုရေးစံနှုန်းများ ပေါ်ပေါက်လာစေနိုင်သည့် ပတ်ဝန်းကျင် ဖန်တီးမှုကိုပံ့ပိုးပေးပြီး၊ GBV ကာကွယ်ခြင်းနှင့်တုံ့ပြန်မှုအပေါ်အပြုသဘောဆောင်သောအကျိုးသက်ရောက်မှုများရှိသည်။ လူမှုဆက်ဆံရေးနှင့် အမူအကျင့်ပြောင်းလဲခြင်း ဆိုင်ရာဆက်သွယ်ရေး လုပ်ငန်းဆောင်ရွက်မှုများသည်၊ လူမှုရေး ပြစ်ဒဏ်ခံရမှုများကို လျှော့ချ နိုင်ပြီး ဥပမာအားဖြင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းကို အားပေးသည်။ အမူအကျင့် ပြောင်းလဲရာတွင် ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဘာသာရေး ဆိုင်ရာ အခက်အခဲအတားအဆီးများ ရှိတတ်သော်လည်း၊  စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် ရပ်ရွာလူထုနှင့်အတူတကွလုပ်ဆောင်ရန် အရေးကြီးပါသည်။ အဆင့်အားလုံးတွင် ပါဝင်ရမည့် အဓိကပါဝင်ပတ်သက်သူများသည် အမျိုးသမီး များ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများ၊ ရပ်ရွာခေါင်းဆောင်များနှင့် စောင့်ကြည့်ထိန်းချုပ်နိုင်သူ (gatekeepers) များ၊ ရဲနှင့် တရားစီရင်ရေးတို့ ပါဝင်သည်။ လုပ်ငန်းဆောင်ရွက်မှုများတွင် ရပ်ရွာအသိုင်းအဝိုင်းအားပိုင်ဆိုင်မှု ပေးထားခြင်းသည် အပြောင်းအလဲ အတွက် ရေရှည်အကျိုးသက်ရောက်မှုများ နှင့် စေ့ဆော်မှုကိုဖြစ်ပေါ်စေသည်။[၃၅၄]

# Tools and Resources


Alexander-Scott, M. et al. (2016). *DFID Guidance Note: Shifting Social Norms to Tackle Violence Against Women and Girls (VAWG).* London: VAWG Helpdesk. Available from: https://prevention-collaborative.org/resource/dfid-guidance-note-shifting-social-norms-to-tackle- violence-against-women-and-girls-vawg/. Accessed on 30 May 2019.

Coalition of Feminists for Social Change (COFEM) (2017). "How a lack of accountability undermines work to address violence against women and girls", in *Feminist Perspectives on Addressing Violence Against Women and Girls Series*, Paper No. 1. http://raisingvoices.org/wp-content/uploads/2013/03/Paper-1-COFEM.final_.sept2017.pdf.

GBV Area of Responsibility and International Medical Corps (IMC). 2018. Managing Gender-based Violence Programmes in Emergencies Training Course: Facilitation Manual.

International Rescue Committee (2013). "Part 1: Introductory Guide," in *Preventing Violence Against Women and Girls: Engaging Men Through Accountable Practice (EMAP) – A Transformative Individual Behaviour Change Intervention for Conflict-Affected Communities.* https://gbvresponders.org/wp-content/uploads/2014/07/IRC-EMAP-Introductory-Guide-High-Res.pdf.

Raising Voices (2009). "Basic Monitoring Tools: Outcome Tracking Tool Module," in *Monitoringand Evaluation Series, Staff Skill Building Library.* Kampala. http://www.raisingvoices.org/wp-content/uploads/2013/03/downloads/Activism/SBL/BasicMonitoringToolsOutcomeTrackingTool.pdf

Raising Voices. *SASA! Resources.* Available from: http://raisingvoices.org/sasa/.

UNICEF (2017). *Communities Care: Transforming Lives and Preventing Violence.* Overvi

အရေးပေါ်အခြေအနေတွင် ကျား-မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ
စီမံကိန်းများရေးဆွဲခြင်းအတွက်

အဖွဲ့အစည်းများအကြား

# အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် စံချိန်စံနှုန်းများ

## လုပ်ငန်းစဉ် စံနှုန်းများ


| | | |
|---|---|---|
| ၁ | ရှင်သန်လွတ်မြောက်သူ၏အချက်အလက်များ စုဆောင်းခြင်းနှင့် အသုံးပြုခြင်း | ၁၀၆ |
| ၂ | ကျား-မ အကြမ်းဖက်မှု(GBV)ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း | ၁၁၄ |
| ၃ | အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ ဆန်းစစ်ခြင်း | ၁၂၂ |

# စံနှုန်း ၁၄

# ရှင်သန်လွတ်မြောက်လာသူများ၏ အချက်အလက်စုဆောင်းခြင်းနှင့် အသုံးပြုခြင်း

ဝန်ဆောင်မှုပေးအပ်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ရှင်သန်လွတ်မြောက်သူ၏ အချက်အလက်များကို ၎င်း၏ ကိုယ်တိုင်သိရှိနားလည်ပြီး ပေးထားသောသဘောတူညီချက် (informed consent) ဖြင့် စီမံခန့်ခွဲရမည်ဖြစ်ပြီး အချက်အလက်များ စုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာ၊ မျှဝေရာတွင် ဘေးကင်း လုံခြုံပြီးကျင့်ဝတ်နှင့် အညီလည်း ဖြစ်ရပါမည်။

ဤအနိမ့်ဆုံးစံနှုန်းသည် ရှင်သန်လွတ်မြောက်သူ၏ အချက်အလက်အပေါ် အဓိကအလေးပေးထားပါသည်။ ရှင်သန်လွတ်မြောက်သူ ဒေတာတွင် GBV နှင့် ပတ်သက်၍ ဒေတာအချက်အလက်အမျိုးအစားတစ်ခုသာ ပါဝင်ပါသည်။ အခြားအချက်အလက် အမျိုးအစားများတွင် GBV ဆိုင်ရာလိုအပ်ချက် အကဲဖြတ်မှုများ၊ အစီအစဥ်အား စောင့်ကြည့်လေ့လာခြင်းနှင့် အခြားအရင်းအမြစ်များမှရရှိသည့် အရည်အသွေးနှင့် အရေအတွက် (qualitative and quantitative) ဒေတာများပါဝင်သည်။

GBV မှ **ရှင်သန်လွတ်မြောက်သူ၏ ဒေတာ သတင်းအချက်အလက်** ဆိုသည်မှာ

- အရည်အသွေးပြည့်မီသည့် GBV တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများ ပေးဆောင်ရာတွင် လိုအပ်သော၊ ဝန်ဆောင်မှု ရယူ သုံးစွဲနေသည့် ရှင်သန်လွတ်မြောက်သူ တစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာအချက်အလက် သို့မဟုတ် မည်သူ မည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်သော အချက်အလက်။
- GBV ဖြစ်ရပ်၏အသေးစိတ်အချက်များ- ဥပမာ- အကြမ်းဖက်မှု အမျိုးအစား၊ ဖြစ်ရပ်ဖြစ်ပွားသည့်နေရာ၊ ကျူးလွန်သူနှင့် ရှင်သန်လွတ်မြောက်သူတို့၏ ဆက်ဆံရေး၊ စသဖြင့်။
- ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာ ဒေတာ - GBV ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်မှတဆင့် ရှင်သန်လွတ်မြောက်သူ တစ်ဦးချင်းစီအား ပံ့ပိုးပေးသည့် ဝန်ဆောင်မှုဆိုင်ရာ အချက်အလက် (စံနှုန်း ၆ - GBV ဖြစ်ရပ်စီမံခန့်ခွဲမှု ကိုကြည့်ပါ)။

ရှင်သန်လွတ်မြောက်သူ၏ ဒေတာအမျိုးအစားမှန်သမျှကို **ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေနှင့် ရှင်သန်လွတ်မြောက်သူမှ တိုက်ရိုက် အစီရင်ခံခြင်း** သို့မဟုတ် သင့်လျော်သည့် (ဥပမာ၊ အသက်၊ ရင့်ကျက်မှု၊ အသိဥာဏ်ဖွံ့ဖြိုးမှုအဆင့်) အပေါ်လိုက်၍ ၎င်းတို့ကို စောင့်ရှောက်မှုပေးသူမှ ရှင်သန်လွတ်မြောက်သူ ရှေ့တွင် အစီရင်ခံလာခြင်း ရှိမှသာ ကောက်ယူ စုဆောင်းရမည်ဖြစ်သည်။ ဥပမာအားဖြင့်၊ အကာအကွယ် သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရန်အတွက်သာရည်ရွယ်၍ရှင်သန်လွတ်မြောက်သူများ၏ မည်သူမည်ဝါကို ဖော်ပြနိုင်သည့် အချက်အလက်များကို ရှာဖွေခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်းသည် ဘေးကင်းလုံခြုံပြီး၊ ကျင့်ဝတ်နှင့်ညီသော အချက်အလက်ကောက်ယူမှုနှင့် ကိုက်ညီမှု မရှိပါ။

**ရှင်သန်လွတ်မြောက်သူဆိုင်ရာ ဒေတာအချက်အလက်များ စီမံခန့်ခွဲခြင်း အတွက် အနိမ့်ဆုံးလိုအပ်ချက်များ**

- ရှင်သန်လွတ်မြောက်သူများ၏ဒေတာအချက်အလက်များကို စုဆောင်းမည်ဆိုပါက ၎င်းတို့ အတွက် လိုအပ်သော ဝန်ဆောင်မှုများ (ဥပမာ၊ ကျန်းမာရေး သို့မဟုတ် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှု) သည် ရှိနေရမည်ဖြစ်သည်။
- ရှင်သန်လွတ်မြောက်သူ/ဖြစ်ရပ်ဒေတာကို ကောက်ယူမည်ဆိုပါက မည်သူမည်ဝါဖြစ်သည်ကို မသိသာစေသော နည်းလမ်းဖြင့်သာ စုဆောင်းရမည်ဖြစ်ပြီး၊ ခွဲခြမ်းစိတ်ဖြာခြင်း/ အစီရင်ခံခြင်းရည်ရွယ်ချက်အတွက် မျှဝေရပါက၊ မည်သူမည်ဝါဖြစ်သည်ကို မသိနိုင်သော သတင်းအချက်အလက်များသာ ဖြစ်ရပါမည်။
- ရှင်သန်လွတ်မြောက်သူ/ဖြစ်ရပ်ဒေတာကို သုံးစွဲသူ၏အသိပေးသဘောတူညီချက်( informed consent) ဖြင့်သာ မျှဝေရပါမည်။
- မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သည့် ဖြစ်ရပ်ဆိုင်ရာ အချက်အလက် (လွှဲပြောင်းညွှန်းပို့မှု ပုံစံများ၊ သို့မဟုတ် ဖြစ်ရပ် လွှဲပြောင်းမှု အခြေအနေများ၊ ဖြစ်ရပ်ဖိုင်များ၏ သက်ဆိုင်သည့် အစိတ်အပိုင်းများကို လွှဲပြောင်းညွှန်းပို့သည့် အခြေအနေနှင့် ရှင်သန်လွတ်မြောက်သူ၏ အသိပေးသဘောတူညီချက်ဖြင့်သာ မျှဝေရပါမည်။
- သုံးစွဲသူ ဒေတာကို အချိန်တိုင်းကာကွယ်ထားရမည်ဖြစ်ပြီး အခွင့်ရှိသူများနှင့်သာ မျှဝေရမည်ဖြစ်ပါသည်။
- ဒေတာကို မျှဝေခြင်းမပြုမီ၊ ဒေတာကိုမည်သို့မျှဝေမည်၊ ကာကွယ်မည်၊ အသုံးပြုမည်နှင့်  မည်သည့်ရည်ရွယ်ချက် အတွက်ကြောင့် ဖြစ်သည်ကို ဝန်ဆောင်မှုပေးသူများ ပူးပေါင်းကာ သဘောတူညီချက်တစ်ခု ရှိထားရပါမည်။

Source: GBVIMS Steering Committee n.d., p. 2.

| အဓိကလုပ်ဆောင်ချက်များ ရှင်သန်လွတ်မြောက်သူ၏ ဒေတာအချက်အလက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း | ကြိုတင်ပြင်ဆင်ခြင်း | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| ရှင်သန်လွတ်မြောက်သူ၏ ဒေတာအား စီမံခန့်ခွဲမှုအတွက် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော စံနှုန်း[၂၅၅] နှင့်အညီ ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင်ကိုက်ညီသော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို ဖော်ထုတ်ရမည်ဖြစ်သည်။ ထို့အပြင် ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့် အညီ အချက်အလက်စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အသုံးပြုခြင်းတို့ကို သေချာစေရန် လိုအပ်သော ဘဏ္ဍာရေးနှင့် လူသားအရင်းအမြစ်များလည်း ထားရှိရမည်။ GBV ဝန်ဆောင်မှုပေးသူများသည် ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (GBVIMS) သို့မဟုတ် Primero/GBVIMS+ ကို အကောင်အထည်ဖော်ရန် စဉ်းစားနေပါက၊ သင့်လျော်မှုရှိမရှိနှင့် အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ရန် GBVIMS ဦးဆောင်ကော်မတီထံ ဆက်သွယ်ရမည်။[၂၅၆၊ ၂၅၇] | ✔ | ✔ | ✔ |
| သော့ခတ်နိုင်သော သေတ္တာ၊ ကုဒ်ခံထားသော ကွန်ပျူတာ၊ စသည်တို့ ကဲ့သို့သော ရှင်သန်လွတ်မြောက်သူနှင့် ၎င်း၏ ဖြစ်ရပ်ဒေတာများကို ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့်အညီ သိမ်းဆည်းနိုင်ရန် လိုအပ်သည့်အရာအားလုံးကို ဝယ်ယူထားရမည်။ | ✔ | ✔ | ✔ |
| အရေးပေါ်အခြေအနေအတွက် ဒေတာ ရွှေ့ပြောင်းရေးအစီအစဉ်ထားရှိပြီး၊ သက်ဆိုင်ရာ အခန်းကဏ္ဍများနှင့် တာဝန်များကို ချမှတ်ထားရမည်။ | ✔ | ✔ | ✔ |
| ကုဒ်စနစ်များနှင့် လုံခြုံစွာ ဒေတာဖြည့်သွင်းခြင်း အပါအဝင် ဘေးကင်းပြီး ကျင့်ဝတ်နှင့် အညီ အချက်အလက်စုဆောင်းခြင်း၊ သိမ်းဆည်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မျှဝေခြင်းအတွက် သက်ဆိုင်ရာဝန်ထမ်းများ (ဥပမာ၊ GBV ဖြစ်ရပ်စီမံခန့်ခွဲသူများ) ကို လေ့ကျင့်ပေးပါ။[၂၅၈] | ✔ | ✔ | ✔ |
| GBV ဒေတာစီမံခန့်ခွဲမှုစနစ်များ၏ အရည်အသွေးနှင့် ထိရောက်မှုကို ပုံမှန်အကဲဖြတ်ပြီး ကမ္ဘာလုံးဆိုင်ရာ ဘေးကင်းရေးနှင့် လုံခြုံရေးဆိုင်ရာစံနှုန်းများကို လိုက်နာရေးတွင် ၎င်းတို့အား အားကောင်းလာစေရန် လိုအပ်ခြင်းရှိမရှိကို အကဲဖြတ်ပါ။[၂၅၉] | ✔ | ✔ | ✔ |
| သင့်အဖွဲ့အစည်းအတွင်းနှင့် အခြားသူများထံ မျှဝေရာတွင်၊ တစ်ဦးချင်းအဆင့်တွင် မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သည့် အချက်အလက်များ (လွှဲပြောင်းညွှန်းပို့မှုများအတွက်) နှင့် စုပေါင်းထားရှိသည့်အဆင့် (aggregate-level)တွင် မည်သူမည်ဝါဖြစ်သည်ကို မသိရှိနိုင်သည့် အချက်အလက် (အစီရင်ခံခြင်းအတွက်)များကိုကိုမည်ကဲ့သို့ မျှဝေမည်ကို ဆုံးဖြတ်နိုင်ရန် အဖွဲ့အစည်းတွင်း စံလုပ်ငန်းလမ်းညွှန်များ ထားရှိပါ။ | ✔ | ✔ | ✔ |
| စီမံကိန်းရေးဆွဲခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို အသိပေးရန်အတွက် မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်၍ မရနိုင်သော စုပေါင်းထားရှိသည့် (aggregate-level)အဆင့် ဒေတာများ စုဆောင်း၍ မျှဝေရန်အတွက် သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ကို ထားရှိပါ။(လမ်းညွှန်ချက် မှတ်စု ၂ ကိုကြည့်ပါ)။ | ✔ | ✔ | ✔ |
| သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်တွင် ပါဝင်သူတစ်ဦးဖြစ်ပါက စီမံကိန်းရေးဆွဲခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းအား၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသိပေးနိုင်ရန် ၊ ခွဲခြမ်းစိတ်ဖြာထားသော အစီရင်ခံစာများ (analytical reports) ကို ပုံမှန်ဆောင်ရွက်ပါ။ | ✔ | ✔ | ✔ |
| GBV စီမံကိန်း ဒေတာများကို ဘေးကင်းပြီး ကျင့်ဝတ်သိက္ခာရှိရှိ အသုံးပြုနိုင်ရန် မူဝါဒများချမှတ်ထားရှိပြီး၊ မီဒီယာနှင့် ဆက်သွယ်ရေးအဖွဲ့အား လေ့ကျင့်ပေးပါ။ | ✔ | ✔ | ✔ |
| ဆက်သွယ်ရေး၊ မီဒီယာဝန်ထမ်းများနှင့် ပြင်ပမီဒီယာများအား အရေးပေါ်အခြေအနေများတွင် GBV အစီရင်ခံခြင်း၊ ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုနှင့် GBV ဖြစ်ရပ်များအတွက် ဘေးကင်းပြီး၊ ကျင့်ဂတ်နှင့် အညီ အစီရင်ခံနိုင်ရန် အဘယ်ကြောင့်အရေးကြီးသည်နှင့် မည်သို့လုပ်ဆောင်နိုင်ကြောင်းကို လေ့ကျင့်ပေးပါ။ | ✔ | ✔ | ✔ |

တည်ငြိမ်သည့် အခြေအနေနှင့် အရေးပေါ် အခြေအနေ နှစ်ခုလုံးတွင် GBV ၏ အမှန်တကယ်ဖြစ်ပျက်နေမှု ပမာဏကို တိုင်းတာရန် ခက်ခဲသည်။ သို့သော်လည်း၊ လူမှုရေးပြစ်ဒဏ်ခံရခြင်း သို့မဟုတ် လက်တုံ့ပြန်မည်ကို ကြောက်ရွံ့ခြင်း၊ ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုပေးသူများကို အကန့်အသတ်ဖြစ်သာ ရရှိနေခြင်း သို့မဟုတ် လက်လှမ်းမမီနိုင်ခြင်း၊ ကျူးလွန်သူများမှာ အပြစ်ဒဏ်မှ လွတ်မြောက် နေခြင်း နှင့် စောင့်ရှောက်မှုရှာဖွေခြင်း၏ အကျိုးကျေးဇူးများ ကို သိရှိမှု နည်းပါးခြင်းအပါအဝင်အခြားသောအကြောင်း များစွာကြောင့် GBV သည် နေရာတိုင်းတွင် ဖြစ်ပျက်နေသော်လည်း အစီရင်ခံတိုင်ကြားမှု နည်းပါးနေရသည်ကို နားလည် သဘောပေါက်ရန် အရေးကြီးပါသည်။ထို့ကြောင့်၊ **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများ အားလုံး အနေဖြင့် GBV ဖြစ်ပွားနေပြီး ထိခိုက်ခံစားရသူများကို ခြိမ်းခြောက်နေသည်ဟု ယူဆရမည်ဖြစ်ပြီး** ၎င်းတို့ကို ပြင်းထန်ပြီး အသက်အန္တရာယ် ရှိသော ပြဿနာတစ်ခုအဖြစ် သဘောထားကာ၊ ခိုင်မာသော "အထောက်အထား" များရှိသည်ဖြစ်စေ သို့မဟုတ် မရှိသည်ဖြစ်စေ အရေးတယူဆောင်ရွက်ရမည်ဖြစ်သည်။[၂၆၀]

ရှင်သန်လွတ်မြောက်သူ ဒေတာအချက်အလက်ကို စီမံခန့်ခွဲခြင်းတွင် ပါဝင်သော ယေဘုယျလုပ်ဆောင်ချက် ၅ ချက် တွင် အောက်ပါတို့ပါဝင်သည်။

**၁။ အချက်အလက် ကောက်ယူစုဆောင်းခြင်း** - သည် ရှင်သန်လွတ်မြောက်သူ၏ အချက်အလက်များကို စုဆောင်းခြင်း သို့မဟုတ် ရယူသည့် လုပ်ငန်းစဉ်ဖြစ်သည်။ GBV မှ ရှင်သန်လွတ်မြောက်သူသည် အဖွဲ့အစည်းတစ်ခုမှ ဝန်ဆောင်မှုများကို ရှာဖွေသည့်အခါ၊ ထိုအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုတွင် အရေးကြီးသောအချက်တစ်ခုမှာ ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့၏အဖြစ်အပျက် တို့နှင့်ပတ်သက်၍ တိကျသောအချက်အလက်များကို ကောက်ယူခြင်းဖြစ်သည်။ ထိုသို့ကောက်ယူခြင်းဖြင့် ရှင်သန်လွတ်မြောက်သူ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသော တုန့်ပြန်မှုပေးရန်နှင့် သင့်လျော်သောဝန်ဆောင်မှုများပေးနိုင်ရန်ဖြစ်သည်။

**ဝန်ဆောင်မှုပေးသူများ၏ အဓိကစိုးရိမ်သင့်သောအရာမှာ ရှင်သန်လွတ်မြောက်သူများ ကျန်းမာပျော်ရွှင်ခြင်းကို ချက်ခြင်း ရရှိရန် ဖြစ်သင့်သည်။** တစ်နည်းဆိုရသော် ဝန်ဆောင်မှုပေးခြင်းသည် ပထမဦးစားပေးဖြစ်သည်။ အချက်အလက် စုဆောင်းခြင်း၏အဓိကရည်ရွယ်ချက်မှာ ဖြစ်ရပ်အများအပြားကို စီမံခန့်ခွဲနေရသည့် ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ထမ်းများ အတွက် မှတ်တမ်းထားရှိရာ အရင်းအမြစ်အဖြစ်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ရေးမှူးများအတွက် ဝန်ဆောင်မှု အရည်အသွေးကို အကဲဖြတ်သိရှိနိုင်ခြင်း၊ ဖြစ်ရပ်၏ တိုးတက်မှုကို ဆန်းစစ်နိုင်ခြင်းနှင့်ဝန်ဆောင်မှုများအဆက်မပြတ်ရှိစေခြင်းနှင့်ပေးဆောင်နိုင်မှုအခြေအနေကိုသိရှိနိုင်ခြင်းဖြင့်ဝန်ဆောင်မှုပေးခြင်း၏အရည်အသွေးကို ပံ့ပိုးပေးရန်ဖြစ်သည်။ ထို့ကြောင့် အချက်အလက်ကောက်ယူစုဆောင်းခြင်းသည် ဝန်ဆောင်မှုပေးခြင်းကို အထောက်အကူဖြစ်စေသည့် ဒုတိယဦးစားပေး အခန်းကဏ္ဍ သာဖြစ်သည်။

၂။ ရှင်သန်လွတ်မြောက်သူများသည် မည်သည့်အချက်အလက်ကို ကောက်ယူစုဆောင်းထားကြောင်းနှင့် ၎င်းတို့ကို မည်သို့အသုံးပြုမည်ကို သိပိုင်ခွင့်ရှိသည်။ ရှင်သန်လွတ်မြောက်သူများ၏ **အသိပေးသဘောတူညီချက်** (informed consent) ဖြင့်သာ အချက်အလက်များကို ကောက်ယူစုဆောင်းသင့်သည်။ ဝန်ဆောင်မှုပေးသူများအနေဖြင့် ဒေတာစုဆောင်းခြင်း၏ အကျိုးကျေးဇူးများသည် ဖြစ်ပေါ်နိုင်သော အန္တရာယ်များထက် ကျော်လွန်မှုရှိမရှိ အမြဲအကဲဖြတ်ရမည်ဖြစ်သည်။

၃။ လုံခြုံသော **အချက်အလက်သိမ်းဆည်းခြင်း** ဆိုသည်မှာ စာရွက်သို့မဟုတ် အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေ ဒေတာအားလုံးကို ဘေးကင်းလုံခြုံစွာ သတင်းအချက်အလက်များ မပေါက်ကြားအောင် ထိန်းသိမ်းပြီး၊ သိမ်းဆည်းထားရမည်ဟု ဆိုလိုပါသည်။ ဝန်ဆောင်မှုပေးသူများအနေဖြင့် ရှင်သန်လွတ်မြောက်သူ ဒေတာအချက်အလက်၏ ထိရှလွယ်သော သဘောသဘာဝနှင့် အလွဲသုံးစားမှုပြုလုပ်မိပါက အန္တရာယ်ကျရောက်နိုင်သောကြောင့်၊ ဒေတာစုဆောင်းကောက်ယူသူများ အနေဖြင့် ရှင်သန်လွတ်မြောက်သူများ၊ လူမှုအသိုင်းအဝိုင်းနှင့် အချက်အလက်ကောက်ယူသူများအားထိခိုက်နစ်နာမှုများမှကာကွယ်ရန်၊ အလုံခြုံဆုံးသော နည်းလမ်းဖြင့် ဒေတာကို သိမ်းဆည်းရန် လိုအပ်ပါသည်။[၂၆၁]

GBV တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းများအတွက်၊ အရည်အသွေးရှိပြီး၊ အမည်မပါဘဲ (အနည်းဆုံး) လိင်နှင့် အသက် ကို ခွဲခြားကောက်ခံထားသော ၎င်းတို့ထံအစီရင်ခံထားသည့်ဖြစ်ရပ်များ၏ အချက်အလက်များသည် GBV ပုံစံနှင့် ပြောင်းလဲမှုများကို ခြေရာခံရာတွင် ကူညီပေးပြီး ဝန်ဆောင်မှု များကို မြှင့်တင်ရန်အတွက် လိုက်လျောညီထွေဖြစ်ရန်လိုအပ်ခြင်းရှိ မရှိကိုလည်း ခွဲခြားစိတ်ဖြာနိုင်ရန် ကူညီပေးပါသည်။ **သို့သော်လည်း အခြားဒေတာအချက်အလက်မှ ရှင်သန်လွတ်မြောက်သူ ဒေတာအချက်အလက်ကို သီးခြားခွဲထုတ်၍ အဓိပ္ပါယ်ဖော်ရာတွင် အကန့်အသတ်များစွာရှိသည်။ အခြေအနေတစ်ခုတွင် GBV အခြေအနေအား ပိုမိုနားလည်သဘောပေါက်စေရန်အတွက် အခြားအချက်အလက်များ၏ရင်းမြစ်များကို ခွဲခြမ်းစိတ်ဖြာမှုတွင် ထည့်သွင်းရမည်ဖြစ်သည်။** GBV ဖြစ်ရပ် မည်မျှဖြစ်သည်ဆိုသည့် ကိန်းဂဏန်းကို အစီရင်ခံပါက အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူသွားနိုင်ရန် လွယ်ကူသည့် အပြင် ထိုသို့လုပ်ဆောင်ခြင်းသည် ဖြစ်ရပ်အရေအတွက် သို့မဟုတ် ဝန်ဆောင်မှုပေးသူနည်းပါးသည့် အခြေအနေများတွင် သတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းထားမှုကို ထိခိုက်စေနိုင်သောကြောင့် ထိုသို့ အစီရင်ခံရန် အကြံမပြုပါ။ ထို့အပြင်၊ ဤအချက်အလက်များသည် GBV အမှန်တကယ်ဖြစ်ပွားနေသည့်အတိုင်းအတာပေါ်တွင် အခြေခံထားခြင်း မရှိသောကြောင့် ၎င်းသည် အသုံးမဝင်သည့်အပြင် အထင်မှားစေနိုင်သည်။ GBVIMS မှထုတ်ပေးသော ဖြစ်ရပ်ပုံစံနှင့် ပြောင်းလဲမှုဆိုင်ရာ trend data အချက်အလက်ကဲ့သို့သော အချက်အလက်များ (လမ်းညွှန်ချက်မှတ်စု ၂ ကိုကြည့်ပါ) သည် အချိန်တစ်ခုအတွင်း ဖြစ်ပွါးမှု ပုံစံများအပေါ်အခြေခံ၍ ပိုမိုအသိပေးဆုံးဖြတ်ချက်ချနိုင်စေရန် အထောက်အကူဖြစ်စေပါသည်။ အထက်ဖော်ပြပါ အကြောင်းပြချက်များကြောင့် အစီအစဉ်ရေးဆွဲခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်းတွင် ယုံကြည်စိတ်ချ၍ မရသော အကြမ်းဖျင်း ဂဏန်းများထက် ထိုအချက်အလက်များက ပိုမိုအထောက်အကူဖြစ်စေပါသည်။

၄။ **ဒေတာ ခွဲခြမ်းစိတ်ဖြာခြင်း (data analysis)** ပြုလုပ်ခြင်းဖြင့် အဖွဲ့အစည်းများသည် GBVစီမံကိန်းများအားကောင်းစေရန်အတွက်ကောက်ယူထားသော ဒေတာကို နားလည်သိရှိရန်၊ ၎င်းမှ အဓိပ္ပါယ် ထုတ်နုတ်ပြီး၊ အသိပေးသဘောတူ ကောက်ချက်ချခြင်းတို့ ပြုလုပ်နိုင်ပါသည်။ အရည်အသွေးရှိသော စနစ်တကျ ခွဲခြမ်းစိတ်ဖြာထားသည့် GBV ဒေတာသည် အောက်ပါအချက်တို့ကို အထောက်အပံ့ပေးပါသည်။ (၁) အစီရင်ခံထားသော အဖြစ်အပျက်များ၏ ပြောင်းလဲမှုနှင့် ပုံစံများ (trends and patterns) ကို နားလည်ရန်၊ (၂) ကြားဝင်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အသိပေးသဘောတူ ဆုံးဖြတ်ချက်များ ချမှတ်ရန်၊ (၃) အနာဂတ်လုပ်ဆောင်မှုများအတွက် အစီအစဉ်များ ဆွဲရန် နှင့် (၄) GBV ဝန်ဆောင်မှုပေးခြင်း နှင့် လုပ်ငန်းအစီအစဉ်တစ်ခုလုံး၏ ခြုံငုံထိရောက်မှုအား တိုးတက်စေရန် တို့ဖြစ်သည်။

၅။ ရှင်သန်လွတ်မြောက်သူ၏ဒေတာကို ကောက်ယူထားသည့်နေရာမှမဟုတ်ဘဲ အခြား မတူညီသောအရင်းအမြစ်တစ်ခုသို့ မျှဝေခြင်း သို့မဟုတ် အချက်အလက်ရယူနိုင်ခြင်း ကို **အချက်အလက်မျှဝေသည်** ဟုခေါ်ပါသည်။ အချက်အလက်မျှဝေမှု တွင် အမျိုးအစား နှစ်မျိုးရှိသည်- (၁) အခြားဝန်ဆောင်မှုများသို့ လွှဲပြောင်းညွှန်းပို့ပေးခြင်းများလုပ်ဆောင်ရန် GBV လုပ်ငန်းလုပ်ဆောင်နေသည့် အဖွဲ့အစည်းများမှ မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သော တစ်ဦးချင်းအဆင့်ဒေတာကို မျှဝေခြင်း (စံနှုန်း ၇ - လွှဲပြောင်းညွှန်းပို့သည့်စနစ်များကို ကြည့်ပါ); နှင့်(၂)အစီအစဉ်များနှင့် အရေးဆိုတင်ပြမှုများ တွင်အသုံးပြုနိုင်သည့် အစီရင်ခံစာများကို ပြုစုထုတ်ဝေရန် အတွက် မည်သူမည်ဝါဖြစ်သည်ကိုမသိရှိနိုင်သောစုပေါင်းအဆင့်ဒေတာ (aggregate-level) မျှဝေခြင်းတို့ဖြစ်ကြသည်။

တစ်ဦးချင်းအဆင့်တွင်၊ ရှင်သန်လွတ်မြောက်သူများ၏ မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သော အချက်အလက်များကို ဝန်ဆောင်မှုပေးသူများကြား လွှဲပြောင်းညွှန်းပို့ခြင်းအတွက် ၎င်းတို့၏အသိပေးသဘောတူညီချက် (informed consent) ဖြင့် မျှဝေနိုင်ပါသည်။ လွှဲပြောင်းညွှန်းပို့မှုများကို ဘေးကင်းလုံခြုံမှုရှိပြီး၊ သတင်းအချက်အလက်များလျှို့ဝှက်ထိန်းသိမ်းခြင်းပြုလုပ်ကြောင်းသေချာစေရန် အတွက် ဖောင်ပုံစံများနှင့် စံလုပ်ငန်းလမ်းညွှန်များကို အဖွဲ့အစည်းနှင့် အေဂျင်စီများအကြား (ဆိုလိုသည်မှာ GBV အစုခွဲ/လုပ်ငန်း အဖွဲ့ခွဲများ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံသတ်မှတ်ချက် (SoP) များ) တွင် ထားရှိသင့်သည်။

မည်သူမည်ဝါဖြစ်သည်ကို မသိရှိနိုင်သော၊ စုပေါင်းအဆင့်ဒေတာကို ဝန်ဆောင်မှုပေးသူများထံမှ စုပေါင်းပြီး၊ အေဂျင်စီများအဆင့် (inter-agency level) အစီရင်ခံစာတစ်ခုအဖြစ် ခွဲခြမ်းစိတ်ဖြာတင်ပြသင့်သည်။ ဤကဲ့သို့သော အဆင့်တွင် ဒေတာမျှဝေခြင်းသည် ဒေတာကောက်ယူစုဆောင်းသော အဖွဲ့အစည်းများ (data-gathering organizations) များသည် တူညီသော သတင်းအချက် အလက် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုပြီး မည်သို့ သတင်းအချက်အလက်များ မျှဝေမည်ဆိုသည်ကို လမ်းညွှန်ပေးသည့် သတင်း အချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် (information-sharing protocol) နှင့် အညီဖြစ်မှသာ မျှဝေသင့်ပါသည်။[၃၆]

ဝန်ဆောင်မှုပေးသူအများအပြားသည် တူညီသောနေရာဒေသတွင် လုပ်ငန်းလုပ်ကိုင်ကြပြီး ၊ ဝန်ဆောင်မှုရယူသူများသည်လည်း တူညီသော လူအုပ်စုများမှသာဖြစ်ကြောင့် ၊ အေဂျင်စီအချင်းချင်း အကြား ဘေးကင်းလုံခြုံစွာ မျှဝေနိုင်ပြီး ခွဲခြမ်းစိတ်ဖြာနိုင်သည့် အရည်အသွေးမြင့် GBV ဒေတာကို ထုတ်လုပ်နိုင်မှုသည် အရေးကြီး သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အစီရင်ခံထားသော ဖြစ်ရပ်များ၏ ဖြစ်ပွါးမှုပုံစံနှင့် ပြောင်းလဲမှုများ (trends) ကို နားလည်သဘော ပေါက်ပြီး ပေါင်းစပ်ညှိနှိုင်း၍ တုံ့ပြန်ခြင်းကို သေချာစေသည့် အရေးကြီးသော ခြေလှမ်းတစ်ခုဖြစ်ပါသည်။[၃၇]

> **တစ်ဦးချင်း၊ မည်သူမည်ဝါဖြစ်သည်ကို မသိရှိနိုင်သော ဒေတာ/အချက်အလက်-**
> ရှင်သန်လွတ်မြောက်သူမှာ မည်သူဖြစ်သည်ကို ဖော်ထုတ်မရနိုင်သော ရှင်သန်လွတ်မြောက်သူ တစ်ဦးချင်းစီ၏ ဒေတာအချက်အလက်။
> **စုပေါင်းအဆင့်ဒေတာ (Aggregate-level data)-**
> မည်သူတစ်ဦးတစ်ယောက်၏ ကိုမျှ ဖော်ထုတ်မသိရှိနိုင်သည့် စုပေါင်းထားသည့် ဖြစ်ရပ်များ၏ ဒေတာအချက်အလက်။

ဤအနိမ့်ဆုံးစံနှုန်း အတွက် အခြေခံ လိုအပ်ချက်မှာ မိတ်ဖက် အဖွဲ့အစည်းများ အားလုံး အနေဖြင့် သတင်းအချက်အလက် မျှဝေခြင်း ဆိုင်ရာလုပ်ငန်းလမ်းညွှန် (information sharing protocol) ကို လေးစားလိုက်နာခြင်း ဖြစ်သည်။
ဆိုလိုသည်မှာ မိတ်ဖက်အဖွဲ့အစည်းများသည် မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သော တစ်ဦးချင်း၏ဒေတာကို လွှဲပြောင်းညွှန်းပို့ ပေးမှု လုပ်ငန်း၏ ပြင်ပနှင့် အသိပေးသဘောတူညီချက်မရှိဘဲ မည်သည့် အခါတွင်မှ မျှဝေမည်မဟုတ်ကြောင်း၊ သို့မဟုတ် ရှင်သန်လွတ်မြောက်သူ၏ သတင်းအချက်အလက် ထိန်းသိမ်းပေးခြင်းကို ချိုးဖောက်နိုင်သည့် ဒေတာအချက်အလက်များ သို့မဟုတ် ၎င်းတို့၏ ရပ်ရွာလူထုအတွက် ဘေးအန္တရာယ်များကို ဖန်တီးနိုင်သည့် ဒေတာအချက်အလက်များကိုပါ မည်သည့် အခါတွင်မှ မျှဝေမည်မဟုတ်ကြောင်းဆိုလိုခြင်းဖြစ်သည်။ ရှင်သန်လွတ်မြောက်သူ၏ သတင်းအချက်အလက်လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ဘေးကင်းလုံခြုံမှုကို ကာကွယ်ပေးပြီး ရှင်သန်လွတ်မြောက်သူနှင့် ၎င်းတို့၏ ရပ်ရွာလူထု မှ ဝန်ဆောင်မှုပေးသူများ အပေါ် ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်စေရန် လုပ်ငန်းလမ်းညွှန်များကို ချမှတ်ထားခြင်း ဖြစ်သည့် အတွက်၊ သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် (information-sharing protocol)/ အခြားသော အဖွဲ့အစည်းများကြားရှိ လုပ်ငန်းလမ်းညွှန်များ (interagency protocols) တွင် ချမှတ်ထားသည့် လမ်းညွှန်များကို ကျော်လွန်၍ ဒေတာအချက်အလက်များကို မျှဝေရန် GBV ဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား မည်သည့် အခါတွင်မှ ဖိအားမပေးသင့်ပါ။




**ဖြစ်ပွားမှုနှုန်း ဒေတာ (Prevalence data)** သည် သတ်မှတ်ထားသည့် လူဦးရေ အတွက် GBV ဖြစ်ပွါးနှုန်းနှင့် ကြိမ်နှုန်းကို ကိုယ်စားပြုသည်။ ယေဘုယျအားဖြင့်၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအခြေအနေ ဒေသများတွင် GBV ဖြစ်ပွါးမှုနှုန်းဒေတာကို ရယူရန် မဖြစ်နိုင်ပါ။

**ဖြစ်ပွားမှု ဒေတာ (Incidence data)** သည် ဧရိယာတစ်ခုအတွင်း ဖြစ်ပွါးနေသည့် GBV အဖြစ်အပျက် အားလုံးကို သိရှိနိုင်မည်မဟုတ်သော်လည်း၊ ဖြစ်ရပ်များ အကြောင်း အချက်အလက်များတင်ပြရန် ရွေးချယ်ထားသည့် ရှင်သန်လွတ်မြောက် သူများနှင့် ၊ GBV ဆိုင်ရာ ဝန်ဆောင်မှု ပေးသူများထံ လက်လှမ်းမီရရှိသော ရှင်သန် လွတ်မြောက်သူများ၏ အချက်အလက်သာဖြစ်သည်။

ရှင်သန်လွတ်မြောက်သူ၏ မည်သည့် ဒေတာအချက်အလက် အမျိုးအစား ကိုမဆို ကောက်ယူရာတွင်၊ ရှင်သန်လွတ်မြောက်သူအား ဝန်ဆောင်မှုပေးနိုင်သည့် အခြေ အနေရှိပြီး၊ ရှင်သန်လွတ်မြောက်သူမှ တိုက်ရိုက် အစီရင်ခံခြင်း သို့မဟုတ် ၎င်းတို့ကို စောင့်ရှောက်ပေးသူမှ ရှင်သန်လွတ်မြောက်သူ ၏ရှေ့တွင် အစီရင်ခံသည့် အခြေ အနေတို့နှင့် ကိုက်ညီမှသာ ကောက်ယူရမည်ဖြစ်သည်။ ဥပမာ အားဖြင့်- လူ့အခွင့် အရေးစောင့်ကြည့်လေ့လာခြင်းအတွက်သာ ရည်ရွယ်ပြီး ရှင်သန်လွတ်မြောက်သူ မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်သော အချက်အလက်များကိုရှာဖွေခြင်း/မှတ်တမ်း တင်ခြင်းသည် သင့်လျော်မှုမရှိပါ။

အလှူရှင်များနှင့် အကောင်ထည်ဖော်ဆောင်ရွက် များအကြား မိတ်ဖက်သဘောတူညီချက်များတွင်၊ အလှူရှင်များထံ အစီရင်ခံခြင်း အတွက်  ရှင်သန်လွတ်မြောက်သူများတစ်ဦးစီ၏သို့မဟုတ်အဖြစ်အပျက်များနှင့်ပတ်သက်၍အခြားအချက်အလက်များကိုတင်ပြရန် စာချုပ်ပါသဘောတူညီချက်များ မည်သို့ပင်ဖြစ်စေကာမူ အချက်အလက်များကို အစီရင်ခံတင်ပြခြင်း မရှိရပါ။ သဘောတူညီချက် ကိုအခြေခံသော လွှဲပြောင်းညွှန်းပို့ပေးမှု သို့မဟုတ် ဖြစ်ရပ်လွှဲပြောင်းညွှန်းပို့မှု ထက်ပို၍ ဤအချက်အလက်များကို မျှဝေခြင်းသည် လျှို့ဝှက်ထိန်းသိမ်းမှုကို ချိုးဖောက်ခြင်းဖြစ်သည်။

## အညွှန်းကိန်းများ

- ရှင်သန်လွတ်မြောက်သူဒေတာနှင့် ဒေတာမျှဝေခြင်းဆိုင်ရာ အဖွဲ့တွင်း လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍  ဘေးကင်း လုံခြုံပြီး ကျင့်ဝတ်နှင့်ညီသည့် အလေ့အကျင့်များကို လုပ်ဆောင်ရန် အသိပညာနှင့်ကျွမ်းကျင်မှုရှိသော GBV ဝန်ထမ်းများ၏ ရာခိုင်နှုန်း။
- GBVIMS ဒေတာကာကွယ်ရေးဆိုင်ရာ စစ်ဆေးရန်အချက်အလက် (GBVIMS Data Protection Checklist) များကို လိုက်နာသော အဖွဲ့အစည်းများ၏ ရာခိုင်နှုန်း။[၃၆၄]
- တစ်ဦးချင်းအဆင့် မည်သူမည်ဝါဖြစ်သည်ကိုသိရှိနိုင်သော အချက်အလက် (လွှဲပြောင်းညွှန်းပို့မှုများအတွက်) နှင့် မည်သူ မည်ဝါဖြစ်သည်ကို မသိရှိနိုင်သော စုပေါင်းအဆင့်ဒေတာကို ဘေးကင်းလုံခြုံစွာနှင့် လျှို့ဝှက်စွာ မျှဝေနိုင်ခြင်းအား ထိန်းညှိရန် ဌာနတွင်းလုပ်ထုံးလုပ်နည်းများထားရှိဆောင်ရွက်သည့်  ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ၏ ရာခိုင်နှုန်း။
- အေဂျင်စီအကြား သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် အပါအဝင် GBV သတင်းအချက်အလက် စီမံခန့်ခွဲမှု စနစ်များရှိနေခြင်း။

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲသည့် စနစ် (GBVIMS) နှင့် အခြား စနစ်များ[၃၆၅]

GBVIMS and Primero/GBVIMS+ တို့သည် အေဂျင်စီအကြားနှင့် တစ်ကမ္ဘာလုံးက ထောက်ခံထားသော ဖြစ်ရပ် စောင့်ကြပ် ကြည့်ရှုရေးနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှု ဆိုင်ရာ သတင်းအချက်အလက်စနစ်များဖြစ်သည်။ ၎င်းတို့သည် GBVမှ ရှင်သန်လွတ်မြောက်သူ၏ ဒေတာစီမံခန့်ခွဲမှုတွင် ကမ္ဘာလုံးဆိုင်ရာစံနှုန်းများကို စံနမူနာပြထားပြီး အဖွဲ့အစည်းတစ်ခုချင်းစီနှင့် အေဂျင်စီအချင်းချင်း အသုံးပြုမှုအတွက် အကောင်းဆုံးအလေ့အကျင့်တစ်ခုဖြစ်သည်။ WHO ၏ အရေးပေါ်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းအတွက် ကျင့်ဝတ်နှင့် ဘေးကင်းရေး အကြံပြုချက်များ (WHO's *Ethical and SafetyRecommendations for Researching, Documenting and Monitoring Sexual Violence in Emergencies*)[၃၆၆] နှင့်အညီ GBVIMS သည်  ဝန်ဆောင်မှုပေးသည့် ရှုထောင့်မှ အောက်ပါတို့ကို ပံ့ပိုးနိုင်ရန် ပုံစံရေးဆွဲထားခြင်းဖြစ် သည်။.

GBV မှ ရှင်သန်လွတ်မြောက်သူဒေတာသည် ထိလွယ်ရှလွယ်ဖြစ်သည်။ GBV ဒေတာစီမံခန့်ခွဲမှုသည် ရှုပ်ထွေးပြီး ဒေတာလုံခြုံရေးနှင့် ပါဝင်သူတိုင်း၏ဘေးကင်းမှုကို သေချာစေရန်အတွက် စနစ်များနှင့် အကာအကွယ်များထားရှိရန် လိုအပ်ပါသည်။ တစ်စုံတစ်ဦး၏ အချက်အလက်များကို ထုတ်ဖော်ခြင်းသည် ရှင်သန်လွတ်မြောက် သူအတွက် (သူမ၏လုံခြုံရေးအတွက်အန္တရာယ်ဖြစ်စေခြင်းအပါအဝင်)၊ လူထုအသိုင်းအဝန်းနှင့် အဖွဲ့အစည်းကိုပင် (ထိုကဲ့သို့သောအဖွဲ့အစည်းအပေါ် အခြားရှင်သန်လွတ်မြောက်လာသူများ၏ ယုံကြည်မှုဆုံးရှုံးခြင်းကဲ့သို့) ပြင်းထန်သောနောက်ဆက်တွဲဆိုးကျိုးဖြစ်ပေါ်စေနိုင်ပါသည်။ GBV ဒေတာကောက်ယူစုဆောင်းခြင်းသည် ၎င်းကိုကာကွယ်ရန် တာဝန်ရှိကြောင်းလည်း ဆိုလိုပါသည်။

Source: GBVIMS Steering Committee 2010b, p. 21.

- GBV ဝန်ဆောင်မှုပေးသူများအတွက် ၎င်းတို့၏ ဖြစ်ရပ်ဆိုင်ရာဒေတာအချက်အလက်ကို စုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး မျှဝေရန် ရိုးရှင်းပြီး ထိရောက်သော လုပ်ငန်းစဉ်။
- GBV ဝန်ဆောင်မှုပေးသူများအတွက် ဒေတာကောက်ယူခြင်းအတွက် စံပြုထားသည့်ချဉ်းကပ်မှု။
- အစီရင်ခံတင်ပြထားသည့် GBV ဖြစ်ရပ်များတွင် အမည်ဖော်ပြထားခြင်းမရှိသည့် ဖြစ်ရပ်အချက်အလက်ကို မျှဝေရန်အတွက် လျှို့ဝှက်ထားရှိ၊ ဘေးကင်းပြီး ကျင့်ဝတ်နှင့်အညီချဉ်းကပ်မှု။

**GBVIMS ဒေတာသည်** ထိုစနစ်ကိုအသုံးပြုသော GBV ဝန်ဆောင်မှုပေးသူတစ်ဦးထံ ၎င်းတို့၏အတွေ့အကြုံများကို ထုတ်ဖော်ရန် ရွေးချယ်ခဲ့သော ရှင်သန်လွတ်မြောက်သူများမှ **အစီရင်ခံတင်ပြသည့်ကိစ္စများကိုသာ ကိုယ်စားပြုသောကြောင့် GBVIMS ဒေတာနှင့် ဖြစ်ပွါးမှုနှုန်းဒေတာ (prevalence data) ကို မရောထွေးသင့်ပါ။** ဥပမာအားဖြင့်၊ GBVIMS ဒေတာတွင် ကလေးသူငယ်များ၌ GBV ဖြစ်ပွားမှုကိုအစီရင်ခံတင်ပြထားသည့်အရေအတွက်လျော့နည်းသွားကြောင်းပြသပါက၊ ၎င်းသည် ကလေးသူငယ် ရှင်သန်လွတ်မြောက်သူနည်းပါးသည်ဟု မဆိုလိုဘဲ၊ ကလေးများအတွက် ဝန်ဆောင်မှုပေးရန် အာရုံစိုက်ထားသည့် ဝန်ဆောင်မှုပေးသူ အရေအတွက် နည်းလာခြင်းကို ပြသခြင်းဖြစ်နိုင်ပါသည်။

GBVIMS သည် ဘေးကင်းလုံခြုံမှုမရှိသည့်အပြင်၊ ကျင့်ဝတ်နှင့် မညီသော ဒေတာကောက်ယူစုဆောင်းခြင်းဆိုင်ရာ အလေ့အကျင့်များနှင့်မလိုအပ်ဘဲဒေတာများကျော်လွန်စုဆောင်းမှု၏အန္တရာယ်များကိုလျှော့ချရန်ကူညီပေးသည်။လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအခြေအနေတွင် ရှင်သန်လွတ်မြောက်သူများအား ဝန်ဆောင်မှုများပေးနေသည့်  အဖွဲ့အစည်းများကို အထူးသဖြင့် ရည်ရွယ်ထားသည့် GBVIMS သည် ထိုဝန်ဆောင်မှုများကို ညှိနှိုင်း၍ ဆောင်ရွက်ခြင်း နှင့် ဝန်ဆောင်မှုများပေးခြင်းတွင် တိုးတက်ကောင်းမွန်လာစေရန် နှင့် GBV လမ်းညွှန်အခြေခံ သဘောတရားများအတိုင်း ကိုက်ညီမှု ရှိစေရန်ဖြစ်ပါသည်။ဤစနစ်သည် GBV ကို တုံ့ပြန်သည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအားအစီရင်ခံတင်ပြထားသောGBVဖြစ်ရပ်ဒေတာကိုဘေးကင်းလုံခြုံစွာ စုဆောင်း၊ သိမ်းဆည်းကာ ခွဲခြမ်းစိတ်ဖြာနိုင်စေရန်နှင့် စုပေါင်းအဆင့်GBVဖြစ်ရပ်ဒေတာကိုဘေးကင်းလုံခြုံပြီးကျင့်ဝတ်နှင့် အညီ မျှဝေမှုကို ဖြစ်စေပါသည်။ စနစ်၏ရည်ရွယ်ချက်မှာ GBV ဝန်ဆောင်မှုပေးသူများအား ၎င်းတို့၏စီမံကိန်းများတွင် အရည်အသွေးမြင့် GBV ဖြစ်ပွားမှုဒေတာကို ပိုမိုလွယ်ကူစွာထုတ်လုပ်နိုင်ခြင်း၊အဆိုပါဒေတာကိုမှန်ကန်စွာခွဲခြမ်းစိတ်ဖြာပြီးအခြားအေဂျင်စီများနှင့် လုံခြုံစွာမျှဝေခြင်းဖြင့် ပိုမိုကျယ်ပြန့်သော ဖြစ်ရပ် ပြောင်းလဲမှုပုံစံများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် တိုးတက် ကောင်းမွန်သော GBV ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်စေရန်ရည်ရွယ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အစီရင်ခံရရှိထားသည့် GBV ဆိုင်ရာ ဖြစ်ရပ် အစီရင်ခံမှုများကို ပိုမိုကောင်းမွန်စွာနားလည်မှုရရှိစေရန် GBV အသိုင်းအဝိုင်းအား အထောက်အပံ့ပေးရန် ရည်ရွယ် ထားသည်။

GBVIMS သည် GBV လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအားလုံးနှင့် သင့်လျော်မည်မဟုတ်ပါ။  GBV ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းမရှိသော မိတ်ဖက်အဖွဲ့အစည်းများသည် ၎င်းကို မသုံးသင့်ပါ။[၁၆၇] အချို့သော GBV ဝန်ဆောင်မှုပေးသူများသည် အခြားသော အချက်အလက် စီမံခန့်ခွဲမှုစနစ်များကို အသုံးပြုရန် သို့မဟုတ် ၎င်းတို့ကိုယ်တိုင် တီထွင်ဖန်တီးရန် ရွေးချယ်နိုင်ပါသည်။ ဤသို့သောအခြားစနစ်များသည် တစ်ဦးချင်းရှင်သန်လွတ်မြောက်သူဒေတာများပါရှိသောဒေတာဘေ့စ်များကိုတိုက်ရိုက်ဝန်ဆောင်မှုပေးသူသာ လက်လှမ်းမီရန်ကန့်သတ်ထားသည့်  တာဝန်ဝတ္တရားအခြေခံ အချက်အလက်ရယူနိုင်ခွင့်အပါအဝင်ဤအနိမ့်ဆုံးစံနှုန်းနှင့် GBVIMS ၏လမ်းညွှန်စည်းမျဉ်းများကို လိုက်နာရန် လိုအပ်သည်။

## ၂။ သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် (ISP)

GBV သတင်းအချက်အလက်၏ ထိရှလွယ်မှုကြောင့်အဖွဲ့အစည်းများကြားတွင် ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့်အညီ ဒေတာမျှဝေမှု ပြုလုပ်နိုင်စေရန် ရှင်းလင်းသော လမ်းညွှန်ချက်များနှင့် သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ သဘောတူညီချက်များ ရှိထားရန် လိုအပ်ပါသည်။သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဟုရည်ညွှန်းသော ဤသဘောတူညီချက်များသည် စုပေါင်း အဆင့် မည်သူမည်ဝါဖြစ်သည်ကို မသိရှိနိုင်သော အချက်အလက်များကို မျှဝေရန် ရည်ရွယ်သည်။ အေဂျင်စီအချင်းချင်း ဒေတာမျှဝေခြင်းဆိုင်ရာ သဘောတူညီချက်များတွင် (၁) မည်သည့်အချက်အလက်များကို မျှဝေနေသည်၊ (၂) ၎င်းကို မည်သို့ အသုံးပြုမည်၊ (၃) မည်သည့်အဆင့်တွင် (ဥပမာ၊ အဖွဲ့အစည်းတစ်ခုအတွင်းသာ၊ လုပ်ငန်းလမ်းညွှန်ကို လက်မှတ်ရေးထိုးသူ အားလုံး အကြား၊ လက်မှတ်ရေးထိုးသူများမဟုတ်သည့် ပြင်ပမှ အဖွဲ့အစည်းများ၊ နေရာဒေသအဆင့် မျှဝေမှု) တို့ကို ထည့်သွင်း စဥ်းစားရမည်ဖြစ်သည်။ ထိုသဘောတူညီချက်များကို အကောင်အထည်ဖော်ရန်အတွက် ရှင်သန်လွတ်မြောက်သူ ၏ ဒေတာ အချက်အလက် စုဆောင်းသည့်အဖွဲ့အစည်းများသည် တူညီသော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုရန် သဘောတူသင့်သည်။ သတင်းအချက်အလက်မျှဝေခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် (ISP) သည် GBV ဆိုင်ရာ အစီရင်ခံတင်ပြထားသော ကိစ္စများတွင် မည်သူမည်ဝါဖြစ်သည်ကို  မသိရှိနိုင်သော ဒေတာများကို မျှဝေမည်ဆိုပါက လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများနှင့် လမ်းညွှန် သဘောတရားများပါရှိသည်။ ဤလုပ်ငန်းလမ်းညွှန်များတွင် လက်မှတ်ရေးထိုးသူများအဖြစ် ပါဝင်ရန် အချက်အလက် စီမံခန့်ခွဲမှု စနစ် (စုစည်းမှု၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းအပါအဝင်) အားအကောင်အထည်ဖော်မှုကို ပံ့ပိုးပေးသည့် အေဂျင်စီများနှင့် အချက်အလက်စုဆောင်းသည့် အဖွဲ့အစည်းများအတွက်သာ ကန့်သတ်ထားသည်။ ISP တွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်သော အေဂျင်စီများ နှင့် အဖွဲ့အစည်းများ အားလုံးသည် သတင်းအချက်အလက် လျှို့ဝှက်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံသဘောတရားများ (ဥပမာ၊ ရှင်သန်လွတ်မြောက်သူ၊ ကျူးလွန်သူအဖြစ် စွပ်စွဲခံရသူ၊ ၊ ရှင်သန်လွတ်မြောက်သူ၏မိသားစု သို့မဟုတ် လူမှုအသိုင်းအဝိုင်း တို့ကို ဖော်ထုတ်ရာတွင် အသုံးပြုနိုင်သည့် သတင်းအချက်အလက်များကို မျှဝေခြင်းမပြုရန်) နှင့်၊ အသိပေးသဘော တူညီချက် (ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ဒေတာအပေါ် ထိန်းချုပ်နိုင်မှုကို အချိန်တိုင်းလေးစားရန်) တို့ကို လိုက်နာရန် သဘောတူကြသည်။ ဝန်ဆောင်မှုပေးမှုအပြင်၊ သင့်လျော်ပြီး သဘောတူညီထားသော လုပ်ငန်းလမ်းညွှန်များ မရှိဘဲ နှင့်သော်လည်းကောင်း၊ ရှင်သန်လွတ်မြောက်သူ၏ဒေတာကို မည်သို့အသုံးပြုမည်၊ မည်သူက အသုံးပြုမည်၊ နှင့် မည်သည့် ရည်ရွယ်ချက်ဖြင့် အသုံးပြုမည် ဆိုသည်ကို၊ ရှင်သန်လွတ်မြောက်သူနှင့် ရှင်းလင်းစွာဆွေးနွေးတိုင်ပင်ပြီး သိရှိသဘောတူညီချက် မရှိထားပါက ရှင်သန်လွတ်မြောက်သူ၏ အချက်အလက် ဒေတာကို မေးမြန်းခြင်း သို့မဟုတ် မျှဝေခြင်းသည် မသင့်လျော်ပါ။

## ၃။ နိုင်ငံအဆင့် GBV ဒေတာ စနစ်များ

အစိုးရဌာနများသည် GBV ဆိုင်ရာကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိကမိတ်ဖက်များ ဖြစ်သောကြောင့်၊ ၎င်းတို့သည် GBV မှ ရှင်သန်လွတ်မြောက်သူများ၏ ဒေတာအချက်အလက်စီမံခန့်ခွဲမှုတွင် ဘေးကင်းလုံခြုံမှုရှိခြင်းနှင့် သင့်လျော်မှုရှိပြီး၊ လုပ်ဆောင်နိုင်သည့် မည်သည့်အချိန်တွင်မဆို ပါဝင်ဆောင်ရွက်နိုင်ပါသည်။ GBV ဆိုင်ရာ နိုင်ငံအဆင့် ဒေတာစုဆောင်းမှု စနစ်အတွင်းရှိ GBVIMS ၏ အခန်းကဏ္ဍသည် မည်သို့ပင်ဖြစ်နေစေကာမူ အစိုးရဌာန၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် GBV ဒေတာ စုဆောင်းခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးကာ စနစ်အတွက် နားလည်မှုနှင့် ပံ့ပိုးမှုများကို တိုးမြှင့်ပေးနိုင်သည်။ GBV ဆိုင်ရာသတင်းအချက်အလက်စနစ် စတင်ခြင်းတွင် အစိုးရဌာနများ ပါဝင်ခြင်းသည်၊ GBVIMS မှ ဦးစားပေးသော ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့်ညီသည့် အချက်အလက်စုဆောင်းမှု စံနှုန်းများကို ထည့်သွင်းစဉ်းစားသည့် ရေရှည်တည်တံ့သော စနစ်တစ်ခုကို ထူထောင်ရန် အတွက် အခွင့်အလမ်းတစ်ခု ပေးနိုင်ပါသည်။

ပဋိပက္ခတစ်ခုတွင် အစိုးရဌာန၏ ပါဝင်ပတ်သက်မှုကို ၎င်းတို့၏ အခန်းကဏ္ဍ (ရှိလျှင်)၊ သတင်းအချက်အလက်စနစ်တွင် ၎င်းတို့ ပါဝင်လိုသည့် အခန်းကဏ္ဍနှင့် ဒေတာစီမံခန့်ခွဲမှုအတွက် ၎င်းတို့၏စံနှုန်းများနှင့် ပန်းတိုင်များနှင့်ကိုက်ညီမှုကို ဆုံးဖြတ်ခြင်းတို့ဖြင့် တိုင်းတာမှုပြုနိုင်သည်။ စွမ်းဆောင်ရည်မြှင့်တင်ရေး ကြိုးပမ်းမှုများသည် GBV မှ ရှင်သန်လွတ်မြောက်သူများကို အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုပေးခြင်း မှုဘောင်တွင်သာ ဒေတာကောက်ယူစုဆောင်းမှုဖြစ်ကြောင်း သေချာစေရန် ထောက်ပံ့ပေးနိုင်ပါသည်။

## ၄။ GBV ဆိုင်ရာ အစီရင်ခံခြင်းနှင့် ဆက်သွယ်ရေး

GBV ကိစ္စရပ်များအတွက် စည်းရုံးလှုံ့ဆော်ရေးနှင့် ဆက်သွယ်မှုတွင် မီဒီယာသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ အရေးပေါ်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် GBV ၏အခြားပုံစံများအကြောင်း မီဒီယာမှအစီရင်ခံခြင်းသည် ဆုံးဖြတ်ချက်ချမှတ်သူများနှင့် ရပ်ရွာလူထုများကို စည်းရုံးလှုံ့ဆော်ရာတွင် လွယ်ကူချောမွေ့စေပြီး ပြီးပြည့်စုံသော GBV အစီအစဉ်များ အတွက် ရန်ပုံငွေရှာဖွေခြင်းကို ပံ့ပိုးပေးပါသည်။ မီဒီယာသည် သီးခြားကိစ္စရပ်တစ်ခုအတွက် အသိပညာပေးနိုင်ရန် ကြိုးပမ်းမှုများကို ပံ့ပိုးပေးနိုင်ပြီး အမျိုးသမီးများ၏ အသံများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ကြားသိစေရန်၊ GBV ဆိုင်ရာတုံ့ပြန်ရေး ဝန်ဆောင်မှုများကို မည်ကဲ့သို့ရယူရမည်ကို ရပ်ရွာနှင့်လူထုအား အသိပေးနိုင်ရန်၊ အပြုသဘောဆောင်သော ကျား၊မရေးရာ နှင့်လူမှုရေး စံနှုန်းများကို မြှင့်တင်ပေးရန် ပံ့ပိုးနိုင်ပါသည်။[၁၆၈] အရေးပေါ်အခြေအနေများတွင် GBV နှင့် ပတ်သက်၍ မီဒီယာမှ တဆင့် အစီရင်ခံရာတွင် အခြေခံကျင့်ဝတ်နှင့် ဘေးကင်းလုံခြုံရေး စည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သော အခါ GBV မှ ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာလူထုများနှင့် ၎င်းတို့အား ကူညီပေးနေသူများကို အန္တရာယ်ဖြစ်စေနိုင်သည်။[၁၆၉]

GBV ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်မှုကို လေးစားလိုက်နာရန် တာဝန်ရှိသည်။ မီဒီယာနှင့် ထိတွေ့ဆက်ဆံရသည့်အခါ၊ GBV ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ရှင်သန်လွတ်မြောက်သူများကို အသိပေး သဘောတူဆုံးဖြတ်ချက်များ ကို အန္တရာယ်ကျရောက်မှု ခွဲခြမ်းစိတ်ဖြာမှုတို့အပေါ် အခြေခံ၍ချနိုင်ရန်ပံ့ပိုးပေးသင့်ပြီး၊ မီဒီယာ သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ ရှင်သန်လွတ်မြောက်လာသူများ၏ သဘောတူညီချက်ကို အခြေမခံသော တွေ့ဆုံမှုများ ကို အတတ်နိုင်ဆုံး တားဆီးသင့်သည်။ ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒဖြင့် မီဒီယာနှင့် ပြောဆိုလိုကြောင်းဖော်ပြပါက၊GBVဆိုင်ရာကျွမ်းကျင်သူများသည်ပတ်ဝန်းကျင်ကိုအကဲဖြတ်နိုင်ပြီးရှင်သန်လွတ်မြောက်သူများအား မည်သို့ မည်ပုံ ဆက်သွယ်ဆောင်ရွက်နိုင်သည်ကို အကြံဉာဏ်ပေးနိုင်သည်။[၁၇၀]

ဖြစ်ရပ်စီမံခန့်ခွဲသူ သို့မဟုတ် ဝန်ဆောင်မှုပေးသူသည် ရှင်သန်လွတ်မြောက်သူ၏ အကြမ်းဖက်မှုအတွေ့အကြုံကို လူသိရှင်ကြား ထုတ်ဖော်ရာတွင် ကြုံတွေ့နိုင်သည့် အန္တရာယ်များကို ဂရုတစိုက်ပြန်လည်သုံးသပ်ပြီး၊ ရှင်သန်လွတ်မြောက်သူနှင့် တိုင်ပင်ဆွေးနွေး ခြင်းဖြင့် အန္တရာယ်လျော့ပါးရေးအစီအမံများကို ထည့်သွင်းသင့်သည်။ မီဒီယာသည် ရှင်သန်လွတ်မြောက်သူများနှင့် ၎င်းတို့အား ပံ့ပိုးပေးသူများကို အန္တရာယ်ဖြစ်စေနိုင်သည်။ အန္တရာယ်ရှိသောလူမှုရေးစံနှုန်းများကို အားဖြည့်ပေးပြီးရှင်သန်လွတ်မြောက်သူ အပေါ်အပျက်သဘောဆောင်သော ပုံသေကားချပ် ဆက်ဆံသည့်ပုံစံနှင့် အကြမ်းဖက်ခံရသူအား အပြစ်တင်ခြင်းကို ထောက်ပံ့မှုကို ဖြစ်စေနိုင်သည်။ သတင်းထောက်နှင့် ရှင်သန်လွတ်မြောက်သူကြား လုပ်ပိုင်ခွင့်အာဏာကွဲပြားမှု ရှိနိုင်သည်၊ ရှင်သန်လွတ်မြောက် သူသည် သက်တောင့်သက်သာ မရှိသော်လည်း စကားပြောရန် သဘောတူချက်ပေးရန် ဖိအားများခံစားရနိုင်သည်။ ရှင်သန် လွတ်မြောက်သူများကို တိုက်ရိုက်ပံ့ပိုးပေးသည့်အဖွဲ့အစည်းများ နှင့် အေဂျင်စီများ သည် သတင်းထောက်များ သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများမှ တွေ့ဆုံမေးမြန်းနိုင်ရန် ရှင်သန်လွတ်မြောက်သူများကို "ရှာဖွေပေး" ရန် တာဝန်မရှိပါ။

ရှင်သန်လွတ်မြောက်သူ၏ ဘေးကင်းရေး၊ လုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်ခြင်းအပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများကြောင့် သတင်းထောက်များနှင့် ရှင်သန်လွတ်မြောက်သူများ ကြား တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှုများကို ကူညီပေးရန် မထောက်ခံပါ။[၂၇၁] ၎င်းအစား၊ GBV မှ ရှင်သန်လွတ်မြောက်သူများ နှင့် လုပ်ဆောင်နေသော ပြည်တွင်း သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စကားပြောခြင်းဖြင့် ထိရောက်သော ဖြစ်ရပ်ဇာတ်လမ်းများကို တူညီစွာ ပုံဖော် နိုင်သည်။[၂၇၂]

အဖွဲ့အစည်းအတွင်းမှ ဆက်သွယ်ရေးဆိုင်ရာဝန်ထမ်းများ သို့မဟုတ် ဂျာနယ်လစ်များသည် ရှင်သန်လွတ်မြောက်သူများအား စကားပြောဆိုလိုသောအခါ၊ ထိုသူများသည် ရှင်သန်လွတ်မြောက်သူများ၏ဘေးကင်းမှုနှင့် လျှို့ဝှက်ထားရှိမှုကို လေးစားခြင်းအပါအဝင် GBV ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်ရမည်ကို လေ့ကျင့်သင်ကြားမှုရရှိ ထားရန် အရေးကြီးပါသည်။[၂၇၃] GBV ကိစ္စများကို အစီရင်ခံတင်ပြရာတွင် ရှင်သန်လွတ်မြောက်သူများအား ဂုဏ်သိက္ခာနှင့် လေးစားစွာဆက်ဆံသည့် ကျင့်ဝတ်နှင့် ညီညွတ်ပြီး ဘေးကင်းလုံခြုံသော အင်တာဗျူးများဖြစ်စေရန်အတွက် အကောင်းဆုံးအလေ့အကျင့်လမ်းညွှန်ချက်များကို လိုက်နာသင့်သည်။[၂၇၄] ဂျာနယ်လစ်များ သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းများသည် ထိခိုက်လွယ်သည့်အလားအလာရှိသည့် အရင်းအမြစ်များကို ကာကွယ်ရန်နှင့် ရှင်သန်လွတ်မြောက်သူများ၏ သတင်းအချက်အလက်အား လျှို့ဝှက်ထိန်းသိမ်းမှုအတွက် တာဝန်ရှိသည်။ ရှင်သန်လွတ်မြောက်သူများသည် ဖြစ်နိုင်ချေရှိသော အန္တရာယ်အားလုံးကို အပြည့်အဝသိရှိထားသင့်သည်။ အင်တာဗျူး၏အကျိုးဆက်များကို အပြည့်အစုံသိရှိပြီး၊ မီဒီယာတွင်ဖော်ပြခြင်း သို့မဟုတ် ရှင်သန်လွတ်မြောက်သူများ၏အမည်ကို လူသိရှင်ကြားဖော်ထုတ်ပြသခြင်း စသည် နှင့် ပတ်သက်၍ "အသိပေးသဘောတူညီချက်" ကို ဂျာနယ်လစ်များ အနေဖြင့် ရယူထားရမည်ဖြစ်သည်။

ပြတ်သားသောခွင့်ပြုချက်မရှိဘဲ GBV မှ ရှင်သန်လွတ်မြောက်သူများကို ဓာတ်ပုံရိုက်ခြင်းသည် ကျင့်ဝတ်မဲ့ခြင်းဖြစ်ပါသည်။ ဝန်ဆောင်မှုပေးသည့် နေရာများ၌ ဓာတ်ပုံရိုက်ကူးရာတွင်၊ ၎င်းနေရာများကိုအသုံးပြုနေသော အမျိုးသမီးများနှင့် မိန်းကလေးများထံမှ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ရိုက်ကူးသင့်ပြီး၊ ရပ်ရွာလူထုမှမလိုလားအပ်သောအာရုံစူးစိုက်မှုသို့မဟုတ်ထိုဝန်ဆောင်မှုနေရာများကိုအသုံးပြုနေသောသို့မဟုတ်နောက်ပိုင်းတွင် အသုံးပြုမည့် အမျိုးသမီးများကို အရှက်ရစေခြင်း၊ လူမှုရေးအပြစ်ဒဏ်ပေးခြင်း ကဲ့သို့သော မလိုလားအပ်သော အကျိုးဆက်များကိုပါ အပြည့်အဝ ထည့်သွင်းစဉ်းစားသင့်သည်။ ရှင်သန်လွတ်မြောက်သူများ၏ မျက်နှာများကို ပေါ်လွင်စေရန် တိုက်ရိုက် ရိုက်ကူးခြင်း မပြုသင့်ပါ။

# Tools and Resources


Gender-based Violence Information Management System (GBVIMS) Steering Committee(2016). *Data Protection Protocol.* http://www.gbvims.com/?s=data+protection+protocol .

___________ (2012). *Guidance Note: GBVIMS Do's and Don'ts.* http://www.gbvims.com/wp/wp-content/uploads/GBVIMS-Guidance-Note-Dos-and-Donts-Final.pdf.

___________(2010c). *Information Sharing Protocol Template.* http://www.gbvims.com/gbvims-tools/isp/.

___________(2010d). *Intake and Consent Forms.* http://www.gbvims.com/gbvims-tools/intake-form/.

Global Protection Cluster (2013). *Media Guidelines for Reporting on Gender-Based Violence in Humanitarian Contexts.* Available from: https://reliefweb.int/sites/reliefweb.int/files/resources/GBV-Media-Guidelines-25July2013.pdf.

United Nations Population Fund (UNFPA) (2016). *Reporting on Gender-Based Violence in the Syria Crisis: A Journalist's Handbook.* https://www.unfpa.org/sites/default/files/resource-pdf/UNFPA%20Journalsits%27s%20Handbook%20Small%5B6%5D.pdf.

World Health Organization (WHO) (2007). *Ethical and Safety Recommendations for Researching, Documenting and Monitoring Sexual Violence in Emergencies.* Geneva. https://www.who.int/gender/documents/OMS_Ethics&Safety10Aug07.pdf.

စံနှုန်း ၁၅

# ကျား၊မ အခြေပြုအကြမ်းဖက်မှု ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း

## ညှိနှိုင်းဆောင်ရွက်မှုသည် GBV ဆိုင်ရာ အန္တရာယ်များကို လျော့ပါးသက်သာစေရန် တားဆီးကာကွယ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် အချိန်နှင့်တစ်ပြေးညီ ခိုင်မာသော လုပ်ဆောင်ချက်ကို ဖြစ်ပေါ်စေသည်။

ကောင်းမွန်သောညှိနှိုင်းဆောင်ရွက်မှုသည် အဓိက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအကြား GBV ဆိုင်ရာ ပြဿနာများ အတွက် နားလည်မှုကို မြှင့်တင်ပေးသည်၊ GBV အနိမ့်ဆုံးစံနှုန်းများကို ပံ့ပိုးပေးသည်၊ GBV လမ်းညွှန်သဘောတရားများအတိုင်းလိုက်နာဆောင်ရွက်စေရန်စောင့်ကြပ်ကြည့်ရှုသည်၊သတင်းအချက်အလက်မျှဝေခြင်းနှင့်အကောင်းဆုံးအလေ့အကျင့်များကို လွယ်ကူချောမွေ့စေပြီး၊ GBV တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတွင် အချိန်နှင့် တပြေးညီဖြစ်မှုကို မြှင့်တင်ပေးပါသည်။[၃၇၅] အရေးပေါ်အခြေအနေများတွင်အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက်အကာအကွယ်ပေးခြင်းနှင့်ဘေးကင်းလုံခြုံမှုရရှိရန် စုပေါင်းဆောင်ရွက်မှုရှိပြီး၊ ရေရှည်တည်တံ့သည့် စဉ်ဆက်မပြတ် လုပ်ဆောင်ချက်ဖြင့်သာ အောင်မြင် နိုင်သည်။ [၃၇၆] အဘယ်ကြောင့်ဆိုသော် ကဏ္ဍပေါင်းစုံနှင့် အဖွဲ့အစည်းပေါင်းစုံ မှ အတူတကွလုပ်ဆောင်၍စုစည်းထားသည့်တားဆီးကာကွယ်ရေး၊ တုံ့ပြန်ရေးနှင့် အန္တရာယ်လျော့ပါးရေး ဗျူဟာများ ကို ဖန်တီး အကောင်အထည်ဖော်မှသာ GBV ကိုအကောင်းဆုံးကိုင်တွယ်ဖြေရှင်းနိုင်သောကြောင့် ဖြစ်ပါသည်။[၃၇၇]

**GBV ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များ**

အချို့သောအခြေအနေများတွင်၊ တရားဝင် "အစုအဖွဲ့ (cluster)" စနစ်များသည် အသက်ဝင်ပါသည်။ တရားဝင်အသက်ဝင်သော အစုအဖွဲ့သည်အစုအဖွဲ့ခေါင်းဆောင်အေဂျင်စီ၊နိုင်ငံအာဏာပိုင်များနှင့်ထိခိုက်ခံစားရသူများမှတဆင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (humanitarian coordinator) ထံ တာဝန်ခံထားသည်။ အစုအဖွဲ့များသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှု၏ အဓိကကဏ္ဍတစ်ခုစီတွင် လုပ်ဆောင်နေကြသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ အုပ်စုများဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရှိနေသည့်နေရာများတွင်ပင် ၎င်းတို့ကို **"**လုပ်ငန်းအဖွဲ့များ (working groups)**"** ဟု ရည်ညွှန်းနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် IASCသည် နိုင်ငံအဆင့် the IASC Reference Module for Cluster Coordination ကို ထုတ်ပြန်ခဲ့ပြီး အစုအဖွဲ့တစ်ခုမှ တုံ့ပြန်မှုကို ထိရောက်စေရန် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများနှင့် အခန်းကဏ္ဍများကို ရှင်းပြခဲ့ပါသည်။

အစုအဖွဲ့စနစ် အတွင်းရှိ တရားဝင်ညှိနှိုင်းဆောင်ရွက်ရေးယန္တရားများသည် အရေးကြီးပြီး၊ အစီအစဉ်များရေးဆွဲရာတွင် ကွာဟချက်များအား သိရှိနား လည်ရန် ညှိနှိုင်းဆောင်ရွက်မှုများ၊ အကဲဖြတ်စစ်ဆေးမှုများ၊ လုပ်ဆောင်မှုများနှင့် တုံ့ပြန်မှုအစီအစဉ်များကို ၎င်းတို့အား အသိ ပေးထားသင့်သည်။ အချို့သောကိစ္စများတွင်၊ အစုအဖွဲ့ချဉ်းကပ်မှုသည် နိုင်ငံ သို့မဟုတ် နိုင်ငံတကာ ညှိနှိုင်းဆောင်ရွက်မှု ပုံစံများနှင့် အတူယှဉ်တွဲတည်ရှိနိုင်ပြီး ၎င်း၏အသုံးချမှုသည် နိုင်ငံတစ်နိုင်ငံနှင့် အခြေအနေအပေါ်မူတည်၍ သီးခြား လိုအပ်ချက် များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ဒုက္ခသည်ဆိုင်ရာအခြေအနေများတွင် UNHCR သည် ၎င်း၏ဒုက္ခသည်ဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးပုံစံကိုအခြေခံ၍ ကဏ္ဍများနှင့် အလုပ်အဖွဲ့များအတွင်း ပေါင်းစပ်ညှိနှိုင်းမှုနှင့် ခေါင်းဆောင်မှုကို ပံ့ပိုးပေးပါသည်။ အခြေအနေနှင့် စွမ်းဆောင်ရည်ပေါ် မူတည်၍ အခြားအေဂျင်စီများသည် UNHCR နှင့် ညှိနှိုင်းဆောင်ရွက်၍ GBV ဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲကို ပူးတွဲဦးဆောင်နိုင်သည် (UNHCR ၏ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် နောက်ထပ်အချက်အလက်များအတွက် အောက်တွင် ကြည့်ပါ)။

Source: IASC Sub-working Group on the Cluster Approach and the Global Cluster Coordinators' Group 2015, p. 4.

| အဓိကလုပ်ဆောင်ချက်များ ကျား၊မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း | ကြိုတင်ပြင်ဆင်ရေး | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| **GBV အစုအဖွဲ့ခွဲ/ကဏ္ဍ ဦးဆောင်ညှိနှိုင်းရေး အေဂျင်စီ** | | | |
| ၇၂ နာရီအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစနစ်တစ်ခုလုံး အတိုင်းအတာဖြင့် စတင်ဖြန့်ကျက်လုပ်ဆောင်အသက်ဝင်စေပြီး၊ GBV ညှိနှိုင်းရေးမှူးကို ခန့်ထားရန်။ | ✔ | ✔ | |
| GBV ညှိနှိုင်းဆောင်ရွက်ရေးယန္တရားများကို ပူးတွဲဦးဆောင်ရန်အတွက် သင့်လျော်သော GBV-အထူးပြု သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့်အစီအစဉ်ဆိုင်ရာကျွမ်းကျင်မှုရှိသည့် သီးခြား GBV ညှိနှိုင်းရေးမှူး များကို စုဆောင်းပံ့ပိုးပါ။ | ✔ | ✔ | |
| **GBV အစုအဖွဲ့ခွဲ/ကဏ္ဍ အဖွဲ့ဝင်များနှင့်အတူ GBV အစုခွဲ/ကဏ္ဍ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့** | | | |
| GBV ကိုကိုင်တွယ်ဖြေရှင်းသည့် ဝန်ဆောင်မှုပေးသည့်အေဂျင်စီများနှင့် အခြားအဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ရန် လတ်တလောရှိနေသော သက်ဆိုင်သူများ၊ ကွန်ရက်များ၊ အဖွဲ့များနှင့် အဖွဲ့အစည်းများကို စာရင်းပြုစုပါ။ အရေးပေါ် GBV ညှိနှိုင်းဆောင်ရွက်ရေး ယန္တရားအသစ်ထူထောင်ခြင်း၊ သို့မဟုတ် လက်ရှိတွင် ရှိနှင့်ပြီးသော ယန္တရားကိုပံ့ပိုးပေးခြင်းတို့အတွက် ဤအဖွဲ့အစည်းများနှင့် တိုင်ပင်ပါ။ | ✔ | ✔ | |
| ရှင်းလင်းသော အစုခွဲ/ကဏ္ဍအလိုက် လိုက်နာကိုးကားရမည့် လုပ်ဆောင်ချက်များ (Terms of reference) ကို ပြုစုပြီးထောက်ခံအတည်ပြုကာ ၎င်းကို နှစ်စဉ် ပြန်လည်သုံးသပ်ပြီး လိုအပ်သလိုပြင်ဆင်ပါ။ | ✔ | ✔ | ✔ |
| ဒေသနှင့် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအပါအဝင် မတူညီကွဲပြားသော GBV လုပ်ငန်းဆောင်ရွက်နေသူများ၏ အဓိပ္ပာယ်ပြည့်ဝသော ပူးပေါင်းပါဝင်မှုကို ပံ့ပိုးရန်အတွက် GBV ညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးများကို လက်လှမ်းမီနိုင်ပြီး တာဝန်ခံမှု/တာဝန်ယူမှုပုံစံဖြင့် ကူညီဆောင်ရွက်ပေးပါ။ | ✔ | ✔ | ✔ |
| ဝန်ဆောင်မှုများ လွှမ်းခြုံမှု သေချာစွာရရှိစေရန်နှင့် ဝန်ဆောင်မှုပေးအပ်ရာတွင် လုပ်ဆောင်ချက်ထပ်နေခြင်းကို ရှောင်ရှားရန် အတွက်၊ မည်သည့် GBV တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုကို မည်သည့်အဖွဲ့က မည်သည့်နေရာတွင် ပေးအပ်နိုင်သည်ကို အစုအဖွဲ့ခွဲ/ကဏ္ဍမှ အဖွဲ့ဝင်များအားလုံး သိရှိရန် သေချာပါစေ။ .(ဥပမာ မည်သူ၊မည်သည့် နေရာ၊မည်သည် ဆိုသည့် (3/4 W matrix) များတွင် ပြည့်ပြည့်စုံစုံဖြည့်ခြင်း၊) | ✔ | ✔ | ✔ |
| နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီပြီး PSEA မှ အကြမ်းဖက်ခံရသူများ အတွက်အကူအညီပေးရေး လုပ်ငန်း လမ်းညွှန်များပါဝင်သော GBV ဆိုင်ရာစံလုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများပေါ်ပေါက်ရန် ဦးဆောင်ပြီး အနည်းဆုံးခြောက်လတစ်ကြိမ် လိုအပ်သလိုပြန်လည်ပြင်ဆင်ပါ။[၁၇၈] | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများနှင့် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့များထံ ဝန်ဆောင်မှုများ လက်လှမ်းမီမှုကို မြှင့်တင်ရန် လွှဲပြောင်းညွှန်းပို့သည့်လမ်းကြောင်းကို ထူထောင်ပြီး ပုံမှန်မွမ်းမံပြင်ဆင်ပါ (စံနှုန်း ၇ -လွှဲပြောင်းညွှန်းပို့သည့်စနစ်များကို ကြည့်ပါ)။ | ✔ | ✔ | ✔ |
| ပုံမှန်မွမ်းမံပြောင်းလဲထားသော အချက်အလက်များ (3/4W ဒက်ရှ်ဘုတ်များ၊ အကျဉ်းချုပ်မှတ်စုများ စသည်) ကို တည်ထောင် ထုတ်လုပ်ပြီး အစုအဖွဲ့ခွဲအတွင်း ဖြန့်ဝေနိုင်သည့်နည်းလမ်း/ပလပ်ဖောင်း (ဥပမာ၊ www.humanitarianresponse.info) ကို ထိန်းသိမ်းပါ။ | ✔ | ✔ | ✔ |
| GBV သီးသန့်နှင့် ကဏ္ဍပေါင်းစုံ အကဲဖြတ်မှုများနှင့် ခွဲခြမ်းစိတ်ဖြာမှုများကို ဦးဆောင်ခြင်း၊ ပံ့ပိုး ကူညီခြင်း နှင့်/သို့မဟုတ် ဖြန့်ဝေမှုလုပ်ဆောင်ပါ။ အခြားလိုအပ်ချက် အကဲဖြတ်မှု ယန္တရားများတွင် GBVအတွက် ပြန်လည်သုံးသပ်ခြင်း၊ ပံ့ပိုးပေးခြင်းနှင့် ထည့်သွင်းစဉ်းစားခြင်း ရှိစေရန်ဆောင်ရွက်ပါ။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ ခြုံငုံသုံးသပ်ချက် (HNO) သို့မဟုတ် ဒုက္ခသည်များအတွက် လိုအပ်ချက်များအကဲဖြတ်မှု (Refugee Needs assessment)၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် (HRP) သို့မဟုတ် ဒုက္ခသည်ဆိုင်ရာတုံ့ပြန်မှုအစီအစဉ် (Refugee Response Plan) နှင့် အခြားအစီအစဉ်နှင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ကြိုးပမ်းမှုများတွင် GBV ဆိုင်ရာ အခြေအနေကို အထောက်အထား ခိုင်လုံသည့် အခြေခံလိုအပ်ချက်ခွဲခြမ်းစိတ်ဖြာမှုဖြင့် ပံ့ပိုး အသိပေးပါ။[၁၇၉] | ✔ | ✔ | ✔ |
| GBV အစုအဖွဲ့ခွဲ/ကဏ္ဍဆိုင်ရာ ဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲမှုကို ဦးဆောင်ပါ။ | ✔ | ✔ | ✔ |
| ရန်ပုံငွေဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တုံ့ပြန်မှုအစီအစဉ်များကို အကောင်အထည်ဖော်နိုင်စေရန် ရန်ပုံငွေရှာဖွေပါ။ | ✔ | ✔ | ✔ |
| GBV အစုအဖွဲ့ခွဲ/လုပ်ငန်းအဖွဲ့၏ လုပ်ဆောင်မှု၊ စွမ်းဆောင်ရည်နှင့် GBV ရှင်သန်လွတ်မြောက်သူများ အထူးသဖြင့် မိန်းကလေးများနှင့် အမျိုးသမီးများအတွက် တာဝန်ခံမှု ကို အကဲဖြတ်သည့် စောင့်ကြည့်လေ့လာရေးအစီအမံများ ချမှတ်ပါ။ | ✔ | ✔ | ✔ |
| လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုစီမံချက်အညွှန်းကိန်းများအတိုင်း တိုင်းတာရန်နှင့် အစီရင်ခံရန် GBV ဆိုင်ရာတုံ့ပြန်မှုကို ပုံမှန်နှင့်စနစ်တကျစောင့်ကြည့်လေ့လာခြင်းကို တည်ထောင်ပါ။ ဥပမာ၊ 3/4W အစီရင်ခံခြင်း၊ ဒက်ရှ်ဘုတ်။ | ✔ | ✔ | ✔ |
| လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ GBV တုံ့ပြန်မှုအတွက် အရေးပေါ်အစီအစဉ်ကို ရေးဆွဲပါ။ | ✔ | | |
| GBV အစုအဖွဲ့ခွဲများ၏ ညှိနှိုင်းဆောင်ရွက်မှုကို အစိုးရခေါင်းဆောင်မှုနှင့် အမျိုးသမီးများ ဦးဆောင်သော အဖွဲ့အစည်းများသို့ သင့်လျော်သည့်အချိန်တွင် ကူးပြောင်း/လွှဲပြောင်းပေးနိုင်ရန် ဦးဆောင်ပါ။ | | ✔ | ✔ |
| အဓိကအချက်အလက်များနှင့် မက်ဆေ့ချ်များကို ပံ့ပိုးဖြန့်ဝေပေးရန်နှင့် GBV အစုအဖွဲ့ခွဲ/ကဏ္ဍများကိုယ်စား စည်းရုံးလှုံ့ဆော်မှုကို ဆောင်ရွက်ရန် ကာကွယ်ရေးဆိုင်ရာအစုအဖွဲ့/ကဏ္ဍနှင့် အခြားသက်ဆိုင်သည့် အစုအဖွဲ့/ကဏ္ဍ/အလုပ်အဖွဲ့များ (နှင့် အခြားအဖွဲ့များ လိုအပ်သလို) တွင် ပါဝင်ပါ။ | ✔ | ✔ | ✔ |

| အဓိကလုပ်ဆောင်ချက်များ — ကျား၊မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း(မှအဆက်) | ကြိုတင်ပြင်ဆင်ရေး | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| အခြားသော ကဏ္ဍများ/လုပ်ငန်းအဖွဲ့များနှင့် ချိတ်ဆက်မှုများကို ထူထောင်ပါ။ ဥပမာ- အကာအကွယ်ပေးရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု စသည်။ | ✔ | ✔ | ✔ |
| PSEA အတွက် ရပ်ရွာအခြေပြုတိုင်ကြားမှုယန္တရားများကို လက်ရှိ GBV ဆိုင်ရာ လွှဲပြောင်းညွှန်းပို့သည့် စနစ်များသို့ ပေါင်းစည်းရန် မြေပုံနှင့်ဒီဇိုင်းစနစ်များအတွက် PSEA ကွန်ရက်အား ပံ့ပိုးကူညီပါ။ | ✔ | ✔ | ✔ |
| GBV ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေး အစီအစဥ်များအတွက် IASC GBV ၏လမ်းညွှန်ချက်များအပါအဝင် နိုင်ငံတကာစံနှုန်းများအတိုင်း လိုက်နာကျင့်သုံးမှုကို မြှင့်တင်ပါ။ | ✔ | ✔ | ✔ |
| **GBV အစုအဖွဲ့ခွဲ/ကဏ္ဍ အဖွဲ့ဝင်များ** | | | |
| အမျိုးသမီးများ၊ မိန်းကလေးငယ်များ အား လွှဲပြောင်းညွှန်းပို့သည့်လမ်းကြောင်းရှိ ဝင်ရောက်နိုင်သော နေရာများနှင့်ပတ်သက်၍ ၎င်းတို့၏နားလည်မှုကို စောင့်ကြည့်လေ့လာရန်နှင့် မလိုလားအပ်သောအကျိုးဆက်များ (ဥပမာ - လျှို့ဝှက်ထိန်းသိမ်းမှု၊ ဘေးကင်းလုံခြုံမှု၊ လေးစားမှုနှင့် ခွဲခြားမှုမရှိမှု စသည့် GBV လမ်းညွှန်သဘောတရားများ ချိုးဖောက်မှုများကို) ကို စောင့်ကြည့်ရန် ၎င်းတို့ နှင့် အတူ ပုံမှန်အတူတကွလုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| အေဂျင်စီများကြား၊ ကဏ္ဍပေါင်းစုံ GBV ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ပါ။ | ✔ | ✔ | ✔ |
| ရှင်သန်လွတ်မြောက်သူများအတွက် ဝန်ဆောင်မှုများသို့ လက်လှမ်းမီဝင်ရောက်နိုင်မှုကို မြှင့်တင်ရန် လွှဲပြောင်းညွှန်းပို့ရေးလမ်းကြောင်း၏ လုပ်ဆောင်မှုကို ပံ့ပိုးပါ။ | ✔ | ✔ | ✔ |
| အစီရင်ခံတင်ပြထားသော GBV ဖြစ်ရပ်ဒေတာကို ဘေးကင်းပြီး ကျင့်ဝတ်နှင့်အညီ စီမံခန့်ခွဲမှုအတွက် စနစ်တစ်ခုတည်ထောင်ခြင်းနှင့် ၎င်းအတွက် ပါဝင်ဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| GBV ကို ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ရေးတွင် ဒေသခံအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များနှင့် အစိုးရတို့အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများအား GBV လမ်းညွှန်သဘောတရားများပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ပံ့ပိုးပေးခြင်းဖြင့် GBV ကို လူသားချင်းစာနာထောက်ထားမှု၏တုံ့ပြန်ရေးတွင် အသိပညာများတည်ဆောက်သည့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီပါ။ | ✔ | ✔ | ✔ |
| အကြောင်းအရာ၊နေရာဒေသအလိုက် GBV အန္တရာယ်များဆိုင်ရာ အချက်အလက်များကို ပုံမှန်မွမ်းမံပြီး မျှဝေကာ ဝန်ဆောင်မှုဆိုင်ရာလွှမ်းခြုံမှုနှင့် ဦးစားပေးလုပ်ငန်းများကိုGBV ညှိနှိုင်းဆောင်ရွက်ရေးယန္တရားတွင် ပုံမှန်အစီရင်ခံပါ။ | ✔ | ✔ | ✔ |
| IASC GBV လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် ဘေးအန္တရာယ် လျှော့ပါးစေရေး လုပ်ဆောင်ချက်ဆိုင်ရာ အချက်အလက်များကို အခြားအစုအဖွဲ့များနှင့် ကဏ္ဍများကို ပံ့ပိုးပေးပါ။ | ✔ | ✔ | ✔ |

GBV ညှိနှိုင်းဆောင်ရွက်မှု၏ အဓိကပန်းတိုင်များမှာ-

- ရှင်သန်လွတ်မြောက်သူများအတွက် လက်လှမ်းမီနိုင်သော၊ ဘေးကင်းသော၊ အရည်အသွေးရှိသော ဝန်ဆောင်မှုများကို ဦးစားပေးလုပ်ဆောင်ပြီး ရရှိနိုင်စေရန် ဗျူဟာမြောက်အစီအမံဖြင့် သေချာစေရန်။
- IASC GBV ၏ လမ်းညွှန်ချက်များနှင့်အညီ ကဏ္ဍများနှင့် အဖွဲ့အစည်းများအား GBV ကာကွယ်တားဆီးရေး၌ သင့်လျော်သော အာရုံစိုက်လုပ်ဆောင်မှုကိုကို မြှင့်တင်ရန်။ နှင့်
- GBV အထူးပြု အစီအစဉ်ကို ပံ့ပိုးရန် လုံလောက်သော ရန်ပုံငွေကို ထားရှိမှုကို ထိန်းသိမ်းရန်။

ညှိနှိုင်းဆောင်ရွက်ရေးစနစ်များသည် ကြားဝင်ဆောင်ရွက်ပေးမှုများနှင့် မဟာဗျူဟာများကို စီစဉ်ခြင်း၊ သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း၊ အရင်းအမြစ်များကို ဖြန့်ဝေခြင်း၊ တာဝန်ခံမှုတာဝန်ယူမှုကို လိုက်နာခြင်း၊ လိုအပ်ချက်များကို ဖြည့်တင်းခြင်းနှင့် ထပ်တူလုပ်ဆောင်နေမှုများကို ရှောင်ရှားခြင်း တို့အတွက်ကူညီပေးပါသည်။[၃၀] ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်စီမံချက် ရေးဆွဲခြင်းတို့တွင်အစိုးရများကိုပံ့ပိုးကူညီခြင်းဖြင့်စွမ်းဆောင်ရည်ကွာဟချက်များကိုကိုင်တွယ်ဖြေရှင်းမှုတွင်လည်းညှိနှိုင်းဆောင်ရွက်ရေးသည် အရေးကြီးပါသည်။ အစိုးရများသည် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ အပါအဝင် ၎င်းတို့၏ နိုင်ငံသားများ၏ ကျန်းမာပျော်ရွှင်ခြင်းရရှိရေးကို အဓိကတာဝန်ယူထားသောကြောင့် ညှိနှိုင်းဆောင်ရွက်ရေးစနစ်များသည် နိုင်ငံတော် အာဏာပိုင် များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။[၃၁] ဤစနစ်များသည် အရေးကြီးသော ပြဿနာများကို ဖော်ထုတ်ရန် အတွက်လည်းနေရာပေးထားသည်။ ဥပမာအားဖြင့်၊ အကယ်၍ အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်များကို မတုံ့ပြန်ပါက၊ အကယ်၍ နေရာဒေသ ပေါ်မူတည်၍ လွှမ်းခြုံမှု မလုံလောက်ပါက၊ သို့မဟုတ် အကယ်၍ဖြည့်ဆည်းရန်လိုအပ်သော ဝန်ဆောင်မှုများ သို့မဟုတ် အခြားသော ကွာဟချက်များ ရှိနေခြင်းတို့ဖြစ်သည်။[၃၂]

GBV ညှိနှိုင်းဆောင်ရွက်မှုသည် တရားဝင်မှ အလွတ်သဘော၊ မြို့နယ်၊ခရိုင် မှ ပြည်နယ်၊တိုင်းဒေသ နှင့် နိုင်ငံ မှ နိုင်ငံတကာအထိ အဆင့်တိုင်းတွင် ဖြစ်နိုင်သည်။ တရားဝင်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များမရှိသည့်တိုင် “ညှိနှိုင်းဆောင်ရွက်မှု” ကိုယ်တိုင်က ဖြစ်ပေါ်လာနိုင်ဆဲဖြစ်သည် – တူညီသောဧရိယာရှိအဖွဲ့အစည်းများ သို့မဟုတ် အေဂျင်စီများ အချင်းချင်း နှစ်ဦးနှစ်ဖက် တွေ့ဆုံနိုင်သည် သို့မဟုတ် အစည်းအဝေးများခေါ်ယူနိုင်သည်။ GBV မှ ရှင်သန်လွတ်မြောက်သူများအား ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုပေးမှုနှင့် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားမှုမှ ရှင်သန်လွတ်မြောက်သူ ဆယ်ကျော်သက်မိန်းကလေးနှင့် ယောကျ်ားလေးများအား ပူးပေါင်းပံ့ပိုးမှု သေချာစေရန် ကျန်းမာရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများ နှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးပါသည် (စံနှုန်း ၆ - ဖြစ်ရပ်စီမံခန့်ခွဲမှု ကိုကြည့်ပါ)။

ထိရောက်ပြီး အကျိုးရှိသောညှိနှိုင်းဆောင်ရွက်ရေးဖိုရမ်တစ်ခုသည်GBVဆိုင်ရာလုပ်ငန်းလုပ်ဆောင်နေသောအဖွဲ့အစည်းများအားလုံးကြားတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုနှင့် ကတိကဝတ်များ လိုအပ်ပါသည်။ အထက်ဖော်ပြပါ အဓိကလုပ်ဆောင်ချက် အများစုသည် သီးခြားအခြေအနေတစ်ခုတွင် တက်ကြွစွာလှုပ်ရှားနေသော အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များကို အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ အချို့သောအဓိက လုပ်ဆောင်ချက်များသည် GBV ညှိနှိုင်းဆောင်ရွက်ရေးခေါင်းဆောင်(များ) – ညှိနှိုင်းဆောင်ရွက်မှုတာဝန်ကို ဦးဆောင်ရန် သဘောတူထားသည့် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာနများနှင့်အထူးသက်ဆိုင်သည်။ဤသို့သောခြားနားချက်သည်တာဝန်ခံမှု/တာဝန်ယူမှုအတွက်ရှင်းလင်းပြတ်သားမှုကို မြှင့်တင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

### အညွှန်းကိန်းများ

- ကဏ္ဍပေါင်းစုံအကဲဖြတ်မှုအားလုံးတွင် GBV ဝန်ဆောင်မှုပေးခြင်းနှင့်သက်ဆိုင်သည့်မေးခွန်းများ (ဥပမာ၊ လက်ရှိရပ်ရွာလူထု၏ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များကို နားလည်ခြင်း၊ ဝန်ဆောင်မှုပေးရာတွင် ကွာဟချက်များ၊ တည်နေရာနှင့် ဝန်ဆောင်မှုအမျိုးအစားများအတွက် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဦးစားပေးနှစ်သက်မှုများ) ပါဝင်ရမည်ဖြစ်ပြီး၊ တပြိုင်နက်တည်းတွင်GBVဖြစ်ရပ်များသို့မဟုတ်ဖြစ်ပွါးမှုဆိုင်ရာ မေးခွန်းများကို ရှောင်ရှားထားရပါမည်။
- လွှဲပြောင်းညွှန်းပို့သည့်စနစ်ရှိထားပြီး ပုံမှန်မွမ်းမံပြင်ဆင်ကာ ဝန်ဆောင်မှုဆိုင်ရာမြေပုံဆွဲခြင်း (service mapping) နှင့် GBV လုပ်ထုံးလုပ်နည်းများ (GBV SOPs) များကို တည်ထောင်ထားသည်။
- GBV အစုအဖွဲ့ခွဲ/ကဏ္ဍခွဲ တို့အတွက် ဗျူဟာ ရေးဆွဲထားပြီး လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ရန် ထားရှိသည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှုအစီအစဉ်များနှင့် ဒုက္ခသည်များဆိုင်ရာ တုံ့ပြန်မှု အစီအစဉ်များအားလုံးတွင် (၁) GBV အန္တရာယ်လျော့ပါးသက်သာစေရေး၊ (၂)တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများအပါအဝင် GBV-အထူးပြု အစီအစဉ်ရေးဆွဲခြင်းနှင့် (၃) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ပေးခြင်း တို့ပါဝင်သည်။[၃၈၃၊၃၈၄]

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ GBV ကဏ္ဍ/အစုအဖွဲ့ခွဲ၏ အဓိကလုပ်ဆောင်ချက်များ

GBV အစုအဖွဲ့ခွဲ/ကဏ္ဍ သို့မဟုတ် အလုပ်အဖွဲ့၏ အဓိက လုပ်ဆောင်ချက် ၆ ခုမှာ-

**၁။ ဝန်ဆောင်မှုပေးပို့မှုကို ပံ့ပိုးရန်-**

- လူသားချင်းစာနာထောက်ထားမှု/ဒုက္ခသည်များ ဆိုင်ရာ တုံ့ပြန်မှုအစီအစဉ် နှင့် ဗျူဟာမြောက်ဦးစားပေးမှုများအတိုင်း ဝန်ဆောင်မှု ပေးအပ်နိုင်သည့် ပလက်ဖောင်းတစ်ခု ပံ့ပိုးပေးခြင်း။
- ဝန်ဆောင်မှုများ ထပ်နေခြင်းကို ရှောင်ရှားရန် ယန္တရားများကို ဖော်ဆောင်ခြင်း။

**၂။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး/ နိုင်ငံတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့/ဒုက္ခသည်ဆိုင်ရာ ညှိနှိုင်းရေးမှူး၏ မဟာဗျူဟာဆုံးဖြတ်ချက်ချမှတ်ခြင်းအား အသိပေးရန်-**

- ဦးစားပေးသတ်မှတ်ရန်အတွက် လိုအပ်ချက်များကို အကဲဖြတ်ခြင်းနှင့် ကွာဟချက်များကို ခွဲခြမ်းစိတ်ဖြာခြင်းတို့အတွက်ပြင်ဆင်ခြင်း။
- (ပေါ်ပေါက်လာသော) ကွာဟချက်များ၊ အတားအဆီးများ၊ ထပ်နေသော လုပ်ဆောင်ချက်များနှင့် နယ်ပယ်တိုင်းနှင့် ဆက်စပ်သည့် (cross-cutting) ပြဿနာများအတွက် အဖြေများ ရှာဖွေဖော်ထုတ်ခြင်း။
- ခွဲခြမ်းစိတ်ဖြာမှုအပေါ် အခြေခံ၍ ဦးစားပေးလုပ်ငန်းများ ရေးဆွဲခြင်း။

**၃။ အစုအဖွဲ့ခွဲ/ကဏ္ဍအလိုက် မဟာဗျူဟာကို စီစဥ်အကောင်အထည်ဖော်ရန်-**

- တုံ့ပြန်မှုဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်များအားလုံးကို အကောင်အထည်ဖော်ဆောင်ရန် တိုက်ရိုက်ပံ့ပိုးပေးသည့် GBV ကဏ္ဍဆိုင်ရာ အစီအစဉ်၊ ရည်မှန်းချက်များနှင့် အညွှန်းကိန်းများကို ရေးဆွဲခြင်း။
- တူညီသောစံနှုန်းများနှင့် လမ်းညွှန်ချက်များကို အသုံးချ လိုက်နာကျင့်သုံးခြင်း။
- ရန်ပုံငွေဆိုင်ရာ လိုအပ်ချက်များကိုရှင်းလင်းပေးခြင်း၊ ဦးစားပေးသတ်မှတ်ရာတွင်ကူညီခြင်းနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး/ နိုင်ငံတွင်းလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့/ ဒုက္ခသည်ဆိုင်ရာညှိနှိုင်းရေးမှူး ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စုပေါင်း ရန်ပုံငွေအဆိုပြုချက်များအတွက် အစုအဖွဲ့ခွဲ/ကဏ္ဍခွဲမှ ပံ့ပိုးမှုများအပေါ် သဘောတူညီချက်များချမှတ်ပေးခြင်း။

**၄။ လုပ်ငန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်လေ့လာအကဲဖြတ်ရန်-**

- လှုပ်ရှားမှုများနှင့် လိုအပ်ချက်များအပေါ် စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း။
- အစုအဖွဲ့ခွဲ/ကဏ္ဍများ၏ မဟာဗျူဟာနှင့် သဘောတူညီထားသည့် ရလဒ်များ၏ တိုးတက်မှုကို တိုင်းတာခြင်း။
- လိုအပ်ပါက မှန်ကန်သောပြင်ဆင်လုပ်ဆောင်ချက်ကို အကြံပြုခြင်း။

**၅။ ကြိုတင်ပြင်ဆင်မှုနှင့် အရေးပေါ်စီမံချက်ရေးဆွဲရာတွင် ဗဟိုအဆင့်စွမ်းဆောင်ရည် တည်ဆောက်ရန်။**

**၆။ ခိုင်မာသော စည်းရုံးလှုံ့ဆော်မှုကို ပံ့ပိုးရန်-**

- စိုးရိမ်ပူပန် မှုများကိုဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး(Humanitarian Coordinator) နှင့် နိုင်ငံတွင်းလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့(Humanitarian Country Team) ၏ သတင်းအချက်အလက်နှင့် လုပ်ဆောင်မှုများအတွက် အဓိကသတင်းအချက်အလက်များနှင့် သတင်းစကားများကို ပံ့ပိုးပေးခြင်း။
- အစုအဖွဲ့/ကဏ္ဍ၊ အစုအဖွဲ့/ကဏ္ဍ၏အဖွဲ့ဝင်များနှင့် ထိခိုက်ခံစားရသူများကိုယ်စား စည်းရုံးလှုံ့ဆော်ပေးခြင်း။[၂၈၇]

ဒုက္ခသည်ဆိုင်ရာအခြေအနေဒေသများတွင်၊ အထက်ဖော်ပြပါ ပင်မလုပ်ဆောင်ချက်များကို GBV အစုအဖွဲ့ခွဲ/ကဏ္ဍ အလုပ်အဖွဲ့သည် ဒုက္ခသည်များအား အကာအကွယ်ပေးရေး ဆိုင်ရာ အလုပ်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်၍ အသုံးချနိုင်သည်။

**နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ ဒုက္ခသည်များ၊ နိုင်ငံမဲ့သူများနှင့် နေရပ်သို့ပြန်လည်ရောက်ရှိလာသူများကို အကာအကွယ် ပေးခြင်း**

UNHCR သည် ဒုက္ခသည်များအတွက် နိုင်ငံတကာမှ အကာအကွယ်ပေးရေးနှင့် ရေရှည်ဖြစ်သော နေရပ်ဆိုင်ရာ ဖြေရှင်းချက်များကို ရှာဖွေခြင်းအတွက် တာဝန်ယူပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ အဆိုပါကိစ္စရပ်များအတွက် နိုင်ငံတကာအရေးယူဆောင်ရွက်မှုများကို ဦးဆောင်နှင့် ညှိနှိုင်းဆောင်ရွက်ရန် လုပ်ဆောင်လျက်ရှိသည်။ UNHCR သည် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ ဒုက္ခသည်များနှင့် နေရပ်သို့ပြန်လည်ရောက်ရှိလာသူများကို အကာအကွယ်ပေးရမည့် နိုင်ငံများ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်နိုင်ရန် ၎င်းနိုင်ငံများကို ပံ့ပိုးပေးသည်။

UNHCR ၏ အဆိုပါအဖွဲ့များနှင့်ဆိုင်သော လုပ်ပိုင်ခွင့်နှင့် တာဝန်ခံမှုတို့သည် လွှဲပြောင်းမရနိုင်သော်လည်း ၊ ၎င်းသည် အစိုးရများနှင့် ပူးပေါင်းခြင်း၊ အခြားသော အေဂျင်စီများ၊ နိုင်ငံနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်း NGO များနှင့် မိတ်ဖက်ဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိပါသည်။ အကာအကွယ်ပေးမှုသည် လုပ်ဆောင်နေသည့် မည်သည့်တုံ့ပြန်မှုလုပ်ငန်းတွင်မဆို ဦးစားပေးရည်ရွယ်ချက်ဖြစ်သောကြောင့် UNHCR အနေဖြင့် ဒုက္ခသည် ကာကွယ်ရေးဆိုင်ရာ အလုပ်အဖွဲ့ကို ဖွဲ့စည်းပြီး၊ ဖြစ်နိုင်သည့် အချိန်တိုင်းတွင် သက်ဆိုင်ရာ အိမ်ရှင် အစိုးရ အဖွဲ့အစည်းနှင့် အတူ ဦးဆောင်မှု ပြုသည်။

တူညီသော ပထဝီနယ်နိမိတ်ဧရိယာအတွင်းရှိ သက်ဆိုင်သည့်လူဦးရေတွင် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းနေထိုင်သူများပါ ပါဝင်ပါက၊ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (the High Commissioner for Refugees) နှင့် အရေးပေါ် ကယ်ဆယ်ရေး ဆိုင်ရာ ညှိနှိုင်းရေးမှူး (Emergency Relief Coordinator) တို့သည် ကဏ္ဍနှင့် အစုအဖွဲ့၏ စွမ်းဆောင်ရည် အသုံးပြုခြင်းအား ဆုံးဖြတ်မည်ဖြစ်သည်။

Source: UNHCR 2013b.

## ၂။ GBV ရေးရာ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ဝင်

GBV ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတွင် ပါဝင်နိုင်သည့်အဖွဲ့များသတ်မှတ်ထားခြင်းမရှိသော်လည်း နိုင်ငံတကာနှင့် ပြည်တွင်းရှိ NGO များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များ အပါအဝင် အဖွဲ့အစည်းများစွာသည် ဗဟိုအဆင့် (national) နှင့် ပြည်နယ်/ဒေသ အဆင့် (subnational level) များတွင် ပါဝင်ကြပါသည်။ GBV ညှိနှိုင်းဆောင်ရွက်မှုတွင် ပါဝင်ဆောင်ရွက်သူ အားလုံး အနေဖြင့် (၁) ထိခိုက်ခံရသောလူထုအတွင်း GBV ဆိုင်ရာအန္တရာယ်များနှင့် သက်ရောက်မှုများကို သိရှိနားလည်ပြီး ကြိုတင်ခန့်မှန်းနိုင်စေရန်နှင့် ( 2) GBVကို ကိုင်တွယ်ဖြေရှင်းရန် ၎င်းတို့၏တာဝန်ဝတ္တရားများ အကြောင်းကို လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ အသိုက်အဝန်းအား အသိပညာပေးနိုင်ရန် ၎င်းတို့သည် GBV ဆိုင်ရာ လမ်းညွှန်အခြေခံသဘောတရားများနှင့် အရေးပေါ်အခြေအနေများတွင် ဖြစ်ပေါ်သည့် GBV ၏အဓိကပုံစံများနှင့် အကျွမ်းတဝင်ရှိရန် လိုအပ်ပါသည်။[၂၈၆] GBV ဆိုင်ရာ တားဆီး ကာကွယ်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆိုနိုင်မှုသည် GBV ရေးရာ ညှိနှိုင်းဆောင်ရွက်မှု၏ ရှုထောင့်အားလုံးတွင် အရေးကြီးပါသည်။

GBV ညှိနှိုင်းဆောင်ရွက်ရေးတွင် GBV ဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများစွာပါဝင်ရန် အရေးကြီးပါသည်။ **ဒေသခံ အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုနှင့် ပူးပေါင်းပါဝင်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်အတွက်အဓိကကျသောလမ်းညွှန်သဘောတရား**ဖြစ်ပြီး၊၎င်းသည်လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့်အကာအကွယ်သည် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားလူထုအသိုင်းအဝိုင်းဝင်များအတွက် အချိန်နှင့် တပြေးညီ ရှိမရှိ သင့်လျော်ပြီး တာဝန်ခံ/တာဝန်ယူမှုရှိမရှိ ကို အကဲဖြတ်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ဒေသခံအဖွဲ့အစည်းများသည် ဒေသတွင်း အခြေအနေနှင့် ပတ်သက်၍ ပိုမို သိသာထင်ရှားသော ကျွမ်းကျင်မှု ရှိ ရုံသာမက  အမျိုးသမီးများနှင့် မိန်းကလေးများ၏ အသံများနှင့် ရှုထောင့်အမြင်များကို ထင်ဟပ်စေနိုင်သည်။အရေးပေါ်အခြေအနေ၏ ကနဦးအစပိုင်းတွင် ချမှတ်ထားသည့် မည်သည့် ညှိနှိုင်းဆောင်ရွက်ရေးအစီအစဉ်များတွင်မဆို၊ ရှိပြီးသား GBV နှင့်ပတ်သက်သော ကွန်ရက်များနှင့် မိတ်ဖက်အဖွဲ့များ အပေါ်တွင် အခြေခံ၍ လုပ်ဆောင်ရန်နှင့် တည်ဆောက်ရန် အလွန်အရေးကြီးပါသည်။ အခြေအနေအားလုံးတွင် GBV ကို ကိုင်တွယ်ဖြေရှင်းရန်ဖွဲ့စည်းထားသည့် နဂိုရှိပြီးသား အေဂျင်စီအချင်းချင်းညှိနှိုင်းဆောင်ရွက်ရေးဖိုရမ်ကိုGBVဆိုင်ရာအရေးပေါ်တုံ့ပြန်မှုနှင့်ဆက်လက်လုပ်ဆောင်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်မှုများအတွက် အလားအလာရှိသော ယန္တရား တစ်ခုအဖြစ် ယူဆသင့်ပါသည်။

## ၃။ GBV ရေးရာ တာဝန်ယူမှုဧရိယာ (GBV AoR)

ကမ္ဘာလုံးဆိုင်ရာအဆင့်တွင်၊ GBV ညှိနှိုင်းဆောင်ရွက်မှုကို ကမ္ဘာလုံးဆိုင်ရာ အကာအကွယ်ပေးရေး အစုအဖွဲ့ ( Global Protection Cluster) အတွင်း  GBV ရေးရာ တာဝန်ယူမှုဧရိယာ (GBV AoR) မှ ဦးဆောင်ပါသည်။[၂၈၇] GBV AoR သည် ဒေသအဆင့်တွင် ရှင်သန်လွတ်မြောက်သူများအတွက် ကာကွယ်မှု၊ စောင့်ရှောက်မှု၊ ပံ့ပိုးမှုနှင့် ပြန်လည်ထူထောင်ရေး၊ နှင့် ပြစ်မှုကျူးလွန်သူများ၏ တာဝန်ခံမှုတို့ အပါအဝင်၊ GBV အတွက် တသမတ်တည်းဖြစ်ပြီး  ကျယ်ကျယ်ပြန့်ပြန့်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သောချဉ်းကပ်မှုကို မြှင့်တင်ပေးသည့် ထိရောက်ပြီး ပါဝင်မှုရှိသော ကာကွယ်မှုယန္တရားများကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါသည်။ UNFPA သည် IASC မှ ပြဋ္ဌာန်းထားသည့် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အဖွဲ့ဖြစ်သည်။ နိုင်ငံအဆင့်တွင်၊ UNFPA သည် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး NGO သို့မဟုတ် အစိုးရမှ ပူးတွဲဦးဆောင်၍၊ GBV ဆိုင်ရာအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် နှင့် အစီအစဥ်ဆိုင်ရာ ကွာဟချက်များကို ဖြေရှင်းရန် သတင်းအချက်အလက် မျှဝေခြင်းနှင့် ပူးပေါင်းလုပ်ဆောင်မှု လုပ်ငန်းများကို ပံ့ပိုးပေးသည့် အေဂျင်စီများကြားတွင်ရှိသည့်ဖိုရမ် (GBV အစုအဖွဲ့ခွဲ သို့မဟုတ် အလုပ်အဖွဲ့) ကို စီမံခန့်ခွဲပါသည်။ ကုလသမဂ္ဂ ဝန်ထမ်းများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစုအဖွဲ့ခွဲတစ်ခုလုံးကို ညှိနှိုင်းဆောင်ရွက်သော်လည်း၊ အစုအဖွဲ့ ချဉ်းကပ်မှုအောက်ရှိ ညှိနှိုင်းရေးမှူးများသည် ဒေသခံ ပြည်တွင်း NGO များနှင့် အခြားသောလူမှုအရပ်ဘက်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ အပါအဝင် အစုအဖွဲ့၊အဖွဲ့ဝင်အားလုံး၏ စိတ်ပါဝင်စားမှုများကို ကိုယ်စားပြုရန် တာဝန်ရှိပါသည်။ ညှိနှိုင်းရေးမှူးတစ်ဦးသည် GBV တုံ့ပြန်မှုတစ်ခုလုံး၏ ခိုင်မာမှုကို သေချာစေရမည်ဖြစ်ပြီး၊  သူမ သို့မဟုတ် သူ လုပ်ကိုင်နေသည့် အေဂျင်စီတစ်ခုတည်း၏ရှုထောင့်မှ ညှိနှိုင်းဆောင်ရွက်ခြင်းမပြုသင့်ပါ။[၂၈၈]

အချို့သောနေရာဒေသများတွင် အစိုးရအာဏာပိုင်များသည် GBV ညှိနှိုင်းဆောင်ရွက်မှုကို ပူးတွဲဦးဆောင်ပြီး၊ အချို့သောနေရာများတွင် GBV ဆိုင်ရာကျွမ်းကျင်မှုရှိသော နိုင်ငံတကာ NGO သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းများမှ  ပူးတွဲဦးဆောင်ပါသည်။ IASC ၏ ပြောင်းလဲရေးအစီအစဥ် (IASC Transformative Agenda) အောက်တွင်၊ ဖြစ်နိုင်ချေရှိသည့် အမျိုးသမီးများ ဦးဆောင်သောအဖွဲ့အစည်းများအပါအဝင် NGO များမှ အစုအဖွဲ့ခေါင်းဆောင်မှုပြုလုပ်နိုင်ရန်အတွက် အစုအဖွဲ့ခေါင်းဆောင်မှုဆိုင်ရာ ရှင်းရှင်းလင်းလင်း ခွဲဝေသတ်မှတ်ရေးကို ထည့်သွင်းစဉ်းစားဖော်ဆောင်ရန် ဦးဆောင်အေဂျင်စီအား တွန်းအား ပေးထားပါသည်။[၂၈၉] ဒုက္ခသည်ဆိုင်ရာအခြေအနေများတွင် UNHCR သည် ၎င်း၏ဒုက္ခသည်ဆိုင်ရာညှိနှိုင်းဆောင်ရွက်ရေးပုံစံကိုအခြေခံ၍ အသီးသီးသော ကဏ္ဍများနှင့် အလုပ်အမှုဆောင်အဖွဲ့များအတွင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုကို ပံ့ပိုးပေးပါသည်။

GBV အစုအဖွဲ့ခွဲနှင့်/သို့မဟုတ် အလုပ်အဖွဲ့ကို ပူးတွဲဦးဆောင်ခြင်းဆိုသည်မှာ GBV ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးယန္တရားများကို ဦးဆောင်ရန်၊ နိုင်ငံအဆင့်စနစ်များ ထူထောင်ရန်နှင့် အားကောင်းစေရန်၊ နှင့် ရှင်သန်လွတ်မြောက်သူများ အတွက် လက်လှမ်းမီပြီး အချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းပေးသည့် သင့်လျော်သော ဝန်ဆောင်မှုများ သေချာစေရန် အတွက် နိုင်ငံအစိုးရနှင့် ဒေသ အာဏာပိုင်များနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများ နှင့် အတူ ပူးပေါင်းမိတ်ဖက် ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။[၃၉၀]UNFPA ၏ လုပ်ငန်းလည်ပတ်မှု မရှိသည့်နေရာများ သို့မဟုတ် နိုင်ငံအဆင့် သို့မဟုတ် ဒေသခွဲအဆင့်တွင် ခေါင်းဆောင်မှုမလုပ်နိုင်သည့် အခြေအနေများတွင်၊ အခြားကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ သို့မဟုတ် ပြည်တွင်း NGO သို့မဟုတ် အစိုးရအနေဖြင့် GBV ညှိနှိုင်းဆောင်ရွက်ရေးကို ဦးဆောင်လိမ့်မည်ဖြစ်သည်။ အနိမ့်ဆုံးအနေဖြင့်၊ GBV ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့များသည် GBV တားဆီးရေး၊ လျော့ပါးရေးနှင့် တုံ့ပြန်ရေးတွင် ပါဝင်သည့် အခြားအဖွဲ့အစည်းများအားလုံးမှာ လုပ်ငန်းဆောင်ရွက်မှုအတွက် အခြေခံစံနှုန်းများနှင့် ရင်းနှီးမှုရှိထားပြီးဖြစ်ကြောင်း သေချာစေရမည်။ ၎င်းတို့တွင် အထူးသဖြင့် GBV လမ်းညွှန်သဘောတရားများ (စံနှုန်း ၁ ကိုကြည့်ပါ)၊ ရှင်သန်လွတ်မြောက်သူများနှင့်ဆိုင်သော ကျင့်ဝတ်၊ ဘေးကင်းလုံခြုံရေးနှင့် အခွင့်အရေးဆိုင်ရာ စံနှုန်းများ၊ GBV ဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ တာဝန်ဝတ္တရားများ နှင့် IASC GBV လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် သက်ဆိုင်ရာတာဝန်များတို့ဖြစ်ပါသည်။

**GBV ဆိုင်ရာညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားမှုတို့မှ အကာအကွယ်ပေးခြင်း**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (HC)/ဌာနေကိုယ်စားလှယ်ညှိနှိုင်းရေးမှူး (RC) သည် နိုင်ငံတွင်းရှိ PSEA ကွန်ရက်ကို ထူထောင်ခြင်း၊ ၎င်းမှ တဆင့် PSEA ကြိုးပမ်းအားထုတ်မှုများကို ဦးဆောင်ရန် တာဝန်ရှိပါသည်။ HC/RC နှင့် နိုင်ငံအဖွဲ့ နှစ်ခုစလုံးသည် ထိခိုက်ခံစားရသူများအပေါ် လူသားချင်းစာနာထောက်ထားမှုအသိုက်အဝန်းမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများကို တားဆီးတုံ့ပြန်ရန် တာဝန်ရှိပါသည်။

HC/RC ၏ ဦးဆောင်မှု အောက်တွင်၊ PSEA ကွန်ရက်သည် လက်ရှိ တွင်ရှိနေသည့် ရှင်သန်လွတ်မြောက်သူများအတွက် ပံ့ပိုးကူညီမှုနှင့် ချိတ်ဆက်၍ လုပ်ဆောင်ချက်အစီအစဉ်တစ်ခု ဖန်တီးချမှတ်ရန် တာဝန်ရှိပါသည်။ ၎င်းကွန်ယက်သည် အစီရင်ခံခြင်းနှင့် တာဝန်ခံမှုယန္တရားများအပါအဝင် လမ်းညွှန်မှုနှင့် အရင်းအမြစ်များကို ပံ့ပိုးပေးသင့်ပြီး၊ သီးသန့် PSEA ဆိုင်ရာ ညှိနှိုင်းရေးမှူးတစ်ဦးထားရှိရပါမည်။ ထိုညှိနှိုင်းရေးမှူးသည် အဓိကအားဖြင့် ရှင်သန်လွတ်မြောက်သူများအတွက် ထောက်ပံ့မှုအပေါ် PSEA ကွန်ရက်နှင့် ဆက်စပ်ဆောင်ရွက်နေသည့် GBV အစုအဖွဲ့ခွဲ/အလုပ်အဖွဲ့၏ ညှိနှိုင်းရေးမှူးနှင့် ကွဲပြားစွာခန့်ထားသင့်သည်။ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်ပေးရန်နှင့် ရှင်သန်လွတ်မြောက်သူများအတွက် အကူအညီပေးမှုတွင် ကွန်ရက်၏မဟာဗျူဟာဆုံးဖြတ်ချက်များကြောင့် သက်ရောက်မှုရှိသည့် GBV ဝန်ဆောင်မှုပေးသူများကို ကိုယ်စားပြုရန် PSEA ကွန်ရက်တွင် GBV ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အား တက်ရောက်ရန် အထူးအကြံပြုထားပါသည်။

**GBV ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့သည် PSEA နှင့် ပတ်သက်၍ အဓိက အခန်းကဏ္ဍ နှစ်ခုတွင် ပါဝင်သင့်သည်။ ၎င်းတို့မှာ- (၁) PSEA ၏ အကြမ်းဖက်ခံရသူများအတွက် အကူအညီပေးရေး လုပ်ငန်းစဉ်များကို ကွင်းဆင်း အကောင်အထည်ဖော်ရေးနှင့် (၂) PSEA တားဆီးရေး ပံ့ပိုးကူညီခြင်း တို့ဖြစ်ကြသည်။** GBV အစုအဖွဲ့ခွဲ/ကဏ္ဍသည် အဖွဲ့ဝင်များအားလုံးသည် PSEA မူဝါဒများကို နားလည်သဘောပေါက်ပြီး၊ ၎င်းတို့အားလိုက်နာရန် လုပ်ဆောင်သင့်သည်။ ၎င်းသည် IASC ၏ အခြေခံမူများကို မျှဝေပြီး အကောင်းဆုံးအလေ့အကျင့်များ၊ PSEA မူဝါဒ၏ အမြင့်ဆုံးစံနှုန်းများနှင့် ၎င်း၏အဖွဲ့ဝင်များအကြား ကျင့်ဝတ်ကို မြှင့်တင်ရန် နည်းလမ်းများကို ဆွေးနွေးသင့်သည်။ အစုအဖွဲ့ခွဲ/ကဏ္ဍခွဲရှိ အဖွဲ့အစည်းများတွင် PSEA မူဝါဒများ မရှိပါက၊ အစုအဖွဲ့ခွဲ/ကဏ္ဍခွဲများမှ နေ၍ ထိုမူဝါဒများ ထားရှိရန် လိုက်လျောညီထွေဖြစ်ပြီး အသုံးချနိုင်သည့်၊ ကျင့်သုံးသင့်သော နမူနာကျင့်ဝတ်များကို မျှဝေခြင်းဖြင့် ပံ့ပိုးသင့်သည်။ ဤလုပ်ငန်းများကို ဖော်ဆောင်ရာတွင်၊ လက်ရှိတည်ရှိနေသည့် အေဂျင်စီအချင်းချင်းကြားရှိ PSEA ကွန်ရက်(ရှိပါက) နှင့် ညှိနှိုင်းဆောင်ရွက်သင့်သည်။

IASC အကောင်းဆုံး အလေ့အကျင့် လမ်းညွှန်၊ အေဂျင်စီများကြားရှိ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုမှု အပေါ် အကာအကွယ်ပေးခြင်း ဆိုင်ရာ၊ လူထုအသိုင်းအဝိုင်း အခြေပြု တိုင်ကြားမှု ယန္တရားများ The *IASC Best Practice Guide Inter-Agency Community-Based Complaints Mechanisms (CBCM): Protection against Sexual Exploitation and Abuse* (၂၀၁၆) - တွင် ဖော်ပြထားသည်မှာ- "ဖြစ်ရပ်လွှဲပြောင်းညွှန်းပို့မှုများကို လွယ်ကူချောမွေ့စေရန်အတွက် SEA ၏ ဒေသတွင်း အစီရင်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကို GBV အစုအဖွဲ့ခွဲ ညှိနှိုင်းရေးမှူးများမှ သိရှိကြောင်းသေချာစေရန်အတွက် CBCM တွင် တာဝန်ရှိသည်"(စာမျက်နှာ၃၀)ဟူ၍ဖြစ်သည်။**GBVဆိုင်ရာညှိနှိုင်းရေးမှူး များသည် နည်းပညာဆိုင်ရာလမ်းညွှန်မှုများကို ပံ့ပိုးပေးရန်ဖြစ်သော်လည်း CBCM သည် ဘေးကင်းမှု၊ လျှို့ဝှက်ထားမှုဆိုင်ရာ အခွင့်အရေးနှင့် ရှင်သန်လွတ်မြောက်သူများ၏ကျန်းမာပျော်ရွှင်ခြင်းများအပါအဝင် GBV လမ်းညွှန်သဘောတရားများကို လေးစားကြောင်း သေချာစေရန်အတွက် PSEA ကွန်ရက်တွင် အဆုံးစွန်သောတာဝန်ရှိပါသည်။**

အဖွဲ့နှစ်ဖွဲ့လုံး၏ လုပ်ငန်းကို မြှင့်တင်ရန်နှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုနှင့်GBVတို့မှ ရှင်သန်လွတ်မြောက် လာသူများအား ကျယ်ကျယ်ပြန့်ပြန့် အကူအညီပေးရန် အတွက် PSEA ကွန်ရက်နှင့် GBV ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ကြားရှိ ချိတ်ဆက်မှုများကို ကွင်းဆင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မှာပင် ရှင်းလင်းစွာထားရှိသင့်ပါသည်။

Source: GBV Area of Responsibility 2019, pp. 33-34

GBV အစုအဖွဲ့ခွဲများ/အလုပ်အဖွဲ့များသည် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍများအား နည်းပညာဆိုင်ရာ ပံ့ပိုး ကူညီမှုပေးခြင်း၊ အခြေအနေဒေသအလိုက် GBV ၏သဘောသဘာဝကို ၎င်းတို့ ပိုမိုနားလည်သဘောပေါက်စေရန်ကူညီပေးခြင်း သို့မဟုတ် GBV ဆိုင်ရာ အန္တရာယ်များလျော့ပါးသက်သာစေရန်အတွက် ကဏ္ဍအလိုက် မရှိမဖြစ်လိုအပ်သော လုပ်ဆောင်ချက်များကို မည်ကဲ့သို့ အကောင်အထည်ဖော်ရမည်ကို အကြံပေးခြင်းတို့တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ပါသည်။ ညှိနှိုင်းဆောင်ရွက်မှုသည် IASC GBV ၏ လမ်းညွှန်ချက်များနှင့်အညီ မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ငန်းများကိုအကောင်အထည်ဖော်ရန်အတွက်အဓိကကျသောဗျူဟာတစ်ခုဖြစ်သည်။မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်မှုအစီအစဉ်ကို ရေးဆွဲခြင်းနှင့် ကြီးကြပ်ခြင်းနှင့် အခြားကဏ္ဍများ/အစုအဖွဲ့များသို့ ကျွမ်းကျင်သည့်နည်းပညာဆိုင်ရာ လမ်းညွှန်မှုပေးခြင်းတို့လုပ်ဆောင်ခြင်းဖြင့် GBV ညှိနှိုင်းဆောင်ရွက်ရေးယန္တရားများသည် ကဏ္ဍပေါင်းစုံ GBV တုံ့ပြန်မှုကို လွယ်ကူချောမွေ့စေရန် လုပ်ဆောင်မှုအများရှိသော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုတွင် ပါဝင်နေသည့် အဓိကကဏ္ဍ/အစုအဖွဲ့များအားလုံးသည် GBV ကို ကိုင်တွယ်ဖြေရှင်းရန် မျှဝေ တာဝန်ခံ/တာဝန်ယူမှု ရှိရမည်ဖြစ်ပါသည်။[၃၉၁]

ညှိနှိုင်းဆောင်ရွက်ရေးခေါင်းဆောင်များသည် ကျင့်ဝတ်နှင့်အညီ လုံခြုံ ဘေးကင်းပြီး ထိရောက်သော အစီအစဉ်ရေးဆွဲလုပ်ဆောင်ခြင်းအတွက် စံနှုန်းများသတ်မှတ်ရန် တာဝန်ရှိပါသည်။ GBV ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏လုပ်ဆောင်ချက်များအားလုံးသည်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် GBV ဆိုင်ရာ အခြေခံ လမ်းညွှန်သဘောတရားများကို ထင်ဟပ်စေသင့်ပါသည်။ညှိနှိုင်းဆောင်ရွက်မှုတွင် ပါဝင်နေသည့် မိတ်ဖက်အဖွဲ့များ၊ လုပ်ဖော်ကိုင်ဖက်များ၏ ပုဂ္ဂိုလ်ရေးအရ ဘက်လိုက်မှု သို့မဟုတ် သဘောထားများသည် GBV လမ်းညွှန်သဘောတရားများကို ထိခိုက်မှုမရှိစေရဘဲ၊ မိတ်ဖက်အဖွဲ့အစည်းအားလုံးသည် အစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော်ရာတွင် တစ်စုတစ်စည်းတည်း ချဉ်းကပ်မှုတစ်ခုဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်သည်။

# Tools and Resources


Global Protection Cluster (GPC) Gender-based Violence Area of Responsibility (GBV AoR) (2019). *Handbook for Coordinating GBV Interventions in Humanitarian Settings*. http://gbvaor.net/handbook-coordinating-gender-based-violence-emergencies-now/.

Inter-Agency Standing Committee (IASC) (2017). *IASC Gender Policy Accountability Framework.* https://interagencystandingcommittee.org/system/files/iasc_accountability_framework_with_adjusted_self_assessment_0.pdf.

__________ (2016). *Best Practice Guide on Establishing Inter-agency Community-based Complaint Mechanisms.* https://interagencystandingcommittee.org/system/files/best_practice_guide_inter_agency_community_based_complaint_mechanisms_1.pdf.

__________ (2015). *Guidelines for Integrating Gender-Based Violence Interventions in Humanitarian Action: Reducing risk, promoting resilience and aiding recovery.* https://gbvguidelines.org/wp/wp-content/uploads/2015/09/2015-IASC-Gender-based-Violence-Guidelines_lo-res.pdf.

IASC Sub-Working Group on the Cluster Approach and the Global Cluster Coordinators' Group (2015). *IASC Reference Module on Cluster Coordination at Country Level.* https://www.humanitarianresponse.info/en/coordination/clusters/document/iasc-reference-module-cluster-coordination-country-level-0.

The Sphere Project (2011). "Core Standard 2: Coordination and Collaboration" in *Sphere Handbook.* Geneva. The Sphere Handbook (2018). https://www.spherestandards.org/handbook-2018/.

United Nations Population Fund (UNFPA) (2015). *Minimum Standards for Prevention and Response to Gender-Based Violence in Emergencies*. https://www.unfpa.org/featured-publication/gbvie-standards.

## စံနှုန်း ၁၆

# အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း

ကျင့်ဝတ်နှင့်အညီလုံခြုံစွာစုဆောင်းထားသောသတင်းအချက်အလက်များကို GBV စီမံကိန်းများ၏ အရည်အသွေးနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တာဝန်ခံမှု၊တာဝန်ယူမှုကို မြှင့်တင်ရန်အသုံးပြုပါသည်။

အရည်အသွေးဆိုင်ရာ အကဲဖြတ်မှုများ၊ ဘေးအန္တရာယ် ဆန်းစစ်ခြင်း၊ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှုများသည် GBV တုံ့ပြန်မှုနှင့် ကာကွယ်ရေးဆိုင်ရာအစီအစဉ်များကိုမြှင့်တင်ရန် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များနှင့် လေ့လာသင်ယူခြင်းအတွက် သတင်းအချက်အလက်ပေးနိုင်ရန်လိုသည်။ GBV ၏ သဘောသဘာဝနှင့် ဖြစ်ပျက်မှုအတိုင်းအတာကို ကျင့်ဝတ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များသည်၊ လုပ်ငန်းအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်မှု၊ စည်းရုံးလှုံ့ဆော်မှုနှင့် အရင်းအမြစ်များခွဲဝေသုံးစွဲမှုတို့သည်၊ ထိခိုက်ခံစားရသောလူထု အသိုင်းအဝိုင်းမှ ရှာဖွေဖော်ထုတ်ထားသော လိုအပ်ချက်များ နှင့် ဖြေရှင်းနည်းများ ပေါ်တွင်အခြေခံထားကြောင်း သေချာစေပါသည်။[၂၉၂] သတင်းအချက်အလက်များကို ရပ်ရွာအခြေပြု၊ ပူးပေါင်းပါဝင်မှုနည်းလမ်းများဖြင့် စုဆောင်းသည့်အခါ၊ ၎င်းသည်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုနှင့် ရလဒ်များကို တိုးတက်ကောင်းမွန်စေသည်။ ထို့အပြင်၊ ဒေတာစုဆောင်းခြင်းလုပ်ငန်းများသည် အမျိုးသမီးများနှင့် မိန်းကလေးများ ကဲ့သို့ ပုံမှန်အားဖြင့် အသံဖော်ထုတ်ခွင့်မရရှိသော ထိခိုက်ခံစားရသောလူထု အဖွဲ့ဝင်များအတွက် နေရာတစ်ခု ဖန်တီးရန် အခွင့်အလမ်းများဖြစ်စေသည်။[၂၉၃]

GBV သည် နေရာတိုင်းတွင် ဖြစ်ပေါ်နေသည်။ ဒေတာစုဆောင်းရာတွင် ကြုံနိုင်သည့် လုံခြုံဘေးကင်းရေးနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများကြောင့် အရေးပေါ် အခြေအနေများတွင် GBV အမှန်တကယ်ဖြစ်ပွါးမှု အတွက် လူဦးရေအခြေခံဒေတာကို စောင့်ဆိုင်းခြင်း သို့မဟုတ် ရှာဖွေခြင်းရန် ဦးစားမပေးသင့် ပါ၊

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများအားလုံးသည် GBV ဖြစ်ပေါ်နေပြီး ထိခိုက်ခံစားရသူများ၊အား ခြိမ်းခြောက်နေသည် ယူဆသင့်ပါသည်။ . . ခိုင်လုံသော “အထောက်အထား” ရှိနေသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းကို ပြင်းထန်ပြီး အသက်အန္တရာယ်ရှိသော ပြဿနာတစ်ခုအဖြစ် သဘောထားပြီး အရေးယူဆောင်ရွက်ရမည် ဖြစ်သည်။**

Source: IASC 2015a, p. 2.

အရေးပေါ်အခြေအနေများတွင်၊ GBV-အထူးပြုအေဂျင်စီများအနေဖြင့် GBV အပေါ် အာရုံစိုက်သည့် သတင်းအချက်အလက် စုဆောင်းခြင်းလုပ်ငန်းများကို **မလုပ်ဆောင်မီ** GBV ဝန်ဆောင်မှုများရရှိနိုင်ကြောင်းသေချာစေရမည်ဖြစ်ပြီး GBV ဆိုင်ရာ ဒေတာ/အချက်အလက်စုဆောင်းခြင်းတွင် တာဝန်ရှိသူများအား ရှင်သန်လွတ်မြောက်သူဗဟိုပြုချဉ်းကပ်နည်းကို လေ့ကျင့်သင်ကြားပေးထားရမည်ဖြစ်ပြီး (စံနှုန်း ၁- GBV လမ်းညွှန်သဘောတရားများကိုကြည့်ပါ)၊ ရရှိနိုင်သောဝန်ဆောင်မှုများနှင့်ပတ်သက်၍ ရှင်သန်လွတ်မြောက်သူအား အကြံဉာဏ် ပေးနိုင်ပြီး လွှဲပြောင်းညွှန်းပို့မှုများကို ပံ့ပိုးပေးနိုင်ရမည်ဖြစ်သည်။ (စံနှုန်း ၇ - လွှဲပြောင်းညွှန်းပို့သည့် စနစ်များ ကိုကြည့်ပါ)။[၂၉၄]

နေရာဒေသအားလုံးတွင် GBV ကို အစီရင်ခံမှု နည်းပါးသည်။ မှတ်တမ်းရရှိသော ဖြစ်ရပ်များသည် အဖြစ်အပျက် စုစုပေါင်း၏ အနည်းငယ်မျှကို ကိုယ်စားပြုသည်။ **ဒေတာအချက်အလက်မရရှိနေခြင်းကြောင့် GBV သည် အဓိကပြဿနာမဟုတ်ဟု အဓိပ္ပာယ်မကောက်သင့်ပါ။ ကိန်းဂဏန်းဒေတာမရှိခြင်းသည် ရှင်သန်လွတ်မြောက်သူများအနေဖြင့် ဝန်ဆောင်မှုများကို လက်လှမ်းမီရန် အတားအဆီးများရှိနေသည်ကို ညွှန်ပြခြင်းအဖြစ်ရှုမြင်နိုင်သည်**။ [၂၉၅] ထို့အပြင် ဝန်ဆောင်မှုများရှိခြင်းသည် လုပ်ငန်းအစီအစဉ်များ အတွက် လမ်းညွှန်ခြင်းနှင့် အချက်အလက် ပေးခြင်းအတွက် ဝန်ဆောင်မှု အခြေပြုဒေတာကို အသုံးပြုကြောင်းသေချာစေပါသည်။ [၂၉၆]

| အဓိကလုပ်ဆောင်ချက်များ - အကဲဖြတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်ခြင်း | ကြိုတင်ပြင်ဆင်ခြင်း | တုံ့ပြန်မှု | ပြန်လည်ထူထောင်ရေး |
|---|---|---|---|
| ဒေတာအသစ်ကောက်ယူမစုဆောင်းမီ၊ ရှိနေပြီးသော ကောက်ယူထားပြီးသောဒေတာ (secondary data) (ဥပမာ၊ အိမ်ထောင်စုစစ်တမ်းများ၊ စုပေါင်းအဆင့် ဝန်ဆောင်မှုဒေတာ၊ ဥပဒေမူဘောင်၊ ပညာရပ်ဆိုင်ရာနှင့် မီဒီယာအစီရင်ခံစာများ စသည်) တို့ကို ပြန်လည်သုံးသပ်၊ ခွဲခြမ်းစိတ်ဖြာပြီး ဆုံးဖြတ်ချက်ချခြင်းတွင် အသိပေးပါ။ | ✔ | ✔ | ✔ |
| GBV ဆိုင်ရာ သတင်းအချက်အလက် ကွာဟချက်/လိုအပ်ချက်များကို အကဲဖြတ်ပြီး ဒေတာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း၏ အန္တရာယ်များ၊ ကုန်ကျစရိတ်များနှင့် အကျိုးကျေးဇူးများကို ချိန်ဆပါ (လမ်းညွှန်ချက်မှတ်စု ၃ကိုကြည့်ပါ)။ | ✔ | ✔ | ✔ |
| GBV-အထူးပြု အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ ဦးစားပေးချက်များကို အသိပေးရန်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေးနှင့် အခြားသော အဓိကတုံ့ပြန်ဆောင်ရွက်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် GBV တုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများ (ဥပမာ၊ ရှိနေသည့် ကဏ္ဍပေါင်းစုံဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အတိုင်းအတာ၊ နိုင်ငံ၏ဥပဒေရေးရာနှင့် မူဝါဒဘောင်များ) ကို သိရှိထားပါ။ | ✔ | ✔ | ✔ |
| ပုံမှန်ဒေတာကောက်ယူခြင်းနှင့် ဦးတည်ထားသော ပူးပေါင်းပါဝင်မှုရှိသောအကဲဖြတ်ခြင်းအတွက် အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများနှင့် အမျိုးသားများထံ ကဲ့သို့ မတူညီသောအဖွဲ့များထံ ရောက်ရှိရန် အကောင်းဆုံးနည်းလမ်းများကို ဖော်ထုတ်ပါ။ | ✔ | ✔ | ✔ |
| ဒေတာကောက်ယူစုဆောင်းရေးအဖွဲ့၏ အဖွဲ့ဝင်များကို ဂရုတစိုက်ရွေးချယ်ကာ သက်ဆိုင်ပြီး လုံလောက်သော အထူးပြုလေ့ကျင့်မှုသင်တန်းနှင့် စဉ်ဆက်မပြတ်ပံ့ပိုးမှုများကို ရရှိကြောင်း သေချာစေပါ။ ဒေတာကောက်ယူစုဆောင်းရေးအဖွဲ့ (လိင်၊ အသက်၊ ဘာသာစကား စသည်) ၏ဖွဲ့စည်းပုံကို ဂရုတစိုက်ထည့်သွင်းစဉ်းစားပါ။[၃၉၇] အမျိုးသမီးနှင့် မိန်းကလေးများပါဝင်မှု အဆင်ပြေစေရန် ဒေတာစုဆောင်းရေးအဖွဲ့တွင် အမျိုးသမီးအများစု ပါဝင်ရန် အကြံပြုထားသည်။ ဘေးဖယ်ခံထားရသော အမျိုးသမီးများနှင့် မိန်းကလေးများနှင့် GBV ရှင်သန်လွတ်မြောက်သူများအပေါ် ပံ့ပိုးပေးသည့် သဘောထားများနှင့် တန်ဖိုးများရှိမှုသေချာစေရန် အဖွဲ့ကို အကဲဖြတ်ပါ။ | ✔ | ✔ | ✔ |
| ဘာသာရေးအဖွဲ့များ၊ လူငယ်အဖွဲ့များ၊ ကျန်းမာရေး ဌာနများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ NGO များကဲ့သို့သော ရပ်ရွာဖွဲ့စည်းပုံများနှင့် အုပ်စုအဖွဲ့များမှတဆင့်/နှင့်အတူ ဒေတာအချက်အလက်များ ကောက်ယူစုဆောင်းရန် လုပ်ဆောင်ပါ။ ထိခိုက်ခံစားရသော လူထုသည် မြို့ပြ သို့မဟုတ် ဝေးလံခေါင်သီသောဒေသတွင် ပြန့်ကျဲနေထိုင်နိုင်သောအခါတွင် ဒေသခံမိတ်ဖက်အဖွဲ့အစည်းများ အပါအဝင် လုပ်ငန်းပေါင်းစုံဆောင်ရွက်သည့်အဖွဲ့များကို ကနဦးဆက်သွယ်မှုပြုလုပ်ပါ။ | ✔ | ✔ | ✔ |
| ဒေတာကောက်ယူစုဆောင်းရေးအဖွဲ့အား ပူးပေါင်းပါဝင်မှုဆိုင်ရာချဉ်းကပ်မှုများ၊ GBV လမ်းညွှန်သဘောတရားများ (စံနှုန်း ၁ ကိုကြည့်ပါ) နှင့် GBV ဒေတာစုဆောင်းခြင်းအတွက် WHO ၏ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ[၃၉၈] ကို သင်တန်းပေးထားပြီး၊ အဖွဲ့၏ ရှင်သန်လွတ်မြောက်သူဗဟိုပြု၊ ကျား-မ တန်းတူညီမျှ သဘောထားများကို လေ့ကျင့်မှုသင်တန်းများနှင့် အကောင်အထည်ဖော်မှုတစ်လျှောက်တွင် စောင့်ကြည့်လေ့လာပါ။ | ✔ | ✔ | ✔ |
| ဖယ်ကျဉ်ခံထားရသော အမျိုးသမီးနှင့် မိန်းကလေးငယ်များထံ တိကျသော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ပြီး အသက်အရွယ်နှင့် မသန်စွမ်းမှုကို အကဲဆတ်သည့် ဆွေးနွေးပွဲများကို ကျင်းပနိုင်ရန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ပါ။ | ✔ | ✔ | ✔ |
| ကျယ်ကျယ်ပြန့်ပြန့် အကဲဖြတ်နိုင်မှုကို ဆောင်ရွက်နိုင်ရန် အလွတ်သဘော အစည်းအဝေးနေရာများနှင့် ကွန်ရက်များကို နေရာဒေသနှင့် တကွ စာရင်းပြုစုမှတ်သားပါ။ | | ✔ | ✔ |
| အန္တရာယ်များကို ခွဲခြမ်းစိတ်ဖြာပြီး ဖော်ထုတ်ထားသော အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် အတွက် အမျိုးသမီးများနှင့် မိန်းကလေးများနှင့်အတူ အဖြေများထုတ်ပါ (စံနှုန်း ၉ နှင့် စံနှုန်း ၂ ကိုကြည့်ပါ)။ | | ✔ | ✔ |
| ကနဦးအကဲဖြတ်မှုအစီရင်ခံစာများတွင် အထူးသဖြင့် ၎င်းတို့သည်တုံ့ပြန်မှုတစ်ခုလုံးအတွက် ရန်ပုံငွေဦးစားပေးမှုများကို လွှမ်းမိုးနိုင်သည့်အတွက်၊ ဖြစ်ပွားနေသောGBV အမျိုးအစားများ နှင့်ဆိုင်သော မည်သူမည်ဂါဖြစ်သည်ကို မသိရှိနိုင်သော အချက်အလက်များ ၊ အန္တရာယ်ကျရောက်မှုများ၊ ရှိပြီးသားကဏ္ဍပေါင်းစုံဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အတိုင်းအတာ၊ အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဝန်ဆောင်မှုများသို့ လက်လှမ်းမီမှုဆိုင်ရာအတားအဆီးများ နှင့် ဤတွေ့ရှိချက်များကို အခြေခံ၍ အမျိုးသမီးများနှင့် မိန်းကလေးများက အသိပေးရှင်းလင်းထားသည့် အကြံပြုချက်များ ပါဝင်ကြောင်း သေချာစေပါ။ | ✔ | ✔ | |
| ဒေတာစုဆောင်းခြင်းစက်ဝန်း၏ အဆင့်အားလုံးတွင် အမျိုးသမီးများနှင့် မိန်းကလေးများ၏အကြံပြုချက်များ ပံ့ပိုးပေးမှု သေချာစေရန် ယန္တရားများ၊ ပရိုတိုကောများနှင့် နည်းလမ်းများကို တည်ထောင်ပါ။ | ✔ | ✔ | ✔ |
| GBV အထူးပြု အစီအစဉ်၏ အကြံပြုချက်များ၊ မျှော်မှန်းချက်များနှင့် ရလဒ်များကို ကိုင်တွယ်ဖြေရှင်းသည့် ပုံမှန်စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းစနစ်များကို တည်ထောင်ပါ။ | ✔ | ✔ | ✔ |
| ထိခိုက်နစ်နာမှုမရှိစေသည့်နည်းလမ်းဖြင့်အကြံပြုချက်များနှင့် သင်ယူမှုများကို မျှဝေရန် အမျိုးသမီးများနှင့် မိန်းကလေးများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ CSO များနှင့် အခြားဒေသခံအဖွဲ့အစည်းများ နှင့် ပူးပေါင်းပါ။ | | ✔ | ✔ |
| သင့်လျော်သောတုံ့ပြန်အကြံပြုချက်နှင့် ဆက်သွယ်ရေးယန္တရားများကို အသုံးပြု၍ ထိခိုက်ခံစားရသူများနှင့် စနစ်တကျဆက်သွယ်ပါ။[၃၉၉] | ✔ | ✔ | ✔ |

အစီရင်ခံလာသည့် ဖြစ်ရပ်များ အပေါ်ပုံမှန် အချက်အလက်စုဆောင်းခြင်း သည် အခြေခံဝန်ဆောင်မှုများရရှိနိုင်သည့် အချိန်နှင့် သတင်းအချက်အလက် မျှဝေရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စတင်မတည်ထောင်မီ သို့မဟုတ်အရေးပေါ်GBVIMSကဲ့သို့သော တရားဝင်စနစ်များ စတင်မလည်ပတ်မီကပင် လုပ်ဆောင်နိုင်သည်(စံနှုန်း၁၄-ရှင်သန်လွတ်မြောက်လာသူများ၏အချက်အလက် စုဆောင်းခြင်းနှင့် အသုံးပြုခြင်း ကို ကြည့်ပါ)။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဒေသများ၌ GBV ဒေတာကောက်ယူစုဆောင်းမှုတွင် အောက်ပါတို့အပါအဝင် စိန်ခေါ်မှုများနှင့် အန္တရာယ်များစွာရှိပါသည်။[၆၀၀]

- ရှင်သန်လွတ်မြောက်သူများနှင့် အခြားအမျိုးသမီးနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာအန္တရာယ်များ ဖန်တီးခြင်းအပါအဝင် အကျိုးခံစားခွင့်ရှိသူတို့အား ထိခိုက်နစ်နာစေမည့် အလားအလာများ၊
- အရည်အချင်းပြည့်မီသော အမျိုးသမီးစာရင်းကောက်သူ/ဒေတာစုဆောင်းသူများ ပြတ်လပ်ခြင်း၊
- GBV ဖြစ်စဉ်များကို အစီရင်ခံတင်ပြသော ရှင်သန်လွတ်မြောက်သူများ ကြုံရသည့် လူမှုရေးဒဏ်သင့်ခြင်း၊
- ကျူးလွန်သူများနှင့်/သို့မဟုတ် လူထုအသိုင်းအဝိုင်းမှ လက်တုံ့ပြန်ခြင်းအန္တရာယ်များအပါအဝင် လုံခြုံဘေးကင်းမှု မရှိခြင်း၊
- ကျူးလွန်သူများအား အပြစ်ပေးအရေးယူမှု မရှိခြင်း၊
- တညီတညွတ်တည်းဖြစ်သော GBV နှင့်ပတ်သက်သည့် အချက်အလက် ဒေတာကောက်ယူစုဆောင်းခြင်းကိရိယာများနှင့် နည်းလမ်းများ မရှိခြင်း၊
- ဖြစ်ရပ်ဆိုင်ရာအချက်အလက်၏ ဘေးကင်းမှု၊ လုံခြုံရေး၊ လျှို့ဝှက်ထားမှုနှင့် အမည်ဝှက်ထားခြင်းတို့ကို သေချာစေရန်အတွက် ဒေတာကာကွယ်ရေး ယန္တရားများ အားနည်းခြင်း သို့မဟုတ် မရှိခြင်း၊
- ဝန်ဆောင်မှုဆိုင်ရာ အခြေခံအဆောက်အအုံ/အခြေခံအုတ်မြစ်မရှိခြင်း၊
- GBV မှရှင်သန်လွတ်မြောက်သူများ အတွက် ထိရောက်ပြီး အရည်အသွေးကောင်းသော ဖြစ်ရပ်စီမံခန့်ခွဲမှုဝန်ဆောင်မှုများ ချို့တဲ့ခြင်း၊ မရှိခြင်း၊
- အမျိုးသမီးလူဦးရေများထဲမှ ပုံမှန်အားဖြင့် ဖယ်ကျဉ်ခံထားရသော အုပ်စုများ၏ ရွှေ့လျားသွားလာနိုင်မှုအပေါ် ကန့်သတ်ချက်များ (ဥပမာ၊ အသက်ကြီးသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ သို့မဟုတ် မသန်စွမ်း အမျိုးသမီးများနှင့် မိန်းကလေးများ)၊
- ထိခိုက်ခံစားရသူများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရောက်ရှိရန် ကန့်သတ်ချက်များ၊
- ထိခိုက်ခံစားရသူများနှင့် ယုံကြည်မှု တည်ဆောက်ရန်၊ အပြန်အလှန်ဆက်သွယ်ခြင်းပြုလုပ်ရန် အချိန် ကန့်သတ်ချက်ရှိခြင်း နှင့်
- သီးသန့်ဖြစ်ပြီး အခြေခံ လျှို့ဝှက်လုံခြုံမှုပေးနိုင်သော အင်တာဗျူးရန် နေရာများကို လုံလောက်စွာထားရှိရန်ခက်ခဲခြင်း၊

GBV ၏ သဘောသဘာဝနှင့် အတိုင်းအတာကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် နားလည်လာစေရန် ဒေတာကောက်ယူစုဆောင်းခြင်းနှင့် သတင်းအချက်အလက်စုဆောင်းခြင်းနည်းလမ်းများသည် အရေအတွက်နှင့် အရည်အသွေး (quantitative and qualitative) နှစ်မျိုးလုံး ဖြစ်သင့်သည်။ ကိန်းဂဏန်း/အရေအတွက် (quantitative) ဆိုင်ရာနည်းလမ်းများတွင် ပုံမှန်အားဖြင့် စစ်တမ်းများ၊ မေးခွန်းပုံစံများနှင့် စာရင်းအင်းများ ပါဝင်ပါသည်။ အရည်အသွေး qualitative ဆိုင်ရာနည်းလမ်းများတွင် အင်တာဗျူးများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGD) နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများ safety audits သို့မဟုတ် စောင့်ကြည့်လေ့လာခြင်းများပါဝင်သည်။အရည်အသွေးဆိုင်ရာနည်းလမ်းများသည်အမျိုးသမီးများနှင့်မိန်းကလေးများရင်ဆိုင်ရမည့်အန္တရာယ်များ၊ GBV အမျိုးအစားအမျိုးမျိုးကို ကျူးလွန်မှု၊ GBV မှရှင်သန်လွတ်မြောက်သူများအတွက် အန္တရာယ်ရှိသောအကျိုးဆက်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကြောင့် လူမှုရေးနှင့် ကျား-မရေးရာစံနှုန်းများပြောင်းလဲခြင်းများ စသည့် နေရာဒေသအခြေအနေအလိုက်၎င်းနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များရရှိရန်ပံ့ပိုးပေးနိုင်ပါသည်။[၆၀၁]ကိုယ်တိုင်ကောက်ယူသော ကနဦးဒေတာ (primary data)နှင့် ရှိနေပြီးသော ကောက်ယူထားပြီးသောဒေတာ(secondary data) - ဥပမာ၊ လူဦးရေနှင့် လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ ညွှန်းကိန်းများ၊ ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ မူဘောင်များ၊ ပညာရပ်ဆိုင်ရာ ထုတ်ဝေမှုများ နှင့် အခြားအစီရင်ခံစာများ စသည်တို့ ကိုလည်း ထည့်သွင်းသင့်ပါသည်။

ဒေတာကောက်ယူစုဆောင်းမှုတွင် ၎င်းတို့၏ပါဝင်မှုကိုသေချာစေရန်အတွက်ဖယ်ကျဉ်ခံထားရသောအမျိုးသမီးများနှင့်မိန်းကလေးများနှင့် ဘေးကင်းလုံခြုံစွာ ဆက်ဆံဆောင်ရွက်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည် (စံနှုန်း ၂- အမျိုးသမီးများနှင့် မိန်းကလေး များ၏ ပူးပေါင်းပါဝင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကို ကြည့်ပါ)။ ပြင်းထန်သောလတ်တလော အရေးပေါ် အခြေအနေများ တွင်၊ သတင်းအချက်အလက်စုဆောင်းခြင်း၏ အဓိကအာရုံစိုက်မှုမှာ ဝန်ဆောင်မှုရရှိနိုင်မှုနှင့် အရည်အသွေးကို အကဲဖြတ်ခြင်း၊ GBV ၏အန္တရာယ်များနှင့် ဝန်ဆောင်မှုများသို့လက်လှမ်းမီရန် အတားအဆီးများကို ဆုံးဖြတ်နိုင်ရန်အတွက်သာ ဖြစ်သင့်သည်။ (လမ်းညွှန်ချက်မှတ်စု ၁ ကိုကြည့်ပါ)။

အထူးသဖြင့် သုတေသနကို ကျား၊မတန်းတူညီမျှရေးအတွက် အမျိုးသမီးများ၏ အခွင့်အရေးများ ရရှိစေရန်ထောက်ခံအားပေးမှုကို အသိပေးထားသည့် ချဉ်းကပ်မှုများ (feminist-informed approaches) ကိုအသုံးပြု၍အမျိုးသမီးအဖွဲ့အစည်းများမှဦးဆောင်သည့် အခါတွင် သုတေသနသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ဘဝအပေါ် အကြမ်းဖက်မှုသည် မည်ကဲ့သို့ အကျိုးသက်ရောက် နိုင်ကြောင်း၊ ၎င်းကို အကောင်းဆုံးဖြေရှင်းရန်နှင့် တားဆီးရန် မည်သည့်အရာက လုပ်ဆောင်ကြောင်း ကို နားလည်သဘောပေါက် စေနိုင်သည့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။[၆၀၂] ပြင်းထန်သော အရေးပေါ်အဆင့်အတွင်း အသက်ကယ် ဆယ်ရေး ဝန်ဆောင်မှုများကို အဓိကထားလုပ်ဆောင်နေသောကြောင့် သုတေသနကို ဦးစားပေးမထားပါ။ သို့သော်လည်း လက်ရှိ သုတေ သန၊အထူးသဖြင့်ဒေသတွင်းသုတေသီများမှပြုလုပ်ထားသည်များကိုအသိပေးပြီးလိုက်လျောညီထွေရှိစေသည့်ကြားဝင်ဆောင်ရွက် မှုများအတွက် အသုံးပြုသင့်ပါသည်။

အစီအစဉ်များကိုစောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း (M&E) သည် အစီအစဉ်တစ်ခုအားမည်ကဲ့သို့အကောင်အထည်ဖော်ခဲ့ကြောင်းနှင့် ၎င်းသည် မည်သို့အောင်မြင်မှုရလာဒ်များရရှိကြောင်း နားလည်ရန် ဒီဇိုင်းရေးဆွဲထားသော လှုပ်ရှားမှုများကို ရည်ညွှန်းသည်။ စောင့်ကြည့်လေ့လာခြင်းသည် စနစ်ကျပြီး စဉ်ဆက်မပြတ် လုပ်ဆောင်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ ၎င်းသည် လုပ်ငန်းအစီအစဉ်တစ်ခု၏ ရည်မှန်းချက်များ ပြည့်မီရေးအတွက် တိုးတက်မှုကို ခြေရာခံရန်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက် များကို လမ်းညွှန်ရန်အတွက် သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အသုံးပြုခြင်း လုပ်ငန်းစဉ် ဖြစ်သည်။[၄၀၃] ပြန်လည်သုံးသပ်ခြင်းသည် စောင့်ကြည့်လေ့လာထားသည့် ဒေတာအချက်အလက်အပေါ်မူတည်ပြီး၊ လုပ်ဆောင်ချက်များသည် စီမံချက်၏ ဦးတည်ချက်များအား မည်သို့ ပြည့်မီကြောင်း သိရှိနိုင်ရန် ဖြစ်သည်။ ၎င်းသည် မျှော်လင့်ထားသည့် အစီအစဉ်၏ အောင်မြင်မှုများနှင့် ရရှိလာသည့် အစီအစဉ်၏ အောင်မြင်မှုများကို နှိုင်းယှဉ်ခြင်းအပေါ် အာရုံစိုက်သည်။ M&E သည် လုပ်ငန်းဆောင်ရွက်နေသူများအား ၎င်းတို့ အစီအစဉ်၏ ပန်းတိုင်များနှင့် မဟာဗျူဟာများကို ပုံဖော်ရန်၊ ယုတ္တိဗေဒ ပုံစံများ (ဥပမာ၊ ဖြစ်ပွားမှု လမ်းကြောင်းများ(causal pathway) နှင့် ယုတ္တိဗေဒမူဘောင် များ(logal frameworks))ရေးဆွဲခြင်း နှင့် ပြောင်းလဲမှုဖော်ဆောင်ရာတွင် စီမံကိန်း၏ မျှော်လင့်ချက်များကို ရှင်းလင်းစွာသိရှိနိုင်ရန် ထောက်ကူပေးနိုင်ပါသည်။[၄၀၄]




## အညွှန်းကိန်းများ

- ဒေတာကောက်ယူခြင်းတွင်ပါဝင်သော ဝန်ထမ်းများအားလုံးကို *အရေးပေါ်အခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း အတွက် ကျင့်ဝတ်နှင့် ဘေးကင်းရေး ဆိုင်ရာ အကြံပြုချက်များ* (*Ethical and Safety Recommendations for Researching, Documenting and Monitoring Sexual Violence in Emergencies*)နှင့် ပူးပေါင်းပါဝင်မှုဆိုင်ရာချဉ်းကပ်မှုများကို လေ့ကျင့်သင်ကြားပေးထားပါသည်။
- ပုံမှန်ဒေတာကောက်ယူမှုအားလုံးတွင် WHO ၏ ကျင့်ဝတ်နှင့် ဘေးကင်းရေး ဆိုင်ရာ အကြံပြုချက်များအတိုင်း ကိုက်ညီအောင် ဆောင်ရွက်ပါသည်။ (တိုင်းတာရာတွင် သဘောတူထားသည့် စစ်ဆေးရန်စာရင်း checklist အတိုင်း)
- GBV နှင့်ပတ်သက်သော အကဲဖြတ်မှုအဖွဲ့များတွင် အမျိုးသမီးများသည် ၇၀ ရာခိုင်နှုန်းထိ ပါဝင်ပါသည်။
- အကဲဖြတ်ခြင်းအစီအစဉ်နှင့် ငွေကြေးလျာထားမှုတွင် ၊ ရလဒ်များမျှဝေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ တိုးတက်မှုများ အတွက် ဗျူဟာချမှတ်ရန် အမျိုးသမီးများနှင့် မိန်းကလေးငယ်များနှင့် အနည်းဆုံးတစ်ကြိမ် အကဲဖြတ်မှုအပြီး ဆွေးနွေးမှု ပြုလုပ်ခြင်းတို့ (post-assessment) ပါဝင်ခြင်း

# လမ်းညွှန်ချက်မှတ်စုများ

## ၁။ အကဲဖြတ်ခြင်း

GBV အကဲဖြတ်ချက်များသည် GBV လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ မိန်းကလေးများအပေါ် အကြမ်းဖက်မှု၏ သဘောသဘာဝနှင့် အတိုင်းအတာ၊ အကြမ်းဖက်မှုအတွက် အကာအကွယ်ပေးခြင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာအချက်များ (ဥပမာ၊ အသက်၊ လူနည်းစု အခြေအနေ၊ မသန်စွမ်းမှု)၊ ရှိနေသည့် ကဏ္ဍပေါင်းစုံဝန်ဆောင်မှု၏ အရည်အသွေးနှင့် အတိုင်းအတာ ကွာဟမှုများ နှင့် GBV လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့အစည်းများအနေဖြင့် တုံ့ပြန်ရေးတွင် သင့်လျော်သော အရင်းအမြစ်များနှင့် စွမ်းရည်များ ရှိမရှိတို့ နှင့်သက်ဆိုင်သည့် နားလည်မှုကို ဖော်ထုတ်ရန်နှင့် မြှင့်တင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။[၄၀၅]

**ရပ်တန့်ပါ! ထိခိုက်နစ်နာမှုမရှိရေးကိုလေးစားပါ**
အကဲဖြတ်ရာတွင် GBV မှ ရှင်သန်လွတ်မြောက်သူများကို သီးခြားအုပ်စုတစ်ခုအနေဖြင့် ရှာဖွေခြင်း သို့မဟုတ် ရည်ရွယ်ဦးတည်ထားခြင်း မပြုသင့်ပါ။

**အကဲဖြတ်ဆန်းစစ်မှုများသည် ရှင်သန်လွတ်မြောက်သူ တစ်ဦးချင်း သို့မဟုတ် အုပ်စုများကို ဖော်ထုတ်ရန် သို့မဟုတ် GBV ဖြစ်ပျက်နေသည်ကို ဖော်ထုတ်ရန်အတွက် ရည်ရွယ်ထားခြင်း မဟုတ်ပါ။**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတုံ့ပြန်မှု၏ ပြင်းထန်သောလတ်တလောအဆင့်တွင် GBV ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအစဉ်ကို အကောင်အထည်မဖော်မီ အကဲဖြတ်ဆန်းစစ်ရန်မလိုအပ်ပါ။ အထက်တွင်ဖော်ပြထားသည့်အတိုင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်း များအားလုံးအနေဖြင့် GBV သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များတွင်ဖြစ်ပွားနေသည်ဟု ယူဆသင့်ပြီး သင့်လျော်သောတုံ့ပြန်မှုဆိုင်ရာဝန်ဆောင်မှုများနှင့် ကာကွယ်ရေးနှင့် အန္တရာယ်လျော့ပါး သက်သာရေးလုပ်ဆောင်မှုများကို ဦးစားပေးလုပ်ဆောင်သင့်သည်။ ယုံကြည်စိတ်ချရပြီး ထည့်သွင်းစဉ်းစားပေးသော အကဲဖြတ်ခြင်း သည် အဖွဲ့အစည်းအတွင်း၊ အဖွဲ့အစည်းပြင်ပတွင် စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများအတွက် အလွန်အဖိုးတန်သော ကိရိယာတစ်ခုဖြစ်ပြီး၊ အရေးပေါ်အခြေအနေများတွင် GBV ကို ကိုင်တွယ်ဖြေရှင်းရန် ရန်ပုံငွေနှင့် လုပ်ဆောင်မှုများကို တိုးမြှင့်စေနိုင်သည်။

ကောင်းမွန်သော အကဲဖြတ်ဆန်းစစ်ချက်များသည် ကောင်းမွန်သော လုပ်ငန်းဆောင်ရွက်မှုများကို ဖြစ်ပေါ်စေပါသည်။ ပူးပေါင်းပါဝင်မှုရှိသော အကဲဖြတ်ဆန်းစစ်ချက်များကို ဘေးကင်းမှုရှိပြီး၊ ကျင့်ဝတ်နှင့် အညီ လုပ်ဆောင်သည့် အခါတွင်၊ ထိခိုက်ခံစားရသူများအတွက် GBV အကြောင်းပြောဆိုရန် ဘေးကင်းသော နေရာတစ်ခု ဖွင့်လှစ်ခြင်းဖြင့် အကျိုး သက်ရောက်မှုရှိနိုင်ပြီး၊ ရှင်သန်လွတ်မြောက်သူအချို့မှနေ၍ အကြမ်းဖက်မှုဖြစ်ရပ်ကို ထုတ်ဖော်ပြောဆိုခြင်းကိုဦးတည်စေနိုင်သည်။[၄၀၆]အခြေခံတုံ့ပြန်မှုဝန်ဆောင်မှုများသည်အကဲဖြတ်ဆန်းစစ်မှုမတိုင်မီတွင်ရှိထားသင့်သည်။ အကဲဖြတ်အဖွဲ့သည် အကဲဖြတ်ဆန်းစစ်မှုအတွင်း ဖြစ်ပေါ်လာသည့် GBVအဖြစ်အပျက်အစီရင်ခံမှုများ သို့မဟုတ် အခြားကာကွယ်မှုဆိုင်ရာ ပြဿနာများကို မည်သို့တုံ့ပြန်ရမည်ကို အကျဉ်းချုံးအနေဖြင့် သိထားသင့်ပြီး ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို မည်သို့ရယူနိုင်သည် ရှင်သန်လွတ်မြောက်သူများအား သတင်းအချက်အလက်များ ပေးနိုင်ရမည်ဖြစ်သည်။ အကဲဖြတ်ဆန်းစစ်ချက်သည် ကြားဝင်ဆောင်ရွက်မှုတစ်ခု ဖြစ်နိုင်သည်။ [၄၀၇]

အကဲဖြတ်ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်မှာ GBV အတွက် အမျိုးသမီးများနှင့် မိန်းကလေးများ မည်ကဲ့သို့ အန္တရာယ်ရှိကြောင်း၊ မည်သည့် ကြားဝင်ဆောင်ရွက်ပေးမှု များသည် ဖော်ထုတ်ထားသော ပြဿနာများ (ဥပမာ၊ ဝန်ဆောင်မှုများရယူရန် အတားအဆီးများ)ကို အကောင်းဆုံးဖြေရှင်းကိုင်တွယ်နိုင်ကြောင်း နှင့် GBV ဆောင်ရွက်နေသည့်အဖွဲ့များတွင် တုံ့ပြန်ရေးအတွက်သင့်လျော်သော အရင်းအမြစ်များနှင့် စွမ်းရည်များ ရှိမရှိ ဆုံးဖြတ်ရန်ဖြစ်သည်။ GBV ဖြစ်ပွားခြင်း ရှိမရှိကို သိရှိရန် ရည်ရွယ်ထားခြင်းမဟုတ်ပါ။

Source: IRC 2017b, p. 28.

## ၂။ လုပ်ဆောင်ချက်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေခြင်း - ပူးပေါင်းပါဝင်မှုဆိုင်ရာချဉ်းကပ်မှုများ

